
www.burmeseclassic.com



မဟာ်ဒွိစာပေ

# ပြစ်မှု

မဂ္ဂဇင်း

BURMESE CLASSIC .com


- မြသိန်း ၏ ငှက်က ဖော်ထုတ်သော လျှို့ဝှက်ချက်(စာမျက်နှာ - ၇၂)
- ခင်မောင်အေး(မန္တလေး) ၏ နိဂုံးမဲ့သံသရာ(စာမျက်နှာ - ၇၆)
- ရွှေမြို့တော်ဘောင်းတင် ၏ ယမ်းဘီလူးအောင်ဒင်(စာမျက်နှာ - ၈၆)
- မြဝင်း ၏ သွေးချောင်းကလျှို(စာမျက်နှာ - ၉၂)
- ဗိုးကျော့ ၏ သေမင်းကိုအာခံ ဝေယံကတိုက်ပွဲ(စာမျက်နှာ - ၁၀၆)
- မောင်ရွှေစွန် ၏ အဖော်ကောင်းရင် ငရဲအထိလိုက်မယ်(စာမျက်နှာ - ၁၁၆)
- ကျော်မြသန်း ၏ ပလက်ဖောင်းမင်းသား(စာမျက်နှာ - ၁၄၆)


Design, Aung Myo Thant

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စောင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည့်ဖောင်ခဲ့သည်။

မောင်မောင်မြင့်အေး စီစဉ်မှုမ်းမံတည်းဖြတ်သည်။

# [illegible]

မဂ္ဂဇင်း


အယ်ဒီတာအဖွဲ့

ဦးသန့်(လာဘ်မိုးစွေ)၊ နန္ဒာမိုးကြယ်၊ ကောလတ်၊ စိုးစိုး။

ဒေါ်ပြုံး(မြ-၀၂၉၆၀)၊ အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ စန္ဒာညွှန့် ပုံနှိပ်တိုက်၊ အမှတ်-၁၇၁၊ မြေညီထပ်၊ လမ်း(၄၀)၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

(အုပ်ရေ - ၁၀၀၀ ၊ တန်ဖိုး - ၁၃၀၀ ကျပ်ဖြင့် ဖြန့်ချိသည်)

အယ်ဒီတာအဖွဲ့ နှင့် ကြော်ငြာ ဖြန့်ချိရေး

လာဘ်မိုးစွေစာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၂၅

www.burmeseclassic.com

# မြစ်မှု

မဂ္ဂဇင်း

## မာတိကာ

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အမှတ်(၂၂၁)

## ကဗျာ မြစ်မှု

မောင်မောင်ခင်မြိုင်(မှုခင်း)၊ မြဲကျောက်အေးချမ်း၊ ကိုနဝင်း၊ ကိုကိုလွင်၊ ဝေနေ၊ လွမ်းသူနေမှု(သ.နှံ့)၊ စိုးဟင်ထူး(မြစ်ရှပင်)၊ ထိပ်တင်ထွေး(ယာဥ်/စက်)။

## ကာတွန်း မြစ်မှု

မြေဇာ၊ မိမန်းလေး(တောင်ငူ)၊ စိုးလွင်အောင်၊ မြေရိုင်း၊ ရဲဝင်းနိုင်(တွံတေး)၊ ရန်ကြီးအောင်၊ လင်းထူးဇော်(သန်လျင်)၊ သူရိန်။

## ရယ်စရာ မြစ်မှု

မြစ်မှုခိုင်ရာ ရယ်စရာ
ကိုရွှေလေးသား —————— ၂၉

## ဥပဒေ မြစ်မှု

ကျွန်ုပ်နှင့် ထူးဆန်းသော ကွာရှင်းပြတ်စဲမှုများ
**လှုသစ်** —————— ၃၉

ယုံလွယ်တော့ များတတ်ပါတယ်
**ခင်မောင်ထွန်း(လမ်းမတော်)** —————— ၅၁

ဓာတုပစ္စည်းများ ထုတ်လုပ်၊ ကိုင်တွယ်၊ သုံးစွဲမှု ပြစ်ဒဏ်
**ကေတီအောင်သိန်း** —————— ၅၃

နိုင်ငံတကာနှင့် သေဒဏ်အပြစ်ဒဏ်
**ကေတီအောင်သိန်း** —————— ၈၅

အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
**ဦးစောလှိုင်** —————— ၁၃၃

မမေ့စေချင်ပါ
**ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)** —————— ၁၇၃

www.burmeseclassic.com

www.burmeseclassic.com

30 DEC 2013


## ရသ ပြစ်မှု

သတင်းထောက်ဒီပဇော်နှင့် အမှောင်တိုက်ထဲကအတ္တဘတ်

ရွှေညီ(ဒီမိ) ———— ၄၂
တိုက်ခြင်းကသော့ဖား

နိုးဟေ ———— ၄၆
တစ်ကိုယ်တော်လူမိုက်

ညွန့်အောင်ဦး ———— ၆၆
ငှက်ကဖော်ထုတ်လိုက်သော လျှို့ဝှက်ချက်

မြသိန်း ———— ၇၂
နိဂုံးမဲ့ သံသရာ

ခင်မောင်အေး(မန္တလေး) ———— ၇၆
ကမ္ဘာတည်မယ့်ရောဂါ

မောင်တော်ထိန် ———— ၈၀
ယမ်းဘီလူးအောင်ဒင်နှင့် မူးယစ်ဂိုဏ်း

ရွှေမြိုတ်သောင်းတောင် ———— ၈၆
နှစ်ကိုယ်ခွဲတစ္ဆေ

ဘုန်းမင်းလျှံလျှ ———— ၁၉၂
ဘုရင့်ဘဏ္ဍာတိုက်

မောင်အေး(တောင်ငူ) ———— ၁၉၈
လမိုင်းညှ

သဲန်ဟိန်းထက် ———— ၂၀၄
နေ့မရှောင်စောရ

ဟန်သီဇင် ———— ၂၁၂
ဇာတ်မင်းသားစိန်ဘသန်းနှင့် ပြန်လည်ဆုံတွေ့ရခြင်း

မြင့်လွင်(ဂျပန်ဘာသာ) ———— ၂၁၆
အေးမြသော နေတစ်စင်း

မောင်သာမာန်(ဇီးကုန်း) ———— ၂၂၂
ကြမ္မာရဟတ်

ရန်မင်းအောင်(လပွတ္တာ) ———— ၂၂၈
ပြိုင်တူတွန်းရင် ရွှေ့နိုင်ပါသည်

ကိုမောင်စံသိန်း(ဒိုလ်ချုပ်ရွာ) ———— ၂၃၆

ဆန်းကြယ်သော ကျောက်တစ်လုံးအိုင်

တင့်ဆွေ(ဓေယျဝတီ) ———— ၂၄၂
အင်တာနက်ဆိုင်တွင် တွေ့မြင်ခဲ့ရသောလူ

ရိုးနှမ်းကို ———— ၂၄၈
သင်ယူတတ်သူ တူပင်တူပြား

ကိုပိုက် ———— ၂၅၄
လေလွင့်ချစ်လိပ်ပြာ

ဒါရိုက်တာမျိုးဇော်အောင် ———— ၂၆၀

## နိုင်ငံရပ်ခြားသတင်း ပြစ်မှု

စင်ကာပူ လူဝင်လူထွက်ဥပဒေ တင်းကျပ်လျက်ရှိခြင်း

ကေတီအောင်သိန်း ———— ၁၁၇
လွန်ခဲ့သောခြောက်နှစ်က ပျောက်ဆုံးသောကလေးမကို ရှာဖွေခြင်း

ညိုမင်းလွင်(မော်ကျွန်း) ———— ၁၃၅
မိသိုင်းအယ်လ်ကိုဟော သောက်မိသဖြင့် လူများသေဆုံးရ

ညိုမင်းလွင်(မော်ကျွန်း) ———— ၁၄၅
ဂျပန်နိုင်ငံ အရိုးကုဆေးရုံ မီးလောင်မှုကြောင့် ၁၀ ဦးသေဆုံး

မောင်ကောင်းယဉ် ———— ၁၉၁
စင်ကာပူနိုင်ငံရဲ့ယောင်ဆောင် ငွေညှစ်လုယက်သူ အဖမ်းခံရ

ကေတီအောင်သိန်း ———— ၂၀၅
မှောင်ခိုစီးကရက် အရောင်းအဝယ်ကြီးထွားနေသည့်

ဦးဦးသိန်း ———— ၂၁၇
ဓာတ်လှေကားအတွင်းမှ ရာဇဝတ်မှုများ

မြသိန်း ———— ၂၃၇

## စာပေသုခုမ သတင်းလွှာ

သုခုမသတင်းလွှာ

အမ်ကေ ———— ၅၅
ပြစ်မှုစာအုပ်စင်

ကသစ်နီ ———— ၅၇


www.burmeseclassic.com

www.burmeseclassic.com

## အခန်းဆက် ရသမြစ်မှ

ဘေးနားမှာင်းကလျှ(၆)
မြိုင် —— ၉၂
ကောင်းကိုအောဲ ဝေယံကဝိုက်ပွဲ(၅)
မိုးမြင့်ကျော် —— ၁၀၆
အဖော်ကောင်းရှင် ဝရဲ့အသိလိုက်မယ်(၂)
ဖောင်ရွှေနှင် —— ၁၁၈
ထောင်မှုးများ အလိုရှိသည်(၈၃)
ဟော့ဇော —— ၁၂၈
လှူတီရှာနဲ့ တိရစ္ဆာန်ရှင်(၂)
ကျော်မင်းနိုင် —— ၁၃၆
ပလက်ဖောင်းမင်းသား(၂)
ကျော်မြသန်း —— ၁၄၆
အတိတ်အကြေင်း မေ့ကောင်းသည်မရှိ(၈)
ဟိန်းမိုးထိမ် —— ၁၅၅
ချစ်စရာကောင်းတဲ့ ငြိုက်အခန်းမှာ(၁)
ရွှေမြေအောင် —— ၁၆၂
အလွတ်စုံ အသားကျွေးမြင်း
လိမ်မြှားဆောင်နီနေ၍အဆုတ်ကြို(၁)
ဇော်ဖော်ထိန် —— ၁၇၆

## နိုင်ငံချစ်ခြား ရသမြစ်မှ

အသိငါမှ မြစ်ရပ်မှန်မှာင်းများ
လှမိုး(ပညာရေး) —— ၁၈၆

| | | |
|---|---|---|
| မျက်နှာဖုံးဓာတ်ပုံ | - | ဓနုဇာ်မျိုးသန့် |
| အတွင်းဖော်ဆောင် | - | မျိုးဝင်းကျော် |
| ကွန်ပျူတာတစ် | - | တင်မိုးနိုင် |
| စာစဉ်ချုပ် | - | ရှုမဝ(၁၀၅) ဒေမိ |
| အတွင်းပန်းချီ | - | အောင်နိုင်လော၊ စံလွင်မောင်၊ မိုးဇော်၊ ပညာဝင်၊ ရန်နိုင်ဦး၊ နော်ဇင်းသန့် ညှင့်ဇော်သက်၊ ကျော် ရွှေမြိုး ကိုလွင်အောင် ကျော်ဦး |

## တစ်မျက်နှာ မြစ်မှ

အဆိပ်သင့်သူ
ကိုမှန်း(လျှမ်းစ်) —— ၃၃
နောက်ကွယ်
ကိုဂိုးတင်အောင် —— ၃၉
တော်သေးရဲ့
အသင်းဟာ —— ၄၅
စိတ်ဖတ်သူ
မောင်မြင့်မောင် —— ၅၆
သာရေပါခင်မှာ . . . သာရေပါ
မှုန်မောင်ဟန်တိုး —— ၆၁
စကားနောက်တရားပေါ်
နိုးယဉ်ထွန်း —— ၆၇
ရှာကြည့်လိုက်ပါဦး
ရည်မွှေးသစ္စာ(ဖျိုင်သာယာ) —— ၇၀
လှသားလိပ်
ကိုဂိုးတင်အောင် —— ၂၀၀
အရေးပေါ် မတ်ချေ
ပန်းတနော်နောင်ငယ် —— ၂၁၂
လွှင့်စဉ်သွားသော အတွေးများ
နီကြည်ကို —— ၂၂၇
ကြံ့ဖူးပေါင် ဂုဏ်ထူးဆောင်ရယ်
ရေကျော်စိုးအောင် —— ၂၃၀
ပြောင်း . . . ပြောင်း
ရွှေနှင်းဆီ —— ၂၄၃
ကြီးမားမှုကျေးဇူး
ကိုကိုလှ(ကမာမြေ) —— ၂၄၉

## ဗေဒင် မြစ်မှ

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာ စောယုနွယ် —— ၂၇၂

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...စည်သူ၊
ဒီသေတ္တာကို
ဘယ်လိုစတွေ့ခဲ့တာလဲ၊
ပြောစမ်းပါဦး"

ဗျူးဦး(ဘီဓိမ်) ------------- ၄၂



"မင်း ထောင်ကလွတ်ရှိန်ကျမှ
သွားယူဖို့ပါ၊
အဲဒီအချိန်ကျမှ မင်းဖော်ပြီးယူဖို့
ငါ မြေပုံနဲ့ ညွှန်ပြပေးမယ်"

မိုးဝေ ------------------- ၅၆



"မမ...မောင်လေးက
လူသတ်နေကျပဲ၊
မြအောင်လောကျော်တော့
အသာလေး သတ်နိုင်တယ်"

ညွှန့်မောင်ဦး -------------- ၆၆




"ဒါဖြင့်...
အစ်ကို လုပ်ပေးလို့ ရပါတယ်လေ၊
အဲမေကို မှတ်ပုံတင်တစ်ခုလုပ်ပေးဖို့၊
အဲဒါ..."

ခင်မောင်အေး(မန္တလေး) -------------- ၇၆

www.burmeseclassic.com

www.burmeseclassic.com




"ဒါပေါ့ကွာ၊
ဒီလိုမှ ဒီဘိုးတော်၊ မယ်တော်လိမ်စဉ်
ရောဂါဆိုးကြီးလို ထိထိရောက်ရောက်
မချေဖျက်နိုင်လို့ကတော့..."

မောင်ဟော်ထိနို ---------------- ၅၆




"အေး...တို့လည်း
နောက်ထပ် ဒီမှာနေရင် ၁၀ ရက်ပေါ့ကွာ၊
တို့လည်း မှတ်မိသွားပြီပဲ၊
ပြီးတော့ ချောက်ထဲ ဆွဲချလိုက်ပေါ့"

မြဟေဠိ ---------------- ၉၂



"ခင်ဗျား...
လက်ပစ်ဗုံးကို ပြန်ပြင်တပ်ထားပါ၊
ကျုပ် ခင်ဗျားမောင်းနိုင်းတဲ့နေရာကို
မောင်းနေပြီပဲ"

မိုးကျော် ---------------- ၁၀၄



"မဝေငွေ ကြိုက်တဲ့ကား
ယူသွားလေ၊
လေးဘီးလည်းရှိတယ်၊
ချယ်ရီလည်းရှိတယ်"


မောင်ရွှေနှ ---------------- ၁၁၈

www.burmeseclassic.com

www.burmeseclassic.com


"သူနဲ့ အတူမနေချင်ရင်
သူ့ကို အပြတ်ရှင်းပစ်တဲ့နည်းပဲ
ရှိတော့တာပေါ့၊
အေးနုရဲ့..."

ကျော်မင်းနိုင်--------------၁၃၆




"တုတ်နှင့် ချိုစောင်း၊
လက်ဝါးနှင့်ပါး
မိတ်ဖွဲ့ခံရသည့်ကြားထဲကနေ
ရုပ်ရှင်ကြည့်ခဲ့ရသည့် ဂျပန်ခေတ်..."

ကျော်မြသန်း--------------၁၄၆




"ကိုယ့်လူက...
မိုက်ခဲသိန်းမောင် မဟုတ်လားဗျ၊
သိပ်ဟုတ်တာပေါ့ဗျာ၊
ခင်ဗျားလည်း စားခင်ဖေပဲ"

ရဲမြတ်ထင်--------------၁၆၂



"မိန်းမတစ်ယောက်က
စားမြှောင်နဲ့ထောက်ပြီး
အမိန့်ပေးတာကို
ခင်ဗျားက ဘာလို့ငြိမ်ခံရတာလဲ"

ဇော်ဇော်လင်း--------------၁၈၆



www.burmeseclassic.com



"ကျုပ်ပြောတာ မယုံဘူးဆိုရင်တော့
ရွာမြောက်ဘက်က
ချောင်းထဲမှာ
သူ့အလောင်း သွားကြည့်လိုက်ပေါ့"
ဘုန်းမင်းချုံလှ - - - - - - - - - - - - - - - - ၁၉၂



"တွေးပြီး မပူပါနဲ့
ဇကျွာကော်ဖြိုးရာ၊
ဘုရင့်ဘဏ္ဍာတိုက် တူးပြီးရင်
ဘီလပ်ကို ထွက်သွားလို့ရပါပြီကွ"
မောင်ဆွေ (ဆောင်ဦ) - - - - - - - - - - - - - - ၁၉၈




"အန်းကူတဲ့၊
သူက ကျွန်တော်နဲ့ တစ်ဆရာတည်း
ဖက်စုပ်ပညာ သင်ခဲ့ကြတာလေ၊
ဖက်စုပ်ပညာဆိုတာ..."
ကိုပိုက် - - - - - - - - - - - - - - - - - - - ၂၁၄



"ဒီမယ် မောင်သက်ဆွေ
ငါ့ညီမ မြစိမ်းလောက်
နင်လည်း တရားရှိမယ်၊
ပြည့်ဝမယ် ဆိုရင်တော့..."
သိဒ္ဓိဂီတာ မျိုးဇော်အောင် - - - - - - - - - - - - - ၂

www.burmeseclassic.com

www.burmeseclassic.com



# သတိနှင့်အသိ

ဇော်ခိုင်ခင်မြွေ့(မအူပင်/ဇကီ)

- "ရာကျွသင့်ရှေ့
ပိုမိုတွေရသည်း
ပျော်မရဲ့
မှုံမှုံပဲလော့"တဲ့
မလျှော့တဲ့စိတ်
အဲတင်းကြပ်ကာ
နိုင်စက်မဲ့
လောကဓံကို
ရဲရဲရင်ဆိုင်လိုက်စမ်းပါ။

- "သုခသင့်ရှေ့
ရယ်ပိုတွေလည်း
မမွေးလွန်ခုံး
ပြုံးရုံပြုံးလော့"တဲ့
ပျော့ညံ့စိတ်လား
လောဘများနှင့်
တဒဂၢရွှင်မြူး
မျှော်မရှူးနှင့်
ထူးလှ လူ့ဘဝ
တစ်ခုလေးကို
ဘဝမေ့ကြွေချင်း ။



www.burmeseclassic.com

www.burmeseclassic.com

✦ ရေဝတီကိုချစ်တယ်
ရေဝတီက
တံငါသည်ကို မုန်းတယ်တဲ့။

✦ တော၊ တောင်ကို ချစ်တယ်
တော၊ တောင်က
သစ်ခုတ်သူကို မုန်းတယ်တဲ့။

✦ ကမ္ဘာမြေကြီးကို ချစ်တယ်
ကမ္ဘာမြေကြီးက
သိုက်တူးသူကို မုန်းတယ်တဲ့။

✦ ကြေခွာကြီးကို ချစ်တယ်
ကြေခွာကြီးက
အဆိပ်ငွေ့ထုတ်သူကို မုန်းတယ်တဲ့။

✦ ကျွန်တော့်ကိုယ်ကျွန်တော် ချစ်တယ်
ကျွန်တော့်ကိုယ်က
မှသားကို မုန်းတယ်တဲ့။

✦ ကဲ…
အချစ်အတုတွေ မထုတ်နဲ့။ ။



ကွဲပြားခြင်းဒဿန
မြကျောက်ဒေသချင်း

www.burmeseclassic.com

# ကိုရစ်
# အမွေ




✦ ဆောင်ဝှေးတစ်ချောင်း အဘိုးဆီက အမွေရတယ်
အဟောင်းအကျဆိုတာ တစ်ချိန်ချိန်မှာ လိုလာမှာပဲတဲ့
စာအုပ်ဗီရိုတစ်လုံး အမေ့ဆီက အမွေရတယ်
လောကမှာ ဒီထက်ပိုတဲ့အတွေ့အကြုံတွေကိုပဲ ပေးချင်ခဲ့တာတဲ့
နံ့သာဖြူပုတီးတစ်ကုံး အဖေ့ဆီက အမွေရတယ်
အားလုံးဆုံးရှုံးရရင်တောင် တရားဓမ္မတော့ ကျန်ပါစေတဲ့
မာနကြီးတတ်အောင်တော့ ကဗျာကသင်ပေးတယ်
အမှားအမှန်ခွဲခြားတတ်အောင် အသက်အရွယ်ကသင်ပေးတယ်
မျက်ရည်ကျတတ်အောင် နှလုံးသားကသင်ပေးတယ်
အောင်မြင်လာအောင် ဆုံးရှုံးမှုကသင်ပေးတယ်
ကရုဏာထားတတ်လာအောင် ရက်စက်ခြင်းကသင်ပေးတယ်
နမြောတတ်အောင် လေလွင့်မှုကသင်ပေးတယ်
မုန်းတတ်လာအောင် ချစ်သူကသင်ပေးတယ်
လောဘတက်လာအောင် အနိုင်ရလိုမှုကသင်ပေးတယ်
စွပ်စွဲတတ်လာအောင် ပျောက်ဆုံးခြင်းကသင်ပေးတယ်
ကျွန်တော့်အလှည့်မှာ ချန်ခဲ့ဖို့
ဘဝကို ပေါ့ပေါ့ပါးပါးသဘောထားလိုက်တော့လည်း
မေ့လျော့ခြင်းတရားက… …။



www.burmeseclassic.com

www.burmeseclassic.com



# ဆန္ဒလိုအင်

ကိုကိုရွှေ

- အငွေ့မှာ
"ကလေး" [illegible]

- [illegible]
[illegible]
[illegible]
[illegible]
[illegible]

- "[illegible]"
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
([illegible])



www.burmeseclassic.com

www.burmeseclassic.com

# ဥပေက္ခာလမ်းကလေးဆီသို့

ထွန်းသူရွှေ(သင်္ချာ)



- သမုဒယတွေနဲ့
  အနေှာင်ဖွဲ့။
- သံယောဇဉ်တွေထဲ
  အလဲကွဲ။
- သတိတရတွေကြား
  အပြင်းဖျား။
- တမ်းတရိုပ်တွေနောက်
  အမေ့ပျောက်။
- ခွဲလမ်းမှုတွေဖိတ်
  အလွမ်းစိတ်။
- တယ်မက်ခြင်းတွေများ
  အငိုအား။
- တစ်ခါတစ်ခါ
  လိပ်ပြာလေးလို
  ဟိုးအဝေးကို
  ငါလေ . .
  ထွက်ပြေးလွှတ်မြောက်လိုက်ချင်တယ်။ ။



www.burmeseclassic.com

- တရားမရှိလှ
  သူ···သတိဆင်းရဲ
  စိတ်ထဲမလုံ၊ ဂုဏ်သိက္ခာကင်း···။

- တရားရှိလှ
  သူ···သတိချမ်းသာ
  စိတ်မှာလုံခြုံ ဂုဏ်သိက္ခာလင်း···။

- တရားကင်းမဲ့လှ
  သူ···အိုခြင်းကိုကြောက်
  နာခြင်းကိုကြောက်၊ သေခြင်းကိုကြောက်
  အမှန်တရားကိုကြောက်၊
  သတိပျောက်မှား ရှောက်ချားဘုန်လှုပ်
  အပူရှပ်နှင့် ပာန်လှုပ်ရ၏။

- တရားပြည့်ဝလှ
  သူ···အိုခြင်း နာခြင်း
  သေခြင်းမကြောက်၊ ရဲရင့်လျှောက်လှမ်း
  အေးချမ်းတည်ငြိမ်၊ ခဏအိမ်"ကိုယ်"
  အစွဲပြုချ၊ ရုပ်နာမ်ဓမ္မ သဘာဝတရား
  လက်ခံနားလည်၊ အလင်းနယ်ထဲ
  နေရဲ သေရဲ သတိမြဲ၏။ ။



မေနု

# ကိုယ့်တရား ကိုယ်စီရင်

www.burmeseclassic.com

မောင်မောင်ဝင်းမြင့်(မှုစီး)

# ဘိုးဘွားအမွေ တည်တံ့စေ




✦ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့
နှစ်ပေါင်းထောင်ချီ စံမြန်းခဲ့။

✦ နယ်ချဲ့ ဗြိတိသျှ ကိုလိုနီ
၁၉ ရာစုကာလဆီ။
စစ်သုံးကြိမ်ချီ ကျူးကျော်ပြီး
တိုက်ခိုက်သူသိမ်းဆည်း။

✦ ခါးသည်းဘဝ ငုံ့မခံ
ပေါင်းစုတွန်းတော်လှန်။
မျိုးချစ်မာန်ဇာတိနဲ့
မော်ကွန်းရေးထိုးခဲ့။

✦ ပေါင်းစည်းခဲ့လို့ တို့မြန်ပြည်
လွတ်လပ်ခဲ့ရသည်။
ကမ္ဘာအရှည်တည်တံ့ဖို့
ဆက်လက်ထိန်းသိမ်းစို့။

✦ ပြည်ထောင်သားတို့ ဦးထိပ်ပန်
အရေးသုံးပါးမှန်။
တို့မြန်ပြည် ဖွံ့ဖြိုးဖို့
လက်တွဲကြိုးပမ်းစို့။

✦ ဖွံ့ဖြိုးလို့ တိုးတက်ချင်
လက်တွဲမြဲကြ ထာဝစဉ်။
နယ်စပ်တစ်ခွင် စည်ပင်ဖြိုး
ညီညွှတ်ခြင်းရဲ့အကျိုး။

✦ "တစ်သုံးငါး"မျိုးနွယ်မှန်
မြန်မာတို့နိုင်ငံ။
စစ်မှန်ဒီမိုကရေစီ ဖြစ်ထွန်းဖို့
လက်တွဲပူးပေါင်း ဆောင်ရွက်စို့
ပြည်သူ့ဗဟိုပြုခံယူလို့
ဘိုးဘွားမွေမှန် တည်မြဲဖို့။

(၆၆ နှစ်မြောက် လွတ်လပ်ရေးနေ့အား ဂုဏ်ပြုလျက်)



www.burmeseclassic.com

www.burmeseclassic.com

စိုးတင့်လွှား(မအူပင်)

# ကျွန်တော်စားချင်တဲ့ ညစာ



✦ ဒိုးဟာခရမ်းရဲ့ ဝိုင်တစ်ခွက်ကို လှယက်နိုင်ရေး
ရင်ဘတ်မှာလည်း ကန်ကျောက်ရာဘွားခါကြည့်
ကျောမှာလည်း အာဇောအစင်းယင်းနိုက်လို့
အပြစ်ကြီးတစ်ခုလို မစဲဓားချောင်းဘဲ ခံစားခဲ့ရတယ်…။

✦ စိတ်ထဲမှာတော့…
ဘုရားသခင်ပဲ မျက်နှာလွှဲနေသလားမသိ
သေချာတာက…
ဘုရားသခင်ဟာ ဘယ်တော့မှ
မျက်ခွင်းမစော်ဘူးဆိုတာပါ…။

✦ ဗေသာဗီမှာ…
ဘုရှတပ်စ်ရဲ့ ဓား၊
ကာဒီယိုပိုလာရာရဲ့ နှုတ်ခမ်း
ဒီတာရဲ့ မျက်ရည်စက်တွေနဲ့
နောက်ကလိုက်လာတဲ့ လူအုပ်ကြီးက
ကြောက်စရာမဟုတ်ဘူး
ကြောက်တာ ကျွန်တော့်ကိုယ်ကျွန်တော်ပဲ
သစ္စာဖောက်တွေ ရွတ်ဆိုဖို့လည်း မကြိုးစားခဲ့ဘူး…။

✦ ဘဝဟာ ဂျစ်ပစီတွေစီးတဲ့
မြင်းလှည်းအိုကြီးလိုပဲ
ချည့်နဲ့ ချည့်နဲ့နဲ့ နောက်ဆုံး
ပညတ်ချက်တွေအောက်မှာ ကျွန်တော်လေ
နတ်ဘုရားမလေး ပင်နိုရာကို
သေတ္တာလေးဖွင့်မပြဖို့ နားချချင်တယ်
ကျွန်တော့်မှာလည်း အပြစ်တွေရှိသလို
နောက်ကလူအုပ်ကြီးတွေဆီမှာလည်း
အပြစ်တွေပေကျံနေတယ်…။

✦ ပြောရရင် ကျွန်တော်တို့အားလုံး
ကွန်ဆာဗေးတစ်လောကကြီးကို မျက်စပစ်ပြီး
နက္ခတွေ…နာကြည်းမှုတွေ…အမုန်းတွေ
ကလဲ့စားတွေ…စတဲ့ စတဲ့
အဲဒီ မိစ္ဆာဒိဋ္ဌိမက်တွေကို
ပင်လယ်သေကြီးထဲပစ်ချ
ဒါအမှန်တရားပဲပေါ့လို့ ကြွေးကြော်ချင်တယ်…။
အာလွှမ်းစိတ်။

✦ ဒါပေမယ့်…
ကျွန်တော်ရယ်…လူအုပ်ကြီးရယ်
ပြီးတော့…
ဒိုးဟာခရမ်းရဲ့ ဝိုင်တစ်ခွက်ရယ်
အဲဒါတွေအားလုံး
နံ့ရှိုးအပြိုင်းသားနဲ့ ကြီးပြင်းလာခဲ့ရတာကိုတော့
မေ့ထားလို့မရပါဘူး…။ ။



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com


ရပ်ကွက်ထဲ ဆင်းရဲမှု
ပပျောက်ရေး ချေးငွေ
ထုတ်ပေးနေတာ ဒါပေမယ့်…
ဘာဖြစ်ရလဲ…
ကာတွန်း

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## ဆီမီးရောင်ဖောင်ဒေးရှင်း၏ ပထမအကြိမ် သုတစာတမ်းဖတ်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ ဆီမီးရောင်ဖောင်ဒေးရှင်းရဲ့ ပထမအကြိမ် သုတစာတမ်းဖတ်ပွဲကို ၁၀.၁၁.၂၀၁၃၊ တနင်္ဂနွေနေ့ နေ့လယ်(၁၂း၀၀)နာရီတိတိအချိန်မှာ သန်လျင်မြို့ရှိ ပဟာအတုလ သဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီးမှာ ကျင်းပခဲ့ပါတယ်။

အဲသည်စာတမ်းဖတ်ပွဲမှာ စာတမ်းရှင်တွေ ဖြစ်ကြတဲ့ ပါမောက္ခ Dr. ဦး-င်း၊ ပါမောက္ခချုပ်(ငြိမ်း)၊ Ph.D, D.E.M (Diploma in Education Management) က "ပညာခရီးသည်"စာတမ်းကိုလည်းကောင်း၊ ဆရာကြီးဦးချစ်သန်းမြင့် (စာပေနှင့် ရုပ်ရှင်ဇာတ်ညွှန်းပညာရှင်)က "ဝတ္ထုနှင့် ရုပ်ရှင်ဇာတ်ညွှန်းပညာ" စာတမ်းကိုလည်းကောင်း၊ ဦးရဲထွဋ်(သန်လျင်မောင်ဝင်းဝါ)၊ တွဲဖက်ပါမောက္ခ(ငြိမ်း)က "သန်လျင်နိဒါန်း (သို့) ရှေးဟောင်းဆိပ်ကမ်း မြို့တော်စီရီယမ်"စာတမ်းကိုလည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းခဲ့ပါတယ်။ အဆိုပါ စာတမ်းဖတ်ပွဲကို စာပေဝါသနာရှင်များ၊ သုတေသနပညာရှင်များ၊ စာပေပညာရှင်များ တက်ရောက်နားထောင် ဆွေးနွေးခဲ့ကြတယ်လို့ သိရှိရပါတယ်။

---

## တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်း၏ ၁၆ ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ

တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းအနေနဲ့ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို နှစ်စဉ်မပျက် ကျင်းပပြုလုပ်ခဲ့တာ အခုဆိုရင် ၁၆ ကြိမ်မြောက်ရှိခဲ့ပါပြီ။

ယခုနှစ် ၁၆ ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို ၉.၁၁.၂၀၁၃ (စနေနေ့) နံနက် ၁၁း၀၀ နာရီက တောင်ဥက္ကလာပမြို့ ဥက္ကလာပစေတီတော်ဝင်းအတွင်းရှိ မဟာမုနိမွေ့ရုံမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အကန်တော့ခံ သက်ကြီးစာပေပညာရှင်များကတော့ တက္ကသိုလ်သက်ပန်၊ ချမ်းမြ မင်းသူရိန်၊ မောင်ဗမာ စိန်မောင်၊ ပီကျော်ဟန်၊ ဦးမြင့်စိုး(ပညာရေးသုတေသန)၊ စိန်ထွန်းအောင်(အထောက်တော်)၊ ဦးသောင်းနိုင်(သမားတော်ကြီး)၊ မောင်ပေါ်ထွန်း၊ မင်းဖေမြင့်(မုံ့ဒဲ)၊ ခင်မောင်သန်း(ရှေ့ဆောင်)၊ ဒေါက်တာကြည်မေသိန်း၊ ရွှေဘိုစောလွင်၊ ညွှန့်မောင်ဦး၊ ဖျာပုံယဉ်မြင့်၊ မောင်သန်းဦးနဲ့ မြတ်ဆွေ(ဒေးဒရဲ)တို့ ဖြစ်ကြပါတယ်။ အဲသည် သက်ကြီးပူဇော်ပွဲကို မြို့နယ်စာရေးဆရာအသင်းမှ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ဂါရဝပြုခဲ့ကြကြောင်း သတင်းရရှိပါတယ်။

---

## ညောင်ဦးမြို့နယ် ဖလန်ကန်ကျေးရွာ၏ ပထမအကြိမ် စာပေဟောပြောပွဲနှင့် ဂီတဖျော်ဖြေပွဲ

ညောင်ဦးမြို့နယ်အတွင်းမှာရှိတဲ့ ဖလန်ကန်ကျေးရွာဆိုတာ ဆရာကာတွန်းကြည်ဝင်းရဲ့ ဇာတိမြေ ဖြစ်ပါတယ်။ ဆရာကာတွန်းကြည်ဝင်းဟာ နှစ်စဉ်မပျက် ကျင်းပတဲ့ ဖလန်ကန်ကျေးရွာရှိ ရွှေဘုံသာစေတီ ဘုရားပွဲတော်မှာ ယခုနှစ်တော့ တန်ဆောင်းရေစက်ချပွဲနဲ့အတူ ဆရာဦးအောင်လှိုင်၊ ဆရာဦးကျော်မြင့်တို့နဲ့အတူ ရပ်မိရပ်ဖတွေပေါင်းစုလို့ ကျေးရွာလူထု အသိပညာ ဗဟုသုတ တိုးတက်ပြန့်ပွားစေရေးအတွက် စာပေဟောပြောပွဲတစ်ရပ်ကို ပထမဆုံးအကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဲသည် စာပေဟောပြောပွဲမှာ ရန်ကုန်မြို့က စာပေပညာရှင်တွေဖြစ်ကြတဲ့ ဆရာမော်ဝန်းကြည်မြတ်၊ ဆရာနန္ဒာမိုးကြယ်၊ ဆရာပန်းချီတင်လှဝင်းထင်၊ ဆရာကာတွန်းအောက်တိုဘာအောင်ကြီးတို့က စာပေ၊ ပန်းချီ၊ ကာတွန်း အနုပညာ ရပ်တွေကို ပရိသတ်ရဲ့စိတ်ဓာတ်နဲ့ သဟဇာတကျအောင် ဟောပြောခဲ့ကြပြီး ဂီတပညာရှင်၊ စာပေပညာရှင်တွေဖြစ်ကြတဲ့ ဆရာ ပုသိမ်မောင်သောင်းယဉ်၊ ဆရာဒွန်မှူး၊ ဆရာစောင်းကောင်းမြတ်၊ ဆရာသန်းထွန်း(ဂျေဂျေ)တို့က မြန်မာသံတေးဂီတ သီချင်းတွေနဲ့ စည်ကားသိုက်မြိုက်စွာ ဖျော်ဖြေတင်ဆက်ခဲ့တဲ့အကြောင်း သတင်းရရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ဆရာငြိမ်းကျော် ကွယ်လွန်ခြင်း ၁၈ နှစ်ပြည့် အမှတ်တရပွဲကျင်းပ

ရသစာပေနယ်မှာ တစ်ခေတ်တစ်ယောက်လို့ ပြောရလောက်အောင် ထွန်းတောက်ခဲ့တဲ့ စာရေးဆရာငြိမ်းကျော် (၁၉၄၃-၁၉၉၅) ကွယ်လွန်ခဲ့တာ နှစ်ကာလပေါင်း ၁၈ နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပါပြီ။ ဆရာငြိမ်းကျော်က "ငွေတောင်၊ သုစန္ဒ၊ မနော်ဟာရီဇာတ်နှင့် သမိုင်းကြောင်းသုတေသန" စာအုပ်နဲ့ အမျိုးသားစာပေဆု သုတပဒေသာ(ဝိဇ္ဇာပညာရပ်)ကို ရရှိခဲ့ပါတယ်။

လုံးချင်းဝတ္ထုပေါင်း ၆၅ အုပ်၊ ဝတ္ထုလတ် ၄၀၊ ဝတ္ထုတို ၁၀၀ ကျော်၊ ဆောင်းပါး ၁၄ ပုဒ်၊ သုတေသနစာတမ်း ၇ စောင်၊ သုတေသနစာအုပ် တစ်အုပ်တို့ကို ရေးသားထုတ်ဝေခဲ့ပြီး ဝတ္ထုပေါင်းများစွာကို ရုပ်ရှင်နဲ့ ဗီဒီယိုဇာတ်ကားများအဖြစ် ရိုက်ကူးနိုင်ခဲ့ပါတယ်။ ကိုယ်တိုင် ဒါရိုက်တာအဖြစ် "ထားခဲ့ပြီ" ကိုယ်ပိုင်လုံးချင်းဝတ္ထုကို ဗီဒီယိုဇာတ်ကားအဖြစ် ရိုက်ကူးခဲ့ပါတယ်။ ဆရာငြိမ်းကျော် ကွယ်လွန်ခြင်း ၁၈ နှစ်ပြည့် အမှတ်တရပွဲကို ၂၀-၁၀-၂၀၁၃ ရက်နေ့ မွန်းလွဲ ၁း၀၀ နာရီက အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက်မှာ ကျင်းပခဲ့တဲ့အခါ ဆရာငြိမ်းကျော်အပေါ် လေးစားချစ်ခင်ကြတဲ့ စာပေ၊ ဂီတ၊ ရုပ်ရှင်အနုပညာအသိုင်းအဝိုင်းတို့ စည်ကားသိုက်မြိုက်စွာ တက်ရောက်ခဲ့ကြတဲ့အကြောင်း သတင်းရရှိပါတယ်။

## ကာတွန်းဆရာကြီး ဦးအောင်ရှိန် ကွယ်လွန်ရှာပြီ

မြန်မာကာတွန်းလောက၌ ထင်ရှားသော ဇာတ်ကောင်များဖြစ်သည့် ဦးရုံစားနဲ့ ဦးဒိန်းဒေါင်၊ ခင်၊ ကြောင်၊ မိုလ်ပုချို၊ ရဲအောင်၊ ဦးစိတ်တိုနဲ့ မျောက်ညို၊ တီထွင်ပါရဂူ ဖိုးဆိတ်ဖြူ၊ သူဌေးကြီးဦးကပ်စေးနဲ့ ခင်မောင်သိန်းထွန်းဝင်း၊ ဦးကြီး၊ မျက်လုံးညည့်ချုန်ပီယံ မစ္စတာဂွမ်၊ ဦးလူပေါ်နဲ့ ဦးလူချော၊ ပျော်တော်ဆက်ကလေး မောင်ညဏ်ထက်၊ ဖြူဖြူ...စတာတွေကို ရှင်သန်လှုပ်ရှားစေခဲ့တဲ့ နိုင်ငံကျော် မြန်မာကာတွန်းဆရာကြီး ဦးအောင်ရှိန်ဟာ ၃၀-၁၀-၂၀၁၃ ရက်နေ့ မွန်းလွဲ ၁း၂၀ နာရီက ရန်ကုန်မြို့ ဆေးရုံကြီးမှာ လူကြီးရောဂါနဲ့ ကွယ်လွန်အနိစ္စရောက်သွားခဲ့ပြီ ဖြစ်ပါတယ်။

ဆရာကြီးဦးအောင်ရှိန်ဟာ ရောဝတီတိုင်း၊ ပုသိမ်ဇာတိဖြစ်ပါတယ်။ ကာတွန်း ဦးဘဂျမ်း၊ ဦးဟိန်စွန်းတို့ဟာ သူ့ရဲ့ မြင်ဆရာတွေ ဖြစ်ကြပြီး၊ ၁၉၄၉ ခုနှစ်မှာတော့ သူငယ်ချင်းကာတွန်းဖေသိန်းရဲ့ အားပေးကူညီမှုနဲ့ မြန်မာ့အလင်းသတင်းစာမှာ ကာတွန်းတွေ ရေးဆွဲခဲ့ပါတယ်။ အဲသည်နောက် ပေါ်ပြူလာကော့မစ် ကာတွန်းလုံးချင်းကို စတင်ရေးဆွဲပြီး ရုပ်ပြကာတွန်းစာအုပ်တွေ ဆက်တိုက်ထွက်လာတဲ့အခါ မြန်မာရုပ်ပြကာတွန်းလောကမှာ အအောင်မြင်ဆုံး ကာတွန်းဆရာကြီး ဖြစ်ခဲ့ပါတယ်။ အထင်ရှားဆုံးဇာတ်ကောင်ဖြစ်တဲ့ ဦးရုံစားနဲ့ ဦးဒိန်းဒေါင်ဆိုရင် ရုပ်ရှင်၊ ဗီဒီယိုအဖြစ် ရိုက်ကူးအောင်မြင်ခဲ့ပါတယ်။ ဆရာကြီးဦးအောင်ရှိန် ကွယ်လွန်တဲ့အချိန်မှာ အသက် ၈၅ နှစ်ရှိပြီလို့ သိရှိရပါတယ်။

## ဆကာကြီးမြို့ တတိယအကြိမ်မြောက် တန်ဆောင်တိုင်မီးမျှောပွဲတော် ကျင်းပ

ရောဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ဆကာကြီးမြို့ရဲ့ တတိယအကြိမ်မြောက် နယ်လုံးဆိုင်ရာ မီးမျှောပွဲတော်ကြီးကို ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (၁၇-၁၁-၂၀၁၃)ရက်နေ့ ညနေမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။

အဆိုပါ မီးမျှောပွဲတော်ကို ဒေသခံစာရေးဆရာတွေဖြစ်ကြတဲ့ ချစ်ကိုကိုယု(နှလုံးလှလှမိုက်)၊ မြို့နယ်ဆရာဝန်ကြီး စာရေးဆရာ ဒေါက်တာဝင်းနိုင်ထွန်း(ရွှေဘို)နဲ့ စာရေးဆရာ ဆကာအောင်တို့က ရန်ကုန်မြို့ရှိ စာနယ်ဇင်းဆရာများ၊ MRTV(4) တို့ကို ဖိတ်ကြားခဲ့တဲ့အကြောင်း သိရှိရပါတယ်။

❐ **အမ်ကော** (စုစည်းတင်ပြသည်)



www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာရှင်(ရွှေပြည်သာ)၏ စာရေးဆရာနှင့် ရင်ပေါင်တန်း၍ စာဖတ်သူများအကြောင်း

ရဟန်းစာရေးဆရာ မေတ္တာရှင်(ရွှေပြည်သာ)သည် တရားဓမ္မဟောကြားရာ၌ လွန်စွာကောင်းမွန်သကဲ့သို့ စာပေများရေးသားပြုစုရာ၌လည်း စာဖတ်ပရိသတ် များစွာနှစ်သက်မှု ရှိကြသည်။ အရေးအသားကောင်းမွန်ပြေပြစ်ခြင်း၊ အကြောင်းအရာ နိုင်ခံလေးနက်ခြင်း ရည်ရွယ်ချက်စေတနာ ကောင်းမွန်ခြင်းတို့ကြောင့်လည်း ဆရာတော်၏ စာအုပ်များမှာ တစ်ကြိမ်မကာ အဖန်တလဲလဲ ပြန်လည်ရိုက်နှိပ်ထုတ်ဝေနေရသည်။

ဆရာတော်၏ စာရေးဆရာနှင့် "ရင်ပေါင်တန်း၍ စာဖတ်သူများအကြောင်း" စာအုပ်သည် ဆရာတော်၏ စာပေလေ့လာဖတ်ရှုမှု အတွေ့အကြုံများကို ဆွဲဆောင်မှု အပြည့်အဝဖြင့် တင်ပြရေးသားထားခြင်း ဖြစ်သည်။ စာအုပ်အဖုံး၏ ကျောဘက်၌ ဖော်ပြထားသော "ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုသို့ ပြောင်းအောင်ပြုလုပ်ခြင်းမျိုးသည် ထူးခြားမြင့်မြတ်သော ပြုလုပ်ခြင်းမျိုးမဟုတ်။ အတ္တဆန်သော ဘဝမှ အနစ်နာခံသော ဘဝသို့ရောက်အောင်၊ မည်းညစ်သောဘဝမှ ဖြူစင်သောဘဝသို့ရောက်အောင် ပြုလုပ်ခြင်းမျိုးသည်သာလျှင် ထူးခြားမြင့်မြတ်သော ပြုလုပ်ခြင်းမျိုးဖြစ်သည်"ဟူသော စာသားမှာ လွန်စွာလေးနက်လှပေသည်။ ဤသို့ စာတွေ့သာမက ငါတွေ့နှင့်ပါ ထုံမွမ်းထားသော ဤစာအုပ်အား ရွှေပြည်သာစာပေမှ တန်ဖိုး ၁၅၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။

## မောင်ညီဦး(က.စ.လ)၏- မောင်...လို့ ဘယ်ခါခေါ်ရမယ်နှင့် အခြားဝတ္ထုတိုများ

မောင်ညီဦး(က·စ·လ)သည် ဝတ္ထုတိုအရေးကောင်းသူ ဖြစ်သည်။ ရေးခဲ့ပြီးသမျှကိုလည်း စုစည်းထုတ်ဝေလာခဲ့သည်မှာ ယခု ဤစာအုပ်နှင့်ဆိုလျှင် ၃ အုပ်မြောက်ပေပြီ။

ဤစာအုပ်တွင် ဝတ္ထုတိုပေါင်း ၁၃ ပုဒ် ပါဝင်သည်။ ဘိုဘိုဇော်နှင့် ပြောင်းပြန်လုမင်း၊ အပြန်လမ်းမှာ ပွင့်သောပန်း၊ ခွေးသာခွေးပါ မရှာပါနဲ့မိုး၊ မစာဥ အရူးမ၊ ရဲဘော် ရဲဘက် သံယောဇဉ်၊ မေတ္တာနဲ့ မေတ္တာ၊ ရွှေရင်အေး၊ စက္ကူမမြင် မှတ်ဉာဏ်ရှင်၊ မော်ကွန်းက မမြစိမ့်၊ ဒါးပိန်က မယ်လှ၊ ကျွန်တော့်ကိုပေးသော စာတစ်စောင်၊ ဆန္ဒလေးများကိုယ်စီ၊ မောင်...လို့ ဘယ်ခါခေါ်ရမယ်၊ ဥယျာဉ်မှူးနဲ့ ပျိုးဥယျာဉ် စသည်တို့ ဖြစ်ကြသည်။ နှလုံးသား၌ ငွေ့ငြိတင်ကျန်စေမည့် ဝတ္ထုတိုကလေးများအား ပန်းချီဇော်နိုင်ထွန်း၏ ခြယ်မှုန်းထားကာ တန်ဖိုး ၁၂၀၀/-ကျပ် သတ်မှတ်လျက် အရှေ့ဘက်ကောင်းကင်စာပေမှ ဖြန့်ချိပေးထားပါကြောင်း။

## အောင်သူရိန်(ပုလဲ)၏ မေတ္တာခိုင်မြဲ သတ္တိငွဲ့နှင့် အခြားဝတ္ထုတိုများ

ဤစာအုပ်သည် ၂၀၀၂ ခုနှစ်၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတိုပေါင်းချုပ် ပထမဆု) ရရှိခဲ့သော စာအုပ်ဖြစ်သည်။ ဆရာအောင်သူရိန်(ပုလဲ)သည် နိုင်ငံတော်မှ ကျင်းပသော စာပေပြိုင်ပွဲများ၌လည်း ဆုများစွာ ရရှိထားသူ ဖြစ်သည်။ သူသည် စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်၊ ရွာထင်ရွာဇာတိဖြစ်သည့်အလျောက် သူရေးသားဖော်ပြထားသော ဝတ္ထုတိုများမှာ ကျေးလက်အငွေ့အသက်များ လွှမ်းနေပေသည်။

ဤစာအုပ်တွင် ဝတ္ထုတို ၁၁ ပုဒ် ဖော်ပြထားသည်။ မေတ္တာခိုင်မြဲ သတ္တိငွဲ့၊ အလွမ်းဆက် ပန်းဖျက်လိပ်ပြာ၊ ညမင်းသား အချစ်လမင်း၊ အချိန်တန် အိမ်ပြန်ခရီး၊ အဖော်မွန် ရွက်နုလေးများ၊ သားစဉ်မြေးဆက် ပြောထုံးဖြစ်မည်၊ ဖြတ်ခြင်းနှင့် ပြတ်ခြင်း၊ ကကြိုးစုံလင် မြစ်မင်းယဉ်၊ ချင်းတွင်းရေကြည် သက်သေတည်၊ ပုံတောင်သားတို့ ပီတိ... စသည်တို့ ဖြစ်ကြ၏။ မျက်နှာဖုံးပန်းချီ ကံကောင်း၏ လက်ရာကြဖြင့် ဖော်ကျူးထားသော ဤစာအုပ်အား ဘဝသရုပ်ဖော် ဝတ္ထုကောင်းများ ငံ့လင့်နေသူတို့အဖို့ ဘဝင်ကျမည်ဟု ကောက်ချက်ချလိုပါသည်။ စာပေဗိမာန် ပြည်သူ့လက်စွဲစာစဉ်မှ ထုတ်ဝေထားပြီး တန်ဖိုးမှာ ၂၃၀/-ကျပ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ညီမေတ္တာ၏
## မေတ္တာရှင်သံခဲနှင့် ပန်းပဲဆရာများ

စာရေးဆရာ ညီမေတ္တာသည် ဆရာတော်မေတ္တာရှင်(ရွှေပြည်သာ)၏ ညီဖြစ်သည်။ ဤစာအုပ်သည် နောင်တော် မေတ္တာရှင်(ရွှေပြည်သာ)၏ စာပေဖြတ်သန်းမှုကို သူ့အမြင်ဖြင့် တင်ပြထားသည်သာမက လောကဓံ၏ ရိုက်ခတ်မှုများကိုပါ တုံ့ပြန်ရှင်းလင်းထားခြင်းဟူ၍ ဆိုနိုင်သည်။ စာရေးသူကိုယ်တိုင်ကလည်း···"ဤစာစုသည် ဗုဒ္ဓ၏ ဓမ္မရတနာများနှင့် ပညာရှိသူတော်ကောင်းများ၏ အဆုံးအမ ဩဝါဒများကို လူမျိုး၊ ဘာသာမရွေး သိရှိကြစေခြင်းငှာ မေတ္တာစေတနာဖြင့် မျှဝေခြင်းသာဖြစ်ကြောင်း ဝန်ခံထားပေသည်။

ဤစာအုပ်၌ ထုရိုက်ချက်ပေါင်း (၁)မှသည် (၁၁) အထိ ဖော်ပြရေးသားမှုများကား လောကဓံ၏ ရိုက်ပုတ်ချက်များပင် ဖြစ်တော့သည်။ ဆရာတော်၏ သည်းခံခြင်းငွဲကို အုံမခန်းဖြစ်စေရသည်။ တကယ်တော့ ဆရာတော်၏ စိတ်ဓာတ်သည် သံတုံးသံခဲသဖွယ် ဖြစ်သည်။ သည်သို့ သံခဲဖြင့် ပုံနှိုင်းကာ ရေးသားပူဇော်လိုက်သော ဤစာအုပ်အား တန်ဖိုး ၅၀ဝိ/-ကျပ်ဖြင့် ရွှေပြည်သာစာပေမှ ဖြန့်ချိထားရာ လွန်စွာမှ ဖတ်ရှုထိုက်သော စာတစ်အုပ်ဟု ညွှန်းဆိုလိုပါသည်။

## တာတေ၏ သချိုင်းတစ်ရာ မပဲဝါ

စာပေလွတ်လပ်ခွင့်ရလာသည့်ကာလဝယ် သရဲတစ္ဆေစာအုပ်များလည်း ပေါ်ထွက်လာခဲ့သည်။ တကယ်တော့ သရဲတစ္ဆေဝတ္ထုများသည်လည်း ရသစာပေ၌ အကျုံးဝင်ပေသည်။ ဤစာအုပ်သည် တာတေ၏ သုံးအုပ်မြောက်လက်ရာဖြစ်သည်။

ဤစာအုပ်ကို "ညမဖတ်ရ"ဟု ဆိုထားသော်လည်း စာဖတ်သက်ရင့်သူတို့အဖို့ အချိန်အခါမရွေး ဖတ်ရှုနိုင်သည်။ အပျော်ဖတ်သဖွယ် သဘောထားနိုင်သလို၊ သရဲတစ္ဆေလောက၏ လျှို့ဝှက်ဆန်းကြယ်မှုများ၊ ဓလေ့သဘာဝများကိုလည်း ဗဟုသုတယူနိုင်ပေသည်။ ဤစာအုပ်၌ ဝတ္ထုတို ခြောက်ပုဒ်ဖြင့် ဖွဲ့စည်းထားရာ သရဲပေတိုး၊ သုသာန်ကျောင်းက မောင်ဘထစ်၊ မပဲဝါသိုက်၊ မှန်ထဲက သရဲမ၊ အရမ်းခြောက်တဲ့ တစ္ဆေ စုန်းမ···စသည်တို့ ပါဝင်ကြသည်။ ဘုန်းဇော်၏ စီစဉ်မှုဖြင့် တန်ဖိုး ၁၃၀ဝိ/-ကျပ် သတ်မှတ်လျက် အရှေ့ဘက်ကောင်းကင်စာပေတိုက်မှ ဖြန့်ချိလိုက်ရာ သရဲတစ္ဆေဇာတ်လမ်း နှစ်သက်သူတို့ အကြိုက်တွေ့မှာ သေချာလှပေသည်။

## မောင်ခေတ်ထွန်း၏ ပီတာပင်နှင့်
## အခြားပုံပြင်များ

ကလေးစာပေများကို ဒုစဉ်ဝါရိုက် ရေးသားလျက်ရှိသော ဆရာမောင်ခေတ်ထွန်း၏ ရေးသားခဲ့ပြီး ပုံပြင်များစွာထဲမှ အချို့ကို စုစည်းထုတ်ဝေလိုက်ခြင်း ဖြစ်သည်။

ဤစာအုပ်၌ ပုံပြင်ပေါင်း ၁၈ ပုဒ် ထည့်သွင်းထားရာ ကခုန်နေသော မင်းသမီးလေး ၁၂ ပါး၊ ကြောင်နှင့်မြွေခွေး၊ လောဘကြီးတဲ့ တူပိုး၊ ရှေးခေတ်ကစားစရာကြိုက်တဲ့ကလေး၊ ဉာဏ်ရှိသူဆင်နဲ့ ဉာဏ်ပါးသူလူ၊ မင်းသမီးကလေးနဲ့ ဥဒေါင်းဖို၊ လိမ္မာပါးနပ်သော ဝက်ဝံကလေး၊ တာရိုနှင့် သူ့ဘွားဘွားဉာဏ်ကြီးရှင်၊ ဗေဒင်ဆရာနှင့် သူခိုး၊ အပ်ငါးချောင်းနှင့် အဘွားအိုနှစ်ယောက်၊ တံတားပေါ်က မြည်း၊ မုန်လာဥ မည်သို့ရောက်ရှိလာသနည်း၊ ငှက်နှင့်စကားပြောတဲ့ လူကလေး၊ ရေနတ်ပန်း၊ ဇာယမာလာ၊ ဘုရင်ကြီးနှင့် ပညာရှိသိုးကျောင်းသားကလေး၊ ပီတာပင်၊ လျှာတစ်လစ်နှင့် လူကလေးတို့ ဖြစ်ကြပြီး ကလေးများ နှစ်သက်စွဲလမ်းစေမည့် ဘာသာပြန်ပုံပြင်ကောင်းများ ဖြစ်ကြသည်။ ၎င်းစာအုပ်ကို ညွှန့်ဖူးစာပေမှ တန်ဖိုး ၁၀၀ဝိ/-ကျပ် သတ်မှတ်ကာ ထုတ်ဝေလိုက်ပြီ ဖြစ်၏။

ကာသစ်နို

www.burmeseclassic.com




**သူ့အမြင် ကိုယ့်အမြင် . . .**

မြို့နယ်တရားရုံးနှင့် မလှမ်းမကမ်းရှိ လက်ဖက်ရည်ဆိုင်၌ ရှေ့နေသူငယ်ချင်းနှစ်ယောက် စကားလက်ဆုံကျနေသည်။

"သူငယ်ချင်း . . . အမှုအခင်းတစ်ခုမှ သက်သေအထောက်အထား မခိုင်လုံသရွေ့ ရုံးတော်ကလည်း အပြစ်ရှိတယ်လို့ မယူဆသရွေ့ အမှုသည်အဖို့ အပြစ်ကင်းစင်နေတဲ့အကြောင်း ဥပဒေက ပြဋ္ဌာန်းသတ်မှတ်ပေးထားတာ သိပ်ကို မှန်ကန်မျှတတယ် သူငယ်ချင်း"

ဤသို့ ဆိုလေသော် နောက်ရှေ့နေက . . .

"ငါကတော့ အဲသလို မယူဆဘူး။ ငါ့အမှုသည်မှာ ငွေကြေးအလုံအလောက်လည်း ရှိနေမယ်၊ ရုံးချိန်းရောက်တိုင်း စားသောက်စရိတ်၊ ခရီးစရိတ် မှန်မှန်ပေးနေမယ်၊ အမှုအပ်ကတည်းက ရှေ့နေခအကြေအလည် ပေးထားတယ်ဆိုရင် ငါ့အမှုသည်မှာ အပြစ်မရှိဘူးလို့ သတ်မှတ်ထားတယ် သူငယ်ချင်း"

**အပြစ်ရှိတာ သေချာတယ် . . .**

မြို့နယ်တရားရုံးတစ်ခုတွင် အမှုစစ်ဆေးလျက်ရှိ၏။

ထိုသို့စစ်ဆေးရာဝယ် အစိုးရရှေ့နေကြီးက တရားခံသည် ပြစ်မှုကျူးလွန်သူဖြစ်ပါကြောင်း အကိုးအကား စုံလင်စွာဖြင့် တရားသူကြီးအား တင်ပြလျှောက်ထားလေ၏။ ထိုသို့ လျှောက်ထားအပြီးတွင် တရားခံလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"တရားသူကြီးမင်းခင်ဗျာ . . . ကျွန်တော်တစ်ခုလောက် လျှောက်ထားတင်ပြပါရစေ"

"ခွင့်ပြုတယ်၊ ကိုင်း . . . ဘာများပြောချင်သို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"သည်လိုပါခင်ဗျာ။ အခု အမှုမှာ ကျွန်တော်ဟာ အပြစ်ရှိတဲ့အကြောင်း လျှောက်ထားတင်ပြမလို့ပါ"

"ဟာကွာ . . . အရင်က အပြစ်မရှိဘူးဆို၊ ခုကျမှ ဘယ့်နှယ်ကြောင့် အပြစ်ရှိတယ်လို့ ဝန်ခံရတာလဲ။ သေကော သေချာလို့လား"

"သိပ်ကို သေချာပါတယ်ခင်ဗျာ။ ပထမ ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်မရှိဘူးလို့ ထင်နေတာ။ ခုကျမှ တောဒီအစိုးရရှေ့နေကြီးက အထောက်အထား အကိုးအကား အစုံအလင်နဲ့ ရုံးတော်ကို လျှောက်ထားသွားတာ နားထောင်လိုက်ရတော့ ကျွန်တော်ဟာ အမှန်တကယ်ပဲ အပြစ်ရှိသူဖြစ်နေမှန်း သဘောပေါက်နားလည်သွားလို့ပါခင်ဗျာ"

"တေ . . ."

## သည်အချိန်ပဲ ငြိမ်မှာမို့ . . .

အရေးပေါ် လူနာတစ်ဦးကို ခွဲစိတ်ဖို့ရာအတွက် မေ့ဆေးဆရာဝန်က မေ့ဆေးပေးနေ၏။ လူနာမှာ တလေးသာသာဖြစ်ပြီး မာလကာသီးစားရာမှ အစေ့က အူထိပ်၌ ပိတ်မိနေပြီး အူအတက်ရောင်နေသောကြောင့် ခွဲစိတ်ကုသခံရန် ဖြစ်လေ၏။

ဤတွင် လူနာရှင်မိခင်က ဆေးရုံဝန်ထမ်းတို့အား ဆေးရုံ၌ ဆံပင်ညှပ်သမားရှိမရှိ မေးရာ အထူးအဆန်းဖြစ်နေတော့သည်။

"ဗျို့ . . . အဒေါ်ကြီး၊ ဒါ ဆေးရုံဗျ . . . ဆေးရုံဆံသဆိုင်မဟုတ်ဘူး။ ဘယ့်နှယ်ဗျာ . . အရေးပေါ် ခွဲစိတ်ဖို့ ဆေးရုံရောက်လာပါတယ်။ မဆီမဆိုင် ဆံပင်ညှပ်သမား ရှိမရှိ လာမေးနေသေးတယ်"

လက်ထောက်ဆရာဝန်က စိတ်ပေါက်ပေါက်ဖြင့် ပြောချလိုက်သည်။

သို့သော်ငြား လူနာရှင် အဒေါ်ကြီးအား မည်သို့မျှ စိတ်မကွက်။

"ခွင့်လွှတ်ပါ ဒေါက်တာရယ်။ ကျွန်မသားက ဆံပင်အညှပ်ခံရတော့မယ်ဆိုရင် တစ်စက်ကလေးမှ ငြိမ်ငြိမ်သက်သက်နေတာ မဟုတ်ဘူး။ ကော့ကော့ကို ထိုးနေတော့တာကလား။ ခု မေ့ဆေးပေးထားလို့ ငြိမ်နေချိန်မှာ တစ်လက်စတည်း ဆံပင်ညှပ်သွားချင်လို့ မေးမိတာပါ"

"ဩော် . . . သိပါဘူးဗျာ"

## မကုန်သေးတဲ့ ချစ်လက်စ

ခြံဝင်းအတွင်းရှိ ပန်းခြံထဲ၌ သမီးဖြစ်သူမှာ သူ့ရည်းစားနှင့် စကားလက်ဆုံကျနေ၏။ ည ၁၀ နာရီ ထိုးသည့်တိုင် အိမ်ပေါ်သို့ တက်မလာသေး။

သည်တော့ မိခင်ဖြစ်သူမှာ မနေသာ။

ဤတွင် သမီးဖြစ်သူကို လှမ်းခေါ်လိုက်သည်။

"ဟဲ့ . . . ဒေစီ၊ ဘယ်အချိန်ရှိပြီလဲ။ နင့်အကောင်က ခုထိ မပြန်သေးဘူးလား။ နင့်အဖေသိရင် မလွယ်ဘူးနော်"

"သိပါတယ် မှာမိရဲ့။ အခု သမီးနဲ့စကားပြောနေတာ နောက်တစ်ယောက်ပါ။ ပထမလူက ပြန်သွားတာ ကြာလှနေပြီ"

"အမယ်လေး . . လေး"

## ဖြစ်ရပုံများရယ်

လမ်းထဲသို့ မုန့်ပျစ်သလက်သည်တစ်ဦး ဝင်လာလေရာ ဘကြီးကွေးလည်း ရေနွေးကြမ်းနှင့် မြည်းဖို့ရာအတွက် လှမ်းခေါ်လိုက်၏။

သည့်နောက် မုန့်ပျစ်သလက်တစ်ခုကို ကျသင့်ငွေပေးကာ ဝယ်ယူပြီး မုန့်သည်ရှေ့မှာပင် ကိုက်ဝါးပစ်လိုက်သည်။

"ဟာ . . ."

ဘကြီးကွေးသည် မာကျောသော အရာတစ်ခုကို ကိုက်ဝါးမိသည့်အတွက် ထွေးထုတ်လိုက်ရာ သွားတစ်ချောင်းဖြစ်နေ၍ ရွံရှာစိတ်ဖြင့် မုန့်ပျစ်သလက်အား သွားတစ်ကောင်ထဲ ပစ်ပေးလိုက်လေ၏။

"ထွီ . . . နင်တို့ကလည်းဟာ . . . မုန့်ထဲကို

www.burmeseclassic.com

သွားတစ်ချောင်းလုံး ထည့်ရသလား။ ညစ်ပတ်လိုက်တာ လွန်ပါရော"

"မဟုတ်ရပါဘူး ဘကြီးရယ်။ သည်မုန့်က ကိုယ်တိုင်လုပ်တာ မဟုတ်ပါဘူး။ ဖောက်သည်ယူပြီးရောင်းတာပါ"

"ဘာပဲဖြစ်ဖြစ် . . ဒါတော့ လွန်လွန်းတယ်"

"စိတ်မရှိပါနဲ့ ဘကြီးရယ်။ သည်လိုမျိုး ဖြစ်သွားရတဲ့အတွက် အနူးအညွတ်တောင်းပန်ပါတယ်။ ဘကြီးရဲ့ ပိုက်ဆံကိုလည်း ပြန်ပေးပါ့မယ်"

"အို . . . မလိုပါဘူး . . . သွား . . သွားပါတော့"

မုန့်သည်ခမျာ စိတ်လက်မကောင်းစွာနှင့် နေရာမှ လှည့်ပြန်သွားလေတော့သည်။ သည်ခဏ ဘကြီးကွေးခမျာ ဖျို့အန်ချင်သလိုလို ဖြစ်လာသည်နှင့် ရေစည်ရှိရာ သွားကာ ပလုတ်ကျင်းလေ၏။ ဤတွင် ပါးစပ်ထဲ ဟာတာတာဖြစ်နေ၍ လက်နှင့်စမ်းကြည့်လိုက်ရာ ၎င်း၏ နဲ့နေသော သွားတစ်ချောင်းမှာ လုံးဝမရှိတော့။

ဩော် . . . ဖြစ်ရပုံများ။

## တန်ရာတန်ကြေး

ငွေကြေးပြည့်စုံချမ်းသာသော လူတစ်ဦးသည် ၎င်း၏ အဖိုးတန် ဖိနပ်ခံကားပေါ်၌ စုတ်ဖွာနေသော ခွေးတစ်ကောင်ကို တင်ဆောင်မောင်းနှင်ရင်း 'ခွေးအလှပြပြိုင်ပွဲ'ဆိုင်တစ်ဆိုင်ရှေ့အရောက်တွင် ရပ်လိုက်၏။

ထို့နောက် စုတ်ဖွာခွေးကလေးကို ပွေ့ကာ ဆိုင်တွင်းသို့ ဝင်ခဲ့လေသည်။

"ကျွန်တော့်ရဲ့ခွေးကလေးကို လိုက်ဖက်ကြည့်ကောင်းအောင် အမွေးညှပ်ပေးပါ"

"ရပါတယ် ခုံပေါ်တင်လိုက်ပါ"

"နေပါဦး . . အမွေးညှပ်ခ ဘယ်လောက်ပေးရမယ်ဆိုတာ ပြောဦးလေ"

"တစ်သောင်း"

"ဟာ . . . မများဘူးလား။ ကျွန်တော့်ဆံပင်ဆံသဆိုင်မှာညှပ်တာ ထောင့်ငါးရာပဲ ပေးရတယ်"

"မတူဘူးလေဗျာ။ ခင်ဗျားက ငြိမ်ငြိမ်လေးလည်းနေပေးတယ်၊ ကိုက်လည်းမကိုက်တတ်ဘူးဆိုတော့ ထောင့်ငါးရာပဲ ကျမှာပေါ့"

"အယ် . . ."

## ဒါလည်း ဟုတ်တာပဲ

စာသင်ခန်းတစ်ခန်းအတွင်းသို့ စစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ ရောက်ရှိလာ၏။

အတန်းသူ၊ အတန်းသားတို့လည်း ထိုင်နေရာမှ ထလျက် ဂါရဝပြုနှုတ်ဆက်လိုက်သည်။

"ကဲ . . . ကဲ . . . မင်္ဂလာပါကွယ်။ ထိုင်ကြ ထိုင်ကြ။ သားတို့၊ သမီးတို့ကို မေးရဦးမယ်။ ဟောဟိုက သားငယ် . . . ထစမ်းပါဦးကွယ်"

ကျောင်းသားတစ်ယောက် ထိုင်နေရာမှ ပြန်ထကာ လက်ပိုက်လေ၏။

"ဆရာကြီးသိချင်တာက သမိုင်းနဲ့ ပတ်သက်လို့ပါ ပထမကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ်ဟာ ဘယ်တုန်းက ဖြစ်ခဲ့တာလဲ"

ကျောင်းသားလည်း တွေခနဲတစ်ချက်စဉ်းစားရင်း

"ပထမစစ်ပွဲဖြစ်တာတော့ မသိပါဘူး။ ဒုတိယကမ္ဘာစစ်ဖြစ်တာကိုတော့ သိပါတယ်"

"ဟုတ်ပြီ။ ကဲ . . . ဒုတိယကမ္ဘာစစ် ဘယ်တုန်းက ဖြစ်တာလဲ"

"ဟုတ်ကဲ့ . . . ပထမကမ္ဘာစစ်ဖြစ်ပြီးတဲ့နောက်မှာမှ ဖြစ်တာပါဆရာကြီး"

"ဟော . . ."

စစ်ဆေးရေးအဖွဲ့ဝင်များ ပြုံးစေ့စေ့ ဖြစ်သွားကြလေသတတ်။

## သူဖြစ်ရပ်နဲ့သူ

စာသင်ခန်းတစ်ခန်း၌ ဖြစ်သည်။

သမိုင်းဘာသာရပ်ဆရာမသည် သင်ခန်းစာများကို သင်ကြားပို့ချရင်းမှ အတန်းသားတို့ သဘောပေါက်မ



www.burmeseclassic.com

www.burmeseclassic.com

ရှိမရှိ ပြန်လည်မေးခွန်းများ ထုတ်နေ၏။

"ကဲ . . . တပည့်တို့ မြန်မာ့သမိုင်းဖြစ်ရပ်တွေနဲ့ ပတ်သက်လို့ တပည့်တို့ ဘယ်လောက်များ အမှတ်အသားရှိတယ်ဆိုတာ ဆရာမ မေးကြည့်ချင်တယ်။ ၁၉၄၇ ခုနှစ်မှာ ဘာတွေဖြစ်ခဲ့သလဲကွယ်"

ဤတွင် ပါလေရာဘွဲ့ထူးရထားသည့် 'မောင်စိုးအောင်'ဆိုသော ကျောင်းသားသည် ထိုင်နေရာမှ ထရပ်ကာ . . .

"၁၉၄၇ ခုနှစ်မှာ ကျွန်တော့်အဖေ မွေးပါတယ် ခင်ဗျ"

ဟု ဖြေလိုက်၏။ အမှန်တကယ် ဆရာမ လိုလားသည့်အဖြေက မြန်မာ့လွတ်လပ်ရေးအတွက် ပင်လုံစာချုပ် ချုပ်ဆိုခြင်းနှင့် နိုင်ငံတော်လုပ်ကြံမှု ဖြစ်ပွားခြင်းတို့ပဲ ဖြစ်သည်။ ခုတော့ အဖြေက တခြားဖြစ်နေလေရာ အောင့်သက်သက်နှင့်ပင် "ဟုတ်ပါပြီကွယ် . . . ဟုတ်ပါပြီ"ဆိုလျက် ထိုင်ခိုင်းရတော့သည်။ သည့်နောက် ဆက်၍ မေးခွန်းထုတ်ပြန်သေး၏။

"အဲ . . . ၁၉၄၈ ခုနှစ်ကျတော့ရော ဘာတွေဖြစ်လာသလဲဆိုတာ ဖြေစမ်းပါဦး"

ဆရာမ မျှော်လင့်သည်က မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့ကြောင်း အဖြေစကားဖြစ်ပါ၏။ သို့ရာတွင် ကျောင်းသူမကလေး ခင်မိမန်း၏ အဖြေကြောင့် ဆရာမခမျာ ငိုရမလို ရယ်ရမလို ဖြစ်သွားရတော့သည်။ သို့ဆိုလျှင် ခင်မိမန်း ဘာများဖြေလိုက်ပါသနည်း။

"၁၉၄၈ ခုနှစ်ကျတော့ စိုးအောင်ရဲ့အဖေ တစ်နှစ်ပြည့်သွားတာပေါ့ ဆရာမရယ်"

ပါတဲ့ ခင်ဗျား။

## အရှုံးလက်မှတ် အထူးချက်ပ်ကပ်

မြို့ပတ်ရထားတစ်စင်းပေါ်၌ ဖြစ်၏။

ခရီးသွားတစ်ဦးသည် ရထားတွဲပေါ်သို့ လက်မှတ်စစ်များ တက်လာသည်ကို တွေ့မြင်လိုက်ရလေရာ ပြူးပြူးပျာပျာဖြင့် ၎င်း၏လက်မှတ်ကို ရှာဖွေလေတော့သည်။

သူ့ကိုကြည့်ရသည်မှာ မျက်စိနောက်ဖွယ် ကောင်းလေစွ။

လွယ်အိတ်ထဲ နှိုက်၍ ရှာသည်၊ မတွေ့။

အကျႌအိတ်တွေထဲ ရှာပြန်သည်၊ မမြင်။

စင်စစ် သူ့၌ လက်မှတ်ရှိသည်။ ထိုလက်မှတ်သည် လွယ်အိတ်ထဲမှာလည်း မဟုတ်၊ အကျႌအိတ်ထဲမှာလည်း မဟုတ်။ ဘယ်မှာလဲဆိုတော့ ပါးစပ်မှာ ကိုက်လျက်သား။

သူ့အဖြစ်ကို မြင်တွေ့ရသော အနီးရှိ ခရီးသည်များသာမက အပါးရောက်လာသည့် လက်မှတ်စစ်တို့က ပြုံးရယ်ကြသည်။ ဤတွင် လက်မှတ်စစ်တစ်ဦးက –

"ခင်ဗျားဗျာ . . . တကယ်ဟာသလုပ်တာပဲ"

ဟု စကားဆိုရင်း အဆိုပါခရီးသည်၏ ပါးစပ်မှ လက်မှတ်အား ဆတ်ခနဲ ဆွဲယူလိုက်ရင်း ဘောလ်ပင်ဖြင့် ခြစ်ကာ ပြန်ပေးပြီး အပါးမှထွက်သွားလေတော့၏။

လက်မှတ်စစ်များ အခြားတွဲသို့ ကူးသွားသည်၌ ခရီးသည်၏ အဖော်ဖြစ်သူက –

"မင်းကွာ . . . ရှုံးများရှုံးနေသလား မသိဘူး။ ကိုယ့်လက်မှတ်ကို ပါးစပ်နဲ့ကိုက်ထားပြီး လျှောက်ရှာနေတာများ အံ့ပါရဲ့"

ဟု ပြောလေ၏။ ဤတွင် ခရီးသည်၏ တုံ့ပြန်စကားကြောင့် အဖော်ဖြစ်သူသာမက အပါးတွင်ရှိနေကြသော ခရီးသည်တို့မှာလည်း ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။


"ဟေ့ကောင် . . ငါမရှုံးဘူးကွ၊ လက်မှတ်စစ်တွေကို အရှုံးလုပ်လိုက်တာ၊ ငါ့ပါးစပ်ထဲကိုက်ထားတဲ့ လက်မှတ်က မနေ့က လက်မှတ်။ သည်ကနေ့ လက်မှတ်မဝယ်ဘဲ စီးလာတာ၊ အဲဒါ လက်မှတ်စစ်တွေ မရိပ်မိအောင်လို့ လက်မှတ်ရဲ့ နေ့စွဲအပိုင်းကလေး ပျက်သွားအောင် ကိုက်ထားတာဟ . . . သိပလား"

မြို့မေတ္တာခံယူမယ်

■ ကိုရွှေတောင်သား

www.burmeseclassic.com

www.burmeseclassic.com



# အဆိပ်သင့်သူ

ကိုမွန်း(လျှပ်စစ်)

"ညီမနဲ့ စကားခဏပြောချင်လို့ပါ"

"ဟုတ်ကဲ့၊ ဒါနဲ့ အစ်မကြီးက"

"အစ်မက ‥ ညီမနဲ့တွဲနေတဲ့ မန်နေးဂျင်းဒါရိုက်တာ ဦးဇင်ကိုကိုလတ်ရဲ့ ဇနီးပါ"

"ရှင် … ကိုကြီးရဲ့ဇနီး"

"ဟုတ်ပါတယ်ကွယ် … အပျိုလေးတစ်ယောက်ဖြစ်တဲ့ ညီမလေး မနစ်နာရအောင် အစ်မကြီးကိုယ်တိုင် လာပြီး အသိပေးတာပါကွယ်။ ညီမလေးအနေနဲ့ နောက်ဆုတ်လို့ရမယ်ဆိုရင် နောက်ဆုတ်ပေးဖို့နဲ့ …"

"ဒါကတော့ ကျွန်မကို လာမပြောနဲ့လေ။ ကိုယ့်ယောက်ျား ကိုယ်နိုင်အောင်ထိန်းပေါ့"

"အစ်မ တောင်းပန်ပါတယ်ကွယ်။ အစ်မတို့ရဲ့ အေးချမ်းသာယာတဲ့ မိသားစုဘဝလေးကို ကိုယ်ချင်းစာတဲ့အနေနဲ့"

"ရှင်လွန်လွန်းနေပြီနော်။ နောက်ဘယ်တော့မှ ကျွန်မဆီ မလာပါနဲ့။ တောက် …"

"ဖျက်ချလိုက်"

"ရှင် …"

"ရော် … မင်း ငါပြောတာမရှင်းဘူးလား"

"ဒါ … အစ်ကိုကြီးနဲ့ရတဲ့ ရင်သွေးနော်။ ဒီလို ပစ်စလက်ခတ်တော့ မပြောပါနဲ့ ကိုကြီးရယ်။ ကိုကြီးပဲ ညီမလေးကို ချစ်တယ်ဆို …"

"ဟုတ်တယ်လေ … ချစ်တယ်၊ သိပ်ကိုချစ်ခဲ့မိတယ်"

"ဒါဆို ညီမလေးကို လက်ထပ်ပါလား …"

"ဘာ … ဒီလိုနည်းနဲ့တော့ ငါ့ကို မချည်နဲ့လေ။ မင်းကို လက်ထပ်ပါ့မယ်လို့ စကားတစ်ခွန်း ပြောခဲ့ဖူးလား၊ မင်းစဉ်းစား။ နောက်ပြီး ငါ့မှာ သားကြီးမယားကြီးနဲ့ဆိုတာလည်း မင်းလည်း အသိသားနဲ့ …"

"ရှင်အဲဒီလိုတော့ မယုတ်မာနဲ့"

"မင်းထင်ချင်သလို ထင်နိုင်တယ်။ အေး … ရှင်းရှင်းပြောမယ်။ ဖျက်ချလိုက် …"

"ဖြန်း …"

"အဲဒါ ကျွန်မရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာအတွက် ကျွန်မရဲ့ တုံ့ပြန်မှုပဲ"

လူ့လောကထဲ ရောက်လာတော့မယ့် ရင်သွေးငယ်လေး။ တာဝန်မဲ့သူတစ်ဦးကိုပဲ အပြစ်တင်ရမလား၊ ဒါမှမဟုတ် သူများမိသားစုဘဝပျက်ဆီး ရာပျက်ဆီးကြောင်းကြံစည်ခဲ့တဲ့ ကျွန်မဝဋ်လည်တာပဲလား …။

ကိုမွန်း(လျှပ်စစ်)

www.burmeseclassic.com

www.burmeseclassic.com




# နောက်ကွယ်

ကိုဖိုးထင်အောင်

အတွေးအခေါ်ဆိုတာ အရာအားလုံးရဲ့ နိဒါန်းအစပါ။ အတွေးကောင်းခဲ့ရင် လုပ်ရပ်တွေလည်း ကောင်းမှာပါပဲ။ အတွေးမကောင်းခဲ့ရင်တော့ လုပ်ရပ်တွေကလည်း မကောင်းတော့ပါဘူး။ ဒါတွေကို ကိုစံကျင် မသိလို့မဟုတ်။ သိရက်သားနဲ့ သိသိကြီးကို လုပ်နေတာပါ။ ကိုစံကျင်က အရက်သမားတစ်ယောက်ပေပဲ။

ညနေတိုင်ပြီဆိုရင် အိမ်သူစားသောက်ဆိုင်မှာ ရောက်နေပါပြီ။ အရက်ကိုလည်း အများကြီးသောက်တာမဟုတ်။ ပုံမှန် တစ်ပိုင်းပါပဲ။ သည့်လောက်ဆိုရင် သူ့ရေချိန်ကိုက်နေပါပြီ။ သည့်လို သောက်တတ်တာကလည်း သူ့အပေါင်းအသင်းတွေက စပေးလိုက်လို့ သောက်တတ်လာတာပါ။ လုပ်ရတာကလည်း ငါးပိပွဲရုံမှာပါ။ အလုပ်က ကြမ်းလေတော့ ကြမ်းတဲ့ဒဏ်လေးများ ပျောက်မလားဆိုပြီး အရက်ကို သောက်မိတာပါ။

ကိုစံကျင်က အရက်ကိုသောက်ပေမယ့် အသိကလေးနဲ့ထိန်းပြီး သောက်တဲ့သူပါ။ အရက်ကြောင့် သူတစ်နေ့ ဘာဖြစ်မယ်ဆိုတာကိုလည်း ကြိုတင်ပြီး တွေးခဲ့မိသား။ ခက်တာက ဘာဖြစ်မလဲဆိုတာကြီးကို သဲသဲကွဲကွဲသိပုံမရတော့ သည့်မသိတဲ့ ပြဿနာကြီးကို မေ့ပျောက်ထားရင်းနဲ့ အခုလို အရက်ကို ဆက်သောက်နေရခြင်းပါပဲ။

အရက်သာသောက်တယ်။ သူများအရက်သမားတွေလိုတော့ ဟော့ဟော့ရမ်းရမ်း လုပ်တာမျိုး မရှိပါဘူး။ ပုံမှန်အတိုင်း ဆက်ဆံတယ်။ ပုံမှန်အတိုင်း ပြောတယ်။ မိန်းမကတော့ ကိုစံကျင်ကို ဘယ်အရက်သောက်စေချင်ပါ့မလဲ။

ချောကားတစ်ချို့ မြောက်ကတစ်လှည့်နဲ့ ကိုစံကျင်ကို ပြောကြည့်တယ်။ မရပါဘူး။ အရက်သောက်တာနဲ့ ပတ်သက်လို့ ကိုစံကျင်မှာလည်း နည်းဥပဒေတွေ ရှိပြီးသား။ အရက်မသောက်ဖို့ မိန်းမက ပြောလာခဲ့ရင် ...

"မင်းတို့ ပျက်စီးရာပျက်စီးကြောင်းဖြစ်အောင်လို့ ငါ ဘယ်နှခါများ သောက်ခဲ့ဖူးလို့လဲ"

သည့်စကားနဲ့တင် ပွဲသိမ်းသွားရတာ များတယ်။

သည့်ကနေ့မှာတော့ လစာထုတ်ရက် ဖြစ်နေတာမို့ ရေကလည်း အဘန်အသင့် လျှံနေပြီပဲလေ။ အရက်သောက်ခဲ့ပြီးရင်တော့ ကျန်တဲ့ငွေလေးနဲ့ မိန်းမကို မျက်နှာထုပ်ရပေမပေါ့။

ထုံးစံအတိုင်း တစ်ပိုင်းမှာသောက်လို့ အပြီးမှာ ကိုစံကျင်တစ်ယောက် အိမ်ရှိရာကို တန်းပြန်ချလာခဲ့တယ်။ ရေချိန်ကလည်းကိုက်နေတဲ့ အချိန်ကို။ အိမ်ရောက်တော့ မိန်းမဖြစ်သူရဲ့လက်ထဲမှာ အရက်ပုလင်းကြီး ကိုင်ထားတာကို တွေ့လိုက်ရတယ်။ သည့်မှာတင် အရက်ကို အသိနဲ့ ထိန်းသောက်တဲ့ ပုဂ္ဂိုလ်ကြီးခမျာ ခေါင်းမီးတောက်သွားရပြီပဲလေ။

ရင်ထဲမှာလည်း ထိတ်သွားရတာပေါ့။ သောက်ထားတဲ့ အရှိန်တွေတောင်မှ ဘယ်ရောက်သွားတယ် မဆိုနိုင်ပါဘူး။ ဒါကြောင့်မို့ အထစ်ထစ်အငေါ့ငေါ့နဲ့ ...

"မင်း ... မင်း ... ဒါ ဘာတွေလုပ်နေတာလဲ။ ငါမရှိတုန်းမှာ အရက်ခိုးသောက်မယ်လို့ ကြံနေတယ်ပေါ့"

မိန်းမကတော့ ကိုစံကျင်ရဲ့ ပြောစကားကို အလေးထားပုံ မရပါဘူး။

"ရှင် ထင်ချင်သလိုထင်"တဲ့။

သည့်မှာတင် ကိုစံကျင်တစ်ယောက် သူ့ကိုယ်သူ နောင်တတရားတွေ ရသွားတယ်နဲ့တူပါရဲ့။

"အိမ်ထောင်တစ်ခုမှာ အရေးကြီးဆုံးက အိမ်ထောင်ဦးစီးဖြစ်တဲ့ ယောက်ျားပါပဲ။ သူဖောက်လိုက်လို့ကတော့ သူ့နောက်က နွားတွေလည်း ဖရိုဖရဲဖြစ်မှာ သေချာပါတယ်။ သည့်နေ့ကစလို့ သည့်တစ်သက် အရက်ဆိုရင် ငါမသောက်တော့ပါဘူး"


ပြောပြောဆိုဆိုနဲ့ အိမ်ခန်းထဲကို ဝင်သွားခဲ့တယ်။ အမှန်က ကိုစံကျင်တွေ့လိုက်ရတဲ့ အရက်ပုလင်းက သူ့မိန်းမရဲ့ အရက်ပုလင်း မဟုတ်ပါဘူး။ ရပ်ကွက်ထဲက လေငန်းဖြစ်နေတဲ့ ဦးဖိုးတုတ်အိမ်ကနေ လာပို့သွားတဲ့ အရက်ပုလင်းပါ။

ကိုစံကျင်မိန်းမကလည်း လေငန်းဆေးဖော်စပ်တဲ့နေရာမှာ နာမည်ကြီးပဲလေ။ လေငန်းဆေးဖော်တဲ့ နေရာမှာလည်း အရက်ကလည်း ပါရတာကိုး။

ကိုစံကျင်မိန်းမကတော့ သူ့ယောက်ျားဖြစ်သွားပုံကို ကြည့်ရင်း ကျိတ်ပြုံးလေးပဲ ပြုံးလိုက်ရှာပါတယ်။

လောကကြီးမှာ ငါဘာလုပ်နေတယ်ဆိုတာ ငါ့ကိုယ်ငါသိဖို့ အရေးကြီးပါတယ်။ ခုတော့ဖြင့် ငါဆိုတဲ့အကြောင်းကို ရေရေလည်လည်ကြီးနဲ့ ကိုစံကျင်သိလောက်ရောပေါ့။ လိုရင်းတိုရှင်းပြောရမယ်ဆိုရင်တော့ သိခဲ့ရင် ဆက်လက်အရှုပ်မဖြစ်စေဖို့ အဓိကပါ။ ။ ❐

www.burmeseclassic.com



# တော်သေးရဲ့

■ အသင်္ခယာ

မဂ္ဂဇင်းတစ်အုပ်မှာ ကိုသီတာ့ ဝတ္ထုတိုတစ်ပုဒ် ပါသောကြောင့် စာမူခ သွားထုတ်သည်။ မဂ္ဂဇင်းအယ်ဒီတာက စာမူခကို စာအိတ်တစ်အိတ်နှင့် ထည့်ကာ မဂ္ဂဇင်းစာအုပ်ထဲတွင် ညှပ်ပေးလိုက်သည်။ ပါးစပ်ကလည်း ပြောလိုက်သေးသည်။

"စိတ်မရှိပါနဲ့ ဆရာရယ်။ ကျွန်တော်တို့မဂ္ဂဇင်းက နည်းနည်းချူချာလို့ စာမူခသိပ်မပေးနိုင်ဘူး။ ဒါလောက်ပဲ ပေးတာ ဘယ်လိုမှ မအောက်မေ့ပါနဲ့"

ကိုသီတာ စာရေးလာတာကြာပြီ။ စာမူခကို နည်းတာရော၊ များတာရော လုံးဝမရတာရော စုံနေပြီ။ မည်သို့ဆိုစေ နည်းသည်များသည်ဟု သဘောမထား။ စာမူများ စာအုပ်ထဲပါနေလျှင် ကျေနပ်နေသည်သာ ဖြစ်သည်။ ထို့ကြောင့် အယ်ဒီတာအား –

"ဘယ်လိုမှ မအောက်မေ့ပါဘူး ဆရာ။ ဆရာလည်း ဘယ်လိုမှမအောက်မေ့ပါနဲ့။ လာ ... လက်ဖက်ရည်သောက်ရအောင်။ တစ်ခါတစ်လေ ဆုံတုန်းပေါ့"

"မလုပ်ပါနဲ့ ဆရာရယ်"

"လာစမ်းပါဗျာ"ဟုဆိုကာ အယ်ဒီတာအား လက်ဖက်ရည်ဆိုင်သို့ ဆွဲခေါ်လာသည်။ အယ်ဒီတာကြီး ကန့်လန့်ကန့်လန့်နှင့်ပါလာသည်။

နှစ်ယောက်သား စကားပြောကြ၊ လက်ဖက်ရည်သောက်ကြရင်း အယ်ဒီတာကြီးနှင့် ရင်းနှီးသော ပန်းချီဆရာတစ်ယောက်က ဆိုင်ထဲသို့ဝင်လာသည်။ ကိုသီတာလည်း ပန်းချီဆရာကို သိသည်။ ကိုသီတာ၏စာမူများ သူ့ပန်းချီနှင့် မကြာခဏ ဆုံဖူးသည်။ ပန်းချီဆရာက ပူတယ် အိုက်တယ်ဆိုကာ အအေးတစ်လုံးမှာသည်။ စီးကရက်တစ်ပွဲလည်း မှာသည်။ ပြောကြဆိုကြရင်း ဝိုင်းစည်လာသည်။ ခဏကြာလျှင် ဘောင်းဘီရှည်နှင့် လူတစ်ယောက် ဝိုင်းထဲကို လာထိုင်သည်။ ကိုသီတာ မြင်တော့မြင်ဖူးသည်။ ဘယ်သူမှန်းမသိ။ အနုပညာလောကထဲကတော့ ဖြစ်မည်ထင်သည်။ အယ်ဒီတာနှင့် အင်တာဗျူးအကြောင်းပြောကြရင်းမှ သူသည် တေးရေးဆရာတစ်ယောက်ဖြစ်မှန်း သိလာသည်။

သူကလည်း ရောက်ရောက်ချင်း အအေးတစ်လုံး မှာသည်။ စီးကရက် အကောင်းစားတစ်ပွဲ မှာသည်။ စာပေလောကအကြောင်း၊ ပန်းချီလောကအကြောင်း၊ အနုပညာလောကအကြောင်း ဆုံတုန်း တစ်ယောက်တစ်မျိုး ပြောကြသည်။ အသိတွေဖလှယ်ကြသည်။ အတွေ့အကြုံတွေ ပြောကြသည်။ တစ်နာရီလောက်ကြာသောအခါ ကိုသီတာ နာရီကြည့်သည်။ ပြန်ချင်နေပြီ။ သွားစရာတွေကလည်း ရှိသေးသည်။

စားပွဲပေါ်က ရှင်းရမည့် အစားအသောက်တွေ စိတ်တွက်နှင့် တွက်ကြည့်တော့ ဘုရား ဘုရား ကိုသီတာ ရင်ခုန်သွားသည်။ သူရလာတာက စာမူခလေး နှစ်ထောင့်ငါးရာ။ ဦးစွာပထမ ခေါ်လာတာကလည်း သူ။ ခုလည်း သူက အရင်ထချင်နေတော့ အိတ်ကိုစမ်းကာ ဟန်မူဆောင်ကလေး –

"ကဲ ... ကျွန်တော်လည်း ပြန်ဦးမယ်။ ရှင်းလိုက်ကြရအောင်"

တေးရေးဆရာက ...

"နေ ... နေ ဆရာ။ ကျွန်တော်ရှင်းလိုက်မယ်။ ဆရာက ဒီလ စာမူပါတော့ စာမူခနဲ့ပြုစုတာလား။ ဘယ်လောက်လဲ လေးထောင်လား။ ငါးထောင်လား"

ကိုသီတာက ...

"ဟဲ ... ဟဲ"ဟု ဆိုကာ ပြုံးလိုက်သည်။

တေးရေးဆရာက ...

"နေပါစေ ဆရာရယ်။ ကျွန်တော်က သီချင်းတစ်ပုဒ်ရေးရင် နှစ်သောင်းရတယ်။ ကျွန်တော် ရှင်းပါ့မယ်။ ခုလို ဆုံကြတုန်း"

ပန်းချီဆရာက ...


"နေကြပါဗျာ ... ကျွန်တော် ရှင်းပါ့မယ်။ ကိုသီတာဝတ္ထုတွေ ကျွန်တော် ဆွဲပေါင်းများပါပြီ။ ဒီတစ်ခါပဲ ရင်းရင်းနှီးနှီး ဆုံဖူးတယ်။ နေ ... ဆရာ။ ကျွန်တော့် ပန်းချီကားခြောက်ကား ပြခန်းမှာ တင်ထားတာ တစ်ကားက နိုင်ငံခြားသားတစ်ယောက် ဝယ်သွားတယ်။ တစ်သိန်းခွဲ ရလိုက်တယ်။ ဒီဝိုင်းကို ကျွန်တော်ရှင်းပါ့မယ်"

စားပွဲထိုးကောင်လေးကို ငါးထောင်တန်တစ်ရွက် ထုတ်ပေးလိုက်သည်။ ကိုသီတာ အခုမှ ရင်ခုန်တာ သက်သာသွားသည်။ စာမူခထည့်ထားသော အိတ်ကလေးကို ယောင်၍ စမ်းမိလိုက်သည်။ ပြီး ... စိတ်က ...

"ဩော် ... တော်သေးရဲ့"

အသင်္ခယာ

www.burmeseclassic.com



# စိတ်ဖတ်သူ

■ မောင်မြင့်အောင်

ကျွန်တော်သည် မိသားစု FC အသင်း၏ အသင်းခေါင်းဆောင်တစ်ယောက်ဖြစ်သည်။ ထို့ကြောင့် မကုန်သင့်တာ မကုန်ရအောင် ဆင်ခြင်ရသလို၊ မလိုအပ်ဘဲ အပိုကိစ္စများ မသုံးမိအောင်လည်း ဂရုစိုက်ရသည်။ ထိုအခါ မိမိအိတ်ထဲမှ ပိုက်ဆံကို ထုတ်သုံးတော့မည်ဆိုလျှင် အစာအိမ်ကိုမေးရသည်။ ဦးနှောက်နှင့် ညှိနှိုင်းရသည်။ 'အစာအိမ်အတွက် အမှန်တကယ် လိုအပ်နေသလား'၊ 'မိသားစုအတွက် တကယ်လိုအပ်နေတဲ့ပစ္စည်းလား' စစ်ဆေးပြီးမှ သုံးရသည်။

သို့သော် ကျွန်တော် မဆင်ခြင်နိုင်သည်က 'လက်ဖက်ရည်'ပင် ဖြစ်သည်။ အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းမစား။ နစ်လုံး,သုံးလုံး မလုပ်သော ကျွန်တော်၏ ခရေဇီမှာ လက်ဖက်ရည်ပင် ဖြစ်သည်။ ထို့ကြောင့် ညစာမစားဘဲ အိပ်လိုက်ရသည့် ရက်တချို့ရှိခဲ့သော်လည်း လက်ဖက်ရည်မသောက်ဖြစ်သည့်ရက်တော့ လုံးဝမရှိခဲ့ပေ။ ထို့ကြောင့် ကျွန်တော့်အကြောင်း ဝါကျဖွဲ့မည်ဆိုလျှင် တစ်မျက်နှာဝတ္ထုလေးများကို တန်ဖိုးထားသော၊ လက်ဖက်ရည်ကြိုက်သော၊ အားနာတတ်သော စသည့် နာမဝိသေသနများပါမှ ပြည့်စုံမည်ဖြစ်၏။

ကျွန်တော်တို့ စာသမားများ နေ့စဉ်ထိုင်နေသော လက်ဖက်ရည်ဆိုင်မှာ ဆိုင်နာမည်ရှိသော်လည်း ကျွန်တော်တို့အားလုံးက 'လေအန်ကုန်း'ဟု အမည်ပေးထားသည်။ (လေထန်ကုန်းမဟုတ်ပေ)။ ထိုဆိုင်လေးမှာ အချင်းချင်းဆုံကြသည်။ တစ်ယောက်ဝေဒနာကို တစ်ယောက် မျှဝေခံစားသည်။ တစ်ယောက်အခက်အခဲကို တစ်ယောက်ကူညီသည်။ တစ်ယောက်အမှုကိုတစ်ယောက် ဝေဖန်ဆွေးနွေးသည်။ တဖြည်းဖြည်းနှင့် ကျွန်ုပ်တို့အားလုံး၏ သွေးအမျိုးအစားမှာလည်း တူညီလာခဲ့သည်။

လက်ဖက်ရည် တစ်ခွက် '၁၅၀၊ ၂၀၀'တုန်းက စာပေသမားတွေကိုယ်တိုင် တစ်ယောက်တစ်ခွက် သောက်နိုင်ကြသော်လည်း တစ်ခွက် '၃၀၀' ဖြစ်လာသောအခါ တစ်အိုး '၆၀၀'ဆိုသည့် လက်ဖက်ရည်တစ်အိုးကို ရေနွေးအဖြူ ထပ်ရောသောက်ခြင်းဖြင့် ကျွန်တော်တို့ စာသမားတွေ ညီညွတ်စွာ ရောင့်ရဲနိုင်ခဲ့ကြလေသည်။

ထိုဆိုင်လေး၏ အတွင်းစားပွဲတွင် အမြဲထိုင်သော မိတ်ဆွေတစ်ဦးရှိသည်။ သူ့ကို ကျွန်တော်က 'ဆရာကျင်'ဟု ခေါ်သည်။ သူကိုယ်တိုင်က စာပေသမားဖြစ်ပြီး ကျွန်တော့်ဝတ္ထုလေးများနှင့် ကျွန်တော့်ကို လေးစားခင်မင်သူလည်း ဖြစ်သည်။ သူက ထိုဆိုင်တွင် နေ့တိုင်းထိုင်ပြီး ကျွန်တော့်ကိုတွေ့သည်နှင့် လက်ဖက်ရည်တိုက်သူ ဖြစ်သည်။ ကျွန်တော်ကလည်း လက်ဖက်ရည်ကြိုက်သူပီပီ သူမှာတိုက်သည့် လက်ဖက်ရည်ခွက်တိုင်းကို မငြင်းဆန်ခဲ့ပေ။

× × × × ×

တစ်ရက် ကျွန်တော် ဆိုင်လေးသို့ ရောက်သွားစဉ် ဆရာကျင်က သူ့မိတ်ဆွေတစ်ယောက်နှင့် လက်ဖက်ရည်သောက်ရင်း စကားပြောနေသောကြောင့် ကျွန်တော် ဆိုင်ရှေ့ရောက်သွားသည်ကို မမြင်ပေ။ ကျွန်တော်ဆိုင်ထဲဝင်သွားလျှင် သူလက်ဖက်ရည်တိုက်မှာ သေချာသည်။ ကျွန်တော်ကလည်း သောက်ချင်နေ၏။

သို့သော် ကျွန်တော်တစ်ခု စဉ်းစားမိသည်။ ယခုတစ်ပတ်လုံးလုံး တစ်ရက်မှမပျက်ဘဲ သူတိုက်သည့် လက်ဖက်ရည်ကို ကျွန်တော် သောက်ခဲ့သည့်အတွက် အခွင့်အရေးယူသလို ဖြစ်နေခဲ့၏။ ထို့ကြောင့် ကျွန်တော် သူ့ကို အားနာနေမိသည်။ နောက်ဆုံးတွင် ဆုံးဖြတ်ချက်တစ်ခုချပြီး ဆိုင်ထဲမှ သူလှမ်းမမြင်ရသည့် အပြင်ဝိုင်းမှာပင် ထင်ထိုင်လိုက်၏။

ထိုစဉ် မမျှော်လင့်ဘဲ သူကွမ်းယာလာဝယ်ရာမှ ကျွန်တော့်ကို တွေ့သွားလေသည်။

"ဟော့လူ၊ ခင်ဗျားက ဘာဖြစ်လို့ ဆိုင်ထဲဝင်မလာတာလဲ။ လာလေဗျာ"

ကျွန်တော် တစ်စုံတစ်ရာအကြောင်းပြပြီး လွှဲပြောဖို့ စဉ်းစားလိုက်သည်။ ကျွန်တော့်နှုတ်က ထွက်သွားသည်က ခံစားမှုအစစ်အမှန်ပင် ဖြစ်သည်။


"ဆရာကျင်ကို ကျွန်တော် အားနာလို့။ ဒါနဲ့ ဆရာကျင်က ဘာဖြစ်လို့ ကျွန်တော့်ကို ခေါ်ရတာလဲ"

ဆရာကျင်က ပြုံးသည်။ ပြီးမှ ပြန်ပြောလိုက်၏။

"ကျုပ်က ခင်ဗျားကို လက်ဖက်ရည်တိုက်ချင်လို့"

ထိုစက္ကန့်ပိုင်းလေး အတွင်းမှာပင် သူနှင့်ကျွန်တော့်ကြားမှ ကိုင်တွယ်လို့မရသော်လည်း ခိုင်မာသည့် အရာတစ်ခုကို ကျွန်တော် အသေအချာမြင်လိုက်ရခြင်းပင် ဖြစ်သည်။ ■

www.burmeseclassic.com



# သာရုပါခင်ဗျာ...သာရုပါ

ဖျာပုံမောင်ယဉ်တိုး

''ထမင်းကျန်၊ ဟင်းကျန် ကလေးများရှိရင် ပေးသနားကြပါရှင်''

အိမ်ရှေ့အပေါက်ဝတွင် မိန်းမကြီးတစ်ဦးမှ ထမင်းကျန် ဟင်းကျန်များကို လာရောက်တောင်းနေသည်။ ထိုစဉ် တိုက်ကြီးထဲမှ မိန်းမပျိုကလေးတစ်ဦးက ချိုင့်ထဲသို့ ထမင်းကျန်၊ ဟင်းကျန်များ လာရောက်ထည့်ပေးနေသည်။ ထိုစဉ် –

''ဟဲ့ ... လှမေ။ ဘာလို့ ထည့်ပေးနေတာလဲ။ ဂုတ်ကျားအတွက် ချန်ထားတာ နင်မသိဘူးလား''

''သနားပါတယ် အဒေါ်ကြီးရယ်''

''ဘာလို့ သနားရမှာလဲ။ ခြေလက်အကောင်းကြီးနဲ့ အလုပ်မလုပ်ချင်တိုင်း လာတောင်းနေကြတာ။ ဟဲ့ ... လှမေ၊ နင်ဒီလောက် သနားနေရင် နင်ပဲ သွားလုပ်ကျွေးလိုက်''

အိမ်ရှင်မိန်းမကြီးမှ အိမ်ဖော်မကလေး လှမေအား ဆူပူကြိမ်းမောင်းနေပါသည်။

''ဗျို့ .. အိမ်ရှင်တို့၊ အိမ်ရှင်တို့''

''လာမါပြီရှင် ... လာပါပြီ''

''ဓမ္မာရုံ ဥက္ကဋ္ဌကြီးတို့ပါလား''

''ဟုတ်ပါတယ်။ ရပ်ကွက်ဓမ္မာရုံမှာ ဝါဆိုသင်္ကန်းကပ်ဖို့ အလှူခံလာတာပါ''

''ထုံးစံအတိုင်းပေါ့ ဥက္ကဋ္ဌကြီးရယ်။ သင်္ကန်းသုံးစုံ ကျွန်မလှူမယ်လေ''

''သင်္ကန်းတစ်စုံ တစ်သောင်းဆိုတော့ သုံးသောင်းကျပါတယ်''

''ရပါတယ် ဥက္ကဋ္ဌကြီးရယ်။ ကျွန်မအနေနဲ့ အလှူဒါနဘက်မှာ ဘယ်တော့မှ လက်တွန့်တာမရှိပါဘူး''

''အခုလို လှူဒါန်းတဲ့အတွက် ကျန်းမာကြပါစေ။ ချမ်းသာကြပါစေ''


ဆုပေးနေသော ဓမ္မာရုံဥက္ကဋ္ဌကြီးကို ငေးကြည့်နေသူကတော့ အိမ်စေမလေး လှမေသာ ဖြစ်နေပါတော့သတည်း။

ဖျာပုံမောင်ယဉ်တိုး



www.burmeseclassic.com

www.burmeseclassic.com



# စကားနောက် တရားပါ

စိုးယဉ်ထွန်း

"ဟော့ကောင် ဘာကြည့်တာလဲ"

"ဗျာ ..."

"ဘာဗျာလဲ ... မိန်းကလေး တစ်ယောက်ကို ဒီလောက်ကြည့်ရလား"

"ဗျာ ..."

သေးက တဗျာဗျာနှင့် နှုတ်မှ အသံထွက်ပြီး ဘေးမှရပ်ပြီး မေးသူ လူကြီးကို လှည့်ကြည့်လိုက်သည်။ အသားအရေ ဝင်းဝင်းစိုစိုနှင့် ရုပ်ရည် ချောမောပြီး တောင့်တင်းဖြောင့်စင်းသော မိန်းကလေးကို သေသေချာချာ ကြည့်လိုက်မိသော သေးက ထိုလူကြီး မေးနေတာကို ဗျာ ... ဗျာဟုသာ ပြန်ပြောပြီး ရပ်နေလိုက်သည်။

"မင်းကိုမေးတာကွ ... မိန်းကလေးတစ်ယောက် လမ်းလျှောက်လာတာကို ဒီလောက်ပဲကြည့်ရလား ..."

"ဗျာ ..."

သေး၏ အဖြစ်နှင့် လူကြီး၏ အမေးကို ကြားလိုက်သည့် လမ်းသွားလမ်းလာတို့က ရပ်၍ ကြည့်နေကြသည်။ သေးက အချိန်တော်တော်ကြာကြာ ကြည့်လိုက်မိသော မိန်းကလေးက ရှေ့ကို ခပ်ဝေးဝေးလွန်၍ လျှောက်သွားနေသည်။ လူကြီး၏အနေအထား ပုံစံက သေးကို ထိုကဲ့သို့ ကြည့်မိခြင်းအတွက် မိန်းကလေး၏ ကာယိန္ဒြေ ပျက်ယွင်းမှုနှင့် အမှုဖွင့် တရားစွဲချင်လေသလား မသိပါ။

"မင်း ဘာအကြောင်းကြောင့် လုပ်နေတာလဲ။ ငါမေးတာ သိလား"

"သြော် ... ဟုတ် ... ဟုတ်ကဲ့ သိပါတယ်"

"သိရင် ပြောစမ်း ... မင်း ဘာဖြစ်လို့ ဒီလောက်ကြည့်ရတာလဲ"

"ဗျာ ... ဟို ... သြော် ဒီလိုပါ။ အခုန မိန်းကလေးက ဘောင်းဘီပေါင်ရင်း ကပ်ကပ်နဲ့ ချက်ကလည်း ပေါ်ပြီး အင်္ကျီထဘီရင်လျှားတာထက် ပိုပြီး ရင်သားတစ်ဝက်ကျော် ပေါ်နေလို့ တွေးရင်းနဲ့ ကျွန်တော် ကြည့်လိုက်မိတာပါ"

"ဘာကွ ... တွေးရင်းနဲ့ ကြည့်လိုက်မိတာဆိုတော့ မင်းက ကြည့်ပြီး ပြစ်မှားနေတာပေါ့ ဟုတ်လား"

"ဟို ... ဟို ... အဲဒီလို ပြစ်မှားနေပြီး ကြည့်တာမဟုတ်ပါဘူး။ ဒီလိုကြီး ဝတ်ရဲတာ အဆိုတော်လား၊ သရုပ်ဆောင်လား၊ ဒီနားမှာ ကြော်ငြာတွေများ ရိုက်နေတာလားလို့ တွေးပြီး ကြည့်တာရယ်၊ အဲ ... ဟို ဒီလိုမှ မဟုတ်ရင် သူဒီလိုဝတ်တာကို သူ့အဖေ၊ အစ်ကိုတွေ၊ မောင်တွေ၊ ဦးလေးသားချင်းတွေက ဒီအတိုင်းကြီး ကြည့်တာပဲလားလို့ တွေးပြီး ကြည့်မိတာပါ"

"ဘာကွ ... မင်း ... မင်း အဲဒါ ငါ့သမီးကွ"

"ဗျာ ..."

ရပ်ကြည့်နေသော လမ်းသွားလမ်း လာများမှ ရယ်သံများ ထွက်လာသည်။ သေးကို ဒေါနှင့်မောနှင့် မေးသူလူကြီးက နေရာမှ ခပ်သွက်သွက် ထွက်သွားလေသည်။

စိုးယဉ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်ုပ်နှင့် ထူးဆန်းသော ကွာရှင်းပြတ်စဲမှုများ

မောင်လူသစ်

ချစ်သောစာရှုသူ ... အထက်ပါခေါင်းစဥ်ကိုဖတ်၍ တစ်မျိုးတစ်ဖုံသော အတွေးမရောက်ပါရန် မေတ္တာရပ်ခံလိုက်၏။ ကွာရှင်းပြတ်စဲခြင်း ပြုလုပ်ရန်အတွက် ပထမဦးဆုံး ယောကျ်ားနှင့်မိန်းမ လက်ထပ်ပေါင်းသင်းရန် လိုအပ်ပေ၏။ လက်ထပ်ပေါင်းသင်းပြီးမှ ကိစ္စများမြောင် လူတို့ ဘောင်ဆိုသည့်အတိုင်း အခြေအနေအကြောင်းအမျိုးမျိုးတို့ကြောင့် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သည့်အခါ (သို့မဟုတ်) အခြေအနေအရ ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်တော့သည့်အခါ နောက်ဆုံးလမ်းခွဲကြပြီး ကွာရှင်းပြတ်စဲခြင်းအမှုကို ပြုကြရလေ၏။ ထို့ကြောင့် ကွာရှင်းပြတ်စဲခြင်းသည် ဒုတိယကိစ္စဖြစ်ပြီး လက်ထပ်ပေါင်းသင်းရန်မှာ ပထမကိစ္စဖြစ်၏။ ထို့ကြောင့် အထက်ပါခေါင်းစဥ်ကို ဖတ်ရှုပြီး ကျွန်ုပ်၏ ကွာရှင်းပြတ်စဲမှုများပေလောဟု စာရှုသူ မယူဆစေလိုပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည်ကား ပထမကိစ္စကိုပင် မပြုလုပ်ရသေးသည့် အော်ရီဂျင်နယ် စစ်စစ်ကြီး ဖြစ်သောကြောင့်ပင်တည်း။ ဒုတိယကိစ္စကား ဝေးလွန်းပေစွတကား။

ဤသို့ဆိုလျှင် အဘယ်ကဲ့သို့သော ကွာရှင်းပြတ်စဲခြင်းများ ဖြစ်မည်နည်းဟု သိစေရန် ဆက်လက်ဖတ်ရှုကြပါကုန်။ လူတို့သည် အချိန်တန်အရွယ်ရောက်သည့်အခါ လောကဓမ္မတာအရ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ကြရ၏။ (ကုသိုလ်ကံကြီးမားစွာ မသီးမပွင့်ရသေးသော ကျွန်တော့်လိုလူမျိုးများလည်း အနည်းငယ် ရှိတတ်၏။ ဤကား ခြွင်းချက်) ထိုသို့ သီးချိန်ပွင့်ချိန်တန်လျှင် မိဘနှင့်လိုက်လျောညီထွေရှိမည်ဟု ထင်ရသည့်



www.burmeseclassic.com

www.burmeseclassic.com

ဘဝအဖော်တစ်ဦးဦးနှင့် အိမ်ထောင်ပြုကြရ၏။ ယောက်ျားနှင့် မိန်းမကား ဘဝရေစက်ကြောင့် အကြောင်းဆက်ပေါင်းဖက်ကြရသည်ဟု ဆိုကြ၏။ မိမိသဘောဆန္ဒနှင့်ဖြစ်စေ၊ မိဘဆွေမျိုးအလိုကျဖြစ်စေ၊ သို့မဟုတ် အခြားအကြောင်းကြောင့်ဖြစ်စေ အိမ်ထောင်ပြုကြရ၏။ လူတစ်ကိုယ် စိတ်တစ်မျိုးဆိုသကဲ့သို့ သူ့စိတ်၊ ကိုယ့်စိတ်၊ သူ့အခြေအနေ ကိုယ့်အခြေအနေ၊ သူ့သဘာဝ ကိုယ့်သဘာဝ သဟဇာတမဖြစ်နိုင်တော့သည့်အခါ ကွာရှင်းပြတ်စဲကြရ၏။ လမ်းခွဲကြရ၏။ ထိုသို့ လမ်းခွဲကြရသည့်အခါ မြေဇာပင်ဖြစ်ကြရသည်မှာ မိမိတို့မွေးထားသည့် ကလေးငယ်များဖြစ်၏။ မိစုံဖစုံမရှိတော့သော ကလေးငယ်တို့၏ ဘဝကား ရင်လေးဖွယ်ကောင်းလှ၏။ အိမ်ထောင်ရေးပဋိပက္ခကြားတွင် လူလားမြောက်ကြရသော ကလေးသူငယ်များသည် စိတ်ပိုင်းရုပ်ပိုင်း ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးတတ်ကြ၏။ ထို့ကြောင့် လင်မယားကွာရှင်းမှုကို မြန်မာ့ဓလေ့အရ လက်မခံလိုကြဘဲ လင်မယားမကွာရအောင် ပြန်လည် ပေါင်းစည်းကြအောင် နည်းမျိုးစုံဖြင့် ဝိုင်းဝန်းကြိုးစား အားထုတ်ကြရ၏။ လင်မယားကွာရှင်းမှုသည် လူ့အဖွဲ့အစည်းတစ်ခု ပြိုကွဲခြင်းပင်ဖြစ်၏။ လင်မယားကွာရှင်းကြရာတွင် အိမ်ထောင်ရေးရောဂါအား ဆေးနည်းမျိုးစုံဖြင့် ကုစားကြည့်ကြပြီး ကုစားမရတော့သည့်အခါ နောက်ဆုံးအနေဖြင့် ကွာရှင်းခြင်းအမှုကို ပြုကြရလေ၏။ လောကသဘာဝပေတည်း။ သို့ရာတွင် ယခု ကျွန်ုပ်ရေးသားဖော်ပြလတ္တံ့သော ကွာရှင်းပြတ်စဲခြင်းများမှာ ထူးထွေတည်တံ့ရာသော် ဆိုသကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် ကွာရှင်းပြတ်စဲလောက်သော ပြဿနာမရှိပဲ မည်သည့်အခါမှ ပြန်လည်မပေါင်းသင်းကြတော့သည့် ရာသက်ပန် ပြတ်စဲကွာရှင်းသွားကြသော ကျွန်ုပ်၏ ကိုယ်တွေ့ဖြစ်ရပ်များဖြစ်၏။ ဆက်လက်ဖတ်ရှုကြပါကုန်။

ဦးစွာပထမ ဖော်ပြလိုသည်မှာ ကျွန်ုပ်၏ ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်ဖြစ်သော ဝင်းမောင်၏ မိဘများဖြစ်သူ ဦးမြမောင်နှင့် ဒေါ်နှင်းရည်တို့ လင်မယား ကွာရှင်းပြတ်စဲကြသည့် ကိစ္စဖြစ်၏။ သူတို့ကွာရှင်းကြချိန်တွင် သူတို့အိမ်ထောင်သက်ကာလ နှစ်ပေါင်း ၃၀ ကျော် သက်တမ်းရှိ၏။ ဦးမြမောင်နှင့် ဒေါ်နှင်းရည်ကား ငယ်လင်ငယ်မယား အိမ်ထောင်ရေးဖြစ်၏။ သားသမီးခြောက်ဦးရှိ၏။ စီးပွားရေးလည်း အတော်အသင့်ပြေလည်၏။ တောသူဌေးဟု ခေါ်ဆိုထိုက်သော လူများလည်းဖြစ်၏။ တစ်ဦးနှင့်တစ်ဦးလည်း လွန်စွာဂရုစိုက်ကြ၏။ သာရေးနာရေး လူမှုရေးဘာသာရေး လက်တွဲညီစွာဆောင်ရွက်သော လင်မယားဖြစ်၏။ ရပ်ရွာမျက်နှာဖုံးလည်း ဖြစ်၏။ စီးပွားရေးအရ၊ လူမှုရေးအရ၊ အိမ်ထောင်ရေးအရ ပြဿနာ ကြီးကြီးမားမားမရှိသော သာယာချမ်းမြေ့သော အိမ်ထောင်ရေးဖြစ်၏။ အဆိုပါ ဦးမြမောင်နှင့် ဒေါ်နှင်းရည်တို့ အိမ်ထောင်သက် နှစ်ပေါင်း ၃၀ ကျော် သားသမီးခြောက်ဦးရပြီးမှ မမျှော်လင့်ဘဲ ကောက်ကာငင်ကာ ကွဲကွာသွားကြ၏။ ကွဲကွာရခြင်းအကြောင်းမှာ တစ်နေ့သ၌ ဒေါ်နှင်းရည်၏ သေတ္တာထဲမှ ဒေါ်နှင်းရည်၏ငယ်ရည်းစားဖြစ်သူ (ထိုစဉ်က ကွယ်လွန်ပြီး) ပေးထားခဲ့သည့် တဘက်ကလေးကို ဦးမြမောင်မှ တွေ့ရှိသွားပြီး ငယ်ရည်းစားပေးခဲ့သည့် တဘက်ကလေးကို နှစ်ပေါင်း ၃၀ ကျော်ယနေ့အထိ မပျောက်မပျက် လျှို့ဝှက်သိမ်းဆည်းထားရကောင်းလားဟု ဒေါသဖြစ်ကာ ဒေါ်နှင်းရည်၏ရှေ့တွင် ဓားနှင့် နုတ်နုတ်ပါအောင် ခုတ်ပစ်ပြီး ခြေထောက်နှင့် တက်နင်းလိုက်သည်ဆို၏။ ထိုအခါ ဒေါ်နှင်းရည်မှ ဘာမှမပြောပဲ ရှိုက်ကြီးတငင်ငိုကာ နေအိမ်မှ ရုတ်ချည်းဆင်းသွားလေ၏။ သူ့မိဘနေအိမ်သို့ ပြန်သွားကာ ဦးမြမောင်နှင့် သားသမီးများ၊ ရပ်ရွာလူကြီးများ၊ ဆွေမျိုးများ မည်သို့မှ ပြန်လည်ချော့မော့ စည်းရုံးခေါ်ဆောင်သည်ကိုမှ လက်မခံတော့ဘဲ ရာသက်ပန် ကွာရှင်းသွားကြလေ၏။ သူ့အချစ်သည် ဦးမြမောင်ထံ၌ ရှိခဲ့သလော၊ ကွယ်လွန်သူ ငယ်ရည်းစားထံတွင် ရှိခဲ့သလော။ ဒေါ်နှင်းရည်သာ အသိဆုံးဖြစ်ပေလိမ့်မည်။ တဘက်ကလေးကို ဓားနှင့်ခုတ်၍ ခြေဖြင့်နင်းပစ်ခြင်းသည် ဒေါ်နှင်းရည်၏ နှလုံးသားကို ဓားနှင့်ခုတ်၍ ခြေဖြင့်နင်းပစ်ရာ ရောက်သွားခဲ့သလော။ လူ့စိတ်သည် ထူးဆန်းပေစွတကား။

ဒုတိယ တင်ပြလိုသည်မှာလည်း ကျွန်ုပ်၏ သူငယ်ချင်းဖြစ်သူ အောင်မြင့်တို့ လင်မယားဖြစ်၏။ အောင်မြင့်သည် မိုးယုစံနှင့် ချစ်သူဖြစ်ပြီး ညားခဲ့ကြ၏။ မိုးယုစံသည် အောင်မြင့်တို့အိမ်တွင် လိုက်နေ၏။ အိမ်ထောင်သက် ခြောက်လကျော်ကြာသည်အထိ ဘာပြဿနာမှမရှိ၊ အားလုံး အဆင်ပြေနေ

www.burmeseclassic.com

၏။ ပါတ်နေ့ညနေ အောင်မြင့် အလုပ်မှပြန်လာသည့်အခါ အိမ်တွင် မိုးယုစံ မရှိ၊ မည်သူ့ကိုမှ ဘာမှမပြောဘဲ တစ်လမ်းကျော်ရှိ သူ့မိဘအိမ်သို့ ပြန်သွားသည် ဆို၏။ ခါတိုင်း သူ့မိဘအိမ်သွားလည်လျှင် အိမ်ရှိ အောင်မြင့်အဖေနှင့်အမေကို ပြော၍ သွားနေကျဖြစ်၏။ ညနေ အောင်မြင့် အလုပ်မှမပြန်မီ ချက်ချိန်ပြုတ်ချိန်အမီ ပြန်လာတတ်၏။ ယနေ့တော့ ပြန်မလာသဖြင့် အောင်မြင့် လိုက်သွားသည့်အခါ မိုးယုစံမှာ သူပြန်မလိုက်တော့ကြောင်း ပြောသည်ဆို၏။ သူမရှိတုန်း ဘယ်သူနှင့် ရန်ဖြစ်သလဲ၊ သူ့အဖေ၊အမေနှင့် ရန်ဖြစ်သလား။ သူ့ညီမနှင့် စကားများသလားဆိုတော့လည်း မဟုတ်။ ဘာအကြောင်းမှ မပြော၊ ငါ နင့်အိမ် ပြန်မလိုက်ချင်တော့ဘူး။ နင်နဲ့လည်း မပေါင်းနိုင်တော့ဘူးဟု မိုးယုစံမှ ပြောသည်ဆို၏။ အောင်မြင့် တော်တော်စိတ်ညစ်သွား၏။ ဘာဖြစ်မှန်းလည်း မသိ။ နောက်ပိုင်း မကြာမကြာ သွားခေါ်၏။ လုံးဝမလိုက်။ မိုးယုစံ၏ မိဘများကလည်း ပြန်လိုက်သွားရန် ပြော၏။ မပေါင်းချင်တော့ဘူးသာ တွင်တွင်ပြော၏။ ဘယ်လိုမှ စည်းရုံးပြောဆို၍မရ။ သည်လို အပျက်အပျက်နှင့် သူတို့လင်မယား ကွာရှင်းပြတ်စဲသွားကြလေ၏။ နောက်မှ သိရသည်မှာ တစ်နေ့သ၌ နေ့ခင်းဘက် မိုးယုစံ အိမ်သာတက်ချင်လာသည်ဆို၏။ ပေါက်ကရလေးဆယ် အစုံစားထားသဖြင့် ဗိုက်က မခံနိုင်အောင် နာလာသည်ဆို၏။ ထို့ကြောင့် အလောတကြီးနှင့် နောက်ဖေးဝင်သွားပြီး အိမ်သာတံခါးကို ဆွဲဖွင့်လိုက်သည်ဆို၏။ ထိုအချိန်တွင် တိုက်တိုက်ဆိုင်ဆိုင် အောင်မြင့်အဖေကြီးသည် အထဲမှ ချက်မထိုးဘဲ အိမ်သာတက်နေသည်ဆို၏။ ချွေးမကလည်း အရေးတကြီးနှင့်ဆွဲအဖွင့် အိမ်သာထဲတွင် ယောက္ခမထီး ကြီးကလည်း ဖင်ပြောင်ပြောင်နှင့် ငုတ်တုတ်ကြီး၊ ချွေးမနှင့် ယောက္ခထီး "ဟာ ... ဟင်" ရုတ်တရက် ကြက်သေသေသွားကြကာ ထိုကိစ္စကို ရှက်ပြီး မိုးယုစံ အိမ်မှ ဆင်းသွားခြင်းဖြစ်သည် ဆို၏။ အောင်မြင့်နှင့် ပေါင်းသင်းနေသမျှ အောင်မြင့်အဖေ သူ့ယောက္ခမကြီးနှင့် မျက်နှာချင်းဆိုင်နေရမည် ဖြစ်၍ ထိုကိစ္စကိုရှက်ပြီး အောင်မြင့်နှင့် မပေါင်းချင်တော့ကြောင်း နောက်ပိုင်းကျမှ မိုးယုစီမှ သိရခြင်းဖြစ်၏။ တူးဆန်းပေစွတကား။ ယောက္ခမ အိမ်လိုက်နေသော ချွေးမများ အိမ်သာတက်လျှင် သတိထားရန်နှင့် ချွေးမရှိသည့် ယောက္ခမထီးများ အိမ်သာတက်လျှင် ချက်ထိုးရန် မမေ့ကြပါနှင့်ဟု တိုက်တွန်းလို၏။ ဤဖြစ်စဉ်တွင် အဘယ်မျှလောက် ကြောက်လန့်တုန်လှုပ်ဖွယ်ရာ မြင်ကွင်းကို မြင်ခဲ့ရမည်ကို ကာယကံရှင် မိုးယုစံသာ အသိဆုံးဖြစ်ပေလိမ့်မည်။

တတိယ တင်ပြလိုသည်မှာလည်း ကျွန်ုပ်၏ သူငယ်ချင်းဌေးဝင်းတို့ လင်မယားဖြစ်၏။ ဌေးဝင်းနှင့်မိချိုသည် ချစ်၍ ယူခဲ့ကြ၏။ ဌေးဝင်းကား လူကောင်ထွားထွား၊ ဗလကောင်းကောင်းဖြစ်၏။ အလေးမခဲ့ဖူး၏။ ဌေးဝင်း အလေးမထား၍ ကြွက်သားအဖုဖုတွေကို ရင်ခုန်ကာ မိချိုက ကြိုက်ခဲ့ခြင်းဖြစ်၏။ သို့သော် ဌေးဝင်းကား လူကောင်သာကြီးသည်။ အလွန်အစအအနောက်သန်သော လူရွှင်ကြောင် လူနောက် ဖြစ်၏။ လူတကာကို ကြံ့သလို နောက်ပြောင်တတ်၏။ သူ့ကို စိတ်ဆိုးရခက်ဖြစ်၏။ သူ့ကိုနောက်လျှင်လည်း စိတ်မဆိုးတတ်။ ဟဟား ဟားနှင့် ကျယ်လောင်စွာ ရယ်မောတတ်၏။ လူ့ပျော်ဖြစ်၏။ သူတို့လင်မယား အိမ်ထောင်သက် ခြောက်လ ခန့်အရ တစ်နေ့သ၌ အိပ်ခန်းထဲတွင် ဌေးဝင်းက သူ့မိန်းမ မိချိုကို ရင်ခွင်ထဲထည့်၊ တစ်ကိုယ်လုံး တင်းကျပ်စွာ ဖက်ထားပြီး စောင်ခေါင်းမြီးခြုံကာ စောင်ခြုံထဲတွင် အီးပေါက်လိုက်သည် ဆို၏။ မိချိုမှာ နံစော်လှသော ဌေးဝင်း၏ အီးနံ့ကို မခံနိုင်၍ ရုန်းသော်လည်း မရ၊ ဌေးဝင်းပလာကို သူရုန်း၍မရ။ ဌေးဝင်းက သူ့မိန်းမကို တင်းကျပ်စွာ ဖက်ထားရင်း သဘောကျကာ ဟဟား ဟား ရယ်နေသည်ဆို၏။ ဌေးဝင်းရယ်လေ မိချို ဒေါသထွက်လေဖြစ်၏။ စောင်ခြုံထဲတွင် အီးနံ့က လုံးပြီး လည်နေသည်ဆို၏။ ထိုသို့ ဌေးဝင်းအနောက်သန်၍ မိချိုစိတ်ဆိုးပြီး အိမ်မှဆင်းသွား၏။ ဌေးဝင်းအပါအဝင် ကျွန်ုပ်တို့ သူငယ်ချင်းတစ်စု ဘယ်လိုပဲ သွားခေါ်ခေါ် မိချို ပြန်လိုက်မလာတော့၊ ဌေးဝင်းကိုမြင်သည်နှင့် မျက်နှာကြီးနီရဲလာက်လာပြီး အယုတ်တမာကောင်ဟု ဒေါ်ဟစ်မောင်းထုတ်၏။ ဤသို့နှင့် သူတို့ လင်မယား ကွဲကွာသွားကြ၏။ အီးပေါက်သည့်ကိစ္စနှင့် လင်မယား ကွာရှင်းပြတ်စဲကြသည်မှာလည်း ထူးဆန်းတည့်အံ့ရာသော်ပါတကား။

လူ့သစ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



(၁)

ဝန်းကျင်တစ်ခွင်လုံးတွင် နှင်းမြူ မြူသိုင်းကာ မှုန်ရီမှုန်းဝါးနေသည်။

ရန်ကုန်မြို့၏ နံနက် ၅း၀၀ နာရီ အချိန်တွင် ကားလမ်းမပေါ်၌ ကားများ ကျဲပါးနေ၏။ ကားတစ်စီးနှစ်စီး ပြေးလွှားနေလျက်။

ဒီပဇော်သည် ကားလမ်းနံဘေး သစ်ပင်အောက်တွင် တွေ့ရသော သေတ္တာကြီးတစ်လုံးကို စိုက်ကြည့်နေသည်။ သေတ္တာကြီးမှာ သစ်သားဖြင့် ပြုလုပ်ထားပြီး သေတ္တာကြီး၏ ပတ်လည်ကို သွပ်ကြိုးနှင့် စည်းနှောင်ထားသည်။

ဒီပဇော်သည် သေတ္တာကြီးပတ်လည်ကို စူးရှသောမျက်လုံးနှင့် လိုက်လံကြည့်နေမိသည်။

"ခင်ဗျားနာမည်ကို သိပါရစေ"

"ကျွန်တော့်နာမည် အောင်ကြိုင်ပါ"

"ခင်ဗျားက ဒီဆိုင်ပိုင်ရှင်လား၊ ဝန်ထမ်းလား"

"ပိုင်ရှင်ပါ"

"ဒီသေတ္တာကို ဘယ်သူ စတွေ့တာလဲ"

"ကျွန်တော့်ဆိုင်က ဝန်ထမ်း စည်သူ စတွေ့တာပါ"

ဒုရဲအုပ်တင်အောင်မိုးသည် ဆိုင်ပိုင်ရှင် ကိုအောင်ကြိုင်ကို စစ်ဆေးမေးမြန်းသံကို နားစွင့်နေသူမှာ ဒီပဇော်။ ဒုရဲအုပ်တင်အောင်မိုးသည် ကိုအောင်ကြိုင်ကို တစ်ချက်စိုက်ကြည့်ပြီး . . .

"စည်သူကို ခေါ်ပေးပါ"

"ဟုတ်ကဲ့၊ စည်သူဆိုတာ သူပဲ"

ကိုအောင်ကြိုင်သည် ဝိုင်းကြည့်နေကြသော ဝန်ထမ်းများထဲမှ စည်သူကို လက်ညှိုးထိုး ပြောလိုက်၏။ ဒုရဲအုပ်တင်အောင်မိုးသည် စည်သူကို စေ့စေ့ကြည့်ပြီး . . .

"စည်သူ ရှေ့ကို ထွက်ခဲ့ပါဦး"

စည်သူသည် မျက်လုံးဝေ့လည်လည်လုပ်ရင်း ဒုရဲအုပ်တင်အောင်မိုး



www.burmeseclassic.com

www.burmeseclassic.com

ရှေ့သို့ ထွက်ခဲ့သည်။

"ကဲ ... စည်သူ၊ ဒီသေတ္တာကို ဘယ်လိုစတွေ့ခဲ့တာလဲ။ ပြောစမ်းပါဦး"

"ဒီလိုပါ ခင်ဗျား။ ၄ နာရီကျော်ကျော်လောက်မှာ ဆိုင်စဖွင့်တယ်။ ဆိုင်တံခါးတွေကို ဖွင့်ရင်း ဆိုင်ရှေ့က သစ်ပင်အောက်ဘက်က ခွေးအူသံတွေကြားလို့ သစ်ပင်အောက်ကို လှမ်းကြည့်လိုက်တယ်။ ခွေးတွေ ဘာကြောင့် အူနေရတာလဲလို့ သိချင်တော့ သွားကြည့်မိတယ်။ သစ်ပင်အောက်မှာ ဒီသေတ္တာကြီးကို တွေ့ရတာပဲ။ ကျွန်တော်လည်း ချက်ချင်း ဆိုင်ပိုင်ရှင်ဦးအောင်ကြိုင်ကို သွားနှိုးပြီး ပြောလိုက်တယ်။ ဦးအောင်ကြိုင်က စခန်းကို ဖုန်းဆက်လိုက်တာပါပဲ"

"စည်သူ သစ်ပင်အောက်ကို သွားကြည့်တော့ ဝန်းကျင်တစ်ဝိုက်မှာ ထူးခြားတဲ့ဖြစ်စဉ်ရဲ့ အရိပ်အယောင်ကို မတွေ့ရဘူးလား"

ဒီပဇော်သည် စည်သူကို တစ်ချက် ဝင်မေးသည်။

"မတွေ့ပါဘူး"

ဒီပဇော်သည် စည်သူကို သေချာကြည့်ပြီး မျက်မှောင်ကုတ်ကာ စဉ်းစားနေသည်။ ပြီးမှ သေတ္တာကြီးကို ပြန်ကြည့်နေမိသည်။ ဒုရဲအုပ် တင်အောင်မိုးက ရဲတပ်ဖွဲ့ဝင်များကို ပြောလိုက်၏။

"ကဲ .. သေတ္တာကို ဖွင့်ကြစမ်း"

"ဟုတ်ကဲ့ ... ဆရာ"

ရဲဘော်များသည် သေတ္တာကြီးပေါ်တွင် စည်းနှောင်ထားသော သွပ်ကြိုးများကို ဖြုတ်ကြပြီး သေတ္တာကို ဖွင့်လိုက်ကြသည်။ သေတ္တာအတွင်းမှာ တွေ့လိုက်ရသော မြင်ကွင်းကား ထိတ်လန့်တုန်လှုပ်ဖွယ် အတိ။ အသက် ၃၀ ဝန်းကျင်ရှိသော ယောကျ်ားတစ်ယောက်၏အလောင်းကို မြင်လိုက်ရ၏။

ဒီပဇော်နှင့် ဒုရဲအုပ်တင်အောင်မိုးတို့သည် အလောင်းကို စူးစူးရဲရဲကြည့်လိုက်သည်။ ကိုယ်ပေါ်တွင် ထိခိုက်သော ဒဏ်ရာများကို မတွေ့ရ။ ဒီပဇော်သည် အလောင်းကို စိုက်ကြည့်ရင်း ...

"ကိုတင်အောင်မိုး၊ လူသေရဲ့ ပါးစပ်မှာ အမြှုပ်တွေ တွေ့ရတယ်။ အဆိပ်မိပြီးဆုံးသွားတာ ဖြစ်လိမ့်မယ်"

"ဟုတ်တယ် ... ကိုဒီပဇော်"

ဒီပဇော်သည် ဂျာကင်အင်္ကျီအိတ်ထဲမှ ကင်မရာကိုထုတ်ပြီး မှုခင်းမှတ်တမ်းဆိုင်ရာ ဓာတ်ပုံများ ရိုက်ကူးနေလိုက်သည်။ သေဆုံးသူမှာ စပို့ရှပ်အဖြူရောင် လက်တို၊ ဂျင်းဘောင်းဘီ အနက်ရောင်ကို ဝတ်ထားလျက်။

ဒီပဇော်သည် သေဆုံးသူ၏ စပို့ရှပ်အင်္ကျီအိတ်ကို နှိုက်ကြည့်သည်။ ကတ်ပြားလေးတစ်ခု ထွက်လာသည်။

"ကိုတင်အောင်မိုး ... ရွှေနဒီမြိုင်တည်းခိုခန်းကတ်ပဲ"

"ဒါဆိုရင် ဒီလူက ရွှေနဒီမြိုင်ဟည်းခိုခန်းမှာတည်းတဲ့လူ ဖြစ်ရမယ်"

"ဟုတ်တယ် ... ကိုတင်အောင်မိုး။ ကျွန်တော်တို့ ရွှေနဒီမြိုင်တည်းခိုခန်းကို လိုက်ကြည့်ကြရအောင်"

"ကောင်းတယ် ကိုဒီပဇော်။ ကဲ ရဲဘော် ... အလောင်းကို ဆေးရုံကြီးဆီပို့ပြီး ဆရာဝန်ကြီးရဲ့ ဆေးမှတ်တမ်းကို အမြန်ဆုံးယူလာခဲ့ပါ"

"ဟုတ်ကဲ့ ဆရာ"

ဒီပဇော်နှင့် ဒုရဲအုပ်တင်အောင်မိုးတို့သည် ရွှေနဒီမြိုင်တည်းခိုခန်းဆီသို့ ဦးတည်လျက် ...။

(၂)

"ကျွန်တော်က ရွှေနဒီမြိုင်တည်းခိုခန်းက မန်နေဂျာ သက်ဦးပါ"

"ညက ခင်ဗျားတို့တည်းခိုခန်းကို ပြန်မအိပ်တဲ့လူ ရှိသလား"

"ဟုတ်ကဲ့ ရှိပါတယ်။ အခန်းနံပါတ် ၁၄ ကလူ ပြန်မအိပ်ဘူး"

"အဲဒီလူနာမည်ကို သိသလား"

"သိပါတယ် ... ဌေးကိုကိုပါ"

ဒုရဲအုပ်တင်အောင်မိုးသည် ရွှေနဒီမြိုင်တည်းခိုခန်း၏ မန်နေဂျာ ကိုသက်ဦးကို မေးမြန်းနေသည်။

"အဲဒီလူရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြပါဦး"

"အင်း ... အသားကတော့ ညိုညိုပဲ။ အရပ်က ရှည်တယ်။ ဒီဂရီမျက်မှန် တပ်ထားတယ်"

"အဲဒီလူက မျက်မှန်တပ်တယ် ဟုတ်လား"

ဒုရဲအုပ် တင်အောင်မိုးသည် ဒီပဇော်ကို တစ်ချက်ကြည့်လိုက်သည်။ ဒီပဇော်သည် ကိုသက်ဦးကို မေးလိုက်သည်။

"အခန်း ၁၄ ကို သွားကြည့်ချင်ပါတယ်"

"ဟုတ်ကဲ့ ... ရပါတယ်။ ကျွန်တော်လိုက်ပြပါ့မယ်"

ကိုသက်ဦးသည် အခန်း ၁၄ ကို လိုက်ပြသည်။

"ဒီအခန်းပဲ"

"ကျွန်တော်တို့ အခန်းထဲဝင်ကြည့်ကြရအောင် ကိုဒီပဇော်။ ကိုသက်ဦး .. အခန်းတံခါးသော့ ဖွင့်ပေးပါဦး"

ကိုသက်ဦး ဖွင့်ပေးလိုက်သော အခန်းထဲကို ဝင်ကြည့်ကြသူမှာ ဒီပဇော်နှင့် ဒုရဲအုပ်တင်အောင်မိုး။



www.burmeseclassic.com

www.burmeseclassic.com

ခုတင်ပေါ်တွင် ခရီးသွားအိတ်အနက်တစ်လုံးကို တွေ့ရသည်။ အိတ်မှာ သော့ခတ်ထားလျက်။ အိတ်နံဘေးတွင် ဒိုင်ယာရီစာအုပ်တစ်အုပ်ကို တွေ့ရပြန်သည်။ ဒီပဇော်သည် စာအုပ်ကို ယူပြီး ကြည့်လိုက်သည်။

စာအုပ်ကြားထဲတွင် တွေ့လိုက်ရသည်မှာ ဓာတ်ပုံတစ်ပုံ။ ဒီပဇော်သည် ဓာတ်ပုံကို စူးစိုက်ကြည့်ရင်း ...

"ကိုတင်အောင်မိုး ... ဟုတ်တယ် ဒီလူပဲ"

ဒုရဲအုပ်တင်အောင်မိုးသည် ဓာတ်ပုံကို သေသေချာချာ ကြည့်လိုက်သည်။ ပြီးမှ ...

"ဟုတ်တယ် ... ကိုဒီပဇော်"

"ကိုတင်အောင်မိုး ဓာတ်ပုံထဲမှာတော့ မျက်မှန်တပ်ထားတယ်။ အခု ကျွန်တော်တို့တွေ့တော့ မျက်မှန်မတွေ့ဘူး။ ဒါက ကျွန်တော်တို့အတွက် စဉ်းစားရမယ့် အကြောင်းပဲ"

"ဒီလူ ဘာဖြစ်လို့လဲ"

ကိုသက်ဦးက ပျာပျာသလဲ ဝင်မေးလိုက်သည်။

"ညက အဲဒီလူ အသတ်ခံလိုက်ရတယ်"

"ဗျာ ... အသတ်ခံလိုက်ရတယ် ဟုတ်လား"

"အဲဒါကြောင့် ကိုသက်ဦးကို မေးမြန်းစရာရှိတယ်"

"ဟုတ်ကဲ့"

"မနေ့က ဒွေးကိုကိုဆီကို ဘယ်သူတွေ လာကြသလဲ"

ကိုသက်ဦးသည် ချက်ချင်းမဖြေ။ သေချာစဉ်းစားနေသည်။ ပြီးမှ ...

"အင်း ... မနက် ၁၀ နာရီလောက်မှာ ဒေါ်နုနုဆိုတဲ့ မိန်းမကြီးတစ်ယောက် ဒွေးကိုကိုဆီကို လာတာတွေ့ရတယ်"

"အဲဒီဒေါ်နုနုကတော့ ဘာထူးခြားတာတွေ တွေ့ရသလဲ ကိုသက်ဦး"

"ဒေါ်နုနု တည်းခိုခန်းကပြန်တော့ ဒွေးကိုကိုကို ပြောလိုက်တဲ့ ကိုကို ... ငါ့ငွေသိန်း ၂၀ ကို ဒီတစ်ခေါက်လာရင် ပေးရမယ်နော် ... စကားကို ကြားလိုက်ရတယ်"

"ဒီအချိန်မှာ ဒေါ်နုနုမျက်နှာကို ကိုသက်ဦး ကြည့်မိလိုက်သလား"

ဒီပဇော်သည် ကိုသက်ဦးကို ဝင်မေးလိုက်သည်။

'နောက် ဘယ်သူတွေ လာတွေ့ကြသေးလဲ"

"နေ့လည် ၁ နာရီလောက်မှာ လူငယ်နှစ်ယောက် ဒွေးကိုကို ရှိလားလို့ မေးတယ်။ ကျွန်တော်က ဒွေးကိုကို အပြင်ထွက်သွားတယ်။ လူငယ်က ဒွေးကိုကို တစ်ယောက်ထဲလား။ အမျိုးသမီးတစ်ယောက်မပါဘူးလားလို့ ထပ်မေးတယ်။ ဒွေးကိုကိုတစ်ယောက်တည်း ထွက်သွားတာပါလို့ ကျွန်တော်က ပြန်ပြောတော့ လူငယ်နှစ်ယောက် ပြန်ထွက်သွားတယ်"

"အဲဒီလူငယ်နှစ်ယောက်မှာ ဘာထူးခြားချက်တွေ တွေ့ရသလဲ ... ကိုသက်ဦး"

"အင်း ... အရပ်ပုပု၊ တီရှပ်အနက်ရောင်ဝတ်ထားတဲ့ လူငယ်မျက်နှာကတော့ ထန်ထန်မာမာပဲ"

"နောက် ဘယ်သူတွေ လာကြသေးလဲ"

"ညနေ ၅ နာရီလောက်မှာ အမျိုးသမီးတစ်ယောက်လာပြီး ဒွေးကိုကိုနဲ့ ပြုံးပြုံးရယ်ရယ် စကားပြောရင်း ထွက်သွားကြတယ်"

"အဲဒီအမျိုးသမီးနဲ့ ထွက်သွားပြီး တည်းခိုခန်းကို ပြန်မလာတာလား"

"ဟုတ်ပါတယ်"

ဒီပဇော်သည် လက်ထဲမှ အခန်းထဲမှာတွေ့ခဲ့သော ဒွေးကိုကို၏ ဒိုင်ယာရီစာအုပ်ကို ဖွင့်ကြည့်လိုက်သည်။

"ကိုတင်အောင်မိုး ... ဒီစာအုပ်မှာ ဒေါ်နုနုရဲ့ လိပ်စာကိုတွေ့ပြီ"

"ဟုတ်လား ... ကိုဒီပဇော်။ ဒါဆိုရင် ဒေါ်နုနုဆီကို လိုက်ကြရအောင်။ ကဲ ... ကိုသက်ဦး၊ ကျွန်တော်တို့ သွားလိုက်ဦးမယ်။ ထူးခြားတာရှိရင် အကြောင်းကြားပါ"

"ဟုတ်ကဲ့ စိတ်ချပါ"

ဒီပဇော်နှင့် ဒုရဲအုပ် တင်အောင်မိုးတို့သည် ဒေါ်နုနုနေထိုင်ရာ မြေနီကုန်းဘက်သို့ ဦးတည်လျက် ...။

## (၃)

"ဖြစ်မှဖြစ်ရလေကွယ်။ ဒွေးကိုကိုဟာ အဒေါ်နဲ့ ဆွေရိပ်မျိုးရိပ်မကင်းပါဘူး။ ဒါ ... စိမ်းလဲ့ဝါရဲ့မောင် လက်ချက်ပဲ ဖြစ်မယ်"

ဒီပဇော်သည် ဒေါ်နုနုပြောပြချက်တွေကို စိတ်ဝင်တစား နားထောင်နေရာမှ ဝင်မေးလိုက်သည်။

"စိမ်းလဲ့ဝါဆိုတာ ဘယ်သူလဲ အဒေါ်"

"စိမ်းလဲ့ဝါဆိုတာ ဒွေးကိုကိုရဲ့ အချစ်ဆုံးချစ်သူ။ ဒါပေမယ့် စိမ်းလဲ့ဝါမိဘတွေက ဒွေးကိုကိုနဲ့ လုံးဝသဘောမတူဘူး။ ဒွေးကိုကိုလည်း အရက်အရမ်းသောက်တတ်တာကိုး။ စိမ်းလဲ့ဝါရဲ့မောင်ဖြစ်သူက ဆိုးတယ်။ ဒွေးကိုကို ရန်ကုန်လာရင် စိမ်းလဲ့ဝါနဲ့ အမြဲတွေ့



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒါကို စိမ်းလဲ့ဝါမောင်က အနောက်က တကောက်ကောက် လိုက်ကြည့်တယ်။ ငွေကိုကို တစ်ခေါက် ရန်ကုန်သာတုန်းက ငွေကိုကိုနဲ့ စိမ်းလဲ့ဝါ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ လက်ဖက်ရည်သောက်နေတုန်း စိမ်းလဲ့ဝါမောင်နဲ့ လူငယ်တစ်စုရောက်လာပြီး ငွေကိုကိုကို ဝိုင်းရိုက်ကြတယ်။ ဆိုင်ရှင်နဲ့ လက်ဖက်ရည်သောက်တဲ့လူတွေ ကောင်းလို့ပေါ့။ ငွေကိုကို ဘာမှမဖြစ်လိုက်ဘူး"

ဒေါ်နုနုပြောပြချက်တွေကို စူးစိုက်နားထောင်နေသည်မှာ ဒီပဇော်နှင့် ဒုရဲအုပ်တင်အောင်မိုး။

ဒုရဲအုပ် တင်အောင်မိုးသည် ဒေါ်နုနုကို တစ်ချက်ကြည့်ပြီး ...

"စိမ်းလဲ့ဝါက ဘယ်မှာနေသလဲ"

"ကမာရွတ်မှာပါ"

"ကိုဒီပဇော်ရေ ... ကျွန်တော်တို့ စိမ်းလဲ့ဝါဆီ သွားကြရအောင်"

ဒီပဇော်နှင့် ဒုရဲအုပ် တင်အောင်မိုးတို့သည် ကမာရွတ်ဘက်သို့ ဦးတည်လိုက်ပြန်သည်။

ခြံဝင်းရှေ့တွင် ကားကိုရပ်လိုက်သည်။ ကားပေါ်မှဆင်းပြီး ခြံတံခါးဝတွင်ရှိသော လူခေါ်ဘဲလ်ကို နှိပ်လိုက်သူမှာ ဒီပဇော်။

"တီ ... တီ ... တီ"

တိုက်ထဲမှ အရပ်ပုပု လူငယ်တစ်ယောက် ခြံဝသို့ ပြေးထွက်လာသည်။ ဒီပဇော်နှင့် ဒုရဲအုပ် တင်အောင်မိုးကို စူးစိုက်ကြည့်ရင်း ...

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာကိစ္စလဲ"

"စိမ်းလဲ့ဝါနဲ့ တွေ့ချင်လို့ပါ"

ဒီပဇော်သည် လူငယ်ကို သေချာကြည့်ပြီး ပြောလိုက်သည်။

"ခင်ဗျားတို့က ဘယ်သူတွေလဲ ဆိုတာ ကျုပ်မေးနေတာကို ပြောပါဦး"

ဒီပဇော်သည် တစ်ချက်ပြုံးလိုက်သည်။ ပြီးမှ ...

"သူက ဒုရဲအုပ်တင်အောင်မိုး၊ ကျုပ်က သတင်းထောက် ဒီပဇော်"

"ဒါဆို ဝင်ကြဗျာ"

လူငယ်သည် တံခါးဖွင့်ပေးရင်း ဒီပဇော်နှင့် ဒုရဲအုပ်တင်အောင်မိုးကို မျက်လုံးဝင့်ကြည့်လိုက်သည်။

ဧည့်ခန်းထဲတွင် လူငယ်သုံးယောက်၊ လေးယောက် ဝိုင်းဖွဲ့ထိုင်နေကြသည်။

"စိမ်းလဲ့ဝါကို ခေါ်ပေးပါ"

ဒီပဇော်သည် ကုလားထိုင်တွင် ဝင်ထိုင်ရင်း လူငယ်ကို ပြောလိုက်သည်။ လူငယ်သည် ဒီပဇော်ကို မျက်လုံးဝေ့ကြည့်ပြီး အခန်းထဲ ဝင်သွားသည်။ အတန်ကြာ လူငယ်နောက်မှ မိန်းကလေးတစ်ယောက် ပါလာသည်။

"ကျွန်မ စိမ်းလဲ့ဝါပါရှင်"

ချိုလွင်သောအသံနှင့် ပြောပြီး ဒီပဇော်တို့ ကုလားထိုင်ရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သူမှာ စိမ်းလဲ့ဝါ။ ဒုရဲအုပ်တင်အောင်မိုးက စိမ်းလဲ့ဝါကို သေချာကြည့်ပြီး မေးလိုက်သည်။

"မစိမ်းလဲ့ဝါ ... ငွေကိုကိုကို သိပါတယ်နော်"

"သိပါတယ်ရှင်"

ထိုစဉ် အရပ်ပုပုလူငယ်က မျက်နှာကြောတင်းတင်းနှင့် ဝင်ပြောလာသည်။

"ခင်ဗျားတို့ ဒီအိမ်ပေါ်မှာ ငွေကိုကိုဆိုတဲ့ နာမည်ကို မပြောကြပါနဲ့"

"ဆန်းမင်းအောင် ... ဘာမှ ဝင်မပြောပါနဲ့"

"သူက ဘယ်သူလဲ စိမ်းလဲ့ဝါ"

"ကျွန်မရဲ့ မောင်လေးပါ"

ဒီပဇော်သည် ဆန်းမင်းအောင်ကို စိုက်ကြည့်လိုက်သည်။ ဆန်းမင်းအောင်သည် ကြမ်းကြမ်းတမ်းတမ်း မိုက်မိုက်ကန်းကန်းရှိမည့် လူငယ်ပုံစံနှင့် တွေ့လိုက်ရသည်။

"မနေ့ညက ငွေကိုကို အသတ်ခံလိုက်ရတယ် စိမ်းလဲ့ဝါ"

"ရှင် ... ကိုကို အသတ်ခံလိုက်ရတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဟား ... ဟား ... ဟား ကောင်းတယ်၊ ကောင်းတယ်၊ သိပ်ကောင်းတယ်။ ဇာတ်သိမ်းသွားတာပေါ့ ... ဟား ... ဟား ... ဟား"

ဆန်းမင်းအောင်က ရယ်ရယ်မောမောနှင့် ပြောလိုက်သည်။ စိမ်းလဲ့ဝါက မီးဝင်းဝင်းတောက်သော မျက်လုံးနှင့် ဆန်းမင်းအောင်ကို လှမ်းမေးလိုက်သည်။

"ဆန်းမင်းအောင် ... နင် မနေ့က ရွှေနဒီမြို့တည်းခိုခန်းကို သွားသေးလား"

"သွားတာပေါ့"

"နင် ဘာတွေလုပ်ခဲ့တာလဲ၊ မှန်မှန်ပြောစမ်း"

ဆန်းမင်းအောင်သည် တစ်ချက်ပြုံးလိုက်သည်။

"အစ်မနဲ့ လုံးဝအဆက်အသွယ် မလုပ်ဖို့ ပြောမလို့ပါ။ ပြောလို့မရရင် ဓားကြည့်ပေါ့။ ဒါပေမယ့် အဲဒီလူနဲ့ ကျုပ်မတွေ့ခဲ့ရပါဘူး။ ခုတော့ သူ့ဇာတ်သူ သိမ်းသွားပြီပေါ့ ... ဟား ... ဟား ... ဟား"



www.burmeseclassic.com

www.burmeseclassic.com

ဒီပဇော်သည် မိုက်မိုက်ကန်းကန်း ပုံစံနှင့်ပြောနေသော ဆန်းမင်းအောင်ကို စိုက်ကြည့်နေ၏။ ဒုရဲအုပ်တင်အောင်မိုးသည် စိမ်းလဲ့ဝါကို ဆက်မေးလိုက်သည်။

"မနေ့က စိမ်းလဲ့ဝါ ရွှေနဒီမြို့ တည်းခိုခန်းကို ရောက်သွားသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်။ ညနေ ၅ နာရီ လောက်မှာ ရောက်သွားပါတယ်"

"ဘာ ... အစ်မ ... ဟိုလူနဲ့ သွားတွေ့တယ် ဟုတ်လား။ အစ်မရာ ကျွန်တော် စိတ်ထိန်းလိုက်လို့ ... အစ်မလည်း ဟိုလူနဲ့အတူ ဇာတ်သိမ်းသွားရင် ကောင်းမယ်"

ဆန်းမင်းအောင်က ထိုင်နေရာမှ ဝုန်းကနဲထပြီး ပြောလိုက်သည်။ စိမ်းလဲ့ဝါသည် ဆန်းမင်းအောင်ကို စိမ်းစိမ်းစူးစူး စိုက်ကြည့်နေ၏။

"ဆန်းမင်းအောင် ... နင်ဘာပြောလိုက်တာလဲ။ မိုက်ကန်းလိုက်တာ။ နင်အခုချက်ချင်း ဒီဧည့်ခန်းထဲက ထွက်သွားစမ်း"

"ဟား ... ဟား ... ဟား ... ရပါတယ်။ ကဲ ... သူငယ်ချင်းတို့ သွားကြမယ်ဟေ့ ..."

ဆန်းမင်းအောင်သည် လူငယ်တွေကိုပြောပြီး အပြင်ဘက်သို့ ပြေးထွက်သွားကြသည်။

စိမ်းလဲ့ဝါသည် တစ်ချက်ရှိုက်လိုက်သည်။ ရှိုက်သံနှင့်အတူ မျက်ဝန်းပေါ်မှာ မျက်ရည်ကြွေ ...။

"ကျွန်တော်ဆက်မေးပါရစေ စိမ်းလဲ့ဝါ"

"မေးနိုင်ပါတယ်ရှင်"

"စိမ်းလဲ့ဝါနဲ့ ဒွေးကိုကိုတို့ ဘယ်သွားကြသလဲ"

"ဗိုလ်ချုပ်ဈေးဘက်ကို ရောက်တယ်၊ ရုပ်ရှင်ရုံဘက်ကို ရောက်တယ်။ ပြီးတော့ ကိုကိုစားနေကျ ရှုပါကျား စားသောက်ဆိုင်မှာ ထမင်းဝင်စားတယ်။ ည ၈ နာရီကျော်မှာ ကျွန်မ ပြန်လာတယ်"

ဒီပဇော်သည် စိမ်းလဲ့ဝါ၏စကားတွေကို စူးစိုက်နားထောင်နေရင်းမှ ဝင်မေးလိုက်သည်။

"ထူးခြားနေတာက အခု ဒွေးကိုကိုရဲ့ အလောင်းမှာ မျက်မှန်မတွေ့ဘူး"

"ကိုကိုက မျက်စိသိပ်အားနည်းတယ်။ မျက်မှန်မပါဘဲ လမ်းလျှောက်လို့ မရဘူး"

"ကောင်းပြီလေ။ ကျွန်တော်တို့ ရှုပါကျား စားသောက်ဆိုင်ကို သွားလိုက်ပါဦးမယ် စိမ်းလဲ့ဝါ"

"ဟုတ်ကဲ့ရှင့် ... လိုအပ်တာရှိရင် ကျွန်မ ကူညီဖို့ အဆင်သင့်ပါပဲ"

"ဟုတ်ကဲ့ပါခင်ဗျား"

ဒီပဇော်နှင့် ဒုရဲအုပ် တင်အောင်မိုးတို့သည် အိမ်ထဲမှ လှမ်းထွက်လာခဲ့သည်။

ထိုစဉ် ခြံဝင်းထဲမှ တစ်ဟုန်ထိုး မောင်းနှင်ထွက်သွားသည့် ကားပေါ်မှာ ဆန်းမင်းအောင်နှင့် လူငယ်တစ်စု။

(၄)

"ညက ဒွေးကိုကိုနဲ့ ကေသီချောတို့ ဆိုင်ထဲကနေ ပြန်ထွက်သွားတာ တွေ့ရတယ်"

ရှုပါကျား စားသောက်ဆိုင်မန်နေဂျာ၏ စကားကို ဒီပဇော် စိတ်ဝင်စားသွားသည်။

"ကေသီချော ဟုတ်လား"

"ဟုတ်ပါတယ် ... ကေသီချောက ကျွန်တော်တို့ဆိုင်မှာ အမြဲတမ်းလာပြီး သောက်စားနေကျပါ။ ဒါကြောင့် ကေသီချောကို ကောင်းကောင်းကြီး သိပါတယ်"

"သူတို့ ဒီဆိုင်ထဲက ထွက်သွားတာ ဘယ်အချိန်ရှိသလဲ"

"အင်း ... ၁၁ နာရီ ကျော်ကျော်ပဲ"

ဒီပဇော်သည် မန်နေဂျာထံ ကေသီချောနေထိုင်ရာ လိပ်စာယူပြီး ထွက်ခဲ့ကြသည်။

တိုက်ရှေ့တွင် ကားကိုရပ်လိုက်ကြသည်။ တိုက်တံခါးပိတ်ထားလျက်။ ဒီပဇော်သည် လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။

"တီ ... တီ ... တီ"

တံခါးထဖွင့်ပေးသူသည် ဒီပဇော်တို့ကို သေချာကြည့်ရင်း ...

"ဘာကိစ္စရှိလို့လဲ"

"ကေသီချောနဲ့ တွေ့ချင်လို့ပါ"

"ခဏနေဦး ကျွန်တော် ခေါ်ပေးပါ့မယ်"

ထိုလူသည် အိမ်ထဲကို ပြေးဝင်သွားပြီး အတန်ကြာ မိန်းကလေးတစ်ယောက် ထွက်လာသည်။

"ကျွန်မ ကေသီချောပါ။ ဘာကိစ္စရှိလို့လဲ"

"မနေ့ညက ဒွေးကိုကိုနဲ့ ကေသီချောတို့ ရှုပါကျား စားသောက်ဆိုင်က အတူတူ ထွက်သွားကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အရင်တုန်းက ဒွေးကိုကိုနဲ့ ရင်းနှီးခဲ့တာလား"

"မဟုတ်ပါဘူး ... မနေ့ညက



www.burmeseclassic.com

www.burmeseclassic.com

စားသောက်ဆိုင်မှာ တွေ့ပြီး ရင်းနှီးခဲ့တာပါ။ အပြန်ကျတော့ ကျွန်မကို အိမ်လိုက်ပို့ပေးဖို့ ဒွေးကိုကိုကို ပြောပါတယ်။ ဒွေးကိုကိုကလည်း အိမ်လိုက်ပို့ပေးပါတယ်"

"ဟိတ် ... ချောချော ... ဘယ်သူတွေနဲ့ စကားပြောနေတာလဲ။ ဩော် ... ယောကျ်ားတွေနဲ့ စကားပြောနေတာကိုး။ ငါပြောထားတယ် မဟုတ်လား။ ဒီအိမ်ပေါ်မှာ ဘယ်ယောကျ်ားတွေနဲ့မှ စကားမပြောရဘူး။ ပြောလို့မရရင် နင့်ကိုငါ သတ်မယ်လို့ ပြောထားတာ မသိဘူးလား။ ချောချော ... သွား ... အခန်းထဲဝင်စမ်း။ မင်းတို့က ဘယ်သူတွေလဲ"

ဒီပဇော်သည် ကျားတစ်ကောင်နှယ် ဟိန်းဟောက်နေသော လူကြီးကို သေချာစိုက်ကြည့်မိသည်။

"ခင်ဗျားက ဘယ်သူလဲ"

ဒုရဲအုပ်တင်အောင်မိုးက မေးလိုက်သည်။

"ငါက ကေသီချောရဲ့ယောကျ်ား။ နာမည်သိချင်သေးလား ... မှတ်ထား ဦးအောင်ကျော် ... ဟား ... ဟား ... ဟား"

ဒီပဇော်သည် ဦးအောင်ကျော်ကို သေချာကြည့်ရင်း ...

"ကျုပ်က သတင်းထောက် ဒီပဇော်၊ သူက ဒုရဲအုပ်တင်အောင်မိုးပါ"

"ဩော် ... ဟုတ်လား။ မင်းတို့က ဘယ်အမှုကို ခြေရာခံလိုက်နေတာလဲ ပြောစမ်းပါဦး"

"မနေ့ညက ကေသီချောကို အိမ်ပြန်လိုက်ပို့ပေးတဲ့ ဒွေးကိုကိုနဲ့ ပတ်သက်နေတယ်"

"ကေသီချောရဲ့မိတ်ဆွေ ကိုကိုလား။ ညက ညဉ့်နက်နေလို့ ကိုကိုကို ဦးကိုယ်တိုင်ပဲ ကားနဲ့ လိုက်ပို့ပေးလိုက်တယ်"

ဦးအောင်ကျော်ကို စူးစိုက်ကြည့်နေသူမှာ ဒီပဇော်နှင့် ဒုရဲအုပ် တင်အောင်မိုး။

"ဦးအောင်ကျော် ကားနဲ့ပဲလား"

"ဟုတ်တယ် ... ကိုကိုက လမ်းထိပ်မှာပဲ ရပ်ပေးပါ။ တည်းခိုခန်းကို လမ်းလျှောက်သွားမယ်လို့ ပြောတယ်"

ဒီပဇော်သည် ဦးအောင်ကျော်၏ စကားကို စူးစိုက်နားထောင်ရင်း မေးစေ့ကို ပွတ်သပ်စဉ်းစားနေသည်။ ဒုရဲအုပ်တင်အောင်မိုးသည် ဦးအောင်ကျော်ကို ပြောလိုက်သည်။

"ဦးအောင်ကျော်ကားကို ကြည့်ချင်တယ်"

"ရပါတယ် .. ရပါတယ် ... လိုက်ကြည့်နိုင်ပါတယ်ဗျာ"

တိုက်ရှေ့တွင် ရပ်ထားသော ဦးအောင်ကျော်ကားကို လိုက်ကြည့်နေသူမှာ ဒီပဇော်နှင့် ဒုရဲအုပ် တင်အောင်မိုး။ ဒီပဇော်သည် ကားအတွင်းကို စူးစိုက်လိုက်ကြည့်နေရာ ကားအတွင်းမှာ မျက်မှန်တစ်လက် သွားတွေ့လိုက်သည်။

"ကိုတင်အောင်မိုး ... ဒီမှာ မျက်မှန်တစ်လက်ဗျ"

"ဟုတ်လား ကိုဒီပဇော်"

ဒီပဇော်သည် မျက်မှန်ကို ဂျာကင်အင်္ကျီအိတ်ထဲကို ထည့်ထားလိုက်သည်။ ပြီးမှ ကားအပြင်ကို ထွက်လာကာ ...

"ဦးအောင်ကျော် ... ခင်ဗျား မျက်မှန်တပ်သလား"

"ဦးက မျက်စိအားကောင်းပါတယ်။ မျက်မှန်မတပ်ပါဘူး"

"ဒါဆို ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်"

ဦးအောင်ကျော်သည် ဒီပဇော်နှင့် ဒုရဲအုပ် တင်အောင်မိုးကို သေချာကြည့်ရင်း ...

"ကဲ ... မိုးလွင် ... ဧည့်သည်တွေကို အိမ်တံခါးလိုက်ဖွင့်ပေးလိုက်"

"ဟုတ်ကဲ့ ... ဦးလေး"

အိမ်တံခါးလိုက်ဖွင့်ပေးသော မိုးလွင်ကို ဒီပဇော်က မေးလိုက်သည်။

"မင်းက ဒီအိမ်မှာ ဘာလုပ်တာလဲ"

"ကျွန်တော်က ကားဒရိုင်ဘာပါ"

"မင်း ... ရဲစခန်းကို လာခဲ့ဦး"

"ဟုတ်ကဲ့"

ဒီပဇော်နှင့် ဒုရဲအုပ် တင်အောင်မိုးတို့သည် ကားကို မောင်းနှင်လိုက်သည်။ ဒီပဇော်သည် ဂျာကင်အင်္ကျီအိတ်ထဲက မျက်မှန်ကို ထုတ်ကြည့်ရင်း

"ကိုတင်အောင်မိုး ... ဒီမျက်မှန်ဟာ ဘယ်သူ့မျက်မှန်လဲဆိုတာ ဖော်ထုတ်ရမယ်။ စိမ်းလဲ့ဝါကို ဒီမျက်မှန် ပြကြည့်ရင် ကောင်းမယ်"

"ကောင်းတာပေါ့ ကိုဒီပဇော်။ ကျွန်တော်တို့ အခု စိမ်းလဲ့ဝါတို့အိမ်ကို ဝင်လိုက်ကြမယ်"

ကားသည် စိမ်းလဲ့ဝါအိမ်ဘက်သို့ ပြေးပြေးလွှားလွှား။

(၅)

"ထိုင်ပါ မိုးလွင်"

မိုးလွင်သည် ဒုရဲအုပ်တင်အောင်မိုး၏ စားပွဲရှေ့ရှိ ကုလားထိုင်အလွတ်တွင် ဝင်ထိုင်လိုက်သည်။

"မင်း ... ဦးအောင်ကျော်ဆီမှာ

www.burmeseclassic.com

www.burmeseclassic.com

အလုပ်လုပ်တာ ကြာပြီလား''

"မကြာသေးပါဘူး။ ခြောက်လ ကျော်ပဲ ရှိပါတယ်''

"ဦးအောင်ကျော်နဲ့ ပတ်သက်ပြီး ဘာတွေသိထားသလဲ''

မိုးလွင်သည် အတန်ကြာအောင် ငေးရီနေလျက်။ ပြီးမှ ...

"ဦးအောင်ကျော်ဟာ ကြီးမိုက်ဗျ။ အသက်ကြီးမှ မိုက်တယ်ပေါ့ဗျာ ...။ ဦးအောင်ကျော်ဆီမှာ ကျွန်တော်က ကိုး ယောက်မြောက် ဒရိုင်ဘာ။ ဦးအောင် ကျော်ရဲ့ဒဏ်တွေမခံနိုင်လို့ ဒရိုင်ဘာ တွေ တစ်နှစ်မခံဘူး။ ထွက်သွားကြတာ ချည်းပဲ။ ကျွန်တော်လည်း မကြာခင် ထွက်ဖို့ စိတ်ကူးထားတယ်။ ဦးအောင် ကျော်ဟာ အရက်ကို အရမ်းသောက် တယ်။ အရမ်းမိုက်ကန်းတယ်။ မထင် ရင်မထင်သလို လက်သီးနဲ့ထိုးလား ကြိတ်လား၊ ခြေထောက်နဲ့ ကန်ချက်က လည်း ပြင်းပါဘိ။ ဦးအောင်ကျော် အကြောင်းပြောရမယ်ဆိုရင် ဦးအောင် ကျော်ဟာ ဟိုတုန်းက ဒီလိုမဟုတ်ဘူး။ အရက်ဆို အနံ့တောင်မခံတတ်တဲ့လူ။ ဦးအောင်ကျော်ဟာ မိန်းမဆုံးပြီးမှ အရက်ကို နှစ်နှစ်ခြိုက်ခြိုက် စွဲစွဲလမ်း လမ်း သောက်တတ်လာတယ်။ ဒီမှာပဲ ကေသီချောနဲ့ နောက်အိမ်ထောင်ပြု လိုက်တယ်။ ဒီနောက်ပိုင်း ဦးအောင် ကျော်ဟာ ကြီးမိုက်ဖြစ်လာတော့တာ ပဲ။ ကေသီချောက ငယ်တယ်၊ ချော တယ်၊ အရက်လည်း သောက်တတ်တဲ့ မိန်းမ။ ဒီကြားထဲ ယောက်ျားတွေနဲ့ တွဲ လိုက်သေးတယ်။ ဒါတွေကို ဦးအောင် ကျော် သိတယ်။ ဒါပေမယ့် ကေသီချော ဟာ ဦးအောင်ကျော်စကားကို ဘယ် တော့မှ နားမထောင်ဘူး။ ဦးအောင် ကျော်ဟာ ကေသီချောစိတ်နဲ့ပဲ အရက် တွေ အရမ်းသောက်လာတယ်။ အိမ် ပေါ်မှာ ကေသီချောနဲ့ ဘယ်ယောက်ျား လေးတွေမှ စကားမပြောရဘူး။ ကေသီ ချောဟာ ကိုကိုဆိုတဲ့လူနဲ့ တိတ်တိတ် ပုန်း ယူထားတယ်လို့လည်း သတင်း တွေကြားရတော့ ဦးအောင်ကျော် အသည်းတွေ မီးလောင်ပါလေရော။ ဦးအောင်ကျော်ဟာ ကိုကို့ကိုတွေ့ရင် အစိမ်းလိုက် ဝါးစားပစ်မယ်လို့ နှုတ်ဖျား က မကြာခဏပြောတာ ကြားရတယ်''

ဒီပဖော်သည် မိုးလွင်၏ စကား လုံးများကို အသံဖမ်းစက်နှင့် ဖမ်းထား နေသည်။

"မိုးလွင် ... ဒါဆိုရင် မနေ့ည က ဦးအောင်ကျော်ဟာ မင်းကို ဘာ တွေခိုင်းသေးလဲ''

မိုးလွင် နှုတ်ဆိတ်သွား၏။ ဒီပ ဖော်က မိုးလွင်၏မျက်နှာကို စူးစိုက် ကြည့်ရင်း ...

"မင်း အမှန်အတိုင်း ပြောစမ်း ပါကွာ''

"ဦးအောင်ကျော် ညက ကျွန် တော့်ကိုခေါ်ပြီး ဒီသေတ္တာကြီးကို ဝေး တဲ့နေရာမှာ သွားပြီးထားလိုက်ပါလို့ ခိုင်း ပါတယ်။ သေတ္တာကကြီးနေတော့ ကျွန် တော်တစ်ယောက်တည်း မလို့မရပါ ဘူး။ ညီမြမောင်တို့ကိုခေါ်ပြီး မရတယ်''

"ညီမြမောင်ဆိုတာ ဘယ်သူလဲ''

"ဦးအောင်ကျော်ဆီမှာ အလုပ် လုပ်နေတဲ့လူပါ''

"ဒီသေတ္တာဟာ ဘာသေတ္တာလဲ လို့ မပြောဘူးလား''

"မပြောဘူး။ ကျွန်တော်လည်း ဘာသေတ္တာမှန်းတော့ မသိတာအမှန်ပဲ။ ဦးအောင်ကျော်ခိုင်းတဲ့အတိုင်း လုပ်ခဲ့ရ ပါတယ်''

"မင်း ... သေတ္တာကို ချထားတဲ့ နေရာဟာ လက်ဖက်ရည်ဆိုင်တစ်ဆိုင် နဲ့ နီးတယ်မဟုတ်လား''

"အဲဒါကော့ ကျွန်တော် မသိဘူး။ ဝန်းကျင်က နှင်းမြူတွေနဲ့ မှိုင်းဝေနေ တယ်''

"ကောင်းပြီလေ။ မင်းပြန် ပါတယ်''

"ဟုတ်ကဲ့''

အခန်းတွင်းမှ လှမ်းထွက် သော မိုးလွင်ကို ငေးကြည့်ရင် မျ မှောင်ကြုတ် စဉ်းစားနေသူမှာ ဒီပဖော်။

(၆)

စားပွဲပေါ်မှ အရက်ဖန်ခွက်ကို လှမ်းယူပြီး မော့သောက်လိုက်သည်။

မီးဝင်းဝင်းတောက်သော မျက် လုံးနှင့် ကေသီချောကို လှမ်းကြည့်နေ သူမှာ ဦးအောင်ကျော်။ ကေသီချော သည် ဖုန်းကိုပိတ်လိုက်ပြီး အပြင်ဘက် သို့ ခြေလှမ်းဟန်ပြင်လိုက်စဉ် ...

"ချောချော''

ဦးအောင်ကျော်၏ အသံသည် ကျားဟိန်းသံနှယ် ဟိန်းပြီး ထွက်သွား သည်။

"ချောချော၊ ဘယ်သွားမလို့လဲ''

"အပြင်ခဏပါ အစ်ကိုကြီးရဲ့''

ကေသီချော၏အသံသည် ချွဲနှ နေသည်။ ညို့အားကောင်းနေသည်။

"မသွားနဲ့ဦး။ နင့်ကို ငါမေးစရာ ရှိတယ်''

"ဘာမေးမှာလဲ အစ်ကိုကြီး''

"စောစောက ဘယ်သူ့ဆီ ဖုန်း ဆက်တာလဲ''

"ကိုကို့ဆီကပါ''



www.burmeseclassic.com

www.burmeseclassic.com

"ဘာ . . . ကိုကိုဟုတ်လား။ ကိုကိုက ဘယ်နှစ်ယောက်တောင် ရှိလို့လဲ"

"ကိုကိုက တစ်ယောက်တည်းပါ အစ်ကိုကြီး"

ဦးအောင်ကျော်သည် အရက်ဖန်ခွက်ထဲကို အရက်လောင်းထည့်ပြီး ပြောနေပုံးထည့်ကာ မော့သောက်လိုက်မဟုတ်လ ကေသီချောကို ရီရီမှိုင်းမှိုင်း ယောက်ျားညှို့ရင်း . . .

ပြောလို "ချောချော . . . နင် မာယာမျှားနဲ့။ မပလီနဲ့။ ဘယ်သူနဲ့ ဖုန်းဆက်တာလဲ မှန်မှန်ပြောစမ်း။ မပြောရင် နင့်ကို ငါသတ်မယ်"

"ချောချော အမှန်အတိုင်းပြောတာပါ . . . ကိုကိုပါ"

"ဘာကိုကိုလဲ . . . ချောချော မာယာတွေ မသုံးနဲ့နော်။ ကိုကို့ကို မနေ့ညက ငါကားနဲ့ပြန်ပို့ပေးတုန်း လမ်းမှာ ငါအဆိပ်ထည့်ထားတဲ့အရက်ကို သူ့ကို တိုက်လိုက်တယ်။ ကိုကိုလည်း အဆိပ်ထည့်ထားတဲ့ အရက်ကိုသောက်ပြီး နင်နဲ့ဝေးတဲ့နေရာကို ရောက်သွားတယ် . . . ဟား . . . ဟား . . . ဟား . . . အိမ်ပြန်ရောက်တော့ ကိုကို့အလောင်းကို သေတ္တာကြီးထဲကိုထည့်ပြီး မိုးလွင်ကို တစ်နေရာမှာ သွားပစ်ခိုင်းလိုက်တယ်။ အခု ကိုကိုမရှိတဲ့ ငါ့ကို ဘာလို့ ညာနေတာလဲ ချောချော ပြောစမ်း"

"မှားကုန်ပြီ . . . မှားကုန်ပြီ။ အစ်ကိုကြီး . . . အဲဒီလူက ကိုကိုမဟုတ်ဘူး။ ချောချောနဲ့ မနေ့ညကမှ စားသောက်ဆိုင်မှာ တွေ့ရင်း ရင်းနှီးခဲ့တဲ့ ဒွေးကိုကိုပါ"

"ချောချော နင့်စကားကို ငါမယုံဘူး။ နင်က အဆိပ်ပြင်းတဲ့ မြွေဟောက်မပဲ။ အမျိုးမျိုး ငါ့ကို ညာခဲ့တယ်။ ပလီခဲ့တယ်။ ကိုကို့ကို ငါကိုယ်တိုင် သတ်ခဲ့ပြီးပြီပဲ"

"သိပ်ကောင်းတဲ့ ရိုက်ကွင်းပါပဲ ဦးအောင်ကျော်"

ဒီပဖော်သည် ပြောရင်း ဧည့်ခန်းထဲကို ဝင်လာသည်။

"မင်း . . . မင်း . . . မင်းတို့ ဘာလာလုပ်ပြန်ပြီလဲ"

ဦးအောင်ကျော်သည် ပျာပျာသလဲ တုန်တုန်ရီရီ ပြောလိုက်သည်။

ဒုရဲအုပ် တင်အောင်မိုးက ဦးအောင်ကျော်ကို လက်ထိတ်ခတ်ရန် ရဲဘော်တွေကို ပြောလိုက်သည်။

"ဦးအောင်ကျော် . . . ခုလို ခင်ဗျားကိုယ်တိုင် ဖြောင့်ချက်ပေးတာ သိပ်ကောင်းပါတယ်။ ခင်ဗျားကိုယ်တိုင် ဖြောင့်ချက်မပေးလည်း ဒွေးကိုကိုကို သတ်တဲ့ တရားခံဟာ ဦးအောင်ကျော်ပဲ ဆိုတာ အမှုမှန်ပေါ်လို့ အခု ခင်ဗျားကို လာဖမ်းတာပဲ"

"ဟုတ်ပါတယ် ဦးအောင်ကျော်။ ကိုတင်အောင်မိုးပြောသလို ဦးအောင်ကျော်ဟာ လူသတ်တရားခံလို့ ရှာဖွေဖော်ထုတ်ချက်တွေကို ပြောပြပါမယ်။ ကျွန်တော်နဲ့ ကိုတင်အောင်မိုးတို့ ဦးအောင်ကျော်ကားကို ကြည့်လိုက်တော့ မျက်မှန်တစ်လက်ကို သွားတွေ့တယ်။ ဦးအောင်ကျော်က မျက်မှန် မတပ်ဘူးလို့ ပြောခဲ့တယ်။ ဒါကြောင့် ဒီမျက်မှန်ဟာ ဘယ်သူ့မျက်မှန်လဲဆိုတာ ဖော်ထုတ်ဖို့ စိမ်းလဲ့ဝါကို သွားပြကြည့်တော့ ဒွေးကိုကို့ရဲ့ မျက်မှန်ဆိုတာ သိရတယ်။ နောက်တစ်ချက်က . . . ဦးအောင်ကျော်က ဒွေးကိုကိုကို လမ်းထိပ်မှာပဲ ချထားပေးခဲ့တယ်လို့ ဆိုတယ်။ ဒါမဖြစ်နိုင်ဘူး။ ဘာလို့လဲဆိုတော့ ဒွေးကိုကိုဟာ မျက်မှန်မပါဘဲ လမ်းလျှောက်လို့မရဘူးဆိုတာ ကျွန်တော်တို့ သိခဲ့ရတယ်။ နောက်တစ်ချက်က ဦးအောင်ကျော်ရဲ့ ကားဒရိုင်ဘာ မိုးလွင်ကို ခေါ်စစ်တော့ အဲဒီညက ဦးအောင်ကျော်က သေတ္တာကြီးတစ်လုံး သွားလွှင့်ပစ်ခိုင်းတယ်လို့ ဆိုတယ်။ ဒါကြောင့် ခင်ဗျားဟာ လူသတ်တရားခံပဲ ခိုင်ခိုင်မာမာဖော်ထုတ်ခဲ့တာပဲ။ ခုလည်း ခင်ဗျားကိုယ်တိုင် ဖြောင့်ချက်ပေးခဲ့ပြီးပြီပဲ"

ဒီပဖော်၏ စကားကို နားထောင်ရင်း ရီဝေညှို့မှိုင်းသော မျက်လုံးနှင့် ကေသီချောကို လှမ်းကြည့်နေသူမှာ ဦးအောင်ကျော်။

"ရဲဘော် . . . ဦးအောင်ကျော်ကို ခေါ်သွားပေတော့"

ဦးအောင်ကျော်သည် ရဲဘော်များ ခေါ်ဆောင်ရာသို့ လိုက်ပါသွားခဲ့သည်။

ဒီပဖော်နှင့် ဒုရဲအုပ် တင်အောင်မိုးတို့သည် အပြင်ဘက်ကို လှမ်းထွက်ခဲ့သည်။

ကေသီချောမျက်ဝန်းမှာ မျက်ရည်များ ရစ်ရစ်ဝိုင်းဝိုင်း ကြွေကျနေလျက်။ ကေသီချော၏ မျက်ရည်များသည် နှလုံးသားထဲမှ ခံစားကြေကွဲကြွေသက်လာသော မျက်ရည်လား။ မာယာပလီသည့် မျက်ရည်လား မသိနိုင်တော့ပါ . . .။

ဗညားဦး(အိမ်မဲ)



www.burmeseclassic.com

www.burmeseclassic.com

# ယုံလွယ်တော့ မှားတတ်ပါတယ်

## ခင်မောင်ထွန်း(လမ်းမတော်)

ဒီအပတ်မှာတော့ စာရေးသူကိုယ်တိုင် ကြုံကြုံ ဖော်ထုတ်ခဲ့ရတဲ့ အမှုတစ်ခုအကြောင်း တင်ပြလိုပါတယ်။

အမှုကတော့ လိမ်လည်မှု၊ အလွဲသုံးစားမှု(ယုံကြည်အပ်နှံခြင်းကို ဖောက်ဖျက်မှု)စတဲ့အမှုတွေကို တစ်ဦးတည်း ကျူးလွန်သွားတဲ့အမှုပါ။ လိပ်စာနဲ့ အမည်တွေကိုတော့ အတိအကျ မဖော်ပြတော့ပါဘူး။

သူ့နာမည်က အောင်မြင့်၊ စိန်မင်းသားအောင်မြင့်ပါ။ ရတနာတွေ ရောင်းဝယ်တဲ့သူ ဖြစ်ပေမယ့် စိန်ကို အလေးပေး အရောင်းအဝယ်လုပ်ကြတော့ သူ့ကို 'စိန်မင်းသားအောင်မြင့်'ရယ်လို့ စိန်ရွှေရတနာ ရောင်းဝယ်ရေးသမားတွေ နာမည်ပေးထားကြတယ်။

အောင်မြင့်က နေတော့ လူကုံထံတွေနေတဲ့ ရပ်ကွက်က ခြံကြီးအတွင်းက နှစ်ထပ်တိုက် ခေတ်မီလှတဲ့ အဖြူရောင်တိုက်ကြီးမှာ နေပါတယ်။

ကားစီးတော့ မာစီဒီးကားအနက်ကြီး။

လူပုံက ခပ်ချောချော၊ တပည့်နှစ်ယောက်နဲ့ အိမ်မှာ နေကြတယ်။ ဇနီးနဲ့ ကလေး ရှိတယ်လို့တော့ ပြောတယ်။ ဘယ်မှာထားတယ်ဆိုတာ တိတိကျကျ မပြော။

လူက ကပြား။

နယ်စပ်က အရောင်းအဝယ်သမားတွေနဲ့ အဆက်အသွယ်ရှိတော့ စိန်အရောင်းအဝယ် အကောင်းဆုံးလို့ ဆိုရပါမယ်။ စိန်ရောင်းချင်တဲ့ ပိုင်ရှင်တွေ၊ ပွဲစားတွေ သူ့ဆီကို သွားပြီး ဆက်သွယ်ကြတယ်။ သူ့ကို လာဆက်သွယ်သူတိုင်းကို ရောင်းထွက်အောင် ကူညီဆောင်ရွက်ပေးခဲ့တယ်။ သူက သတ်မှတ်တဲ့ ရောင်းပေးခ(ပွဲစားခ)ကိုတော့ ယူတယ်ပေါ့။

တချို့သော စိန်ရောင်းချင်သူတွေ၊ ပွဲစားတွေက အလုအယက် သူ့ဆီကို သွားဆက်သွယ်ကြတယ်။ နယ်စပ်က ဝယ်ချင်တဲ့လူတွေ၊ အညာဘက်က ဝယ်ချင်တဲ့သူတွေလာ



www.burmeseclassic.com

www.burmeseclassic.com

ရောင်းပေးပါဆိုပြီး အောင်မြင့်ထံ အထုပ်အထည်နဲ့ ယုံကြည်စွာ သွားအပ်ကြတယ်။

ပစ္စည်းဈေးနည်းနည်း ပွဲခကိုတော့ ရောင်းမည့်သူနဲ့ အောင်မြင့်တို့ ညှိနှိုင်းကြပြီး အောင်မြင့်က စနစ်တကျ ထုပ်ပိုးလက်ခံပါတယ်။ ပစ္စည်းတန်ဖိုး သိပ်များရင် ပြေစာတောင် ရေးပေးလိုက်ပါတယ်။

စိန်မင်းသားအောင်မြင့်က သူ့ကို ယုံကြည်စွာ ဆက်သွယ်အပ်နှံသူတွေကို တစ်ချီကောင်း၊ နှစ်ချီကောင်းလည်း ပေးလိုက်မယ်ဆိုရင်ပဲ သူ့ကို ပိုပြီးယုံကြည်သွားကြပါတယ်။ ပိုပြီးအားကိုးကြပါတယ်။

နေတော့ လူကုံထံရပ်ကွက်က ခြံကြီးနဲ့ တိုက်အိမ်ကြီး၊ စီးတော့ မာစီဒီးကားနက်ကြီး၊ လူပုံက စကားပြောကောင်း ခပ်ချောချောဆိုတော့ စိန်အရောင်းအဝယ်လောကမှာ ရေပန်းစားလာခဲ့ပါတယ်။

တစ်ရက်တော့ မြို့လယ်က ရဲစခန်း လေးခုမှာ စိန်မင်းသား အောင်မြင့်ထံ ပစ္စည်းရောင်းပေးဖို့ အပ်ထားတဲ့ ပွဲစားနဲ့ ပစ္စည်းရှင် ခုနစ်ဦးတို့ အောင်မြင့်ကို ပုဒ်မ ၄၂၀/၄၀၆ တို့နဲ့ အမှုဖွင့် တိုင်ကြားခဲ့လို့ အမှုစာရင်းတွေ တိုင်းရဲတပ်ဖွဲ့ကို ရောက်လာပါတယ်။

ပွဲစားတွေက ရောင်းပေးမယ်ဆိုပြီး ရောင်းချသူထံက ယူထားတဲ့ စိန်ထည်ပစ္စည်းတွေ ပါသွားတော့ ပစ္စည်းရှင်တွေက ပွဲစားတွေကို အမှုထပ်ဖွင့်ကြပါတယ်။ အမှုတွေက ဆင့်ကဲ ဆင့်ကဲနဲ့ များလာတယ်ပေါ့။ ခံရသူတွေက အားကိုးအားထားပြုရမယ့် နေရာတွေကို တိုင်စာတွေ တက်ကြပြန်ပါတယ်။

ဒီအမှုဟာ လူအများ စိတ်ဝင်စားပြီး အရေးကြီးတဲ့ အမှုတစ်ခုအဖြစ် ရောက်လာပါတယ်။

စိန်မင်းသား အောင်မြင့်ကတော့ ပျောက်ခြင်းမလှ ပျောက်သွားပါပြီ။ တပည့်တွေလည်း ပျောက်ကုန်ပါတယ်။

သူနေတဲ့ခြံကလည်း ငှားထားတဲ့ခြံ ဖြစ်ပါတယ်။ ကားကြီးကလည်း လစဉ် ငှားထားတဲ့ကား ဖြစ်နေပါတယ်။ သူပိုင်ပစ္စည်း ဘာမှမကျန်ခဲ့ပါဘူး။

ဒီအမှုကြီးက ရဲတပ်ဖွဲ့ဝင်တွေအပေါ် ပုံကျလာတယ်။ ဒီအမှုကို မပေါ်ပေါ်အောင် ရဲတပ်ဖွဲ့ဝင်တွေ လှုပ်ရှားကြရပါတယ်။ အဲဒီအချိန်က စာရေးသူက စခန်းအားလုံးရဲ့ အမှုတွေကို ကြီးကြပ်ဖော်ထုတ်ရမယ့်တာဝန် ကျလာပါတယ်။

စာရေးသူလည်း အဖွဲ့တွေခွဲပြီး စိန်မင်းသားအောင်မြင့် အဆက်အသွယ်ရှိနိုင်တဲ့ သဲလွန်စကို ရှာကြရပါတယ်။ ရပ်ကွက်မှာ ဧည့်စာရင်းတိုင်ပြီး နေတဲ့သူဖြစ်တော့ သူ့မှတ်ပုံတင်က နယ်စပ်က မှတ်ပုံတင် ဖြစ်နေတယ်။ အဲဒီကိုလည်း ချက်ချင်းလိုက်ကြပါတယ်။ နောက်ဆုံးတော့ သူငှားစီးထွက်ပြေးသွားတဲ့ ကားသမားက သတင်းလာပေးတော့ နယ်စပ်တစ်နေရာက ကစားဝိုင်းတစ်ခုမှာ ဖမ်းမိခဲ့ပါတယ်။

သူလိမ်လည်ယူသွားတဲ့ စိန်ပစ္စည်းက သိန်း ၈၀၀ ဖိုးလောက် ရှိပါတယ်။ နယ်မြေအာဏာပိုင်တွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေ အကူအညီနဲ့ သူ့လက်ဝယ်ရှိနေတာ၊ သူလိမ်ထားတဲ့သူတွေဆီက အားလုံးနီးပါး ပြန်သိမ်းယူနိုင်ခဲ့ပါတယ်။

ရန်ကုန်က ထွက်ပြေးသွားပြီး နယ်စပ်ရောက်တော့ အမျိုးသမီးနှစ်ယောက်ကို လူကြီးစုံရာနဲ့ လက်ထပ်ယူထားပါတယ်။ သူ့မယားကြီးနဲ့ ကလေးနှစ်ယောက်လည်း သူတို့နေတဲ့ မြို့ငယ်လေးမှာ ရှိနေတယ်ဆိုတာလည်း တွေ့ရပါတယ်။

ဒီအမှုအတွက် စိန်မင်းသားနဲ့ အပေါင်းပါများ ထောင်နန်းစံသွားကြရပါတယ်။

စာရေးသူ အဓိက တင်ပြချင်တာကတော့ လူမြင်တိုင်း မယုံပါနဲ့၊ ဟိတ်ဟန်ကြီးတွေနဲ့ နေတဲ့သူတိုင်းကိုလည်း မယုံပါနဲ့၊ သူ့ရဲ့နောက်ကြောင်း အခြေအနေတွေကို သိအောင် လုပ်ပြီး သေချာမှ ယုံကြည်ပါ။

---

**ခင်မောင်ထွန်း(လမ်းမတော်)**

---



www.burmeseclassic.com

www.burmeseclassic.com

# ဓာတုပစ္စည်းများ ထုတ်လုပ်၊ ကိုင်တွယ်၊ သုံးစွဲမှု ပြစ်မှုမြစ်ဒဏ်

ကောတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

မြန်မာနိုင်ငံ၊ ပြည်ထောင်စုလွှတ်တော်က လွန်ခဲ့သော ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် အများပြည်သူအကျိုးဌာ ပြည်သူ့လုံခြုံရေးနှင့် ကျန်းမာရေးအတွက် ဓာတုဗေဒပစ္စည်း၊ ဆေးဝါးပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း၊ ကိုင်တွယ်သုံးစွဲခြင်းနှင့် ပတ်သက်၍ ဥပဒေတစ်ရပ် အတည်ပြုထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေကို ဓာတုပစ္စည်းနှင့် ဆက်စပ်သော ပစ္စည်းများ ဘေးအန္တရာယ်များမှ တားဆီးကာကွယ်ရေးဥပဒေဟု ခေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### ဓာတုဗေဒပစ္စည်းဆိုသည်မှာ

လူနှင့် တိရစ္ဆာန်များတို့၏ ကျန်းမာရေး၊ အသက် အန္တရာယ်များကို ထိခိုက်စေနိုင်သော သဘာဝပတ်ဝန်းကျင် ကို ထိခိုက်ဆိုးကျိုးဖြစ်စေနိုင်သော ဓာတုဗေဒပစ္စည်း ထုတ် လုပ်ရာမှ ထွက်ပေါ်လာသည့် ဓာတုဒြပ်စင်များ၊ ဒြပ်ပေါင်း များနှင့် ဒြပ်နှောများကို ဆိုလိုပါသည်။ ယင်းဒြပ်စင်၊ ဒြပ် ပေါင်းနှင့် ဒြပ်နှောများမှ ထွက်ပေါ်ရရှိလာသော အခိုးအငွေ့ အဆိပ်အတောက်များ ပါဝင်ပေသည်။ (ဥပဒေကိုကားချက်။ အခန်း(၁)၊ ပုဒ်မ(၂)(က)။

### ဓာတုဗေဒပစ္စည်းနှင့် ဆက်စပ်သောပစ္စည်းများဆိုင်ရာ လုပ်ငန်းဆိုသည်မှာ

(၁) ဓာတုဗေဒပစ္စည်းနှင့် ၎င်းနှင့် ဆက်စပ်နေသော ပစ္စည်းများတို့ကို ထုတ်လုပ်ခြင်း။ သုံးစွဲခြင်း။ နည်းပညာအရ ပြုပြင်ခြင်း။

(၂) သယ်ယူပို့ဆောင်ခြင်း။

(၃) လက်ဝယ်ထားရှိခြင်း။

(၄) ရောင်းဝယ်ဖောက်ကားခြင်း။ ဖြန့်ဖြူးခြင်း။

(၅) ပြည်တွင်းသို့ မှာယူတင်သွင်းခြင်း။

(၆) ပြည်ပသို့ တင်ပို့ခြင်း . . .

စသည်တို့ကို ဆိုလိုပါသည်။

(ဥပဒေကိုကားချက်။ အခန်း(၁)၊ ပုဒ်မ(၂)(ဂ)။

### ဥပဒေအရ တားမြစ်ပိတ်ပင်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များ

(၁) ဓာတုဗေဒဗဟိုဦးစီးအဖွဲ့က တားမြစ်ပိတ်ပင်ထား သော ဓာတုဗေဒပစ္စည်းများနှင့် ယင်းဆက်စပ်နေသော ဓာတုဗေဒပစ္စည်းများတို့ကို ထုတ်လုပ်၊ ဖော်စပ်ခြင်း။ သုံးစွဲ ခြင်း။ လက်ဝယ်ထားရှိခြင်း။ သိုလှောင်ခြင်း။ သယ်ယူပို့ဆောင် ခြင်း။ ရောင်းဝယ်ဖြန့်ဖြူးခြင်း။ ပြည်ပသို့ တင်ပို့ရောင်းချခြင်း။ ပြည်တွင်းသို့ တင်သွင်းခြင်း မပြုကြရ။ ကျူးလွန်လျှင် ထောင် ဒဏ်(၇)နှစ်၊ ငွေဒဏ်(၇)သိန်း၊ သို့တည်းမဟုတ် ပြစ်ဒဏ်(၂) ရပ်စလုံးဖြစ်စေ ကျခံကြရမည့်အပြင် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာ အဖြစ်ဖြင့် သိမ်းဆည်းခြင်းခံကြရမည်။ (ပုဒ်မ-၃၃၊ ၃၇)

(၂) မည်သူမဆို အမိန့်လိုင်စင်မရရှိဘဲနှင့် ဓာတု ဗေဒနှင့် ၎င်းဆက်စပ်သောပစ္စည်းများတို့ကို လုပ်ကိုင်ခြင်း မပြုကြရ။ ကျူးလွန်လျှင် ထောင်ဒဏ်(၅)နှစ်နှင့် ငွေဒဏ် ကျပ်(၅)သိန်း ကျခံကြရမည့်အပြင် ပစ္စည်းများတို့ကို သိမ်း ဆည်းခြင်းခံရမည် ဖြစ်၏။ (ပုဒ်မ-၃၄၊ ၃၈)

(၃) မည်သူမဆို မှတ်ပုံတင်ခြင်းမရှိဘဲ လုပ်ကိုင် ခဲ့လျှင်၊ သို့တည်းမဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ထား ခံရပြီး ဆက်လုပ်ပါက (ပြစ်မှုကျူးလွန်လျှင်) အလားတူ ထောင်ဒဏ်(၅)နှစ်နှင့် ငွေဒဏ် ကျပ်(၅)သိန်းအပြင် ပစ္စည်း များတို့ကို သိမ်းဆည်းခြင်းခံရမည် ဖြစ်ပါသည်။ (ဥပဒေကိုး ကားချက်-ပုဒ်မ-၃၅၊ ၃၈)တို့အရ အတိအလင်း ပြဋ္ဌာန်းချက် ဖြစ်ပေသည်။

(၄) ဓာတုဗေဒဗဟိုကြီးကြပ်ရေးအဖွဲ့က လာရောက် စိစစ်၊ စစ်ဆေးခြင်းကို တားဆီးပိတ်ပင်လျှင်၊ အနှောင့်အယှက် ပြုလျှင် အပြစ်ရှိသည်ဖြစ်၏။ ယင်းပြစ်မှုကျူးလွန်ပါက ထောင်ဒဏ်(၂)နှစ်နှင့် ငွေဒဏ် ကျပ်(၂)သိန်းအပြင် ပစ္စည်း များတို့ကို သိမ်းဆည်းခြင်းခံကြရပေမည်။ (ဥပဒေကိုးကား ချက်) (ပုဒ်မ-အခန်း ၁၂ နှင့် ၁၃၊ ပုဒ်မ-၃၆၊ ၃၉)အရ ပြဋ္ဌာန်းထားချက်)

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

***Ref:***

(၁) ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၂၈)

(၂) ကြေးမုံနေ့စဉ်သတင်းစာ (၂၇.၈.၂၀၁၃) စာမျက်နှာ(၈)/(၉)



www.burmeseclassic.com

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ပွယ်

လိပ်ခေါင်းရောဂါမှန်လျှင် ဒီဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျွင်၊ သွေးမထွက်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအဘွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။


**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် တားဆေးသက်သက်ဖြင့် လုံးဝမပျောက်ပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းရင် (လိပ်ခေါင်းအထူးကုပွဲ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၃၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၃၃၁၊ ၀၉-၄၃၀၅၂၈၀၂

၁၃-၁၄လမ်းကြား၊ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၁၂၈၁၊ ၀၉-၉၁၀၅၄၁၂၅

www.burmeseclassic.com




www.burmeseclassic.com



"ငါ့ပစ္စည်းတွေကို တစ်ယောက်တည်းအပိုင်စီးချင်တဲ့မင်းကို ငါကိုယ်တိုင် လက်စားချေရမှ ကျေနပ်မယ်"

(သာယောင်)

လူတစ်ယောက်က လာပေးသဖြင့် အထက်ပါစာတိုလေးကို ဖတ်ကြည့်ပြီး ထွန်းလူတစ်ယောက် တုန်လှုပ်ချောက်ချားသွားသည်။ မိမိဘဝ ကြီးပွားချမ်းသာပြီး စည်းစိမ်ယစ်မူးနေသည့်အချိန်မှာ ယခုလို စာတစ်စောင် ရောက်ရှိလာသည့်အတွက် စိတ်ကသိကအောက် ဖြစ်သွား၏။

ဘာပဲဖြစ်ဖြစ် ယခုအချိန်မှာ မိမိ ပိုင်ဆိုင်ထားသော ဥစ္စာစည်းစိမ်များကို မည်သူတစ်ဦးတစ်ယောက်မျှ ခွဲဝေပေးလိုသော စိတ်ဆန္ဒ မရှိပေ။ ဒီကိစ္စကို တစ်နည်းနည်းဖြင့် ဖြေရှင်းမှ ပြီးပြတ်မည်မှန်း ထွန်းလူ ယုံကြည်နေသည်။

မိမိဘဝက တစ်ချိန်ကုန်းဆီက ဒုစရိုက်လောကမှာ ကျင်လည်ကျက်စားနေခဲ့ရသည်။ အခြေအနေနှင့် အချိန်အခါပေးလာ၍ ယခုလို နေချင်းညချင်း သူဌေးလေးဘဝကို ရောက်လာခဲ့ရသည်။ မိမိဘဝမှာ တစ်ကြိမ်တစ်ခါမျှ မသုံးစွဲ၊ မကိုင်တွယ်ဖူးခဲ့သော ငွေကြေးဥစ္စာနေများကို ပိုင်ဆိုင်ရသောဘဝကို ရောက်ရှိနေသည်။

မိမိအနေနှင့် ငွေကြေးဥစ္စာဖြင့်လည်း သည်ကိစ္စမျိုးကို ဖြေရှင်းလျှင်ရနိုင်ကောင်းပေမယ့် နောက်ဆက်တွဲဖြစ်ပေါ်လာမည့် အကျိုးကိစ္စများကို မီးနှိုကြွက်ချောက် လိုက်လံဖြေရှင်းနေရမည်။

ဒါကြောင့် မိမိဘာသာ ဖြေရှင်းသည်က အကောင်းဆုံးဖြစ်မည်ဟု ထွန်းလူသဘောပေါက်ခဲ့သည်။ အထက်



www.burmeseclassic.com

[illegible]
အခါ၊ တော်ရှုပြီးနောက် မိမိယခုလို ဘဝအခြေအနေမျိုး ရောက်လာခဲ့ရသည်များကို မျက်စိထဲတွင် တရေးရေး ပြန်လည်မြင်ယောင်လို့လာနေသည်။

ထိုအခါ အခင်းဖြစ်ပွားခဲ့သော အကျဉ်းထောင်ကြီး၏ ပုံရိပ်ကို ပြန်လည်သတိရ မြင်ယောင်လာနေသည်။ မိမိဘဝက ထိုစဉ်အချိန်မှာ သာမန်သူခိုးလေးအဆင့်သာရှိသည်။ ထောင်သံသရာလည်နေခဲ့ရာမှ နောက်ဆုံးထောင်ထဲတွင် ဓားပြဗိုလ်ကြီးဖြစ်သူ ဦးသာမောင်နှင့် ဆုံစည်းခဲ့ရခြင်း ဖြစ်ပါသည်။ ထိုစဉ်က ဓားပြဗိုလ်ကြီး သာမောင်တစ်ယောက် ရောဂါဖြစ်ပွားပြီး သေအံ့မူးမူးဖြစ်နေချိန် ဆုံမိကြခြင်း ဖြစ်ပါသည်။

(၂)

အောက်မြန်မာနိုင်ငံရှိ ဗဟိုအကျဉ်းထောင်ကြီးထဲတွင် ထောင်ဒဏ်ကျခံနေရစဉ် ကာလဖြစ်သည်။ ထွန်းလူ၏ပင်ကိုစရိုက်မှာ လစ်လျှင်လစ်သလို ဝင်ခိုးလေ့ရှိသော သူခိုးလေးဘဝပဲ ရှိသေးသည်။ လူကသာ အရွယ်မရောက် စာမမြောက်သေးသော်လည်း သူခိုးလောကဝယ် စောရထွန်းလူဟူသော ဘွဲ့ထူးဖြင့် ထောင်ပထဲနှင့် ထောင်ပြင် ဝင်စို့ထွက်စို့ လုပ်နေသည်။

ဟိုစဉ်တုန်းက စောရထွန်းလူတစ်ယောက် အိမ်တစ်အိမ်ခေါ်တက်ပြီး ခိုးလို့ရလာသည့် ပစ္စည်းများကို ကီလီထိပ် သူခိုးဈေးတန်းမှာပင် ထုခွဲရောင်းချလိုက်ပြီး ပြင်ပလောကမှာ တစ်မိုးခိုနေနိုင်အောင် စားရေးသောက်ရေး အဆင်ပြေနေသည်။ အဖ[illegible]မွေး၊

[illegible] ဆိုသည့်စကားသည် စောရထွန်းလူလို လူမျိုးကို ရည်ညွှန်းခဲ့ဟန်တူသည်။

ထွန်းလူ၏ မိဘနှစ်ပါးစလုံး ကွယ်လွန်သွားပြီးနောက် အသက်အရွယ်အားဖြင့် ဆယ်နှစ်ဝန်းကျင်ခန့်မှာ အစ်ကိုကြီးဖြစ်သူ ထွန်းဟန်နှင့် နှစ်ကောင်ကွဲကဘဝဖြင့် လောကအလယ်မှာ ရပ်တည်လာခဲ့ရသည်။

နဂိုကတည်းကမှ မိဘများကလည်း ချမ်းသာသည့်မျိုးရိုးမှ ဆင်းသက်လာခဲ့ကြသူများ မဟုတ်။ ရွာထဲကလယ်ပိုင်ရှင်ကြီးအိမ်မှာ သူရင်းငှားဘဝဖြင့် ရုန်းကန်နေထိုင်ကြရသူများ ဖြစ်သည်။ ယခုလို မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားချိန်မှာတော့ လောကအလယ်မှာ မျက်နှာငယ်စွာ ကျန်ခဲ့ကြလေသည်။

နောက်ဆုံးမှာတော့ ညီအစ်ကိုနှစ်ဦး စွန့်စားပြီး တောရွာလေးမှ သည်မြို့ ရန်ကုန်ဆီ ကြုံရာကျပန်း အလုပ်ရှာရင်း တက်ရောက်လာခဲ့ကြသည်။ နေထိုင်စရာကလည်း မရှား။ ကီလီဆိပ်ကမ်းနားက ဂိုဒေါင်ပတ်ဝန်းကျင်မှာပဲ ကျင်လည်ကျက်စားကာ နေထိုင်လာကြသည်။

သို့သော်လည်း တံငါနားနီး တံငါ၊ မုဆိုးနားနီးမုဆိုး ဆိုသကဲ့သို့ ကိုယ့်ပတ်ဝန်းကျင်မှာ ကျင်လည်ကျက်စားနေသူများကလည်း မိဘမဲ့ တစ်ကောင်ကြွက်ဘဝဖြင့် အသက်ဆက်ရှင်သန်နိုင်ရန် ရုန်းကန်နေရသူများ ဖြစ်သည်။

ယင်းကဲ့သို့ ဂိုဒေါင်ကြီးဘေးမှာ အိပ်၊ ကီလီဈေးကြီးထဲတွင် သွားကုန်ထမ်း၊ လစ်လျှင်လစ်သလိုခွဲ ဘဝဖြင့် အတူမြင် အတတ်သင်ကာ ကျင်လည်ကျက်စားနေထိုင်ရသည်။ ဒီတော့လည်း အိမ်ပြေးလေးများ၊ တေလေဂျပိုးလေးများဖြင့် ပေါင်းသင်းဆက်ဆံလာခဲ့ရာမှ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ [illegible]င်းဖက်မိလာကြသည်။

ထိုအခါ ငွေအရလွယ်သော နည်းပညာများကို ကုလားလေး မန်းနီးဘံမှ သင်ယူတတ်မြောက်လာသည်။ ငွေကို ပင်ပင်ပန်းပန်းရှာဖွေစားစရာ မလိုတဲ့ ခရီးသည်များပစ္စည်းကို အလစ်သုတ်တန်သုတ်၊ ခိုးတန်ခိုးပြီး ဒုစရိုက်နွံထဲ ရောက်မှန်းမသိ ရောက်သွားကြလေသည်။ မိမိတို့ အလုပ်လုပ်သည့် ခွင်ထဲမှာ ဖမ်းမိသွားသည့်အခါလည်း ထုထောင်းခံရပြီး ကလေးသာသာ အရွယ်မို့ ခွင့်လွှတ်တတ်သလို ရလာသည့်ပစ္စည်းကို ထုခွဲရောင်းချပြီး ဝတ်လာသမျှ အတိုးချ စားသောက်သုံးဖြုန်းပစ်သည်က များသည်။

ယင်းကဲ့သို့ ထွန်းလူတစ်ယောက် ကီလီမှာနေ၊ ကီလီမှာမွေးသလို ဘဝကို ရေစုန်မျောရင်း ဘော်စတယ်ရောက်လိုက်၊ ပြန်လွှတ်လိုက်နှင့် သံသရာလည်နေရှာသည်။

ထွန်းလူတစ်ယောက် ဒုစရိုက်သမားများနှင့် ပေါင်းဖက်ပျော်ရွှင်စွာ လုပ်ကိုင်စားနေချိန်ဝယ် အစ်ကိုဖြစ်သူ ထွန်းဟန်က လူရိုးလူအေးမို့ ဘဝဝမ်းစာရေးကို သမ္မာအာဇီဝဖြင့် ရှာဖွေစားသောက် နေထိုင်သည်။

ထိုအခါ ညီအစ်ကိုနှစ်ယောက်၏ ဘဝရပ်တည်မှုမှာ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေသည်။ အကောင်းနှင့်အဆိုးကို ဝေဖန်ပိုင်းခြားလျက် ကိုယ့်လမ်းကို ကိုယ်လျှောက်နေကြသည်။ အစ်ကိုဖြစ်သူထွန်းဟန်က တည်တည်


www.burmeseclassic.com

www.burmeseclassic.com

ငြိမ်ငြိမ်နှင့် ရိုးရိုးအေးအေး နေတတ်သော်လည်း ထွန်းလူကတော့ ဆိုးဆိုးမိုက်မိုက်ဘဝဖြင့် အပေါင်းအသင်းစုံနေသည်။

နောက်ဆုံး . . . အရွယ်လေးတွေရောက်လာချိန်မှာတော့ ထွန်းဟန်တစ်ယောက် စစ်မှုထမ်းရန် ဝင်ရောက်သွားသည်။ ထွန်းလူကတော့ ငယ်ငယ်ကတည်းမှ ပေပေတေတေ နေလာခဲ့သူမို့ မိမိကျင်လည်ရာပတ်ဝန်းကျင်မှ အတတ်ပညာမျိုးစုံ သင်ယူတတ်မြောက်ကာ သူခိုးဘဝ ရောက်ရှိသွားသည်။

ယင်းသို့ ဘဝများကို ရင်ဆိုင်ကျော်ဖြတ်သွားခဲ့ရာမှ ထွန်းလူသည် ခိုးမှုဖြင့် ထောင်ဒဏ်တစ်နှစ် စတင်ကျခံသွားရသည်။ ပထမဆုံး ထောင်ကျအကျဉ်းသားအဖြစ် ထောင်ထဲကိုရောက်ရှိသွားချိန်မှာတော့ ထောင်ထဲက ဆရာကြီးများနှင့် ဆုံတွေ့ကာ သူခိုးပညာ၊ ဖောက်ထွင်းပညာ၊ ခါးပိုက်နှိုက်ပညာများကို သင်တန်းကြေး မပေးသွင်းရဘဲ ကောင်းစွာ လက်ထပ်သင်ယူတတ်မြောက်လာသည်။

ထိုအခါ ထောင်ထဲမှာ နေထိုင်ရသော ဘဝကို နှစ်သက်ခုံမင်လာပေသည်။ ပြင်ပလောကမှာ နေထိုင်စဉ်က ထမင်းတစ်နပ်စားရဖို့ ခက်ခက်ခဲခဲ ရှာဖွေစားသောက်နေရသည်။ ထောင်ထဲမှာက အချိန်တန်လျှင် ထမင်းဘုတ်မှာ ဝင်တန်းစီရုံနှင့် အဆင်သင့် စားနေရသည်။

မနက်တစ်နပ်၊ ညနေတစ်နပ် ထမင်းဟင်းကို ပူပင်စရာမရှိဘဲ အလွယ်တကူ စားသောက်နေရသည်။ အိပ်တော့လည်း အမိုးအကာအောက် အိပ်ဆောင်ကြီးထဲဝယ် ဘဝတူ အကျဉ်းသားတွေကြားမှာ တိုးတိုးခွေ့ခွေ့ စိတ်ချမ်းမြေ့စွာ စိတ်ချလက်ချအိပ်စက်နေရသည်။ မိမိနေထိုင်သော ကီလီကမ်းနားက ဂိုဒေါင်ကြီးများနှင့် လွန်စွာခြားနားသည်။

ထောင်ထဲမှာက လုံလုံခြုံခြုံ အိပ်နေရသည်။ စားကောင်းသောက်ဖွယ်မ ကောင်းပေမယ့် မိမိတို့ တစ်ဝမ်းတစ်ခါးဖူလုံအောင် ကျွေးမွေးသဖြင့် စာရေးသောက်ရေး အဆင်ပြေနေသည်။ ဒီကြားထဲ ညဘက်အိပ်ဆောင်ကြီးများထဲမှာ ညောင်းညာသူများကိုလည်း လိုက်လံနင်းနှိပ်ပြုစုပေးရင်း မုန့်ပဲသရေစာအစ ဆေးလိပ်သောက်စရာလည်း ရရှိသေးသည်။ ယင်းသို့ နင်းနှိပ်ပေးရင်း ဆရာ့ဆရာကြီးများထံမှ နည်းပညာများ၊ ဩဝါဒစကားများကိုလည်း နာယူမှတ်သားနေနိုင်သည်။

ထောင်လောကမှာတော့ မိမိလို အမှုမျိုးက အပရိက အသေးအမွှားလောက်ပဲ ရှိသည်။ မိမိတို့ထက် အဆင့်မြင့်သော တစ်ကိုယ်တော်ဖောက်ထွင်းသမားများ၊ ကားပေါ်တက်ပြီး ပိပိရိရိ နှိုက်ခွဲပညာဖြင့် အပေါ်ခွဲသမား ခါးပိုက်နှိုက်ပညာများကို အံ့ဩဘနန်း ကြားသိနေရသည်။

ထို့ထက် အဆင့်မြင့်သော လူသတ်၊ ဓားပြတိုက်သည့် ဓားပြဂိုဏ်းများမှ ပုဂ္ဂိုလ်ကျော်ကြီးများ၏ စွန့်စားခန်းများကိုလည်း အံ့ဩလောက်ဖွယ် ကြားသိနေရသည်။ မိမိလို ပါချည်ပါချက် သူခိုးလေးဘဝဖြင့် လူအလစ်ထဘီဝင်ရုပ်တာမျိုး၊ လူမရှိသည့်အိမ်ထဲ ဝင်ခိုးသည်များမှာ အသေးအမွှားကိစ္စမှန်း သဘောပေါက်လာသည်။

သူခိုးကြီးတော့ ဓားပြဆိုသည့် စကားအတိုင်း မည်သည့်ပြစ်မှုကိုပဲ ကျူးလွန်လာလာ နောက်ဆုံး ဆိုက်ရောက်ရသည့် နေရာသည် အကျဉ်းထောင်သာလျှင် ဖြစ်ပေသည်။ ထောင်ထဲတွင် လူပေါင်းစုံရှိသလို၊ အမှုပေါင်းစုံ ရှိနေသည်။

ထောင်ထဲ ရောက်လာကြသူချင်း အတူတူ မိမိတို့လို သူခိုးဘဝက သိမ်ငယ်နေမှန်း သိမြင်လာသည်။ ပြစ်မှုအမျိုးအစားအလိုက် ပြစ်ဒဏ်ကျလာတာချင်းလည်း မတူညီပေ။ နှစ်အနည်းအများသာ ကွာသည်။ မည်သို့ပင်ဖြစ်စေ ထောင်ထဲကို ရောက်လာသည်နှင့် မိမိတို့နေထိုင်ကြရမည့် သက်တမ်းကာလကို ကိုယ်စီပါလာသောကြောင့် အေးချမ်းစွာ နေထိုင်ရင်း လွတ်ရက်ကိုသာ မျှော်စရာ ရှိကြသည်။

ဤကဲ့သို့ ထွန်းလူတစ်ယောက် ဘဝကို ကြုံသလို နေထိုင်စားသောက်လာခဲ့ရာမှ သူ့ဘဝသက်တမ်းတစ်ဝက်ကျော်မှာ ထောင်ထဲတွင်သာ အနေများလာခဲ့သည်။ ထိုအခါ အတတ်မျိုးစုံတတ်လာခဲ့သလို ဘဝမျိုးစုံလည်း ကျင်လည်ကျက်စားလာခဲ့ရသည်။ ထွန်းလူကတော့ ရောက်လေရာဘဝမှာ ပျော်မွေ့နေတတ်သူမို့ ဘာမျှ အပူအပင်မရှိဘဲ နေထိုင်လာခဲ့ရာမှ ၎င်း၏ အသက် နှစ်ဆယ်ကျော် သုံးဆယ်ခန့်ပင် ရောက်ရှိလာသည်။

နောက်ဆုံးမှာတော့ သူ့ဘဝတစ်ဆစ်ချိုး ပြောင်းလဲစရာ အခြေအနေတစ်ရပ် ပေါ်ပေါက်လာသည်။ ယင်းမှာ သူထောင်ထဲတွင် နေထိုင်ကျင်လည်နေခဲ့စဉ် ကာလတစ်လျှောက်လုံး သူ့အပေါ် ကျွေးမွေးစောင့်ရှောက်ထားခဲ့

www.burmeseclassic.com

သော အခန်းလူကြီးတစ်ဦးနှင့် ရင်းနှီးကျွမ်းဝင်လာသည်။ ထောင်ထဲရောက်စဉ် အခါတိုင်း ယင်းအခန်းလူကြီး၏ စောင့်ရှောက်ကူညီမှုဖြင့် အနေအထိုင်သက်သာနေခဲ့ရသည်။ သူက ညစဉ်နှင်းနှိပ်ပေးနေကျမို့ သံယောဇဉ် ဖြစ်နေသည်။

အခန်းလူကြီး၏အမည်မှာ ဦးသာမောင်ဖြစ်သည်။ သူက ဓားပြဗိုလ်တစ်ဦးဖြစ်လေသည်။ ဦးသာမောင်မှာလည်း သူ့လိုမျိုး ဘဝပတ်ဝန်းကျင်မှာ ကျင်လည်ကျက်စားလာရာမှ ဓားပြခေါင်းဆောင်တစ်ဦး ဖြစ်လာသည်။ မိဘဆွေမျိုး တွယ်တာစရာ သံယောဇဉ်မရှိဘဲ တစ်ကောင်ကြွက်ဘဝဖြင့် လောကအလယ်မှာ ကြီးပြင်းလာရသူဖြစ်သည်။

ထောင်ထဲကို အကြိမ်ကြိမ်ရောက်လာခဲ့ရာမှ ဓားပြဂိုဏ်းသားချင်း အဆက်အသွယ်ဖြစ်ကာ နယ်မြေပြောင်း ဓားပြတိုက်မှုများကို အကြိမ်ကြိမ် ကျူးလွန်ခဲ့ပြီးနောက် ဖမ်းမမိဘဲ လွတ်မြောက်သွားသည့် ဓားပြမှုများလည်း ရှိသည်။ ဓားပြတိုက်မှုများ ပေါ်သွားလျှင်လည်း ထောင်ထဲ ပြန်ရောက်လာလိုက်ဖြင့် ထောင်သံသရာ လည်နေသူ ဖြစ်သည်။

နောက်ဆုံးတစ်ခေါက် ဓားပြတိုက်မှုကို အချီကြီး တိုက်လာခဲ့ပြီးနောက် ရရှိလာသော ဝေစုများကို အချိုးကျ ခွဲဝေပေးခဲ့ပြီး ခြေရာဖျောက်လစ်ခဲ့ကြလေတော့သည်။ သို့သော်လည်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များ၏ ခြေရာခံ စုံစမ်းပေါ်ထုတ်နိုင်မှုကြောင့် ဓားပြမှု ပေါ်ပေါက်သွားလေသည်။

ယင်းအမှုကို ရုံးတင်တရားစွဲဆိုခဲ့ရာမှ ဓားပြအားလုံးလိုလို ပြစ်ဒဏ်အသီးသီး ကျခံသွားရလေသည်။ ဓားပြဂိုဏ်းခေါင်းဆောင် ဦးသာမောင်အပေါ် ထောင်ဒဏ် တစ်သက်တစ်ကျွန်းပြစ်ဒဏ်ကို ချမှတ်ခဲ့သလို ကျန်ဓားပြဂိုဏ်းဝင် အားလုံးကို ထောင်ဒဏ်ဆယ်နှစ်စီ အသီးသီးချမှတ်ခြင်း ခံခဲ့ရလေသည်။

သို့သော်လည်း ဓားပြဗိုလ်ကြီး ဦးသာမောင်တစ်ယောက် သူမျှော်မှန်းထားသလို ဓားပြမှုဖြင့် ထောင်ဒဏ်ဆယ်နှစ်ခန့်၊ သို့မဟုတ် အနည်းဆုံးခုနစ်နှစ်လောက်သာ ကျခံရလိမ့်မည်ဟု တွက်ဆထားသည်။

ယခုတော့ ထောင်ဒဏ် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကြီးကို မမျှော်လင့်ဘဲ ချမှတ်ခဲ့သောအခါ ရင်ထဲမှာ သိုဝှက်ထားခဲ့သော လျှို့ဝှက်ချက်ကြီးကို မည်သူ့အား အကူအညီ ဖွင့်ဟတောင်းရမည်ကို ဝေခွဲမရနိုင်အောင် ဖြစ်သွားသည်။

ယင်းမှာ ဓားပြတိုက်ခဲ့ကြစဉ်က ရရှိလာသော ရွှေငွေရတနာ၊ လက်ဝတ်လက်စား အမြောက်အမြားကို မည်သူမျှ မမြင်မသိအောင် ဝှက်ကွယ်သိမ်းဆည်းထားခဲ့လေသည်။

အမှန်တော့ ဓားပြတိုက်မှုဖြင့် ပြစ်ဒဏ်ကျလျှင်လည်း လွတ်မြောက်လာသည့်အခါ သူ့ဘဝတစ်ဆစ်ချိုးပြောင်းလဲပစ်ရန် အကြံအစည်ဖြင့် ကွယ်ဝှက်သိမ်းဆည်းထားခြင်း ဖြစ်သည်။

ယခုတော့ သူဌေးကြီးအိမ်ကို ဓားပြတိုက်ရင်း ပြန်လည်ခုခံသဖြင့် မထင်မှတ်ဘဲ လုယက်၊ လူသတ်မှုကိုပါ ကျူးလွန်မိသွားသည်။ ယခုလို သက်ဆိုင်ရာမှ စုံစမ်းဖော်ထုတ်ခဲ့သဖြင့် အမှုမှန် ပေါ်ပေါက်ခဲ့ရာမှ ဓားပြဂိုဏ်းခေါင်းဆောင် သူ့တစ်ယောက်တည်း ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခြင်း ခံခဲ့ရလေသည်။

သည်လိုမျိုး နှစ်ရှည်ထောင်ဒဏ်ကြီးကို ချမှတ်ခံခဲ့ရသဖြင့် ထောင်ထဲတွင် သေရမည့်အခြေအနေမျိုး ဆိုက်ရောက်နေသည်။ သည့်ကြားထဲ အသက်အရွယ်ကလည်း ကြီးရင့်လာပြီဖြစ်၍ ကျန်းမာရေးမှာ ချူချာလာနေသည်။ မိမိအသက်အရွယ် ငါးဆယ်ကျော်အချိန်မှာ နှစ်ရှည်ထောင်ဒဏ်ကို ချမှတ်ခြင်းခံလိုက်ရသဖြင့် စိတ်ဓာတ်အကြီးအကျယ်ကျဆင်းသွားလေသည်။

ဒီလိုအခြေအနေမျိုးမှာ မိမိအပါးဝယ် သားတစ်ယောက်လို ပြုစုယုယပေးနေသော ထွန်းလူကြောင့် ထောင်ထဲမှာ နေရထိုင်ရအဆင်ပြေနေသည်။ ထွန်းလူကလည်း မိမိပြဿနာဖြစ်ပြီး ထောင်ထဲရောက်လာသည့်အခါတိုင်း အဘဦးသာမောင်၏ ကြည့်ရှုစောင့်ရှောက်ထားမှုကြောင့် သက်သာခွင့်ရနေသည်။ ဒီကျေးဇူးတရားကို မိမိတတ်နိုင်သမျှ ပြုစုစောင့်ရှောက်ပေးရင်း ကျေးဇူးပေးဆပ်နေခြင်း ဖြစ်သည်။

(၃)

ဤကဲ့သို့ မိမိအပေါ် အနွံအတာခံကာ ပြုစုစောင့်ရှောက်ပေးနေသော ထွန်းလူအပေါ် သံယောဇဉ် တွယ်တာမိနေသည်။ ဒီလို မိမိအပေါ် စေတနာသဒ္ဓါတရား ထက်သန်စွာ လုပ်ကိုင်ပေးနေသော အနွံအတာခံသည့် ထွန်းလူအပေါ် မိမိကလည်း ယုံကြည်အားကိုး

www.burmeseclassic.com

လာလေသည်။

မိမိအပေါ် မိတ်ရင်းနှယ် မညည်း မညူ ပြုစုလုပ်ကိုင်ပေးခဲ့သော ကျေးဇူး တရားအပေါ် တုံ့ပြန်ပေးဆပ်လိုစိတ် ပြင်းပြလာသည်။ ဒါကြောင့် ယခုလို မမာမကျန်းဖြစ်နေစဉ်ဝယ် မိမိ ကတိမ်း ကပါး ဖြစ်သွားခဲ့လျှင် ကျန်ရစ်ခဲ့သော ပစ္စည်းများအတွက် ရတက်မအေးနိုင် ရှာဘဲ နောက်ဆံတင်းနေသည်။ အမျိုးမျိုး အချိန်ယူစဉ်းစားကြည့်နေပြီး နောက်ဆုံးမှာတော့ ...

"အဟွတ် ... ဟွတ် ... ထွန်းလူ အဘမင်းကို အရေးကြီးတဲ့ စကားတစ်ခွန်း ပြောပြချင်တယ်"

"ဘာလဲ အဘ ... အဘရောဂါ အတွက် လိုအပ်မယ့် ဆေးဝါးကို ဆေးရုံ ဆောင် ဆေးခန်းထဲက သွားခိုးပေးရ မလား။ ပြောစမ်းပါ အဘ"

"မဟုတ်ဘူး ... ထွန်းလူ"

"ဗျာ ... ဘာကိစ္စများလဲအဘ"

"အေး ... ဒီကိစ္စကို မင်း ဘယ်သူ့ကိုမှ လျှောက်မပြောဘဲ နှုတ်လုံဖို့ လိုတယ်"

"ဟုတ်ကဲ့ ... စိတ်ချပါ အဘ။ ကျွန်တော် နှုတ်လုံပါ့မယ်"

"ငါ့ဆီမှာ တစ်သက်စားမကုန် နိုင်တဲ့ ပစ္စည်းတွေ ရှိနေတယ်"

"ဗျာ ..."

"ဟုတ်တယ် ... ထွန်းလူ။ မင်းကိုယ်တိုင် အဲဒီပစ္စည်းတွေကို သွား ဖော်ပြီး ယူမှရမယ်ကွ"

"အဘနဲ့ ကျွန်တော်က ထောင် ကျနေတာ ဘယ်လိုလုပ်ယူမှာလဲ"

"မင်း ထောင်ကလွတ်ချိန်ကျမှ သွားယူဖို့ပါ။ အဲဒီအချိန်ကျမှ မင်းဖော် ပြီးယူဖို့ ငါမြေပုံနဲ့ ညွှန်ပြပေးမယ်"

"ဟုတ်ပါပြီ။ ဒီပစ္စည်းတွေကို ယူပြီး အဘဆီ လာပို့ရမှာလား"

"မဟုတ်ဘူး။ မင်းယူထားဖို့ပဲ"

"ဗျာ ..."

"ဟုတ်တယ် ထွန်းလူ။ ငါ့ကျန်း မာရေး အခြေအနေက မကောင်းဘူး။ ပြီးတော့ ငါက နှစ်ရှည်ထောင်ဒဏ် ကျနေတာဆိုတော့ လွတ်ဖို့မလွယ်ဘူး"

ထွန်းလူတစ်ယောက် ပါးစပ် အဟောင်းသား ဖြစ်သွားသည်။ မိမိပိုင် ပစ္စည်းများကို တစ်စိမ်းလူတစ်ယောက် အပေါ် သဒ္ဓါထက်သန်စွာ ရက်ရက် ရောရော ပေးကမ်းနေခြင်းကြောင့် အံ့သြဝမ်းသာစိတ် ဖြစ်ပေါ်ခံစားနေရ သည်။ များပြားလှစွာသော တိုက်ရာပါ ပစ္စည်းများကို မိမိကိုယ်တိုင် တူးဖော်ယူ နိုင်သည့် အခွင့်အရေး မရှိသော ကြောင့် ၎င်း၏ကိုယ်စား မိမိအား တူး ဖော်ထုတ်ယူပေးရန် လွှဲပြောင်းပေးခြင်း ဖြစ်၍ ၎င်း၏ စေတနာသဒ္ဓါတရား ထက်သန်မှုအပေါ် အထင်ကြီး လေး စားသွားလေတော့သည်။

"ဒါပေမယ့် ... တစ်ခုတော့ မင်းကို ကြိုပြောထားရဦးမယ်။ ဒါက လည်း ငါတို့နှစ်ဦးအတွက် ကတိကဝတ် ရှိဖို့လိုတယ်"

"ဘာများလဲ ... အဘ"

"ဒီလိုကွ။ မင်းက ငါ့ရဲ့ပစ္စည်း တွေကို သွားရောက်တူးဖော်ယူပြီးတာနဲ့ ပစ္စည်းတစ်ဝက်ကို ငါ့အတွက် မင်းက ထုခွဲရောင်းချပြီး ထိန်းသိမ်းစောင့် ရှောက်ထားပေးရမယ်။ တစ်ဝက်ကို တော့ မင်းယူပေါ့ကွာ"

"စိတ်ချပါ ... အဘ။ ကျွန် တော် ယုံယုံကြည်ကြည်၊ သစ္စာရှိရှိ လုပ်ဆောင်ပါ့မယ်"

"အေး ... အဲဒီလို ယုံကြည်လို့ လည်း မင်းကို တာဝန်ပေးခိုင်းစေရ တာပဲ။ တစ်ခုပဲ ရှိတယ် ... ငါမသေ ခင်အချိန်အထိ ထောင်ထဲမှာ ရှိနေ တုန်းအခိုက်မှာ မင်းက ငါ့ဝေစုထဲက ငွေနဲ့ လိုအပ်တဲ့ဆေးဝါးနဲ့ စားစရာတွေ မှန်မှန်ပို့ပေးနိုင်အောင် စီစဉ်ပေးရမယ်။ မင်းလုပ်နိုင်ပါ့မလား"

"ဟာ ... လုပ်နိုင်ပါတယ်အဘ ရယ်။ စိတ်ချပါ ... ကျွန်တော်လာပို့ ပေးပါ့မယ်"

"အေး ... အေး ... မင်းဘက် က ကတိတည်ဖို့ပဲလိုပါတယ်"

**"တောက် ...**
**ဒီလောက်များပြားတဲ့**
**ပစ္စည်းတွေ ငါပိုင်ပြီကွ။**
**ဘယ်သူမှခွဲမပေးဘူး"**
**ထွန်းလူတစ်ယောက်**
**မြေကြီးထဲမှ**
**ရွှေငွေလက်ဝတ်**
**လက်စားများ**
**ထည့်ထားသော**
**အိုးကလေးတစ်လုံးကို**
**တွေ့မြင်လိုက်စဉ်မှာပဲ**
**လောဘစိတ်များ**
**တဖွားဖွား**
**ပေါ်ပေါက်လာကာ**
**အထက်ပါအတိုင်း**
**ကြုံးဝါးပြောဆိုနေခြင်း**
**ဖြစ်ပါသည်။**

www.burmeseclassic.com

ဤကဲ့သို့ ဦးသာမောင်က ထွန်းလူအပေါ် ယုံကြည်စိတ်ချစွာဖြင့် သူ့ဘေးပြတိုက်ရာမှရရှိလာသော ပစ္စည်းများကို တစ်ဝက်ခွဲပေးရန် သဘောတူခွင့်ပြုပေးခဲ့သည်။

ထွန်းလူကတော့ သူခိုးစိတ်ရှိနေသူပီပီ မခိုးမဝှက်ရဘဲ လက်ဝတ်ရတနာများကို တူးဖော်ယူရမည့်အရေးကို တွေးပြီး ကျိတ်ဝမ်းသာနေခဲ့သည်။ မိမိတစ်သက်လုံး ခိုးဝှက်လာခဲ့သမျှ ဤမျှလောက်များပြားသော ရွှေငွေလက်ဝတ်လက်စားများကို တစ်ခါဖူးမျှ မပိုင်ဆိုင်ခဲ့ရဘဲ အဖမ်းခံရပြီး ထောင်ထဲချည်း ရောက်ရှိနေခဲ့ရသည်။

ဒါကြောင့်လည်း မိမိအပေါ် ယုံကြည်စိတ်ချလာစေရန် မကျန်းမာနေသော ဦးသာမောင်အပေါ် ဆထက်ထမ်းပိုးတိုးပြီး ဂရုစိုက်ပြုစုပေးနေသည်။ ဦးသာမောင်ဘက်ကလည်း မိမိပိုင်ပစ္စည်းများကို မိမိသေဆုံးသွားခဲ့ပါက မြေဆီသြဇာဖြစ်ပြီး အလဟဿ ဆုံးရှုံးသွားမည်စိုး၍ ထွန်းလူနှင့် အပေးအယူလုပ်၍ ရလာခဲ့သဖြင့် ကျေနပ်ဝမ်းမြောက်နေသည်။

ဤသို့ဖြင့် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက် ရရှိခဲ့ကြပြီးနောက် ထွန်းလူထောင်မှ လွတ်မည့်အချိန်ကို စောင့်မျှော်နေခဲ့ကြလေတော့သည်။ မကြာမီ ထွန်းလူတစ်ယောက် မိမိကျခံနေရသော ထောင်ဒဏ်မှ လွတ်ရက်စေ့ရောက်ကာ ထောင်မှ လွတ်လာခဲ့လေသည်။

မိမိကို ဓားပြခေါင်းဆောင်ကြီး ဦးသာမောင် ဖွက်သိမ်းထားသော ပစ္စည်းများထားရှိသည့် နေရာမြေပုံညွှန်းအတိုင်း ခရီးထွက်ပြီး သွားရောက်တူးဖော်ကာ ယူဆောင်လာခဲ့သည်။ တကယ်တမ်း ဝှက်သိမ်းထားသော လက်ဝတ်ရတနာပစ္စည်းများကို အိုးလေးတစ်လုံးထဲမှာ တွေ့မြင်လိုက်ရသောအခါ လောဘတက်လာခဲ့လေတော့သည်။

(၄)

"တောက် ... ဒီလောက်များပြားတဲ့ပစ္စည်းတွေ ငါပိုင်ပြီကွ။ ဘယ်သူ့မှ ခွဲမပေးဘူး"

ထွန်းလူတစ်ယောက် မြေကြီးထဲမှ ရွှေငွေလက်ဝတ်လက်စားများ ထည့်ထားသော အိုးကလေးတစ်လုံးကို တွေ့မြင်လိုက်စဉ်မှာပဲ လောဘစိတ်များ တဖွားဖွား ပေါ်ပေါက်လာကာ အထက်ပါအတိုင်း ကြုံးဝါးပြောဆိုနေခြင်း ဖြစ်ပါသည်။

လောလောဆယ် မိမိသုံးစွဲနိုင်ရန် ငွေကြေးနှင့် ဖလှယ်သည့်သဘောဖြင့် တချို့တစ်ဝက်ကို ထုခွဲရောင်းချပစ်လိုက်သည်။ လက်ဝယ်ရရှိသော ငွေကြေးအရင်းအနှီးဖြင့် စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်လုပ်ကိုင်နေသည်။

ထောင်မှ လွတ်လာပြီးကတည်းက ထောင်ထဲမှာရှိနေသော ဦးသာမောင်ထံ လုံးဝ သွားမတွေ့တော့ဘဲ အဆက်ဖြတ်ထားခဲ့သည်။ ဦးသာမောင်၏ အခြေအနေမှာလည်း နှစ်ရှည်ထောင်ဒဏ် ကျခံနေရသူဖြစ်၍ ထောင်မှလွတ်မြောက်နိုင်စရာ အကြောင်းမရှိပေ။ ဒါကြောင့်လည်း တစ်ယောက်တည်း မူပိုင်သိမ်းဆည်းထားပြီး အပိုင်သိမ်းပိုက်ထားခြင်း ဖြစ်သည်။

သို့သော်လည်း ကံကြမ္မာအလှည့်အပြောင်းက အံ့သြစရာကောင်းလောက်အောင် ဖြစ်ပေါ်ပြောင်းလဲလာလေသည်။ နိုင်ငံတော်၏ စေတနာဖြင့် နှေ့ကြီးရက်ကြီး အထိမ်းအမှတ်ပွဲများကို အကြောင်းပြုပြီး နိုင်ငံတော် လွတ်ငြိမ်းချမ်းသာခွင့်များ ထုတ်ပြန်ကြေညာလိုက်သည်။

ထိုအခါ နှစ်ကြီးအကျဉ်းသားဦးသာမောင်အတွက် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်အမျိုးအစားမှ အကျုံးဝင်ခံစားခွင့်ရလာလေသည်။ ယင်းသို့ ထောင်ထဲမှာ နေလာသည့် ထောင်ကျသက်ရှည်ကြာလာသည်နှင့်အမျှ လွတ်ငြိမ်းချမ်းသာခွင့် နှစ်ကြိမ်သုံးကြိမ် မြောက် ပြီးသွားချိန်မှာတော့ ဦးသာမောင်တစ်ယောက် ထောင်မှ လွတ်မြောက်ခဲ့လေတော့သည်။

ထိုသို့ ထောင်မှ လွတ်မြောက်လာခဲ့သည့်အချိန်ကတည်းမှ ထွန်းလူကို မြေလှန်ရှာနေခဲ့သည်။ ထိုအချိန်မှာ ထွန်းလူကတော့ ရရှိလာသော စည်းစိမ်များအပေါ်မှာ ယစ်မူးနေစဉ်ဖြစ်သည်။

နောက်ဆုံးမှာတော့ ထွန်းလူ နေထိုင်သည့်နေရာကို ခြေရာခံမိသွားခဲ့သည်။ ထွန်းလူတစ်ယောက် မိမိပိုင်ပစ္စည်းများဖြင့် ကောင်းစားနေသည်ကို မျက်မြင်ဒိဋ္ဌ တွေ့မြင်သွားသောအခါ ပို၍ဒေါသပေါက်ကွဲလာသည်။

သစ္စာမရှိသူ ထွန်းလူအပေါ် တုံ့ပြန်ကလဲ့စား ချေနိုင်ရန်အတွက် အကွက်ချ စီစဉ်နေခဲ့သည်။ နောက်ဆုံး မိမိထောင်မှ လွတ်မြောက်လာပြီဖြစ်ကြောင်းသိရှိစေရန် စာရေးအကြောင်းကြားလိုက်ခြင်း ဖြစ်သည်။

ယင်းကဲ့သို့ စာရေးပေးပို့ထားခဲ့ပြီး တစ်ပတ်လောက်အကြာမှာ ထွန်းလူထံ ဖုန်းဖြင့် ဆက်သွယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကလင် ... ကလင်"

တယ်လီဖုန်းမှ အသံမြည်လာသံကြောင့် ထွန်းလူ ဖုန်းကိုကောက်ကိုင်လိုက်စဉ်မှာပဲ တစ်ဖက်မှ ဆက်သွယ်ပြောကြားလာသည်။

"ဟဲလို ... ထွန်းလူ စကားပြောနေပါတယ်"

"ဟော့ကောင် ... ထွန်းလူ ... မင်း ငါ့လက်က လွတ်အောင် မပုန်းနိုင်ပါဘူးကွာ"

"ခင်ဗျား ... ဘယ်သူလဲ"

"ငါ ... သာမောင်ပဲကွ"

"ဗျာ ..."

"ဟဲ ... ဟဲ ... ခုကျမှ ကြောက်နေပြီလား။ မင်းက ထောင်ထဲမှာပဲ သေမယ်ထင်ပြီး ငါ့ပစ္စည်းတွေကို မောင်ပိုင်စီးထားတာ။ ခုတော့ လွတ်ငြိမ်းခွင့်နဲ့ ငါ ထောင်ကလွတ်လာပြီကွ။ မင်းကို တစ်ပတ်ပဲ အချိန်ပေးမယ်။ ငါ့ပစ္စည်းတစ်ဝက်ကို လာပေး။ မပေးရင်တော့ မင်းကို ငါကိုယ်တိုင် လာသတ်မယ် ... ဒါပဲ"

တစ်ဖက်မှ ဒေါသတကြီး ပြောဆိုပြီး ဖုန်းချသွားသည်။ ထွန်းလူတစ်ယောက် စိတ်အကြံအိုက်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ ဗျာများသွားလေသည်။ မိမိဘဝလေး ကောင်းစားနေချိန်မှာ မိမိက သေလူအဖြစ် တွက်ဆထားခဲ့သော ဦးသာမောင်က ထောင်မှ လွတ်လာနေပြီ။ ဒါကြောင့် ဒီပြဿနာကို ဖြေရှင်းဖို့ ခေါင်းခဲနေသည်။ ထိုစဉ်

"ကလင် .. ကလင် .. ကလင်"

တယ်လီဖုန်းခေါ်သံက အဆက်မပြတ် ပေါ်ထွက်လာနေသောကြောင့် ထွန်းလူ ဖုန်းကိုင်ရမည်ကို ကြောက်ရွံ့ထိတ်လန့်နေသည်။ မိမိကို တစ်ပတ်ချိန်းဆိုထားခဲ့ရာမှ စိတ်ဒေါသပေါက်ကွဲပြီး ချက်ချင်းလိုက်လာမည်လားဟူသော အတွေးများဖြင့် ယောက်ယက်ခတ်ဆန်အောင် ဖြစ်ပေါ်ခံစားနေရသည်။

သို့သော်လည်း ဖုန်းခေါ်သံပျောက်သွားသဖြင့် စိတ်အေးလက်အေးနေနိုင်ပြီဆိုပြီး တွေးနေစဉ် အခန်းတံခါးဝမှ လူခေါ်ဘဲလ်သံက ပေါ်ထွက်လာသည်။

"ကလင် ... ကလင်"

ထွန်းလူ ခေါင်းနားပန်းကြီးသွားသည်။ ဒီတစ်ခါတော့ ဘယ်လိုမှ ရှောင်လွှဲမရနိုင်တော့သဖြင့် စိတ်ပျက်အားငယ်သွားသည်။ နောက်ဆုံး ဘာပဲဖြစ်ဖြစ် မိမိရင်ဆိုင်တွေ့ဆုံလိုက်ပြီး မိမိပိုင်ပစ္စည်းများကို ပေးအပ်မည်ဟု အနူးအညွတ်ပြောဆိုတောင်းပန်မည့် အကြံဖြင့် တံခါးကို ဖွင့်လိုက်စဉ် ...

"ညီလေး ..."

"ဟင် ... အစ်ကို"

မိမိကို တရင်းတနှီး နှုတ်ဆက်ခေါ်ငင်လိုက်သံကြောင့် ကြောက်ရွံ့ထိတ်လန့်နေသော အမူအရာဖြင့် တံခါးဝမှာ ခေါင်းငုံ့စောင့်ကြိုနေစဉ် ရုတ်တရက် ခေါင်းမော့ကြည့်လိုက်ပြီး အာမေဋိတ်သံ ထွက်ပေါ်သွားသည်။ မိမိနှင့် နှစ်ပေါင်းများစွာ ကွဲကွာနေသော အစ်ကိုဖြစ်သူကို ရုတ်တရက် တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာအားရ ပွေ့ဖက်လိုက်သည်။

"အစ်ကို ဘယ်ကနေ ဘယ်လို စုံစမ်းပြီး ရောက်လာခဲ့တာလဲ"

"အေးကွာ ... ငါလည်း မင်းနဲ့ခွဲပြီး တပ်မတော်ထဲဝင်သွားခဲ့တယ်။ ဒါပေမယ့် ... မြစ်ကြီးနားဘက်မှာ တာဝန်ကျနေတုန်း ငှက်ဖျားမိလာတယ်။ နောက်ဆုံး ဆေးရုံတက် ဆေးကုသနေရင်း ဆေးပင်စင်တင်ပြီး တပ်ထဲကနေ ထွက်လာတယ်။ နောက်မှ ထဲမှာ အလုပ်ဝင်လုပ်နေရင်း အဆင်ပြေလာတော့ အရက်သောက်စား နေထိုင်လာရင်း ငှက်ဖျားရောဂါ အမြစ်မပြတ်ခင်မှာ အသည်းရောဂါဖြစ်လာပြန်တော့ အဲဒီလို ရောဂါတွေနဲ့ လုံးလည်လိုက်နေရင်း ငါမသေခင် ညီလေးကို နောက်ဆုံးအနေနဲ့ တစ်ခါလောက်တွေ့ချင်လို့ လိုက်ရှာနေခဲ့တာ တစ်လလောက်ရှိပြီ။ မင်းဖုန်းကိုခေါ်တာ မကိုင်လို့ လိုက်လာတာပဲ"

"ဒါဆို ... ကျွန်တော့်သတင်းကို ဘယ်လိုရလာခဲ့တာလဲ"

"ဟာ ... တို့နဲ့ ဂိုဒေါင်ကြီးဘေးမှာ အတူတူနေခဲ့တဲ့ ကုလားမန်းနီက ကီလီမှာ အိမ်ထောင်ကျပြီး ကွမ်းယာရောင်းစားနေတာတွေ့တော့ ညီလေး တစ်ယောက် ဘယ်ကပွပေါက်တိုးပြီး ကြီးပွားနေလဲ မသိဘူးဆိုပြီး မင်းနေတဲ့ နေရာကို လမ်းညွှန်လိုက်လို့ ရောက်လာခဲ့တာပဲ"

"ခုလို ... ကွဲကွာနေကြတဲ့ ညီအစ်ကိုချင်း ပြန်လည်ဆုံစည်းရတာ သိပ်ဝမ်းသာတယ်အစ်ကို။ ကျွန်တော့်အိမ်မှာ တစ်သက်လုံးနေပါ။ ကျွန်တော် စောင့်ရှောက်ပါ့မယ်"

"အေးကွာ ... ညီလေးကို ခုလို ပြန်ဆုံရလို့ အစ်ကိုကြီး သေပျော်ပါပြီကွာ။ အစ်ကိုက လူ့ဘဝကြီးမှာ ခြောက်လပဲ အသက်ရှင်တော့မယ့် ကင်ဆာရောဂါ ဖြစ်နေပြီကွာ"

"ဗျာ ..."

"ဟုတ်တယ် ... ညီလေး။ တို့ညီအစ်ကိုဟာ ရုပ်ချင်းခွဲမရအောင် တူ



www.burmeseclassic.com

www.burmeseclassic.com

ပေမယ့် တစ်ယောက်က လူ့လောက ကြီးမှာ ကောင်းစားနေချိန်မှာ တစ်ယောက်ကတော့ ရောဂါပေါင်းစုံဖြစ်ပြီး လူ့လောကကြီးကနေ မကြာခင် ထွက်ခွာရတော့မယ်"

"အစ်ကို့ရောဂါ ပျောက်အောင် ငွေဘယ်လောက်ကုန်ကုန် ကျွန်တော် ကုမယ်"

"မရတော့ဘူး ထွန်းလူ။ ဆရာဝန်ကိုယ်တိုင် လက်လျှော့ပြီးနေပြီကွ"

"ဖြစ်မှဖြစ်ရလေ ... အစ်ကိုရယ်။ ကျွန်တော်တို့ ညီအစ်ကိုတွေ အနှစ်နှစ်ဆယ်လောက် ကွဲကွာနေပြီး ပြန်ဆုံကြရမယ့်အချိန်မှာ အစ်ကိုက သေလူဖြစ်နေပြီ။ လောကကြီးက သိပ်အံ့ဩဖို့ ကောင်းတာပဲ"

"အစ်ကိုကတော့ ကျေနပ်ပါတယ် ညီလေးရာ။ တစ်သက်လုံး ဆိုးပေလာတဲ့ ညီလေးတစ်ယောက် ခုလို ကောင်းစားနေတာမြင်ရတော့ အစ်ကို ကျေနပ်အားကျမိတယ်။ ဘယ်လို ဘယ်ပုံ ချမ်းသာလာတာလဲဆိုတာ အစ်ကို့ကို ပြောပြစမ်းပါဦး"

ထွန်းလူက ဒုစရိုက် လုပ်ငန်းထဲမှာ ငယ်စဉ်ကတည်းက ကျူးလွန်နေလာခဲ့သည်မှအစ ထောင်ထဲတွင် စားပြဗိုလ်ကြီး ဦးသာမောင်နှင့် တွေ့ဆုံခဲ့ကြပုံများ။ ထောင်ထဲမှာသေမည်ဟု ယူဆသဖြင့် မိမိအား ပစ္စည်းများ ပေးအပ်ခဲ့ပုံများကို အသေအချာ ပြောပြနေသည်။ သို့သော် ဦးသာမောင်က မိမိအား လာရောက်သတ်ရန် ကြံစည်နေပုံကို စိတ်မကောင်းမှုစိုး၍ ထုတ်မပြောခဲ့ပေ။

"ကဲ ... အစ်ကိုလည်း ရောက်လာပြီဆိုတော့ ကျွန်တော်တို့ညီအစ်ကို ပျော်ပျော်ပါးပါးကြီး နေသွားကြရအောင် ကျွန်တော်စီစဉ်ပေးမယ်"

"အေးကွာ .. ငါမသေခင်အချိန်လေးမှာ မင်းအိမ်မှာနေထိုင်ပြီးတော့ လူ့ဘဝအရသာကို ဖိမ်ခံနေတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီကွာ"

"ကောင်းပါတယ် အစ်ကို။ ကျွန်တော် အပြင်သွားစရာကိစ္စရှိနေလို့ လောလောဆယ် ကျွန်တော့်ခုတင်မှာပဲ အေးအေးဆေးဆေးနားနေပါ။ ကျွန်တော်ပြန်လာမှပဲ စီစဉ်ပေးပါ့မယ်"

ပြောပြောဆိုဆိုနှင့် ထွန်းလူက နှုတ်ဆက်ပြီး တိုက်အောက်ဘက်သို့ ဆင်းသွားလေသည်။ ထွန်းဟန်ကတော့ ရောဂါအခြေအနေကြောင့် ဘယ်မှ မသွားလာနိုင်တော့ဘဲ ထွန်းလူအိပ်ရာပေါ်မှာပဲ အေးအေးဆေးဆေး အနားယူနေသည်။

ထွန်းလူ ခေါင်းနားပန်းကြီးသွားသည်။ လက်မှနာရီကို မြှောက်ပြီးကြည့်လိုက်ရာ ညနေ ၆ နာရီခွဲကို ညွှန်ပြနေသည်။ မိမိအိမ်ကို ပြန်ရင်တောင် ဘယ်လိုနည်းနှင့်မျှ မမီနိုင်ပေ။ ဒါကြောင့် ထိုင်နေရာမှ ကမန်းကတန်းထပြီး ခြေလှမ်းခပ်သွက်သွက်လှမ်းကာ နီးစပ်ရာတယ်လီဖုန်းဖြင့် ဝမ်းနိုင်းနိုင်းသို့ ဆက်သွယ်အကြောင်းကြားလိုက်သည်။

(၅)

ထိုအချိန်တွင် ထွန်းလူတစ်ယောက် ဦးသာမောင်ကိစ္စကို မည်သို့ ဖြေရှင်းရမည်ကို ကီလီဗောတံတားပေါ်မှာ ထိုင်ရင်း တွေးတောစဉ်းစားနေခဲ့သည်။

ထိုစဉ် ထွန်းလူထိုင်နေရာ အနီးသို့ လူတစ်ယောက် ချဉ်းကပ်လာသည်။ ထွန်းလူ ရုတ်တရက် မိမိအနားသို့ ကပ်လာသူကို ကြောက်ရွံ့ထိတ်လန့်စိတ်ဖြင့် လှည့်ကြည့်လိုက်သည်။ သေသေချာချာကြည့်လိုက်တော့မှ လက်ပွားမြင့်အောင်ဆိုသူ ဖြစ်နေသည်။ မိမိနှင့် တစ်ချိန်တုန်းကာလက အတူတူတွဲပြီး ဖောက်ထွင်းမှု ကျူးလွန်ခဲ့သူ ဖြစ်သည်။

"ဟာ ... ထွန်းလူ၊ အတော်ပဲ ကျုပ် ခင်ဗျားကို အရေးတကြီးရှာနေခဲ့တာ"

"ဟုတ်လား ... ဘာကိစ္စလဲကွ"

"ခင်ဗျားအတွက် သေရေးရှင်ရေးကိစ္စ သတင်းပေးချင်လို့ပါ"

"ဘာသတင်းမို့လဲကွ"

"ဟဲ ... ဟဲ ... ဒီလို လွယ်လွယ်ပြောလို့မရတဲ့ကိစ္စမို့ ဘယ်ဖြစ်မလဲ"

ထွန်းလူက အထာပေါက်သွားသည်။ ဒုစရိုက်လောကမှာ လက်ပွားမြင့်အောင်က သတင်းပေးတစ်ယောက်ဖြစ်သည်။ တစ်နည်းအားဖြင့် အကွက်အကွင်း ကောင်းကောင်းကိုတွေ့လျှင် လက်ထောက်ချပေးသူ ဖြစ်သည်။

ထိုအခါ ထွန်းလူက မိမိချိုင်းကြားမှာ ညှပ်ထားသော သားရေအိတ်ပြားထဲမှ ငွေငါးထောင် ပစ်ပေးလိုက်သည်။ လက်ပွားမြင့်အောင်က ငွေစက္ကူများကို ရေတွက်စစ်ဆေး ကြည့်ရှုလိုက်



www.burmeseclassic.com

www.burmeseclassic.com

ပြီးနောက် ...

"ဟာ ... ဒီငွေငါးထောင်လောက်နဲ့ ဘယ်ရမလဲဗျ"

"ဘာဖြစ်လို့လဲ ..."

"ကျုပ်ပြောမယ့်သတင်းက သေရေးရှင်ရေးကိစ္စ။ ခင်ဗျားအတွက် သိပ်အရေးကြီးတဲ့ သတင်းကို ဒီငွေလောက်နဲ့ ဘယ်ဖြစ်မလဲ"

"လက်ပွားရာ ... မင်းကဈေးကိုင်နေပြန်ပြီ"

"ခင်ဗျားမှာ ဒီထက်မက ချမ်းသာနေတာ။ ပိုင်ရှင်က ခင်ဗျားကို အသေရရ အရှင်ရရ အပြတ်ရှင်းဖို့ လိုက်ရှာနေပြီ"

ဦးသာမောင် မိမိကို ခြေရာခံလိုက်နေသော သတင်းကို လက်ပွားလည်း သိထားနှင့်ပြီး ဖြစ်နေသည်။ ဒါကြောင့် ဈေးကိုင်နေခြင်း ဖြစ်သည်။

"ကဲ ... ရော့ ... ငါးထောင်ယူကွာ ... ပြောစမ်း"

"ဟဲ ... ဟဲ ... ဒီလိုလုပ်စမ်းပါဗျာ။ ဒီလိုဗျ ... မနေ့က ဘူတာကြီးမှာ ဦးသာမောင်နဲ့ ဆုံခဲ့တယ်။ သူက ဒီည ၇ နာရီမှာ ခင်ဗျားကို အပြတ်ရှင်းပစ်မယ်ဆိုပြီး ကျုပ်ကိုတောင် အဖော်ခေါ်တယ်"

ထွန်းလူ ခေါင်းနားပန်းကြီးသွားသည်။ လက်မှနာရီကို မြှောက်ပြီး ကြည့်လိုက်ရာ ညနေ ၆ နာရီခွဲကို ညွှန်ပြနေသည်။ မိမိအိမ်ကို ပြန်ရင်တောင် ဘယ်လိုနည်းနှင့်မျှ မမီနိုင်ပေ။ ဒါကြောင့် ထိုင်နေရာမှ ကမန်းကတန်းထပြီး ခြေလှမ်းခပ်သွက်သွက်လှမ်းကာ နီးစပ်ရာ တယ်လီဖုန်းဖြင့် ဝမ်းနိုင်းနိုင်းသို့ ဆက်သွယ် အကြောင်းကြားလိုက်သည်။

ထွန်းလူ အခြေအနေကို သိရှိနိုင်ရန် အိမ်ဆီသို့ အပြားကားဖြင့် အလျင်အမြန် ပြန်လာနေသည်။ အိမ်ရှေ့ ခပ်လှမ်းလှမ်း မှောင်ရိပ်က အခြေအနေကို အကဲခတ် စောင့်ကြည့်နေသည်။ မိမိအိမ်ရှေ့မှာ ရဲဇီလီဂျစ်ကားတစ်စီး ရပ်ထား သည်ကို လှမ်းမြင်နေရသည်။

မကြာမီ မိမိနေထိုင်ရာ အထပ်မှ လူများ ဆင်းလာနေကြသည်။ ရှေ့ဆုံးမှ ဆင်းလာနေသော ရဲတပ်ဖွဲ့ဝင်နှစ်ဦးကြားတွင် လက်ထိတ်တန်းလန်းခတ်လျက် ဦးသာမောင်ကို ခေါင်းငိုက်စိုက်ချလျက် တွေ့မြင်လိုက်ရသည်။ ယင်းနောက် ဇီလီဂျစ်ကို မောင်းထွက်သွားသည်ကိုမြင်မှ မှောင်ရိပ်ထဲမှ ထွက်ကာ အပေါ်ထပ် အပြေးတက်လာသည်။

"ဟင် ... အစ်ကို ဘယ်လိုဖြစ်တာလဲဗျာ ..."

"ခင်ဗျားက ... ဘယ်သူလဲ"

"ကျွန်တော်က ... ထွန်းလူပါ ဒီအခန်းပိုင်ရှင်ပါ"

"သူက ... ဘယ်သူလဲ"

"ဒါက ကျွန်တော့်အစ်ကို ထွန်းဟန်ပါ။ ကျွန်တော့်အိမ်မှာ ကျန်းမာရေးမကောင်းလို့ နယ်ကလာ ဆေးကုသနေတာပါ ... ခုတော့"

"ဟာ ... ခင်ဗျားတို့ ညီအစ်ကိုက တော်တော် ရုပ်ဆင်ကြတာပဲ။ ဘယ်လိုကိစ္စဖြစ်ပြီး အသတ်ခံလိုက်ရတာလဲ"

"ကျွန်တော်လည်း ကိစ္စတစ်ခုနဲ့ အပြင်သွားနေခဲ့တာ ဘယ်သူကများ လာသတ်သွားတာလဲဗျာ"

"ကျုပ်တို့က လူတစ်ယောက်က ဖုန်းသတင်းပေးလို့ ချက်ချင်းရောက်လာတုန်း တရားခံက ဒီလူကို ဓားနဲ့ ထိုးသတ်ပြီးနေပြီ။ လက်နက်ချလိုက်ဖို့ သေနတ်ချိန်ပြီး အမိန့်ပေးပြီးမှ ဖမ်းဆီးလိုက်နိုင်တယ် ..."

"အမှန်တော့ ကျွန်တော့်အပေါ် မကျေနပ်ချက်ရှိလို့ အငြိုးအတေးထားပြီး အဲဒီလူက အိမ်ထဲလာဝင် သတ်ချိန်မှာ နေမကောင်းဖြစ်နေတဲ့ အစ်ကိုက ကျွန်တော့်ခုတင်ပေါ်မှာ အိပ်နေရင်း မှားသတ်သွားခဲ့တာပဲ"

ထွန်းလူက အမှုစစ်ရဲအရာရှိကို ဖြစ်စဉ်ပြောပြနေပြီး မကြာမီမှာ လူနာတင်ယာဉ်ရောက်ရှိလာ၍ အလောင်းကို ဆေးရုံသို့ သယ်ဆောင်သွားကြလေသည်။ မကြာမီ ရဲတပ်ဖွဲ့ဝင်များ အိမ်ပေါ်မှ ဆင်းသွားကြသည်။

သည်တော့မှ ... ထွန်းလူ တစ်ယောက် စိတ်သက်သာရာ ရသွားလေသည်။ ဦးသာမောင်တစ်ယောက် မိမိအပေါ် တုံ့ပြန်ကလဲ့စား ချေခဲ့ရသဖြင့် ကျေနပ်အားရသွားပေမည်။ အကယ်၍များ မိမိအစ်ကိုဖြစ်သူသည် မိမိနေရာမှာ နေထိုင်မကောင်းသဖြင့် လူစားဝင်အိပ်ပျော်နေသည်ကို ဦးသာမောင်တစ်ယောက် သိသွားနိုင်မည်မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် လူသတ်မှုကျူးလွန်လာခဲ့သော ဦးသာမောင်တစ်ယောက် အုတ်ရိုးလေးဘက်ကြားမှာ နှစ်ရှည်လများ ထောင်ဒဏ်ကျခံနေရမည်မှာ မလွဲကေန် ဖြစ်ပါတော့သည်။

စိုးဝေ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# တစ်ကိုယ်တော်လူမိုက်

ညွန့်မောင်ဦး

အိမ်ခြေရှစ်ဆယ်ခန့်သာ ရှိသော မရမ်းကုန်းရွာကလေးမှာ ကိုအုန်းသာက ရွာလူကြီး။ ဆယ်အိမ်ခေါင်းလည်း သူ၊ ရာအိမ်ခေါင်းလည်းသူပဲ။ ကိုအုန်းသာမှာ အသက် ၄၀ ကျော် တစ်ကိုယ်တည်းသမား၊ ရွာစွန်နားမှာပဲ တဲကလေးနှင့် နေသည်။ ကိုအုန်းသာမှာ အလုပ်မရှိ။ သူကြီးခိုင်းတာတွေ လုပ်ပေး၍ သူကြီးက ထမင်းကျွေးထားသည့် သူကြီးလက်ရုံးတစ်ယောက် ဖြစ်သည်။ သူကြီးလက်ရုံးဆိုတော့ ရွာသားတွေ မလေးစားချင်သော်လည်း ကြောက်ကြသည်။ ကြောက်အောင်လည်း ကိုအုန်းသာက လက်တွေ့ပြထားသည်။ လက်တွေ့ပြပုံမှာ ဂျပန်များ မြန်မာပြည်မှ ပြန်ထွက်ချိန်မှာ ကိုအုန်းသာတို့ တောရွာတွေမှာ သူပုန်များ၊ ဓားပြများ သောင်းကျန်းနေကြသည်။ ထိုအချိန်မှာ ကိုအုန်းသာတို့ရွာကို နေ့စဉ်လိုပင် နေဝင်ချိန်လောက်မှာ တခြားရွာမှာ လူမိုက်တစ်ယောက်က ရွာထဲကိုလာပြီး ဓားမြှောင်ကိုင်၍ ဆဲရေးရမ်းကားနေပါသည်။ ထို့လူ့လက်ထဲမှ ဓားမြှောင်ကိုမြင်၍ ရွာသားများ မပြောမဆိုရဲ ရင်မဆိုင်ရဲကြပါ။ တချို့ရွာသားတွေကလည်း ကိုယ်နှင့်မဆိုင်သလိုနေကြ၍ ထိုလူမိုက်က သူ့ကို ရွာသားတွေ ကြောက်ကြတယ်ထင်ပြီး တစ်နေ့တခြား ရမ်းကားနေပြီး သူလာလျှင် ဟောင်သော ခွေးများကိုပင် လိုက်ရိုက်လိုက်ဆဲ ပြုလုပ်လာသည်။ ထိုလူလာလျှင် ရွာထဲမှာ ကစားနေကြသော ကလေးများပင်ကြောက်၍ အိမ်ထဲဝင်ပြေးကြသည်။

တကယ်တော့ ထိုလူမိုက်မှာ ကိုအုန်းသာတို့ရွာမှ မုဆိုးမတစ်ယောက်နှင့် တိတ်တိတ်ပုန်းညားနေပြီး ရွာကို နေ့တိုင်းလာနေပြီး မုဆိုးမရှာခိုင်းသော မြအောင်ကို လာရှာနေသည်။ မြအောင်မှာ မုဆိုးမသမီးခင်လှနှင့် ချစ်ကြိုက်နေကြသည်ကို မုဆိုးမက သဘောမတူ၍ မြအောင်ကို သတ်ခိုင်းလိုက်ခြင်း ဖြစ်သည်။ ထိုလူ ရွာမှာ လာသောင်းကျန်းနေသည်ကို ရွာသားများက ကိုအုန်းသာကို ပြောသောအခါ ကိုအုန်းသာက မိမိသိထားသော ထိုလူအကြောင်းကို ပြောပြသည်။

"ငါလည်း ...သည်ကောင်အကြောင်းစုံစမ်းနေတာ။ သည်ကောင်က မြောက်ရွာဓားပြဗိုလ် မိုက်ခဲရဲ့တူ။ သူလည်း ဓားပြပဲ"

"သူ့ကြည့်ရတာ အရက်ကြိုက်ပြီး မိုက်လည်း မိုက်ပုံရတယ်"

"သူ့ကိုယ်သူ ယုံလို့ လာရမ်းကားတာ ဖြစ်မှာပေါ့။ သတိတော့ထားရမယ်"

"အရက်ကြိုက်ဆို မုဆိုးမ အေးတင်က မြအောင်ကို သူ့သမီးခင်လှနဲ့ သဘောမတူလို့ မြှောက်ပေးနေတာကိုး"

"ဟုတ်လား။ သည်အကြောင်း ကျွန်တော်တို့ မသိသေးဘူး။ ဒါကြောင့် သည်ကောင် လာသောင်းကျန်းနေတာကိုး"

"ဒါဆိုရင် မြအောင်ကိုလည်း သတိပေးထားမှ။ သူက နေထွက်နေဝင် လယ်ထဲသွားနေတာ"

"သည်အကြောင်းတွေ မြအောင်သိမှာမဟုတ်ဘူး။ သတိပေးထားဦးမှ"

"တို့ရွာမှာ မုဆိုးမ အေးတင်ရှိနေတာ မကောင်းဘူး။ သူက ဘယ်သူနဲ့မှ မတည့်ဘူး။ သူ့သမီးကိုလည်း ရိုးသားတဲ့ မြအောင်နှင့် သဘောမတူဘူး။' အဲသည်လူမိုက်နှင့် မြူစားနေတာ"

"ဒါနဲ့ ကိုအုန်းသာပြောတာ လူမိုက်က မုဆိုးမနဲ့ ညားနေတာဆို

www.burmeseclassic.com

"သည့်ကောင်က နှစ်ယောက်စလုံးကို ကြံနေတာ ဖြစ်မှာပေါ့"

"ဘာတွေပဲဖြစ်နေဖြစ်နေ သည်ကောင် ရွာထဲလာသောင်းကျန်းနေတာတော့ ကြည့်နေလို့ မဖြစ်ဘူး။ တစ်ခုခုလုပ်ရမယ်"

"ဟုတ်တယ် ကိုအုန်းသာ။ ခင်ဗျားမှာ တာဝန်ရှိတယ်။ အေးတင်ကို သွားပြီးတားဆိုင်းရင် မကောင်းဘူးလား"

"သည်ကောင်မကို သွားပြောရင် ရွာသားတွေ သူ့ကိုကြောက်တယ်ဆိုပြီး ပိုဆိုးသွားမှာပေါ့။ နေပါဦး၊ ငါစဉ်းစားပြီး စီစဉ်ပါ့မယ်"

မုဆိုးမအေးတင်မှာ ရွာမှာ ဘာအလုပ်မှ မလုပ်ဘဲ ကုန်သည်ဟန်ဆောင်၍ တခြားရွာကို သားအမိနှစ်ယောက် ထွက်သွားရာ လေးငါးရက်ကြာမှ ပြန်လာတတ်ပြီး နောက်ပိုင်းမှာ ထိုလူမိုက် သူတို့အိမ်ရောက်လာခြင်း ဖြစ်သည်။ သည်လိုနှင့် ကိုအုန်းသာနှင့် ရွာသားများ တိုင်ပင်ကြပြီး တစ်ပတ်ခန့်အကြာ မြအောင် လယ်ထဲက အပြန်မှာ ထိုလူမိုက်က ဓားနှင့်လိုက်ထိုး၍ မြအောင် ထွက်ပြေးရသည့် သတင်း တစ်ရွာလုံး ပြန့်သွားသည်။ မြအောင်က မခံချင်၍ သူငယ်ချင်းများနှင့်တိုင်ပင်၍ မုဆိုးမအိမ်ကို ခဲနှင့်သွားထုရန် စီစဉ်သည်။

"မင်းတို့ သုံးယောက်က အိမ်နောက်ဖေးက ခဲနဲ့ပစ်။ ငါတို့သုံးယောက်က အိမ်ရှေ့ကပစ်မယ်။ သည်ကောင်ထွက်လာရင် ဝိုင်းရိုက်ကြမယ်"

"နေပါဦး။ သည်ကောင် အိမ်ထဲမှာရှိတာ သေချာရဲ့လား"

"ငါ သေသေချာချာ ကြည့်ခိုင်းထားတယ်။ ည ၇ နာရီအထိ အိမ်မှာရှိနေတယ်"

"ငါက သည်ညနေ ရွာထဲမလာလို့ ရှိမှရှိပါ့မလားလို့ မေးတာပါ။ ရှိတော့လည်း ဝိုင်းရှင်းကြတာပေါ့ကွာ"

"ခုအချိန်က အချိန်ကောင်းမဲ့။ သူ့ကိုသတ်လိုက်လို့ ငါတို့ကို ဘယ်သူမှ အရေးမယူနိုင်ဘူး"

"ဘာပဲဖြစ်ဖြစ် ရွာကိုဒုက္ခပေးသူကိုတော့ ရှင်းရမှာပဲ မဟုတ်လား"

"ဒါနဲ့ မြအောင် ပင်းကောင်မလေး ခင်လှက ဘာမှ မင်းကိုမပြောဘူးလား"

"ပြောပါတယ်။ သူ့အမေနဲ့ အဲဒီလူ ဖြစ်ပျက်နေတာကို မကြည့်ချင်၊ မမြင်ချင်လို့ သူ့ကို မြန်မြန်ခေါ်ပါ။ သူလိုက်ပါ့မယ်တဲ့"

"ကောင်မလေးက ရိုးရိုးအေးအေးလေးပါ။ မြအောင် မင်းကယ်ဖို့ကောင်းပါတယ်"

"သူ့အမေ မကောင်းပေမယ့် ကောင်မလေးက ချောချောလေး။ မြအောင် ... မင်းယူသင့်တယ်"

"ငါလည်း သည်နွေ စပါးသိမ်းပြီးရင် ခိုးမယ့်လို့ စိတ်ကူးထားပါတယ်။ ခိုးတဲ့အခါ မင်းတို့နဲ့ တိုင်ပင်ပါ့မယ်"

"ကဲ ... အချိန်ကျပြီ။ စကြရအောင်။ မင်းတို့က အိမ်နောက်ဘက်ကိုတာဝန်ယူ။ ငါတို့စပစ်တာနဲ့ ပစ်ကြ"

"မျက်စိရှင်ရှင်ထားနော်။ သည်ကောင်က လျင်တယ်"

"ဘယ်လောက်လျင်လျင် တစ်ယောက်နဲ့ အများပဲ မကြောက်ပါနှင့်"

"ဗုန်း ... ဗုန်း .. ဗုန်း .. ဒိုင်း ... ဒိုင်း ... ဒိုင်း"

"ဗုန်း ... ဒိုင်း ... ဒိုင်း ... ဝုန်း ... ဝုန်း ... ဝုန်း"

"ဟော့ ... ဘယ်သူတွေလဲ၊ အိမ်ကိုခဲနဲ့ပစ်တာ"

"မပစ်ကြပါနဲ့ရှင်။ အိမ်မှာ ကျွန်မတို့ သားအမိနှစ်ယောက်တည်း ရှိတာပါ"

"ဟော့ကောင်တွေ ... သားအမိနှစ်ယောက်တည်း ရှိတယ်ဆိုပါလား"

"မြအောင် ... မင်းပြောတော့ ဟိုကောင်ရှိတယ်ဆို ဘယ်လိုလဲ"

"ဟုတ်ချင်မှ ဟုတ်မှာ။ ဟိုကောင် မထွက်ရဲလို့ ပုန်းနေတာလား မသိဘူး"

"ခင်လှ ပြောတာ ဖြစ်နိုင်တယ်။ တကယ်မရှိတာ။ ရှိရင် ထွက်လာမှာပေါ့"

"သေသေချာချာ သတင်းရထားပြီး ဘယ်လိုဖြစ်တာလဲ"

ထိုအချိန်မှာ ကိုအုန်းသာ ရွာသားနှစ်ယောက်နှင့် ရောက်လာပြီး မြအောင်တို့ လူငယ်တစ်စုကို တိုးတိုးပြော၍ ရှင်းပြပြီး လူစုခွဲလိုက်သည်။ မြအောင်တို့လည်း ပြန်သွားသည်။

"သည်ကောင်တွေ ဘယ်ရွာမှာ ဓားပြသွားတိုက်မလို့လဲ မသိဘူး။ မိုးချုပ်မှ အေးတင်အိမ်က ထွက်သွားတာ ငါမြင်လိုက်တယ်"

"ဒါနှင့် ကိုအုန်းသာ ဘယ်က ကြည့်နေလို့ မြင်တာလဲ"

"ငါလည်း သည်ကောင့်ကို စောင့်ကြည့်နေတာ"

"ကိုအုန်းသာ တစ်ယောက်တည်း သူ့ကို ရှင်းရဲလို့လား"

"ငါ့အစီအစဉ်နဲ့ငါ တစ်နေ့ သူ့ကို ငါရှင်းမယ်။ မင်းတို့ဝင်မပါနဲ့။ မသိသလို နေကြပါ"

သည်လိုနှင့် နောက်နေ့ လူမိုက်

www.burmeseclassic.com

ပြန်ရောက်လာသောအခါ မုဆိုးမက သူ့အိမ်ကို ခဲနှင့်လာပစ်သည့်အကြောင်း ပြောပြရာ လူမိုက်က ခဲနှင့်ပစ်သူမှာ မြအောင်ဖြစ်နိုင်ကြောင်းနှင့် မြအောင်ကို မိမိတစ်ပတ်အတွင်း သတ်ပြမည်ဟု ကြုံးဝါးနေပါသည်။ မုဆိုးမကလည်း အားပေးအားမြှောက်ပြု၍ အရက်တိုက်ပြီး မိမိအစီအစဉ်ကို ပြောပြသည်။

"မောင်လေး ကိစ္စတွေ ရှင်းပြီးရင် မမသည်ရွာက အိမ်ရောင်းပြီး ဟိုဘက်ရွာကို ပြောင်းမယ်။ ဟိုရွာရောက်မှ မမတို့ လက်ထပ်ပြီး ပျော်ပျော်နေကြမယ်"

"မမ မောင်လေးက လူသတ်နေကျပဲ။ မြအောင်လောက်တော့ အသာလေး သတ်နိုင်တယ်"

"မောင်လေးလက်ကို ယုံပါတယ်။ ဒါကြောင့် အားကိုးတာပေါ့။ ဒါနှင့် မြအောင်က မောင်လေးကို စာတစ်စောင်ပေးလိုက်တယ်ဆိုလို့ သမီးကို သွားယူခိုင်းထားတယ်"

"အဲသည်စာ ဘယ်မှာလဲ ...၊ ကြည့်ရအောင်"

"ရွာလယ်က အဘွားကြီးကို ပေးလိုက်လို့ သမီးသွားယူတာ လာပါလိမ့်မယ်"

"ကောင်းတယ်။ ဒါမှ ကိစ္စမြန်မြန်ပြတ်မှာ။ ကဲ ... ကျွန်တော်တို့ ထမင်းစားရအောင်၊ ဘာချက်လဲ"

"မောင်လေးအတွက် ကြက်သားပေါ့။ စားလည်းစား၊ အမြည်းလည်းလုပ်ပေါ့"

"အင်း ... ဒါတွေကြောင့် မမကိုချစ်ရတာ။ ထမင်းစားပြီးမှပဲ ..."

"ဟင်း .. သူ ဒါပဲတတ်တယ်"

မုဆိုးမစုံတွဲ ထမင်းစားနေစဉ်မှာပင် ခင်လှရောက်လာပြီး စာကိုပေးသည်။ ခင်လှမှာ မြအောင်နှင့်ချိန်းထား၍ ထမင်းဝင်မစားဘဲ အဒေါ်အိမ် ခဏသွား၍ ပြန်လာမှ ထမင်းစားမည်ဟုပြော၍ ပြန်ဆင်းသွားသည်။ မိခင်က လူမိုက်နှင့် လွတ်လွတ်လပ်လပ် နေချင်၍ သမီးကို လွှတ်လိုက်သည်။ ခင်လှမှာ အခွင့်အရေးရသည်နှင့် မြအောင်ဆီရောက်အောင် သွားတွေ့သည်။

"အစ်ကို ဘာဖြစ်လို့ လူမိုက်ကို ချိန်းရတာလဲ။ သေချင်လို့လား။ အစ်ကိုမသွားရဘူး။ ကျွန်မသဘောမတူဘူး။ စိတ်လည်းမချဘူး"

"ညီမ ဘာတွေလာပြောနေတာလဲ။ အစ်ကို ဘာမှနားမလည်ဘူး"

"အစ်ကို မညာပါနဲ့။ ညီမအားလုံးသိတယ်"

"ဘာတွေကိုသိတာလဲ။ အစ်ကို့ကို ပြောပြပါ"

"ညီမသိမှာစိုးလို့ အစ်ကို မသိချင်ဟန်ဆောင်နေတာ။ အစ်ကိုမသွားရဘူး။ ညီမလည်း အိမ်မပြန်တော့ဘူး။ အစ်ကို့အနားမှာပဲ နေတော့မယ်"

"ညီမပြောတာ ခုချိန်ထိ အစ်ကို နားမလည်ဘူး။ ညီမစကားတွေထဲမှာ သေချင်တာတွေလည်း ပါတယ်၊ ချိန်းတယ်ဆိုတာလည်း ပါတယ်။ အစ်ကို နားလည်အောင် ရှင်းရှင်းပြောပါ"

"ကောင်းပြီ၊ နားမလည်ရင် ရှင်းပြမယ်။ ဒါပေမယ့် ရှင်းပြပြီးရင် ညီမ အိမ်မပြန်တော့ဘူးနော်။ ပြန်လို့လည်း မရတော့ဘူး။ အစ်ကိုသဘောတူလား"

"တူပါတယ်၊ ကဲ .. ပြောပါ"

"အစ်ကိုက လူမိုက်နှင့် နှစ်ယောက်ချင်းတွေ့ရအောင် ချိန်တဲ့စာ ပေးလိုက်တယ်လေ"

"မဟုတ်ဘူး ညီမ။ အစ်ကိုမပေးဘူး"

"အစ်ကိုလိမ်တာ။ အဲသည်စာကို ညီမကိုယ်တိုင် တွေ့ရတယ်၊ အစ်ကိုမလိမ်နဲ့"

"မဖြစ်နိုင်တာ။ အစ်ကို စာလည်းမပေးဘူး။ ချိန်းလည်း မချိန်းဘူး။ တခြားတစ်ယောက် လုပ်တာဖြစ်မယ်။ အဲဒါကို စုံစမ်းရမယ်"

"အစ်ကိုက ခုချိန်ထိ လိမ်တုန်းပါလား။ မရဘူး။ သွားလည်း မသွားရဘူး။ ညီမသွားခွင့်မပြုနိုင်ဘူး။ အစ်ကို့အနားမှာပဲ နေမယ်"

"ခု ညီမ အစ်ကိုနဲ့ နေလို့မဖြစ်သေးဘူး။ အိမ်ကိုပြန်ပါ။ နွေရောက်လို့ စပါးသိမ်းပြီးမှ လာတောင်းမယ်လို့ ပြောထားတယ် မဟုတ်လား"

"ခုချိန်မှာ အိမ်ပြန်ရင် အမေသိသွားလို့ ကျွန်မကို ဟိုလူမိုက်က သတ်မှာပဲ။ အစ်ကိုမခေါ်ရင်လည်း တစ်နေရာရာသွားပြီး သတ်သေရုံပဲ ရှိတော့တယ်။ ကျွန်မသွားတော့မယ်"

စကားဆုံးသွားသည်နှင့် ခင်လှ မြအောင်အနားက ထွက်သွားရာ မြအောင် ရုတ်တရက် ကြောင်ကြည့်နေပြီးနောက် ခင်လှနောက် ပြေးလိုက်သွားပြီး လက်ကိုဆွဲ၍ ပြန်ခေါ်လာသည်။ ခင်လှလည်း ပြန်လိုက်ခဲ့ပြီး မြအောင်ပြောသည့်စကားကို နားထောင်နေသည်။

"ညီမ မပြန်နဲ့တော့။ အစ်ကိုနဲ့ပဲ နေပါ။ ဒါပေမယ့် အစ်ကိုမရေးတဲ့ စာအကြောင်းကိုတော့ စုံစမ်းရမယ်"

"အို ... အန္တရာယ်များတယ်



www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုတယ်မှ မေ့သွားရဘူး။ ညီမနား မှာပဲ နေရမယ်။ သွားရင်လည်း ကျွန်မ ခေါ်လိုက်မယ်”

ထိုအချိန်မှာ လူမိုက်ကို ချိန်းထားသော ကိုအုန်းသာမှာ မိမိ၏လက်သုံး ဂုက်ကြီးတောင်ဓားကို တစ်နေ့လုံး သွေး၍ ချိန်းထားသည့်အချိန်ကို စောင့်နေသည်။ မုဆိုးမအေးတင်အိမ်တွင် မုဆိုးမအေးတင်က သမီးပြန်မလာ၍ ငိုယိုပြီး သမီးကို လိုက်ရှာနေချိန်မှာ လူမိုက်က ရေချိန်လွန်ပြီး ခေါင်းငိုက် စိုက်ကျနေသည်။ လူမိုက် အသောက် လွန်၍ မှောက်နေသည်မှာ ခင်လှ ပျောက်သည့်အကြောင်းလည်း ပါသည်။ သည့်အချိန်ထိ ပြန်မရောက်နိုင်သည်မှာ မြအောင်နောက်လိုက်သွားတာ ဖြစ်မည်။ ကိစ္စမရှိပါဘူး။ နောက်ပိုင်းမှာ မြအောင်ကိုသတ်ပြီး ပြန်ခေါ်လာရုံသာဖြစ်သည်ဟု တွေးနေသည်။ ကိုအုန်းသာက နှုတ်လုံသည်။ ယခု လူမိုက်နှင့် သတ်ကြမည့်ကိစ္စကို ဘယ်သူ့မှမပြောဘဲ မိမိတစ်ဦးတည်း စီစဉ်ပြီး တစ်ယောက်တည်းပဲထွက်ခဲ့သည်။ လူမိုက်ကလည်း စာထဲမှာ နေဝင်ချိန် ချိန်းထား၍ လက်ကျန်ပုလင်းကို တစ်ကျိုက်တည်းမော့ချပြီး မိမိ၏ လက်သုံးတော်ဓားမြှောင်ကိုကိုင်၍ ထွက်လာသည်။ ထိုအချိန်မှာ နေဝင်ချိန်ဖြစ်၍ ချိန်းထားသည့် ရွာထိပ်လက်ပံပင်ကြီးဘေးနားက ရွာသားများ အလုပ်သိမ်းပြီး ပြန်လာချိန်ဖြစ်သည်။ နွားကျောင်းသားများကလည်း နွားများ ပြန်သိမ်းချိန်ဖြစ်၍ နွားအုပ်များ ပြန်လာချိန်ဖြစ်သည်။ ထိုအချိန်မှာ လက်ပံပင်ကြီးအောက် အရင်ရောက်၍ စောင့်နေသော ကိုအုန်းသာကို ယိုင်တီးယိုင်တိုင်နှင့် ရောက်လာသော လူမိုက်က ဆီး၍ မေးလိုက်သည်။

“ခင်ဗျား သည့်မှာရပ်နေတာ မြအောင်ဆိုသည့်ကောင်ကို မတွေ့မိဘူးလား”

“သိလည်း မသိဘူး။ တွေ့လည်းမတွေ့ဘူး”

“ကောင်းကောင်းမေးတာ ... ကောင်းကောင်းမဖြေဘူး။ ခင်ဗျား သေချင်ပြီလား”

“ဒါဖြင့် ကောင်းကောင်းဖြေမယ်။ မြအောင်ဆိုတာ ငါပဲ။ မင်းဘာလုပ်ချင်လဲ”

“သတ်ချင်တယ်။ ကဲ ... သေပေတော့”

“ဒုတ် ... ဗွပ်”

“အား ... အောင်မယ်လေး ... ဗုန်း”

လူမိုက် ဓားမြှောင်နှင့်အရွယ်မှာ ကိုအုန်းသာက ဦးအောင် ဂုက်ကြီးတောင်ဓားနှင့် စလွယ်သိုင်း ခုတ်ချလိုက်ရာ လူမိုက်လည်ပင်းပြတ်ပြီး လဲကျသွားသည်။ သွေးများက မြင်မကောင်းအောင် ထွက်လာရာ ကိုအုန်းသာက ဓားကိုင်ပြီး ငုံ့ကြည့်နေသည်။ ထိုအချိန်မှာ ရွာထဲမှ လယ်သမားတစ်ယောက်လာပြီး ရပ်ကြည့်နေစဉ်မှာပင် နွားကျောင်းသားလေးများလည်း ရောက်လာပြီး ဝိုင်းကြည့်နေကြသည်။ ထိုအချိန်ကျမှ ကိုအုန်းသာက သတိဝင်လာပြီး နွားကျောင်းသားလေးများကို သည်ကိစ္စကို ရွာထဲမှလူများကို မပြောရန် မှာကြား၍ ပြန်ခိုင်းလိုက်သည်။ ထို့နောက် လယ်သမားအား အသေကောင်ကို သူနှင့်အတူ ဝိုင်းကူရန် ပြောရာ ကူညီပါသည်။

“ကျွန်တော်တို့ သည်အလောင်းကို ဟိုနားက ရေတွင်းပျက်ထဲ သွားပစ်ချရအောင် ကူညီပါ”

“ရပါတယ် ကျွန်တော် ကူညီပါ့မယ်”

“သည်နားမှာ မြှုပ်ထားလျှင် လူတွေသိလိမ့်မယ်။ ဆွဲကြရအောင်”

ကိုအုန်းသာတို့ နှစ်ယောက် အလောင်းကြီးကိုဆွဲသွားပြီး မနီးမဝေးရှိ ရေတွင်းပျက်ကြီးထဲကို ပစ်ချလိုက်သည်။ ထို့နောက် ရေတွင်းပျက် မနီးမဝေးမှာရှိသော ချုံပုတ်များကို ခုတ်ယူပြီး ရေတွင်းထဲမှ အလောင်းကို မမြင်စေရန် ပစ်ချသည်။ အလောင်းမှာ သစ်ကိုင်းများအုပ်၍ ဖုံးသွားသည်။ ထို့နောက် အလောင်းကို ဆွဲလာရာ လမ်းတစ်လျှောက် ကျနေသော သွေးစက်များကိုလည်း ဖုံးများသဲများနှင့် ဖုံးအုပ်ကြသည်။ ထို့နောက် နှစ်ယောက်သား ရွာသို့ပြန်လာကြသည်။ သို့သော်လည်း ရွာသားများက ရွာကိုလာ ဒုက္ခပေးနေသူကို ရှင်းပေးနိုင်၍ ကိုအုန်းသာကို ကျေးဇူးတင်၍ ဟိုအိမ်က ထမင်းခေါ်ကျွေး၊ သည်အိမ်မှ ရေနွေးကြမ်းနှင့် ဧည့်ခံခြင်းဖြင့် ကျေးဇူးဆပ်နေကြပါသည်။ ကိုအုန်းသာက ဘာမှ ခွန်းတုံ့ပြန်စကား ရင်ထဲက ကျေနပ်နေပါသည်။

နောက်ပိုင်းမှာ ကိုအုန်းသာ တစ်ကိုယ်တော်လူမိုက် ဖြစ်သွားပုံ အကြောင်း ဖော်ပြပါမည်။

---

**ညွန့်မောင်ဦး**

---



www.burmeseclassic.com

www.burmeseclassic.com



# ရှာကြည့်လိုက်ပါဦး

✦ ရည်စူးသစ္စာ(လှိုင်သာယာ)

"ဟဲ့ . . . မိသွယ်၊ ဟဲ့ . . . မြတ်မွန်သွယ်၊ တကတဲ . . ပြောကို မပြောချင်တော့ဘူး။ ဆယ်တန်းကျောင်းသူတဲ့တော်၊ အံ့ပါရဲ့။ မနက်စောစောစီးစီး ထပြီးတော့ စာကျက်မယ်လို့ စိတ်တောင်ကူးမိရဲ့လားမသိဘူး။ မနက်တိုင်း နှိုးနေရတာ ကြာရင် ပတ်ဝန်းကျင်က ငါ့ကိုပြောတော့မယ်။ အသွယ်လိုမှန်းလည်း မသိဘူး။ ကျောင်းသွားဖို့ကို မနက်တိုင်း နှိုးနေရတယ်လို့။ လလည်း အတော်ကြာပြီ ညည်းမို့လို့ မရှက်တာယ်"

"ဟဲ့ . . . မျက်လုံးကလေးဘာလေး ဖွင့်ကြည့်ပါဦးလား။ ဘယ်နှနာရီ ထိုးနေပြီလဲ။ အဲဒီလောက် နှိုးနေတာတောင် မထချင်သေးဘူး။ နိုးတော့လည်းကြည့်။ ရေအိမ်တက်တာနဲ့၊ ရေချိုးတာနဲ့၊ သနပ်ခါးလိမ်းတာနဲ့ တစ်နာရီလောက်ကြာတယ်။ ဟွန်း . . . ပြီးတော့ အဝတ်အစားတွေ လုံးထွေးပုံခဲ့"

"ဖအေကလည်းကြည့်။ ကျောင်းထားပြီးတာနဲ့ သူ့တာဝန်ကျေပြီလို့ အောက်မေ့နေသလားမသိဘူး။ ဒင်းတို့သားအဖကြား ငါတော့ သေသာသေလိုက်ချင်တော့တယ်"

"ဟဲ့ . . . ဒီမှာ မုန့်ဖိုးနှစ်ရာထားခဲ့တယ်။ တံခါးတွေတော့ လုံအောင်ပိတ်၊ ကြားလား။ သော့ကို ခါတိုင်းနေရာမှာ ထားခဲ့။ ကဲ . . . လာ အမေကြီးရေ၊ ဈေးရောင်းသွားကြမယ်"

ပါးစပ်ကတဖွဖွပြောပြီး ဒေါ်ဖြူတို့ ဇနီးမောင်နှံနှစ်ယောက် တစ်လမ်းဝင် တစ်လမ်းထွက် ပန်းရောင်းရင်းနဲ့ မိသားစုစားဝတ်နေရေးအတွက် ရှာဖွေရှန်းကန်ကြရရှာတယ်။ အဲ . . ဈေးသိမ်းပြီး ပြန်လာတော့လည်း ကြည့်။ အိမ်ပေါက်ဝတောင် ရောက်မယ် မကြုံသေးဘူး။

"ဦးခင်ညို . . . ဦးခင်ညို၊ ရှင်ကလည်း ပြန်အိပ်ရသေးတယ်နော်။ မိုးတွေဒီလောက်ရွာနေတာ ရေလေးဘာလေး ထခပ်မယ်မရှိဘူး။ ကျုပ်တစ်ယောက်တည်းပဲ အသက်ရှိနေသလား မသိဘူး"

ဒေါ်ဖြူ ဘာတွေပြောပြော ဦးခင်ညိုတစ်ယောက်တော့ နှုတ်ဆိတ်နေလေရဲ့။ သူ့အတွေးအာရုံထဲမှာတော့ သမီးဖြစ်သူကလည်း ဒေါ်ဖြူပြောတာထက်တောင် ပိုသေး။ ကျောင်းကပြန်လာတော့လည်း ထမင်းကမန်းကတန်းစားပြီး တစ်ရေးအိပ်လိုက်သေး။ ညနေကျရင်လည်း ကိုရီးယားဇာတ်လမ်းတွဲတွေကို မလွတ်တမ်းကြည့်။ ဇနီးဖြစ်သူကလည်း အလုပ်ကတော့ တကယ်လုပ်တာပဲ။ ရှာတာကတော့ ရှာပါတယ်။ ဒါပေမယ့် ဆီပြန်ဟင်းလေး နှစ်ခွက်လောက်မှမပါရင် စကားကများချင်သေး။ မိုးလင်းကနေ မိုးချုပ်သည်ထိ ဗျစ်တောက်ဗျစ်တောက်နဲ့။ ဦးခင်ညို စဉ်းစားမိလိုက်တာကတော့ ဇနီးဖြစ်သူနဲ့ သမီးဖြစ်သူ သူတို့လိုသူတွေ ဒီကမ္ဘာမှာ ရှာလို့တောင် တွေ့မှတွေ့ပါ့မလားရယ်သို့။

ရည်စူးသစ္စာ(လှိုင်သာယာ)


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## ငှက်ကဖော်ထုတ်လိုက်သော

# လျှို့ဝှက်ချက်

ဖြူသိန်း

ဦးစံထွန်းသည် သစ်တောဝန်ထမ်းတစ်ယောက်။ သူသည် နေ့ဘက်တွင် သစ်တောထဲသို့သွားပြီး အလုပ်လုပ်၏။ ညနေစောင်းမှ အိမ်သို့ ပြန်လာသည်။

ဦးစံထွန်းတွင် ဇနီးမယားရှိသည်။ မန္တဲ့မေဟု ခေါ်သည်။ ဦးစံထွန်းထက် ဆယ်နှစ်ငယ်သည်။ ဦးစံထွန်းအသက်မှာ ငါးဆယ်နှစ်ဖြစ်သည်။

သူတို့သည် လွန်ခဲ့သော ဆယ်နှစ်ခန့်က အိမ်ထောင်ကျခဲ့သော်လည်း ယခုထက်တိုင် သားသမီးမရသေး။

သူတို့သည် မြို့ငယ်လေးသို့ လွန်ခဲ့သော တစ်နှစ်ခန့်မှ ပြောင်းရွှေ့ရောက်ရှိလာခဲ့ကြခြင်း ဖြစ်သည်။ မြို့စွန်ရှိ သစ်တောဌာနပိုင် အိမ်တွင်နေကြသည်။

ဦးစံထွန်းသည် ငှက်များကို ချစ်သူဖြစ်၏။ သူသည် ကြက်တူရွေးတစ်ကောင်ကို မွေးထားသည်။ 'ရွှေခဲ'ဟု ဦးစံထွန်းက အမည်ပေးထားသည်။

မန္တဲ့မေသည် ကြက်တူရွေးကို သိပ်မချစ်။ သို့သော် ခင်ပွန်းဖြစ်သူက ကြက်တူရွေးကို ချစ်သောကြောင့် ကြက်တူရွေး နှင့် အလိုက်သင့်နေပြီး ကြက်တူရွေးကြိုက်သော ငှက်ပျောသီးကို အချိန်မှန်ကျွေးသည်။

မန္တဲ့မေသည် နေ့ဘက်တွင် ကြက်တူရွေး ရွှေခဲကိုသာ အဖော်ပြုနေရသည်။

ရွှေခဲကို နေ့ဘက်တွင် အိမ်ထဲ၌ လွတ်လွတ်လပ်လပ်နေစေပြီး ညဘက်တွင်မူ ဧည့်ခန်းရှိ လှောင်အိမ်ထဲတွင် ထည့်ထားသည်။

ရွှေခဲသည် လေချွန်တတ်ပြီး လူကဲ့သို့ ရယ်သောအသံကို ပြုလုပ်တတ်သည်။ လူများစကားပြောသံများကို နားထောင်လေ့ရှိပြီး လူစကားအချို့ကိုလည်း ပြောတတ်၏။ သို့သော် ၎င်းသည် စိတ်လိုမှသာ လူစကားကို ပြောသည်။

ဦးစံထွန်းထံသို့ အလည်လာသော ဧည့်သည်များကို ကြက်တူရွေး ရွှေခဲသည် "ကြွပါ၊ ထိုင်ကြပါ၊ နေကောင်းရဲ့လား"စသည့် စကားများ ပြောပြီး နှုတ်ဆက်တတ်သည်။ ထို့ကြောင့် ကြက်တူရွေးကို ဧည့်သည်များက သဘောကျကြသည်။

ဦးစံထွန်းထံသို့ အလာများသော သူတစ်ယောက်ရှိသည်။ ဦးစံထွန်း၏ အထက်ရုံးဌာနမှ စာရေးကလေး မောင်ချစ်ညိုဆိုသူ ဖြစ်သည်။ မိုင်ငါးဆယ်ခန့်ဝေးသော အထက်ရုံးချုပ်မှ စာများ၊ ညွှန်ကြားချက်များကို လာရောက်ပေးပို့ရပြီး ဦးစံထွန်း၏ရုံးမှ အထက်သို့ ပေးပို့ရမည့်စာများ၊ အစီရင်ခံစာများ၊ လချုပ်များကို ပြန်လည်သယ်ဆောင်သွား၏။ သူသည်တစ်ခါတလေ တစ်လလျှင် နှစ်ခါလောက် ဦးစံထွန်းထံရောက်လာပြီး ညဘက်တွင် ဦးစံထွန်း၏ရုံးရှိ အခန်းလွတ်တစ်ခုတွင် အိပ်သည်။

ဦးစံထွန်း၏အိမ်သည် မောင်ချစ်



www.burmeseclassic.com

www.burmeseclassic.com

ညို၏ စားအိမ်သောက်အိမ်ဖြစ်၏။ မောင်ချစ်ညိုမှာ အိမ်ထောင်သည်တစ်ယောက် မဟုတ်။ သူ့အသက်မှာ နှစ်ဆယ့်ငါးနှစ်ခန့်သာ ရှိသည်။

ညတစ်ည။

ညေ့ခန်းဘက်ဆီမှ ဆူဆူညံညံ အသံကြောင့် ဦးစံထွန်းနှင့် မန္တဲ့မေတို့ အိပ်ပျော်နေရာမှ လန့်နိုးလာကြသည်။ ရွှေခဲ၏ အော်သံနှင့် အတောင်ပံခတ်သံများ ကြားလိုက်ကြရ၏။

"အိုး . . . အိုး . . . အိုး . . ."

ရွှေခဲသည် လှောင်အိမ်အလယ်ရှိ တန်းပေါ်၌ ဝပ်နေရင်း အသံပြုလျက်ရှိ၏။ ညေ့ခန်းရှိ ပြတင်းပေါက်မှာ ပွင့်နေသည်ကို ဦးစံထွန်းတွေ့ရသည်။ သူသည် သုံးထောင့်ထိုးဓာတ်ခဲလက်နှိပ်ဓာတ်မီးဖြင့် တစ်ခန်းလုံးကို ထိုးကြည့်ရာ ဘာမှမတွေ့။ ပြတင်းပေါက်မှတစ်ဆင့် အိမ်အပြင်သို့ လက်နှိပ်ဓာတ်မီးကို ဝေ့ဝိုက်ထိုး ကြည့်ရာ တောကြောင်တစ်ကောင်၏ နောက်ပိုင်းကို သစ်ပင်တစ်ပင်၏ အောက်ခြေ၌တွေ့လိုက်ရသည်။

"တောကြောင်၊ တောကြောင်"

ဦးစံထွန်း၏ နှုတ်မှအသံထွက်သည်။

"ညက ပြတင်းပေါက်ကို နင် သေသေချာချာ မပိတ်ဘူးနဲ့တူတယ်"

ဦးစံထွန်းက မန္တဲ့မေကိုပြောလိုက်သည်။ မန္တဲ့မေက ဘာမှမပြောဘဲ ရေနံဆီလက်ဆွဲမီးအိမ်ကို ထွန်းလိုက်သည်။

ဦးစံထွန်းသည် ငှက်လှောင်အိမ်တံခါးကိုဖွင့်၍ ရွှေခဲကို အပြင်သို့ထုတ်ပြီး စစ်ဆေးသည်။ ငှက်၏တစ်ကိုယ်လုံးကို စစ်ဆေးရာ မည်သည့်ဒဏ်ရာမှ မတွေ့။

"ဘာမှမဖြစ်လို့ ^တော်သေးတယ်"

ဦးစံထွန်းက ပြောသည်။

မန္တဲ့မေသည် သကြားခဲသွားယူပြီး ရွှေခဲကို ကျွေးသည်။ သို့သော် ရွှေခဲသည် မစားဘဲ ငြိမ်နေသည်။

ဦးစံထွန်းသည် ရွှေခဲကို လှောင်အိမ်ထဲထည့်၍ လှောင်အိမ်တံခါးကို ပိတ်လိုက်သည်။ ထို့နောက် ပွင့်နေသောတံခါးကိုလည်း ပိတ်လိုက်သည်။

ၾငင်းဖြစ်ရပ်နှင့် ပတ်သတ်၍ ဦးစံထွန်းသည် ညအိပ်ရာမဝင်မီ ရွှေခဲလုံခြုံရေးကို ဂရုစိုက်ရန်နှင့် နေ့ဘက်တွင်လည်း ဂရုစိုက်ရန် မန္တဲ့မေကို မကြာမကြာ သတိပေးရာ တစ်နေ့တွင် မန္တဲ့မေက . . .

"မောင်ချစ်ညိုက ပြောတယ်။ ကောကြောင်ဟာ နေ့ဘက်မလာပါဘူးတဲ့"

ဟု လွှတ်ခနဲပြောလိုက်သည်။

"ဘာရယ် . . . ချစ်ညိုက ဒီလိုပဲ ပြောသလား။ ဘယ်တုန်းကပြောတာလဲ"

ဦးစံထွန်း၏လေသံမှာ မာသည်။

"ဟိုးတစ်လောက . . . လကုန်ရက် ဘူလာတုန်း ခဏဝင်လာရင်း ကြက်တူရွေး ကံကောင်းလို့ တောကြောင်စာ မဖြစ်တဲ့အကြောင်း ကျွန်မကပြောတော့ သူက အဲဒီလို ထင်မြင်ချက် ပေးသွားတာပါ"

မိမိ၏ယောကျ်ား မျက်နှာကြောတင်းနေသည်ကို မန္တဲ့မေ သတိပြုမိသည်။

တစ်နေ့တွင် ညနေဘက်၌ ဦးစံထွန်း အလုပ်မှ အိမ်သို့ပြန်ရောက်လာစဉ် မန္တဲ့မေက ဆီးကြို၍ အိမ်ခေါင်မိုးအောက် ထုပ်တန်းပေါ်သို့ လက်ညှိုးထိုးပြလိုက်သည်။

ဦးစံထွန်းသည် ကြက်တူရွေးနှစ်ကောင်ကို တွေ့ရသည်။

"ဟာ . . . ဘယ်က ကြက်တူရွေးတစ်ကောင် ရောက်လာတာလဲ"

ဦးစံထွန်းသည် အလွန်အံ့ဩသွားသည်။

"နေ့လယ်ကပဲ ကျွန်မအိပ်ခန်းထဲ သန့်ရှင်းရေးလုပ်နေတုန်း အသံကြားတော့ အပြင်ထွက်ကြည့်တဲ့အခါ ရွှေခဲနဲ့ အဲဒီကြက်တူရွေး ကလူကျီဆယ်နေတာ တွေ့ရတယ်"

"ရွှေခဲ . . ရွှေခဲ . . လာ၊ လာ"

ဦးစံထွန်းက ခေါ်သည်။ သို့သော် ရွှေခဲမလာ။

"ဒီကောင် အဖော်တွေ့နေပြီကိုး။ နောက်အကောင်က ဦးခေါင်းပိုသေးတော့ အမပဲ ဖြစ်ရမယ်"

ဦးစံထွန်းသည် ငှက်လှောင်အိမ်တံခါးဖွင့်၍ ငှက်ပျောသီးနှင့် သကြားခဲများကို ထည့်ထားလိုက်သည်။

ညမိုးချုပ်သောအခါ ရွှေခဲက ဦးဆောင်၍ လှောင်အိမ်ထဲသို့ ငှက်နှစ်ကောင်လုံး ဝင်သွားကြသည်။ ငှက်များ လှောင်အိမ်ထဲရောက်သောအခါ ဦးစံထွန်းသည် ငှက်လှောင်အိမ်တံခါးကို အသေအချာပိတ်လိုက်ပြီးနောက် သူတို့အိပ်ရာမဝင်မီ အိမ်ပြတင်းပေါက်များ ပိတ်ပြီးမပြီး အသေအချာ လိုက်လံစစ်ဆေးသည်။

ရွှေခဲအဖော်ရပြီး ခြောက်လခန့်အကြာ အလုပ်မှ အိမ်ပြန်ရောက်လာသော ခင်ပွန်းဖြစ်သူကို မန္တဲ့မေက

"အစ်ကို့ကို သတင်းထူး ပြောရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ရုတ်တရက်ပြောလိုက်သည်။

"ဘာသတင်းထူးပါလိမ့်"

ဦးစံထွန်းက မျက်လုံးပြူးကာ မေးသည်။

"ကျွန်မ နေ့လယ်က မြို့ထဲက အရပ်လက်သည်နဲ့ သွားတွေ့ပြီး ကျွန်မရဲ့အခြေအနေကို စစ်ခိုင်းတော့ ကိုယ်ဝန်ရှိနေပြီတဲ့"

"ဟေ ..."

"ဟား ... ဟား ... ဟား"

"ဟေ"

ဟူသောအသံမှာ ဦးစံထွန်းအသံဖြစ်ပြီး ရယ်သံများမှာ မလှမ်းမကမ်းရှိ ရွှေခဲရယ်သံ ဖြစ်သည်။

"ဟာ ... ဒီကြက်တူရွေးစုတ် ဘာလျှောက်ပြောတာလဲ"

ပြောပြောဆိုဆို မနွဲ့မေသည် မလှမ်းမကမ်းရှိ တံမြက်စည်းဖြင့် ကြက်တူရွေးကို လိုက်ရိုက်ရာ ဦးစံထွန်းက သူ့ဇနီး၏လက်ကို ဆွဲထားလိုက်ရသည်။

ရွှေခဲသည် "ဟား .. ဟား .. ဟား"ဟုအသံပြုရင်း မနွဲ့မေနှင့်ဝေးရာ အိမ်ခေါင်မိုးသို့ ပျံတက်သွားသည်။ ရွှေခဲ၏ အဖော်သည်လည်း ရွှေခဲနှင့်အတူ လိုက်ပါသွားသည်။

ဦးစံထွန်းသည် မနွဲ့မေကို စူးစူးစိုက်စိုက်ကြည့်ပြီး ဧည့်ခန်းရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လိုက်ပြီး စဉ်းစားနေသည်။

"သူနဲ့ငါ ပေါင်းသင်းလာတာ ဆယ်နှစ်ရှိပြီ။ အခုမှ ကိုယ်ဝန်ရတယ်ဆိုတော့ ..."

မနွဲ့မေသည် ခင်ပွန်းအနားသို့ လာပြီး ...

"အစ်ကို .. ဘာဖြစ်နေတာလဲ။ ကျွန်မကိုယ်ဝန်ရှိတာ မယုံလို့လား"

ဟု မေးသည်။

"မယုံလို့မဟုတ်ဘူး။ မင်းနဲ့ငါ ပေါင်းလာတာ ဆယ်နှစ်ရှိပြီ။ အခုမှ ကိုယ်ဝန်ရတယ်ဆိုတော့ ..."

ဦးစံထွန်း၏ ပြောစကားအဆုံးတွင် ...

"မမနွဲ့ ... မမနွဲ့ကို သိပ်ချစ်တယ်"

ဟူသောအသံ ရုတ်တရက် အိမ်အမိုးဘက်မှ ပေါ်လာသည်။ ထိုအသံမှာ ချစ်ညို၊ မောင်ချစ်ညို၏အသံ။ ရွှေခဲက ထိုသို့အသံထွက်လိုက်ရာ ဦးစံထွန်းတစ်ကိုယ်လုံး တောင့်တင်းသွားသည်။

"မမလည်း ဒီအတိုင်းပါပဲ"

ရွှေခဲသည် မနွဲ့မေအသံအတိုင်း ပြောလိုက်သည်။

"ဘာတွေလဲဟ"

ဦးစံထွန်းသည် ထိုင်နေရာမှ မတ်တတ်ရပ်လိုက်သည်။

"သူထင်တာ မလွဲဘူး။ သူနဲ့ရတဲ့ ကိုယ်ဝန်လို့"

ရွှေခဲသည် မနွဲ့မေအသံအတိုင်း ပြောလိုက်သည်။

"သူက လူအပဲ။ ကျွန်တော့်ကို နမ်းစမ်းပါမမရယ်။ ကျွန်တော်နဲ့ရတဲ့ကိုယ်ဝန်ဆိုတာ ကျွန်တော် ယုံပါတယ်"

ရွှေခဲ၏ လေသံများမှာ ချစ်ညို၏လေသံအတိုင်း။

ဦးစံထွန်းသည် အဖြစ်မှန်ကို သိလိုက်လေပြီ။

သူသည် ဒေါသထွက်လွန်းသောကြောင့် အနီးတွင်ရပ်နေသော မနွဲ့မေ၏မျက်နှာကို လက်သီးဖြင့် ပြင်းထန်စွာ ထိုးထည့်လိုက်ရာ မနွဲ့မေ လဲကျသွားလေတော့၏။

နောက်တစ်နေ့တွင် ချစ်ညိုသည် နံနက် ၁၀ နာရီခန့်၌ ဦးစံထွန်းအိမ်သို့ရောက်လာရာ ဧည့်ခန်းတွင် ထိုင်နေသော ဦးစံထွန်းကို တွေ့လိုက်သောအခါ ...

"ဟင် ... ဆရာ အလုပ်မဆင်းဘူးလား"ဟု မေးသည်။ ဦးစံထွန်းက မဖြေ။

ချစ်ညိုသည် တစ်အိမ်လုံးကို အကဲခတ်၍ ရပ်နေသည်။

"ဟား ... ဟား ... ဟား"

ရွှေခဲသည် အိမ်ခေါင်မိုးအောက်ရှိ သစ်သားတန်းပေါ်၌နားရင်း ရယ်လိုက်ခြင်းဖြစ်သည်။ သူ့အဖော်က သူ့နံဘေးမှာ။

ဦးစံထွန်းသည် ထိုင်နေရာမှ ရုတ်တရက်ထ၍ ချစ်ညိုကို စူးစိုက်ကြည့်ရင်း ...

"ငှက်ကဖော်ထုတ်လို့ မင်းတို့နှစ်ယောက်ရဲ့ လျှို့ဝှက်ချက်ကို ငါသိလိုက်ပြီ။ အဲဒီတော့ ဟို ... မကို မင်းခေါ်သွားပေတော့။ ငါစွန့်လွှတ်လိုက်ပြီ။ တရားရုံးမှာ ငါကွာရှင်းပေးမယ်"

ဟုပြောပြီး အိမ်ပေါ်မှ ဆင်းသွားလေတော့၏။


ဦးစံထွန်း အိမ်ပေါ်မှ ဆင်းသွားသောအခါ ရွှေခဲသည် သူ့အဖော်နှင့်အတူ အိမ်ပြင်သို့ ပျံတက်သွားလေတော့၏။

**မြသိန်း**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ခင်မောင်အေး

## နိဂုံးမဲ့ သံသရာ

ချစ်ခြင်းမေတ္တာ။

ဟုတ်ပါရဲ့။ ချစ်ခြင်းမေတ္တာဆိုတဲ့ မေတ္တာ။ ဘယ်လိုများ အဓိပ္ပာယ်ဖွင့်ဆို ရပါမည်လဲ။ ဝက်ပါလို ကွေ့ကောက်ပြီး၊ သမုဒ္ဒရာလို နက်ရှိုင်း၊ မိုးကောင်းကင်ကို အဆုံးအစမရှိ မြင့်မားနေတာလား မပြောတတ်နိုင်။ စဉ်းစားလေ နက်နဲလေလေ။ အစဖော်လို့မရနိုင်လေလေပါလား။ ချစ်သူဆိုတာကတော့ တို့မတွေးတတ်နိုင်။ ရွဲမက်စရာကောင်းတာ ချစ်သူလား၊ ခင်မင်စရာကောင်းလို့ ချစ်သူလား၊ ချစ်စရာကောင်းလို့ ချစ်သူလို့ခေါ်တာလား၊ တွယ်တာစရာမို့ ချစ်သူလို့ သတ်မှတ်တာလား။ အို ... မေးခွန်းတွေ၊ ပုစ္ဆာတွေ အထွေထွေအပြားပြား များလှချေပါတယ်လေ။ တို့ကတော့ ချစ်သူဆိုတာ ကိုယ့်အပါးမှာ၊ ကိုယ့်အသည်းနှလုံးနဲ့ အနီးဆုံးမှာ တို့အပေါ်မှာ အကြင်နာတွေ၊ အတွယ်အတာတွေ၊ သမုဒယတွေ၊ အယုအယတွေ အများဆုံးပေးတဲ့သူမို့ ချစ်သူလို့ပဲ သတ်မှတ်လိုက်ပါတော့မယ်။

×××

(တစ်)

အစ်ကိုရေ ...

တို့လေ ချစ်စရာ၊ ကြင်နာစရာ၊ မြတ်နိုးတွယ်တာစရာကောင်းတဲ့ အချစ်မလေး။ ညီမလေး အဲမေ၊ ဟုတ်ပါရဲ့ အဲမေဆိုတာ ... ညီမလေးလို့လည်း



www.burmeseclassic.com

www.burmeseclassic.com

ဝေါဟာရကြွယ်စွာနဲ့ အဓိပ္ပာယ်ဖွင့်ဆို ရင်လည်း ရတယ်လေ။

"အဲမေရေ"

"အစ်ကိုရေ"

မင်းကလေးဟာ တို့နှလုံးသားကို မုန်တိုင်းထန်သလို၊ ရင်တစ်ခုလုံး ပျက်ပြုန်းကြေမွသွားသလို ဖြစ်ရအောင် အချစ်ဗုံးကလေး ထည့်လိုက်ရလသလား အဲမေရယ် ...။

"ဝုန်း" ဗုံးကလေး တကယ်ကွဲသွားတာတော့ မဟုတ်ပါ။ အသက်အသံလည်း စစ်စစ်ထွက်ပေါ်မလာခဲ့ပါ။ ကိုယ့်ရင်ထဲမှာ အချစ်ဆိုတဲ့ နှလုံးသားတွေ မြည်ဟိန်းရိုက်ခတ် ပေါက်ကွဲကြေပြုန်းသွားတာပါ။

"အဲမေ ... အစ်ကိုကလေ မင်းကလေးကို ရင်ထဲ၊ အသည်းထဲ၊ နှလုံးသားထဲကကို ချစ်တာ၊ ကြင်နာတာ၊ မြတ်နိုးတာ သိရဲ့လား"

"တကယ်အဟုတ်၊ လုပ်ပြီ။ အစ်ကိုက တို့ဝမ်းသာအောင်"

"အဲမေဝမ်းသာအောင် ပြောတာမဟုတ်ဘူး ကလေးရဲ့။ အချစ်ဆိုတာဟာလေ .. ဟိုး ... တောင်ထိပ်ပေါ်က တစ်စက်တစ်စက် ကျဆင်းလာတဲ့ စမ်းရေအေးအေးလေးလို .."

"တော်ပါတော့ အစ်ကိုရယ်။ တော်ပါတော့။ ကြားဖူးပါတယ်၊ ဖတ်လည်း ဖတ်ဖူးပါတယ်။ ရုပ်ပြစာအုပ်တွေထဲမှာ၊ ကက်ဆက်ခွေတွေထဲမှာ အသိန်းအသန်းကုဋေကုဋာပါနော့"

"ကြည့်စမ်း ..."

"ကြည့်နေတယ်လေ"

"တော်စမ်း ... အဲမေ။ အစ်ကို့ကို နောက်နေတာလား"

"အလိုလေးတော်။ တို့အစ်ကို့ကို မနောက်ရဲပါဘူးတဲ့နော်။ တကယ့်ကို ရင်ထဲက၊ နှလုံးသားထဲက ယုံကြည်ချက်ပေါင်းများစွာနဲ့ ..."

"ဟယ် .. ဒီကလေးမဟာလေ ... တယ်"

"အယ်ကွယ် အစ်ကိုကလည်း"

ဝေဒနာသည် တွေးကြံဆင်ခြင်ခြင်းကို ဖြစ်စေသည်။ တွေးကြံမှုသည် အသိဉာဏ်ကို ရစေသည်။ အသိဉာဏ်ရှိခြင်းသည် ဘဝကို ခံသာအောင် ဖန်တီးနိုင်သည်။

John Patriek
(Tea house of
the August-Moon)

ကြားလိုက်ရတဲ့ စကားတို့ နားကိုတောင် တို့မယုံနိုင်ခဲ့ဘူးကွယ်။ ရင်ထဲကလည်း ဆတ်ခနဲကို နာကျင်သွားရပါတယ်။ မင်းက အစ်ကို့ကို ...

"ဒါဖြင့် .."

"အစ်ကို လုပ်ပေးလို့ ရပါတယ်လေ။ အဲမေကို မှတ်ပုံတင်တစ်ခု လုပ်ပေးဖို့။ အဲဒါ ..."

တို့စဉ်းစားစရာတွေ အများကြီး။ နိုင်ငံသားဆိုတာ ဘယ်သူလဲ၊ အဲမေက နိုင်ငံသားလား။ "နိုင်ငံတော်တွင် ပါဝင်သော နယ်မြေတစ်ခုခု၌ မြန်မာ ၁၈၈၅ ခုနှစ်၊ ခရစ် ၁၈၂၃ ခုနှစ် မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားများဖြစ်သည်"တဲ့။ ဒါဆိုရင် -

"အစ်ကို ဘာတွေစဉ်းစားနေတာလဲ။ အဲမေကို မကူညီချင်ဘူးလားဟင် ..."

**"နိုင်ငံတော်တွင်ပါဝင်သော နယ်မြေတစ်ခုခု၌ မြန်မာ ၁၈၈၅ ခုနှစ်၊ ခရစ် ၁၈၂၃ ခုနှစ် မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ်အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားများဖြစ်သည်"တဲ့။**

"ဒီမယ် အစ်ကို၊ အဲမေကို တကယ်ချစ်တယ်ဆိုရင် ရန်ကုန်မှာ သွားနေနိုင်အောင် ကူညီပါလားဟင်။ အခုဟာက လားရှိုးအထိအောင် ဧည့်စာရင်းတိုင်သွားရတော့ အဲမေတို့ရဲ့ အရောင်းအဝယ်ကိစ္စနဲ့ အခက်အခဲတွေ အမြဲလိုလို တွေ့ကြုံနေရတာ သိပ်သိပ်စိတ်ညစ်ရတယ် အစ်ကို"

"ကူ .. ကူညီချင်ပါတယ် အဲမေရယ်။ ဒါ ... ဒါပေမယ့် ..."

"ဒါပေမယ့် ဘာဖြစ်လို့လဲဟင်"

"အခက်အခဲတွေရှိတယ် အဲမေရဲ့။ အစ်ကိုတို့က သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ကိုက်ညီမှ ဆောင်ရွက်ပေးလို့ရတယ်။ အဲမေ .. အဲမေတို့က နိုင်ငံသားမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"အဲမေ သိပါပြီအစ်ကို။ အစ်ကို အဲမေကို ချစ်တယ်ဆိုတာ အလကား ဒီကိုရောက်တုန်း အဲမေကို အပျော်သဘောထားပြီး ချစ်ဟန်ဆောင်ခဲ့တာပဲ။ နှလုံးသားထဲက မပါဘဲ ပါသလို အစ်ကိုဆက်ဆံခဲ့တာ မဟုတ်လား။ တော်ပါပြီ အစ်ကို။ အဲမေကို မကူညီချင်တဲ့ အစ်ကို၊ အဲမေကို နောက်ဘယ်တော့မှ လာမတွေ့နဲ့တော့"

အဲမေရယ် . . .။ အချစ်ဆိုတဲ့ အဲ ၁၀တ္တုဟာ လူ့နှလုံးသည်းပွတ်ထဲက ပေါ်ပေါက်လာတဲ့ ဒြပ်ပစ္စည်းတစ်ခုပါ။ နူးညံ့မှုက ဆီစိမ်ထားတဲ့ ဝါဂွမ်းဆိုင်ထက် သာတယ်။ သိမ်မွေ့မှုက ဆင်မယဉ်သာက မယှဉ်နိုင်ဘူး။ နူးညံ့သိမ်မွေ့လှတဲ့ အချစ်ပေါက်ဖွား ကိန်းအောင်းနေတဲ့ နှလုံးသားမှာ ဒဏ်ရာရသွားတော့မယ်။ ဒီဝေဒနာကို အစ်ကို မခံစားနိုင်ပါဘူး။

ရှိပါစေတော့လေ။ လုပ်ငန်းတာဝန်တွေ ပြီးဆုံးလို့ အချိန်တန်တော့လည်း အိမ်ကိုပြန်ရတော့မယ်။ တာဝန်ဆိုလို့ ဘာတွေပါလိမ့်မလဲလို့ ပြောရရင် နိုင်ငံ၏ ဝင်ပေါက်၊ ထွက်ပေါက်တွေမှာ နိုင်ငံခြားသားတို့ရဲ့ အဝင်အထွက်ကို ကြီးကြပ်စစ်ဆေးဖို့၊ မသမာတဲ့နည်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်မပေးဖို့ လိုတယ်လေ။ မကာဖ တာဝန်တွေကို အခြေပြုဌာနချုပ်ကနေ တောအထွေထွေ၊ တောင်အထပ်ထပ် နွေညမဟူ ဖြတ်ကျော်ကူးသန်း ခရီးကြမ်းနှင်ရင်း ထမ်းဆောင်ခဲ့ရတဲ့ အချိန်ကာလ နှစ်နဲ့ချီပြီး ကြာခဲ့ပြီ မဟုတ်လား။ ကာလဆိုတဲ့ အတိုင်းအတာကလည်း အတိအကျ သတ်မှတ်ထားလို့ မရနိုင်ပြန်ဘူး။ ခရီးကလည်းပန်း၊ အခြေအနေသယ်ယူပို့ဆောင်ရေးယာဉ်နဲ့ အချိန်အခက်အခဲတွေကြောင့် မှန်းချက်နဲ့ နှမ်းထွက် မကိုက်ဘဲ လွဲနေတာမျိုးလည်းရှိပါရဲ့။

"ဖြစ်နိုင်ရဲ့သားနဲ့ တာဝန်ဆိုတဲ့ အကြောင်းပြချက်နဲ့ ငြင်းပယ်လိုက်တာဟာ ချစ်တာတဲ့လား"

အဲမေ စိတ်ဆိုးမာန်ဆိုးနဲ့ မေးခွန်းထုတ်တယ်။

တို့ အယူခံလို့ မရနိုင်တော့ဘူးလေ။ တို့ အဲမေကို ချစ်ခဲ့၊ ကြင်နာခဲ့၊ မြတ်နိုးခဲ့တယ်ဆိုတာတွေဟာ ရေပေါ်မှာအရုပ်ရေးဆွဲသလို အရာမထင်၊ အကျိုးမဖြစ်တဲ့ ဗလာလုပ်ရပ်တွေပဲလို့ မင်းက စွပ်စွဲခဲ့တယ်။ ဒီတစ်သက်မှာတော့ ရက်စက်တဲ့၊ လိမ်ညာတဲ့ တို့က မင်းကို ဘယ်တော့မှ မဆက်သွယ်ပါနဲ့တော့တဲ့။ မင်းက မင်းရဲ့ နှလုံးအိမ်တံခါးဝမှာ အမုန်းဆိုတဲ့ သံမဏိတံခါးနဲ့ ကာရံပိတ်ဆို့ထားလိုက်ပြီဆိုတော့လည်း . . .

ဘယ်သူမပြု မိမိမှုပဲပေါ့။ တို့ရဲ့ အားနည်းချက်တွေပါ။ တို့ရဲ့ မဆင်မခြင် မိုက်မဲတွေပါ။ ကမူးရှူးထိုး ဆင်ကန်းတောတိုး အချစ်ကို ကိုးကွယ်လိုက်မိတဲ့ တို့အပြစ်တွေပါ။ လူ့ဘဝဆိုတဲ့ လောကဇာတ်ခုံကြီးပေါ်မှာ လူသားတွေက လူ့ဘဝရဲ့ ခံစားချက်တွေကို အခြေအနေနဲ့ လိုက်ဖက်အောင် ကပြအသုံးတော်ခံနေတဲ့ ဖြစ်ရပ် ဖြစ်စဉ်တွေပါ။ ဇာတ်လမ်းဆိုတာတွေက အပျော်ဇာတ်၊ အလွမ်းဇာတ်၊ အသောဇာတ်၊ အပိုဇာတ်၊ အရယ်ဇာတ် စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ ဇာတ်လမ်းတွေ စုံလှတယ်။ ဒီဇာတ်လမ်းတွေကိုပဲ အတောမသတ်နိုင်အောင် နိုယံနိယံ အကြိမ်ကြိမ်အဖန်ဖန် အမြဲမပြတ် တရစပ် ဖျော်ဖြေနေကြပါတယ်။

အချစ်၊ အမုန်းဆိုတဲ့ ထာဝရ မဆုံးနိုင်တဲ့ နိဂုံးမဲ့ သံသရာထဲမှာ မင်းရော တို့ပါ သတ္တဝါတွေအားလုံး လူးလာ မျောပါနေကြရတာ မဟုတ်လား။ တို့ဖြစ်ရပ်နဲ့ တစ်ထပ်တည်းဖြစ်တဲ့ ဇာတ်လမ်းတွေလည်း အမြောက်အမြား ရှိနေပါတယ် အဲမေရယ်။ ဘယ်သူ့ဘယ်သူကိုမှ ရည်ညွှန်းစရာမလိုဘဲ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရပ်ဖြစ်စဉ်တွေလည်း ဒုနဲ့ဒေးပေါ့။ ခံစားမှုအထွတ်အထိပ်ရောက်အောင်၊ နာကျင်ကြေကွဲစရာဖြစ်အောင် တမင်ဖန်တီးရေးသားခဲ့တာ မဟုတ်တာတော့ သေချာတယ်လေ။ အင်းလေ၊ မင်းကတော့ အစစအရာရာ လျစ်လျူရှုပြီး ဥပေက္ခာပြုလိုက်ပြီပေါ့။


စာရွက်တစ်ရွက်ရဲ့ ဆန့်ကျင်ဘက် စာမျက်နှာနှစ်ဖက်လို မင်းနဲ့ တို့အကြားက ဆက်ဆံမှုနယ်ပယ်ဟာလည်း အကွာကြီး ကွာခြားသွားခဲ့ပြီပေါ့။ ရှိပလေစေတော့။ တို့က တာဝန်ကို အလေးထားတဲ့ တာဝန်ရဲ့ ဘက်တော်သား၊ နိုင်ငံကို ချစ်ခင်မြတ်နိုးတဲ့ ဝတ္တရားသမား။

ဒါကြောင့်မို့လို့ ပြေရာပြေကြောင်းလည်း မတောင်းပန်ချင်တော့ပါဘူး။

တို့ဘဝကို နိုင်ငံ့တာဝန်အောက်မှာပဲ ထာဝစဉ် မြှုပ်နှံထားလိုက်ပါတော့မယ်။ ဘဝဆိုတာ တို့အတွက် တာဝန်ပါ။ တာဝန်ဆိုတာလည်း တို့ရဲ့ ဘဝပါကွယ် . . .။

**ခင်မောင်အေး(မန္တလေး)**

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာတည်မယ့်ရောဂါ

မောင်တော်တိန်

ကိုလွင်မောင်၏အစ်ကို ကိုဝင်းစိုးတို့ယောက္ခမဖြစ်သူကိုဆန်းထူးတို့သည် အမိဌာန်ဝင်ခြင်း၊ သတ်သတ်လွတ်စားခြင်း၊ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်းတို့ကို အထူးစိတ်ဝင်တစားရှိသူများဖြစ်ပါသည်။ ရွှေတိဂုံဘုရားတွင်ဘယ်နေ့၊ ဆူးလေဘုရားတွင်ဘယ်နေ့၊ ဗိုလ်တစ်ထောင်ဘုရားတွင်ဘယ်နေ့ စသည်ဖြင့် လှည့်လည်၍ အမိဌာန်ဝင်ခြင်း၊ နယ်ဘက်များသို့ အပေါင်းအသင်းများဖြင့် သွားရောက်၍ ပုတီးစိပ်ခြင်းများ ပြုတတ်ကြသည်။ လွင်မောင်ကတော့ ငယ်ရွှင်သူပီပီ ထိုလုပ်ငန်းများကို သိပ်စိတ်မဝင်စားပါ။

ကိုဆန်းထူးဆိုလျှင် လှည့်လည်ပုတီးစိပ်ရင်း၊ ဘုရားတကာသွား၍ အမိဌာန်ဝင်ခြင်းများကြောင့် သူ့လိုဝါသနာတူသူတွေကို ပေါင်းတတ်သင်းတတ်ပါသည်။ အိမ်သို့ခေါ်၍လည်း တရားဆွေးနွေးခြင်းများပြုပြီး စားကြသောက်ကြပါသည်။ တစ်ခါတစ်ရံအဘဆိုသူ သျှောင်တုံးနှင့်ဆရာကြီးတစ်ဦးလည်း ပါတတ်ပါသည်။ ထိုဆရာကြီးသည် တပည့်များအိမ်တွင် လှည့်လည်နေပါသည်။ ကိုဆန်းထူးအိမ်တွင်လည်း ဆယ်ရက်တန်သည် တစ်လတန်သည် အမိဌာန်ဝင်ပါသည်။ ကိုဆန်းထူးကလည်း လိုလိုချင်ချင်အဘကို ကျွေးမွေးပြုခံပါသည်။ ကော်ဖီ၊ မုန့်၊ နံနက်စာ၊ ညစာ၊ ဆေးပြင်းလိပ်မှအစ အချိန်တန် အားလုံးအသင့်၊ ကိုဆန်းထူးသည် အဘဆိုသည့် ဆရာကြီးကို အလွန်ပင်လေးစားပါသည်။

အဘပြောမည်လည်း၊ အဘဘာလိုသည်လည်း အားလုံးဖြည့်ဆည်းပေးထားကာ ပြုစုပါသည်။ ကိုဆန်းထူးသည် အထက်တန်းစာရေးဖြစ်ပြီး စီးပွားရေးပြေလည်ပါသည်။ လွင်မောင်၏အစ်မဖြစ်သူကလည်း ကိုဆန်းထူးအလိုကျ အဘကို ချက်ပြုတ် ကျွေးမွေးရ၏။ အဘက ကြက်သား၊ ဝက်သား၊ ကိုဆန်းထူးကို သတ်သတ်လွတ်၊ အဘကကော်ဖီ၊ အိုဗာတင်း၊ မိုင်လို ဆိုလျှင် ကိုဆန်းထူးကရေနွေးကြမ်း။

ဒီလိုဒီလိုအဘကို ပြုစု၏။ သူ့အဆိုအရ အဘက အကြားအမြင်ရသည်ဆို၏။ သူကိုယ်တိုင်လည်း အကြားအမြင်ရရန် အဘ၏လမ်းညွှန်မှုကို ခံယူနေသည် ဟုဆို၏။ သည်လိုနှင့်အဘသည်တစ်နှစ်ကို သုံးလေးကြိမ်ခန့်ပင်၏။ တစ်ကြိမ်လာလျှင် တစ်လခန့်ကြာ၏။ ဘာတွေကြား၍ ဘာတွေမြင်သည်မသိ၊ စီးပွားရေးပြေလည်နေသော ကိုဆန်းထူးသည် ရုံးတွင် စာရင်းများကွာသည့်အတွက် ရာထူးချခံရ၏။ အဘက ဘာတွေလုပ်ပေးသည်မသိ၊ နောက်ဆုံးဌာနပြောင်းရလေ၏။ တော်သေး၏ နယ်သို့မပြောင်းရဘဲ မိမိရုံးတွင်းတွင်သာ ပြောင်းရ၏။ ဘယ်ကိုဘဲပြောင်းပြောင်း စာရင်းကွာမှုအတွက် ငွေလျော်ရ၏။ လွင်မောင်အစ်မ၏ ဆွဲကြိုး၊ လက်ကောက်နှင့်စုဆောင်းထားသော ငွေလေးများ ပြုတ်သွားလေ၏။

အဘဆိုသူ ဆရာကြီးလည်း ကိုဆန်းထူး၏ နေအိမ်မှဆင်းသွားရလေ၏။ ထိုအချိန်မှစ၍ ကိုဆန်းထူးသည် တရားကျကာ ဝိပဿနာဘက်သို့ကူးပြောင်းသွားလေ၏။ ဘာအကြားအမြင်မှ မကြားလိုတော့ပေ။ ဒါသည် လွင်မောင်ယောက္ခမ၏ အထက်ပိုင်းရောဂါထမှု၏ အကျိုးပေ။ နောက် လွင်မောင်၏အစ်ကို ကိုဝင်းစိုးသူကလည်း တရားထိုင်ပုတီးစိပ်ရင်းမှ ကိုဆန်းထူးလို အထက်လိုင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com

သွား၏။ သူက ကိုဆန်းထူးထက်ငွေရှိ၏။ လုပ်ငန်းကလည်း ကုန်သည်လုပ်ငန်းဖြစ်၏။

တစ်နေ့တွင် လွင်မောင်သည် ကိုဝင်းစိုးအိမ်သို့ အလည်သွားရင်း ကိုဝင်းစိုးတို့ဇနီးမောင်နှံ၏ ဖိတ်ခေါ်မှုကြောင့် သူတို့ကားဖြင့် မင်္ဂလာဒုံဘက်သို့ သွားကြ၏။ လွင်မောင်သည် ငိုက်ရင်းပါသွားပြီး ကားရပ်လိုက်သဖြင့် ငိုက်နေရာမှ မျက်စိဖွင့်ကြည့်လိုက်ရာ သင်္ချိုင်းတစ်ခုအတွင်းသို့ ရောက်နေခြင်းဖြစ်၏။ ဟုတ်မှဟုတ်ရဲ့လားဟု လွင်မောင်မျက်စိကိုပွတ်၍ ကြည့်လိုက်ရာ အမှတ်တကယ်ပင် သင်္ချိုင်းမှ သင်္ချိုင်းဖြစ်နေလေသည်။ ကားပေါ်မှ ကိုဝင်းစိုးရော၊ သူ၏ဇနီးပါ ဆင်းကြသဖြင့် လွင်မောင်ကနောက်မှ အသာကပ်၍ လိုက်သွားရ၏။ ကိုဝင်းစိုးကပါလာသော ငါးဆင့်စတီးချိုင့်ကြီးကိုဆွဲ၍ သင်္ချိုင်းတွင်း လူရွယ်တစ်ဦးကိုပေးလိုက်၏။ လူငယ်၊ လူလတ်၊ အမျိုးသမီးနှစ်ဦးအပါအဝင် လူလေးငါးဆယ်ဦးခန့်တွေ့ရ၏။

အမြင်ဆန်းသည်မှာ ထိုလူအုပ်ထဲမှ မဟုတ်ဘဲ၊ အသက်အရွယ်ငါးဆယ်ကျော်ခန့်ရှိ လူကြီးတစ်ဦးသည် လောလောဆယ်သင်္ဂြိုဟ်ခဲ့သော မြေပုံတစ်ခုပေါ်တွင် ထိုင်၍ ပုတီးစိပ်နေသည်မှာ လွင်မောင့်အတွက် အလွန်ပင် အမြင်ဆန်းနေလေသည်။ ကိုဝင်းစိုးနှင့်ဇနီးတို့သည် ထိုပုဂ္ဂိုလ်ကြီးထံသို့ ဦးတည်၍ သွားကြပြီး ရှေ့သို့အရောက်တွင် ထိုင်၍ ကန်တော့ကြလေ၏။ အစ်ကိုဖြစ်သူနှင့် မရီးတို့က ထိုင်၍ကန်တော့ကြသဖြင့် လွင်မောင်ခမျာ အောင့်သက်သက်ဖြင့် ရောကန်တော့ရလေ၏။

"နည်းနည်းနောက်ကျသွားတယ် အဘ၊ဆွမ်းစားချိန်မီလို့ တော်ပါသေးရဲ့"

ကိုဝင်းစိုး၏ ဇနီးကပြော၏။ အစ်ကိုဝင်းစိုးကလည်း-

"ဒီနေ့တော့သွားစရာရှိလို့ ခဏပဲ အဘရေ၊ တနင်္ဂနွေနေ့ကျမှပဲ နေကုန်နေတော့မယ်"

"အေးအေး၊ ရပါတယ်ကွာ၊ ဒီတစ်ပတ် ဒီသင်္ချိုင်းမှာ ခတ်ကျတယ်ကွ၊ ကိုးရက် အဓိဋ္ဌာန်ဝင်မယ်"

"ဟုတ်ကဲ့အဘ ကောင်းပါတယ်၊ တနင်္ဂနွေနေ့ကျရင် ကျွန်တော်တို့လည်း ပုတီးစိတ်ပါ့မယ်"

ကိုစိုးဝင်းနှင့်ဇနီးတို့သည် အဘအားထမင်းကျွေးပြီးသည်အထိ နေကြ၏။ အဘထမင်းစားပြီးသောအခါ "ဒါကျွန်တော့်ညီ အဘကြုံလို့ခေါ်လာတာ"

ကိုစိုးဝင်းက လွင်မောင်အား အဘနှင့်မိတ်ဆက်ပေးပြီး မြို့တွင်းသို့ ပြန်ခဲ့ကြ၏။ အိမ်ပြန်ရောက်သောအခါ လွင်မောင်က အဘအကြောင်း မေးကြည့်ရာ ကိုစိုးဝင်းက သိချင်ရင် မင်းလေ့လာပေါ့ကွာဟုဆို၏။ ထို့နောက် လွင်မောင်သည်ကိုစိုးဝင်းတို့နှင့် အဘထံမကြာခဏ ရောက်၏။ အဘနှင့်အဖွဲ့သည် ပဋ္ဌာန်းရွတ်ကာ ပုတီးစိတ်ကြ၏။ ဖိတ်သောအိမ်များသို့လည်း လိုက်၍ပဋ္ဌာန်းရွတ်ပေး၏။ အဘအဖွဲ့သည် လူဆယ့်ငါးဦးခန့်ရှိ၏။

အခြားအဘအား ကိုးကွယ်သူများလည်းရှိ၏။ အဘသည် ထီးတင်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းများပြု လုပ်၏။ အဓိဋ္ဌာန်ဝင်ခြင်းကို ခတ်ကျရာ စေတီတော်များတွင် လှည့်လည်၍ ဝင်၏။ ဝါဆိုပွဲများ၊ ကထိန်ပွဲများကိုလည်းပြုလုပ်၏။ ထို ပွဲများတွင် အဘကမည်သူကဆန်၊ မည်သူက ငါးပိကြော်၊ မည်သူကဟင်း၊ ဟင်းချိုစသည်များကို အလှူခံ၍ ဦး စီးကာ ပြုလုပ်၏။

ကိုစိုးဝင်းတို့ဇနီးမောင်နှံကလည်း ထိုကဲ့သို့အလှူပွဲများတွင် ပင်တိုင်လှူဒါန်းတတ်၏။ ထီးတင်ပွဲလည်း လှူ၏။ အိမ်တွင်လည်းမကြာခဏ အဘကိုပင့်၏။ လွင်မောင်လည်း ကိုစိုးဝင်းတို့နှင့်အတူ ပုတီးစိပ်၏။ အဘဦးစီးသည့်ပွဲများတွင်ပါဝင်ခဲ့၏။ သို့သော် လွင်မောင်သည်ဝန်ထမ်းဖြစ်သဖြင့်လည်းကောင်း၊ မိသားစုစားဝတ်နေရေးအတွက်လည်းကောင်း ကိုစိုးဝင်းတို့ထံသို့ နှစ်ချီ၍မရောက်တော့၊ သည်ကြားထဲနယ်ထွက်ရသဖြင့် ပို၍ ဝေးသွားပြန်၏။

နယ်တွင် သုံးလေးနှစ်ကြာပြီး ရန်ကုန်သို့ပြန်ရောက်သောအခါကိုစိုးဝင်း နေမကောင်းဟုကြားရသဖြင့် အိမ်သို့ သွားရ၏။ ကိုစိုးဝင်းကိုသူ၏အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ်တွင်တွေ့ရ၏။ နှစ်ဦးသားစကားပြောပြီး မကြာမီ ကိုစိုးဝင်း၏ ယောက္ခမဖြစ်သူ ကိုသော်တာရောက်လာလေသည်။ ကိုသော်တာဝင်လာသည်နှင့် ကိုစိုးဝင်းက-

"မင်းအဲဒီအဘိုးကြီးဆီသွားတုန်းပဲလား၊ ရှိတာကုန်သွားလိမ့်မယ်နော်၊ မင်းကဘယ်လောက်ချမ်းသာလို့တုန်း၊ ကြည့်လုပ်၊ ရပ်တန်းကရပ်ပါဆို"

ကိုသော်တာ အခန်းတွင်းသို့ ဝင်လာပြီး ကိုဝင်းစိုးရှေ့တွင် ထိုင်လိုက်သည်နှင့် ကိုဝင်းစိုးက ပြော၏။ လွင်မောင်က ကိုဝင်းစိုးဘာပြောသည်ကို မသိ၊ ကိုသော်တာက နဂိုကပင်သည်းခံစိတ်ရှည်သူမို့ ပြုံး၍သာနေလေ၏ ကိုဝင်းစိုးက ဆက်ပြောပြန်၏။

'ဘာ အဘလည်း ဟိုကောင်မနဲ့ ဒီကောင်လေးကိုအောင်သွယ်၊ ပိုက်ဆံရှိတဲ့လူကိုချူ၊ မင်းသတိထားနော်၊ ရှိတာကုန်သွားလိမ့်မယ်'

သည်တော့မှလွင်မောင်နည်းနည်းသဘောပေါက်လာ၏။ အဘတဲ့၊ အဘဆိုသည့်အတွက် ဘယ်အဘလည်း တခြားအဘလား၊ သူတို့အဘတော့ မဖြစ်နိုင်၊ သူတို့အဘကို ကိုဝင်းစိုးဒီလိုပြောလိမ့်မည်မဟုတ်။ အခန်းထဲသို့ ကိုဝင်းစိုးဇနီးဝင်လာပြီး၊

"နေမကောင်းတဲ့လူက နေမကောင်းသလိုနေစမ်းပါ၊ ဘာတွေလျှောက်ပြောနေတာလည်း လာသော်တာ"

ကိုဝင်းစိုးဇနီးက ကိုသော်တာကိုခေါ်သွားသောအခါလွင်မောင်က သူ့အစ်ကိုကိုမေး၏။

"နေပါဦး၊ အစကတော့နင်တို့ကပဲ အဘ၊ အဘနဲ့စပြီးခုမှ ဘယ်လိုဖြစ်တာတုန်း၊ ခုပြောနေတာနင်တို့ကိုးကွယ်နေတဲ့အဘကို ပြောတာလား"

"အေးပေါ့ကွာ၊ အစကတော့ ငါတို့က ဟုတ်နိုးနိုးနဲ့ပေါ့၊ တို့စီးပွားရေးသမားဆိုတာ စီးပွားပျက်မှာကြောက်တယ်၊ ဒါကြောင့် စီးပွားတက်အောင် ကောင်းနိုးနိုးနဲ့လိုက်မိတယ်ပေါ့ကွ။ ပုတီးစိပ်၊ အဓိဋ္ဌာန်ဝင်ဆိုတော့ ကောင်းရာကောင်းကြောင်းလုပ်နေတယ်ထင်တာပေါ့ကွာ၊ နောက်တဖြည်းဖြည်းနဲ့ ခုနတုန်းကပြောသလို အကြံအဖန်လုပ်ငန်းတွေလုပ်နေတာကိုးကွ"

"သူနဲ့တစ်သက်လုံးလိုက်နေတဲ့ ကိုခင်အောင်ဆိုရင် အိုးပစ်အိမ်ပစ်လိုက်ခဲ့တာ၊ သူ့ခမျာနောက်ဆုံးရှိတာကုန်ပြီ၊ ငါက ကြည့်နေရပါလေရောကွာ"

"ဒီလိုသိလာရင်လည်း စောစောက နောက်ဆုတ်လိုက်တော့ပေါ့ တော်ကြာ ရှိတာလေးပါသွားဦးမယ်"

"ပါသင့်သလောက်တော့ ပါကုန်ပြီလေကွာ၊ ဟိုပွဲအတွက်၊ ဒီပွဲအတွက်နဲ့ ငွေကိုသိန်းချီနေပြီကွ၊ သူက တစ်ဖက်မှာ ငွေကိုးပေးစားနေလေရဲ့ ကောင်းကွာ"

"ဒါလောက်ဆို တော်သေးတာပေါ့ ကိုဝင်းစိုးရာ၊ ငါကတော့အစကတည်းက ရောရီးပဲ၊ မင်းတို့လုပ်လို့သာ လိုက်လုပ်နေတာ ယုံကိုမယုံဘူး မင်းမှတ်မိမလားမသိဘူး၊ တို့ဟိုရွှေညောင်ပင်မရောက်ခင် ညာဘက်မှာ ခုထိရှိပါတယ်ကွာ၊ စေတီတည်လက်စကြီးနဲ့ တန်းလမ်းကြီးဖြစ်နေတာ အဲဒါလည်း အဘဆိုပြီးလူညာတစ်ယောက်က တည်တာကွ၊ အဲဒီတုန်းက ငါတို့က ထောက်ကြန့်မှာနေတယ်၊ ညပိုင်းဆိုရင်ကွာ သွားလိုက်ကျတဲ့လူတွေ၊ ဘာတဲ့ ဘိုးတော်က ညဉ့်နက်ပိုင်းမှ ဓာတ်ကျဆိုပဲ၊ အဲဒီမှာထောက်ကြန့်က မလည်မဝယ်ဈေးသည်တွေ၊ လက်လုပ်လက်စားတွေ သွားသွားပြီးလှူကြတန်းကြလုပ်အားပေးကြပေါ့ကွာ"

"ငါ့မိန်းမရဲ့ အသိဈေးသည်မလေးတစ်ယောက်ဆိုည ထိုင်းဘိုးတော် ဓာတ်ကျတယ်ဆိုတာသွားသွားပြီးကြည့်တာပေါ့ ကွာ၊ သူက ငါ့ဇနီးကိုလည်း အစ်မတစ်ရက်လောက်လိုက်ခဲ့ပါလား၊ အဘဘုရားတည်နေတာ သိပ်ကြည်နူးဖို့ကောင်းဆိုပဲ၊ အဲဒီကောင်မလေးကရွှေနဲ့ငွေနဲ့လုံးကြီးပေါက်လှလေး၊ အဲဒီလိုခေါ်ခေါ်နေတော့ ငါနဲ့ငါယောက္ခမကြီးက ငါ့မိန်းမကို လိုက်မသွားနဲ့နော် တော်ကြာ ဘိုးတော်ကပင့်သွားလိမ့်မယ်လို့ ဝိုင်းခြောက်ထားတော့ ဘယ်လိုက်ရဲပါ့မလဲ။

"မကြာပါဘူးဗျာ အဲဒီဘိုးတော်ဆိုတဲ့လူက ခုနကလုံးကြီးပေါက်လှကောင်မလေးကို မ သွားပါလေရော စေတီကြီးလည်း တည်လျက်တန်း



www.burmeseclassic.com

www.burmeseclassic.com

လန်းကြီး ကျန်ခဲ့လေရဲ့၊ အခုထိ မင်းတို့မျက်မြင်ပဲ။ နောက် သုံးလေးနှစ်ကြာတော့ အဲဒီကောင်မလေးဟာ ဘိုးတော်တပည့်နဲ့ ရသွားတယ်လို့ ကြားရတာပါပဲ၊ ရှိတဲ့ရွှေတွေ၊ ငွေတွေကို ဘိုးတော်က မ ပြီး၊ သူ့ကိုခဏ ပေါင်းတယ်၊ နောက် သူ့တပည့်ကို စွန့်လိုက်တယ်လို့ သိရတာပါပဲကွာ"

"ဒါကြောင့် တို့မြန်မာလူမျိုးတွေဟာ ဘုရား၊ တရားကြည်ညိုတာ၊ အလှူအတန်းဝါသနာပါတာတွေကို လူလိမ်တွေက အခွင့်ကောင်းယူ၊ အယုံသွင်းပြီး ရာထူးမက်တဲ့လူ၊ စီးပွားဖြစ်ချင်တဲ့လူတွေကို ကြံဖန်ရိုက်စားလုပ်နေကြတာပါပဲပေါ့ကွာ၊ မြို့ပေါ်လည်းမြို့ပေါ်မို့လို့၊ တောလည်းတောမို့လို့ အမျိုးမျိုးအယုံသွင်းပြီး လုပ်စားနေကြတာပါပဲ"

ဒီလိုလူတွေကို သက်ဆိုင်ရာက စိစစ်ဖို့လိုတယ်ကွာ၊ ဟိုးကဘောကမ္ဘာကတည်းက လူတွေမေ့လောက်တာနဲ့ လိမ်စားရိုက်စားလိုက်ကြတာ ခေတ်မရွေးပဲဆိုပါတော့ ဒီလူတွေက စေတ်ီတွေတည်၊ သက်ဆိုင်ရာကလည်း မစိစစ်၊ စိစစ်နိုင်ဖို့ဝေးတဲ့နေရာတွေမှာ ဒီလူလိမ်တွေက ယုံတဲ့လူတွေယုံ၊ ယုံဆိုသူတို့ဒလန်တွေကလည်း မယုံ ယုံအောင်ရပ်ကွက်ထဲလှည့်ပြီး သတင်းလွှင့်၊ ပိုင်လောက်တဲ့ အချိန်ကျရင်လိမ်၊ ဒီလိုနဲ့ မသိနားမလည်တဲ့ တောသူတောင်သားတွေ၊ အူကြောင်ကြောင်မြို့သားတွေဟာ သူတို့စက်ကွင်းထဲဝင်သွားကြတာပါပဲကွာ"

"ခေတ်တိုင်းမှာ မရိုးနိုင်တဲ့လိမ်နည်းတွေနဲ့ လူတွေကို ရိုက်စားလာကြတာဟာ တို့ငယ်ငယ်ကတည်းကခု တို့တစ်တွေ ခေတ်အထိ မျိုးဆက်နှစ်ဆက် နှစ်ပေါင်း ရာကျော်လုပ်စားလာခဲ့ကြတာ၊ ရိုက်စားလာခဲ့ကြတာဟာ ကမ္ဘာတည်သရွေ့များ လုပ်စားနေကြဦးမလား မသိပါဘူးကွာ"

"အဲဒီထဲမှာ ငါလည်းရိုက်စားခံလိုက်ရတာပေါ့ကွ၊ ဟုတ်နီးဟုတ်နီးနဲ့ သိသိကြီးနဲ့ကို ခံလိုက်ရတာနာသကွာ"

"အဲဒါပေါ့ နင်တို့လိုမြို့ကြီးသားတွေတောင် မျက်လှည့်ပြခံလိုက်ရတာ နယ်ကလူတွေဆို ပိုဆိုးတာပေါ့ကွာ။ ဘာမှနားမလည်ရှာတဲ့ သူမီးပျိုတွေ၊ ရွှေတွဲလဲငွေတွဲလဲနဲ့ ဈေးသည်တွေ၊ တို့နိုင်ငံမှာ ဒီလိုရိုက်စားတဲ့ ဘိုးတော်ရောဂါဟာ AIDS ရောဂါ၊ ကင်ဆာရောဂါတွေထက် ဆိုးတဲ့ရောဂါဆိုးကြီးပေါ့၊ သိပ္ပံပညာရှင်တွေရဲ့ ကျေးဇူးကြောင့် AIDS တို့ ကင်ဆာရောဂါတို့ဟာ တစ်ချိန်ချိန်မှာ ကုသနိုင်တော့ပေမယ့် ဒီအဘိုးတော်ဆိုတဲ့ ရောဂါဆိုးကြီးဟာ ဘယ်တော့မှ ပျောက်ပါ့မလဲဆိုတာ တွေးရခက်ကြီးပဲကွာ၊ တကယ်သူတော်စင်တွေဆိုတာ တောထဲ၊ တောင်ထဲမှာဖြစ်သလိုစား၊ ဖြစ်သလိုနေပြီး ကျင့်ကြံအားထုတ်ကြတာကွ၊ ဘယ်မြို့ပေါ်လာလိမ့်မလဲ။ ဟော..အခုဆိုဘိုးတော်တွေတင်မက မယ်တော်ကြီးဆိုတဲ့ ကလိမ်ကကျစ် အမျိုးသမီးကြီးတွေပါ ပေါ်နေပြန်ပါရောဗျာ"

"တစ်မျိုးပြီးတစ်မျိုးမရိုးရအောင် လိမ်စဉ်တွေပေါ့ကွာ ဒီဘိုးတော် မယ်တော်လုပ်ငန်းတွေကို တီဗီ၊ ရေဒီယိုတွေထဲကနေ အစဉ်တစ်စိုက်ပညာပေးနေရမလို ဖြစ်နေပြီကွ"

"ဟုတ်တယ်၊ ဒါမှမြို့ပေါ်ရော တောနယ်တွေပါ ထိထိရောက်ရောက် ပညာပေးနိုင်ပြီး လူလိမ်လူကောက်တွေ ပပျောက်ကုန်မှာပေါ့"

"တို့ခပ်ရှယ်ရှယ်တုန်းက ဘိုးတော်တုတွေကို ကောင်းကောင်းဆန့်ကျင်ပညာပေးတဲ့ 'ဘိုးတော်ဂျိုကာ'လို ဝတ္ထုတွေ ဇာတ်လမ်းပမာတွေ မကြာခဏလွှင့်ပေးခဲ့သလို ခုလည်း အဲဒီတုန်းကလို လှုံ့ဆော်ပညာပေးမှုတွေ ပြန်ပြီးလုပ်ဆောင်သင့်ပြီဆိုတော့ အမှန်ပဲပေါ့"

"ဒါပေါ့ကွာ၊ ဒီလိုမှ ဒီဘိုးတော်၊ မယ်တော်လိမ်စဉ်ရောဂါ ဆိုးကြီးကို ထိထိရောက်ရောက် မချေဖျက်နိုင်လို့ကတော့ 'ကမ္ဘာတည် မယ့်ရောဂါဆိုး" ကြီးဖြစ်သွားမှာ အမှန်ပါပဲကွာ.."

မောင်တော်တိန်



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတကာ နှင့် သေဒဏ်အပြစ်ဒဏ်

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

စာရေးသူ၏ ကိုယ်ပိုင်မှတ်စုထဲတွင် အောက်တွင် ဖော်ပြပါ နိုင်ငံများမှာ သေဒဏ်ကင်းလွတ်ခွင့်၊ သေဒဏ်မှ ပယ်ဖျက်လိုက်ပြီးသော နိုင်ငံများပင် ဖြစ်ပါသည်။ ယင်းနိုင်ငံများမှာကား -

(၁) နယ်သာလန်နိုင်ငံ (၁၈၇၀ ခုနှစ် ပယ်ဖျက်)
(၂) အီတလီနိုင်ငံ (၁၉၇၀ ခုနှစ် ပယ်ဖျက်)
(၃) အနောက်ဂျာမဏီနိုင်ငံ (၁၉၄၉ ခုနှစ် ပယ်ဖျက်)
(၄) စပိန်နိုင်ငံ (၁၉၇၈ ခုနှစ် ပယ်ဖျက်)
(၅) ပြင်သစ်နိုင်ငံ (၁၉၈၁ ခုနှစ် ပယ်ဖျက်)
(၆) ဖိလစ်ပိုင်နိုင်ငံ (၂၀၀၆ ခုနှစ်၊ ဇွန်လ ပယ်ဖျက်ခဲ့သည်။)

ထို့ပြင် ကနေဒါနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ အစ္စရေးနိုင်ငံ အသီးသီးတို့ကလည်း သေဒဏ်အား ပိတ်ပင်၊ ပယ်ဖျက်လိုက်ပြီဟု သိရှိရပါသည်။

ယင်းသေဒဏ်အစား တစ်သက်တစ်ကျွန်းထောင်ဒဏ်ကို ပြောင်းလဲချမှတ်သည်ဟု လေ့လာသိရှိရ၏။

**မှတ်ချက်** ။ မြန်မာနိုင်ငံ၊ ပြည်သူ့လွှတ်တော်တွင် ရာဇသတ်ကြီးဥပဒေ ပြင်ဆင်ချက် (ဥပဒေကြမ်း)၌မူ တစ်သက်တစ်ကျွန်းဒဏ်ဆိုသည့် စကားရပ်ကို "ထောင်ဒဏ်တစ်သက်" ဟု ပြင်ဆင်ထားသည်ကို တွေ့ရ၏။

တစ်ဖန် ယခုအခါ အမေရိကန်နိုင်ငံတွင်လည်း သေဒဏ်အား လုံးဝပယ်ဖျက်ခြင်းမပြုစေကာမူ သေဒဏ်ကို လျှော့ပေါ့၊ လျှော့နည်းစွာ ချမှတ်လျက်ရှိရာ ပျမ်းမျှခြင်းအားဖြင့် သေဒဏ်အား ဆိုင်းငံ့ပြစ်ဒဏ်အဖြစ်ဖြင့် ၁၄ ·၈ နှစ်ခန့် သတ်မှတ်ထားလျက်ရှိကြောင်း China Straits Times (Singapore) ၂၈·၈·၂၀၁၂ ရက်နေ့ထုတ် သတင်းစာတွင် အတိအလင်း ဖော်ပြထား၏။

ယနေ့မျက်မှောက်ကာလဝယ် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံအတော်များများတွင် သေဒဏ်များ လုံးဝ ပယ်ဖျက်ခြင်း မရှိသေးသည်ကို တွေ့ရပေသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံ၏ အိမ်နီးနားချင်းနိုင်ငံတစ်နိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌လည်း သေဒဏ်ကို မပယ်ဖျက်သေးပါ။ ဒါကာ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၃ ခုနှစ် သတင်းဖော်ပြချက်အရ နိုင်ငံတော်ပုန်ကန်မှု ကျူးလွန်ခဲ့သည့် ဘင်္ဂလားဒေ့ရှ်တပ်ဖွဲ့ဝင် ၁၅၂ ဦးအား သေဒဏ်အမိန့် ချမှတ်ခဲ့သည်ဟု ဆိုသည်။


**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

*Ref:-*
(i) Dead Sentence
မြတ်လေးမဂ္ဂဇင်း။
၁၉၈၇ ခုနှစ်၊ အောက်တိုဘာလ၊ အမှတ်(၁၀)။
(i) ကြေးမုံ
နိုဝင်ဘာလ ၇ ရက်၊ ၂၀၁၃ ခုနှစ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ယမ်းဘီလူးအောင်ဒင် နှင့် မူးယစ်ဂိုဏ်း

★ ရွှေမြို့တ်သောင်းတင်

မနေ့ညက ယမ်းဘီလူးအောင်ဒင်သည် သူခင်မင်ရင်းနှီးရသော မိတ်ဆွေများနှင့်အတူ ဝိုင်းထိုင်လိုက်ရသဖြင့် နည်းနည်းများသွားသည်ဟု ဆိုရမလား။ ယမ်းဘီလူးအောင်ဒင်က သူကြိုက်သော ရမ်သုံးပက်ကို ကြက်ဥပဟပ်ဖရိုက်နှင့် အပြီးသတ်လေ့ရှိ၏။ ဤသည်မှာလည်း ကျန်းမာရေးအရ ဆေးဖြစ်ဝါးဖြစ်ဟုက မများပေ။

သို့သော် မနေ့ညက ဂျာနယ်တစ်စောင်မှ တာဝန်ခံအယ်ဒီတာ ဖိုးကျော်(သချ်ာ)နှင့်အဖွဲ့ဖြစ်သော ထွန်းထွန်း၊ နေလင်း စသော အပေါင်းအသင်းများက မဆုံကြသည်ဖြစ်၍တစ်ကြောင်း၊ ယနေ့ နိုင်ငံတွင်း၌ မူးယစ်ဆေးဝါးပြဿနာ၊ အယ်ဒီတာပိုင်းမှ ထင်မြင်သုံးသပ်ချက်ကို ဆွေးနွေးသဖြင့် အချိန်အနည်းငယ် ပိုကြာသွားသဖြင့် ယမ်း



www.burmeseclassic.com

www.burmeseclassic.com

ဘီလူးအောင်ဒင်အဖို့လည်း နည်းနည်း များသွားရသည်ဟု ဆိုလျှင် မမှားပါ။

ယနေ့ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာနှင့်အဝှမ်း မူးယစ်ဆေးသည် လွန်စွာမှ အန္တရာယ်ပေး ဒုက္ခပေးလျက်ရှိ၏။

"သတင်းစာထဲမှ ဟိုမြို့နယ်က နည်းနည်း၊ ဒီမြို့နယ်ကနည်းနည်း ဟုတ်တိပတ်တိ သတင်းထူးကြီးမျိုး မပါဘူး"

"သူတို့က လက်ခွဲဖြန့်ချိရေးတွေ ဖြစ်မှာပေါ့ ဆရာဖိုးကျော်ရယ်"

ကိုနေလင်းက ဝင်ပြောသည်။

"ကျွန်တော့်အနေနဲ့တော့ ဦးစီးဦးဆောင်လုပ်နေတဲ့ ဂိုဏ်းခေါင်းဆောင်ကို မိအောင်လုပ်စေချင်တယ် ဆရာအောင်ဒင်။ ဂိုဏ်းခေါင်းဆောင်၊ ဂိုဏ်းချုပ်ကိုမိမှ ပြဿနာအကြီးက သေးပြီး ပျောက်မှာ"

အယ်ဒီတာဖိုးကျော်၏ စကားကို ယမ်းဘီလူးအောင်ဒင် သဘောပေါက်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာအာဏာပိုင်များကလည်း ခေါင်းပူနေသည်။ ဟာကွက်မရှိအောင်လည်း ကြိုးစားနေကြသည်။ သို့သော် ပိုင်ပိုင်နိုင်နိုင် မရရှိသေးပါ။

ဟိုမြို့နယ် နည်းနည်း၊ သည်မြို့နယ် နည်းနည်း စသည်ဖြင့်တော့ တားဆီး၊ ဖမ်းဆီးနေကြသည်။

"ဒီကိစ္စကလည်း ကမ္ဘာနဲ့အဝှန်း ပါပဲနော်"

"ဟုတ်တယ် ကိုထွန်းထွန်း။ ခက်တာက စီးပွားရေးသမား၊ ကိုယ်ကျိုးရှာသမားတွေက ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ကို မငဲ့ကွက်တော့ ဒီပြဿနာကြီးတွေက ရှိနေတာပေါ့"

ယမ်းဘီလူးအောင်ဒင်က သည်သုံးသပ်ချက်ကို ပေးသည်။ မူးယစ်ဆေးအန္တရယ်၊ လူ့ညွှန့်တုံးစေသော၊ စီးပွားပျက်စေသော အန္တရာယ်ကြီးကို ကာကွယ်ဖို့ နည်းလမ်းတွေက အဘက်ဘက်မှာ ရှာနေကြသည်။ ယမ်းဘီလူးအောင်ဒင်၏ သုံးသပ်ချက်ကို ဂျာနယ်အယ်ဒီတာနှစ်ဦးက စိတ်ဝင်စားသည်။ ဂျာနယ်က ရေးရုံလောက်သာ စွမ်းဆောင်နိုင်သည် မဟုတ်ပါလား။

တကယ့်လက်တွေ့ ဆောင်ရွက်ရမည်က နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများ။

"ဆရာအောင်ဒင်က ဒီကိစ္စမှာ မပါဝင်ဘူးလားဗျာ"

အယ်ဒီတာဖိုးကျော်က စူးစမ်းသလိုနှင့် မေး၏။

"ကျွန်တော်လည်း နိုင်ငံသားတစ်ယောက်ပဲဗျာ။ တာဝန်ရှိ၊ တာဝန်သိတာပေါ့။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပါဝင်ပတ်သက်လို့မရတဲ့ အကြောင်းတွေကလည်း ရှိနေတယ်။ ကျွန်တော့်ဘက်က အတတ်နိုင်ဆုံးတော့ ဘေးပန်းက ပါဝင်ရမှာပေါ့။ ခင်ဗျားတို့လည်း သိပါတယ်"

မနေ့ညက သည်သို့ ယမ်းဘီလူးအောင်ဒင်နှင့် အယ်ဒီတာတို့ ဆုံကြကာ များသွားခြင်းပင်။

မိုးတော်တော်ချုပ်မှ ကိုထွန်းထွန်းက သူ့ဇနီးညိုညို ထမင်းမစားဘဲစောင့်နေမည်ကို စိတ်ပူ၍ ပြန်မည်ဆိုသဖြင့် လမ်းခွဲလိုက်ရခြင်းပင်။

* * *

တရုတ်တန်း ၁၉ လမ်းအတွင်းရှိ မြန်မာဘီယာဆိုင်အတွင်း၏ သီးသန့်အခန်းထဲ၌တော့ စားသောက်ဖွယ် ပြည့်စုံစွာဖြင့် ခင်းကျင်းထားသောဝိုင်း၌ မျက်မှန်အနက် တပ်ထားသော စမတ်ကျကျနှင့် ပုဂ္ဂိုလ်တစ်ဦး၊ အနောက်တိုင်းဝတ်စုံဝတ်ထားသော ယောက်ျားကြီးနှစ်ဦး၊ တည်ခံ့ချောမောလှပသော မိန်းမနှစ်ဦး စုစုပေါင်းငါးဦးတို့က အငြိမ့်သားထိုင်၍ ဖွယ်ဖွယ်ရာရာ စားဖွယ်မျိုးစုံဖြင့် ဇိမ်ခံလျက်ရှိ၏၏။ ယောက်ျားကြီးသုံးဦးက Double Black ဝီစကီဖြင့် ဇိမ်ခံနေသလို အမျိုးသမီးနှစ်ဦးက Shark (ရှတ်) အပြင်းစားအချိုရည်ဖြင့် ဇိမ်ကျနေ၏။

"Pea-nut, Burma pea-nut"

အင်္ဂလိပ်လို အသံထွက် ဗိုကလာ မဗိုကလာနှင့် လူတစ်ဦးက ထိုသီးသန့်ခန်းတွင်းသို့ ဝင်လာကာ သူ၏တောင်းထဲမှ အငွေ့ထနေသေ မြေပဲပြုတ်များကို စိတ်ဝင်စားအောင် ပြသနေ၏။

စမတ်တကျနှင့် နိုင်ငံခြားဝတ်စုံနှင့် လူနှစ်ဦးက မြေပဲပြုတ်ကို စိတ်ဝင်စားစွာကြည့်၏။

"ကျုပ်နှမတော်များကို ရောင်းချင်လို့ပါဗျာ။ မြေပဲပြုတ်အဆန်ဝဝလေးတွေ စားလို့သိပ်ကောင်း။ မြေပဲပြုတ်က နှလုံးရောဂါကို ကာကွယ်ပေးပါတယ်ခင်ဗျာ"

မြေပဲရောင်းသူက သူ့မြေပဲပြုတ်ဝယ်အောင် ဆွယ်၏။ အမျိုးသမီးနှစ်ဦးက စိတ်ဝင်စား၏။

"ကဲ...ကဲ...ရှင့်ကိုအားပေးမယ်။ ရော့...တစ်ထောင်ဖိုးထည့်ခဲ့ပါ"

မြေပဲသည်က သူ့အသင့်လုပ်လာသော စက္ကူခွက်ထဲသို့ မြေပဲဖိုးဘူး



www.burmeseclassic.com

www.burmeseclassic.com

(နို့ဆီခွက်သေးသေး)ဖြင့် ထည့်ပေး၏။ သုံးဘူးနှစ်ခွက်လုပ်ပေး၍ အခွံထည့်ရန် ဟူသော စက္ကူခွက်လေးလည်း ပေးခဲ့၏။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ . .။ လုပ်ငန်းကိုင်ငန်းတွေ အောင်မြင်ပါစေဗျာ။ စားပြီးတဲ့အခွံ ဒီထဲထည့်ပေးပါ။ ကျန်းမာရေး၊ သန့်ရှင်းရေးအတွက် လည်း ဆောင်ရွက်ရတာပေါ့။ မြေပဲအခွံတွေနဲ့ ဆိုင်ခန်းမှာ ညစ်ပေမှာစိုးလို့ပါ"

"ဟုတ်ပါပြီရှင်။ ကဲ . . . ရှင်သွားတော့"

"ကျေးဇူးတင်လိုက်တာ။ ကျေးဇူးရှင်မမ နာမည်လေး သိချင်လိုက်တာ"

"လေဒီခိုင်ပါရှင်"

မြေပဲသည်က ကျေးဇူးတင်စကားဖြင့် ပြန်နှုတ်ဆက်၍ထွက်သွားတော့၏။

"ယူလိုက် ပီနပ် မစွတာဂျွန်"

"ရက်(စ်)၊ ရက်(စ်) . . . ဗဲရီးဂွတ်"

ပြီးနောက်တော့ သူတို့သည် ကောင်းစွာစားသုံးကာ သူတို့၏လုပ်ငန်းကိစ္စများ ပြောဆိုပြီးနောက် ပြန်ထွက်သွားတော့ မြေပဲသည်ကလည်း အခန်းတွင်းမှ သူ့မြေပဲခွံဘူးကို ပြန်ယူ၍ ဆိုင်တွင်းမှ နေးကွေးစွာ ထွက်ခွာလာခဲ့၏။

"ဆရာ . . ကျွန်တော်တို့ ဒီမှာပါ"

"အေး . . . အေး . . . ကျေးဇူးပဲ။ မင်းတို့ဆက်လုပ်ကြ"

"ဟုတ်ကဲ့ ဆရာ"

"ရော့ . . . ရော့ . . . မင်းတို့ဖို့"

✦ ✦ ✦

"စိတ်ကြွယူ့သွပ်ဆေးပြားများ ဖမ်းဆီးရမိ"

ဦးခင်မောင်ဖေက သတင်းတစ်ပုဒ်ကို ဖတ်နေစဉ် ယမ်းဘီလူးအောင်ဒင် ဝင်လာသဖြင့် သတင်းစာကိုချ၍

"မျှော်နေတာနဲ့ အတော်ပဲ . . . ဖိုးအောင်ဒင်"

"ဟုတ်ကဲ့၊ ကျွန်တော်ကလည်း ဦးခင်မောင်ဖေနဲ့ တွေ့ချင်နေတာ"

ယမ်းဘီလူးအောင်ဒင်က ပြောပြောဆိုဆိုနှင့် ဦးခင်မောင်ဖေလက်သို့ သေချာကျနစွာ ထုပ်ထားသော အထုပ်ပေးလိုက်၏။

"ဘာကြီးလဲကွာ"

"ဦးခင်မောင်ဖေအတွက်ပါ"

ဦးခင်မောင်ဖေက မချိုမချဉ်မျက်နှာ စပ်ဖြီးဖြီးနှင့် ကြည့်နေသော ယမ်းဘီလူးအောင်ဒင်ကို ကြည့်ရင်း အထုပ်ကို ဖြေလိုက်၏။

"ဟာ . . . တော်တော်နောက်တဲ့ကောင်ပဲ။ ဒီမြေပဲပြုတ်ခွံတွေကို ငါက ဘာလုပ်ရမှာလဲကွ"

ဦးခင်မောင်ဖေက ကျွဲမြီးတိုသလို ဖြစ်သွားကာ ဆေးပြင်းလိပ်ကို မီးခိုးတထောင်းထောင်းထအောင် ဖွာ၍ ပြောလိုက်၏။

"ဦးခင်မောင်ဖေကလည်းဗျာ။ ဒေါသကြီးရန်ကော။ ခင်ဗျားအတွက် အထူးလက်ဆောင်ဗျ"

"ဘာဖြစ်တာလဲ ဆရာ"

ဦးခင်မောင်ဖေ၏ ဒေါသသံကို ကြားရသဖြင့် ရဲအုပ်ဒေါ်မြင့်မြင့်အေး အခန်းထဲမှ ထွက်လာ၍ မေးလိုက်ရ၏။

"ဒေါ်မြင့်မြင့်အေးရေ . . . ခင်ဗျား ဆရာကြီးကို ကြည့်လုပ်ပါဦး။ ကျွန်တော်က စေတနာနဲ့ လက်ဆောင်လေး ပေးတာ"

"ဒီမှာ ဖိုးအောင်ဒင်၊ မောင်ရင်လည်း အသက်ကလေးနည်းနည်းရလာတော့ ဦးနှောက်ခပ်ချောင်ချောင် ဖြစ်သွားပြီ ထင်ပါရဲ့။ ဒီမှာကြည့်စမ်းပါဦး ဒေါ်မြင့်မြင့်အေးရယ်။ ကျုပ်အတွက် လက်ဆောင်တဲ့၊ ကြည့်စမ်းပါဦး"

ရဲအုပ်ဒေါ်မြင့်မြင့်အေးက ဦးခင်မောင်ဖေ၏ လက်ထဲမှ မြေပဲပြုတ်အခွံများကို ကြည့်လိုက်ပြီး -

"ဆရာ . . . ဒါအကြောင်းတစ်ခုခု ရှိရမယ်ထင်တယ်"

ရဲအုပ်ဒေါ်မြင့်မြင့်အေးက သူ့ထင်မြင်ချက်ကို ပေးလိုက်ရာ -

"အဲဒါပဲ။ ဒါကြောင့်မို့လည်း ရဲအုပ်မြင့်မြင့်အေးလို့ နာမည်ကြီးနေတာပဲ"

"ဟင်း . . . ကိုအောင်ဒင်ကတော့ လုပ်ချလိုက်ပြီ"

"ဟုတ်တယ်လေ။ ဦးခင်မောင်ဖေက စိတ်ဆိုးဖို့ပဲအကြောင်းရှာနေတာ။ ကဲ . . . ဦးခင်မောင်ဖေ၊ ခင်ဗျားအခန်းထဲမှာ ဒီကိစ္စ ဆောင်ရွက်ကြရအောင်။ ကဲ . . . ဒေါ်မြင့်မြင့်အေးလည်း ဆောင်ရွက်နိုင်ဖို့ နားထောင်လိုက်ပါ"

ယမ်းဘီလူးအောင်ဒင်က မြေပဲပြုတ်အခွံများ ထည့်ထားသော စက္ကူခွက်ထဲ အသံဖမ်းကိရိယာထည့်ထားကာ မနေ့ညက ၁၉ လမ်းမှာ မမျှော်လင့်ဘဲရရှိသောသတင်းကြောင့် ဆောင်ရွက်ခဲ့ရာ လွန်စွာမှ စိတ်ဝင်စားဖွယ်ကောင်းသော မူးယစ်ဆေးဝါးကိစ္စနှင့် ဆက်နွယ်မှုကို ရရှိခဲ့ပေသည်။

"ဒီတော့ ဒီကိစ္စ ဘယ်လိုဆက်ဖို့ စဉ်းစားထားလဲ ဖိုးအောင်ဒင်"

"ဦးခင်မောင်ဖေတို့ ဆက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ရှက်ရမယ်လေ။ ဒီကိစ္စမှာ ကျွန်တော်ဝင်လို့မရတဲ့အပိုင်း ရှိနေတယ်။ ဥပမာ ဒေါ်ခင်ခင်ကြီး"

"အေး…သိပြီ သိပြီ။ ဒါပေမယ့် မောင်ရင်လုပ်ဆောင်နိုင်တာ ရှိတယ်။ ဟုတ်တယ်မှတ်လား။ ဒီကိစ္စမှာ ဒေါ်မြင့်မြင့်အေးကတော့ အထူးဆောင်ရှက်ရမယ့် နေရာပဲ"

"ဟုတ်ကဲ့။ ကျွန်မသဘောပေါက်ပါတယ် ဆရာ။ ကိုအောင်ဒင်ကလည်း ကျွန်မတို့နဲ့ မလှမ်းမကမ်းမှာ ရှိရမယ်လေ။ မဟုတ်ဘူးလား"

ယမ်းဘီလူးအောင်ဒင်က ပြုံးလိုက်သည်။ ယမ်းဘီလူးအောင်ဒင်၏ အပြုံးကို ဒေါ်မြင့်မြင့်အေး သဘောပေါက်၍ ရက်ပြုံးပြုံးကာ ခေါင်းငုံ့လိုက်သည်။

* * *

တက္ကစီကားတစ်စီးသည် မင်္ဂလာဒုံကားလမ်းပေါ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်းသို့ အရှိန်ပြင်းစွာ ချိုးကွေ့လေးနင်ခဲ့လေသည်။

ထိုကားသည် အဝင်ဂိတ်သို့ ဆိုက်ရောက်သည်နှင့် လွှန်စွာမှ ချောမောလှပသော မိန်းမတစ်ဦးက ကြိုဆိုပါသည်။

"ဂွတ်အီးဗင်းနီး မစ္စတာဂျွန်"

"အိုး…ရက်(စ်) လေဒီ(Lady)။ အော(လ်) အိုကေ"

"ရက်(စ်) ဝီ ဟဲ့(ဗ) ကွန်ပလစ်။ ရဲ(စ)တာအေး ဘိုင်ထရိန်း"

မိန်းမချောနှင့် မစ္စတာဂျွန်ဆိုသူတို့ ရေးကြီးသုတ်ပျာပြောဆို၍ လေယာဉ်ကွင်းဧည့်ခန်းထဲ ဝင်သွားကြသည်။

တက္ကစီကားဒရိုင်ဘာ ချက်ချင်းပင် ဤအဝင်ဂိတ်မှ လျင်မြန်စွာမောင်းထွက်သွား၏။ လမ်းဘေးရှိ ကုက္ကိုပင်ရိပ်တစ်ခု၌ ဝင်ရပ်နားလိုက်၏။ နေလုံးသည် အနောက်ဘက်ဆီသို့ ဝင်လျှိုးသွားပြီဖြစ်ရာ အမှောင်ထုပင် သန်းနေချေပြီ။

"တီ…တီ…တီ"

တယ်လီဖုန်းခေါ်သံက ဂျယ်လောင်စွာ ပေါ်ထွက်လာ၏။

"ဟုတ်ကဲ့၊ ဦးခင်မောင်ဖေ"

"ငါတို့ထင်ထားတဲ့အတိုင်းပါပဲ။ သူတို့က လက်စလက်န အပျောက်လုပ်တာကွ"

"ဟုတ်တယ် ဦးခင်မောင်ဖေ။ ဒါနဲ့ ဒေါ်မြင့်မြင့်အေးဆီက သတင်းကော။ သူ့စကားအရ မနေ့က သူတို့ရထားနဲ့ အပြီးဆောင်ရှက်ပြီးပြီလို့ ပြောတာပဲ"

"အေးလေ။ ငါတို့လည်း ငါတို့ထင်မြင်သုံးသပ်ချက်ကို အကောင်အထည်ဖော်ခဲ့တာပဲ။ ဟ…နေဦး၊ နေဦး ဖိုးအောင်ဒင်။ ဟိုဘက်က ဆက်သွယ်နေတယ်၊ ခဏကိုင်ထား"

"ဟုတ်ကဲ့ပါ"

ဦးခင်မောင်ဖေက ယမ်းဘီလူးအောင်ဒင်နဲ့ ပြောလက်စကို ခေတ္တရပ်၍ တစ်ဖက်မှ ဆက်သွယ်မှုကို ရယူလိုက်၏။

"ဟော…ဟုတ်လား။ အေး…မင်းတို့ အမြန်ပြန်လာခဲ့။ အစီရင်ခံစာတင်"

ဦးခင်မောင်ဖေ တစ်ဖက်မှ ဆက်သွယ်မှုကို ရပ်ကာ ယမ်းဘီလူးအောင်ဒင်ကို ပြန်ဆက်သွယ်၏။

"ဖိုးအောင်ဒင်ရေ…"

"ဟုတ်ကဲ့ပါ။ နားထောင်နေပါတယ်"

"အခြေအနေကတော့ မဆိုးပါဘူး။ တရားခံလူပုဂ္ဂိုလ်တော့ မမိဘူး။ ရွှေနဲ့စိန်ထည်တွေ မိလိုက်သတဲ့ကွ"

* * *

ရန်ကုန်-မော်လမြိုင် ရထားကြီးက ကျိုက်ထို-တောင်စွန်းလွန်သည်နှင့် အရှိန်ပြင်းစွာ ပြေးလွှားလိုက်၊ ခပ်ဖြည်းဖြည်းသွားလိုက်နှင့်။

ရထားပေါ်မှ ခရီးသည်တို့ တချို့က ဝိုက်မျှင်းနေသည်။ တချို့က သတင်းစာဖတ်နေသည်။ စားသောက်ဆိုင်တွဲ၌တော့ အချိုအတွဲနှင့်၊ အချို့က မိသားစု လွှတ်လပ်စွာရှိကြသည်။

ညာဘက်အလယ်လောက်မှာ မိန်းမပျိုချောချောနှစ်ယောက်က ပြတင်းမှ စိမ်းလန်းသော လယ်မြေကို ကြည့်လိုက်၊ ကော်ဖီသောက်လိုက်နှင့် ရှိစဉ် မိန်းမလတ်တစ်ဦးက သူတို့အနီး၌ ဝင်ထိုင်လိုက်ပြီး -

"ခွင့်ပြုပါနော်"

"ဟုတ်ကဲ့၊ ရပါတယ်။ ကျွန်မတို့ ဘာကူညီရမလဲ"

"အကူအညီလိုချင်ပါတယ်။ ဖြစ်နိုင်ရင် အစ်မကို ညီမလေးတို့နှစ်ယောက်နဲ့ အတူလိုက်ခွင့်ပေးပါနော်။ ထမင်းကျွေး၊ လက်ဖက်ရည်တိုက်ဆိုရင် အစ်မအတွက် လုံလောက်ပါပြီ။ ညီမလေးတို့လိုအပ်တဲ့ အလုပ်ကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

လုပ်ပေးပါရစေ။ ကူညီပါနော်"

မိန်းမချောနှစ်ဦးက ထိုမိန်းမကို အကဲခတ်ကြည့်လိုက်ပြီး -

"နာမည် ဘယ်လိုခေါ်လဲ"

"မဝေဝေပါကွယ်"

"ခင်ပွန်း၊ သားသမီး မရှိဘူးလား"

"မရှိပါဘူး။ အပျိုကြီးပါ။ မိခင်မှဆိုးမနဲ့ အတူနေပြီး မိခင်ကြီးကို ရတဲ့ အလုပ်နဲ့ ရှာကျွေးနေရတယ်ကွယ်"

"နေတာက..."

"ရန်ကုန်တစ်ဖက်ကမ်း ဒေါပုံမှာပါ"

"ရန်ကုန်မှာ ဒီရထားပေါ်အထိတောင် အလုပ်ရှာရတယ်နော်။ ခွန်ခွန်ရေ...အစ်မကြီးဖို့ ကော်ဖီနဲ့ ထမင်းကြော် မှာပေးပါကွယ်"

"ဟုတ်ပါပြီ ချွန်ချွန်ရယ်"

ခွန်ခွန်နဲ့ ချွန်ချွန်တို့ လိုက်ဖက်ပါသည်။ အပေးအယူလည်း ဖြောင့်သည်။ ချွန်ချွန်က ခွန်ခွန့်ကို ယင်းသို့ အမိန့်ပေးပြီးနောက် လှပသော လက်ကလေးများ ပွတ်သပ်ပြီး လက်ကိုင်အိတ်ထဲမှ လှပသော ဒန်ဘူးလေးကို ထုတ်လိုက်ပြီးနောက် ဘူးကိုဖွင့်လိုက်၏။ ဖြူဖွေးသော အဖြူချောင်းလေးတွေ တန်းစီနေသော အဖြူတောင့်ကလေး တစ်ချောင်း ထုတ်လိုက်ပြီး စကားဆက်၏။

"အစ်မကြီးလို အဖော်တစ်ဦးရတော့ ကျွန်မတို့အဖို့ တော်တော်အဆင်ပြေပါတယ်။ ကူညီရမှာပေါ့ မဟုတ်ဘူးလား ခွန်ခွန်ရယ်"

ချွန်ချွန်က ခွန်ခွန့်ကို စကားလှမ်းပြောရင်း အဖြူတောင့်လေးကို နှုတ်ခမ်းဝတော့ပြီး ဆေးလိပ်ဖွာသလို ဖွာလိုက်မှုတ်လိုက်နှင့် လုပ်ကစားနေ၏။ မကြာမီပင် ခွန်ခွန်မှာထားသော ကော်ဖီနှင့် ထမင်းကြော် ရောက်လာ၏။

"အစ်မကြီး...စားလိုက်ပါ။ အားရှိမှ အလုပ်လုပ်နိုင်မှာ"

သည်စဉ်မှာပင် မဝေဝေပတ်ဝန်းကျင်အားလုံး မေ့သွားတော့သည်။

"အင်း...သူတို့ကို လျှော့တွက်လို့မရဘူးပေါ့နော်"

"ဟုတ်ပါတယ် ကိုအောင်ဒင်။ ကျွန်မတို့ဘက်ကလည်း အသိမြန်လှုပ်ရှားလိုက်ကြလို့ ဒီရတနာတွေ ရလိုက်တာ။ လူကတော့ မမိလိုက်ပါဘူး။ ကျွန်မအငိုက်မိပြီး သတိရတော့ ရထားက မော်လမြိုင်ဘူတာ ဝင်နေပြီ ကိုအောင်ဒင်"

"အင်း...မြွေပွေးပိုးလိုဆိုတာ"

"ဟုတ်ပါ့ဗျား"

ရဲမှူးကြီး ဦးခင်မောင်ဖေက တဟားဟားရယ်၍ ထောက်ခံလိုက်ရာ ရဲအုပ်မြင့်မြင့်အေးက ရှက်ပြုံးပြုံးရ၏။

"ကျွန်မတော်တို့ သဲလွန်စတွေ ရနေပြီပဲ။ သူတို့ဘက်ကလည်း အထိနာသွားတယ်ဆိုတော့ လှုပ်ရှားမှုက ကြီးထွားလာမှာပါ။ အဲဒီအချိန်မှာ ကျွန်တော်တို့က ... ပိုပြီး သတိဝီရိယရှိကြရမှာပေါ့။ မဟုတ်ဘူးလား"

"ပါလာပြီဆရာ၊ ပါလာပြီ"

သည်သို့ ဦးခင်မောင်ဖေ၊ ယမ်းဘီလူးအောင်ဒင်နှင့် ရဲအုပ်ဒေါ်မြင့်မြင့်အေးတို့ အဖြစ်အပျက်ကို ပြန်လည်သုံးသပ်နေချိန်တွင် ရဲတပ်ကြပ်ကြီး ဇော်ထွန်းက သတင်းစာကို ကိုင်ကာ အော်ဝင်လာခြင်းပင်။

"ဘာတွေပါလာတာတုံး...ဇော်ထွန်းရ"

"ကျွန်တော်တို့ ရဲတပ်ဖွဲ့ကြီးရဲ့ အားထုတ်မှုကြောင့် မူးယစ်ဂိုဏ်း အသိနာသွားတာ၊ မူးယစ်ကုန်သည်တွေဆီက ရတနာတွေ ရလိုက်တဲ့သတင်းပါ ဆရာ။ ဒါပေမယ့် ဆရာ..."

"ဘာ...ဒါပေမယ့်လဲကွာ"

"တရားခံမမိတာကိုတော့ နည်းနည်း ကလိထားတာ ဖတ်ရတယ် ဆရာ"

ထိုအခါ ရဲမှူးကြီးဦးခင်မောင်ဖေက -

"အေးပေါ့ကွာ။ နောက်တစ်ခါ တရားခံမိတာ ချိုကျူးရေးတာ မင်းထပ်ဖတ်ရဦးမှာ ဇော်ထွန်းရ"

ယမ်းဘီလူးအောင်ဒင်အဖို့မူ လေဒီခိုင်ဆိုသော အမျိုးသမီး၊ မစ္စတာ ဝွန်ဆိုသော အမျိုးသား၊ မမေ့နိုင်သော ပုံရိပ်ပင် မဟုတ်ပါလား။

ရွှေမြိုင်ဘောင်းဘင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သွေးချောင်းက လျှံ

ဖြူဝဦ

(အခန်းဆက် ဝတ္ထုရှည်)

ယခင်လမှအဆက်

များသောအားဖြင့် သူတို့ ဘုရင်အား အလွန်ရိုသေသည်။ ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ ရှိသေကာ ဘုရင့်အတွက်သာ ပြုလုပ်ရသော် မိမိတို့အသက်ကိုလည်းကောင်း၊ ရန်သူ၏အသက်ကိုလည်းကောင်း လုံးဝညှာတာစိတ်မရှိ ပယ်ဖျောက်ကာ တာဝန်ကို အရိုးကြေကြေ အရေခန်းခန်း ထမ်းဆောင်သွားနိုင်သောသူများပေတည်း။

ယင်းသို့ကြောင့်လည်း ဂျပန်စစ်သားများသည် မည်မျှပင် မိုးရွာလေတိုက်စေကာမူ သူတို့၏ တာဝန်ကို ထမ်းဆောင်ရန်အတွက် အထူးပတ်ကင်းများ မလှည့်ဟု ကျွန်တော်တို့ မပြောနိုင်ပါချေ။

သို့စေကာမူ ဤနေရာ၊ ဤဒေသမှာ သူတို့၏ အလုပ်သမားစခန်းလည်း ဖြစ်ပြီး ရန်သူများနှင့် လုံးဝ ကင်းရှင်းသောနေရာ ဖြစ်လေသဖြင့် အထူးကင်းများဖြစ်သော ပတ်ကင်း၊ ဝပ်ကင်း၊ တိုက်ကင်းများကို လျော့ထားကြမည်သာ ဖြစ်လေသည်။

ထို့ကြောင့်လည်း ကျွန်တော်တို့အဖို့ ဂျပန်ဘေးအန္တရာယ်မှ အတော်အတန် သက်သာမှုရရှိနေသည်ဟု ဆိုချင်ပါဘိသည်။

ဗိုလ်ကြီးခင်က လက်နက်ကိုင် ရဲဘော်နှစ်ယောက်အား အဖွင့်ခိုင်းပါသည်။ ဂိုဒေါင်၏ တံခါးကြီးမှာမူ ထူထဲလှသော သစ်သားတံခါးကြီးဖြစ်လျက် ကြီးမားသော သ ˙သော့ခလောက်ကြီး ခတ်ထားသည်။ အထူးသဖြင့် တောင်ကိုဖောက်ထွင်းကာ ဂိုဒေါင်ကြီး ပြုလုပ်ထားခြင်းဖြစ်၍ လိုဏ်ဂူအပေါင်မြင့်သည် ၁၅ ပေ အမြင့် ရှိပါမည်။

ခတ်ထားသော သော့ကို ရဲဘော်နှစ်ဦးက အလွယ်တကူပင် ယမ်းမှုန့်များထည့်၍ ဖွင့်လိုက်နိုင်၏။ ဂိုဒေါင်ထဲသို့ ဝင်ရန် ရထားသံလမ်း တစ်လမ်းလည်း ခင်းထားသေး၏။

တံခါးသော့ ပွင့်သည်နှင့် တစ်ပြိုင်တည်းမှာပင် ထူထဲသော သစ်သားတံခါးကြီးကို ဟိုဘက် ဒီဘက် တွန်း၍ ဖွင့်လိုက်နိုင်၏။

"မောင်သိုက်၊ ဆင် သွားခေါ်တော့"

ဗိုလ်ကြီးခင်က အမိန့်ပေးလိုက်၏။

လက်နိပ်ဓာတ်မီး အသေးကလေးဖြင့်ထိုးကြည့်ရာ ဆန်အိတ်များနှင့် ထင်းရှူးသေတ္တာများ၊ ခြင်းတောင်းများဖြင့် ထည့်ထားသော ပဲငါးပိနှင့်၊ သကြားအိတ်များ၊ ငါးသေတ္တာ သံဘူးများထည့်ထားသော ထင်းရှူးသေတ္တာများတို့ဖြစ်၏။ ထိုပစ္စည်း အားလုံးတွင်



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်စစ်ဘက်အရာရှိကြီးတို့စားသောက်သုံးစွဲ ဖိမ်ခံပစ္စည်း အများအပြား ပါဝင်ပေသည်။ မှန်သည်၊ ဂိုဒေါင်အတွင်းတွင်ရှိသော စားသုံးပစ္စည်းများအတွင်းဝယ် ဂျပန်အကောင်းစား စီးကရက်ဘူးများဖြစ်သော ရွှေဒင်္ဂါးသုံးခုနှင့် ကိုတပ်(ဖ်)စီးကရက်၊ မတ်(စ)ကော့၊ လင်းယုန်နှစ်ကောင်နှင့် ကိုးဝါးစီးကရက်များ၊ ဆေးပစ္စည်းသေတ္တာများ စသည်ဖြင့် စုံလင်လှပါချေသည်။

ဂိုဒေါင်ကြီး အကျယ်ကား အနံပေ ၅၀ ရှိ၍၊ အလျားပေ ၂၀၀ ခန့်မျှ ရှိနေပါချေသည်။

မိုးသည် တဝုန်းဝုန်း ရွာချကောင်းတုန်း ရှိနေပါသေး၏။ လေကလည်း တဝေါဝေါ တိုက်နေသောကြောင့် ကျွန်တော်တို့၏ လုပ်ငန်း ပိုမိုအောင်မြင်နိုင်ရန် ကူညီနေသည်ဟု ထင်မိပါ၏။

မကြာမီ ဆင်နှစ်ကောင် ရောက်လာလေသည်။ ဆင်များနောက်မှ မြင်းသုံးကောင် ပါလာသည်ကို တွေ့ရ၏။

"ဗိုလ်ကြီး၊ ကျွန်တော်တို့ ဂျပန်မြင်းသုံးကောင်ကို ယူလာတယ်၊ ဒီကောင်တွေအတွက်တော့ စိတ်ချ ဗိုလ်ကြီး၊ အိပ်လိုက်ကြတာ သိုးနေတာပဲ"

ရဲဘော်တစ်ဦးက ပြောလိုက်၏။

"ဒါဖြင့် မင်းတို့ထဲက ဘယ်သူစောင့်ကျန်ခဲ့သေးသလဲကွ"

"ချန်ထွန်းနဲ့ ကျားကြီး စောင့်နေပါတယ် ဗိုလ်ကြီး။ သူတို့နှစ်ယောက်ထဲနဲ့ ကိစ္စတုံးနိုင်ပါတယ်"

ထိုသို့ ပြောလိုက်သောကြောင့် ဗိုလ်ကြီးခင်သည် ဦးခေါင်း တညိတ်ညိတ်ပြုလုပ်ကာ "အိုကွာ သေတ္တာတွေကို သာအမြန်ဆုံး ဆင်ပေါ်တင်ကြ" ဟု အမိန့်ပေး လိုက်ပါသည်။

သို့အခိုက် ကိုဝင်းမောင်က ဗိုလ်ကြီးခင်ထံသို့ လာကာ -

"ဗိုလ်ကြီး ကျွန်တော်တို့ ဒီစခန်းမှာဒါ နောက်ဆုံးဖြစ်မှာပဲ။ နောက်ယပ်လုပ်ရရင် ခုနစ်တွေစခန်းက ဂိုဒေါင်တွေကိုပဲ ကျွန်တော်တို့ အကြီးအကျယ်အစောင့်ချတော့မှာပေါ့ကွာ"

ထိုသို့ ပြောနေစဉ်မှာပင် ရဲဘော်များသည် သေတ္တာများကို ဆင်နှင့်မြင်းများပေါ်သို့ တင်လျက်ရှိကြ၏။ ဆင်တစ်ကောင်လျှင် ရိက္ခာ သေတ္တာများ တော်တော် တင်နိုင်သည်ကို တွေ့ရသည်။ ပြီး ဆန်အိတ်နှင့် အခြားပစ္စည်းမျိုးစုံဖြစ်သော ဆေးဝါး၊ စီးကရက်၊ ပဲငါးပိခြင်းများ၊ အထည်သေတ္တာအ[illegible]နှင့် ဖိနပ်များထည့်ထားသော ဂုန်နီအိတ်ကစ၍ တင်ဆောင်ကြသည်။

အားလုံး တင်ဆောင်ပြီးချိန် လောက်ဝယ် အပြင်ဘက်တွင် စောင့်ရောက်နေသော ရဲဘော်တစ်ဦးသည် လာရောက် သတင်းပို့သည်။

"ဗိုလ်ကြီး လေယာဉ်ပျံသံကြားတယ်"

"မြန်မြန်ထွက်ကြဟေ့"

ဗိုလ်ကြီးခင်သည် ချက်ချင်းပင် အရေးတကြီး အမိန့်ပေးလိုက်လေသည်။

ဆင်နှင့် မြင်းများပေါ်သို့ ရိက္ခာပစ္စည်းမျိုးစုံ တင်ဆောင်ပြီးသည့်အတိုင်းပင် ထွက်ခွာရန် အမိန့်ပေးလိုက်သည်။ ကျွန်တော်တို့ အပြင်သို့ရောက်ချိန်ဝယ် မိုးသံ လေသံများကြားမှ လေယာဉ်ပျံသံကို ကြားနေရ၏။ တံခါးကြီးကို ဆွဲ၍ ပိတ်ခဲ့ပြီး ထွက်လာချိန်တွင် ကောင်းကင်ပြင်မှ ဝင်းခနဲ အရောင်ဖြာထွက်သွားသည်ကို တွေ့လိုက်ရ၏။

ရဲဘော်အားလုံးကိုလည်း စုံ မစုံ စစ်ဆေးလိုက်ပါသေး၏။

လေယာဉ်ပျံပေါ်မှ ဆလိုက်ထိုးလိုက်ခြင်းဖြစ်၏။ ပြီး . . . ဝေါခနဲ ဖြတ်သန်းသွားသော လေယာဉ်ပျံနှစ်စင်း အသံကို ကြားရ၏။

တစ်ခဏချင်းပင်လျှင် ဝုန်း . . ဒိုင်း ဟူသော အသံကြီးသည် မြေပြင်ကို တုန်၍သွားအောင် ပေါ်ထွက်လာလေ၏။ ထို့နောက်တွင် ကျွန်တော်တို့အားလုံးသည် ခပ်သုတ်သုတ်ပင် တောတန်းသို့ အရောက် ပြေးလာကြရ၏။

ဆင်များမှာ ခရီးသွားရာတွင် မြန်ဆန်လှချေ၏။ ဆင်များနှင့်အတူ ရိက္ခာတင် မြင်းများသည်လည်း ပါသွားကြ၏။ မိနစ်အနည်းငယ် အတွင်းမှာပင် ဝုန်း . . ဒက်ဒက် . . ဒက်ဒက် ဟူသော တော်မီဂန်းသံနှင့် လက်ပစ်ဗုံးသံကြားရ၏။

ဂျပန်စစ်သားများ၏ အော်ဟစ်သံ ပေါ်ထွက်လာပေ၏။ နောက်ထပ်တော်မီဂန်း အသံ ထပ်မံ ကြားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဗိုလ်ကြီးရေ ကျားကြီးတို့ လက်ချက်တော့ မိသွားပြီဗျို့"

ထိုသို့ ပြောလိုက်သူမှာ ကျော်မြဆိုသူ ရဲဘော်တစ်ဦး ဖြစ်၏။

ကိုဝင်းမောင်က "ဗိုလ်ကြီး ကျွန်တော်တို့ သွားတော့မယ်၊ဘယ်တော့ ကျွန်တော်တို့ ပြန်လာရမလဲ" ဟု စမ်းချောင်းကလေး ဖြတ်ကူးချိန်တွင် မေးလိုက်၏။

"အေး··သန်ဘက်ခါ လာခဲ့ မင်းလာရင်တော့ အရင်ကလိုပဲ။ ငှက်ပျောသီးတွေနဲ့ ကြက်ဥတွေ ရာယူခဲ့ပေါ့ကွာ"

ထိုသို့ ပြောလိုက်စဉ်မှာပင် ရိုင်ဖယ်ကိုင်ထားသော ရဲဘော်အချို့သည် ကိုဝင်းမောင် အနီးတွင် မတ်တတ်ရပ်နေကြ၏။

"ဟော့··ဟော့ ကျားကြီးနဲ့ ချန်ထွန်းတို့ကို စောင့်ကြဦးလေ"

"သူတို့ လမ်းသိပါတယ် ဗိုလ်ကြီး၊ အခုဆိုရင် သူတို့ကပဲ ကျွန်တော်တို့ ရှေ့ကို ရောက်နေရောမယ်"

"အေး···အေး···"

ကိုဝင်းမောင်က အလေးပြုလိုက်သည်ကို ဗိုလ်ကြီးခင်က ပြန်၍ အလေးပြုလိုက်၏။

ထိုအခိုက် လေယာဉ်ပျံသံကို ထပ်မံ ကြားလိုက်ရပြန်သည်။ ထိုအချိန်တွင် ကျွန်တော်တို့သည် ပြန်လမ်းပေါ်သို့ ခြေကုန်နင်ကြသည်။

ခရီးတစ်ဝက်သို့ မရောက်မီ ဝုန်းဒိုင်း ဟူသော အသံကို ထပ်မံကြားရပြန်သည်။ မီးတောက်မီးလျှံများ ပေါ်ထွက်လာ၏။

ဂျပန်များ၏ ဆူဆူညံညံအသံနှင့် ကားသံများပါ ကြားရလေ၏။

ကျွန်တော်တို့လည်း တောချုံများကိုတိုးကာ ပြေးလာစဉ် ကားများလာနေသံ ကြားရ၏။ တစ်ခဏချင်းပင် ကျွန်တော်တို့သည် ဟန်းစီသော မြေပြင်ကွင်းအနီးသို့ ကပ်လာကြ၏။

စစ်ကား ၃ စီးသည် ဝေါခနဲ ဖြတ်ကျော်သွားသောကြောင့် ကျွန်တော်တို့ ဝပ်နေလိုက်ကြရ၏။ ပြီး···တန်းစီကွင်းကိုကျော်ကာ တန်းလျားဆီသို့ အပြန်တွင် အင်္ဂလိပ် စစ်လေယာဉ်ပျံသည် ဝေါခနဲ ဝဲသွားကာ မီးကျည်ချလိုက်သဖြင့် လင်းထိန်သွား၏။

ကျွန်တော်တို့လည်း ဝါးရုံကြီးတစ်ရုံဆီသို့ ပြေးကပ်ကြရ၏။ သို့အခိုက်ကလေးမှာပင် လေယာဉ်ပျံသည် ပြန်လည်ကွေ့လာကာ ဝေါခနဲ ဗုံးများချလိုက်သည်ကို ကြားလိုက်ရ၏။

ဝုန်း···ဝုန်း···ဝုန်း

ဗုံးပေါက်ကွဲသံများက ဆူညံကာသွားတော့၏။ သို့တစေ အရေးကြီးသော ဂျပန် စစ်တန်းလျားကို ထိခိုက်မည် မဟုတ်ပါချေ။ ကျွန်တော်တို့လည်း မီးကျည်ပျောက်သွားသော အချိန်မှ ဗိုလ်ကြီးခင်၏ ရုံးခန်းဆီသို့ အပြေးအလွှားလာကြရ၏။

ထိုသို့ လာစဉ်မှာပင် ကျွန်တော်တို့ ရှေ့မှ လူနှစ်ယောက် ပြေးလာသည်ကို တွေ့ရ၏။ သူတို့သည် ခွေးတပ်သားများ ဖြစ်ဟန်တူကာ ကြောက်လန့်၍ ပြေးလာကြပုံရသည်။

သို့တစေ အနီးသို့ရောက်သော အခါတွင်ကား ခွေးတပ်သားများ မဟုတ်ဘဲ ဂျပန်စစ်သားနှစ်ဦး ဖြစ်နေပြီး တစ်ဦးက တပ်ကြပ်ကြီး ဖြစ်နေသည်ကို တွေ့ရ၏။ သူကား မခင်မွှေးတို့အား မော်ချီမုန့်များကို ပေးခဲ့သူကီမူရာဖြစ်သည်။

"အား···အဘိမွှာ ဟိကောကိက"

သူ့နောက်မှ ဂျပန်စစ်သားကလည်း အတော်ကြောက်ရွံ့နေပုံရ၏။

ဗိုလ်ကြီးခင်ကပင် စတင်ကာ အနီးကပ်၍ သေနတ်ဒင်ဖြင့် ရိုက်ထည့်လိုက်သည်။ သည်နောက်တော့မှ ကျွန်တော်တို့က ကျန်သော ဂျပန်စစ်သားအား ရတ်တရက် ပါလာသော ရိုင်ဖယ်ဖြင့် ရိုက်ထည့်လိုက်ရ၏။

အမှတ်တမဲ့ ခံလိုက်ရသော ဂျပန်စစ်သားနှင့် တပ်ကြပ်ကြီးတို့သည် မြေပေါ်သို့ လဲကျသွားတော့၏။

"ခွေးမသားတွေ ဒီအချိန်မှာ အလုပ်သမားတန်းလျားထဲကိုလာတာ အကောင်းလာတာ မဟုတ်ဘူးကွ"

"ဗိုလ်ကြီး အသေဖျောင်လိုက်ရမလား"

"အေး တို့လည်း နောက်ထပ် ဒီမှာနေရင် ၁၀ ရက်ပေါ့ကွာ၊ တို့လည်းမှတ်မိသွားပြီပဲ။ ပြီးတော့ ချောက်ထဲ ဆွဲချလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

သည်နောက်တော့မှ အသံမထွက်သောနည်းဖြင့် ဘထိုက်နှင့် ကျော်မြတို့က ဓားများကိုထုတ်၍လဲကျနေသော ဂျပန်စစ်သားနှင့် တပ်ကြပ်ကြီး ကီမူရာတို့အား ထိုးသတ်လိုက်ကြသည်။

အသံပင် အော်နိုင်စွမ်း မရှိတော့။ ဗိုလ်ကြီးခင်က စမ်းသပ်ကြည့်ပြီး "ကဲ…မင်းတို့ပဲ ချောက်ထဲကို ခပ်သုတ်သုတ်သွားပစ်ချည်ကွာ။ ချောက်တောတွေ ပေါ်ပါတယ်"ဟု ပြောလိုက်၏။

ကျွန်တော်၏ မျက်စိရှေ့တွင် ပထမဆုံး ဂျပန်စစ်သားများအား သတ်ဖြတ်ခြင်းကို တွေ့ရခြင်းပေတည်း။ ပြီးမှပင် ကျွန်တော် သိရသည်မှာ ဘထိုက်မှာ ရွှေဘိုသားဖြစ်ပြီး ရွှေဘို ဓားပြကြီး မိုက်ခဲ ငဖျော်၏ ဂိုဏ်းဝင်တစ်ဦးဖြစ်သည်။

ရွှေဘို လူဆိုးကြီး ငဖျော်ကိုယ်တိုင်လည်း ချွေးတပ်အတွင်း ပါလာကာ ဘွန်တိုက်ချီအဖြစ် အုပ်ချုပ်လျက် ရှိနေသည်ဟု ကျွန်တော်က နောက်မှသိလာရ၏။

ကိုဘထိုက်နှင့် ကျော်မြတို့ကား တကယ်ပင် ရက်ရက်စက်စက် လုပ်ရဲသူများ ဖြစ်ကြသည်။ သေဆုံးသွားသော ဂျပန်စစ်သားနှင့် တပ်ကြပ်ကြီးအလောင်းကို ခြေထောက်မှ ဆွဲကာ ထွက်သွားကြ၏။

မိုးသည် တဖွဲဖွဲသာ ရွာနေကာ ကောင်းကင်ပြင်ဝယ် ကြယ်ကလေးများပင် လက်လာခဲ့ပြီ ဖြစ်သည်။ ထိုကြယ်ရောင်ကလေးများကြောင့်လည်း အရာဝတ္ထုအားလုံးသည် အတော်အတန် မြင်လာရ၏။

ပြီး ခပ်စောစောက ဗုံးချသွားသော အင်္ဂလိပ် စစ်လေယာဉ်ပျံသည် ပျောက်ကွယ်သွားပြီဖြစ်၍ ဂျပန်စစ်သားများ၏ ဆူညံသော အသံက ပိုမိုကျယ်လောင်လာပေ၏။

ဂျပန်စစ်သားတို့၏ အလောင်းကို ပစ်ချရန်အတွက် တောချောက်များမှာ လက်ရုံးတပ်စခန်း တန်းလျားကြီးများနှင့် မဝေးလှချေ။ ကျွန်တော်တို့တစ်တွေ ဗိုလ်ကြီးခင်၏ ရုံးခန်းဆီသို့ ပြန်ရောက်သောအခါတွင် "ကဲ···အောင်နိုင် မင်းတို့တန်းလျားကို ပြန်ကြတော့"ဟု ကျွန်တော်တို့ဆီမှ လက်နက်များကို သိမ်းဆည်းယူကာ ပြောလိုက်၏။

"အောင်သန်း၊ မနက်ဖြန် အောင်နိုင်နဲ့အတူ ငါ့ရုံးကို လာခဲ့၊ ဟုတ်လား"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

ထိုသို့ပြောကာ ကျွန်တော်တို့သည် အဘဦးထွန်းရုံရှိနေသော တန်းလျားဆီသို့ ခပ်သုတ်သုတ်ပြေးလာကြသည်။ ကျွန်တော်တို့ ပြန်လာသောအခါတွင် ချွေးတပ်သားများလည်း လှုပ်ရှားသွားလာနေကြ၏။

အချို့ ချွေးတပ်သားများလည်း "တော်ပါသေးရဲ့ကွာ၊ တို့တက်ကို ဗုံးမကျလို့ပေါ့"ဟု ပြောလိုက်ကြ၏။

ကျွန်တော်တို့ တန်းလျားကြီးသို့ ပြန်ရောက်သောအခါတွင် ချွေးတပ်သားများ စုရုံးကာ စကားပြောဆိုနေကြသည်ကို တွေ့ရ၏။

ကျွန်တော်တို့အား အဘ ဦးထွန်းရုံက "မင်းတို့ ကြာလှချည်လားကွယ့်"ဟု မေးလိုက်၏။

မခင်မွှေးကမူ -

"မောင်ကြီးတို့ ဘယ်သွားနေကြတာလဲ၊ ခပ်စောစောက ဗုံးတွေ ချလိုက်တာမောင်ကြီးရယ်၊ ဒီအထဲမှာ ဂျပန်တွေက သူတို့ဆီ အတင်းခေါ်နေသေးတယ်"

ကျွန်တော့်မှာ မခင်မွှေး ပြောလိုက်သော စကားကြောင့် မျက်လုံးများ ပြူးကျယ်သွားရ၏။

"ဘယ် ဂျပန်လဲ"

"မုန့်ပေးတဲ့ ဂျပန်ပေါ့ မောင်ကြီးရဲ့"

"ဩော်···ဟုတ်လား၊ အင်း··· ဒီကောင်ရဲ့ မျက်နှာကို မခင်မွှေးကြည့်ချင်တယ်ဆိုတာတောင် ဘယ်တော့မှ ကြည့်ရမှာ မဟုတ်တော့ဘူး"

ကျွန်တော်က ဒါပဲ ပြောလိုသည်။ မခင်မွှေး၏ မျက်နှာဝယ် ဝမ်းသာရမလို၊ ဝမ်းနည်းရမလို ဖြစ်နေသည်ကို တွေ့ရသည်။

"ဘာဖြစ်တာလဲ မောင်ကြီးရဲ့"

"ဒါတော့ မခင်မွှေးရဲ့ စိတ်ထဲမှာ ထားလိုက်ပါ"

ထိုသို့ ပြောလိုက်ကာ ကျွန်တော်၏ အိပ်ရာသို့ ပြန်လာခဲ့သည်။ ကိုအောင်သန်းကတော့ ခပ်တိုးတိုး စကားပြောလျက် ရှိနေချေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုလှဖေသည် ကျွန်တော် အိပ်ရာသို့ပြန်လာသောအခါမှ အပြင်ဘက်မှ ၀င်လာသည်ကို တွေ့ရ၏။

ထိုသို့ အပြင်ဘက်မှ ပြန်လာသော ကိုလှဖေက ကျွန်တော့်အား မျက်တောင်များ တဖျတ်ဖျတ် ခတ်ကာ -

"ဘယ့်နှယ်လဲ"

"ဘာလဲဗျ။ အရင်းမရှိ အဖျားမရှိ"

"ဩော်… ခင်ဗျားတို့ သွားတဲ့ကိစ္စ အောင်မြင်ရဲ့လားလို့"

"အို . . . ခင်ဗျားကလည်း၊ ကျုပ်ရုံးမှာ စာတွေ သွားရေးပေးနေရလို့ပါ"

ကျွန်တော်တို့ စကားပြောနေစဉ်မှာပင်အပြင်ဘက်မှ ဂျပန်စစ်သားများ၏ ဆူညံသော စကားပြောသံကို ကြားလိုက်ရ၏။

"ခပ်တိုးတိုးကွ၊ လူတွေ လာခေါ်နေတယ်။ ဒီကောင်တွေ တော်တော်အထိနာသွားပြီနဲ့ တူတယ်"

ကိုလှဖေက ကျွန်တော့်ကို ခပ်တိုးတိုး ပြောလိုက်လေသည်။ ပြီး . . . ကျွန်တော်သည် စောင်ကို ခြုံ၍ တုံးလုံးလှဲလိုက်သည်။ ကိုအောင်သန်းသည် ခပ်သုတ်သုတ် ပြေးလာကာ . . .

"အိပ် . . . အိပ်" ဟု ပြောပြီး စောင်ကို ခေါင်းမြီးခြုံကာ အိပ်လိုက်၏။

တစ်ဖန် တန်းလျားကြီးမှ လက်ဆွဲမီးအိမ်ကလေးကို ပြန်ထွန်းကာ ချွေးတပ်သားများအား လိုက်၍ ခေါ်နေသော တစ်ထောင်အုပ် စိန်ကြည်ကို တွေ့ရသည်။

ထိုအချိန်တွင် သံချောင်းခေါက်သံ ၂-ချက်တိတိကြားလိုက်ရ၏။

သံချောင်း ခေါက်သံမှာ ကင်းစောင့် ဂျပန် စစ်တန်းလျားထဲမှ ကမန်းကတမ်းထ၍ ခေါက်လိုက်ပုံရသည်။

သူတို့သည် ခပ်ပေါ့ပေါ့ နေလိုက်ကြရာမှ စည်းနှင့်ကမ်းနှင့် ပြန်လည်ဖြစ်လာပုံ ရသည်။ ထိုအခါမျိုးတွင် ကျွန်တော်တို့အားလုံးမှာ အလုပ် ပို၍ လုပ်ကြရဦးမည်မှာ သေချာလှပါသည်။

"ဟေ့ . . ထစမ်း . . ထစမ်း"

တစ်ထောင်အုပ် စိန်ကြည်၏ ပြင်းထန်လှသော ရာဇသံနှင့် ရုတ်တရက် ကျွန်တော့် ခြေထောက်ကို ခပ်ဆတ်ဆတ် အကန်ခံလိုက်ရသည်။

ကျွန်တော်က ဆတ်ခနဲ ထ၍ ထိုင်လိုက်သည်။ ကျွန်တော်ကဲ့သို့ပင် ကိုအောင်သန်း၊ ကိုလှဖေနှင့် အောင်မြင့်၊ ဘကျော်တို့လည်း ထ၍ ထိုင်ကြသည်။

"ကဲ . . . ကဲ အပြင်မှာ သွားပြီး တန်းစီကြစမ်း၊ အရေးကြီးတယ်။ ချက်ချင်း အလုပ်ဆင်းကြရမယ်"

စိန်ကြည်က လက်ဆွဲမီးအိမ်ကို မြှောက်၍ ပြောလိုက်သည်။ သူ့နောက်မှ ဂျပန်စစ်သား ရောက်လာကာ "အဘိဓမ္မာ မြန်မြန်လာပါ၊ မြန်မြန်လာပါ" ဟု အော်ဟစ်ကာ အမိန့်ပေးလိုက်လေသည်။

ကျွန်တော်တို့လည်း စိန်ကြည် ညွှန်ကြားသည့်အတိုင်း အပြင်သို့ ထွက်လာကြသည်။ စိန်ကြည်ကား အဘဦးထွန်းရုံကိုမူ မနှိုးတော့ပါပေ။

ချွေးတပ်သားပေါင်း ၃၀၀ ကျော်ခန့်သည် ဂျပန်စစ်သားများ၏ ဦးဆောင်ခေါ်ယူရာ တောင်အောက် ဂိုဒေါင်ကြီးများဆီသို့ ချက်ချင်းပင် ထွက်ခွာသွားရ၏။

သို့အချိန်ကလေးမှာပင် "ဝုန်းဒိုင်းဒိုင်း" ဟူသော လက်နက်အမျိုးမျိုးပေါက်ကွဲလိုက်သော အသံက မြေပြင်ကို တုန်ဟည်းသွားစေ၏။

"ချောတော့မတ်တတ်"

ဂျပန်စစ်သားက အော်လိုက်၏။

ဂျပန်စစ်သားက "ခဏ" နားရန် အော်လိုက်ခြင်းဖြစ်၏။ ချွေးတပ်သားအားလုံးမှာ တစ်ပြိုင်နက်လိုလို ရပ်နားလိုက်ကြ၏။

သို့အခိုက် မြည်ဟိန်းသော အသံများ ပိုမို ကျယ်လောင်လာလေသည်။

ထိုအသံများကား ဂျပန် လက်နက်တိုက် ဂိုဒေါင်များ ဆက်တိုက်ပေါက်ကွဲသံများသာ ဖြစ်ရပေမည်ဟု ကျွန်တော်ကနားလည်လိုက်ပေသည်။

အခန်း [၇]

## ကြောက်စရာ ရောဂါများ

ကောင်းကင်ပြင်တွင် မီးရောင်များဝင်းပစွာ လင်းနေသည်။ မီးရောင်များမြင်ရသလို ပေါက်ကွဲသော လက်နက်ခဲယမ်းများ၏ အသံက မဆုံးသေး။



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်စစ်သားများသည် ဟိုဟိုဒီဒီ ပြေးလွှားလျက် ရှိနေ၏။ သူတို့ကိုယ်တိုင် လည်း ဘာလုပ်၍ ဘာကိုင်ရမှန်း မသိ ဘဲ ဖြစ်နေဟန် တူပါ၏။

နံနက် ၃ နာရီခန့်တွင် ပေါက်ကွဲ သံရပ်သွား၏။

ကျွန်တော်တို့အား ဂျပန်စစ်သား များသည် ဂိုဒေါင်မီးများ ငြိမ်းသတ်ရန် ဂေါ်ပြားများ ပေးအပ်၍ ခပ်သုတ်သုတ် သွားစေ၏။

နေးနေးကွေးကွေးဖြင့် သွားနေ သော ချွေးတပ်သားအချို့ကိုမူ ဂျပန် စစ်သားနှစ်ဦးက စောင့်ပြီးလျှင် ပါးကို ချည်း ရိုက်နှက်ပစ်လျက် ရှိနေ၏။ ဂျပန် စစ်သားများသည် ရိုက်ရာတွင် အတော် လက်သံပြောင်လှသည်။

တိတ်ဆိတ်သော ညဥ့်အခါတွင် ဖြန်းခနဲ မြည်လာသော ပါးရိုက်သည့် အသံမှာ အတော်ကျယ်လောင်လှ၏။ သူတို့ လက်ချက် တစ်ကြိမ်ထိသော အခါများတွင် ၃ ရက်ခန့်နာနေတတ်ပြီး တစ်ရက်ခန့် ထမင်းမစားနိုင်အောင် နာကျင်နေတတ်ပေ၏။

ထို့ကြောင့် ကျွန်တော်နှင့် ကို အောင်သန်း၊ ကိုလှဖေစသောကျွန်တော် တို့ တပ်စိတ်မှ လူများသည် ဂျပန်တို့၏ လက်ဝါးဒဏ်မှလွတ်ကင်းအောင် အများ နည်းတူပင် ခပ်သုတ်သုတ်သွားကြရ၏။

ပထမတော့ ဖြည်းဖြည်းသွားရလင့် ကစား နောက်ဆုံး "မြန်မြန်ကား မြန် မြန်ကား" ဟူ၍ အော်ကာ အပြေး အလွှား နွားမောင်းခိုင်းသကဲ့သို့ မောင်း ချေတော့၏။

မည်သို့ဖြစ်စေ ကျွန်တော်တို့မှာ ဂျပန်စစ်သားတို့၏ ဘေးအန္တရာယ်မှ အတတ်နိုင်ဆုံး ရှောင်ရမည်ဖြစ်၏။

အံ့ဩစရာ ကောင်းသည်ကား ကျွန်တော်တို့ထက် အလျင်ပင် ဗိုလ်ကြီး ခင်နှင့် ရဲဘော်တစ်သိုက်၊ ကျော်မြ၊ မောင်စံတို့ ရောက်ရှိကာ တဟုန်းဟုန်း မီးလောင်နေသော ဂိုဒေါင်ကို အပြင်မှ ရေပိုက်များ ဆက်ကာ ရေများ ဖျန်းနေ ရခြင်းဖြစ်၏။

အချို့ ချွေးတပ်သားများက သစ် ခက်များ၊ သစ်ကိုင်းများ ခုတ်ဖြတ်ပြီး မီးများ မကူးစက်ရန် တစ်စစ လောင် ကျွမ်းလာသော မီးရထား ဇလီဖားတုံး များမှ မီးကို သတ်ကြရ၏။

ကျွန်တော်တို့ အံ့ဩသည်မှာ ကျွန် တော်တို့ ရိက္ခာများ ယူခဲ့သော ဂိုဒေါင် ကြီးမှာလည်း မီးဟုန်းဟုန်း တောက် လောင်နေခြင်းပင်ဖြစ်၏။

မည်သို့ လောင်ကျွမ်းသည်ကိုတော့ ကျွန်တော်တို့ မသိရပါချေ။ ကျွန်တော် တို့မှာ ရိက္ခာဂိုဒေါင်များသို့ သွားရာ မီးရ ထားသံလမ်း ဇလီဖားတုံးများအား မီးလောင်မသွားစေရန်သာ အရေးတကြီး သတ်ပစ်နေရသည်။ ထိုသို့ မီးကို ငြိမ်း သတ်နေကြစဉ်တွင် ကျွန်တော်က ကို အောင်သန်းကို အခြားသူများ မကြား အောင် မေးမြန်းရ၏။

"ဒီဂိုဒေါင်အထွက်မှာ ဗိုလ်ကြီးခင် ကိုယ်တိုင် မီးရှို့ထားခဲ့တာပေါ့ဗျာ"

ဤသို့ ကိုအောင်သန်းက ပြော လိုက်သောအခါမှ ကျွန်တော်သည် သဘောပေါက် ရှင်းသွားတော့၏။

"ဟေ့ . . ကောင်လေးတွေ လုပ်ကြ စမ်း။ ဘာငေးနေတာလဲ"

ဗိုလ်ကြီးခင်က အမိန့်ပေးရင်း ကျွန်တော်တို့ အနီးသို့ လာခဲ့၏။

"ဟိုမှာ ကြည့်စမ်း။ ဂျပန်အလောင်း တွေ သယ်လာတာ"

ဗိုလ်ကြီးခင်က ခပ်တိုးတိုးဖြင့် ကျွန်တော်တို့အား တောင်ကုန်းဘက်သို့ ပြလိုက်သောကြောင့် ကြည့်လိုက်ရာ၊ ဂျပန်ကင်းစစ်တန်းလျား ရှိနေသော တောင်ကုန်းကလေးပေါ်မှ မီးတုတ်များ ကိုင်ဆောင်ကာ အလောင်းများကို သူနာပြုထမ်းစင်များဖြင့် ချလာသော ဂျပန်စစ်သားများကို တွေ့ရ၏။

တောင်ကုန်းဘေးတွင်လည်း ဂျပန် ကားတစ်စင်း မီးလောင်နေသည်ကို ဂျပန်စစ်သားများ ကိုယ်တိုင်က မီးငြိမ်း သတ်နေသည်ကို တွေ့ရလေ၏။

ကျွန်တော်တို့၏ ရဲဘော်များ လက် ချက်ဖြင့် သေဆုံးခဲ့ရသော ဂျပန်စစ် သားများ၏ အလောင်းကို ပူပူနွေးနွေး ကြည့်ရသလို ကျွန်တော်တို့ကိုယ်တိုင် ဖောက်ထွင်း ပစ္စည်းယူခဲ့ပြီး မီးရှို့ခဲ့သော ဂိုဒေါင်ကို ကိုယ်တိုင် မီးငြိမ်းသတ်နေ ရပြီ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

နံနက် ၅ နာရီအချိန်ခန့်ဝယ် အားလုံး မီးများငြိမ်းသွားသည်။ မီးငြိမ်းသော အခါတွင်မှ မီးသတ်သော အလုပ်သမားများအား ဂျပန်စစ်ဗိုလ်က အလုပ်မဆင်းစေဘဲ အနားပေးကြောင်း ပြောလိုက်သဖြင့် ဝမ်းသာမဆုံးနိုင်အောင် ရှိနေပါလေသည်။

*

ထိုနေ့တွင် ဂျပန်စစ်ဘက် အရာရှိများကိုယ်တိုင်ပင် စစ်ကားများနှင့် တစ်သွယ်၊ မီးရထားဖြင့် တချို့ လာရောက်ကြည့်ရှုကာ စစ်ဆေးစရာ ရှိသည်များကို ကိုယ်တိုင်ကိုယ်ကျ စစ်ဆေးလျက် ရှိနေပေ၏။

ကျွန်တော် သိရသလောက် ဆိုပါသော် ဂျပန်စစ်သားများအား သေနတ်ကျည်ဆန်ဒဏ်ရာထက် လက်ပစ်ဗုံးဒဏ်ရာများကြောင့် သေဆုံးသွားရခြင်းသည် လျှို့ဝှက်စွာ လေထီးဆင်းလာသော အင်္ဂလိပ် ပြောက်ကျားသူလျှိုများ၏လက်ချက်သာ ဖြစ်ရမည်ဟု တထစ်ကျဆုံးဖြတ်လိုက်သည်ကို ကြားရပါ၏။

အထူးသဖြင့် ဂျပန်စစ်သားများ သေဆုံးရခြင်းမှာ ပိုမိုကာ ဆိုးဝါးသော အခြေသို့ ဖန်တီးနေပါ၏။ ကျွန်တော်တို့ ချွေးတပ်သားများကိုမူ ထူးထူးခြားခြား စောင့်ကြပ်ခြင်းမရှိဘဲ အင်္ဂလိပ်နှင့် မဟာမိတ် စစ်သုံ့ပန်းများကိုကား ယခင်ကထက် ပိုမို ဂရုစိုက်လျက် ရှိနေသည်ကိုတွေ့ရခြင်းဖြစ်၏။

သို့တစေ ကျွန်တော်တို့၏ အစားအသောက်များသည် ယခင်ကထက်ပိုမို ညံ့ဖျင်းလာပါ၏။ အမဲသားပုပ်ဟင်းပင် (၇) ရက်တစ်ကြိမ် မစားရတော့ဘဲ လဝက်မှတစ်ကြိမ် စားရသောအဖြစ်သို့ ရောက်ခဲ့၏။

ထမင်းများမှာ နီကြောင်ကြောင် တင်မဟုတ်။ အောက်သိုးစော်နံလှ၏။ ဟင်းများသည် ဆီရောင်ကလေး ပါရုံသာ ဖြစ်ပြီး အသီးအရွက်များသာ အများဆုံး စားသောက်ရသော ဘဝသို့ရောက်ရှိလာ၏။ ရေမှာလည်း အနန်းကွင်းချောင်း ရေကိုသာ အများဆုံး အသုံးပြုလာရ၏။

ထို့ကြောင့် ငှက်ဖျားရောဂါသည် ချွေးတပ်သားများအတွင်း ဝင်ရောက်နိုပ်စက်နေပါချေပြီ။ အချို့ ချွေးတပ်သားများကား အစားအသောက် ငတ်တိုင်းတွေ့မရှောင်ပင် စားသောက်ကြသည်။ အနီးပတ်ဝန်းကျင် ကရင်ရွာများနှင့် မွန်အမျိုးသားရွာများမှ သဘော်သီး၊ ပိန္နဲသီး၊ နာနတ်သီး၊ ငှက်ပျော စသည်ဖြင့်လာ၍ ရောင်းချကြသည်။

ထို အစားအစာများသည်ငှက်ဖျားစာများပင် ဖြစ်ကာ အချို့ ငှက်ဖျားရောဂါဖြင့် သေဆုံးသူများ အတော်များလာသည်။

အစားအသောက် ညံ့ဖျင်းသော်လည်း ကျွန်တော့်မှာ အဘ ဦးထွန်းရုံတို့ကို အမှီပြုနေရသောကြောင့် ရေချွေးကြီး၍သောက်ရခြင်းနှင့်အစားအသောက်များသန့်သန့်ရှင်းရှင်းစားသောက်ရသောကြောင့် အတော်ကလေး ကျန်းမာနေပါသေးသည်။

ထို့ကြောင့် ချွေးတပ်သားများထဲမှ ကဗျာ မတောက်တခေါက် စပ်တတ်သော လူငယ်တစ်ဦးလက်ရာကို ကျွန်တော်က ဖတ်ခဲ့ရသည်။ သူကား ငှက်ဖျားရောဂါဖိစီးလွန်းအားကြီးသောကြောင့် သေဆုံးသွားခြင်း ဖြစ်သည်။ အမှန်တော့ ငှက်ဖျားရောဂါတင်မကဘဲ သူ့တွင် အခြားသော ရောဂါများလည်းဖြစ်နေသည်။ ထိုအနာမှာ ခေတ်စားလုသော ဖက်ခွက်နာပင် ဖြစ်သည်။

သူ၏အမည်မှာ ကျော်သိန်း ဆိုသူ ဖြစ်၍ မိတ္ထီလာသား ဖြစ်သည်။ သူ မသေမီ ဝေဒနာ အတော်ခံစားသွားရ၏။ အညာဒေသနှင့်အောက်ရွာဒေသမှာ မတူလှပါချေ။ မိုးမှာ တစ်နေ့လုံး ရွာ၍နေတတ်သည်။ ပြတ်သည်ဟူ၍ မရှိ။ အလွန်ပင် အေးစိမ့်သော တောင်တန်း တောင်ခြေဒေသဖြစ်ကာ ရောဂါအမျိုးမျိုး ကပ်ရောက်နိုင်သော ဒေသမျိုး ဖြစ်သည်။

ကျွန်တော့်မှာ ဗိုလ်ကြီးခင်၏ ကြည့်ရှုမှုကြောင့် ဟန်ချက်ဖြစ်လာသည်။ ကျွန်တော်ကဲ့သို့ ကိုအောင်သန်း၊ ကိုလှဖေနှင့် စိန်သန်းတို့လည်း ဟန်ချက်ဖြစ်လာကြသည်။ သို့တစေ ဦးမဲကြီးကိုကား ကျော်လွှားမရသေးပါချေ။

ကျွန်တော်၏ တပ်စိတ်မှ ကျော်သိန်း သေဆုံးသွားသဖြင့် သူ့ အလောင်းကို ဘုန်းကြီး မပင့်၊ သရဏဂုံ မတင်နိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com

အမိန့်ပြန်ကာ မြေသို့ မြှုပ်လိုက်ရသော အချိန်က သူ၏ အိတ်ဆောင်စာအုပ်ကလေးကို ကျွန်တော် ရလိုက်သည်။

ထို အိပ်ဆောင်စာအုပ်ကလေးမှာ အထွေထွေ မှတ်သားထားကာ ထိုအထဲတွင် ကဗျာတစ်ပုဒ် ပါလာလေသည်။

ဆန်နီထမင်း၊ မဲနယ်ဟင်းနှင့်
ဝါးထွင်းပန်းကန်၊ ခွေးစားဟန်ဖြင့်
ကြုံဖန်စားသောက်၊ ကင်းမလောက်တည့်
ချောင်းပေါက်ငါးထိုး၊ ကြောင်ငှက်မျိုးတို့
မြွေဆိုးမျောက်သား၊ မရှောင်စားသည်
ငှက်ဖျား ဖျား၏ ကောင်းသတည်း။ ။

အထက်ပါ ကဗျာလေးကို ကျော်သိန်း၏ အိတ်ထဲမှ တွေ့ရသောကြောင့် ကျွန်တော့်မှာ ပထမတော့ ရယ်လိုက်မိသေး၏။ တကယ်တမ်း တွေးကြည့်သောအခါမတော့ သူရေးခဲ့သော ကဗျာသည် လက်ရှိ ဖြစ်ပျက်နေသော ချွေးတပ်၏ ဘဝဆိုးကို ကွက်ကွက်ကွင်းကွင်း ဖော်ပြနေသဖြင့် ရင်နာမိရပြန်ပါချေသည်။

မှန်သည်။ ယနေ့ ချွေးတပ်သားများအဖို့ ဂျပန်စစ်ဘက်၏ ကျွေးမွေးသော အစာအာဟာရ ညံ့ဖျင်းမှု၊ ပင်ပန်းကြီးစွာ လုပ်ရမှုတို့အပြင် မိမိတို့ဘာသာ ရှာဖွေ စားသောက်ကြရသည့် ဟင်းအမျိုးမျိုး ရှိကြသည်။

သူ၏ ကဗျာအတိုင်းပင် ကျွန်တော်တို့သည် တောတွင်းသစ်ပင်ကြီးများ လှဲဖြတ်ရခြင်း၊ တောင်ပို့မြေများကို ဖြိုဖျက်ခြင်းကြောင့် တောအတွင်းဝယ် တွေ့ရသော ကင်းကြီးများကို ဖမ်းဆီးစားသောက်ခြင်းပင်ဖြစ်၏။

ကင်းများမှာ ကင်းခြေများမျိုး ဖြစ်၏။ အလျား တစ်တောင်ကျော်ခန့် ဝမ်းပြင်အကျယ် (၁၀)လက်မ ရှိသည်။ ထိုသို့ ကြီးမားသော ကင်းကြီးများအား သတ်ဖြတ်ကာ မီးကင်၍စားသောအခါတွင် အဆီများ ဝင်းနေကာ ကြက်သားဟင်းများထက် စားသောက်ကောင်းခြင်းပင်ဖြစ်ပါသည်။

ကင်းကြီးများသည် ကြောက်စရာကောင်းအောင် ပေါ်များလှသလောက် အလုပ်သမားများကလည်း တတ်နိုင်သလောက် ဖမ်းဆီး စားသောက်ကြသည်။ ဤသို့ပင် ကင်းကြီးများက အလုပ်သမားများကို အကိုက်ခံရခြင်းအတွက် အလုပ်သမား ၂ယောက် သေဆုံးသွားဖူးသည်။

တစ်ဖန် အလုပ်သမားများမှာ ချောင်းများအတွင်းမှ ငါးရှာပြီး မီးကင်စားသောက်ခြင်းနှင့် ငှက်များကို ဖမ်းဆီးစားသောက်ခြင်း၊ မြွေများ၊ မျောက်များ စသည်ဖြင့် တွေ့မရှောင် စားသောက်သောသူများ ပါချေသည်။

ထို့ကြောင့်လည်း ငှက်ဖျားဝေဒနာ ခံစားရသူ အလုပ်သမား အတော်များလာသည်။

ထိုအချိန်မှာပင် အနန်းကွင်းစခန်းသို့ ဂိုဒေါင်များ မီးလောင်ခံရခြင်းနှင့် ပတ်သက်ပြီး "ခွေးဘီလူး" အမည်ခံ ဂျပန်စစ်ဗိုလ်ကြီး ပြောင်းလာသည်။ အရပ်အမောင်း ၅ ပေ ၃ လက်မခန့် ဝဝတုတ်တုတ်ရှိပြီး နှုတ်ခမ်းမွေး ပုတိုတို ထားသူဖြစ်၏။

သူ ပြောင်းလာသည့်အချိန်က စ၍ ဗိုလ်ကြီးခင်က ကျွန်တော်တို့အား အထူး သတိထားနေရန် သတိပေးနေ၏။

ကျွန်တော်တို့သည် မီးရထားသံလမ်းများဘက်တွင် အလုပ်လုပ်နေရာမှ ယခုအခါတွင် ကားလမ်းဘက်သို့ ပြောင်းရွှေ့လုပ်ရပြန်သည်။ ကားလမ်းနှင့် ရထားလမ်းမှာ အပြိုင်ဖောက်လုပ်နေခြင်းဖြစ်၏။ အချို့ အလုပ်သမားများကို ခုနစ်ထွေစခန်း၊ လက်ပေါက်စခန်း၊ အပလုံ အပလိုင်း စခန်းများအထိ ပို့ဆောင်လုပ်စေပါသည်။

အဆိုးဝါးဆုံးသော အကျင့်စာရိတ္တပျက်စီးမှုသည်ကား အလုပ်သမားများထဲတွင် ဖဲအကြီးအကျယ် ရိုက်ကြခြင်းပင်ဖြစ်သည်။

လုဖေကား ယခုတလော ဖဲနိုင်ခြင်းကြောင့် သူ့ထဲတွင် လုံချည်တစ်ပတ်နွမ်းများနှင့် စောင်များပုံနေသည်။ ထိုစောင်များကို အဘ ဦးထွန်းရုံတို့ လက်ထဲသို့ လုဖေက အပ်ထားသည်။

သို့တစေ ဖဲရိုက်သူများအားဖမ်းဆီးကာ တစ်ညလုံး အပြစ်ပေးခြင်း၊ ခြင်တောထဲတွင် ကြိုးချည်ကာပစ်ထားခြင်းနှင့် မသေမရှင် ရိုက်ပစ်ခြင်းများလည်း ရှိနေသည်။ သို့သော် ဖဲရိုက်သောသူများကား လျော့မသွားကြပေ။

ကိုလုဖေ တစ်ယောက်ကား သူ ဖဲရိုက်ခြင်းကို လျှော့ပစ်လိုက်ပြီးနောက်

www.burmeseclassic.com

ကျွန်တော့်ထံ တစ်နေ့တွင် လာ၍ပြောသည်။

"ခင်ဗျားက လုံးလုံး စွန့်လိုက်တာလည်းမဟုတ်၊ လျှော့ပစ်တယ် ဆိုတော့"

"ဟုတ်တယ်လေ၊ အရင်ကလို အုပ်နဲ့ မရိုက်တော့ဘူး။ ကျောက်ပေါက်နေတဲ့ လူကို အပေါက်ဝ ထားပြီးတော့ ရိုက်တာပဲ"

"ဘာ...ဘာ ကျောက်ပေါက်တဲ့ လူကို တံခါးပေါက်ဝမှာ ထားပြီးရိုက်တယ်"

"ဟုတ်တယ်ဗျ။ ကျောက်ပေါက်တဲ့ လူကို တံခါးပေါက်ဝမှာ ထားပြီး ဖဲရိုက်ရတာက ပိုပြီး စိတ်ချရတယ်။ ဒါလည်း ငွေရှိတဲ့လူချင်း ချိန်းပိုင်းပေါ့ဗျာ။ကျောက်ပေါက်တဲ့လူကို ကျွန်တော်တို့က ငွေကြေးစုပေး၊ ပြုစုပေးကြရတာပေါ့။ ဒီလို ငွေစုပေးတော့ ကျောက်သမားလည်း ကျေနပ်တာပဲ၊ ဂျပန်ကလည်း ကျောက်ပေါက်တဲ့လူရှိနေတော့ အနားတောင် မကပ်တော့ဘူး။ တစ်ချီတည်း လစ်တာပဲဗျို့။

ကျွန်တော်မှာ ကိုလှဖေ၏ ပြောစကားကြောင့် အူတက်အောင် ရယ်နေမိတော့သည်။

"ခင်ဗျားတို့ ဖဲသမားတွေကလည်းဗျာ ကြံကြံဖန်ဖန်၊ ခွေးဘီလူးကိုတော့ သတိထားနော်။ သူ ရောက်လာမှ ဘယ်လောက် ကြမ်းတယ်ဆိုတာလည်း ခင်ဗျားတို့ အသိပဲ။ အခုတလော အင်္ဂလိပ် စစ်သုံ့ပန်းတွေ အတော်သေသွားရတယ်။ ခွေးဘီလူးက လေထီးစစ်သားတွေနဲ့ ဆက်သွယ်တယ်မဟုတ်လား ဆိုပြီး အတင်းအကျပ် ရိုက်နက်မေးတယ်တဲ့။ ဒါကြောင့် အင်္ဂလိပ်စစ်သုံ့ပန်း တချို့ သေသွားရတယ်လို့ ပြောတယ်"

ကျွန်တော်နှင့် ကိုလှဖေတို့ အလုပ်ဆင်းရန် ကွင်းပြင်သို့ ထွက်လာသော အချိန်တွင် စကားပြောလာကြခြင်း ဖြစ်၏။

ယခုအခါတွင် အဘ ဦးထွန်းရုံမှာ ရိက္ခာတာဝန်ခံတစ်ဦး အဖြစ်နှင့် ထမင်းချက်ဖိုတွင် အုပ်ချုပ်လျက် ရှိနေပါချေသည်။

အဘ ဦးထွန်းရုံအတွက်တော့ အတော်အတန် သက်သာသွားပြီဟုသာ ဆိုချင်ပါသည်။

ထိုနေ့တွင် ကျွန်တော်တို့ အလုပ်ဆင်းခဲ့စဉ် ကိုလှဖေက "ကိုအောင်နိုင်၊ ခင်ဗျား ဟိုကိစ္စလည်း မေ့မထားနဲ့ဦးနော်။ သတိထားဦး"ဟုပြောလိုက်ပါသည်။

ကိုလှဖေက သတိပေးထားခြင်းမှာ ဦးမဲကြီးက ကျွန်တော့်အား တစ်နည်းနည်းဖြင့် လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ထားခဲ့သည် မဟုတ်ပါလား။

ကျွန်တော်သည် အရင်ကလို အလုပ်သမားရိုးရိုး မဟုတ်တော့ဘဲ ဟန်ချိုဖြစ်လာသောကြောင့် ကျွန်တော်၏လက်အောက်တွင် အလုပ်သမား ၉ ယောက် ရှိလာ၏။ သူတို့ကားမွန်အလုပ်သမားများနှင့် မြန်မာများ ဖြစ်ကြသည်။

ထိုနေ့ တာဝန်ကျခြင်းမှာ ကျွန်တော်တို့ ကားတံတား တည်ဆောက်ရာတွင် တာဝန်ကျခြင်းဖြစ်၏။ ကားတံတားမှာ ချောင်းကလေး တစ်ချောင်းဖြတ်ကျော်ဆောက်နေရသဖြင့် ရုတ်တရက် အခက်အခဲ တွေ့နေရ၏။

ဤသို့ တွေ့နေရခြင်းကား မိုးအခါဖြစ်သဖြင့် မိုးရွာလာသည်နှင့် တစ်ပြိုင်တည်းမှာပင် တောင်ကျ ချောင်းရေများ ဒလဟော စီးလာတတ်ခြင်းဖြစ်၏။ ထို့ကြောင့် အလုပ်သမားများမှာ တောင်ကျချောင်းရေ၏ နှောက်ယှက်မှုပါကာ အသက်ဆုံးရှုံးရသည်မှာလည်း မနည်းတော့ပါပေ။

တံတားအရှည်မှာ ပေ ၇၀ ခန့်မျှ ရှည်၍ ဂျပန်စစ်ဘက် အင်ဂျင်နီယာ တပ်သားများကိုယ်တိုင် ကြိုးစားကာ ဆောက်လုပ်လျက် ရှိနေသည်။

တံတားကို တည်ဆောက်ရန် အတွက် သစ်သားတိုင်ကြီးများကို လူအားဖြင့် ဆွဲကာ စိုက်ထူရခြင်းမှာ အခက်အခဲဆုံး၊ အပင်ပန်းဆုံး ဖြစ်၏။

ဦးမဲကြီးသည် "ဟေ့...ဟန်ချိုတွေ ရေထဲ ဆင်းကြစမ်း။ မင်းတို့ကိုယ်တိုင် မဆင်းရင် အလုပ်သမားတွေက ဆင်းပါ့မလား"ဟု အော်ဟစ်ကာ အမိန့်ပေးနေ၏။

တံတားမှာ တိုင်များ စိုက်ထူရေးသည် အရေးကြီးလှ၏။ ထို့ကြောင့် ရေတွင် သစ်သားတိုင်များ စိုက်ထူရာဝယ် ဂျပန်များက ကားသွားနိုင်လျှင် ပြီးရော ဟူသော သဘောဖြင့် သစ်သားတိုင်များကို လူအားဖြင့် စိုက်ထူလျက်တိုင်ထိပ်မှ



www.burmeseclassic.com

www.burmeseclassic.com

နေပြီးလျှင် မြေဝင်ကောင်းရန်အတွက် သံတုံးကြီး တစ်တုံးဖြင့် ဆောင့်၍ ဆောင့်၍ ချပါသည်။ သံတုံးကြီးမှာ အန္တရာယ်ရှိလှ၏။ သံတုံးထိပ်ကို ညှပ်၍ ကြိုးဖြင့် ဆွဲသည်။ ထို ကြိုးကို မြင့်မားသော ကနက်တိုင်၏ထိပ်မှ စက်သီးတွင် သွင်းကာ လူအားဖြင့် အလျော့အတင်း ဆွဲ၍ သစ်သားတိုင်ထိပ်ကို ရိုက်သွင်းရ၏။

ဂျပန် အင်ဂျင်နီယာများ၏ ကြီးကျယ်တော်မူသော မဟာရွှေဉာဏ်တော်ကြောင့် ကြိုးပြတ်ကာ အလုပ်သမားများ မသာလောင်း ဖြစ်ခဲ့ဖူးသည်မှာ များလှပါချေပြီ။

ဦးမဲကြီးက သူကိုယ်တိုင် ရေထဲသို့ မဆင်းစေကာမူ ကျွန်တော်တို့ကိုကား ပါးစပ်ဖြင့် ရက်ရက်စက်စက် နိုင်းချေသည်။ မည်သို့ဖြစ်စေ ကျွန်တော်ကတော့ တတ်နိုင်သလောက်တွယ်ကပ်နေလိုက်သေး၏။ ကျွန်တော်၏ တပ်စိတ်မှ အလုပ်သမားများကိုသစ်သားများသာ အထမ်းခိုင်း၏။ ပြီးတော့ ဂျပန်လက်သမားများနှင့်အတူ ဝင်ရောက်ကာ လုပ်စေရ၏။

ရေအောက်သို့ ဆင်းရသောသူများကား ရေမှာ ခါးဆစ်နီးပါးရှိပြီး သစ်သားတိုင်များကို ယိုင်လဲမသွားရန် ကိုင်ထားကြရ၏။ တစ်ဖန် သစ်သားတိုင်ချင်း ချုပ်ရန် ချုပ်တန်းများကို အလျှင်အမြန် ရိုက်ကြရလေရာ မတော်တဆ တိမ်းချော်ကာ ထိခိုက်နိုင်ပါသေး၏။

"ဟေ့ . . . အောင်နိုင်၊ မင်း ဘာပြုလို့ ရေထဲ မဆင်းသလဲ"

ဦးမဲကြီးက ကျွန်တော့်ကို မျက်မှောင်ကုတ်လျက် ကြိမ်းဝါးကာ ပြောလိုက်သော အခါတွင် -

"ဆင်းစရာ လိုသလားဗျ၊ ဒီမှာ ကျုပ် အလုပ်သမားတွေ၊ သစ်တုံးတွေ သယ်ပို့ရတယ်။ အချို့ လယ်သမား ဝင်လုပ်ရတယ်။ ခင်ဗျားက ခေါင်းဆောင်ကြီးမဟုတ်လား၊ ခင်ဗျားကိုယ်တိုင်လည်း နည်းနည်းပါးပါး ဝင်လုပ်ဦးမှပေါ့ဗျ"

"ဘာကွ၊ မင်းက ငါ့ကို ပြန်ပြောရသလား"

"ဒါ ပြန်ပြောတယ် ထင်သလား။ ကျုပ်က ဂျပန်စကား ကောင်းကောင်း တတ်တယ်။ ခင်ဗျား ခေါင်းဆောင်ဖြစ်လျက်နဲ့ ရှေ့ဆောင်ပြီးမလုပ်တဲ့အကြောင်း ဟို ဗိုလ်ကြီးကို ကျုပ် ပြောလိုက်ရင် ခင်ဗျား ဒုက္ခဖြစ်သွားမယ် ကြားလား။ ခင်ဗျားလောက် ရာထူးကို ကျုပ် အချိန်မရွေးရနိုင်တယ်။ ခင်ဗျားဟာ အလုပ်သမားတွေကို အရမ်းခိုင်းတယ်။ ကိုယ်ကိုယ်တိုင် စံနမူနာအဖြစ် ဝင်လုပ်ပြရမှာပေါ့။ ကဲ . . . ခင်ဗျား သစ်တုံးတစ်တုံး ထမ်းရင် ကျုပ် နှစ်တုံးထမ်းမယ်။ အခု ဂျပန် မာစတာကြီးကို သွားပြောမလား"

ကျွန်တော်ပြောသော စကားသည် လူကြီးစကား မဟုတ်ပါချေ။ လူမိုက်စကားမျိုးဖြစ်သည်။ သို့တစေ ဂျပန်စစ်သားများ ဝါဒကား အကြီးဖြစ်စေ၊ အငယ် ဖြစ်စေပင် အလုပ်လုပ်ရာတွင်ကား ဒိုးတူပေါင်ဖက် လုပ်ကြရသည်။

ယခုလို ကျွန်တော်တို့နှစ်ဦး ပြိုင်၍ အလုပ်လုပ်မည့် အကြောင်းသာ ဂျပန်စစ်ဗိုလ်ကို ပြောလိုက်ပါမူ ဂျပန်စစ်ဗိုလ်မှာ ပို၍သဘောကျမည်သာဖြစ်၏။ ယခုတော့မူ သူတို့ကိုယ်တိုင် အလုပ်သမား ခေါင်းဆောင်များအား သက်သာပါစေတော့ ဟူသောသဘောဖြင့် ထားသည်မဟုတ်ဘဲ အလုပ်သမားခေါင်းဆောင်များဖြစ်၍သာ ခေါင်းဆောင်နိုင်းနိုင်ရေးအတွက် ကြည့်နေကြခြင်းဖြစ်၏။

ကျွန်တော်က အထက်ပါအတိုင်း ပြောလိုက်သောအခါတွင်မူ ဦးမဲကြီးသည် အတော်မျက်နှာပျက်သွားရှာပေ၏။ တကယ်လည်း ကျွန်တော်က ဂျပန်စကားတတ်ပြီး ဂျပန်များနှင့် အကျွမ်းတဝင် ဖြစ်နိုင်ကြောင်းလည်း သိထားလေရာ နောက်ထပ် စကားမပြောတော့ဘဲ လှည့်ထွက်သွားချေတော့၏။

"ဗျို့ . . . ကိုအောင်နိုင် ခင်ဗျားပြောလိုက်တာ သိပ်သဘောကျတယ်ဗျာ၊ ဒီအကောင်ကြီးကို ဒီလို ပြောပေးမှဗျ။ သူ့မျက်နှာက ဂျပန်ကို နမပေးယောက်ဖ ကျနေတာပဲ၊ တော်တော်ဆိုးတဲ့အကောင်ကြီးဗျ"

ဤသို့ ကျွန်တော့်ကို လာ၍ပြောလိုက်သူကား အခြား အလုပ်သမားတပ်စိတ်မှ ဟန်ချီတစ်ဦးဖြစ်သည့် "ကိုလုံး" ဆိုသူဖြစ်၏။

www.burmeseclassic.com

ကိုလုံးမှာ လက်သမား ပညာ အတော်အတန်တတ်မြောက်သော်လည်း မည်သည့်အခါမှ ဂျပန်များကို လက်သမားတတ်ကြောင်း မပြောခဲ့ပါပေ။

သူကိုယ်တိုင်လည်း အလုပ်ကြမ်းများ လုပ်ခဲ့ရသူ ဖြစ်ပြီးလျှင် မိုက်မိုက်ကန်းကန်း လုပ်ခဲ့သောကြောင့် ထောင်တစ်နှစ်ခန့် ကျဖူးသည်ဟု ပြောပြဖူး၏။ ထိုကဲ့သို့ ထောင်ထွက်များ အပြင် ပ ကယ့် မိုက်ခဲများနှင့် လူရှုပ် လူပွေများပါလာသဖြင့် ဤရွှေးတပ်ကြီးမှာ လူပေါင်းစုံလှပါချေသည်။

ထိုနေ့ တံတားမှာ တစ်ဝက်ပင် မပြီးဘဲ ပြန်လာကြရ၏။ အမှန်တော့ ကျွန်တော်တို့ သွား၍လုပ်ရသော ကားလမ်းတံတားမှာ လမ်းခွဲတစ်ခွဲဖြစ်ကာ၊ ဘုရားသုံးဆူအထိဖောက်လုပ်ထားသော ကားလမ်းကြမ်းသည်ကား အတော်အတန် ပြီးစီးနေပါချေပြီ။

ကျွန်တော် ပြန်လာသောအခါတွင်ကား မခင်မွှေးတို့ ညီအစ်မနှစ်ဦးအား ဂျပန်စစ်ဗိုလ် ခွေးဘီလူးကြီးက သူ၏အိမ်တွင် ဂေရှာမယ်အဖြစ် လာရောက်လုပ်ကိုင်ရမည်ဟူ၍ အဘဦးထွန်းရုံကို ပြောလာခြင်းပင် ဖြစ်လေသည်။

အဘ ဦးထွန်းရုံမှာ ခွေးဘီလူး၏ စကားကြောင့် အတော်ကလေး စိတ်ထိခိုက်နေရှာပါ၏။ ထိုကိစ္စအတွက် မည်ကဲ့သို့ စီစဉ်ရမည်ကိုပင် မသိအောင် ဖြစ်နေကြောင်းကို ကျွန်တော့်အား လာ၍ တိုင်ပင်ခဲ့သည်။

အမှန်တော့ ကျွန်တော်လည်း ထိုသတင်းကြောင့် စိတ်ထဲတွင် မချမ်းသာခဲ့ပါပေ။ ထို့ကြောင့် ညီအစ်မ နှစ်ဦးအား မည်ကဲ့သို့ ကယ်တင်ရမည်ကို ဗိုလ်ကြီးခင်နှင့် တွေ့ဆုံကာ တိုင်ပင်ရပါသည်။

"ဒီလိုဆိုရင် တို့စခန်းကို သူတို့မိသားစု ပို့ထားလိုက်ရင် မကောင်းဘူးလား"

"အကောင်းဆုံးပါပဲ ဗိုလ်ကြီး"

"ဒီလိုဆိုရင် ဒီညမှာ အစီအစဉ်လုပ်ပေတော့။ တစ်ခုတော့ ရှိတယ်၊ ဒီခွေးဘီလူးကြီးရဲ့ဘေးအန္တရာယ်ကတော့ မသေးဘူးကွ။ မတော်တဆ လမ်းမှာ မိသွားရင်တော့ အားလုံး သေသွားနိုင်တယ် မောင်အောင်နိုင်"

"အဘ ဦးထွန်းရုံကိုပါ ခေါ်သွားရမှာပဲ မဟုတ်လား ဗိုလ်ကြီး"

"အေးပေါ့ မောင်အောင်နိုင်၊ သမီးတွေတင် ဘယ်ကမလဲ။ မိသားစုတစ်စုလုံး ပြောင်းသွားမှပဲ သူတို့ဘေးရန်က လွတ်တော့မပေါ့ကွယ့်"

ဗိုလ်ကြီးခင်နှင့် ကျွန်တော်တို့ စကားပြောနေသည်မှာ အတော်ကလေးကြာသွားလေပြီ။ ပြီးတော့ အစီအစဉ်လုပ်ရန်အတွက် ဗိုလ်ကြီးခင်၏ တပည့်မောင်စံအား လျှို့ဝှက်စခန်းသို့ အမြန်ဆုံးလွှတ်ရန် စီစဉ်ရလေသည်။

"ဒီလိုဆိုရင်ကော…မကောင်းဘူးလား ဗိုလ်ကြီး။ ကျွန်တော်တို့ပါ တစ်ခါတည်း သွားမယ်လေ"

"ဒီလိုလုပ်ပါလား‌ကွ၊ ကောင်မလေးတွေကို တစ်ခါတည်း လင်ပေးစားလိုက်ရင် မကောင်းဘူးလား"

"ဟာ…ဗိုလ်ကြီးကလဲ"

ကျွန်တော်က အံ့အားသင့်သလို ပြောလိုက်သောကြောင့် -

"အေး…မင်းက အံ့အားသင့်နေပေမယ့် ခွေးဘီလူးကြီးက ဒီအတိုင်းနေမှာမဟုတ်ဘူးကွ"

ကျွန်တော့်မှာ ဗိုလ်ကြီးခင် ပြောလိုက်သော စကားအဓိပ္ပါယ်ကို အပြည့်အစုံ နားလည်လိုက်ပါသည်။

မည်သို့ဖြစ်စေ မခင်မွှေးတို့ လွတ်မြောက်ရေးအတွက်ကိုကား ကျွန်တော်ကြိုးစားရပါမည်။

ထို့ကြောင့်လည်း ထွက်ပြေးနိုင်သော တိတ်ဆိတ်သည့် ညည့်အချိန်ကို စောင့်ရပါမည်။ အထူးသဖြင့် ည (၇) နာရီတွင် တစ်ကြိမ် တန်းစီကာ လူစစ်ပါသေး၏။

ထို့ကြောင့် ည (၇)နာရီအချိန် ကျော်လွန်သည့်အထိ စောင့်ရပါမည်။

ကျွန်တော် မခင်မွှေးတို့ သားအဖကို အဆင်သင့်ပြင်ဆင်ထားရန်အတွက် ပြောရမည်။ မခင်မွှေးတို့ ညီအစ်မထံ ရောက်သောအခါမတော့ သူတို့မျက်နှာကလေးများဝယ် မျက်ရည်များ ပိတ်ဖုံးနေချေသည်။ ကျွန်တော်၏ရင်များသည် တဖျတ်ဖျတ် တုန်လှုပ်နေမိပါချေသည်။

ယခုအချိန်တွင် ကျွန်တော်က လျှို့ဝှက်သော အကြောင်းအရာကို မပြော



www.burmeseclassic.com

www.burmeseclassic.com

မဖြစ်တော့ချေ။ အထူးသဖြင့် သူတို့ကလေးတွေ ပျက်စီးသွားမှာကို ကျွန်တော် အလွန် စိုးရိမ်နေမိပါချေသည်။

ကျွန်တော်က ချွေးဘီလူးကြီး၏ ရန်မှ ကင်းလွတ်ရေးအတွက် အလျင်အမြန်ပင် ဤစခန်းမှ ထွက်ရမည်ဖြစ်သောကြောင့် အသင့် ပြင်ဆင်ထားရန် ပြောရ၏။

"ဘယ်ကို သွားကြရမှာလဲ မောင်အောင်နိုင်"

အဘ ဦးထွန်းရှံက စိတ်ဝင်စားစွာ မေးလိုက်၏။ ပြီး . . . ကျွန်တော်၏ အနီးသို့ မခင်မွှေးတို့ ညီအစ်မပါ တိုးလာသည်။

"ဒီစကားကတော့ အတော် အရေးကြီးပါတယ်။ ကျွန်တော်တို့ သွားရမယ့် ခရီးဟာ ဒီဘဝက လွတ်မြောက်ရေး နယ်ပယ်ဆိုလည်း မမှားပါဘူး။ ဒီတော့ ကြိုးစားပြီး ဒီည လွတ်အောင် သွားကြရမှာပဲ"

ကျွန်တော်က ထိုကဲ့သို့ ပြောလိုက်သောကြောင့် မခင်မွှေးတို့ ညီအစ်မမှာ မျက်နှာကလေးများ ဝင်းလက်သွားပါချေသည်။

"မောင်ကြီး တကယ် ပြောနေတာလား"

"တကယ်ပေါ့ မခင်မွှေးရယ်"

ကျွန်တော်က ဝမ်းသာရောင်သမ်းနေသော မခင်မွှေး၏ ပြုံးလဲ့လဲ့မျက်နှာကလေးကို ကြည့်၍ ပြောလိုက်ရ၏။

လူကြီးဖြစ်သော အဘ ဦးထွန်းရှံကမူ ဆေးပေါ့လိပ်တစ်လိပ် မီးညှိသောက်ကာ အတန်ကြာ စဉ်းစားနေသည်။ လူကြီးဖြစ်သောကြောင့် မစဉ်းစားဘဲတော့မနေနိုင်ချေ။

ကျွန်တော်တို့ တပ်စိတ်ပေါင်းမှ လူများ တဖြည်းဖြည်း ရောက်လာကြသည်။ ကိုအောင်သန်းလည်း ကမန်းကတန်း ရောက်လာသည်။

"အောင်နိုင်ရေ ခဏ"

ကိုအောင်သန်းက ကျွန်တော့်ကို အပြင်သို့ ခေါ်လိုက်၏။

ကျွန်တော်က နေရာမှ ထပြီး သူ့နောက်သို့ ခပ်သုတ်သုတ် လိုက်သွားပေ၏။

"ဟေ့ . . . အောင်နိုင်၊ ဒါဟာ ငမဲကြီးဉာဏ်တွေကွ။ ချွေးဘီလူးကြီးက ဘာမှသိတာ မဟုတ်ဘူး။ ငမဲကြီးက ချွေးဘီလူးကြီးဆီမှာ သွားပြီးတော့ ကောင်မလေးနှစ်ယောက် ရှိတယ်ပြောလို့ ချွေးဘီလူးကြီးက သူ့အိမ်မှာ အလုပ်လုပ်ဖို့ ခေါ်ခိုင်းထားတာပဲကွ"

"ခင်ဗျား ဘယ်လို ကြံချင်လို့လဲ"

ကျွန်တော်က ထိုကဲ့သို့ မေးလိုက်သောကြောင့် ကိုအောင်သန်းက ခပ်တိုးတိုးအသံဖြင့် "ငမဲကြီးကိုတော့ ဖြောင်ပစ်ဖို့ရှိတာပဲဗျ။ ဒီမှာ ကျွန်တော့်ရဲဘော်တွေ ရှိပါတယ်။ ဒီအကောင်ကြီးကိုတော့ တစ်နည်းနည်းနဲ့ ရှင်းပစ်မှ အေးမှာပဲ"ဟု ကိုအောင်သန်းက အံကြိတ်ကာ ပြောလိုက်၏။

"ဒီမှာ လျှို့ဝှက် ပြောက်ကျားစခန်းကို အဘ ဦးထွန်းရှံကို လိုက်ပို့မယ်၊ ဘယ်လိုလဲ"

"မလွယ်ဘူးကွ၊ ကင်းတွေ အများကြီး ချထားတယ်။ တကယ်လို့ ပြေးရင် ညထက် နေ့ဘက်မှာ ပြေးတာကမှ ကောင်းဦးမယ်။ အခုတလော ကင်းတွေ သိပ်အစောင့်ချထားတယ်"

"ဗိုလ်ကြီးခင်က ပြောတော့ အကူအညီပေးမယ်လို့ ဆိုပါလား"

"ဒါကြောင့် ကျုပ်လည်း ဝင်ပြီး ဆွေးနွေးခဲ့တာပဲ။ ဗိုလ်ကြီးခင်လည်း အခုမှသိတယ်။ အနန်းကွင်းချောင်း တစ်လျှောက် ဂျပန် လက်နက်ကိုင်စစ်သားတွေ တော်တော်များများ ကင်းချထားတယ်။ နေ့ဘက်မှာတော့ မရှိဘူး"

"ဒါဖြင့် မနက်ဖြန်မှာ ခပ်တည်တည်နဲ့ စခန်းက ထွက်ပြေးဖို့ပဲပေါ့။ လူကြီးတွေလည်း ပါတယ်ဆိုတော့ မနက်မှပဲ ကောင်းပါတယ်ဗျာ"

"ဟုတ်တယ်၊ အနန်းကွင်းရွာကို သွားပြီးတော့ အဲဒီ ရွာကမှ ပြောက်ကျားစခန်းကို ပြေးဖို့ စီစဉ်တာပေါ့။ ဒါပေမဲ့ သူတို့ပို့ပြီး ခင်ဗျားကိုယ်တိုင် အဲဒီမှာ နေမှ ဖြစ်မှာပဲ"

"ဒါပေါ့ဗျာ၊ ကျုပ်ပြန်လာရင်လည်း ဂျပန်တွေက ဖမ်းဆီးမှာ သေချာတာပဲ"

"ကဲ . . . မနက်ဖြန် နံနက် အလုပ်ဆင်းသွားမှ ပြေးဖို့ စီစဉ်ကြတာပေါ့"

ထိုသို့ပြောကာ ကျွန်တော်တို့ ပြန်လာကြသည်။ မခင်မွှေးတို့ ညီအစ်မမှာ ကျွန်တော်တို့၏ အစီအစဉ်ကို စိတ်ဝင်စားစွာ နားထောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

အဘ ဦးထွန်းရှံကလည်း ပြောင်းလဲသွားသော အစီအစဉ်ကို သဘောကျသည်။

"အေးပေါ့ကွာ၊ နံနက်ကျမှ ခရီးသွားရတာ ပိုကောင်းပါတယ်၊ ညဘက်ဆိုတော့ ဘတို့ မျက်လုံးက သိပ်မကောင်းဘူးကွယ့်"

"အေးကွယ်၊ အမေလည်းသဘောကျပါတယ်ကွယ်"

သို့ အစီအစဉ်ပြောင်းလဲသွားသည့်အတိုင်းပင် မခင်မွှေးတို့ ညီအစ်မနှစ်ဦးမှာ ရွှင်ရွှင်ပျပျ ဖြစ်လာလေတော့သည်။

ထိုနေ့ညတွင် အလုပ်သမား တန်းလျား၄ လူအချို့ ဝမ်းရောဂါဖြင့် ရုတ်တရက် သေဆုံးသွားကြောင်းကို သတင်းကြားရ၏။

ဂျပန်ဆေးမှူးများသည် ကျန်သောလူများကို လိုက်လံကာ ညတွင်းချင်း ဆေးထိုးပေးသည်။ အထူးသဖြင့် ကျွန်တော်တို့ အလုပ်သမားသစ်များမှာ တစ်ထောင်အုပ် စိန်ကြည်၏ ကောင်းမှုကြောင့် ဆေးထိုးလိုက်ရသေး၏။

လုဖေကား ထိုည အလုပ်သမားဟောင်းများရှိနေသော တန်းလျားဘက်သို့ မကူးဝံ့တော့ချေ။

ထိုနေ့ည တန်းစီသံချောင်းမခေါက်တော့။

ယင်းအခိုက် ကိုစိန်သန်းနှင့်ခင်မောင်ဘို့ရောက်လာသျက် -

"ပုသိမ်ဘက်ကလာတဲ့ အလုပ်သမားတွေထဲက အလုပ်သမား ၂၀ ဝမ်းရောဂါနဲ့ သေသွားပြီဗျ။ မြန်ဆန်လိုက်တာဗျာ၊ ကြောက်စရာပါပဲ"

"ဒီ ဝမ်းရောဂါ ကျွန်တော်တို့ဘက်ကူးမလာဖို့ အရေးကြီးတယ်ဗျ"

ကိုစိန်သန်းကား ဟန်ချိုတစ်ဦးဖြစ်နေပေပြီ။ ထို့ကြောင့် အလုပ်သမားဟောင်းများကို သူက ကိုင်နေရ၏။

တိုနေ့ ည သန်းခေါင်လောက်တွင်ကား အလုပ်သမားဟောင်းတန်းလျားမှ ဝမ်းရောဂါသည် ကျွန်တော်တို့ အလုပ်သမား တန်းလျားဆီသို့ ကူးစက်လာသည်ကို တွေ့ရ၏။

ကျွန်တော်တို့ ရှေ့မှာပင် အလုပ်သမားတဲမှ ဝမ်းရောဂါဖြစ်နေသူ ၃ ဦးအား ဆေးများ လာ၍ထိုးပေးသည်။ သို့တစေ နံနက် မိုးမလင်းမီပင် သေဆုံးသွားလေရာ လှည်းများပေါ်သို့အလောင်းတင်ကာ ယူသွားတော့၏။

နံနက် မိုးလင်းသောအခါမတော့ ဂျပန်စစ်သား ဆေးမှူးများနှင့် ဗိုလ်ကြီးခင်တို့ရောက်ရှိလာကာ အစားအသောက်များကို အထူးရှောင်ကြဉ် စားသောက်ရန်နှင့် သန့်ရှင်းရေးများ ပြုလုပ်ရန် အမိန့်ပေးပါတော့၏။

ကျွန်တော်တို့အားလုံး တန်းလျားတစ်ဝိုက် သန့်ရှင်းရေးများ ပြုလုပ်ကြသည့်အပြင် မကောင်းသော အဝတ်အထည်များကို ရေနွေးများဖြင့်ပြုတ်ပစ်ကြရသည်။ တစ်ဖန် ဆေးများကိုလည်း တန်းလျားတစ်ဝိုက်နှင့်တန်းလျားအတွင်း ဖျန်းသည်။

ထို့ကြောင့် ထိုနေ့မှာ အလုပ်သမားတစ်ဝက်ကျော်ကျော်သာ အလုပ်ဆင်းနိုင်လေတော့၏။

အံ့ဩစရာကောင်းသည်ကား ခွေးဘီလူးကြီးထံမှ မခင်မွှေး မခင်အေးတို့ ညီအစ်မအား မခေါ်လိုတော့ဟူသော သတင်းကို ဦးမဲကြီးကိုယ်တိုင်က လာရောက် ပြောဆိုခြင်းပင်ဖြစ်၏။

မှန်သည်။ ဂျပန်စစ်ဗိုလ် ခွေးဘီလူးကြီးသည် ယခုအခါတွင် ကျွန်တော်တို့ ခွေးတပ် အလုပ်သမားများထဲမှ ဝမ်းရောဂါ စတင်ဖြစ်ပွားလာကြောင်း၊ သူ့ထံသို့ မြန်မာ အလုပ်သမားများပင် မလာရဟု ပညတ်ထားကြောင်းကိုကြားရ၏။

ဂျပန်စစ်သား၊ စစ်ဗိုလ်များသည် ဝမ်းရောဂါကို အတော်ကြောက်ရွံ့ကြသောသူများဖြစ်၏။ ဝမ်းရောဂါ ဖြစ်နေသည်ဆိုလျှင် အနီးသို့ပင် မလာတော့ဘဲ အဝေးမှ ခိုင်းစေတော့၏။ များသောအားဖြင့် အလုပ်ဘက် ခေါင်းဆောင် ဂျပန်စစ်သားများနှင့် ဆေးဘက်ဆိုင်ရာစစ်သားများသာလျှင် ဟန်မပျက်သွားလာနေကြခြင်းဖြစ်၏။

ထိုနေ့တွင် အဘ ဦးထွန်းရှံတို့ မိသားစုအား လျှို့ဝှက် ပြောက်ကျားစခန်းသို့ ပို့ရေးအတွက် အစီအစဉ်မှာ ပျက်သွားရချေသည်။

ရှေ့လဆက်ဖတ်ပါရန် . . .

မြဝတီ




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# သေမင်းကိုအာခံ ဝေယံကတိုက်ပွဲ

(ဖြစ်ရပ်မှန်အခန်းဆက်ဝတ္ထုရှည်)

ဖိုးကျော့

**(ယခင်လမှအဆက်)**

အင်္ဂလိပ်ကြီးသည် လေယာဉ်ကို ခပ်ကြမ်းကြမ်းမောင်းနှင်ကာ နောက်ကြောင်းခရီး ရန်ကုန်ဘက်သို့ပင် ပြန်လှည့်မောင်းလာလေသည်။ လေယာဉ်၏အရှိန်မှာလည်း မြန်သထက်မြန်လာသည်။ အင်္ဂလိပ်ကြီးက ထိုသို့ ပြန်မောင်းနေစဉ် သူ့ခေါင်းကိုလည်း သူ့ညာဘက်ဘေးရှိ မြန်မာပိုင်းလော့ဆီ လှည့်ကာ ...

"ကော်သူလေးဆိုတာ ... ဘာလဲကွ"

ဟု မခိုးမခန့်ပုံစံနှင့် မေးလိုက်ပြန်သည်။

လက်ထောက် မြန်မာပိုင်းလော့က ပြန်မပြောမီ ဗိုလ်ကျော်အေးက ကြားဝင်ပြီး ...

"မင်း ... မြန်မာပြည်နေပြီး ကော်သူလေးဆိုတာ မကြားဖူးဘူးလား။ ကော်သူလေးဆိုတာ ကေါအင်န်၊ ဒီ၊ အိုကွ။ ကရင်သူပုန်၊ ကရင်သူပုန် ... သိပလား"

ဟု ဒေါသနှင့်ပြောပြီး သူ့ခေါင်းကို လက်ပစ်ပုံးနှင့် ခပ်ဆဆ ထုချလိုက်သည်။

ထိုအချိန်ထိလည်း အင်္ဂလိပ်ကြီးက ဗိုလ်ကျော်အေးကို ဘာမျှပြန်မပြော။ ဂရုစိုက်၍လည်း တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com

မကြည့်။ လေယာဉ်ပျံကိုသာ ခပ်ကြမ်းကြမ်း မောင်းမြဲမောင်းနေ၏။ မြန်မာပိုင်းလော့ကမူ မျက်စိမျက်နှာ ပျက်နေလေပြီ၊ သူ့ကိုကြည့်ရသည်မှာ အင်္ဂလိပ်ကြီး၏ ဦးဆောင်မှုအတိုင်းသာ လိုက်ပါလုပ်ကိုင်နေရပုံရှိသည်။

အင်္ဂလိပ်ကြီးကား အစောင့်ကိုပင် ပေကတ်ကတ်နှင့် ခေါင်းမာသော သတ္တိခဲကြီးပါလားဟု နားလည်ရတော့သည်။ သူက ထိုသို့ မထုံတက်တေးနှင့် လေယာဉ်ကိုသာ ကြမ်းကြမ်းတမ်းတမ်း မောင်းနေလေရာ ဗိုလ်ကျော်အေးက ဤနည်းနှင့်လည်း မရတော့ဟု သိလိုက်ရသည်။ သူက သူ့လေယာဉ်ကို နောက်ကြောင်းပြန် ရန်ကုန်ဘက်ကို ပြန်လှည့်နေသော်လည်း ဗိုလ်ကျော်အေးတို့ အနေမှာ ဘယ်နည်းနှင့်မျှ ရန်ကုန်ကို ပြန်လှည့်မခံနိုင်။ ထိုအခါ အသက်နှင့်လဲကြရန်သာ ရှိတော့သည်။

ဗိုလ်ကျော်အေးတို့ အနေမှာ ဤအလုပ်၊ ဤတာဝန်ကြီးကြီးကို အခက်အခဲအမျိုးမျိုးကြားထဲက ကြိုးစားဆောင်ရွက်လာခဲ့ကြပြီး ယခုအချိန် ခရီးတစ်ဝက်ရောက်တော့မှ မိမိတို့တွင် ပါလာသောလက်နက်ကို ဘာမျှအသုံးမချရဘဲ အင်္ဂလိပ်ကြီး ခေါ်လာရာ နောက်ကိုသာ လိုက်ပါခဲ့ကြရမည်ဆိုလျှင် သူတို့မှာ အရှုံးကြီး ရှုံးကြရမည်ဖြစ်သလို သတင်းစာထဲ၌လည်း လက်ခိတ်တန်းလန်းနှင့် ကြေညာခံရည်မှာ မုချပင်။ သူတို့သည် မျက်နှာငယ်လေးနှင့် မြန်မာပြည်သူများ ရှေ့မှောက် လူဆိုးသူပုန်အဖြစ်နှင့် အရောက်ခံကြရမည်လား။ ထိုကဲ့သို့သော အဖြစ်မျိုးကို သူတို့ကား ဘယ်လိုမှ အရောက်မခံနိုင်။ အသက်သာ စွန့်လျှင်စွန့်မည်။ သူတို့ကမူ နဂိုကပင် အသက်စွန့်ရန် သန္နိဋ္ဌာန် ချပြီးသူများလည်း ဖြစ်ကြ၏။ ယခုလို အခြေအနေမျိုးတွင် ခရီးသည်များ၏အသက်ကိုလည်း ထည့်မတွက်နိုင်ကြတော့ဘဲ ဘုရားသခင်၏ အလိုတော်အတိုင်းသာဟု သဘောထားလိုက်ရတော့သည်။

ထိုအချိန်အထိ အင်္ဂလိပ်ကြီးကလည်း ဗိုလ်ကျော်အေး ဤမျှခြိမ်းခြောက် ပြောဆိုနေသည်ကို လုံးဝအရေးမစိုက်၊ အလေးမထားသလို လုပ်နေသေး၏။ အင်္ဂလိပ်ကြီးကို ကြည့်ကာ ဗိုလ်ကျော်အေးလည်း အမှန်ပင် ဒေါသဖြစ် စိတ်တိုလာသည်။ ပထမနည်း၊ ဒုတိယနည်းနှင့်လည်း အင်္ဂလိပ်ကြီးကို ဘယ်လိုမှ ခြိမ်းခြောက်ပြောဆို၍ မရသောအခါ ဗိုလ်ကျော်အေးမှာ နောက်ဆုံး သူသေကိုယ်သေရုံမက လေယာဉ်ပါ ခရီးသည်အားလုံး သေကြရမည့်နည်းကိုပင် သုံးရတော့မည်ဟု ဒေါသတကြီး ဆုံးဖြတ်ရတော့မည်။

အင်္ဂလိပ်ကြီး ပြန်လှည့်မောင်းလာသော လေယာဉ်ပျံကြီးသည် ဘယ်မြို့ ဘယ်နေရာကို ပြန်ရောက်လာနေပြီနည်းဟု ဗိုလ်ကျော်အေး အောက်သို့ တစ်ချက်ငုံ့ကြည့်လိုက်ရာ ချက်ချင်း မျက်လုံးပြူးသွားသည်။ အကြောင်းမှာ ဧရာဝတီမြစ်ကိုပင် ပြန်မြင်နေရလေပြီ။ အပြင်းမောင်းနှင်လာသော လေယာဉ်သည် ခဏအကြာမှာပင် ဧရာဝတီမြစ်ကို ဖြတ်ကျော်တော့မည်။ ဧရာဝတီမြစ်ကို ဖြတ်ကျော်ပြီးလျှင် လေယာဉ်သည် ရန်ကုန်ကို အချိန်အနည်းငယ်အတွင်းမှာပင် ပြန်ရောက်လာပေတော့မည်။ မခိုးမခန့်နှင့် အရေးမဟုတ်သလို လုပ်လာသော အင်္ဂလိပ်ကြီးကိုလည်း အလွန်ဒေါသထွက်လာသည်။ မခံချင်စိတ်ကလည်း ငယ်ထိပ်ရောက်လာသည်ဟု ဆိုရမည်။ ထို့ကြောင့် ''မင်းလည်း အင်္ဂလိပ်၊ ငါလည်း ကရင် သေရဲရင် သေလိုက်ကွာ ...''ဟု စိတ်ကို ဆုံးဖြတ်လိုက်ကာ မလွှဲမရှောင်သာတော့သဖြင့် ဗိုလ်ကျော်အေးသည် ပိုင်းလော့နှစ်ယောက်ကြားသို့ ဝင်ရပ်လိုက်ကာ အင်္ဂလိပ်ကြီးမျက်နှာကို စေ့စေ့ကြည့်၍ ...

''ကဲ .. မင်းက လခစား အစိုးရကျွန် အင်္ဂလိပ်။ ငါက အမျိုးသားရေးအတွက် တိုက်ပွဲဝင်နေတဲ့ ကရင်။ သေခြင်းအတူတူ ငါက မင်းထက်မြတ်တယ်။ သတ္တိရှိလို့ သေရဲလို့ မင်းလေယာဉ်ကို ဓားပြလာတိုက်တာကွ။ ကဲ ... သေလိုက်ကြမယ်။ ဝမ်း၊ တူး၊ သရီးဆိုရင် ဟောဒီဗုံး အပေါက်ပဲ။ ကဲ ... ဘုရားသခင်ကိုသာ အာရုံပြုပေတော့ကွာ''

ဟု ပြောပြောဆိုဆိုနှင့် ပင်ကိုဖြုတ်ပြီး လက်ပစ်ဗုံး၏ မောင်းတံကို လက်နှင့်ဖိကိုင်ထားရာက သုံးယောက်ကြား စက်ခန်းထဲကို ပစ်ထည့်လိုက်ရန် ဗုံးကိုင်ထားသောလက်ကို အပေါ်သို့ မြှောက်လိုက်သည်တွင် အင်္ဂလိပ်ပိုင်းလော့ကြီးသည် ထိုအခါမှ ပျာပျာသလဲဖြစ်သွားပြီး ဗိုလ်ကျော်အေးကိုကြည့်ကာ လက်မြှောက်လိုက်ရင်း ''ဟိုး ... ဟိုး ... ဟိုး''ဟု လက်ပစ်ဗုံးကို ပစ်မချလိုက်ရန် ကြောက်ရွံ့သွားပြီး အော်တားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ဤအင်္ဂလိပ်ကြီးသည် ခေါင်းမာသလို ဉာဏ်လည်းများသည်။ ဘယ်လိုပရိယာယ်သုံးပြီး လေယာဉ်ကို ဟိုလှည့်သည်လှည့်နှင့် ရန်ကုန် မင်္ဂလာဒုံလေဆိပ်ကို အရောက်မောင်းသွားတော့မည်လား၊ တကယ်များ ကြောက်ရွံ့တာမှ ဟုတ်ရဲ့လားဟူသော အတွေးနှင့် ဒေါသကိုလည်း မထိန်းချင်တော့သဖြင့် . . .

"မထူးပါဘူး၊ ဒီလောက် ခေါင်းမာတဲ့အကောင်နဲ့ ငါ အသေခံပြလိုက်မယ်"ဟုပင် စိတ်ပေါက်ပေါက်နှင့် . . .

"ဘာ . . . ခုမှ မင်းကသေမှာကြောက်သလား။ မင်းသေရဲရင် ငါက ဆယ်ခါသေရဲတယ်၊ ကော်သူလေးကွ၊ ဘာမှတ်သလဲ။ သေကြမယ်။ ငါပစ်ခွဲလိုက်မယ်"

ဟု အော်လိုက်ပြီး ဒုတိယအကြိမ် လက်ပစ်ဗုံးကို ကိုင်မြှောက်လိုက်တော့မှ . . .

"နိုး . . . နိုး . . . နိုး"

ဟု အင်္ဂလိပ်ကြီးက အထိတ်တလန့်နှင့်ပါးစပ်ကလည်းပြော လက်ဟန်ခြေဟန်နှင့်လည်း ကမန်းကတန်း သွေးရူးသွေးတန်း ဟန့်တားလာတော့သည်။ ဤသို့ ဟန့်တားလာသည့်အပြင် သူ့လက်ကလည်း ထိုအခါမှ ပျာပျာသလဲ လေယာဉ်ပဲ့ကို ဆွဲလှည့်နေတော့၏။ သူဆွဲလှည့်လိုက်သဖြင့် လေယာဉ်ကြီးသည် တရှိန်ရှိန် မြည်ဟည်းလာကာ အရှိန်ပြင်းစွာနှင့် ပြန်ကွေ့သွားသည်။

"ဒီမှာ . . . ဒီမှာ . . . ကြည့်ပါ၊ ကြည့်ပါ"

ဟု အင်္ဂလိပ်ကြီးက သံလိုက်အိမ်မြှောင်ကို လက်ညှိုးထိုးပြနေ၏။ ဟုတ်/မဟုတ် ဗိုလ်ကျော်အေး ကြည့်လိုက်သည်။ မှန်၏။ အင်္ဂလိပ်ကြီးပြောနေပြနေသလို သံလိုက်အိမ်မြှောင်သည် ဤတစ်ခါတော့ အနောက်စူးစူးကို ညွှန်ပြနေသည်မှာ အမှန်ပင်။ ထိုအခါ ဗိုလ်ကျော်အေးမှာ တကယ်ပင် ပစ်ချရတော့မည့် လက်ပစ်ဗုံးကို လွှတ်မချဖြစ်တော့ဘဲ မောင်းတံကို ခပ်ကျပ်ကျပ် ပြန်ကိုင်ထားလိုက်ရ၏။

ထိုအခါမှ အားလုံးတော့ သေကုန်ကြတော့မှာပဲဟူသော အတွေးကြောင့် တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်နှင့် တုန်တုန်ယင်ယင်ဖြစ်နေရာက ချက်ချင်း ဝမ်းသာသလို၊ ဝမ်းနည်းသလို တစ်မျိုးကြီးဖြစ်သွားပြီး သက်မချနိုင်တော့သည်။ သို့သော် ဤအင်္ဂလိပ်ကြီးမှာ ခေါင်းမာသလို အလွန်ပေကတ်ကတ်လည်း တစ်လမ်းလုံး လုပ်လာသဖြင့် စိတ်မချရသေး။ ထို့ကြောင့် ရင်ထဲ တဒိတ်ဒိတ်ခုန်နေဆဲ၊ ခြေတွေလက်တွေလည်း တုန်နေဆဲ။ ထို့ကြောင့် . . .

"ကဲ . . . ဒါဆိုရင် ကျုပ်ပြောသလို အနောက်စူးစူးကိုမောင်း။ ဒီဂရီလွဲပြီး ဘယ်မှမပြောင်းစေနဲ့နော်။ ဒီဂရီလွဲမောင်းတာမြင်တာနဲ့ အားလုံး မသာဖြစ်ကုန်ပြီသာမှတ်"

အင်္ဂလိပ်ကြီးကို ယခုထိ စိတ်မချသေးသဖြင့် ဗိုလ်ကျော်အေးက ကြမ်းမြဲ ဆက်ကြမ်းပြနေရသေး၏။ လေယာဉ်စက်ခန်းထဲက သံလိုက်အိမ်မြှောင်ကိုလည်း မျက်ခြည်မပြတ် ဂရုတစိုက် ကြည့်နေရ၏။ ထို့အပြင် လေယာဉ်အောက်ကိုလည်း တစ်ချက်တစ်ချက် ကြည့်ရသေးသည်၊ အင်္ဂလိပ်ကြီး၏ဉာဏ်ကို သိနေသဖြင့် သတိတစ်ချက် အလစ်မခံပဲ။ ခြောက်လုံးပြူးနှင့်လည်း အင်္ဂလိပ်ကြီးကို ချိန်မြဲချိန်ထားရသေး၏။

လက်ပစ်ဗုံးမှာ ပင်မရှိတော့သဖြင့် မောင်းတံ၏တွန်းအားကိုမှ အထူးဂရုစိုက်၍ လက်နှင့် ဖိကိုင်ထားရသည်။ ကြာလာသောအခါ လက်အံသေချင်သလို ညောင်းလာ၍ ခြောက်လုံးပြူးကို ခါးထိုးကာ နောက်လက်တစ်ဖက်သို့ ပြောင်းကိုင်ရပြန်သည်။ မြေပြင်ကို မရောက်မချင်း အင်္ဂလိပ်ကြီးကို စိတ်မချရသေးသဖြင့် အရာရာတိုင်းကို သတိမလစ်အောင် အထူးဂရုစိုက်၍ လိုက်ပါနေရသည်။

ဒါကိုတာ လေယာဉ်ကြီးမှာ ဗိုလ်ကျော်အေး ကြမ်းရမ်းခိုင်းထားသလို အနောက်စူးစူးသို့ ပျံသန်းနေ၏။ လေယာဉ်၏အရှိန်မှာ စောစောက ရန်ကုန်ဘက်ပြန်မောင်းခဲ့သလို မမြန်တော့ဘဲ တဖြည်းဖြည်း အရှိန်နှေးလာပြန်သည်။ ဤသည်ကိုပင် ဗိုလ်ကျော်အေး စိတ်ထဲ တစ်မျိုးတစ်မည်နှင့် ဤအင်္ဂလိပ်ကြီး လုပ်လာပြန်ပလားဟု ဒိုင်ခွက်ကို ကြည့်လိုက်သည်။ လေယာဉ်စက်ခေါင်းတွင်ရှိနေသော အနှေးအမြန် မိုင်နှုန်းပြ မီတာခွက်သည် မိုင် ၂၀၀ ကျော်မှ မိုင် ၁၅၀ ကျော်ကို ညွှန်ပြနေသည်။ အနောက်စူးစူးကို ညွှန်ပြနေသော အိမ်မြှောင်ကတော့ ပုံမှန်အတိုင်း အနောက်စူးစူးကို ပြလျက်ပင်။

"ခင်ဗျား လက်ပစ်ဗုံးကို ပြန်ပင်တပ်ထားပါ။ ကျုပ် ခင်ဗျားမောင်းခိုင်းတဲ့နေရာကို မောင်းနေပြီပဲ"

အခုမှ အင်္ဂလိပ်ကြီး၏ စိုးရိမ်သောကစကားကို ကြားလာရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"မောင်းသာမောင်းစမ်းပါဗျာ။ မပူစမ်းပါနဲ့။ စိတ်ချရအောင် ကျုပ် လက်နဲ့ မြဲမြဲကိုင်ထားပါတယ်။ ပင်က တော့ ပြန်တပ်စရာမရှိတော့ဘူး ... ဆောရီးပဲ"

ပင်ပြန်တပ်ရန် အိတ်ထဲ ဆံညှပ် ကလစ်တွေ ပါနေသည်ကို သိသွားမှာ စိုး၍ အင်္ဂလိပ်ကြီး ပိုကြောက်အောင် တမင် ဖြဲခြောက်လိုက်သည်။ အင်္ဂလိပ် ကြီးကလည်း ခုမှ တကယ်ကြောက် လာပုံရသည်။ ဒီကောင်တွေ တကယ် လုပ်မည့် ကောင်တွေပဲဟု ယုံကြည် သွားပုံရ၏။ ထို့ကြောင့် ...

"ဟာ ... ဒုက္ခပဲ။ ကောင်း ကောင်းကိုင်ထားပါနော်။ မတော်လို့ လွတ်ကျလို့ ပေါက်ကွဲသွားပါဦးမယ်"

စောစောက တကယ်ကြောက် သွားပြီဟု ထင်ခဲ့ရသော အင်္ဂလိပ်ကြီး က ယခု ခြေဟန်လက်ဟန်နှင့် ရယ် မောပြောဆိုလာပြန်သည့်အခါ ရုတ် တရက် ဗိုလ်ကျော်အေးမှာ အံ့သြရ ပြန်၏။ လွန်ခဲ့သော မိနစ်ပိုင်းအချိန် တုန်းက သူ့အား ရန်သူအနေ မျက်နှာ ထား တင်းမာခဲ့သော်လည်း ယခု မျက်နှာထားမှာ ပြုံးပြုံးရွှင်ရွှင်နှင့် အပြောအဆိုမှာလည်း ရယ်သွမ်းသွေး လာပြန်သည်။ ဤသည်ကို ဗိုလ် ကျော်အေးကလည်း ပို၍ပင် သတိ မလစ်ရဲ ဖြစ်ခဲ့ရသည်။

"ငါ ဘယ်လိုဟာကြီးနဲ့ တွေ့နေ ရပါလိမ့်။ ငါ့ကို အချိုသတ်ပြီး ဒီ ကောင်ကြီး အလစ်ချချင်လို့လား" ဟု လည်း တွေးရပြန်သည်။ ပို၍ ထူးခြား နေသည်မှာ သူ၏အပြုအမူ၊ အပြော အဆိုက လုံးဝကို ကြောက်ရွံ့နေမှု အမူအရာ မရှိပေ။ စောစောက သူ ကြောက်ရွံ့သွားပြီဟု ထင်မိသည်မှာ ပရိယာယ်လုပ်ပြနေခြင်းသာဟု ယူဆ လိုက်ရပြန်သည်။ ထိုအခါ ဗိုလ်ကျော် အေးမှာ ပို၍ပို၍သာ သတိထားလာ ရသည်။

လေယာဉ်ကို အနောက်ဘူးစူးသို့ ဗိုလ်ကျော်အေး ညွှန်ကြားထားသည့် အတိုင်း မောင်းနှင်နေရာက ...

"ခင်ဗျားပြောတဲ့အတိုင်း မောင်း နေပါတယ်။ ဟိုမှာဆင်းဖို့ လေယာဉ် ကွင်းကော ရှိရဲ့လား"

ပကတိလေသံမျိုးနှင့် ဗိုလ်ကျော် အေးကို မော့ကြည့်၍ အင်္ဂလိပ်ကြီးက မေး၏။

"ရှိပါတယ်၊ ပင်လယ်ကမ်းစပ် နားက သဲသောင်ပြင်ကြီးမှာ ဆင်းရ မယ်၊ မြေပုံမှာ ပြထားတဲ့အတိုင်း ဆင်း ရမယ်"

အင်္ဂလိပ်ကြီးနှင့် ဗိုလ်ကျော်အေး တို့ ထိုသို့ အပြန်အလှန် ပြောဆိုနေ ကြစဉ် မြန်မာလေယာဉ်မှူး သက် ထောက်က ဗိုလ်ကျော်အေး ပေးထား သော မြေပုံကို ဖြန့်ကြည့်နေသည်။

အမှန်က ဗိုလ်ကျော်အေး ပေး ထားသော မြေပုံမှာ သဘောမျှသာ လိုလိုမည်မည် သိမ်ကြီးဈေးက ငါးမူး ပေးပြီး ဝယ်လာသော မြေပုံကြမ်းသာ ဖြစ်သည်။ သို့သော် မြေပုံကြီး၏ အောက်ပိုင်း လိုအပ်သော နေရာ လောက်ကိုသာ ဆုပ်ယူထားပြီး လေ ယာဉ်မောင်းသွားရမည့် လမ်းစဉ်နှင့် ဆင်းရမည့် အကွက်ကိုတော့ မင်စက် လေးများနှင့် မြားပြထားသည်၊ အသေး စိတ် မြေပုံမဟုတ်သော်လည်း သုံး၍ တော့ ရမည်ထင်သဖြင့် ယူလာခြင်း ဖြစ်သည်။

သူတို့ဆီတွင် အသေးစိတ်မြေပုံ ပါ၏။ ဗိုလ်ကျော်အေး မြေပုံကို ခေါက် ထားပြီး သူတို့မြေပုံကိုဖြန့်ကာ သုံး ယောက်သား ခေါင်းချင်းဆိုင် ကြည့် ကြပြန်သည်။ တကယ်တွက်ကြည့်က ရယ်စရာတော့ကောင်းနေ၏။ စော စောက ရန်သူနှစ်ဦးသည် ယခုလေ ယာဉ်ဆင်းရမည့် မြေပုံကို ဝိုင်းကြည့် နေကြသည်မှာ မိတ်ဆွေ သူငယ်ချင်း သို့မဟုတ် တစ်တပ်တည်း တစ်ခရီး သွားချင်းလို ဖြစ်သွားကြပြန်သည်။

သူတို့ဆီ၌ ပါလာသော မြေပုံမှာ စစ်သုံးအသေးစိတ် မြေပုံဖြစ်သဖြင့် ဆင်းရမည့်နေရာကို ခဲခဲယဉ်ယဉ်း ရှာ နေစရာမလိုတော့ပေ။ ဆင်းရမည့် အကွက်(ကြူအို–၄၅။ ၄၅။) ငဆော် ဖူးခွဲရွာ ပင်လယ်ကမ်းခြေကိုလည်း ကောင်းစွာတွေ့မြင်နေကြရပြီဖြစ်သည်။

"ဒီနေရာ ဒီသောင်ပြင်မှာ ဆင်း ရမှာလား။ ဒီနေရာ ဟုတ်ရဲ့လား"

မြန်မာပိုင်းလော့က မြေပုံပေါ် ထောက်ပြကာ မေး၏။

"ဟုတ်တယ်၊ အဲဒီနေရာပဲ။ အဲဒီကမ်းခြေက ဟောဒီငဆော်ဖူးခွဲရွာ ပေါ့။ ဟိုအနားရောက်ရင် သူတို့မြင် ရမယ်။ လေယာဉ်သံကြားတာနဲ့ သူတို့ ထွက်ကြည့်နေကြမှာပဲ။ သောင်ပြင်မှာ လေယာဉ်ဆင်းဖို့ လမ်းကြောင်းခင်း ထားပြီး အောက်ကလည်း အချက်ပြ လမ်းလေး လုပ်ပေးထားတာ တွေ့ရ လိမ့်မယ်"

"ခင်ဗျားသောင်ပြင်က ဆင်းလို့ စိတ်ချရပါ့မလား။ လေယာဉ်ပျံဆို တာက နေရာတိုင်းဆင်းလို့ မရဘူး နော်။ စိတ်ချရပါ့မလား"

"ရပါတယ်၊ စိတ်ချပါ။ လေယာဉ်



www.burmeseclassic.com

www.burmeseclassic.com

ကွင်းမဟုတ်ပေမယ့် ခင်ဗျားတို့ မင်္ဂလာဒုံ လေယာဉ်ကွင်းလောက်ကို ကောင်းတဲ့နေရာပါ။ ကျုပ်ကြိုကြည့်ထားခဲ့ပါတယ်။ အကျယ်ဆိုလည်း ခင်ဗျားတို့ မင်္ဂလာဒုံကွင်းထက်တောင် ကျယ်သေးတယ်"

"သဲသောင်ပြင်မှာ လေယာဉ်ဆင်းဖို့ တက်ဖို့ဆိုတာ အမှန်ကတော့ မလွယ်ဘူးနော်။ ဒီလိုလုပ်ပါလား။ ခင်ဗျားတို့လိုချင်တဲ့ ပစ္စည်းတွေအားလုံး အောက်ကိုပစ်ချပေးခဲ့မယ် ...။ လေယာဉ်ဆင်းဖို့ကတော့ သိပ်မလွယ်ဘူးထင်တယ်။ အကုန်ဒုက္ခဖြစ်ကုန်မယ်နော်။ ပစ္စည်းတွေကိုရရင် ပြီးရောပေါ့ဗျာ ... မဟုတ်ဘူးလား"

ထိုအချိန်အထိ သူပြောသော ပစ္စည်းသေတ္တာများမှာ ရခိုင်အတွက် ပို့လိုက်သော ငွေများဆိုသည်ကို ဗိုလ်ကျော်အေး မသိသေး။ ထို့ကြောင့်လည်း ...

"ဟာ ... ဘယ်ဖြစ်မလဲဗျာ။ ကျုပ်တို့လိုချင်တာက ပစ္စည်းအဓိက မဟုတ်ဘူး။ လေယာဉ်ပျံဗျ။ လေယာဉ်ပျံ။ လေယာဉ်ပျံကိုပဲလိုချင်လို့ အသက်စွန့်တိုက်တာဗျ။ ဒါ ... ခင်ဗျား နားလည်လား"

"ဟင် ... ဒါဖြင့် လေယာဉ်ပျံကို ခင်ဗျားတို့ယူထားလိုက်ရင် ကျုပ်တို့ဘာ ..."

မြန်မာပိုင်းလော့မှာ ဤအခါမှ အကြီးအကျယ် ထိတ်လန့်သွားပုံရသည်။ ထို့ကြောင့် သူ့စကားမဆုံးမီပင် ဗိုလ်ကျော်အေးက ...

"အို ... ဒါတွေ ခင်ဗျားတို့ ဘာမှမပူနဲ့။ ယာဉ်ပျံဆင်းနိုင်ဖို့ အောက်ကိုရောက်ဖို့သာ ကြိုးစားပါ။ ခင်ဗျားတို့ကို အားလုံး ပြန်လွှတ်ပေးမယ်။ ကျုပ်ကတိပေးတယ်။ ဘေးကင်းရန်ကင်းနဲ့ ရန်ကုန်ပြန်ရောက်အောင်ကို ပို့ပေးဖို့ ကျုပ်အားလုံး ကြိုတင်စီစဉ်ပြီးသားပါ။ ဘာမှမပူနဲ့ ခင်ဗျားတို့ကို ဘယ်လူမှ လက်ဖျားနဲ့ မတို့စေရဘူး။ အေး ... ကျုပ်အမိန့်သာ ခင်ဗျားနာခံ။ တာဝန်အားလုံး ကျုပ်ယူထားတယ် စိတ်ချ"

ထိုသို့ စကားပြောနေကြစဉ် လေယာဉ်ကြီးမှာ အနောက်စူးစူးကို ပျံမြဲပျံလျက် ရှိနေသည်။ မိုးရာသီဦးဖြစ်၍ ကောင်းကင် တစ်ခွင်တစ်ပြင်လုံးမှာ အုံ့မှိုင်းနေသော်လည်း နေရောင်ခြည်ရှိသဖြင့် အောက်မြင်ကွင်းကား ရှင်းလင်းနေပေသည်။

"ဟော့ ... ဟိုမှာကြည့်စမ်း။ ပင်လယ်ကို ငါတို့တွေ့ရပြီ"

အင်္ဂလိပ်ကြီးက မြန်မာပိုင်းလော့နှင့်စကားပြောနေကြသော ဗိုလ်ကျော်အေးတို့ကို လက်ညှိုးထိုးပြ၍ပြော၏။

အင်္ဂလိပ်ကြီး ပြောသည်မှာ အမှန်ပင်ဖြစ်သည်။ အတော်ဝေးဝေးတွင် အပြာရောင်လွှမ်းနေသော ဘင်္ဂလားပင်လယ်ပြင်ကြီးကို ရှေ့ကဆီး၍ မြင်နေရလေသည်။ ရေပြင်ကြီးမှာ လေယာဉ်နှင့် မျဉ်းပြိုင်ပမာ မှိုမောက်မြင့်တက်နေသည်ကိုလည်း မြင်နေရသည်။ ဤသည်မှာ ကမ္ဘာကြီးလုံးကြောင်း သက်သေပြနေသည်ဟုထင်၏။

ဘင်္ဂလားပင်လယ်ပြင်ကြီးကို မြင်နေရ၍ စိတ်နည်းနည်းသာ အေးရသော်လည်း လေယာဉ်စက်ခန်းထဲတွင် ပိုင်းလော့နှစ်ယောက်တို့ မည်သို့မည်ပုံ စခန်းသွားနေကြသည်ကို ဗိုလ်သိန်းကျော်နှင့် စောအငြိမ်းတို့က ဘာမှ မသိရသလို၊ ဗိုလ်ကျော်အေးကလည်း သူ့လူနှစ်ယောက် လေယာဉ်ကိုယ်ထည်ကြီးပေါ်တွင် မည်သို့ စခန်းသွားနေကြသည်ကို မသိရသေး။ ကိုယ့်တာဝန်နှင့်ကိုယ် သတိတစ်ချက်၊ မျက်စိတစ်မှိတ်ပင် သတိလစ်၍ မရသဖြင့် ကိုယ့်လူချင်းပင် အဆက်အသွယ်ပြတ်နေကြသည်။

နောက်ပိုင်းတွင် တာဝန်ထမ်းဆောင်နေကြသော စောအငြိမ်းနှင့် ဗိုလ်သိန်းကျော်တို့က စက်ခေါင်းထဲတွင် တစ်ယောက်တည်းဖြစ်နေသော ဗိုလ်ကျော်အေးအတွက် နှစ်ယောက်နှင့်တစ်ယောက် ဖြစ်သဖြင့် စိုးရိမ်နေကြသလို ဗိုလ်ကျော်အေးကလည်း ဗိုလ်သိန်းကျော်နှင့် စောအငြိမ်းတို့ကို ယခုမှ စိုးရိမ်သတိရနိုင်တော့သည်။ သို့သော် ဗိုလ်ကျော်အေး စက်ခန်းထဲဝင်လာကတည်းက လေယာဉ်စက်ခန်းတံခါးကို ခြေနှင့်ကန်ဖွင့်ထားခဲ့သဖြင့် အကယ်၍ ဗိုလ်သိန်းကျော်သာ လှမ်းကြည့်မည်ဆိုက သူသည် ခရီးသည်အားလုံးများရှေ့တွင် သေနတ်ချိန်ပြီး မတ်တတ်ရပ်နေသူ ဖြစ်သဖြင့် မြင်နိုင်သည်။ စောအငြိမ်း၏ အခြေအနေကိုလည်း စိတ်မချသဖြင့် ဗိုလ်ကျော်အေးက ...

"ကဲ ... ခင်ဗျားတို့ ဒီအတိုင်း၊ ဒီ ဒီဂရီအတိုင်းပဲမောင်း။ ဒီရောက်မှ ဉာဏ်များပြီး ပြန်ကွေ့မယ်တော့ လုံးဝကို စိတ်မကူးနဲ့နော်။ ရီးတီးယားတားလုပ်လို့ကတော့ အကုန်သေပြီသာမှတ်။ ကျုပ်တို့က အသက်စွန့်ပြီးသားလူတွေ"

ဟု ပိုင်းလော့နှစ်ယောက်ကို ခြိမ်းခြောက်ပြောဆိုထားခဲ့ပြီး ဗိုလ်သိန်းကျော်ဆီသို့ လှည့်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဗိုလ်ကျော် ဘယ့်နှယ်လဲ"

ခရီးသည်များဘက် ခြောက်လုံးပြူးနှင့် မတ်တတ်ချိန်ရွယ်ထားရင်းက ဗိုလ်ကျော်အေးကို မေးလိုက်သည်။

"အားလုံး အိုကေပြီ။ ခင်ဗျားတို့ အခြေအနေ"

"ဟိုကောင်တော့ ခင်ဗျားမြင်တဲ့အတိုင်းပဲ"

ဟု ပြောပြီး စောအငြိမ်းဘက်ကို မေးဆတ်ပြသည်။

ဗိုလ်သိန်းကျော်မှာ တာဝန်သိပြီး အမြဲသတိရှိနေသော်လည်း စောအငြိမ်းဆီ အကြည့်ရောက်သွားရာ စောအငြိမ်းမှာ ဗိုလ်ကျော်သာကို ခြောက်လုံးပြူးနှင့် ချိန်ထားသော်လည်း ထိုင်လျက်က ငိုင်နေသလိုလို၊ စိတ်ဓာတ်ကျနေသလိုလို ပုံမျိုးကို လှမ်းမြင်နေရသည်။

"ဒီကောင်ဗျာ"

ဟု ဗိုလ်သိန်းကျော်က ပြောသည်ကို ဗိုလ်ကျော်အေးက လက်ကာပြထားခဲ့၏။ ဗိုလ်သိန်းကျော်မှာ လက်ပစ်ဗုံးကို ပင်ပင်မဖြုတ်ဘဲ ခြောက်လုံးပြူးနှင့်သာ ခရီးသည်များဘက် ချိန်ကြည့်နေသည်။ ဗိုလ်ကျော်သာနှင့် ရေဒီယိုအရာရှိတို့မှာလည်း ဗိုလ်ကျော်အေး မူလထားခဲ့သော နေရာ၌ပင် ငြိမ်ငြိမ်သက်သက် ထိုင်နေကြသည်ကို မြင်နေရသည်။ စောစောက အိမ်သာထဲထည့်ပိတ်ထားခဲ့သော လေယာဉ်အမှုထမ်းကို သတိရသဖြင့် သူ့ဆီ လျှောက်သွားရင်း ဗိုလ်ကျော်အေးက

"ဟဲ့ကောင် ... စောအငြိမ်း၊ မင်းဟာ ဟန်နဲ့ပန်နဲ့နေစမ်းပါကွ။ ခုနေခါ မင်းမသာမျက်နှာနဲ့ ဘယ်လိုဖြစ်နေတာလဲ။ ထစမ်း ...။ တောင့်တောင့်တင်းတင်း နေစမ်းပါ။ ဒီအထဲကလူတွေ မင်းအမေလင်တွေမဟုတ်ဘူး။ မင်းကို သိန်းကျော် ကန်ချလိမ့်မယ်သိလား။ မင်းဘာကောင်လဲ ကိုယ့်ကိုယ်ကို မသိဘူးလား။ ဒါ ဘိုင်စကုတ်လွှမ်းခန်းရိုက်နေတယ် ထင်လို့လား"

ဟု နားနားကပ်ပြီး တီးတိုးကြိမ်းလိုက်တော့မှ မောင်မင်းသားက ဟန်နှင့် ပန်နှင့် မတ်တတ်ထရပ်လာသည်။ သို့ သော် မျက်နှာကမူ ပကတိ အနေအထားနှင့်သာ။ ဒါမှုစရာ မဟုတ်ပါဘူး ဗိုလ်ကြီးဟု ပြောနေသလိုပင်။

ဗိုလ်ကျော်အေးက လေယာဉ်အိမ်သာခန်းကို သွားဖွင့်ကြည့်၏။ အမှုထမ်းကို ထိုင်လျက်သား တွေ့ရသည်။

"ဒီမှာ ... ခင်ဗျား ဒီအတိုင်း ထိုင်နေနော်။ ထမလာနဲ့"

ဟု ပြောပြီး တံခါးကို ဖွင့်ပေးထားခဲ့ကာ ခရီးသည်များရှေ့ လျှောက်လာပြီး ...

"ခင်ဗျားတို့ ဘာမှမကြောက်ကြပါနဲ့။ ကျွန်တော်တို့ဟာ ပြည်သူလူထုပစ္စည်းကို ခိုးဆိုးတိုက်ခိုက်နေတဲ့ ဓားပြမျိုးမဟုတ်ဘူး။ တော်လှန်ရေးသမားတွေပါ။ တော်လှန်ရေးသမားတွေရဲ့ ရန်သူဖြစ်တဲ့ အစိုးရရဲ့ လေယာဉ်ပျံကို တိုက်ခိုက်ယူဖို့ လုပ်တဲ့လုပ်ရပ်ပါ။ ခင်ဗျားတို့အပေါ် မှည့်တစ်ပေါက်မစွန်းစေရပါဘူး။ ခင်ဗျားတို့ကို ဘာမှလည်း မလုပ်ဘူး။ ကျွန်တော်တို့ဟာ နိုင်ငံရေးသမားတွေပါ။ လူထုပစ္စည်းကို အပ်တစ်ချောင်းတောင် မယူပါဘူး။ ဘာမှ မပူကြပါနဲ့။ အခု လေယာဉ်ဆင်းဖို့ နီးလာပါပြီ။ ဘာမှ မကြောက်ကြပါနဲ့"

ဗိုလ်ကျော်အေးက ခရီးသည်များကို အားပေးစကားပြောသည်။ ဗိုလ်သိန်းကျော်အား သတိရှိရန် ထပ်မံမှာထားခဲ့ပြီး လေယာဉ်စက်ခန်းထဲ ပြန်ဝင်လာသည်။

ပိုင်းလော့ နှစ်ယောက်စလုံးမှာ အခြေအနေမပျက် ရှိမြဲရှိနေသည်။ လေယာဉ်ကြီးမှာလည်း သတ်မှတ်

စက်ခန်းထဲက အပြင်ထုတ်ထားခံ့ရသော ရေဒီယိုအရာရှိမှာ နေမကောင်း၍လော၊ လေယာဉ်မူး၍လော မသိ။ သူ့ဘေးတွင် အန်ဖတ်များနှင့် တစ်ချက်တစ်ချက် အော့အန်နေသည်။ ခရီးသည်အချို့လည်း လေယာဉ်မူးနေကြပုံရ၏။ သူတို့လေယာဉ်မူးနေကြသည်ကိုလည်း အပြစ်မဆိုသာ။ ဤမျှ အနိမ့်ကလေး မြေပြင်ကပ်မောင်းလိုက်၊ အပေါ်ပြန်တက်လာလိုက် ဖြစ်နေသော လေယာဉ်တွင် တော်တော်တန်တန် ခရီးသည်များ ဘယ်မမူးဘဲ နေနိုင်ကြမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com

လမ်းအတိုင်း အနောက်ရှုးရှုး ဘင်္ဂလား ပင်လယ်အော်ဘက်သို့ ပျံ့မြဲဆက်ပျံ့နေသည်။

မကြာမီမှာပင် ပင်လယ်ကမ်းစပ်ပေါ် ရောက်လာတော့သည်။ ဒါကိုတာကြီးသည် တဖြည်းဖြည်း ခေါင်းငိုက်ပြီး နိမ့်၍နိမ့်၍ ဆင်းလာနေသည်။ ဆင်းသက်ရမည့် သဲသောင်ကို ပင်လယ်ကမ်းစပ်အတိုင်း ပျံဝဲ၍ ရှာကြရသည်။ ကောင်ဘက်ကို ဦးတည်ကာ ပထမ ရှာဖွေပျံသန်းကြသည်။ အတန်ကြာအောင် ရှာဖွေမောင်း နှင်သော်လည်း ကြိုတင်ချိန်းထားခဲ့သော ရဲဘော်များကို တစ်ယောက်မှမတွေ့ရ။ လေယာဉ်ဆင်းသက်ရမည့် နေရာကို ပိတ်ဖြူနှင့် လမ်းကြောင်းပြ စောင့်နေကြမည်ဟု ဆိုသော်လည်း လူလည်းတစ်ယောက်မှ မတွေ့။ ပိတ်ဖြူစလမ်းကြောင်း ဆိုသည်ကိုလည်း မမြင်ရ။ ထိုအခါ တောင်မှ မြောက်သို့တစ်ဖန် ပြန်မောင်းနိုင်းရပြန်သည်။ ပင်လယ်ကမ်းခြေတစ်လျှောက် အတန်ကြာအောင် ရှာဖွေမောင်းနှင်ပေးသော်လည်း မတွေ့ရပြန်သဖြင့် တစ်ဖန်ပြန်ကွေ့ပြီး တောင်ဘက်ကို မောင်းနိုင်းရပြန်သည်။ အချိန်သာ အတန်ကြာသော်လည်း လူရိပ်လူရောင်နှင့် ဆင်းသက်ရမည့် ပိတ်ဖြူလမ်းကြောင်းပြ သဲသောင်လေယာဉ်ကွင်းကို ရှာမရနိုင်ကြ။

သို့နှင့် ကမ်းရိုးတန်းတစ်လျှောက်ကိုကြည့်လိုက်၊ မြေပုံကိုကြည့်လိုက်နှင့် သုံးလေးခေါက် ရှာဖွေပျံသန်းနေရတုန်း။ ထိုအခါ မြန်မာပိုင်းလော့က

"ခင်ဗျားတို့ဟာ မဟုတ်သေးဘူးဗျ။ ခု ကျုပ်တို့မောင်းနေတာက လေယာဉ်ပျံနော်။ မသေချာတဲ့နေရာကို ဆင်းမိရင် အားလုံးဒုက္ခရောက်ကုန်မယ်။ ခင်ဗျား သေသေချာချာ မှာထားတာ ဟုတ်ရဲ့လားဗျာ ..."

စိတ်ပျက် စိတ်ဓာတ်ကျသံနှင့် မေးလာသည်။

"စိတ်ချပါ။ ဒါ ကလေးကစားဟာမှမဟုတ်တာ။ တွေ့မှာပေါ့။ မကြာခင် တွေ့ပါလိမ့်မယ်။ ကမ်းစပ်အတိုင်းသာ မောင်းရှာပါ"

ဗိုလ်ကျော်အေး ပြောသည့်အတိုင်း ပိုင်းလော့နှစ်ယောက်ကလည်း အခေါက်ခေါက်အခါခါမောင်းရှာသည်။

လေယာဉ်ကြီးမှာ တစ်ခါတစ်ခါ ကမ်းစပ်မှ ခွာထွက်သွားပြီး ပင်လယ်ရေပြင်ကြီးပေါ် နှစ်မိုင်သုံးမိုင်ခန့် ရောက်သွားသည်။ တစ်ခါတစ်ခါမှာလည်း ကုန်းဘက်ရှိ တောတောင်များဆီ ကျော်လွှားသွားသည်လည်း ရှိသည်။ ထိုအခါမျိုးတွင် ဗိုလ်ကျော်အေးမှာ "ဒီကောင်တွေ ရိုးမများ ကျော်ပျံပြီး အကြံညာဏ်ထုတ်နေကြတာလား"ဟု ထင်၍ မျက်နှာကိုတည်ပစ်လိုက်ရသည်။

အမှန်မှာ သူတို့ကိုလည်း ဗိုလ်ကျော်အေးက ယူသေကိုယ်သေ ကြိမ်းမောင်းထားရာ ပိုင်းလော့နှစ်ယောက်မှာလည်း အမှန်တကယ် အသေခံပေါက်ခွဲပစ်မည့်သူများ ဖြစ်သည်ကို သိသဖြင့် ပင်လယ်ကမ်းခြေတစ်လျှောက် ကမ်းရိုးတန်းအတိုင်းသာ မောင်းနှင်နေကြခြင်း ဖြစ်သည်။ ကမ်းရိုးတန်းရှိ ကျေးရွာများ၊ အုန်းတောများပေါ်တွင် နိမ့်ဆင်းစွာ ပျံသန်း၍ လေယာဉ်ဆင်းရမည့်နေရာကို ရှာမောင်းနေရရာ တစ်ချီတစ်ချီတွင် အုန်းပင်ထိပ်ဖျားများ လွတ်ရုံလေးထိ နိမ့်ဆင်းစွာ ပျံဝဲရှာဖွေပေးကြသည်။ ထိုသို့ သူတို့က နိမ့်ဆင်းစွာ ပျံဝဲပေးကြသော ဗိုလ်ကျော်အေးက သူ့လူများရှိမည့် ထင်ရာ အောက်ကို ကြည့်ရလေနှင့် ကြာလျှင် ဗိုလ်ကျော်အေးပင် စိတ်ဓာတ်ကျချင်လာသလို သူ့ရဲဘော်များကိုလည်း ဒေါသထွက်ချင်လာသည်။

ထိုသို့ အချိန်ကြာကြာ ရှာဖွေပျံသန်းနေစဉ် ဗိုလ်ကျော်အေးကလည်း သူ့ရဲဘော်များကို တွေ့လိုတွေ့ငြား၊ မြင်လိုမြင်ငြား အောက်ကိုသာ ခဏခဏ ငုံ့ကြည့်နေရသည်။ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ကျောက်တုံး၊ ကျောက်ဆောင်၊ သဲသောင်ပြင်နှင့် ကမ်းရိုးတန်းတစ်လျှောက် အစီအရီ ပေါက်နေကြသော အုန်းတောကြီးများမှာ ပုံစံအနေအထား၊ အရောင်အသွေးအားဖြင့် ခွဲခြားမရနိုင်အောင် ရှိနေသည်။ ပင်လယ်ထဲက လိမ့်တက်လာသော လှိုင်းလုံးကြီးများက ကမ်းနားရှိ ကျောက်ဆောင်ကျောက်တုံးကြီးများကို ရိုက်ခတ်နေသည်မှာလည်း တဖွေးဖွေးနှင့် စဉ်ထွက်ပြန့်ကြနေသည်။

ဒါကိုတာ လေယာဉ်ကြီးသည် ကားစက်သံ တဟည်းဟည်းနှင့် နိမ့်ချည်မြင့်ချည် ဘယ်ညာတိမ်းစောင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်ကို လူးလာခေါက်ပြန် ဝဲပျံနေသည်။ အမှန်က ဗိုလ်ကျော်အေးသာမဟုတ်၊ ပိုင်းလော့နှစ်ယောက်ကလည်း လေယာဉ်ဆင်းသက်နိုင်မည့် သဲသောင်ကို ကြိုးစားရှာဖွေလျက် ရှိကြသည်။ သို့သော် ယခုထိကား ဗိုလ်ကျော်အေးမှာ သူ့ရဲဘော်များစောင့်နေကြမည့် သဲသောင်နှင့် ပိတ်ဖြူခင်း လမ်းကြောင်းပြ



www.burmeseclassic.com

www.burmeseclassic.com

လေယာဉ်ဆင်းလမ်းကို ယခုထိ ရှာဖွေမရနိုင်ကြသေး။

သည်လိုနှင့် ...တစ်နေရာ အရောက်တွင် ဗိုလ်ကျော်အေးနှင့် ဗိုလ်မောင်မောင်ဝေတို့ လေယာဉ်ခါင်းကွင်းအတွက် သင်္ကေတမှတ်ထားခဲ့ကြသော နေရာနှင့် အတော်တူနေ၏။ ထို့ကြောင့် ထိုနေရာ၏ တောင်ဘက်ရှိ ရွာများထဲက တစ်ရွာသည် ငဆော်ဖူးခွဲရွာ ဖြစ်မည်အထင်နှင့် ဗိုလ်ကျော်အေးက ထိုနေရာ တောင်နှင့် မြောက်ကိုသာ ပျံနိုင်းပြီး ဆင်းလမ်းကို ရှာကြရာ ထိုနေရာ၌ပင် အချိန်တော်တော်ကုန်သွားလေသည်။ သို့သော် ရဲဘော်များကိုလည်း မတွေ့။ ပိတ်ဖြူခင်းလမ်းကြောင်းလည်း ရှာမရ ဖြစ်နေလေရာ ဗိုလ်ကျော်အေးမှာလည်း တဖြည်းဖြည်းနှင့် စိတ်ခတ်ကျလာသလို အောက်က ကြိုစောင့်နေပါမည်ဆိုသော သူ့တပ်က လူများကိုလည်း ဒေါသဖြစ်လာသည်။ သူတို့က အသက်စွန့်ပြီး ဒါကိုတာလေယာဉ်ကြီးကို မောင်းပိုင်စီးပြီး လုယူပြန်ပေးဆွဲလာနိုင်သော်လည်း တစ်ပတ်လောက်ကပင် ကြိုရောက်စောင့်နေကြရမည့် အရေးကြီးကိစ္စကို ပေါ့ပေါ့တန်တန်ထင်ပြီး လုပ်နေကြသည်ဟု စိတ်ထဲပေါက်ကွဲချင်လာသည်။

အမှန်က ဗိုလ်ကျော်အေး ထင်သော ထိုနေရာမှာ ငဆော်ဖူးရွာနှင့် ၁၅ မိုင်၊ မိုင် ၂၀ ခန့်ဝေးသော ''သဇင်ချိုင်''သာ ဖြစ်လေသည်။ သဇင်ချိုင်၏တောင်ဘက်တွင် ငဆော်ဘူးရွာလည်း မရှိပေ။ အပေါ်စီးက ကြည့်ကြရသော ရွာများနှင့် အုန်းတောကြီးတို့မှာ ဆင်တူယိုးမှားသာ ဖြစ်သည်။

''ကဲ ...ဘယ်လိုလဲဗျ။ ခု ဘယ်လိုလုပ်မလဲ။ ခင်ဗျားလူတွေလည်း တစ်ယောက်မှ မတွေ့ပါလား။ ဒီနေ့ ဒီရက်လို့ကော ခင်ဗျား အတိအကျ ချိန်းခဲ့လို့လား''

သည်နေ့၊ သည်ရက်၊ သည်အချိန်ဟူ၍ကား မည်သို့ချိန်းဆို၍ရမည်နည်း။ သူတို့ ဤလေယာဉ် ပြန်ပေးဆွဲလာမည်။ တစ်ပတ်အကြိုစောင့်ဖို့ မှာထားခဲ့ရသည်မှာလည်း အစက ရွှေချိုးဖြူလေယာဉ်အငယ်။ အခု ပြန်ပေးဆွဲလာကြသည်က ဒါကိုတာလေယာဉ်ကြီး။ ထို့ကြောင့် တလွဲတချော်များ ဖြစ်လေသလားဆိုသည်ကိုပင် မဝေခွဲတတ်တော့။ ထိုသို့ဖြစ်နေစဉ် မြန်မာပိုင်းလော့က ...

''ကဲ ...ဘယ့်နှယ်ဟာလဲဗျ။ ခင်ဗျားတို့ လူတွေလည်း တစ်ယောက်မှ မတွေ့ပါလား။ ပိတ်ဖြူပြ လေယာဉ်ဆင်းလမ်းဆိုဟာလည်း မမြင်ရပါလား။ ခင်ဗျားတို့လူဇတွေ လာမစောင့်ဘူးထင်တယ်''

ဟု ထပ်မေးလာပြန်သည်။

''သူတို့ရှိတဲ့နေရာ မရောက်သေးလို့ လေယာဉ်သံ မကြားသေးလို့ ထင်ပါတယ်။ ဒီအတိုင်းပဲ ဒီနေရာတစ်ဝိုက်ကို လှည့်မောင်းကြည့်ပါဦး''

''ဟာ ...ဒီလောက်အကြာကြီးမောင်းနေတာပဲဗျာ။ တကယ်ရှိရင် မကြားဘဲ မမြင်ဘဲ ဘယ်နေမလဲ။ ထွက်လာကြမှာပေါ့။ နေရာကလည်း မြေပုံအတိုင်းသာဆိုရင် ဒီအကွက် ဒီနေရာပဲဗျ''

သူပြောသည်မှာလည်း မှန်နေသဖြင့် ဗိုလ်ကျော်အေးမှာ ဘာမျှပြန်မပြောနိုင်ဘဲ အလိုလို စိတ်တိုဒေါသထွက်နေစဉ် လက်ထောက်လေယာဉ်မှူးက ...

''ကဲ ...ဒီလိုလုပ်မယ်ဗျာ။ ဒီပစ္စည်းတွေကို ခင်ဗျားတို့ ဧရိယာထဲမှာ အကုန်ပစ်ချခဲ့မယ်ဗျာ''

''ကျွန်တော်တို့က ပစ္စည်းလိုချင်တာ မဟုတ်ပါဘူးဆို။ လေယာဉ်ပျံကိုပဲ လိုချင်တာဗျ။ ကဲ ...ခင်ဗျားပြောသလို ပစ္စည်းတွေကို ပစ်ချထားခဲ့ပါပြီတဲ့။ ကျွန်တော်တို့က ဘယ့်နှယ်လုပ် ဒီလေယာဉ်ပေါ်က ဆင်းရမှာလဲ''

''ခင်ဗျားတို့က သံတွဲရောက်ဖူးကြမှာပေါ့။ သံတွဲရောက်တော့ ဆင်းသွားကြလေ။ ခရီးသည်များအနေနဲ့ ဆင်းသွားရင် ရပြီပဲ''

မြန်မာပိုင်းလော့က ခပ်လွယ်လွယ်ပင် ပြောသည်။

''ဩော် ...ခင်ဗျားက ကျွန်တော့်ကို ဘာကောင်မှတ်နေလို့လဲ။ အနုံအအ ထင်လို့လား။ ဘာလဲ ...ခင်ဗျားက ကျုပ်တို့ကို သံတွဲအချုပ်ထဲ ပို့ထားခဲ့မယ်ဆိုတဲ့ သဘောလား။ ဒီမှာကိုယ့်လူ၊ အချုပ်ထဲတော့ ဘယ်နည်းနဲ့မှ ကျုပ်တို့က အရောက်ခံမယ့်ကောင်တွေ မဟုတ်ဘူးဗျ။ ဘာပဲဖြစ်ဖြစ် တစ်နေရာရာမှာ ခင်ဗျား ဆင်းကိုဆင်းပေးရမယ်။ ဒါမှ မဟုတ်ရင်တော့ ခင်ဗျားတို့ရော၊ ကျွန်တော်တို့ပါ အကုန်သေကြရမှာပဲ။ အဲဒါကို ခင်ဗျား အမြဲမှတ်ထား ...ကြားလား''

ဗိုလ်ကျော်အေးမှာ သူ့လူတွေကိုလည်း စိတ်ဆိုးနေသဖြင့် အသံမာမာနှင့် အပြတ်ပြန်ပြောလိုက်ရသည်။

''ဒါဆို ခု ဘယ်နေရာဆင်းရမလဲ ပြောလေ''

www.burmeseclassic.com

မြန်မာပိုင်းလော့ကလည်း စိတ်တိုလာပုံရသည်။ ငမျောက်ငချောက် အကောင်တွေ၊ မိုက်ရူးရဲ ကရင်တွေ၊ အချိန်းအချက်လည်း မသေချာဘဲနှင့် မိုက်ရူးရဲ ထင်ရာလုပ်လာကြသည်ဟု ထင်လာပုံ ရသည်။

"ကျုပ်ပြောပြီးပါပကောလား။ ဒီအတိုင်းသာ မောင်းပြီးရှာဦး ...။ အူကြောင်ကြောင်လုပ်မယ်တော့ မကြနဲ့။ ကျုပ်တို့လူတွေကို မတွေ့ရင်လည်း ခင်ဗျားအလုပ်က တစ်နေရာရာမှာ ဆင်းကိုဆင်းပေးရမယ်။ ဒါပဲ"

ဗိုလ်ကျော်အေးသည် တစ်ကိုယ်သုံး တုန်တုန်ယင်ယင် ဖြစ်လာကာ ဗိုလ်သိန်းကျော်ရှိရာကို ထွက်လာပြီး

"ဗိုလ်သိန်းကျော် တို့အကောင်တွေ တစ်ကောင်မှ မတွေ့ဘူးကွ။ ဘယ်လိုလုပ်ကြမလဲ"

ဟု ကရင်လို အော်ပြောလိုက်သည်။

"ခင်ဗျားတို့ နေရာများ မှားနေသလားဗျာ။ ဒီလူတွေ ဘယ်မစောင့်ဘဲ ဘယ်နေမလဲ"

"နေရာမမှားဘူးကွ ဗိုလ်သိန်းကျော်ရ။ ခုနက ခင်ဗျားမတွေ့ဘူးလား။ ကျောက်ဆောင်တစ်ခုနဲ့ ချိုင့်ကွကြီးဟာလေကွာ။ အဲဒါ တဖင်ချိုင့်လေ။ တဖင်ချိုင့်နဲ့ ဖူးကွဲကဘာဝေးတာမှတ်လို့။ အဲဒီနေရာပဲ ခုခွဲရှာတာ တစ်နာရီလောက် ရှိနေပြီ။ ဒီးတဲ့မှုပဲ"

"မထူးပါဘူးဗျာ ...။ ရှေ့ကိုလျှောက်မောင်းကြည့်နိုင်းပါဦး။ ဒီလူတွေ ဘယ်ရောက်နေကြလဲ။ စောင့်တာ့ စောင့်မှာပါပဲ"

"မင်းတို့သိတဲ့အတိုင်းပဲ ...။ လျှောက်ရှာတာလည်း အခေါက်ခေါက်အခါခါ ရှိနေပြီ။ ကမ်းရိုးတန်းတစ်လျှောက်လည်း နှံ့နေပြီ။ ဒီလိုထင်တယ်ကွ ဗိုလ်သိန်းကျော်။ တို့ကိုလာစောင့်တဲ့လူတွေကလည်း တပ်စုတစ်ခုလောက်ပဲရှိတော့ နေရာကလည်း သိန်းကျော်၊ သောင်းကျော်တို့ ညီအစ်ကို ဧရိယာမဟုတ်လား ...။ ဒီတော့ တို့ကိုလာစောင့်တဲ့ တို့လူတွေနဲ့ ဒီကောင်တွေနဲ့ ချကုန်ကြပြီး တိုက်ပွဲဖြစ်လို့ တို့လူတွေ လစ်ကုန်ကြလို့ ခုရှာမတွေ့တော့တာ ထင်တာပဲကွ"

ဗိုလ်ကျော်အေး၏ ထင်မြင်ချက်စကားကို ကြားသောအခါ ဗိုလ်သိန်းကျော်မှာ ငိုင်သွားသည်။

ခရီးသည်များသည် သူတို့နှစ်ယောက် ကရင်လို ပြောပြောဆိုဆို တိုင်ပင်နေကြသည်ကို ဝိုင်းကြည့်နေကြသည်။ သူတို့ကို အကဲခတ်ရသည်မှာ စောစောကလောက်တော့ မကြောက်ရွံ့နေကြပုံ မရကြ။ ကျောက်ဖြူခရီးသည်လား၊ စစ်တွေခရီးသည်လား မသိသူနှစ်ယောက်ကမူ သတင်းစာပင် ဖတ်နေကြသည်။

စက်ခန်းထဲက အပြင်ထုတ်ထားခံရသော ရေဒီယိုအရာရှိမှာ နေမကောင်း၍လော၊ လေယာဉ်မူး၍လော မသိ။ သူ့ဘေးတွင် အန်ဖတ်များနှင့် တစ်ချက်တစ်ချက် အော့အန်နေသည်။ ခရီးသည်အချို့လည်း လေယာဉ်မူးနေကြပုံရ၏။ သူတို့ လေယာဉ်မူးနေကြသည်ကိုလည်း အပြစ်မဆိုသာ။ ဤမျှ အနိမ့်ကလေး မြေပြင်ကပ်မောင်းလိုက်၊ အပေါ်ပြန်တက်လာလိုက် ဖြစ်နေသော လေယာဉ်တွင် တော်တော်တန်တန် ခရီးသည်များ ဘယ်မမူးဘဲ နေနိုင်ကြမည်နည်း။

သူတို့သာမဟုတ်၊ အမြဲ လေယာဉ်စီးနေကျ ရေဒီယိုအရာရှိ မူးမော်အော့အန်နေသည်ကို မြင်ရသောအခါ အိမ်သာထဲက လေယာဉ်အမှုထမ်းကို သွားကြည့်ရာ သူလည်း မူးနေသည်။ ဗိုလ်ကျော်အေးကို မြင်တော့ အိမ်သာထဲကထွက်၍ အဝတွင် ထိုင်နေပါရစေ ပြောလာ၏။ "ထိုင်နေပါ ရပါတယ်" ပြောပြီး စောအငြိမ်းကို ဗိုလ်ကျော်သာနှင့်အတူ တွဲဖက်၍ ကြည့်ခိုင်းထားကာ ရှေ့ပိုင်းစက်ခန်းထဲ ဝင်လာရပြန်၏။

ဒါကိုတာ လေယာဉ်ကြီးကို ဗိုလ်ကျော်အေးခိုင်းသည့်အတိုင်း မောင်းမြဲမောင်းနေကြရသဖြင့် ပိုင်းလော့နှစ်ယောက်မှာ အတော် စိတ်ပျက်လက်ပျက် ဖြစ်နေကြပုံရသည်။ သူတို့ကိုကြည့်ကာ ဗိုလ်ကျော်အေးမှာ သူတို့ကို ပင် အားနာသလို ဖြစ်လာမိသည်။ ထို့ကြောင့်ထင်၏။ ဗိုလ်ကျော်အေးအား သူတို့၏ အကြည့်မှာ "ဘယ်လိုလဲ၊ ခင်ဗျားမိုက်ရူးရဲ လျှောက်လုပ်တာနဲ့ ခုတော့ အကုန်ဒုက္ခရောက်ကုန်ကြပြီ" ဟု အဓိပ္ပာယ်သက်ရောက်နေသဖြင့် ...

"ကဲ ...နောက်ဆုံးပဲဗျာ။ ဒီတစ်ခေါက်တော့ ကြိုးစားမောင်းပေးကြပါဦး။ ခုတစ်ခေါက် မောင်းရှာလို့မှ မတွေ့ရင် လေယာဉ်ဆင်းလို့ရတဲ့ တစ်နေရာရာ ရှာဆင်းကြတာပေါ့"

ဗိုလ်ကျော်အေး လေသံပျော့သွား၍လား မသိ။ ပိုင်းလော့က ...

"ဟာ ...အရမ်းနေရာတိုင်း ဆင်းလို့ မဖြစ်ဘူးလေဗျာ။ ခင်ဗျားတို့ စီစဉ်ထားတယ်ဆိုတဲ့ နေရာမဟုတ်ဘဲ တွေ့ကရာ ဆင်းလိုက်ရင် အကုန်ဒုက္ခ

www.burmeseclassic.com

ဖြစ်ကုန်ပါ့မယ်ဗျာ။ ခင်ဗျားတို့လူတွေကို သေသေချာချာ ရှာကြည့်ပါဦး၊ ကျွန်တော်တို့ မောင်းပေးပါ့မယ်''

''ဘာမှ မပူပါနဲ့၊ ဒီကမ်းခြေတစ်လျှောက်မှာရှိတဲ့ သောင်ပြင်တွေဟာ ဘယ်နေရာဆင်းဆင်း လေယာဉ်ဆင်းလို့ရနိုင်တဲ့ သောင်ပြင်ချည်းပဲဆိုတာ ကျုပ်သိပါတယ်။ ကဲ . . . တစ်နေရာရာသာ ဆင်းဖို့ ကြိုးစားတော့ဗျာ။ အောက်ရောက်တော့ ကျုပ်ကြည့်စီစဉ်ပေးပါ့မယ်''

အမှန်မှာ လေယာဉ်ပျံသည် ကောင်းကင်၌ အချိန်အတော်ကြာအောင် တဝဲလယ်လယ် ပျံသန်းခဲ့ရပြီ ဖြစ်သဖြင့် ပထမ ဗိုလ်မောင်မောင်ဝေတို့နှင့် စီစဉ်ခဲ့ကြသလို ကရင်ပြည်နယ် ဒေါနတောင်ခြေရင်းက လေယာဉ်ကွင်းကို ရခိုင်ကမ်းရိုးတန်းက ပျံသန်းချိန်ကာလနှင့် ဓာတ်ဆီအခြေအနေကို သိလိုသဖြင့် ဗိုလ်ကျော်အေးက . . .

''ခု ခင်ဗျားတို့ လေယာဉ်မှာ ဆီဘယ်လောက် ရှိသေးလဲ။ ဆီတိုင်းကြည့်စမ်းဗျာ''

ဟု ပြောလိုက်ရသည်။ သူ့တွက်ကိန်းမှာ ဤတစ်ခေါက် ပျံသန်းလျှောက်ရှာ၍ မတွေ့လျှင် ဗိုလ်မောင်မောင်ဝေပြောသော ဒေါနတောင်ခြေရင်းရှိ လေယာဉ်ကွင်းသို့ ပျံမောင်းနိုင်းရန် ဓာတ်ဆီတိုင်းခိုင်းခြင်း ဖြစ်သည်။

လေယာဉ်မှူးကြီးသည် ဓာတ်ဆီတိုင်းသော မီတာခလုတ်ကလေးများကို လှည့်၍ နှစ်ဖက်သော ဓာတ်ဆီတိုင်ကီများကို ဖွင့်ကြည့်ရာ ဓာတ်ဆီဂါလံ ၁၄၀ မျှသာ ရှိတော့ကြောင်း မီတာခွက်၌ မြားပြနေတော့သည်။ ဓာတ်ဆီဂါလံ ၁၄၀ ဆိုလျှင် ဗိုလ်ကျော်အေးတို့ ယခင်လေ့လာထားမှုနှင့် ဗိုလ်မောင်မောင်ဝေ ပြောပြထားသည့်အတိုင်းဆိုလျှင် ရေ့ခရီးကိုအသုံးပြုရန် မလွယ်ကူတော့။ ၎င်းဆီဂါလံ ၁၄၀ မှာ ယခုလက်ရှိအခြေအနေသာ ရှိသေး၏။ ဆင်းကွင်းရှာပြီး အောက်ကို ဆင်းသည့်အချိန်ဆိုလျှင် ဘာမျှကျန်တော့မည်မဟုတ်ဟုခန့်မှန်းရသည်။

သို့နှင့် နောက်ဆုံးအခေါက်၌ ဗိုလ်ကျော်အေးတို့လူကို ရှာဖွေကြသော်လည်း အရိပ်အရောင်မျှကိုပင် မမြင်ကြရ။ ထို့ကြောင့် ဖြစ်သည့်နည်းနှင့် တစ်နေရာရာကို ဆင်းရန်သာ ဆုံးဖြတ်လိုက်ရတော့သည်။

''ကဲ . . . မထူးဘူး။ ဓာတ်ဆီလည်း အတော်နည်းသွားပြီဆိုတော့ ဖြစ်နိုင်တဲ့ တစ်နေရာရာကိုသာ ရှာဆင်းတော့ဗျို့''

ဟု ပြောလိုက်ရတော့သည်။

အင်္ဂလိပ်ပိုင်းလော့ကြီးသည် ဤအချိန်တွင် လုံးဝကတ်ဖဲ့ မပြောတော့ဘဲ ''အိုကေ''ဟုပြောကာ လေယာဉ်ကို ခေါင်းငိုက်ချပြီး ဆင်းရန်နေရာရှာတော့သည်။

အမှန်က ဗိုလ်ကျော်အေးနှင့် ဗိုလ်မောင်မောင်ဝေတို့ သတ်မှတ်ထားခဲ့ကြသော သဲသောင်ပြင် လေယာဉ်ကွင်းကို ယခုထိ ရှာမတွေ့ခြင်းမှာ လေယာဉ်ပိုင်းလော့နှစ်ယောက်သည် သူတို့၌ပါသော မြေပုံအညွှန်းကို ကြည့်မောင်းကြသော်လည်း အပြင်ပန်းကသာ ဂရုမစိုက် ပမာမခန့်ဟု လုပ်နေကြသော်လည်း တကယ်တမ်းကျတော့ မကြုံဖူးသော အဖြစ်အပျက်နှင့် သူတို့လေယာဉ်ကို ပြန်ပေးဆွဲခံလာရသဖြင့် စိတ်သောကကြောင့် ကြုံ ၄၅. ၄၅ နေရာနှင့် ၁၅ မိုင်ကျော် ဝေးကွာနေခြင်း၊ သူတို့မှာ ဤနေရာကို တစ်ကြိမ်တစ်ခါမှ မရောက်ဖူးကြသဖြင့် မခန့်မှန်းတတ်ကြခြင်း၊ ဗိုလ်ကျော်အေးသည် ကျောက်ဆောင်ကြီးနှင့်နီးသော ကြိမ်ချောင်းချိုင်ကို သဖင်ချိုင်ဟု အထင်မှားခဲ့ခြင်း၊ လေယာဉ်ပေါ်က ကြည့်ရာ၌လည်း သူသည် သေသေချာချာ မကြည့်မိဘဲ သူသေသေချာချာ အောက်ကိုကြည့်နေစဉ် သူ့အား ဗလကောင်းသော ပိုင်းလော့ကြီးနှစ်ယောက်က သူ့ကို တစ်ယောက်တစ်ဖက်များ ချုပ်ကိုင်လိုက်ကြပည်လားဟု ကြောက်တစ်စ လန့်တစ်စနှင့် ရှေ့စက်ခန်းကသာ ကြည့်ရသဖြင့် ဆင်တူရိုးမှားရှိနေကြသော ကမ်းရိုးတန်းတစ်လျှောက်က ရွာများနှင့် အုန်းတောများကို အမှတ်မှားခဲ့သဖြင့် ထိုသို့ အလွဲလွဲအချော်ချော် ဖြစ်ခဲ့ရခြင်းပင်။ နောက်မှ သူ့ရဲဘော်များ ပြောပြ၍ သိရသည်မှာ သူ့ရဲဘော်များသည် လေယာဉ်ပျံအသံကို ကြားကတည်းက သဖင်ချိုင်သဲသောင်ပေါ်ဆင်းကာ မှာထားခဲ့သည့်အတိုင်း လေယာဉ်ဆင်းလမ်းကို ပိတ်ဖြူခင်းပြထားသလို လမ်းကြောင်းလည်း လုပ်ပေးထားခဲ့ကြသည်။ သို့သော် လေယာဉ်ကို အသံသာကြားပြီး ရောက်မလာသဖြင့် သူတို့လည်း စိတ်ပူနေကြကြောင်း ပြောပြကြလေသည်။

(ဆက်လက်ဖော်ပြပါမည်)

**စိုးကျော**




www.burmeseclassic.com

www.burmeseclassic.com

# စင်ကာပူ လူဝင်လူထွက်ဥပဒေ တင်းကျပ်လျက်ရှိခြင်း

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)



စင်ကာပူလူဝင်လူထွက် ကြီးကြပ်ရေးဥပဒေမှာ တင်းကျပ်စွာ အတည်ပြုပြဋ္ဌာန်းလျက်ရှိ၏။ စင်ကာပူနိုင်ငံအတွင်းသို့ တရားမဝင် ခိုးဝင်လျှင် ပြစ်မှုထင်ရှား တရားစီရင်ခြင်းခံရပါက ထောင်ဒဏ်(၆)လ အထိနှင့် ကြိမ်ဒဏ်(၃)ချက် ကျခံကြရမည့်အပြင် မော်တော်ကားကို နိုင်ငံပိုင်(ပြည်သူ့ဘဏ္ဍာတော်)အဖြစ်ဖြင့် သိမ်းဆည်းခြင်းခံရမည် ဖြစ်၏။ တစ်ဖန် စင်ကာပူနိုင်ငံမှ ပြည်ပသို့ တရားမဝင် ခိုးထွက်ပါကလည်း ဒဏ်ငွေ စင်ကာပူဒေါ်လာ ၂၀၀၀ အထိနှင့် ထောင်ဒဏ် (၆)လအထိ အသီးသီးကျခံကြရမည်။

ရုပ်ပုံမှာ လွန်ခဲ့သော ၁၃·၈· ၂၀၁၃ ရက်နေ့က စင်ကာပူနိုင်ငံအတွင်းသို့ တရားမဝင် ခိုးဝင်၊ ခိုးသွင်းလာခဲ့သော အသက် ၂၉ နှစ်ရှိ သီရိလင်္ကာနိုင်ငံသူတစ်ဦးသည် ကုန်တင်လော်ရီကား ယာဉ်မောင်းခန်းအနောက်တွင် ပုန်းအောင်းခိုးဝင်လာစဉ် တွေ့ရသည်။ ယခုအခါ ၎င်းခိုးဝင်လာသူ အမျိုးသမီးနှင့် အသက် ၅၄ နှစ်ရှိ မလေးရှားနိုင်ငံသား ယာဉ်မောင်း ဒရိုင်ဘာကိုပါ ဖမ်းဆီးထားပြီး ရုံးတင်ကြားနာစစ်ဆေးရန် စီစဉ်လျက်ရှိသည်။ ယင်းလော်ရီကားမှာ မလေးရှားနိုင်ငံ မှတ်ပုံတင်ကားဖြစ်သည်ဟု သိရှိရသည်။


ကေတီအောင်သိန်း
(ရန်ကုန်တက္ကသိုလ်)

*Ref:- C.S.T. (Singapore), 8.9.2013, Page:(18)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အဖော်ကောင်းရင် ဧရာဝတီလိုက်မယ်

❀ မောင်ရွှေစိန်

ယခင်လမှအဆက်

ဂျာကင်အင်္ကျီ ကြယ်သီးဖွင့်၍ လက်လျှိုသွင်းလိုက်ချိန်တွင် စမ်းသပ်ကိုင်တွယ်ထားသည်မှာ သူ၏ သက်တော်စောင့် ဓားမြှောင်ကလေးဖြစ်သည်။ ယခုတော့ သူ ယူဆောင်လာခဲ့သော ဖိုင်ဆီသို့ ပြောင်းလဲလိုက်ခြင်း ဖြစ်ပေသည်။

သူ၏ဂျာကင်အင်္ကျီအတွင်းမှ ဖိုင်တွဲတစ်တွဲကို မဝေဠုဆိုသော မိန်းမပျို ရှေ့တည့်တည့်ဆီတွင် ချပေးလိုက်ပြီးသည်နှင့် ကောင်း မတ်တပ် ရပ်လိုက်သည်။ ကောင်းဆီသို့ မဝေဠုက ကြည့်လိုက်သည်။ မဝေဠု မျက်နှာတွင် ကောင်းကို အားကိုးအားထားပြုသော အသွင်များ ပေါ်လွင်နေသည်။ ကောင်းအား ခင်မင်ရင်းနှီးလိုသော သဏ္ဌာန်မျိုး ပေါ်လွင်နေသည်။

"ကဲ . . . ခင်ဗျားတို့ လိုအပ်တဲ့ဖိုင် ဟုတ်မဟုတ် ကြည့်ပါဦး"

ကောင်းသည် မဝေဠုထံမှ မျက်လုံးခွာလိုက်ပြီး ပြောလိုက်သည်။ မဝေဠုသည် ကောင်းအား အချိုသာဆုံး အရွှင်ကြည်ဆုံး မျက်နှာကလေးဖြင့် လှမ်းကြည့်ရင်းမှ . . .

"ဒီ ဖိုင်ကို တွေ့လိုက်ထဲက မဝေဠု သိပြီးပါပြီ ရှင်"

အော . . . သူတို့ဖက်က ဤမျှထိ တိုင်အောင်ပင် ကျွမ်းကျင်ပြီးနေပြီကော။ ကောင်း စိတ်ထဲက တွေးလိုက်သည်။ ကောင်းအဖို့ ဘာမှ ထပ်ပြောစရာ မရှိတော့၊ သူ စွန့်စားရသော အလုပ်ကိစ္စအတွက် တန်ရာတန်ကြေးလည်းရပြီ၊ ပြန်ရုံသာ ရှိတော့သည်။

"ကျွန်တော့်ကိစ္စ ပြီးပြီမှတ်လား ကျွန်တော် ပြန်မယ်"

ကောင်းသည် သူ့စကားကို ခပ်ပြတ်ပြတ်ဖြင့် နိဂုံးချုပ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင် . . ."

ကောင်းသည် မဝေဠုထံမှ ထွက်ပေါ်လာသော စကားကို ကြားလိုက်ရသောအခါ သူ၏ အပြင်သို့လှမ်းထားသော ခြေလှမ်းများသည် ရုတ်ချည်းတုံ့ဆိုင်းသွား၏။ မဝေဠုနှင့် ဘီယာသောက်နေသော လူကြီးဆီသို့ဆတ်ကနဲ လှည့်ကြည့်လိုက်၏။

"အလုပ်သဘောအရ လုပ်ကြတာပါ၊ ကျေးဇူးတင်စရာ မလိုပါဘူး။ ကျွန်တော်လဲ သူများကျေးဇူးမျိုး အတင်မခံနိုင်ဘူး။ ကျွန်တော့်ကို ကျေးဇူးတင်ပါတယ်လို့ ပြောတာကိုလဲ ကျွန်တော်မလိုလားဘူး"

သည်တစ်ကြိမ်တော့ ကောင်း မဝေဠုတို့ထံမှ နောက်ထပ် ထက်ပေါ်လာမည့် စကားများကို မစောင့်တော့၊ တရှိန်ထိုးထွက်လာခဲ့သည်။ အခန်း အပြင်သို့ ရောက်သောအခါ မျက်မှန်နှင့်လူကြီး၏ တဟားဟားရယ်သံကိုကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"အင်း…အတော်ကို ဆန်းတဲ့လူတဲ အန်ကယ်"

မဝေဠုထံမှ ထွက်ပေါ်လာသော အသံ။ ကောင်း အားလုံးကို ကျောခိုင်းခဲ့လေပြီ။ ဟိုတယ် အပြင်ဘက်သို့ ရောက်သောအခါ ကောင်း အိမ်ပြန်ရန် ရည်ရွယ်လိုက်သည်။

အိမ်သို့ ပြန်တော့မည်ဆိုတော့မှ အဖေ့ကို သတိရလာသည်။ အဖေ့အတွက် ရိက္ခာလေးတော့ ဝယ်သွားရန် လိုသေးသည်။ ကောင်း အိမ်၌ အဖေ သာမက ညီကြီးလဲရှိမည်။ ဟသ်ာလည်း ရှိမည်။

ညီကြီးရော ဟသ်ာရော နစ်ယောက်စလုံးသည် ဖိုးသမားများဖြစ်သည်။ ပြီးတော့ ညီကြီးနှင့် ဟသ်ာတို့ နစ်ယောက်အတွက် သုံးဘို့စွဲဘို့ ပေးရဦးမည်။

ကောင်းသည် အစိုးရလေးဘီးကားလေးတစ်စီးကို လက်ဖမ်းထားလိုက်သည်။

မီးနီကလေးနှင့် အစိုးရ လေးဘီးကားလေးသည် ကောင်းကို ကျော်လျက် နေရာလွတ်တစ်ခုတွင် သွားရပ်သည်။

"ကျွန်တော့်ကို တာမွေဒိုးစ လိုက်ပို့ပါ"

"တက်လေ"

လေးဘီး မောင်းသမားက သူ၏ကား ရှေ့ခန်းတံခါး ဖွင့်ပေးလိုက်၏။ ကောင်း ဝင်ထိုင်လိုက်သည်။ ပြီးတော့ စီးကရက်နစ်လိပ် ထုတ်ယူလိုက်သည်။ တစ်လိပ်က လေးဘီးသမားအတွက် တစ်လိပ်က သူ့အတွက်။ သူသည် မဝေဠုတို့ထံမှ ယူလာခဲ့သော ဓာတ်ငွေ့မီးခြစ်ကလေးကို ထုတ်ကာ စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ တစ်ဖွာနစ်ဖွာ ဖွာလိုက်သည်။ စီးကရက်မီးစွဲသွားလျှင် လေးဘီးသမားထံသို့ ကမ်းပေးလိုက်၏။ ပြီးတော့ မိမိအတွက် စီးကရက်တစ်လိပ်ကို မီးညှိသောက်နေလိုက်သည်။

"မြခွာညိုမှာ ခဏလောက်ရပ်ပေးပါနော်"

ကောင်းသည် စီးကရက်မီးခိုးများကို ဟူးကနဲ မှုတ်ထုတ်ရင်း လေးဘီးကားဆရာကို ပြောလိုက်၏။

"ရပါတယ် မကြာဘူး မှတ်လား"

"မကြာပါဘူး အရက်ဆင်းဝယ်ပြီး ဆက်သွားမှာပါ"

လေးဘီးကားဆရာက ကောင်းကို ဘာမှ ထပ်မပြောတော့။ ကားကိုသာ ခပ်သုတ်သုတ် မောင်းနှင်နေသည်။

"အခု စံချိန်တွေ ဘာတွေနဲ့ဆိုတော့ ဟန်ကျမှာပေါ့နော်"

"အင်း…ဆုပေး ဒင်္ဂါးပေးစနစ်ဟာ အရင် အာတီဘီစထဲက လုပ်ဘို့ သိပ်ကောင်းတာပေါ့"

"ခုကော ဟန်ရဲ့လား"

"ကိုယ့် အတွက်တော့ ဆီဘိုး ဆန်ဘိုးလေး တစ်ဆယ်၊ ဆယ့်ငါးကျပ်ကျန်အောင်တော့ ကြိုးစားရတာပေါ့ ဆရာလေးရာ"

"အချိန်ကရော ရှစ်နာရီပဲလား"

"ရှစ်နာရီနဲ့ သူတို့သတ်မှတ်တဲ့ ဝင်ငွေ တစ်ရာ့တစ်ဆယ်ပြည့်အောင် ဘယ်ရှာလို့ ရမလဲဗျာ"

"ဒါဖြင့် သတ်မှတ်တဲ့ ငွေရအောင်"

"အချိန်တော့ ဆယ့်တစ်နာရီ နားလည်မှုနဲ့ ခွင့်ပြုထားရတာပေါ့။ ဒါမှလဲ လိုတဲ့ငွေ ရမှာပေါ့"

လေးဘီးသမားနှင့် စကားတပြောပြော လိုက်လာခဲ့ရာ တာမွေအဝိုင်းကြီး အနီးသို့ပင် ရောက်လာခဲ့လေပြီ။ လေးဘီးကားလေးသည် မြခွာညိုအရက်ဆိုင်ဖက်ဆီသို့ ချိုးကွေ့လိုက်သည်။ မြခွာညိုဆိုင်အရောက်တွင် ကောင်းတို့ ကားလေးမှာ တုန့်ကနဲရပ်သွားသည်။

လူရွယ်ကလေး နစ်ယောက် ကောင်းအနီးသို့ ပြေးကပ်ရောက်လာသည်။

"ဘီယာရမယ်အစ်ကို"

"ရမ်ရော"

"ရမ်လဲ ရပါတယ်။ အလုံးလိုက်လားအစ်ကို"

"အေး…အလုံးလိုက် ယူချင်တယ် ဘယ်လောက်လဲ"

"လေးဆယ်ပါ အစ်ကို"

"မင်းတို့ဈေးက မများဘူးလားကွ"

"မများပါဘူးအစ်ကို။ ရမ်က အစစ်ပါ အတုတွေဆိုရင်တော့ ဈေးပေါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ကောင်း ဘာမှမပြောတော့။ သူ့ဂျာကင်အိတ် အတွင်းမှ အစိတ်တန်လေးရွက်ကို ထုတ်ယူလိုက်သည်။

"ကဲ···နှစ်လုံးယူခဲ့"

ကောင်း စကားဆုံးသည်နှင့် လူရွယ်တစ်ယောက်သည် မှောင်ကျကျအတွင်းဖက်သို့ ပြေးဝင်သွားသည်။ တအောင့်ကြာတော့ ရမ်အရက်ပုလင်းနှစ်လုံးကို လက်နှစ်ဖက်တွင် တဖက်တစ်လုံးကိုင်လျက် အပြေးကလေး ပြန်ရောက်လာသည်။

လေးဘီးကားခကို ရှင်းပေးပြီးနောက် ကောင်း အိမ်သို့ ပြန်လာခဲ့သည်။

အိမ်တွင် သူ တွက်ထားသည့်အတိုင်း ညီကြီးရော၊ ဟသ်ာပါ အဖေနှင့်အတူ ထိုင်လျက် သူ့ကို မျှော်နေကြသည်ကိုတွေ့ရသည်။

"သူငယ်ချင်းအတွက် စိတ်ပူနေကြတာ"

ကောင်း···ဖိနပ်ချွတ်တွင် ဖိနပ်ချွတ်နေစဉ် ဟသ်ာက ကောင်းအနီးသို့ရောက်လာရင်း ပြောလိုက်၏။ ကောင်းက ဘာမှပြန်မပြော။ ခပ်ပြုံးပြုံး ကြည့်နေလိုက်သည်။

ညီကြီးက သူ၏မူအတိုင်း ရွှေဘဲဆေးပေါ့လိပ်ကို ဖွာရင်း ပုဏ္ဏကွယ်ကို ကျောမှီထိုင်လျက် ငြိမ်သက်စွာရှိနေသည်။ ကောင်းကို ကြည့်လျက် အဖေသည် သက်ပြင်းတချက်ကို ဟူးကနဲ အသံထွက်အောင်ပင် မှုတ်ထုတ်လိုက်သည်။

"အလုပ်တစ်ခု လုပ်ရတယ်ဆိုတာ ဘယ်လွယ်ပါ့မလဲကွာ"

အဖေသည် ညီကြီးနှင့်ဟသ်ာကိုပါ ကြည့်လျက် သူ့နှုတ်မှ ထွက်လာသည်။

"ဟုတ်တယ်ပေါ့·· အလုပ်တစ်ခုကို မလုပ်ခင်တုန်းကတော့ သိပ်ကိုလုပ်ချင်တာပဲ၊ ဒါပေမဲ့ တကယ်လုပ်ရပြီဆိုတော့လဲ စကားပြောရတာ၊ စွန့်စားရတာတွေနဲ့ဆိုတော့ စိတ်ကိုကုန်သွားတာပဲ"

ဖိနပ်ချွတ်ပြီးသွားသဖြင့် ခေါင်းရင်းဘက်ဆီသို့ လျှောက်လာသော ကောင်းက ညည်းညည်း ညူညူပြောရင်း ခပ်ယဲ့ယဲ့ ထိုင်လိုက်သည်။

"ကဲ···ဟော့ကောင်တွေ လုပ်ကြလေကွာ"

အဖေက ညီကြီးနှင့် ဟသ်ာအား ပုလင်းများကိုပေးလျက် ပြောလိုက်၏။ ဟသ်ာက စားပွဲပေါ်တွင် မှောက်ထားသော ဖန်ခွက်သုံးလုံးနှင့် ကြွေရည်သုတ်မခ်ခွက်ကို ပြေးယူလိုက်၏။ ကောင်းတို့အနီးတွင် ချမေးလိုက်ပြီးနောက် အိမ်ပေါ်မှ ခပ်သုတ်သုတ် ပြေးဆင်းသွားသည်။

ဟသ်ာသည် ကောင်း၏အထာကို သိထားပြီးသူ ဖြစ်သည်။ ယခု ထွက်သွားသည်မှာလည်း ရေခဲနှင့် ဆော်ဒါပုလင်း သွားဝယ်ခြင်း ဖြစ်မည်။

ပြန်လာသောအခါ ဟသ်ာလက်ထဲတွင် ရေခဲတုံး ခပ်ကြီးကြီးတစ်တုံးကို သာမက ဂျိုင်းကြားၣ ဆော်ဒါပုလင်းကြီးနှစ်လုံးကို ညှပ်လျက် တွေ့ရသည်။ ညီကြီးမှာ ဟသ်ာထံမှ ရေခဲကိုလှမ်းယူပြီး ရေဆေးသည်။ ပြီးတော့ တုတ်တချောင်းဖြင့် ရေခဲများကို ရိုက်ခွဲရင်း ရေဖလားထဲသို့ ထည့်ထားပေးလိုက်၏။

"လူလေးက စ,ဖွင့်ကွယ်"

အဖေက ကောင်းကိုကြည့်လျက် ပြောလိုက်၏။

ကောင်းသည် အဖေ့ကိုကြည့်လျက် ခပ်ယဲ့ယဲ့ ပြုံးပြသည်။

ကောင်းက အရက်ပုလင်းဖုံးကို လှည့်ပြီး ဖွင့်လိုက်၏။

အရက်ပုလင်းဖုံး ပွင့်သွားသောအခါ ဖန်ခွက်သုံးလုံးအတွင်းသို့ အရက်များ အချိန်အဆတူတူ လောင်းသွန်ထည့်လိုက်၏။ မခ်ခွက်ထဲသို့လည်း အတူတူပင် ချိန်ဆပြီး ငှဲထည့်ပေးလိုက်၏။

ကျန်သူများအတွက် အရက်နှင့်ရောစပ်ရန် သောက်ရေအိုးစင်မှ ရေကိုဟသ်ာက ခပ်ယူလာသည်။ ညီကြီးက ကောင်း သောက်မည့်ဖန်ခွက်ထဲသို့ ရေခဲတုံးကလေးများကို ကောက်ယူထည့်ပေးနေသည်။

ဆော်ဒါပုလင်းကို တဆက်တည်း ဖွင့်ကာ ကောင်းလက်သို့ ကမ်းပေးလိုက်သည်။ ညီကြီးလှမ်းပေးနေသော ဆော်ဒါ

www.burmeseclassic.com

ပုလင်းကိုလှမ်းယူပြီး အရက်ဖန်ခွက်တွင်းသို့ ငှဲ့ထည့်ပေးလိုက်သည်။

ကောင်းသည် ဖန်ခွက်ကလေးကို ကောက်ယူကိုင်ရင်း ရေခဲနှင့် ဆော်ဒါ အရက်တို့ သမသွားအောင် လှုပ်၍ လှုပ်၍ ပေးနေ၏။ ပြီးတော့မှ သူ၏ နှုတ်ခမ်းတွင်တေ့ကာ အရက်ကိုတဖြေးဖြေး စုပ်ယူသောက်လိုက်၏။

"ငကျည်းကြော်လေး ရှိတယ် လူလေး"

အဖေက စားပွဲပေါ်တွင် ပန်းကန်ပြားတစ်ချပ်ဖြင့် အုပ်ထားသော ခွက်ကလေးတစ်ခွက်ကို ဆွဲယူလိုက်၏။ ကြွပ်နေအောင်ကြော်ထားသော ငကျည်းကြော်တစ်ကောင်ကို ဆွဲယူကာ ကောင်းဝါးလိုက်သည်။ ပြီးတော့ သူ့ဂျာကင်အင်္ကျီအတွင်းသို့ လက်နှိုက်ကာ ငွေများကို ထုတ်ယူပြီး ကြမ်းပြင်ပေါ်သို့ ပစ်ချပေးလိုက်၏။

ဂျာကင်အင်္ကျီအိတ်အတွင်းမှ ဒူးယားစီးကရက်ဗူးကို ထုတ်ယူကာ စီးကရက်တစ်လိပ် ဗူးထဲမှ နှိုက်ယူလိုက်၏။ ညီကြီးက သူ့ရှေ့ဘဲ ဓနိဆေးပေါ့လိပ်မီးကို လှမ်းပေးလာသည်။

ကောင်းက ညီကြီးကို ပြုံးပြသည်။ ပြီးတော့ ဓာတ်ငွေ့ မီးခြစ်ကလေးကို သွက်လက်စွာ ထုတ်ယူပြီး မီးညှိလိုက်သည်။ စီးကရက်ကို အားပါးတရ ရှိုက်ဖွာရင်း မီးခိုးငွေ့များကို ဟူးကနဲ မှုတ်ထုတ်ပစ်လိုက်သည်။

"ကဲ...မင်းတို့အတွက် ဝေစုကို ခွဲယူကြ"

ကောင်းက ညီကြီးနှင့်ဟသ်ာကို ကြည့်လျက် ပြောလိုက်သည်။

ကောင်းကို ညီကြီးရော ဟသ်ာပါ နှစ်ယောက်စလုံး လှမ်းကြည့်လိုက်ကြသည်။ ပြီးတော့မှ ဟသ်ာက စတင်၍ ငွေစက္ကူများကို လှမ်းယူလိုက်သည်။ သူ့အတွက် အစိတ်တန် လေးရွက်ကို ရေတွက်ပြီးယူကာ သူ၏ ရှပ်အင်္ကျီအိတ်ထဲသို့ ခေါက်ထည့်လိုက်၏။ ဟသ်ာနည်းတူ ညီကြီးကလည်း သူ့ဝေစုကို ယူသည်။ ကောင်းသည် ငွေတစ်ရာကို အဖေ့အား လှမ်းပေးလိုက်၏။ ကျန်သော ငွေများကို သူ၏ ဂျာကင်အင်္ကျီအတွင်းအိတ်ထဲသို့ ထည့်လိုက်သည်။

ပြီးတော့ ရေခဲကြောင့် အတော်အေးနေပြီဖြစ်သော အရက်ဖန်ခွက်ကို ကောက်ယူပြီး တချက်တည်း သူ့နှုတ်ခမ်းတွင်တေ့လျက် မော့သောက်ပစ်လိုက်သည်။

သူ့အာရုံထဲတွင် တစ်ခုဘဲရှိနေသည်။ ထိုတစ်ခုသည် မဝေဠု။

* * *

(၃)

မဝေဠု၏ အတွေး၌ ကောင်း၏ လှုပ်ရှားမှုများသည် ရုပ်ရှင်ဇာတ်ကားတစ်ကားကို ပြန်တွေးကြည့်မိသလိုပင် ထင်ရှားပေါ်လွင်လာသည်။

မဝေဠုသည် ကောင်းကို မြင်မြင်ချင်း စိတ်ဝင်စားမှု ဖြစ်မိသည်။ ကောင်း၏ရုပ်ရည်၊ ကောင်း၏ တည်ကြည်သော မျက်နှာတို့က မဝေဠု စိတ်ဝင်စားတတ်သော အရည်အချင်းမျိုးထဲတွင် ပါနေသည်။ ဒါပေမဲ့ ကောင်း၌ တစ်ခုပိုနေသည်။ ယင်းတစ်ခုကား မာနကြီးလွန်းခြင်းပင်။

ဒါတစ်ခုကိုတော့ မဝေဠုသဘောနှင့် နည်းနည်းမတွေ့။

သို့သော် မဝေဠု ပြန်၍ စိတ်ကို လျှော့လိုက်ပါသည်။

"အို...သူက အလုပ်သဘောအရ ဆက်ဆံတာဘဲ။ သူ့တာဝန်အရ သူ ဆောင်ရွက်ပေးတာကိုတော့ ကျေးဇူးတင်ရမှာဘဲ။ ဒါပေမဲ့ ကျေးဇူးတင်ခံတဲ့ သူမဟုတ်တော့ ခက်နေပြန်တာပေါ့။ လူကတော့ လူကောင်းတစ်ယောက်ပါဘဲ။ အပြောက ပြတ်လွန်းလို့ပါ"

မဝေဠုတစ်ယောက်ထဲ ကောင်းအကြောင်းကို ရေရေရာရာမဟုတ် တွေးနေမိသည်။

"စိတ်များ ဝင်စားနေပြီးလား မဝေဠုရယ်"

မဝေဠုရဲ့ မသိစိတ် တစ်ခုက မဝေဠုကို မေးခွန်း ထုတ်လာသည်။

"သိဘူးလေ..."

မဝေဠု နှုတ်ဖျားက အသံထွက်လာ၏။

"မဝေဠုတစ်ယောက်ထဲ ဘာတွေများပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"အော်···အန်ကယ်ပါလား ဘာမှ မဟုတ်ပါဘူး အန်ကယ်၊ မဝေဠုတို့ လုပ်ရပ်တွေကို ဘယ်သူကများအနှောင့်အယှက်ပေးမလဲလို့ တွေးနေမိတာပါ"

"သိပ်များ စိုးရိမ်နေသလား မဝေဠု။ ဒီအတွက်တော့ ဘာမှမပူပါနဲ့ကွယ်၊ အန်ကယ့်တာဝန် ထားစမ်းပါ။ အန်ကယ်ရဲ့ လက်ညှိုးကလေးက သေနတ်မောင်းကွင်းကလေးထဲကို ထည့်ပြီးရင် ညှပ်ဆွဲလိုက်ရမှ၊ အဲသလိုမှ မဟုတ်ရင် အန်ကယ် သေနတ်ကို ထုတ်မချိန်ဘူး။ ခုလဲ မဝေဠု ကိစ္စအတွက် အန်ကယ် အစစအရာရာ တာဝန်ယူပါတယ်ကွယ် ပူမနေပါနဲ့"

"ဒါတွေကြောင့် မဝေဠု အန်ကယ့်ကို အားကိုးနေတာပေါ့ အန်ကယ်"

မဝေဠုအသံက ခပ်ညုညု ဖြစ်သည်။ အန်ကယ်ဆိုသော လူကြီးသည် မဝေဠုစကားကို ကြားသောအခါ သူ၏ အဆီပြန်နေသော မျက်နှာကြီးကို လက်ကိုင်ပုဝါဖြင့် အသာအယာပွတ်သပ်ရင်း မဝေဠုအနီးတွင်ရှိသော ကုလားထိုင် အလွတ်တစ်လုံးတွင် လာရောက်ထိုင်လိုက်သည်။

"အန်ကယ့်ကို ကတိပေးထားတာကိုတော့ မဝေဠု ကျေးဇူးသိတတ်ပါတယ်။

မဝေဠုက မျက်လုံးကလေး စွေကြည့်ရင်း ပြောလိုက်၏။

အန်ကယ်ဆိုသူကြီးမှာ ထိုစကားကြားရသောအခါ ပြုံးဖြီးဖြီးဖြစ်သွား၏။

ထိုအချိန်မှာပင် ဧည့်ခန်းတစ်နေရာဆီတွင်ရှိသော တယ်လီဖုန်းခေါင်းလောင်းသံကလေး အသံတစ်သံမှာ ဆွဲဆွဲငင်ငင် ပေါ်ထွက်လာသည်။ မဝေဠုသည် တယ်လီဖုန်းနှင့် မလှမ်းမကမ်းတွင် ရှိနေသောကြောင့် တယ်လီဖုန်းကို ကောက်ယူလိုက်လေသည်။

"အမိန့်ရှိပါရှင် . . ."

". . . . . . . . ."

"အော်···ဟုတ်ကဲ့···၊ ခဏကိုင်ထားပါရှင်"

မဝေဠုသည် ထိုမျှသာပြောပြီးနောက် တယ်လီဖုန်းစကားပြောခွက်ကလေးကို သူ၏လက်ဖြင့် အုပ်လိုက်သည်။

"အန်ကယ် . . . တယ်လီဖုန်း"

"ကောင်းပြီ . . . မဝေဠု"

မဝေဠုဆီမှ တယ်လီဖုန်းခွက်ကို အန်ကယ်ဆိုသူက လှမ်းယူလိုက်သည်။ သူ၏ နားတွင် တယ်လီဖုန်းကိုကပ်လျက် ပြောလိုက်၏။

"ဟုတ်ပါတယ် . . . ကိုယ်ပါ"

". . . . . . . . . . . ."

"ဟုတ်ပါတယ်၊ ကျွန်တော် သိုက်ထွန်းပါ"

". . . . . . . . . . . ."

"ခင်ဗျား ဘယ်သူလဲ···၊ ခင်ဗျား ပြောတာ ကျုပ် ဘာမှမသိဘူး"

ဦးသိုက်ထွန်းမှာ ဣန္ဒြေမဆောင်နိုင်လောက်အောင်ပင် စိတ်ဆိုးသော အသွင်က ပေါ်သွားသည်။ ပြီးတော့ သူ့အသံမှာလည်း အတိုင်းအဆ မရှိလောက်အောင် ကျယ်ကျယ်လောင်လောင် ထွက်ပေါ်သွားလေသည်။

မဝေဠုသည် ဦးသိုက်ထွန်း၏ အသံကို ကြားလိုက်ရသောအခါတွင် ဦးသိုက်ထွန်းကို တချက်မျှ လှမ်းကြည့်လိုက်သည်။ ထိုအချိန်တွင် ဦးသိုက်ထွန်းသည် မဝေဠုကို သတိရပြီး ဣန္ဒြေပြန်ဆည်လိုက်ပြန်သည်။ သို့ပေမင့် မဝေဠုသည် ဦးသိုက်ထွန်း တစ်စုံတစ်ယောက်အား ဒေါသဖြစ်နေသည်ကို တွေးမိသည်။

တဖက်မှ စကားပြောသူ၏ အသံကိုတော့ မဝေဠု ကြားလိုက်ရ၏။ အသံက ခပ်ဩဩ၊ ခပ်မာမာ။ ပြီးတော့ ဦးသိုက်ထွန်းအား တစ်စုံတစ်ရာ မကျေမနပ်ဖြစ်နေသူ တစ်ဦးဖြစ်လိမ့်မည်။ ဒါကို မဝေဠု တွက်မိ၏။

"ဒီမှာ ခင်ဗျားပြောတာတွေ ကျုပ်မသိဘူးလို့ပြောပြီးပြီ။ သိုက်ထွန်းကို ဒီလို မစမ်းနဲ့"

". . . . . . . . . . . ."

"မသိဘူး"

". . . . . . . . . . . ."

"ကောင်းပြီလေ၊ ကျုပ်ကလဲ ရှင်းရှင်းသမားဘဲ၊ ကျုပ်ကလဲ ဖြေရှင်းလိုက်မှ ပြဿနာတစ်ခုကိုငြိမ်းသွားမယ်ဆိုရင် ကြိုက်တာနဲ့ ဖြေရှင်းဖို့ ခန့်မလေးဘူး"



www.burmeseclassic.com

www.burmeseclassic.com

ပြောပြောဆိုဆို ဦးသိုက်ထွန်းသည် တယ်လီဖုန်းခွက်ကို ပခက်ကလေးပေါ်သို့ ပြန်တင်လိုက်သည်။ ပြီးတော့မှ စီးကရက်တစ်လိပ်ကို မီးညှိဖွာလိုက်ရင်း မဝေငြူနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဣန္ဒြေရရှိစွာ ပြန်ထိုင်လိုက်သည်။

"ဘယ်ကလဲ . . . အန်ကယ်၊ ဘယ်သူလဲ"

မဝေငြူမှာ စကားပြောရင်း မေးခွန်းနှစ်မျိုးကို ပြိုင်တူ ထုတ်လိုက်၏။

"ငကျောက်ပါ"

"ဘယ်က ငကျောက်လဲအန်ကယ်"

"ဓားငကျောက်ဆိုတာပေါ့။ အန်ကယ်တို့ရဲ့ အလုပ်တစ်ခုကို သူ သိတယ်တဲ့။ သူ့ကို အလုပ်ထဲမှာ ထည့်သုံးမလား၊ ဒါမှမဟုတ် ရတဲ့ ထဲက ဝေစုပေးမလားတဲ့"

ဦးသိုက်ထွန်းသည် သူ့စကားကို ရပ်ထားလိုက်ပြီး စီးကရက်ကို သောက်လိုက်ပြန်၏။

"ပြီးတော့ သူပြောတာတွေကို မကျေနပ်ဖူးဆိုရင်တော့ မဟုတ်ရင် မဟုတ်ဖူး၊ ဟုတ်ရင် ဟုတ်တယ်၊ သူ့ကို ဘာကြောင့် မသုံးနိုင်ဘူး၊ ဝေစု မပေးနိုင်ဘူးကို ရှင်းရှင်းလင်းလင်း ပြောပါတဲ့"

"အန်ကယ့်မှာ . . . ဘာတွေများ သူသိအောင် လုပ်တဲ့အလုပ် ရှိလို့တုန်း"

"အန်ကယ် ဘာမှ ခုတလော အတွင်းတော့ အလုပ် မလုပ်သေးပါဘူး။ အဲ . . . နေဦး။ သူပြောချင်တာ မဝေငြူရဲ့ ကိစ္စများလား"

ဦးသိုက်ထွန်း၏ စကားကို ကြားလိုက်ရသောအခါတွင် မဝေငြူသည် မိမိ မတွေ့ဘူးသော ဓားငကျောက်၏ အသွင်အပြင်ကိုလည်းကောင်း၊ ကောင်း၏ အသွင်အပြင်ကိုလည်းကောင်း စိတ်ကူး အာရုံထဲတွင် ပေါ်လာလေသည်။

"ဒါဖြင့် ဟိုလူ့ဆီကတဆင့် ကြားတာဖြစ်မှာပေါ့"

"အန်ကယ်လဲ ဒါဘဲတွေးမိတာဘဲ"

"ဒါဖြင့် သူ့ကို တွေ့အောင်ရှာဘို့ လိုတာပေါ့၊ ခု ဓားငကျောက် သိသွားပြီ၊ နောက် ဘယ်သူတွေ သိအုံးမလဲ မဆိုနိုင်ဘူး။ လူကြည့်ရတာတော့ ခပ်အေးအေးဘဲ၊ ခုလို ရှုတာတော့ မဝေငြူ မကြိုက်ဘူး။ သူအလုပ်လုပ်ပေးလို့ သူ တောင်းတဲ့ တန်ရာ တန်ကြေးလဲ ပေးပြီး ပြီဘဲ"

မဝေငြူသည် အံကလေးခဲလိုက်ပြီး သူ့ စိတ်ထဲတွင် ပေါ်လာသမျှသော စကားတွေကို ပြောနေမိ၏။

"တွေ့အောင်ရှာစရာ မလိုပါဘူး ကွယ် အန်ကယ်သိပါတယ်"

"ကဲ . . . အန်ကယ် အန်ကယ် သိတယ်ဆိုရင် ခုဘဲ သူ့ကို မဝေငြူ တွေ့ချင်တယ် . . ."

"တွေ့ရမှာပေါ့ မဝေငြူ . . ."

ဦးသိုက်ထွန်းသည် ပြုံးပြုံးကလေးဖြင့် ပြန်ပြောလိုက်သည်။ ပြီးတော့ စီးကရက်ကို မှိန်း၍ ဖွာနေပြန်သည်။ ခဏအကြာတွင် ခြံအတွင်းသို့ ဂျစ်ကား တစ်စီးဝင်လာသည်။

"ဟော . . . စိတ္တတို့ လာကြပြီ . ."

ဦးသိုက်ထွန်းက "စိတ္တတို့ လာကြပြီ" ဆိုသည်နှင့် မရှေးမနှောင်းခင်မှာပင် ဧည့်ခန်းထဲသို့ လူတစ်ယောက် ရောက်လာသည်။ မဝေငြူသည် ဝင်လာသူကို ကြည့်လျက် အကဲခတ်လိုက်သည်။

အရပ်မြင့်မြင့်၊ မေးရိုးကားကား၊ မျက်လုံးစူးစူးနှင့် ဆံပင်ကို သေသေသတ်သတ် ဖီးထားသူတစ်ဦး။ သူ့အဝတ်အစားများက ခန့်ခန့်ထည်ထည် ရှိလှသည်။

"ထိုင်ဟေ့ စိတ္တ . . ."

ဦးသိုက်ထွန်းက ပြောပြောဆိုဆိုနှင့် သူ့အိတ်ထဲမှ "ဝစ္စတန်အစီခံစီးကရက်" ဗူးကို ထုတ်ပေးလိုက်သည်။ စိတ္တသည် ဧည့်ခန်းတွင်းသို့ ဝင်လာလာချင်း မဝေငြူ၏ မျက်နှာပြင်နှင့် ကိုယ်လုံးကိုယ်ထည်များဆီသို့ မျက်လုံးရောက်သွားသည်။ ဒါကို မဝေငြူ ကိုယ်တိုင်လည်း သိလိုက်သည်။ သို့သော် မဝေငြူသည် မသိဟန်ဆောင်ပြီး နေမြဲတိုင်း နေလိုက်သည်။ စိတ္တလို လူစားမျိုးကို ဘယ်လိုကိုင်တွယ် ဖမ်းစားရမည်ကို တခဏအတွင်း မဝေငြူ သိလိုက်ပြီ။

"စိတ္တရေ . . . ဆရာကြီး ပြောတဲ့ မဝေငြူဆိုတာ"

ဦးသိုက်ထွန်းက စိတ္တ စီးကရက် တစ်လိပ် ထုတ်ယူပြီး မီးညှိနေစဉ်မှာပင် မဝေငြူနှင့် စိတ္တအား လှမ်း၍မိတ်ဆက် ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

စိတ္တက မဝေဠုကို စောစောက အကြည့်မျိုးထက် ရဲတင်းသော အကြည့်မျိုးနှင့် ကြည့်ရင်း ပြုံးပြလိုက်သည်။ ပြီးမှ . . .

"ကျွန်တော် နာမည် ကြားဖူးနေတာတော့ ကြာလှပါပြီ။ လူချင်းတော့ ခုမှဘဲ ဆုံကြတော့တယ်"

စိတ္တစကားက မဝေဠုကို အရောတဝင် ဆက်ဆံချင်ပုံရသည်။ သည်အနုံ့မျိုးချိုးလာလျှင်တော့ သိပ်ပြီး မူမမှန်တော့ကြောင်း မဝေဠု နားလည်သဘောပေါက်မိသည်။ ဒါကြောင့်ပင် စောစောကထက် မျက်နှာကို တည်ပစ်လိုက်သည်။ စိတ္တစကားကို ဖြူသည် မဲသည် တစ်လုံးမှ ပြန်မပြောဘဲ ငြိမ်ငြိမ်သက်သက် ထိုင်နေလိုက်သည်။ ဤသို့ မဝေဠုဘက်က မတုံ့ပြန်သည့် အမူအရာမျိုးကို တွေ့ရသောအခါ စိတ္တသည် မဝေဠုအား အကဲခတ်နေပြန်သည်။

"စိတ္တရေ ရောက်မဆိုက်ဘဲ ငါ့တပည့်ကြီးကို တာဝန်တစ်ခု ပေးရလိမ့်မယ်"

ဦးသိုက်ထွန်းသည် အခြေအနေကို တွေးမိသူပီပီ ခပ်လောလောကလေး ဝင်၍ ထိန်းသိမ်းလိုက်သည်။ ထိုအခါကျမှ စိတ္တ၏ မျက်နှာသည် ဦးသိုက်ထွန်းထံသို့ လှည့်လာတော့သည်။

"ပြောပါ ဆရာကြီး ကျွန်တော် ဆောင်ရွက်ဖို့အသင့်ပါဘဲ"

"အေးပါကွာ ဆရာကြီးကလဲ ဒီကိစ္စမျိုးမှာ ငါ့တပည့်ကြီးကလွဲလို့ တခြားသူ ဘယ်သူ့ကိုမှ တာဝန်ပေးလို့ မရဘူးဆိုတာ တွေးပြီးသားပါ ဒီလိုကွဲ့ . . ."

ဦးသိုက်ထွန်းသည် သူ့စကားကို ရှေ့ဆက် မပြောသေးဘဲ စီးကရက်ကို ဖွာရှိုက်နေပြန်သည်။ စိတ္တမှာ သူ၏ ဆရာကြီးထံမှ ဆက်လက် ထွက်ပေါ်လာမည့် စကားသံကို မျှော်လင့်နေသည်။

"ဒို့ . . . အလုပ်တစ်ခု လုပ်တာကို တခြားတစ်ယောက်ယောက်က သိနေတယ်"

"သူက မြွေပွေးလား မြွေဟောက်လား ဆရာကြီး"

"ဆရာကြီး အမြင်တော့ မြွေဟောက်ပဲ ငါ့တပည့်"

ဦးသိုက်ထွန်းထံမှ မိမိချင်သော မေးခွန်း တစ်စုံတစ်ခုကို ဖြေကြားသွားသောကြောင့် စိတ္တသည် မိမိ၏ ဆရာကြီးနှင့် အသက်အိုးအိမ် စည်းစိမ်ကို စိတ်တိုင်းကျ ကျေနပ်အောင် ဆောင်ရွက်ပေးရန်အတွက် အတွေးဖြန့်ပြီးသားပင်။ မြွေဟောက်ဆိုတော့ မိမိက တတ်ကျွမ်းရမည်။ ပါးနပ် လိမ္မာရမည်။ မြွေပွေးဆိုလျှင်တော့ မထောင်းသာလှ။ သူ့ကိုအိမ် တုံ့ပြန်တတ်သည့် သဘောဆောင်သည်။ မြွေဟောက်ကယင်ကောင် ပျံသည်ကိုပင် အလွတ်ပေးတတ်သည် မဟုတ်။

"အကောင်က ထွားသလား . . ."

"မထွားလှပါဘူးကွာ အကောင်းလေးပါ"

"သိပ်ပူမနေပါနဲ့ ဆရာကြီး၊ မကြာခင် မြွေဆိပ်ထုတ်ပြီး အလမ္မာယ်ပြလို့ရအောင် ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်"

စိတ္တ၏စကားကို ကြားသောအခါ ဦးသိုက်ထွန်းမှာ မိမိတစ်ယောက်တည်း သဘောကျစွာ ရယ်လိုက်သည်။ မဝေဠုသည် ဦးသိုက်ထွန်းတို့ ဆရာတပည့်နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် အတိုင်အဖောက်ညီညီနှင့် ပြောဆိုနေကြသော စကားများကို ကြားလိုက်ရသောအခါ သူ၏ဝမ်းထဲက မဖုံးဖိနိုင်သော အတွေးများကြောင့် ခပ်ပြုံးပြုံးလေး ပြုံးလိုက်မိသည်။

"ကဲ . . . မဝေဠု အနက်ကယ် မပြောဘူးလားကွဲ့။ မကြာစေရပါဘူး"

"ကိစ္စပြီးအောင်တော့ မဝေဠုကြည့်ပါရစေအုံး အနက်ကယ်"

မဝေဠုစကားသည် ဦးသိုက်ထွန်း အတွက် မည်သို့မျှ မထူးခြားလှသော်လည်း မိုးတလုံး လေတလုံး ဟိတ်တလုံး ဟန်တလုံးနှင့် စကားလုံးတွေ တသီကြီးကြီးနှင့်သီသလို ပြောထားသော စိတ္တအဖို့မူ အခံရခက်သွားတော့သည်။

"ပွဲပြီးတဲ့အထိလဲ စောင့်ကြည့်ပါလေ။ ပွဲပြီးလို့ သရေပွဲမဟုတ်ဖူး ဆိုရင်တော့ အရည်အချင်းကို အကဲခတ်မိလိမ့်မယ်ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေါ့ရှင်...ပွဲပြီးလို့ အဖြေပေါ်တော့မှ အရည်အချင်းဆိုတာ ပေါ်တတ်တာဘဲ မှတ်လား"

မဝေဠု စကားက စိတ္တ၏ နံကြားကို လက်ညှိုးလေးနှင့် ခပ်ပြင်းပြင်း အတောက်ခံလိုက်ရသလို စိတ္တအဖို့ အခံရခက်နေဘိသည်။ သို့သော် စိတ္တဘာမှ ထပ်မပြောချေ။ စီးကရက်ကိုသာ ဖွာနေသည်။

"မြေပေါက်ကို ဘယ်တော့ ဖမ်းရမှာလဲ ဆရာကြီး"

"မကြာစေချင်ဘူးကွာ ခု ပြောတဲ့ အချိန်ကစပြီး အလုပ်စ,ပြီ ဆိုပါတော့"

ဦးသိုက်ထွန်း စကားကြောင့် စိတ္တသည် ခေါင်းကို တဆတ်ဆတ် ညိတ်နေ၏။ ကြာမှ...

"ကဲ...ဆရာကြီး ကျွန်တော်ပြန်မယ်။ ဒီက ကျွန်တော် ပြန်ပါအုံးမယ်"

စိတ္တ ထွက်သွားသောအခါ မဝေဠုသည် ဦးသိုက်ထွန်းကို ကြည့်လျက် ပြုံးပြလိုက်သည်။

"အန်ကယ့်တပည့်က စကားပြောဘယ်ဆိုးလို့လဲ"

"ပြောရုံသက်သက်တော့ မဟုတ်ဘူး မဝေဠုရဲ့. ဒီကောင်က လက်လဲဖြောင့်တယ်၊ လက်သံလဲပြောင်တယ်၊ လက်လဲ သွက်တယ်။ ပြီးတော့ ရက်ရက်စက်စက် လဲလုပ်ရဲတယ်။ ဒါပေမဲ့ သူ့အတွက် တော့ သူ ဘေးလွတ်အောင် ရှောင်တတ်တယ်၊ ခြေစလက်စသိမ်းတော့ အတော့်ကို တော်တယ်"

ဦးသိုက်ထွန်းသည် သူ၏တပည့် ကျော် စိတ္တအား ချီးမွမ်းခန်း ဖွင့်နေပြန်သည်။ မဝေဠုသည် ဦးသိုက်ထွန်း၏ ပြောစကားများကို နားထောင်နေသည်။ အကယ်၍သာ မိမိတို့ သတင်းများကို "ကောင်း" မပြောခဲ့သည်ရှိသော် ကြားထဲက ကောင်း ဓားစာခံဖြစ်ရပေတော့မည်။

ကောင်းနှင့် စိတ္တတို့ ယှဉ်ပြိုင်သည့် အခါတွင် ကောင်း မခံရပါစေနှင့်ဟုသာ တိတ်တခိုး ဆုတောင်းနေမိသည်။ မဝေဠု၏ စိတ်ထဲတွင် ကောင်း၏ ရုပ်ပုံလွှာသည် ထင်ဟပ် စွဲကပ်နေလေပြီ။

"မဝေဠု အပြင်ကို ခဏသွားချင်တယ် အန်ကယ်"

"မဝေဠု တစ်ယောက်ထဲ သွားမှာလား။ အန်ကယ် လိုက်ရမလား"

"မဝေဠုတစ်ယောက်ထဲ သွားမှာပါ။ အန်ကယ့်ကားတွေထဲက တစ်စီးလောက် မဝေဠုကို ခဏပေးလိုက်ပါ။"

"မဝေဠု ကြိုက်တဲ့ကား ယူသွားလေ...လေးဘီးလဲ ရှိတယ်။ ချယ်ရီလဲ ရှိတယ်"

"လေးဘီးဘဲ ယူသွားပါ့မယ်လေ"

မဝေဠုသည် ပြောပြောဆိုဆို ထိုင်ရာမှ မတ်တပ်ရပ်လိုက်သည်။ မဝေဠုထံသို့ ဦးသိုက်ထွန်းက ကားသော့တွဲ တစ်တွဲကို ကမ်းပေးလာ၏။

"ညစာ...အိမ်မှာဘဲ ပြန်စားနော်"

"စားပါ့မယ်...အန်ကယ်"

မဝေဠုသည် ကားသော့ကို ကောက်ယူကာ သော့ကွင်းလေးထဲသို့ လက်ညှိုးကလေး ထည့်ကာ သော့တွဲကလေးကို လှည့်၍လှည့်၍ လှုပ်ရှားရင်း ဦးသိုက်ထွန်းအနီးမှ ထွက်လာခဲ့မိသည်။

ကားစက်ကို နှိုး၍ မောင်းထွက်လာခဲ့၏။

သို့သော်...မဝေဠုဘယ်ကို သွားရမှန်းမသိ။

နောက်မှ စိတ်ကူးရှိသည့်အတိုင်း ရန်ကုန်ဆိပ်ကမ်းဖက်သို့ မောင်းလာခဲ့၏။

အလုပ်တစ်ခုကို လုပ်တော့မည်ဟု စိတ်ကူးပြီးတိုင်း လောလောဆယ်ဆယ် ဆုံးဖြတ်ချက် 'မချတတ်သေးသည်မှာ မဝေဠု၏ အကျင့်ကောင်း တစ်ခုပင်။ ကျကျနန စိတ်ကူးသည်။ တိတိကျကျ လေ့လာသည်။ ပီပီပြင်ပြင် မြင်သည်။ နိုင်နိုင်မာမာ ဆုံးဖြတ်တတ်သည်။

မဝေဠုသည် ရန်ကုန်ဆိပ်ကမ်းသို့ အရောက်တွင် ဒလဖက်ဆီသို့ ကူးနေကြသော ပန်းဆိုးတန်းတံတားနားတွင် ကားစက်သတ်ပြီး ရပ်ပစ်လိုက်သည်။

ကားတံခါးကို ဖွင့်လိုက်၏။ သူ၏ ဆလင်းဗက်အိတ်ကလေးကို ဆွဲယူကာ အောက်သို့ ဆင်းလိုက်သည်။ ကားတံခါးကို ပြန်ပိတ်လိုက်သည်။ ဆလင်းဗက် အိတ်ကလေးထဲမှ မိမိ နှစ်သက်လှသော ချော့ကလက်တုံးကလေး တစ်တုံးကို ထုတ်ယူကာ သူ၏ ပါးစပ်အတွင်းသို့

www.burmeseclassic.com

သည့်ကာ ငုံသားပြီး မြစ်ရေပြင်ကို ငေးမော ကြည့်နေမိသည်။ အဓိပ္ပါယ်မရှိ ကြည့်နေခြင်းမျိုးကား မဟုတ်။ မဝေရွှေရင်ထဲတွင် အဓိပ္ပါယ်တွေ အများကြီးရှိသည်။

မြစ်ရေပြင်သည် နောက်ကျိနေသည်။

ထိုမြစ်ရေပြင်၌ ကူးခတ်သွားလာနေကြသော သမ္ဗန်များအပေါ်တွင် ပါသွားကြသော လူတွေ၏ မျက်နှာပြင်တို့သည် ကြည်လင်ရွှင်ပျမှုများကို အတော်များများတွေ့ရသည်။ အဖျော်တန်း ဟိုဘက်ကမ်းသို့ ကူးကြမည့် သူများပင်လောမသိ။ ဈေးကလက်တုံးကလေး အရည်ပျော်လျက် တဖြေးဖြေးအလုံးကလေး သေးလာသည့်အချိန်တိုင်အောင် မဝေရွှေ၏ ရင်ထဲတွင် တွေးနေသော အတွေးတို့က ယောက်ယက်ခတ်နေဝုန်းဖြစ်သည်။

"ကျွန်တော့်ကို စကားပြောခွင့်ပြုပါခင်ဗျာ"

သူ့ နံဘေးဆီမှ ရုတ်တရက် စကားသံထွက်လာသည်ကို မဝေရွှေ သတိထားမိ၏။ သည်ဆိပ်ကမ်းတွင် မိန်းကလေးတစ်ယောက်ထဲရှိလျှင် ရှိသလို မထိတထိ စ,တတ်၊ နောက်ပြောင်တတ်၊ အမျိုးမျိုးပြောတတ်ဆိုတတ်ကြသော ဆိုးသွမ်းလူရမ်းကားတွေအများကြီးရှိကတ်သည်။ ဒါကြောင့်ပင် မဝေရွှေသည် အသံရှင်ကို လုံးဝလှည့်မကြည့်ဘဲ သူ၏ဆလင်းဗက်အိတ်ကလေးကို အသာဖွင့်လိုက်၏။ ပြီးလျှင် သူ့ဆလင်းဗက်အိတ်ထဲတွင် အမြဲ ပါရှိတတ်သော အမျိုးသမီးကိုင် ပစ္စတိုအသေးစားကလေးကို ထုတ်ယူလိုက်၏။

"ကျွန်တော့်ကို စကားပြောခွင့်ပြုပါ မဝေရွှေ"

မဝေရွှေသည် မိမိ၏ အမည်ကို ကြားလိုက်ရသောအခါ အသံရှင်ကို လှမ်းကြည့်၏။

"ကောင်း..."

BURMESE CLASSIC .com

"ကောင်းပါလား၊ မဝေရွှေတွေ့ချင်လိုက်တာ ကောင်းရယ်" မဝေရွှေ၏ နှုတ်ခမ်းများမှ ပေါ်လာသော စကားသံများမဟုတ်။ မဝေရွှေ၏ မျက်လုံးများကပြောနေသောစကားများဖြစ်သည်။ မဝေရွှေ၏ အခြေအနေကို ကြည့်မိသောကောင်းသည် မဝေရွှေရင်ထဲမှ စကားလုံးများကို သိပာန်တူသည်။ မဝေရွှေအား မဟ,တဟ ပြုံးပြသည်။ ကောင်း၏အပြုံး၌ အားနည်းမှုတွေ ပါနေသည်။

မဝေရွှေသည် ကောင်း၏ အပြုံးကို ပြန်၍ အပြုံးနှင့် တုံ့ပြန်သည်။

မဝေရွှေထံမှ တုံ့ပြန်မှုကို တွေ့ရလေသောအခါ ကောင်းသည် အားသစ်ပျိုးသော အပြုံးမျိုးနှင့် မဝေရွှေကို ထပ်၍ ပြုံးပြသည်။

"ရှင့်ကို ကျွန်မတွေ့ချင်နေတာနဲ့ အတော်ဘဲ"

"ကျွန်တော့်ကို တွေ့ချင်နေတယ် ဟုတ်လား။ ဘာများ အကြောင်းထူးနေလို့လဲ မဝေရွှေ"

"ထူးပြီးသားရှင်...။ ဒါနဲ့ ရှင့် အချိန်ရတယ်မှုတ်လား"

မဝေရွှေသည် ကောင်းနှင့်ပတ်သက်၍ မိမိပြောစရာရှိသည်များကို ပြောပြရန်အတွက် ဤကဲ့သို့ လူသူလေးပါးတွေနိုင်သော နေရာမျိုး၌ လုံးဝမပြောချင်ပါ။ မိမိအတွက်ရော၊ ကောင်းအတွက်ပါ လုံခြုံစိတ်ချရမည့် နေရာတစ်နေရာကို အမြန်ဆုံးရွေးချယ်ရန် လိုအပ်နေပေသည်။

"ရပါတယ် မဝေရွှေ။ မဝေရွှေပြောချင်တဲ့ စကားကိုပြောပါ"

"ပြောစရာတွေကတော့ အများကြီးပါရှင့်၊ ဒါပေမဲ့ ဒီနေရာမှာ ပြောလို့မကောင်းဘူး"

"ဒါဖြင့် ပြောလို့ကောင်းမယ်ထင်တဲ့နေရာကို သွားလေ၊ ကျွန်တော် လိုက်ပါ့မယ်"

ကောင်းသည် မဝေရွှေ၏ အရိပ်အကဲကိုကြည့်၍ နားလည်သဘောပေါက်လိုက်သည်။ မဝေရွှေတွင် မိမိနှင့်ပတ်သက်သော အရေးကြီးသည့် စကားများ ပြောစရာရှိနေပေလိမ့်မည်။

ရှေ့လဆက်ရန်

မောင်ရွှေစိန်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ထောင်မှူးများ

## အလိုရှိသည်

### အပိုင်း(၈၃)

**ရင်ကွဲနာကျ ထီးခမ်း**

တူးတူးတို့ရေ…

အဲဒီလို အကျဉ်းဦးစီးဌာနရဲ့ အမြင့်ဆုံး အကြီးအကဲနှစ်ယောက်ဖြစ်တဲ့ ညွှန်ကြားရေးမှူးချုပ်တို့ တစ်လှည့်စီ လာစစ်ဆေးပြီးတဲ့နောက်မှာတော့ ထီးခမ်းစိုက်ပျိုးရေးစခန်းသစ်ကြီးကို မူလလျာထားချက်အတိုင်း ၁.၄.၁၉၉၃ ရက်နေ့မှာ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

အဲလို စခန်းသစ်ဖွင့်လှစ်ပြီး ကြောင်းကိုလည်း ညွှန်ချုပ်၊ ဒုညွှန်ချုပ်နဲ့ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးတွေ အပြင် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်နဲ့ ရပ်စောက်မြို့နယ်တွေမှာရှိတဲ့ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေဆီကိုပါ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အစီရင်ခံတင်ပြခဲ့ပါတယ်။

ဒီလို တင်ပြအစီရင်ခံခဲ့တဲ့အတွက် ဌာနဆိုင်ရာ အကြီးအကဲတစ်ယောက်ကများ ကွင်းဆင်းစစ်ဆေးလေမလား၊ ဒေသဆိုင်ရာအာဏာပိုင်တစ်ယောက်ယောက်ကပဲ လာရောက်ကြည့်ရှုလေမလားလို့ မျှော်လင့်နေခဲ့မိတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကြိုးပမ်းတည်ဆောက်ပြီး ဖွင့်လှစ်ခဲ့တာက တော်ရုံကိစ္စမှ မဟုတ်ပေဘဲ။ ရည်မှန်းချက်ကြီး ချမှတ်ပြီး စီမံကိန်းလျာထား

■ ဗဟိုဂေဇာ

www.burmeseclassic.com

ချက်တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ ကော်ဖီစိုက်ပျိုးရေးစခန်းကြီး ဗုန်းဗုန်းလဲ ပျက်စီးခဲ့ရတဲ့ အပြင် ငွေလုံးငွေရင်းနဲ့ တည်ဆောက်ထားခဲ့တဲ့ အမြဲတမ်းအဆောက်အဦတွေကိုပါ မိုးထဲလေထဲမှာ တိုးလိုးတန်းလန်းနဲ့ ပစ်ထားခဲ့ရတယ် မဟုတ်လားဗျာ။

ဒါကြောင့်မို့ စီမံကိန်းအရရော၊ ဦးစီးရန်ပုံငွေအရပါ ခွက်ခွက်လန်အောင် အရှုံးပေါ်နေတဲ့ ဒီထီးခမ်း ဘန်းကန် စိုက်ပျိုးရေးစခန်းကြီးကို ဆက်လုပ်မလား။ ဖျက်သိမ်းမလားဆိုတဲ့ မဟာပြဿနာကို တာဝန်ရှိတဲ့ လူကြီးတွေ ခေါင်းကိုက်မတတ် စဉ်းစားအဖြေရှာခဲ့ရတယ်လေ။

နောက်ဆုံးတော့ အဖက်ဖက်က စဉ်းစားပြီး မဖျက်သိမ်းဘဲ ဆက်လုပ်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်နော်။ ဒါပေမယ့် ကော်ဖီစီမံကိန်းကိုတော့ ဖျက်သိမ်းတဲ့ အပြင် စခန်းကိုလည်း ထီးခမ်းရယ်၊ ဘန်းကန်ရယ်ဆိုပြီး ထီးခမ်းစခန်းတစ်ခုတည်းပဲ ဆက်ဖွင့်ပြီး စပါးနဲ့ ဒေသထွက်သီးနှံတွေ စိုက်ပျိုးဖို့အကြံပြုခဲ့ကြတယ်။

တစ်နည်းအားဖြင့် ဘန်းကန်စခန်းမှာ မိုးထဲလေထဲပစ်ထားရတဲ့ အမြဲတမ်းအဆောက်အဦတွေကို ပြန်ဖျက်ပြီး ထီးခမ်းအမြဲတမ်းအဆောက်အဦတွေနဲ့ လိုအပ်သလို ပူးတွဲပြီး ပြန်ဆောက်လုပ်ဖို့ပါပဲ။

ပြီးတော့···ထီးခမ်း အမြဲတမ်းအဆောက်အဦနေရာဟာ ရွှေညောင်-ရပ်စောက် လမ်းမကြီးကနေ အတွင်းဘက်ကို တစ်မိုင်နဲ့ ခုနစ်ဖာလုံ ကွာဝေးနေရာမှာ တည်ရှိနေတာမို့လို့ အဲဒီမြေလမ်းကို နွေမိုးဆောင်း သွားလာနိုင်အောင် ကျောက်ခင်းလမ်း ခင်းသွားဖို့ပါ ထပ်ဆင့်ဆုံးဖြတ်ခဲ့ကြပါတယ်။

အထက်ဌာနက အဲလိုဆုံးဖြတ်ချက်တွေချပြီး မှုလက ထောင်ပိုင်အဆင့်(၁) [တစ်ခွေတစ်ပွင့်]တွေ တာဝန်ပေးခဲ့တဲ့ စခန်းကြီးနှစ်ခုကို ထောင်မှူးကြီး(ငွေကြယ်နှစ်ပွင့်)သာရှိတဲ့ ကိုယ့်ကို အကောင်အထည်ဖော်တည်ဆောက်ဖို့ အမိန့်ချမှတ်ခဲ့တယ် မဟုတ်လားဗျာ။

ပွင့်ပွင့်လင်းလင်းပြောရရင်··· အထက်က အဲလို အမိန့်စာသာ စာရွက်ပေါ်မှာ ထုတ်ပြန်ခဲ့ပေမယ့် တကယ်လက်တွေ့မှာတော့ ဘယ်တာဝန်ရှိတဲ့ လူကြီးမှ ကွင်းဆင်းပြီး လမ်းညွှန်မှုပြုခဲ့တာ မရှိပါဘူး။ ရုံးချုပ်နဲ့ စီမံကိန်းလုပ်ငန်းဌာနတို့ကတော့ လိုအပ်တဲ့ စက်သုံးဆီကို အမြန်တွက်ချက်တင်ပြဖို့နဲ့ လိုအပ်တဲ့ ကျောက်တွေကို ရွှေညောင်-ဗထူး ရထားလမ်းဖောက်စဉ်က ကြွင်းကျန်ရစ်ခဲ့တဲ့ ကျောက်တွေနဲ့ ကျောက်ခင်းလမ်း ဖောက်ဖို့ပဲ နှုတ်မိန့်ပေးလိုက်ပါတယ်။

ဒါပေမယ့် အမြန်တွက်ချက်ပြီး တင်ပြတောင်းခံလိုက်တဲ့ စက်သုံးဆီတွေကို အချိန်မီ မရရှိခဲ့ပါဘူး။ ရပြန်တော့လည်း ဖင်ကနုတ်၊ ခေါင်းကနုတ်နဲ့ တကယ်တောင်းခံထားတာရဲ့ ထက်ဝက်တောင် မရတော့ပါဘူး။

ကျောက်ကြွင်းကျန်တွေကိုလည်း ၃၆ မိုင်လောက် ရှည်လျားတဲ့ ရွှေညောင်-ဗထူး ရထားလမ်းဘေး···စ်လျှောက်မှာ ကောက်သင်းကောက်ပြီး မနည်းကြီးလိုက်ရှာရတာပါ။ ဒီအတွက် စက်သုံးဆီသီးသန့်ချထားပေးတာလည်း မရှိပါဘူး။

အမိန့်ချထားတာကတော့ ဒီစခန်းကြီးကို လာမယ့် ၁·၄·၁၉၉၃ ရက်နေ့မှာ အပြီးဖွင့်လှစ်ရမယ်တဲ့ဗျာ။

ခေတ်ကလည်း ရှောပေါက်တာ မလိုချင်ဘူး။ ရပါတာပဲ လိုချင်တဲ့ အခါသမယဆိုတော့ အားလုံးအဆင်ပြေသွားအောင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်ရတော့တာပေါ့လေ။ ကိုယ့်နည်းကိုယ့်ဟန်ဆိုတာက တူးတူးတို့ သိတဲ့အတိုင်းပဲလေ။ မဖြစ်ဖြစ်တဲ့နည်းလမ်းတွေနဲ့ ဆိုပါ

ကိုယ့်စကားလည်းဆုံးရော တပ်သားမောင်မောင်ဟာ ဝုန်းခနဲထပြီး သူ့ဇနီးအလောင်းရှိတဲ့ ရင်ခွဲရုံကို တစ်ချိုးတည်းပြေးပါလေရော။ ကိုယ်တို့တောင် သူ့ကိုမီအောင် နောက်ကနေ ကမန်းကတန်း ပြေးလိုက်သွားကြရတယ်။ ဟိုရောက်တော့ မိန်းမအလောင်းကို ဖက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးနေတဲ့ မောင်မောင့်ကို တွေ့ရတော့တာပါပဲ။

www.burmeseclassic.com

တော့။ နို့မို့ဆို လူကြီးတွေက ဒီကောင် အရည်အချင်းမပြည့်ဘူး၊ လုပ်ရည်ကိုင် ရည် မရှိဘူးဆိုပြီး သတ်မှတ်ခံရမှာ မဟုတ်လားဗျာ။

အဲ့ဒီလို ကြိုးစားပမ်းစားနဲ့ သတ်မှတ်ချိန်အတွင်း အချိန်မီဖွင့်လှစ်နိုင်ကြောင်း အစီရင်ခံခဲ့ပေမယ့် ဘယ်လူကြီးမှ ရောက်မလာခဲ့ဘူးလေ။ ကိုယ့်သဘောကတော့ တာဝန်ရှိတဲ့ လူကြီးတစ်ယောက်က ကိုယ်အပင်ပန်းခံဆောင်ရွက်ထားတာတွေကို လာစစ်ဆေးကြည့်ရှုပြီး ချီးမွမ်းစကားလေးတစ်ခွန်းလောက်တော့ဖြင့် လာပြောပေးစေချင်တယ်။

ခုတော့ ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မထင်။ သဗ္ဗေသတ္တာ ကမ္မသကာ ဗလာနတ္ထိပါပဲလား။

ဒီနေရာမှာ အဲဒီအချိန်ကာလက မောင်မောင်မြင့်အေး စီစဉ်တဲ့ ပြစ်မှုမဂ္ဂဇင်းမှာ လစဉ် အခန်းဆက်ဖော်ပြခဲ့တဲ့ ဆရာအောင်ဇင်ရဲ့ "ဆင်ဆယ်ကောင်နဲ့ ကြွက်တစ်ကောင်" ဆိုတဲ့ ဆောင်းပါးရှည်ကြီးကို ပြေးသတိရမိသဗျ။

ဒီဆောင်းပါးရဲ့ခေါင်းစဉ်က ဝန်ထမ်းလောကကို ကိုယ်စားပြုထားတာပါ။ ဝန်ထမ်းတစ်ယောက်ဟာ ဆင်ဆယ်ကောင်လောက် ကြီးမားများပြားတဲ့ တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်လို့ဆိုပြီး နာမည်ကောင်းလက်မှတ်တစ်ခုရဖို့ မမျှော်လင့်ပါနဲ့။ အဲ . . . ကြွက်တစ်ကောင်လွတ်သွားရင်တော့ အလုပ်ပြုတ်ဖို့သာ အထုပ်အပိုးကိုသာ ပြင်ပါတော့တဲ့ဗျ။

အခု ကိုယ့်အဖြစ်ကလည်း ဒီလိုပါပဲလေ။ ဒါပေမယ့် ကိုယ်ကတော့ မချီးမွမ်းချင်လည်း နေပါတော့။ ကြွက်တစ်ကောင်မှ လွတ်မသွားအောင်တော့ ကိုယ့်တာဝန်ကိုယ်ကျေပွန်စွာ ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

သို့ပေမယ့်ပေါ့လေ။ အဲလို လုပ်ငန်းတာဝန်နဲ့ ပတ်သက်လို့ ဘာပြဿနာမှ မရှိခဲ့ပေမယ့် လက်အောက်က ဝန်ထမ်းမိသားစုတစ်ခုရဲ့ အလွန်ကြေကွဲရင်နင့်စရာကောင်းလှတဲ့ အဖြစ်ဆိုးတစ်ခုနဲ့ တည့်တည့်ကြီး ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတော့တယ်။

အဲ . . . တပ်သား မောင်မောင်လို့ပဲ ဆိုကြပါစို့။

သူ့မှာ ကိုယ်ဝန်အရင့်အမာဇနီးနဲ့ နှစ်နှစ်သားလေးတစ်ယောက်ရှိတယ်။ တစ်နေ့ မောင်မောင်တစ်ကိုယ်လုံး ပူခြစ်ပြီး ဖျားပါလေရော။ စခန်းက ဆေးမှူးက အဖျားကျဆေးတိုက်ပေမယ့် တစ်ကိုယ်လုံး တုန်ယင်ပြီး ချမ်းလာတာကြောင့် ငှက်ဖျားဆေးပြောင်းတိုက်တယ်။ ဒါလည်း မသက်သာတဲ့အပြင် တစ်ချက် တစ်ချက် တက်ပြီး သတိမေ့ချင်သလို ဖြစ်လာတာနဲ့ စခန်းပိုင်ကားနဲ့ ၁၇ မိုင်ဝေးတဲ့ ရပ်စောက်ဆေးရုံဆီ အမြန်တင်ပို့ရတယ်။ ဆေးရုံရောက်မှ အတော်လေးသက်သာသွားပေမယ့် ဆရာဝန်ကြီးက ဆင်းခွင့်မပြုသေးဘဲ ဆက်ပြီးစောင့်ကြည့်ကုသနေသေးတယ်။

အဲဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် စခန်းက ဝန်ထမ်းမိသားစုရဲ့ ကလေးအများစု ကျောင်းတက်နေကြတဲ့ ပင်ဖြစ်အလယ်တန်းကျောင်းက ကျောင်းသားလေးတစ်ယောက် ငှက်ဖျားရောဂါနဲ့ ဆုံးရှာတယ်။ ဒီတော့ ကလေးတွေနဲ့ အတူ ဝန်ထမ်းမိသားစုကပါ အသုဘလိုက်ပို့ကြရတာပေါ့။

ဒီအချိန်မှာ စခန်းမှာကျန်ခဲ့တဲ့ ကိုယ်ဝန်အရင့်အမာနဲ့ တပ်သားမောင်မောင်ရဲ့ ဇနီးကိုယ်တိုင် သူ့ယောက်ျားကို သတိရပြီး ဖျားပါလေရော။ အဲလိုဖျားနေတုန်းမှာ စခန်းမိသားစုဝင်တွေက ပင်ဖြစ်ကျောင်းသားလေးရဲ့ အသုဘကို ပို့ဖို့သွားကြတယ်။ အဲဒါကို ကိုယ်ဝန်သည်ဇနီးရဲ့စိတ်ထဲမှာ ဒါဟာ သူ့ယောက်ျား တပ်သားမောင်မောင် ရပ်စောက်ဆေးရုံမှာ ငှက်ဖျားရောဂါနဲ့ ဆုံးလို့ လိုက်ပို့ကြတာပဲလို့ ထင်တယ်။ ကိုယ်တို့အားလုံးက ဝိုင်းဝန်းပြီး သူထင်သလိုမဟုတ်ဘဲ ကျောင်းသားလေးရဲ့ အသုဘသာဖြစ်ကြောင်း ပြောပြကြပေမယ့် သူက ဘယ်လိုမှ မယုံကြည်နိုင်ဘူး။ ဒါသူ့ယောက်ျားဆုံးတာကို သူ့ကို မသိစေချင်လို့ အားလုံးဝိုင်းလိမ်ညာနေတာပဲလို့ ယူဆပြီး ယောက်ျားကိုတမ်းတပြီး အော်ဟစ်ငိုယိုရင်း သတိမေ့သွားပါလေရောလားဗျာ။

ကိုယ်တို့လည်း မဖြစ်ချေဘူးဆိုပြီး စခန်းကားနဲ့ ရပ်စောက်ပြည်သူ့ဆေးရုံကို အမြန်တင်ပို့ရတယ်။ ဟိုရောက်တော့ ဆရာဝန်ကြီးက စမ်းသပ်ကြည့်ပြီး အသက်မရှိတော့ဘူးတဲ့ဗျ။ ကိုယ်ဝန်ကို ခွဲစိတ်ကြည့်တော့ မိန်းကလေးဖြစ်နေသတဲ့လေ။

အဲဒီကိစ္စကို လိုက်ပါသွားတဲ့ တာဝန်မှူးထောင်မှူးနဲ့ ဝန်ထမ်းအဖွဲ့က ငှက်ဖျားဖြစ်လို့ ဆေးရုံတက်နေတဲ့ တပ်သားမောင်မောင်ကို မပြောဝံ့ကြ

www.burmeseclassic.com

သေးဘူး။ တကယ်လို့ ပြောပြလိုက်ရင် သူပါ စိတ်ထိခိုက်ပြီး အသက်ထွက်သွားမှာစိုးလို့ပဲ။ ဒါကြောင့် ရပ်စောက်ကို ရုံးကိစ္စနဲ့လာရင်း သူ့ကို လာဝင်ကြည့်ကြသလိုလို လုပ်နေကြတယ်။

သူတို့အဖွဲ့ စခန်းပြန်ရောက်တော့ မောင်မောင့်ကိစ္စ သတင်းပို့ကြတော့ စခန်းတာဝန်ခံဖြစ်တဲ့ ကိုယ်က စဉ်းစားရပြီပေါ့ဗျာ။ အခုတစ်ရက်နှစ်ရက်တော့ မပြောဘဲထားလို့ရပေမယ့် အသုဘချတဲ့နေ့အထိတော့ ဖုံးကွယ်ထားလို့တော့ မဖြစ်ဘူး။ လူတစ်ယောက် သေဆုံးတာကိုပါ ဖုံးကွယ်ထားရင် ကိုယ်တို့အားလုံးရဲ့ မဟာအမှားဖြစ်သွားမယ်လေ။

ဒါကြောင့်မို့ အသုဘချမယ့်နေ့မှာ ရပ်စောက်ဆေးရုံအထိ ကိုယ်ပါလိုက်ပါသွားပြီး တပ်သားမောင်မောင်ကို စိတ်ရှည်ရှည်ထားပြီး အဖြစ်အပျက်ကို လေအေးအေးနဲ့ ရှင်းပြရတယ်။

ကိုယ့်စကားလည်းဆုံးရော တပ်သားမောင်မောင်ဟာ ဝုန်းခနဲထပြီး သူ့ဇနီးအလောင်းရှိတဲ့ ရင်ခွဲရုံကို တစ်ချိုးတည်းပြေးပါလေရော။ ကိုယ်တို့တောင် သူ့ကိုမီအောင် နောက်ကနေ ကမန်းကတန်းပြေးလိုက်သွားကြရတယ်။ ဟိုရောက်တော့ မိန်းမအလောင်းကို ဖက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးနေတဲ့ မောင်မောင့်ကို တွေ့ရတော့တာပါပဲ။

ကိုယ်တို့အနေနဲ့ ဒီလိုရင်နင့်ဖွယ် မြင်ကွင်းမျိုးကို မမြင်တွေ့ချင်ကြပေမယ့် ခုတော့ မတွေ့ချင် မြင်ရက်သား ကြုံတွေ့နေရပါတော့တယ်။ အချိန်တော်တော်လေးကြာမှ သူ့ကို မနည်းချော့မော့ပြီး ပြန်ခေါ်လာရတယ်။ သုသာန်ရောက်လို့ မြေမမြှုပ်ခင် နောက်ဆုံးအနေနဲ့ အခေါင်းကို လုပ်ပြတဲ့အခါမှာတော့ မောင်မောင်ဟာ စောစောကအားပါးတရ ငိုကြွေးထားလို့ ပင်ပန်းနွမ်းနယ်နေပြီ ထင်ပါရဲ့၊ ဘာသံမှ မထွက်လာတော့ဘဲ သွင်သွင်စီးကျနေတဲ့ မျက်ရည်တွေကြားကပဲ သူ့ဇနီးသည်တွေတွေကြီး ငေးမောကြည့်နေပါတော့တယ်။

အဲဒီနေ့ကစပြီး မောင်မောင်ဟာ ဘယ်သူနဲ့မှ စကားမပြောဘဲ စခန်းက သူ့အိမ်မှာ နှစ်နှစ်သားလေးကို ဖက်ပြီး ကျောက်ရုပ်တစ်ရုပ်လို ငေးငေးငိုင်ငိုင် ဖြစ်နေပါတယ်။ ဝန်ထမ်းမိသားစုက မနက်စာ၊ ညစာ ပုံမှန်ပို့ပေးပေမယ့် သူက ဟုတ်တိပတ်တိမစားဘဲ သူ့သားလေးကိုသာ ဝအောင်ကျွေးနေတာ တွေ့ကြရတယ်တဲ့။ တကယ်တော့ တပ်သားမောင်မောင်မိသားစုရဲ့ ဖြစ်ရပ်ဆိုးကြောင့် စခန်းတစ်ခုလုံး ရင်ကွဲနာကျသလို ခံစားနေရတာပါ။

တစ်ခု အံ့ဩစရာကောင်းတာက တစ်ချိန်လုံး ကျောက်ရုပ်တစ်ရုပ်လိုဖြစ်နေတဲ့ မောင်မောင်ဟာ သူ့ဇနီးရက်လည်ဆွမ်းကပ်ပြီးတဲ့ နောက်တစ်နေ့မနက်မှာတော့ ယူနီဖောင်းအပြည့်အစုံနဲ့ သူ့သားလေးကို လက်ဆွဲပြီး စခန်းတာဝန်ခံရုံးကို ရောက်လာပါတော့တယ်။

"ကျွန်တော် အလုပ်ပြန်ဝင်ပါတော့မယ်။ ကျွန်တော့်ကို ဂျူတီချပေးပါ ဆရာ"တဲ့လေ။

ကိုယ်လည်း ရုတ်တရက် အံ့အားသင့်နေရာက သဘောပေါက်သွားပြီး သူ့ကို သင့်တော်တဲ့ တာဝန်တစ်ခု ချထားပေးလိုက်တယ်။ မကြာခင် ထီးခမ်းစခန်းက ဝန်ထမ်းဆယ်ယောက် တောင်စွန်းကျောက်ထုတ်စခန်းကို ပြောင်းရွှေ့ပေးဖို့ အမိန့်ကျလို့ စာရင်းတောင်းတော့ တပ်သားမောင်မောင်ဟာ သူ့သားလေးကို ပွေ့ချီရောက်လာပြီး . . .

"ကျွန်တော့်ကိုပြောင်းပေးပါ"တဲ့။

ကြည့်ရတာ သူ့ဘဝမှာ အလွန်ကြေကွဲစရာ ရေစက်ဆိုးနဲ့ ကြုံတွေ့ခဲ့ရတဲ့ ဒီထီးခမ်းစခန်းကြီးကို ပြည့်ဖုံးကားချလိုက်ချင်တယ်နဲ့ တူပါတယ်။ ကိုယ်လည်း သူဆန္ဒပြုတဲ့အတိုင်း တောင်စွန်းကျောက်ထုတ်အလုပ်ကို ပြောင်းရွှေ့ပေးလိုက်ပါတယ်။ အဲဒီနေ့ကစပြီး မောင်မောင်တို့သားအဖရဲ့ သတင်းကို ဒီနေ့အထိ မကြားရတော့ပါဘူး။

ကိုယ့်ဝန်ထမ်းလုပ်သက်တစ်လျှောက်မှာ ဒီလောက်ဆိုးဝါးတဲ့ ကြမ္မာငြိုးပ်ဆိုးရဲ့ ရက်စက်မှုနဲ့ ဒီတစ်ကြိမ်ပဲ နဖူးတွေ့ ဒူးတွေ့ ကြုံဖူးတာပါ။ ဒီအဖြစ်က ဘယ်လောက်တောင် ကြေကွဲစရာကောင်းလဲဆိုရင် အိပ်မက်ထဲရောက်လာရင်တောင် ချွေးစေးတွေထွက်ပြီး အိပ်ရာက လန့်ပြီး နိုးထလာရတဲ့အထိပါပဲ။

ဒီလိုအဖြစ်ဆိုးမျိုး နောက်တစ်ကြိမ် မကြုံတွေ့ရပါစေနဲ့အရှင်ဘုရား။


*(ဆက်လက်ဖော်ပြပါမည်။)*

**ဗဟိုစော**



www.burmeseclassic.com

www.burmeseclassic.com



# အမှုတွေပြေအေးစေမယ့်
# ဥပဒေအမေးအဖြေ

ဦးစောလှိုင်[ B.A (HIST:) H.G.P., R.L ]

**အစ်ကိုရဲ့ အမွေဝေစုကို ယောက်မက တောင်းဆိုလို့ရမလား**

ဆရာရှင့်…

ကျွန်မတို့မှာ အဖေ၊ အမေ၊ အစ်ကိုနဲ့ ကျွန်မအပါ အဝင် မိသားစုဝင်လေးယောက် ရှိပါတယ်။ အဲ…အစ်ကို့ ဇနီး(ကျွန်မယောက်မ)နဲ့ဆိုရင်တော့ ငါးယောက်ဆိုပါတော့။ အမေကတော့ မနှစ်က ဆုံးသွားပါပြီ။

အမေဆုံးပြီးမှ အစ်ကိုက ရှမ်းပြည်နယ်ဘက်ကို ကျောက်တူးဖို့ ထွက်သွားပါတယ်။ သူ့အပေါင်းအသင်းအချို့ ငှက်ဖျားဒဏ်မခံနိုင်လို့ ပြန်လာကြပေမယ့် အစ်ကိုကတော့ မလျှော့ဘဲ ဆက်ပြီးကြိုးစားရှာဖွေနေတယ်လို့ သိရပါတယ်။

ဒီကြားထဲ ဖေဖေက သူ့သားပြန်မလာသေးတာကို မခံစားနိုင်ဘဲ လူကြီးရောဂါနဲ့ အိပ်ရာထဲ ဗုန်းဗုန်းလဲပါတယ်။ သမားတော်ကြီးတွေနဲ့ ဘယ်လိုပဲကြိုးစားကုသပေမယ့် စိတ်လျှော့ထားတာဆိုတော့ ဘယ်လိုမှ မထိရောက်ပါဘူး။ ဒါကြောင့် ဖေဖေလည်း ပြီးခဲ့တဲ့နှစ်လောက်က ဆုံးသွားပါတယ်။

အဲဒီအချိန်ကျမှ ကျွန်မ လုံးဝမမျှော်လင့်မထားတဲ့ ပြဿနာတစ်ခု ပေါ်လာပါတယ်။ အဲဒါကတော့ အစ်ကိုရဲ့ဇနီး (ကျွန်မယောက်မ)က အဖေ့ဆီက အစ်ကိုရသင့်ရထိုက်တဲ့ အမွေတွေကို တောင်းဆိုတာပါပဲ။ ကျွန်မက ဒါဟာ အစ်ကို လာမှ ကျွန်မတို့မောင်နှမနှစ်ယောက် ရှင်းပြီးမှ ခွဲလို့ရမယ့်



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စဖြစ်ကြောင်း ပြောပြပေမယ့် သူက လုံးဝလက်မခံဘူး။ သူ့မှာ အစ်ကိုမရှိစဉ်ကတည်းက မဝတ်ရ၊ မစားရနဲ့ ဒုက္ခဖြစ်နေတာ ကြာပြီတဲ့။ ဒါကို ငြင်းနေမယ်ဆိုရင် ဆိုင်ရာကနေ တရားစွဲပြီး တောင်းမယ်လို့ ပြောလာပါတယ်။

ဒါကြောင့်မို့လို့ ဒီကိစ္စကို ကျွန်မအနေနဲ့ ဘယ်လိုဆက်လုပ်သင့်တယ်ဆိုတာ ဉပဒေအကြံပေးပါရန် မေတ္တာရပ်ခံပါတယ်ရှင့်။

လေးစားစွာဖြင့်
**မခင်ခင်နိုင်**
(၁၂)ရပ်ကွက်၊ ဖျာပုံမြို့။

မခင်ခင်နိုင်ခင်ဗျား . . .

မြန်မာ့ဓလေ့ ထုံးတမ်းဉပဒေ အမွေဆက်ခံခြင်း လမ်းကြောင်းအရဆိုရင် မိဘရဲ့အမွေဟာ သားရင်း၊ သမီးရင်းဆီကိုပဲ တိုက်ရိုက်စီးဆင်းပါတယ်။ သားသမီးမရှိရင် မြေးတွေ၊ မြေးတွေမရှိရင် မြစ်တွေက ခံစားရပါမယ်။

အဲဒါတွေကို တိုက်ရိုက်အမွေခံလို့ ခေါ်ပါတယ်။ အဲဒီ သားသမီး၊ မြေးမြစ် စတဲ့ တိုက်ရိုက်အမွေခံတွေမရှိရင် မိဘ၊ ဘိုးဘွား၊ တူ၊ တူမ စတာတွေက အစီအစဉ်အတိုင်း ခံစားရမှာ ဖြစ်ပါတယ်။

အဲဒီအစီအစဉ်ကို ကျော်လွန်ပြီး ဘယ်သူစိမ်းတစ်ရံဆံမှ အမွေဆက်ခံပိုင်ခွင့် မရှိပါဘူး။

အခုလည်း အဖေရဲ့အမွေဟာ မခင်ခင်နိုင်တို့ရဲ့ မောင်နှမနှစ်ယောက်ပိုင် ဖြစ်နေပါတယ်။ ဒါကြောင့် မခင်ခင်နိုင်အနေနဲ့ အစ်ကိုဖြစ်သူမသိဘဲ ဘာမှလုပ်ပိုင်ခွင့်မရှိပါဘူး။ ဆိုလိုတာက မခင်ခင်နိုင်က ဒီအမွေတွေကို တခြားတစ်ယောက်ကို ပေးပိုင်ခွင့်မရှိပါဘူး။ ဒါတင်မကသေးဘူး၊ မခင်ခင်နိုင်ရရှိမယ့် အမွေဝေစုကိုတောင် ကိုယ်တစ်ဦးတစ်ယောက်တည်းရဲ့ သဘောနဲ့ စီမံခန့်ခွဲပိုင်ခွင့်ဘူးလို့ သိထားရပါမယ်။

ဒါ့ကြောင့် မခင်ခင်နိုင်ဆီက အဖေ့အမွေတွေ ရလိုမှုနဲ့ တရားစွဲနိုင်တာက အစ်ကိုမှတစ်ပါး အခြားမရှိပါဘူး။ အစ်ကိုဖြစ်သူက မတောင်းဘဲ၊ တရားမစွဲဘဲ အစ်ကို့ဇနီးက တောင်းဆိုပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့် မရှိပါဘူး။

အဲ . . .မပြောကောင်း မဆိုကောင်း အကယ်၍ အစ်ကိုဖြစ်သူ ကျောက်တူးရင်း ငုက်ဖျားမိပြီး သေဆုံးသွားခဲ့မယ်ဆိုပါတော့။ အဲဒီအခါ မခင်ခင်နိုင်ရဲ့ လက်ထဲမှာရှိနေတဲ့ အဖေ့အမွေတွေကို ဒီကမ္ဘာမှာ ဘယ်သူတစ်ဦးတစ်ယောက်ကမှ တရားစွဲဆိုတောင်းခံနိုင်တော့မှာ မဟုတ်ဘူးလို့ ဖြေကြားလိုက်ပါရစေ။

××× ××× ×××

## ကိုယ့်ခန္ဓာကိုယ်လှူတာ ဘယ်သူ့ခွင့်ပြုချက် တောင်းနေရဦးမှာလဲ

ဆရာရှင့် . . .

ကျွန်မဟာ အသက် ၅၈ နှစ်ရှိနေပြီး သက်ပြည့်ပင်စင်ယူဖို့ နီးနေတဲ့ အိမ်ထောင်ရှင်ဝန်ထမ်းတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မဟာ ဘာသာရေးသမားဖြစ်တဲ့အားလျော်စွာ ရုံးကခွင့်ရတာနဲ့ မိုးကုတ်ဝိပဿနာတရားစခန်း ဝင်နေကျပါ။

တရားသဘောအရ ငါလည်းမရှိ၊ သူလည်းမရှိ၊ ယောကျ်ားရယ်၊ မိန်းမရယ်လို့လည်း မရှိဘူးမဟုတ်လား ဆရာ။ ငါ့မြေ၊ ငါ့ရွှေ၊ ငါ့လင်၊ ငါ့သား။ ငါ့ခန္ဓာကိုယ်ကအစ ကျွန်မပိုင်ဆိုင်တာဆိုလို့ ဘာမှမရှိဘဲဟာ။ ဒါတွေဟာ ဘဝတစ်ပါးကိုကူးပြောင်းတာနဲ့ ဒီအတိုင်းထားခဲ့ရမယ့်အရာတွေပဲနော်။

ကျွန်မစိတ်ထဲတော့ လူဟာ မသေခင်ကာလအတွင်းမှာတော့ ကိုယ့်ခန္ဓာကိုယ်ပိုင်ဆိုင်တယ်လို့ ယူဆထားတယ်။ အဲဒါကြောင့် အခြေအနေပေးတာနဲ့ ရန်ကုန်ဆေးရုံကြီး သွေးလှူဘဏ်မှာ သွေးသွားလှူတယ်။ အသက် ၃၀ အရွယ်ကစလှူတာဆိုတော့ ခုဆို အကြိမ် ၂၀ တောင် ရှိနေပြီလေ။ သွေးလှူတံဆိပ်ကလေး ရင်ဘတ်မှာ တပ်ထားရတာ ကျွန်မအရမ်းဂုဏ်ယကြည်နူးတာပဲ။ တကယ်တော့ သွေးဟာ အသက်ပဲ မဟုတ်လားရှင်။

ဒါပေမယ့် လူဟာ သေရင် သွေးလှူလို့မရတော့ဘူး။ ဒါ့ကြောင့် ကျွန်မသေရင် မျက်ကြည်လွှာလှူချင်တယ်၊ ကျောက်ကပ်လှူချင်တယ်၊ နောက်ဆုံး ကျွန်မခန္ဓာကိုယ်တစ်ခုလုံးကိုပါ လူသားအကျိုးပြု ဆေးတက္ကသိုလ်လှူဖို့ စိတ်ကူးထားတယ်။ ကျွန်မရဲ့ ကြွင်းကျန်ရစ်တဲ့ ရုပ်အလောင်းကို



www.burmeseclassic.com

www.burmeseclassic.com

အလဟဿ မီးသဂြိုဟ်ပစ်မယ့်အစား အနာဂတ်ဆေးပညာ တိုးတက်ရေးအတွက် လှူဒါန်းလိုက်တာက ပိုပြီးအဓိပ္ပာယ်ရှိတယ်မဟုတ်လား ဆရာ။

ဒါပေမယ့် ဒီဆန္ဒကို လက်တွေ့အကောင်အထည်ဖော်မယ်လည်းလုပ်ရော ပြဿနာက အုံနဲ့ကျင်းနဲ့ တက်လာတာပကောလား။ တခြားလူမဟုတ်ပါဘူး။ ကျွန်မခင်ပွန်းနဲ့ ကျွန်မရဲ့ သားသမီးတွေပါပဲ။ သူတို့က ကျွန်မခန္ဓာကိုယ်လှူမယ့်ကိစ္စကို သဘောမတူကြဘူး။ လုံးဝ ဆန့်ကျင်ကန့်ကွက်ကြပါတယ်။

အဲဒီကိစ္စကို သူတို့စိတ်ထဲ ဘယ်လိုတွေခံစားနေရလို့ ကန့်ကွက်ကြတယ်ဆိုတာတော့ ကျွန်မ မပြောတတ်ပါဘူး။ ကျွန်မအနေနဲ့ကတော့ နှစ်ပေါင်းအတော်ကြာ အဖန်ဖန်ဆင်ခြင်သုံးသပ်လာခဲ့ပြီးမှ စိတ်ခိုင်ခိုင်ချထားတာဆိုတော့ ကျွန်မရဲ့ဆုံးဖြတ်ချက်ကို ပြင်မှာမဟုတ်ပါဘူး။ တကယ်လို့ ကျွန်မဆန္ဒအတိုင်း ခန္ဓာကိုယ်ကို မလှူဒါန်းခဲ့ရဘူးဆိုရင် ကျွန်မအသေဖြောင့်မှာမဟုတ်ပါဘူး။

ကျွန်မမေးချင်တာက လူတစ်ယောက်ဟာ သူ့ခန္ဓာကိုယ်ကို ဥပဒေအရ သူ့စိတ်ကြိုက် စီမံခန့်ခွဲလို့မရဘူးလား။ တခြားလူတွေရဲ့ သဘောတူခွင့်ပြုချက်ယူဖို့ လိုသေးလို့လား။ ကျွန်မဆန္ဒကို သူတို့ကန့်ကွက်ပိုင်ခွင့်ရှိသလား။

အဲဒါကြောင့် ဒီကိစ္စကို တရားဥပဒေမှာ ဘယ်လိုပြဋ္ဌာန်းချက်တွေရှိတယ်ဆိုတာ အမြန်ဆုံး ဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ် ဆရာ။

အစဉ်လေးစားလျက်
**မသူဇာအောင်**
တောင်သူကုန်း၊ အင်းစိန်မြို့။

မသူဇာအောင်ခင်ဗျား・・

လူဆိုတာ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းတွေဖြစ်တဲ့ မော်တော်ကား၊ ရွှေငွေ၊ ကျောက်သံပတ္တမြား စတာတွေကို ပိုင်ဆိုင်ခွင့်ရှိသလို မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းဖြစ်တဲ့ အိုးအိမ်တိုက်တာ၊ ဥယျာဉ်မြေယာ၊ သက်ရှိသက်မဲ့မှန်သမျှကို ဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိပါတယ်။

ဒါဟာ တရားဥပဒေက ပေးအပ်ထားတဲ့ လူတို့ရဲ့ မွေးရာပါ အခွင့်အရေးပါပဲ။

ဒါပေမယ့် ကိုယ့်ခန္ဓာကိုယ်ကို စိတ်ကြိုက်စီမံခန့်ခွဲတဲ့ကိစ္စမှာကျတော့ ကိုယ်လက်တွေ့အသုံးပြုမယ့်ကိစ္စအပေါ်မှာမူတည်ပြီး ဆင်ခြင်ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒီလိုအသုံးချတာဟာ လောကကြီးအတွက် ကောင်းကျိုးဖြစ်စေမှာလား၊ လောကကြီးကို အကြည်းတန်အရုပ်ဆိုးစေမှာလား ဆိုတဲ့အချက်ပေါ်မှာ ခွဲခြားစီစစ်ရမှာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုပိုင်တယ်ဆိုပြီး လူပုံအလယ်မှာ ဝတ်လစ်စလစ် ကိုယ်လုံးတီးလျှောက်သွားနေလို့ မရပါဘူး။ မိန်းမတစ်ယောက်က ငါ့ခန္ဓာနဲ့ငါ လုပ်တာပဲဆိုပြီး မကောင်းတဲ့ ပြည့်တန်ဆာလိုအလုပ်မျိုး လုပ်လို့မဖြစ်ပါဘူး။ ဒါဟာ ငါ့ခန္ဓာ၊ ငါ့သဘောဆိုပြီး ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်လို့လည်း မရပါဘူး။ အဲဒီကိစ္စတွေကို ကျူးလွန်ရင် ဥပဒေအရ အရေးယူဖို့ ပြဋ္ဌာန်းထားတဲ့ ပုဒ်မတွေရှိပြီးသားပါ။

အခု မသူဇာအောင် စိတ်ကူးထားသလို အများကောင်းကျိုးအတွက် မျက်ကြည်လွှာ၊ ကျောက်ကပ် စတဲ့ကိုယ်ခန္ဓာအစိတ်အပိုင်း လှူတာမျိုးနဲ့ သေတဲ့အခါ မိမိခန္ဓာကိုယ်ကို လှူဒါန်းတာမျိုးတွေကိုတော့ ဥပဒေအရ ဘယ်သူ့ခွင့်ပြုချက်မှ တောင်းခံစရာမလိုဘဲ ကိုယ့်စိတ်ကြိုက် စီမံခန့်ခွဲနိုင်ပါတယ်။

လူသေတဲ့အခါ အပုပ်ကောင်ဖြစ်သွားမယ့် ခန္ဓာကိုယ်ကြီးကို ငါနဲ့မဆိုင်တော့ဘူးလို့ တရားသဘောအရ မသူဇာအောင်လို ပြတ်ပြတ်သားသားမမြင်နိုင်သေးတဲ့ ခင်ပွန်းနဲ့ သားသမီးတွေကတော့ ဒီခန္ဓာကိုယ်ကြီးကို သံယောဇဉ်မပြတ်နိုင်ကြသေးဘူးလေ။

ဒါ့ကြောင့်မို့ သူတို့တွေ သဘောကျလက်ခံလာအောင် မြတ်ဗုဒ္ဓရဲ့ အနတ္တတရားတော်တွေကို နားဝင်လာစေဖို့ အချိန်အတိုင်းအတာတစ်ခုအထိတော့ ကြိုးစားအားထုတ်ဖို့ လိုလိမ့်မယ်လို့ ဖြေကြားလိုက်ပါတယ်။

အောင်မြင်ပါစေ・・・

**ဦးစောလှိုင်[B.A(Hist:) H.G.P.,R.L]**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



(ဇာတ်သိမ်းပိုင်း)

(ခြောက်)

"ဟာ ... တောခေါင်းကြီး"

"ဟယ် ... တောခေါင်းကြီး"

ထိတ်လန့်တကြား ပြောရင်းက သူတို့လင်မယားနှစ်ယောက် လူချင်းကွဲ သွားကြတယ်။

လူဆိုတဲ့ အရှက်က ဒေါသကို ချက်ချင်းချေဖျက်လိုက်တယ်။

ပထမဆုံး ရှက်ပြီး သတိထားယောင်ရမ်း အော်မိတာက ယောက်ျားထက် အရှက်ပိုတတ်တဲ့ မိန်းမသားမိအေးနု။

သူ့လက်နှစ်ဖက်ယှက်ပြီး လက်ဝါးနှစ်ဖက်အပ်ကာ အပေါ်ပိုင်းကိုပဲ ကာရမလိုလို၊ အောက်ပိုင်းကိုပဲ အုပ်ရမလိုလို တဒင်္ဂအတွင်း ဘာလုပ်ရမှန်းမသိ။ အရှက်ကြီးရှက်၊ အကြောက်ကြီး ကြောက်လို့ပါ။

အဲဒီအချိန်မှာ ငထွန်းကြီး မိအေးနုရဲ့ ယောက်ျားဆိုတော့ ယောက်ျားပီပီ သူ့မိန်းမအရှက်ကို သူများမြင်မှာ စိုးရိမ်ပြီး သူ့ရဲ့ စုတ်ပြဲနေတဲ့အင်္ကျီကို ဆွဲချွတ်ပြီး သူ့မိန်းမ မိအေးနုရဲ့ ခါးပိုင်းကို ပတ်ပြီး ဖုံးအုပ်ပေးတယ်။

"မိန်းမ ... အဲဒါဝတ်ထားလိုက် အဲဒါဝတ်ထားလိုက်"

ယောက်ျားများ ကိုယ့်မိန်းမကိုယ် ဦးစားပေးတာ၊ တွန့်တိုနမြောတာ မပြောပါနဲ့တော့။ သူ့မှာ တစ်ကိုယ်လုံး အဝတ်မရှိတာက အရင်ဦးဆုံး သတိမထားဘူးလေ။

မိအေးနုကလည်း သူ့ယောက်ျားပစ်ပေးတဲ့ အင်္ကျီစုတ်ကို ကိုယ်မှာပတ်ပြီး ခုမှ အရှက်အကြောက်ကြီးတဲ့ စိတ်တွေဝင်လာပြီး ပြေးမိပြေးရာ ခွတ်ပြေးလေရဲ့။

လူ့တွေမြင်ကွင်းကလွတ်အောင် တောထဲပေါ့။ ရှက်ရှက်နဲ့ လုပ်မိလုပ်ရာ၊ သွေးရူးသွေးတန်းလုပ်မိတာပဲ



www.burmeseclassic.com

www.burmeseclassic.com

ဟိုက မိန်းကလေးမို့ ထားပါတော့။ ငထွန်းကြီးက ယောကျ်ားကြီးဖြစ်ပြီး ကြောင်စီစီ ထိုင်ရမလို ထရမလို ဘာလုပ်ရမှန်းမသိ။ သူ့မိန်းမနောက်ပဲ ပြေးလိုက်သွားရမလို။ အရက်ဆိုင်ထဲပဲ ပြေးဝင်ရမလိုလို နေရာက နောက်ဆုံး အရက်ဆိုင်ထဲပဲ ဝင်ပြေးတယ်။

တောခေါင်း ကိုအုံးသိန်း အဲဒီနှစ်ယောက်ရဲ့ အဖြစ်ကိုကြည့်ပြီး ရယ်ချင်ပေမယ့် မရယ်နိုင်ဘူး။ ငထွန်းကြီးအဖော် ငမဲကြီးနဲ့ ငတေကြီးဆိုတာကို သိထားတဲ့ သူတို့ဆရာ တောခေါင်းပီပီ

"ဟေ့ .. ငတေကြီးနဲ့ ငမဲကြီး"

"ဗျာ ... ဆရာ ..."

နှစ်ယောက်သား ပြိုင်တူလိုလို အထူး ...

"သူတို့ ကျွတ်ကျန်တဲ့ လုံချည်တွေကောက်ပြီး ငထွန်းကြီးကို သွားပေးလိုက်။ အဲ ... အဲ ... ဒီလိုလည်း နေရာမကျပါဘူး။ မင်းတို့က ငထွန်းကြီးရဲ့ ပုဆိုးကိုကောက်ပြီး ငထွန်းကြီး ဝင်ပေး၊ ပြီးတော့ ..."

တောခေါင်းအုံးသိန်း အထူးတန်းပွဲကြည့်ပရိသတ် ရှေ့ဆုံးက မိန်းမသူတွေဘက် မျက်လုံးတစ်ချက် ဝေ့ယမ်းကာ ..

"အဲဒီထဲက ငထွန်းကြီးမိန်းမ မိအေးနုနဲ့ ခင်မင်တဲ့ မိန်းမတစ်ယောက် ထွက်စမ်း ..."

တောခေါင်းအုံးသိန်း စကားဆုံးသွားပြီး ခဏမျှကြာကဲ့အထိ မိန်းမတစ်ယောက်မျှ ထွက်မလာဘူး။

တချို့သော ပွဲကြည့်ပရိသတ်ပင် အလျှိုလျှိုပြန်ကုန်တယ်။

ဘယ်လိုဖြစ်ရတာလဲ။ တောခေါင်းကြီးစကားကို သူ့လက်အောက်ငယ်သားတွေက ဖီဆန်ပြတာလား။

"ဘာလဲ ... နင်တို့က ငါပြောသလို ဘာလို့ထွက်မလာဘဲ လှည့်ပြန်နေကြတာလဲ။ ငါ့စကားကို ဖီဆန်ကြတာလား ..."

"တောခေါင်းကြီးစကားကို ဖီဆန်တာ မဟုတ်ပါဘူး"

"ဒါဖြင့် ... ဘာဖြစ်လို့ ဘစ်ယောက်တလေ ထွက်မလာကြတာလဲ"

"တောခေါင်းကြီးကပဲ ငထွန်းကြီးမိန်းမ မိအေးနုနဲ့ ခင်မင်တဲ့မိန်းမတစ်ယောက် ထွက်စမ်းဆို ..."

"အေးလေ ... အဲဒါဘာဖြစ်လဲ။ ငါ့စကား မှားသွားလို့လား ..."

"မှားတောပေါ့ ..."

"ဟေ ... ဘာဖြစ်လို့ ..."

"အဲဒီမိအေးနုက စရိုက်မကောင်းတော့ ဒီဆင်ပိုင်းမှာရှိတဲ့ မိန်းမတွေက သူ့ကို ခင်ခင်မင်မင်မပေါင်းကြလို့ မိအေးနုနဲ့ ခင်မင်တဲ့သူ တစ်ယောက်မှ မရှိဘူးလေ ..."

"နင်တို့ဟာတွေကလည်း မိအေးနုက ဘယ်လိုရှိ စရိုက်မကောင်းတာလဲ"

"ဒါတော့ ကျွန်မတို့ မပြောပါရစေနဲ့။ တောခေါင်းကြီးဘာသာ တောခေါင်းကြီး စုံစမ်းကြည့်ပါရှင် ..."

ပြောရဲဆိုရဲ ရှိဟန်တူသော ထိုအမျိုးသမီးက ပြောဆိုပြီး ထွက်သွား၍ တောခေါင်းကိုအုံးသိန်း အပြေးအလွှား စဉ်းစားရလေပြီ။

ဒီဆင်ပိုင်းမှာ သူ့ပိုင်နက် သူအုပ်ချုပ်ရသော ကြို့ပင်ထိုးသစ်တောစခန်းမှာရှိသဖြင့် ငထွန်းကြီးအကြောင်း၊ သူ့မိန်းမ မိအေးနုနှင့် အရက်ဆိုင်ရှင်အောင်သာဖံတို့အကြောင်းကို သူသိထားတန်သလောက် သိထားနှင့်ပြီးသား။

ဒါကြောင့် သူ့အောက်ငယ်သားအချို့နှင့် အောင်ဘဖံတို့၊ မိအေးနုတို့ကို တိုးတိုးတိတ်တိတ် သတိပေးထားတန်သလောက် ပေးထားခဲ့ပြီးပြီ။

"ဒါဆို ... အရက်ဆိုင်ထဲ ဝင်ပြေးသွားတဲ့ ငထွန်းကြီး အပြင်ထွက်ခဲ့စမ်း"

တောခေါင်းကြီး ကိုအုံးသိန်း အရက်ဆိုင်ဘက်ကို လှည့်အော်ရတော့သည်။ အရက်ဆိုင်ထဲမှ ငထွန်းကြီး၏အသံနှင့်အတူ ငထွန်းကြီး အပြင်ထွက်လာသည်။

"ဟုတ်ကဲ့ဆရာ ... လာပါပြီ"

ပြန်ထွက်လာသော ငထွန်းကြီး ခုနလို အဝတ်အစား ဗလာနှင့် မဟုတ်တော့။ ပုဆိုးတစ်ထည် ခါးမှာ စည်းထားသည်။

"ငထွန်းကြီးရာ ... မင်းတို့ဖြစ်လိုက်ရင် အသည်းအသန်ကြီးပဲ။ လူမြင်မကောင်း သူမြင်မကောင်း ..."

"ဒီကောင်မကိုက ကြိုဟ်မွှေတာပါ ဆရာ ..."

"အဲဒါတွေ အသာထား။ မင်းကကော ကောင်းလို့လား။ ဒီဆင်ပိုင်းမှာ ဘိုးစဉ်ဘောင်ဆက် မင်းတို့ အလုပ်လုပ်လာကြလို့ ငါတို့ သည်းညည်းခံနေရတာ။ ရုံးကချမှတ်တဲ့ ဥပဒေအရဆိုရင် မင်းတို့ အလုပ်ပြုတ်ပြီး အဝေးလွှင့်သွားတာ ကြာ လှပြီ ..."

"ကျွန်တော် ဒီကောင်မနဲ့ ဝေးချင်တယ်။ ဒီကောင်မကို နယ်နှင်ပစ်ပါဆရာ"

"မင်းတို့က လင်မယားတွေ။



www.burmeseclassic.com

www.burmeseclassic.com

ဘစ်ယောက်တည်း နှင်ပစ်လို့ ရမလား ကွ။ ပြီးတော့ သူက တို့ဝန်ထမ်းဖြစ်တဲ့ မင်းရဲ့မိန်းမ။ အပြစ်ပေးခြင်းပေးရင် မင်းကိုသာ တို့က ပေးလို့ရမယ်။ သူ့ကို ပေးလို့မရဘူး ...''

''အဲဒါ ခက်တာပေါ့ ဆရာ။ ခြေမကောင်း ခြေမ၊ လက်မကောင်း ရင်လက်မ စကားပုံဟာ ဒီတောထဲမှာ ပျောက်နေပြီ ...''

''ခွေးကောင် ... စကားပုံတွေ ဘာတွေနဲ့။ ကြီးကြီးကျယ်ကျယ် လုပ်မနေနဲ့။ နင့်မိန်းမ နင့်အကျီစုတ်ပတ်ပြီး တောထဲဝင်ပြေးသွားတယ်။ တော်တော်နဲ့ ပြန်ထွက်ရဲမှာ မဟုတ်ဘူး။ အဲဒီ နင့်မိန်းမ ကျွတ်ကျန်ခဲ့တဲ့ ထဘီကိုယူပြီး လိုက်ရှာပြီး ပေးပေတော့''

''ဟာဗျာ ... ဆရာကလည်း မိန်းမထဘီကို ကျွန်တော်ကကိုင်ပြီး လိုက်ပေးရမှာလား။ ရွံစရာကြီး။ ဘုန်းတွေကံတွေ နိမ့်နေမှဖြင့်ဗျာ ...''

''ဘာခုမှ ရွံစရာကြီးလဲ။ ဘုန်းတွေကံတွေ လုပ်မနေနဲ့။ ဘယ်သူမပြု မိမိမှုပဲ။ မင်းမြန်မြန်ယူပြီး သွားပေးစမ်း။ ဒီတောထဲမှာ မျောက်တွေက သောင်းကျန်းက သောင်းကျန်းပါဘိ သနဲ့ ...''

''အဲ .. မျောက်က လူလောက် မယုတ်မာပါဘူး ဆရာရယ် ...''

ငထွန်းကြီး အမူးရှိန်ပြေစပြုပြီ ဖြစ်၍ စကားကို သူ့အဓိပ္ပာယ်၊ သူ့အတွင်းရေးနှင့် သူပြောနိုင်စ ပြုနေချေပြီ။

ပြီးတော့ တုတ်တစ်ချောင်းကိုယူပြီး ကျွတ်ကျကျန်ရစ်ခဲ့သော သူ့မိန်းမ ဖနီးအကောင်းစား မယဉ်ကျေးလေးရဲ့ ထဘီကို ထိုးကော်ကာ သူ့မိန်းမထွက်ပြေးရာ တောထဲဝင်သွားတယ်။

တောခေါင်းကြီး ကိုအုံးသိန်း ဒီတော့ ပြုံးကျဲကျဲ လုပ်နိုင်လာတယ်။

အရက်ကုန်နေပေမယ့် ဝါးစားပွဲမှာ ခုအချိန်အထိ ဖေါင်တောင်တောင်နဲ့ ထိုင်ဆဲရှိနေသေးတဲ့ ငမဲကြီးနှင့် ငတေကြီးတို့ကို တောခေါင်းကြီး ကိုအုံးသိန်းက လှမ်းမှာတယ်။

''ငတေနဲ့ ငမဲကြီး''

''ဗျာ ... ဆရာကြီး''

''နေ့လယ်ကျရင် ငထွန်းကြီး အမူးပြေလောက်ပြီ။ အရက်ထပ်မသောက်စေနဲ့။ သူ့မိန်းမနဲ့သူ့ကို ဆင်ဝိုင်းအလုပ်စခန်းရုံးကို လွှတ်လိုက်။ ခုလာတာ ငါတစ်ယောက်တည်းမဟုတ်ဘူး။ မြို့ပေါ်က တောအုပ် ဦးတင်ဝင်းနဲ့ တောအုပ်ကြီး ဝရဇိန်ဦးဘမင်းတို့ ပါလာတယ်။ သူတို့အဖွဲ့ ဒီတစ်ညကြို့ပင်ထိုး ဆင်စခန်းဝိုင်းဘိုတဲမှာ စခန်းချပြီး စစ်ဆေးစရာရှိတာတွေ စစ်ဆေးလိမ့်မယ် ...''

''ဟာ ... ဒါဆို သွားပါပြီ။ ငထွန်းကြီးတော့ အောင်သာဇံလို အလုပ်ပြုတ်ပြီပေါ့''

''ဒါတွေ မင်းတို့အလုပ် မဟုတ်ဘူး။ ခု ... သူတို့လာတာက တို့ကြို့ပင်ထိုးစခန်းအဝိုင်းက စွယ်စုံဆင်ကြီးနှစ်ကောင်ကို တောလိုက်မုဆိုးတွေ သတ်သွားမှု မပေါ်တာနဲ့ ဆက်စပ်နေတယ်။ အဲဒါ လာစစ်ကြရင်း ဒီဂြိုဟ်ကောင်လင်မယားရဲ့ ရန်ပွဲနဲ့ လာတိုးတာပဲ။ အဲဒီဆရာကြီးတွေလည်း ဆက်မကြည့်ရဲလို့ တာဝန်ခံဖြစ်တဲ့ ငါ့ကို ထားခဲ့ပြီး ဘိုတဲထွက်သွားကြတာပဲ။ ငထွန်းကြီးတို့လင်မယား ဆွမ်းခံရင်း ငှက်သင့်ပေါ့ကွာ ...''

''သူတို့ လင်မယားကလည်း လွန်ပါတယ် ...''

ဝိုင်းတစ်ဝိုင်းမှ လူတစ်ယောက်က ဝင်ပြောလိုက်သဖြင့် ငတေကြီးက မျက်ထောင့်နီနှင့် လှမ်းကြည့်ကာ –

''မင်းက အဆင်းမှာ ဘီးတွန်းပေးချင်လို့လား။ အချင်းချင်းတွေ မလုပ်ပါနဲ့။ လင်နဲ့မယား လျှာနဲ့ပါးစပ်တဲ့ကွ ...''

''ငတေကလည်း ပြောလည်း မပြောတတ်ဘဲနဲ့။ လင်နဲ့မယား လျှာနဲ့သွားပါကွ ...''

''ဟော့ကောင် ငမဲ။ ဆရာကြီးရှေ့မှာ ပဏ္ဍာယူမနေနဲ့။ လျှာနဲ့ပါးစပ်လည်း မထူးပါဘူး။ လျှာနဲ့သွားလို မကြာမကြာ ထိမိနေတာပဲ။ လျှာနဲ့ပါးစပ်ဆိုတော့ သွားလို အမာစားမဟုတ်တော့ အထိမနာဘူးလေ''

''အေး ... အေး ဘယ်လိုပဲဖြစ်ဖြစ် အဲဒီနှစ်ကောင်ကို ဆင်စခန်းရုံးက ငါ့ဆီကို အရင်ခေါ်လာခဲ့။ မင်းတို့လည်း မြို့ပေါ်က အရာရှိကြီးတွေ ရောက်နေတုန်း သိပ်သောက်မနေကြနဲ့ ကြားလား''

''ဟုတ်ကဲ့ပါ ... ဆရာကြီး''

• • • • •

(ခုနစ်)

တောခေါင်းကြီး ကိုအုံးသိန်းမှာ သူတို့ကြို့ပင်ထိုး ဆင်စခန်းဝိုင်းမှာ လက်ပွန်းတတီးနေသူမို့ သူတို့အပေါ် နားလည်မှုပေးထားနိုင်တဲ့လူ၊ သူတို့ဆရာအရင်း။

ထိုနေ့က မဘိန်းသစ်ထုတ်လုပ်ရေးစခန်းမှာရော၊ မိုးမိတ်မြို့နယ် သစ်တောဦးစီးရုံးကရော၊ ကြို့ပင်ထိုးဆင်



www.burmeseclassic.com

www.burmeseclassic.com

စခန်းအပိုင်မှာ စွယ်စုံဆင်ကြီးနှစ်ကောင် အသတ်ခံရမှုနှင့် ကွင်းဆင်းစစ်ဆေးလာစဉ် ငထွန်းကြီးတို့ လင်မယားကိစ္စနဲ့ ပက်ပင်းတိုးသွားတာကိုး။

တောထဲကောင်ထဲမှာ နေနေကြတဲ့ သူတို့သစ်လုပ်ငန်းအဖွဲ့သားတွေရဲ့ ဘဝကို နားလည်မှုပေးနိုင်တဲ့ အရာရှိတွေမို့ တော်တော့တယ်။

သစ်တောအုပ်ကြီး ဂရဇိန်ဘမင်းဆိုရင် သတ်မှတ်တောတွေ တောင်တွေမှာ သူ့လိုအရာရှိ အရာခံတွေနဲ့ တောလိုက်ထွက်တတ်ပြီး ဒီလို တောကြီးခေါင်ခေါင်မှာ ရှာတည်နေတဲ့ လူတွေရဲ့ အလေ့အထကို သိထားသူပီပီ သူ့နောက်ပါ အရာရှိတွေနဲ့ တမင်ကို ရှောင်ထွက်ခဲ့တာပဲ။

"ကြမ်းတော့ တော်တော်ကြမ်းတယ်ဗျာ။ နှစ်ကောင်စလုံး သိပ်ရိုင်းရိုင်းတွေပဲ။ ဒါပေမယ့် ဒီကိစ္စဟာ လင်မယားကိစ္စ။ ကျုပ်တို့ဝင်ပြီး ဖြေရှင်းရမယ့်ကိစ္စ မဟုတ်ဘူး။ သူ့အပိုင်ကြို့ပင်ထိုးစခန်းက တောခေါင်းကြီးပဲ ဝင်ပြီး ဖြေရှင်းပေးလိုက်ပါ။ ကျွန်တော်ကို့ ဘိုတဲကို ဆက်သွားကြမယ် ..."

အဲဒီလို အဖွဲ့အကြီးအကဲက တောခေါင်းကြီး ကိုအုံးသိန်းလက်ထဲ အပ်ခဲ့သဖြင့် ငထွန်းကြီးတို့ အသက်ရှူချောင်သွားခဲ့ကြရတာပေါ့။

တောခေါင်းကြီး ဦးအုံးသိန်း ငထွန်းကြီး၏အဖော် ငတေကြီး၊ ငမဲကြီးတို့ကိုမှာပြီးထွက်အသွား ဦးနှောက်စားသွားတာက ငတေကြီးနှင့် ငမဲကြီးပဲ။

"ဟော့ကောင် ငမဲကြီး၊ တောခေါင်းကြီးပြောသွားတာ ကြားလား"

"ငါလည်း မင်းလို နားလေးတဲ့ကောင် မဟုတ်ပါဘူး။ ကြားပါတယ်ကွ"

"ကြားရင် အချိန်မီအောင် တို့ငထွန်းကြီးနဲ့ သူ့မိန်းမ ဝင်သွားတဲ့ တောထဲကို လိုက်ကြစို့ ..."

"ဘယ်လိုအချိန်မီအောင်လဲ"

"ဆရာကြီးက သူရှိတဲ့ ဆင်အလုပ်စခန်းရုံးကို နေ့လယ်လောက်ကျရင် ငထွန်းကြီးနဲ့ သူ့မိန်းမကိုခေါ်ပြီး လိုက်ခဲ့ဆိုတာ"

"ခေါ်ပြီးလိုက်ခဲ့ မဟုတ်ပါဘူးကွာ။ တို့က တရားခံတွေမှ မဟုတ်ဘဲ။ အဓိကတရားခံဖြစ်တဲ့ ငထွန်းကြီးနဲ့ သူ့မိန်းမ မိအေးနုကို တောထဲမှာ တွေ့အောင်ရှာပြီး သူ့ဆီကို ရောက်အောင် လွှတ်လိုက်ဖို့ ပြောသွားတဲ့ဟာ ..."

"အေး ... အေး ... အဲဒါပဲ။ ငါနားလည်သလို ပြောတဲ့ဟာ။ တရုတ်ကြီးနဲ့ ပေါက်ဖော်ကြီး အတူတူပါပဲကွာ"

"လုပ်ပြန်ပြီ။ မင်းက စကားကို ကပ်ပိုးကပ်ဖဲ့ အင်မတန် ပြောတဲ့ကောင်။ ကုလားကြီးနဲ့ အရာကြီး အတူတူပဲလို့ ပြောတာသာ ကြားဖူးပါတယ်။ မင်းကျမှ တရုတ်ကြီးနဲ့ ပေါက်ဖော်ကြီး ..."

"အဲဒါလည်း အတူတူပဲ မဟုတ်လား ..."

"အတူတူတော့ အတူတူပါပဲ။ ဒါပေမယ့် တစ်မျိုးကြီး ဖြစ်ဖြစ်သွားတယ်။ ခု ... ငထွန်းကြီးတို့ ဝင်သွားတဲ့ တောထဲကို ဝင်သွားရမယ်ဆိုတော့ ငါစိုးရိမ်တာ တစ်ခုရှိတယ် ..."

"ဘာကို စိုးရိမ်တာလဲ ..."

"တကယ်လို့ ငထွန်းကြီးက တို့တောထဲဝင်သွားတဲ့အထိ သူ့မိန်းမ မိအေးနုကို မတွေ့သေးဘူး ဆိုရင်ကော"

"ငထွန်းကြီးကို တောခေါင်းကြီးမှာသွားတဲ့စကားကို ပြောပြီး သူ့မိန်းမကို တွေ့အောင်ရှာခိုင်း။ တို့နှစ်ယောက်က ပြန်လာပေါ့ကွာ ..."

"အိမ်း ... ဒါပေမယ့် ငထွန်းကြီးနဲ့ အရင်မတွေ့ဘဲ သူ့မိန်းမ မိအေးနုနဲ့ အရင်တွေ့ရင်ကော ငါတို့ ဘယ်လိုလုပ်မလဲ ..."

"ဟ ... ဘယ်လိုလုပ်ရမလဲ။ တောခေါင်းကြီး မှာသွားတာပြောပြီး သူ့ယောက်ျား ငထွန်းကြီးကို တွေ့အောင်ရှာပြီးတော့ တောခေါင်းကြီးရှိတဲ့ ဆင်အလုပ်စခန်းဝိုင်းကို အချိန်မီသွားကြဖို့ပြောပြီး ပြန်လာကြတာပေါ့"

"ဟာ ... မင်းပြောတာတော့ ဟုတ်ပါပြီ။ မိအေးနုနဲ့ ငထွန်းကြီးနဲ့ အရင်မတွေ့လို့ ငထွန်းကြီး ယူလာတဲ့ ထဘီ မိအေးနု မဝတ်ရသေးဘူးဆိုရင် တို့နဲ့ မိအေးနုတွေ့လို့ ဖြစ်ပါ့မလားကွ။ ငါတော့ ရှက်တယ် ..."

"မင်းလိုကောင်က ဒီအထိတွေးပြီး ရှက်နေရသလား။ ရန်ဖြစ်ပြီး အဲဒီလင်မယား သဲသဲမဲမဲ သတ်နေတုန်းကတော့ ထိုင်ကြည့်နေပြီးတော့ ..."

"ဒါက ဖြုန်းစားကြီးကိုး။ ခုသွေးအေးသွားတော့ ရှက်စရာကြီး။ ငါတော့ မျက်လုံးထဲကကို မထွက်တော့ဘူး။ သူတို့မျက်နှာကိုမြင်လေ အဲဒီမြင်ကွင်းဆိုးကြီးကို ဖျောက်လို့မရလေပဲ ..."

"ဒါပေမယ့် တောခေါင်းကြီးစကားကို ငါတို့ လွန်ဆန်လို့ မဖြစ်ဘူးလေ။ ရှေ့မျက်နှာ နောက်ထားပြီး သွားရမှာပဲ။ မိအေးနုကလည်း မပေါ်



www.burmeseclassic.com

www.burmeseclassic.com

ဘူးကွ။ သူ့ယောက်ျား ငထွန်းကြီး လိုက်ရှာတာမတွေ့လို့ တောထဲဝင် ပြေးရာက ထဘီမဝတ်ရရင် တောထဲ က သစ်ရွက်တွေကို နွယ်ကြိုးနဲ့သီပြီး ဝတ်စုံချုပ်ဝတ်၊ တောတွင်းအရိုင်းမယ် ကလေးလို သူ့အရှက်သူ လုံအောင် ဖုံးပြီး အိမ်တော့ပြန်လာမှာပေါ့''

''အေး ... အေး ဟုတ်တယ် ကွ။ ကောင်မကိုက ဒီလောက် အတုံး အအမှ မဟုတ်ဘဲ။ မင်းပြောသလို မင်းရဲ့ဉာဏ်မျိုးတော့ ရှိမှာပေါ့။ အဲဒါ မိန်းမဉာဏ်ပဲ။ အဲဒီလို မိန်းမဉာဏ်တွေ မင်းခေါင်းထဲမှာရှိနေတာ ငါအသိ နောက်ကျလိုက်တာ''

''ခွေးမသား ... ငါ့ကို မိန်းမ ဉာဏ်ရှိတဲ့ကောင်လို့ မင်းက စော်ကား တာပေါ့လေ ...''

''စော်ကားတာ မဟုတ်ဘူး။ မင်းဉာဏ်သွားတာကို အထင်ကြီးပြီး ပြောတာ။ ကဲ ... တောထဲဝင်မယ်ဆို ရင် အချိန်ရှိတုန်းဝင်မှ။ ဒါပေမယ့် ဒီအတိုင်းဝင်လို့မဖြစ်သေးဘူး ငတေရ။ အရက်ကလေးတစ်လုံးလောက် ထပ် မှာပြီး မင်းနဲ့ငါ တစ်ပိုင်းစီ ဟဲပြီးဝင်မှ ကောင်းမယ်နဲ့တူတယ် ...''

''မင်းဟာက တစ္ဆေသရဲနဲ့ တွေ့ မှာကို ရဲဆေးတင်ပြီး တောထဲဝင်မယ့် သဘောမျိုးပဲ ...''

''သူတို့က တစ္ဆေသရဲထက် ကြောက်စရာကောင်းတာ မင်းနဲ့ငါ ကိုယ်တွေ့မျက်မြင်ပဲဟာ ...''

''ဒါဆို ... ဟေ့ အပုချေ ...''

''ဘာလဲဗျာ ...''

''ဘာလဲဗျာ အသာထား။ ငါတို့ ကို ထွေးညိုတစ်လုံးနဲ့ ကြွက်ကြော် တစ်ပွဲချပေး ...''

''ခင်ဗျားတို့ ကြွက်ကြော် ဘယ် တုန်းက စားကြလို့လဲ ...''

''စကားမရှည်နဲ့။ ကြွက်ကြော် ချဆို ချပေး။ ခုဟာက ငထွန်းကြီး အတွက်ပဲကွ။ သူ့အကျိုးဆောင်ရွက်ရ ဘာ သူမပေးယည်း ကြွက်ကြော်ဖိုးကို ဘို့နှစ်ယောက် ခံနိုင်တယ် ...''

''ဒါဆို ပြီးရော ...''

အပုချေ တောအရက်တစ် ပုလင်းနဲ့ ကြွက်ကြော်တစ်ပွဲ ဖန်ပန်းကန် ပြား အစုတ်ကလေးနဲ့ လာချတယ်။

သူတို့နှစ်ကောင် တစ်ခါတလေမှ မြည်းရသော ကြွက်ကြော်အတုံးကို ကောက်မဝါးသေးဘဲ အရင်ဆုံး အကြမ်းပန်းကန်ထဲ အရက်ထည့်ငှဲ့ သောက်ပြီးမှ ကြွက်ကြော်တုံးကို ကောက်ဝါးတယ်။

ငမဲကြီးက ကြွက်ကြော်ဝါးနေတဲ့ ငတေကြီးကို လှမ်းမေးတယ်။

''ဘယ့်နှယ်နေလဲ ငတေကြီး''

''ဘယ့်နှယ်နေရမလဲ ကြွက် ကြော်က ကြွက်ကြော်လိုပဲ နေမှာပေါ့ ကွ ...''

''သိပါဘူး။ ကြွက်ကြော်က မိအေးနုလို ကြွပ်ကြွပ်ရွရွကြီးလားလို့''

''ခွေးမသား ... မင်းမြည်း ကြည့်တော့သိမှာပေါ့။ ထွီ ... ရွံစရာ ကြီး''

''ရွံစရာတယ်ကောင်းဆိုပဲ ... ဟိ ... ဟိ ...''

သူတို့နှစ်ယောက် သဘောကျ စွာနဲ့ ကြွက်ကြော်ငှိုကာ ဖွင့်နေတုန်း နောက်ခိုင်းထိုင်နေတဲ့ ငမဲကြီးရဲ့ ကုပ်ပိုးကို နောက်ကနေ ခပ်ဆတ် ဆတ် ဖျောင်းခနဲ အုပ်လိုက်တာကို ခံရပြီး ငမဲကြီး ရှေ့ငိုက်ကျအသွား ...

မျက်နှာချင်းဆိုင် ရောက်နေတဲ့ ငတေကြီးက ငမဲကြီးနောက်ကို ရောက်နေတဲ့ ငထွန်းကြီးကို တွေ့သွား ပြီး ...

''ဟာ ... ငထွန်းကြီး၊ ဘယ် တုန်းက တောထဲကနေ ပြန်ထွက်လာ သလဲ။ ငါတို့ ခုပဲ တောထဲဝင်ပြီး မင်း ကိုရှာပြီး တောခေါင်းကြီးမှာတာ ပြော မလို့။ မင်းမိန်းမကော တောထဲမှာ တွေ့ခဲ့ရဲ့လား''

''တွေ့ခဲ့တာပေါ့ကွ။ ငါ့မိန်းမပဲ ငါဘယ်နေရာမှာ ရှာရမယ်ဆိုတာ သိ ပြီးသားပဲဟာ။ ငါတို့နှစ်ယောက်တွေ့ ပြီး တောထဲကနေ အိမ်ကိုပြန်ရောက် တာ ကြာပြီ။ မင်းငဒို့ကို လိုက်ရှာခိုင်းပြီး ငါတို့ကို တောခေါင်းကြီး မှာသွားတဲ့ အကြောင်းကို ငါ ဘိုတဲနားက ဦးလေး ဖြိုးပြောလို့ သိရပြီးပြီ။ မင်းတို့ တော် တော်စိတ်ချရတဲ့ ကောင်တွေ။ ခုအထိ ငါတို့ကိုရှာဖို့ တောထဲကို မဝင်နိုင်သေး ဘူး ...''

''ဘယ်ဝင်နိုင်သေးမလဲ။ ခုထိ မျိုလို့ဆိုလို့ မပြီးနိုင်သေးတဲ့ဟာ။ ဆက် ပြီး မျိုကြစို့ကြ။ တောထဲဝင်ပြီး ကျုပ် တို့လင်မယားကိုလည်း အပင်ပန်းခံပြီး ရှာမနေနဲ့တော့။ လာ ... ယောက်ျား တောခေါင်းကြီးဆီ ကျုပ်တို့ အချိန်မီ သွားကြရအောင် ...''

ငထွန်းကြီးနောက်က ရောက် လာတဲ့ ငထွန်းကြီးမိန်းမ မိအေးနု စကားကြောင့် ငတေကြီးနဲ့ ငမဲကြီးတို့ ကိုယ့်အပြစ်နဲ့ကိုယ် မျက်နှာတွေ ရှက် အမ်းအမ်း။ ဒါပေမယ့် အရက်ကြိုက် လွန်းတဲ့ ငထွန်းကြီးက ...

''ဆရာကြီးဆီ မသွားခင် တစ် ခွက်တစ်ဖလား ချသွားမလားလို့



www.burmeseclassic.com

www.burmeseclassic.com

ကြွက်ကြော်ကလေးကလည်း မြည်းရခဲပါဘိနဲ့"

ဆိုပြီး ပုလင်းကို လှမ်းကိုင်မလို့ လုပ်လိုက်တော့ သူ့မိန်းမ မိဂျမ်းဒေါ်အေးနုက ငထွန်းကြီးရဲ့ နားရွက်ကို လက်တစ်ဖက်နဲ့ ဆွဲပြီး ...

"ဆရာကြီးခေါ်ထားတဲ့ဟာကို သောက်သွားလို့ ဖြစ်မလား။ တော်က ဆရာကြီးကို မလေးစားပေမယ့် ကျုပ်က လေးစားရမယ်တော့။ ဆရာကြီးက ကျုပ်တို့အပေါ် အင်မတန်ကောင်းတာ။ လာလိုက်ခဲ့။ အပြန်မှ အဲဒီအရေတွေ အဲဒီသေနာတွေနဲ့ တော့်ဘာသာ အသေသောက်ချင်သောက် ..."

လို့ပြောပြီး ဆွဲခေါ်သွားလေရဲ့။

သူတို့လင်မယားရဲ့ အပြောအဆိုနဲ့ မိန်းမနောက် တကောက်ကောက်ပါအောင် လိုက်သွားရရှာတဲ့ သူတို့ဘော်ဒါ ငထွန်းကြီးကိုကြည့်ပြီး ငမဲကြီးတို့ မှတ်ချက်ချလိုက်ကြတယ်။

"ဟင်း ... ခုတော့လည်း သူတို့မဟုတ်သလိုပါပဲလား ..."

"ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

•••••

(ကိုး)

မိန်းမများ ကြောက်စရာ အင်မတန်ကောင်းတယ်ဆိုတာ ဒါမျိုးကို ပြောတာလား မသိ။

သူ့အဖေ၊ သူ့အမေ၊ သူ့နှမ၊ ကိုယ့်နှမ၊ ကိုယ်ချင်းစာပြီး မပြောအပ်မဆိုအပ်ပါက နားနဲ့မနာ ဖဝါးနဲ့နာကြပါလို့ပဲ ပြောချင်ပါတယ်။

ကြည့်ဗျာ ...။

တောခေါင်းကြီး ကိုအုံးသိန်းက စိတ်ရှည်ခွင့်လွှတ်ပြီး သူတို့လင်မယားနှစ်ယောက်ကို လိမ္မာရေးခြားရှိအောင် အာပေါက်လုမတတ် ဆွေမျိုးသားချင်း အရင်းလို ဆိုဆုံးမတယ်။

"ငထွန်းကြီး မင်းအသက် ဘယ်လောက်ရှိပြီလဲ ..."

"သုံးဆယ့်ငါးနှစ်ပါ ဆရာကြီး"

"မင်းလည်း ငယ်တော့တဲ့အရွယ်မှ မဟုတ်တော့တာဘဲ။ တို့လူမျိုးတွေရဲ့ ဆိုစကားအရ ဒုတိယအရွယ်ထဲကို ရောက်နေပြီ။ အသက်သုံးဆယ်မှာ မင်းရဲ့အဖေ လက်ထက်ပွား ဆင်ကြီးဘကောင်းကို လက်လွှတ်လိုက်ရတယ်။ မင်းဘဝဟာ တိုးတက်လာဖို့ထက် ဆုတ်ယုတ်သွားတာကို မင်းသတိထားမိရဲ့လား ..."

"သတိထားမိပါတယ် ဆရာကြီး"

"ဘယ်လို သတိထားမိတာလဲ"

လျှာနည်းတဲ့ ငထွန်းကြီးဟာ မိအေးနုဘက် မျက်စိတစ်ချက် စွေကြည့်ပြီး ...

"ဒီမိန်းမကြောင့် စီးပွားပျက်ပြီး ဆင်ကြီးဆုံးရှုံးသွားတာကို သတိထားမိပါတယ် ..."

"ဟေ ..."

"ဟော့တော် ... ရှင် ... ဘာလူပါးဝစကား ပြောတာလဲ ..."

ငထွန်းကြီးမိန်းမ မိအေးနုက မဟုတ်မခံ ဖက်ဖက်ကြဲဆိုတော့ သူတို့ဆရာ တောခေါင်းကြီး ကိုအုံးသိန်းရှေ့မှာပေမယ့် မအောင့်အည်းနိုင်ဘဲ ထသတ်ဟန် တပြင်ပြင်ဖြစ်သွားတယ်။

"ဟဲ့ ... မိအေးနု ... နေစမ်း။ ငါ့ရှေ့မှာ ပြဿနာမရှာနဲ့။ ဒီတစ်ခါရှာရင် ရှာတဲ့လူ ဒီစခန်းက အပြီးအပိုင်ထွက်သွားရလိမ့်မယ်။ ငါ့အထက်က အရာရှိကြီးတွေ ရောက်နေတာ နင်တို့အသိပဲ။ ငါက မနိုင်တော့ပါဘူး။ ဆိုဆုံးမလို့ မရတော့ပါဘူးဆိုရင် နင့်လင်လည်း ဒီစခန်းက ထွက်သွားရမယ့်အပြင် တခြားသစ်တောနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေမှာလည်း ဘယ်လိုမှဝင်ပြီး လုပ်ကိုင်စားသောက်လို့ မရအောင် ဖြစ်သွားမယ်။ မိအေးနု နားလည်ရဲ့လား ..."

သူတို့ကို ဒီလိုမှ သာသာထိုးထိုး မပြောရင် မဖြစ်လို့ ပြောလိုက်ရတယ်။

"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာကြီး"

"ငထွန်းကြီးကော နားလည်ရဲ့လား ..."

"နားလည်ပါတယ် ဆရာကြီး"

"နားလည်ရင် ဆင်ဆင်ခြင်ခြင်နေကြ။ တစ်ယောက်က အမှားရှိရင် တစ်ယောက်က အမှားကိုပြင်။ ငထွန်းကြီးအမှားက အရက်ကို နေ့မလင်း၊ ညမလင်း စွဲစွဲမြဲမြဲ သောက်တာပဲ။ တောထဲတောင်ထဲမှာ ဆင်သမားဆိုတော့ အကြမ်းပတမ်းဒဏ်ခံနိုင်အောင် သောက်ရတယ်ဆိုပေမယ့် မင်းဟာက လွန်လှပြီ။ ထမင်းမေ့၊ ဟင်းမေ့၊ ပြီးတော့ မိန်းမမေ့။ အဲဒါကို ငထွန်းကြီး မင်းသိရဲ့လား ..."

"သိပါတယ် ဆရာကြီး ..."

"ဘယ်လို သိတာလဲ ..."

"ဆရာကြီးပြောမှ သိပါတယ် ဆရာကြီး ..."

"မင်းကွာ ... တယ်ခက်တဲ့ကောင်။ ခု သိပြီဆိုရင် ပြင်ပေတော့ မင်းကို ဖျက်နေတာ အရက်ပဲ။ အရက်ကိုမနိုင်ရင် မသောက်နဲ့။ မင်းကိုယ်မင်း

www.burmeseclassic.com

သိ။ အရက်ကြောင့် မင်းဘယ်လောက် အရှက်ရနေပြီလဲ။ အရက်က မင်းကို စီးပွားရေးရော၊ အိမ်ထောင်ရေးရော ဘယ်လောက်ဖျက်ဆီးပစ်လိုက်သလဲ ဆိုတာ မင်းဆင်ခြင်ကြည့်။ မင်းကိုယ် မင်း ပြင်ပါကွာ။ လူဆိုတာ ပျက်အစဉ် ပြင်ခဏာပါ ...''

ငထွန်းကြီးအတွက် သူ့ကို ညီ အစ်ကိုလိုချစ်သော ဆရာရင်း တောခေါင်းကြီးကိုအုံးသိန်းရဲ့ စကားတွေက ရူး ႋနင့်နင့် ဖြစ်စေတယ်။ မျက်ရည် ဖြိုင်ဖြိုင် ကျစေတယ်။

''ဆရာကြီး ကျုပ်ပြင်ပါတော့မယ်ဗျာ။ ကျုပ် ဒီကြိုဟ်မွှေတဲ့အရက်ကို ဖြတ်ပါတော့မယ် ဆရာကြီး ...''

''အေး ... အေး မင်းက အဲဒီလို ဆင်ခြင်မယ်ဆိုရင် သူ့အမှား၊ ကိုယ့်အမှား အားလုံးမေ့ပစ်လိုက်။ မိအေးနုကလည်း မိအေးနုဘက်က ချို့ယွင်းတာတွေရှိရင် သူပြင်သလို နင်လည်း ပြင်ပေတော့''

''ဆရာကြီး ... ကျွန်မဘက်က ဘာမှားနေလို့ ဘာကိုပြင်ရမှာလဲ''

မိအေးနုရဲ့ ပြန်လှန်ပြီး မသိသားဆိုးရွား အမေးစကားကို တောခေါင်းကြီး ကိုအုံးသိန်းက အကြောင်းရင်းသိထားသူပီပီ ချက်ချင်း ဖြတ်ဝင်လိုက်တယ်။

''နင်ဘာမှားလို့ ဘာကိုပြင်ရမလဲဆိုတာ ငါက အတိအကျ ပြောနေရမှာလား။ နင့်အမှား နင်သိမှာပေါ့။ ငါ့စခန်းမှာ ဘာတွေဘယ်လိုဖြစ်နေတယ်၊ ဘယ်သူတွေ ဘာတွေလုပ်နေတယ်ဆိုတာ ငါသိပြီးသားပဲ။ ဒါကို ငါက အတိအကျလိုက်ပြီး ပြောနေရမှာလား။ ကဲ ... နင်တို့ဘာသာနင်တို့ သိထားပေတော့။ ရှေ့ဆက်ပြီး မဟုတ်မဟတ်တွေ ထပ်ကြားနေရမယ်ဆိုရင်တော့ ဒီကြို့ပင်ထိုးစခန်းက ပြောင်းသွားဖို့ ပြင်ထားကြပေတော့''

တောခေါင်းကြီး ဦးအုံးသိန်းလည်း မိအေးနုကို ကြည့်မရတော့တာနဲ့ မြန်မြန်စကားဖြတ်ပြီး နှစ်ကောင်စလုံးကို အိမ်ပြန်လွှတ်လိုက်တယ်။

ဒီတစ်ကြိမ်လည်း သူတို့ပြဿနာကြောင့် ကြို့ပင်ထိုးစခန်းက ထွက်မသွားကြရပေမယ့် မိအေးနု ဒီပြဿနာဖြစ်ရတာ သူ့လင်အရက်သမား ငထွန်းကြီးကြောင့်ဆိုပြီး ပိုလို့အမျက်သိုမိတယ်။ စိတ်ကောက်တယ်။

လမ်းမှာ သူ့လင်ငထွန်းကြီးကို လာတုန်းကလို ကြည်ကြည်သာသာ မဟုတ်တော့ဘူး။

ရှေ့ကနေ ခြေကို မြေတုန်မတတ် ဆောင့်ဆောင့်လျှောက်ပြီး အိမ်ကိုပြန်တယ်။ စကားလည်း လုံးဝ မပြောတော့ဘူး။

အဲဒီနေ့က ထမင်းဟင်းတောင် ညနေစာမချက်ဘဲ အိုးမှောက်ခွက်မှောက်လုပ်လို့ ငထွန်းကြီး ညစာငတ်သွားရတယ်။

မိအေးနုကိုတော့ အောင်သာဖံရဲ့ သေတင်းကုပ်မှာ ခွက်ထိုးခွက်လန်သောက်လေ့ရှိတဲ့ အလုပ်မရှိ အကိုင်မရှိ အောင်သာဖံနိုင်းဖက် ထမင်းစားကျွန်ခံ၊ အရက်သောက် ငတီးဆိုတဲ့ကောင်က အောင်သာဖံ အစီအစဉ်တိတ်တဆိတ် ထမင်းထုပ်ပို့ပေးလိုက်တာကို မိအေးနု ဝက်သားနဲ့ မျှစ်ချဉ်ဟင်း တဝတပြလွေးပြီး အိပ်ရေးဝဝအိပ်ပစ်လိုက်နိုင်တယ်။

အောင်သာဖံကလည်း စားနေကျ ကြောင်ဖားဆိုတော့ အိမ်မှာ ထမင်းဟင်း မရှိ၊ ညနေစာ အငတ်ခံထားရလို့ စိတ်ပျက်လက်ပျက်ဖြစ်ပြီး အရက်ဆိုင်ရောက်နေတဲ့ ငထွန်းကြီးရဲ့ အခြေအနေကြည့်ပြီး သူ့လက်ပါးစေ ငတီးကို အမှာစကား တီးတိုးထည့်ပြီး လွှတ်လိုက်တာဆိုတော့ အရက်သမား ငထွန်းကြီးခမျာ ဘယ်သိနိုင်ပါ့မလဲ။

ဒါ့ကြောင့် သူ့တပည့်ငတီးနဲ့ အရက်ကို ငထွန်းကြီး မမူး မူးလဲအောင် တစ်လုံးပြီးတစ်လုံးတိုက်၊ ကြွက်ကြော်တွေ ချဂကျွေးနဲ့ ငထွန်းကြီး အောင်သာဖံရဲ့ အရက်ဆိုင် ဝါးကွပ်ပျစ်မှာ လောကကြီးမေ့သွားတဲ့အထိ ကုလားသေ ကုလားမော မူးပြီး အိပ်ပျော်သွားတယ်။

•••••

(တစ်ဆယ်)

ယောက်ျားဖြစ်သူ ငထွန်းကြီးခမျာ မိန်းမစနက်နဲ့ အရက်ကို သူ့ရန်သူတော် အောင်သာဖံဆိုင်မှာ မူးအောင်သောက်ပြီး ဝါးကွပ်ပျစ်ပေါ်မှာ မူးမူးရူးရူး အိပ်ပျော်နေတဲ့ အဲဒီညမှာ

အခွင့်ကောင်း ချောင်းနေတဲ့ အောင်သာဖံ ငထွန်းကြီးမိန်းမ မိအေးနုတစ်ယောက်တည်းအိပ်နေတဲ့တဲကို ဘယ်သူမှမသိအောင် တိတ်တဆိတ် မှောင်ရိပ်ခိုပြီး ရောက်သွားတယ်။

သူ့တပည့် ငတီးနဲ့ ကြိုတင်စကား လမ်းကြောင်းထားတဲ့အတိုင်း မျောက်မ မိအေးနုက အဆင်သင့်ပေါ့လေ။

အဲဒီညက မိုးကလေးကလည်း တဖြောက်ဖြောက်နဲ့ဆိုတော့ ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုး

www.burmeseclassic.com

တို့ အကြည့်ဆိုက် အကြိုက်စည်နေတာပေါ့လေ။

မီးရောင်ကလေး မှိန်မှိန်မှာ သူတို့နှစ်ယောက်ရဲ့ အသံတွေက လေသံ ခပ်အုပ်အုပ်နဲ့ ခပ်တိုးတိုးလေး။

"အစ်ကိုရယ် ... အေးနုတော့ ဒီအရက်သမားနဲ့ အတူမနေချင်တော့ဘူး"

"အစ်ကိုကလည်း အေးနုကို အတည်ယူထားလိုက်ချင်ပါပြီ။ အေးနု အစ်ကို့တက် ပါမပါ စဉ်းစားချင့်ချိန်နေတာပါ ..."

"ဘယ်လို စဉ်းစားချင့်ချိန်နေတာလဲ အစ်ကို ..."

"သူနဲ့ အတူမနေချင်ရင် သူ့ကို အပြတ်ရှင်းပစ်တဲ့နည်းပဲ ရှိတော့တာပေါ့ အေးနုရဲ့ ..."

"ဘာလဲ ... အစ်ကို သူ့ကို သတ်ပစ်မလို့လား ..."

"အစ်ကို သူ့ကိုသတ်ပစ်လို့ ဘယ်ဖြစ်ပါ့မလဲ။ ခုအချိန်မှာ အဲဒီလို သတ်လိုက်ရင် အစ်ကိုသတ်တယ်လို့ လူတွေက စွပ်စွဲကြမှာ။ အေးနုနဲ့ အစ်ကို့အကြောင်းလည်း လူတွေက သိတန်သလောက် သိနေကြတာကိုး ..."

"ဒါဆို ဘယ်လိုသတ်မလဲ"

"အစ်ကို စဉ်းစားထားပါတယ်။ ဒီကောင်ကြီးက ကြက်ထောင်၊ ငုံးထောင် အင်မတန် ဝါသနာပါတာကိုး။ ဒါကြောင့် ဒီတစ်ခါ တောထဲ အကောင်ဘလောင် တစ်ကောင်ကောင်ရလို့ သူကင်းချက်ရင် မတည့်တာတစ်ခုခု အေးနုက သူမသိအောင် ထည့်လိုက်ရုံပဲ ..."

"အဲဒီမတည့်တာက ..."

"မှိုခြေကျင်းပဲ ...။ ခြေကျင်းပါတဲ့မှိုမှန်သမျှ အဆိပ်ရှိတယ်။ အဲဒီမှိုခြေကျင်းတွေ အစ်ကို အခြောက်ခံ ထုဆောင်းထားတယ်။ မနက်ဖြန် တောထဲကို အေးနုမျှစ်ချိုးလာရင် အစ်ကိုတပည့် ငတီးနဲ့ အစ်ကို အပေးလွှတ်လိုက်မယ်။ သူတောကြက်ထောင်လို့ ရလာရင် ဟင်းအိုးထဲ သူ့အလစ် ထည့်ခတ်ထားလိုက်ရုံပဲ။ အဲဒီမှာ ဒီကောင်ကြီး တောကြက်သား အရက်နဲ့မြည်း၊ မူးမူးနဲ့ကြွ၊ တစ်တောင်ငြိမ်း။ အေးနုနဲ့ အစ်ကိုနဲ့ ... ဟီး ... ဟီး"

"ဖျစ် ... ဖျစ် ... ဖျစ် ..."

"ဖြန်း ... ဖြန်း ... ဖြန်း ..."

"ဝေါ ... ဝရော ... ဝရော"

သူတို့နှစ်ယောက် မျောက်ဖတ်ခင်းပြီး အကြည့်စိုက်။ မတော်မတရား စကားတွေ တိုင်ပင်လို့ကောင်းနေတုန်း တဲထရံကို ဆွဲခွာသံနှင့်အတူ ...

တဲကြီးတစ်ခုလုံး သိမ့်သိမ့်ခါရမ်းသွားပြီးတဲ့နောက် ...

အေးနုအပေါ်က အောင်ဘဖံရဲ့ ကိုယ်လုံးကြီးကို ဆွဲမခြင်း ခံလိုက်ရတယ်။ မိအေးနု ပက်လက်အနေအထားကနေ လှမ်းမြင်လိုက်ရတာက ဆင်ကြီးတစ်ကောင်ရဲ့ နှာမောင်းနဲ့ အစွယ်ငေါ်ငေါ်၊ ကြီးမားတဲ့ ဦးခေါင်းကြီးပဲ။

အဲဒီဆင်ကြီးကို မိအေးနု သိနေတယ်။ သူ့လင်ငထွန်းကြီးနဲ့ မိအေးနုတို့ တစ်ချိန်က ပိုင်ခဲ့တဲ့ ဆင်ကြီးဘကောင်း။ သူ့သခင် ငထွန်းကြီး မဟုတ်တာလုပ်တာကိုတောင် လုံးဝလက်သင့်မခံတတ်တဲ့ သူတော်ကောင်းဆင်ကြီး ဘကောင်း။

ခုတော့ မိအေးနုကိုယ်ပေါ်က အောင်ဘဖံကိုယ်လုံးကို အားသန်တဲ့ သူ့နှာမောင်းကြီးနဲ့ ညှစ်လိမ်ပြီး မိအေးနုကို သူ့ရဲ့ အစွယ်ချွန်ကြီးနှစ်ချောင်းနဲ့ ဒေါသတကြီး ထိုးသတ်လိုက်လေရဲ့။

နှစ်ယောက်စလုံး အစွယ်ထုတ်ချင်းခတ်၊ သွေးတွေလည်း ပန်းထွက်လို့။ ဘယ်လောက် အရှိန်ပြင်းသလဲဆိုရင် အဲဒီအမြှောင်ဖာတ်ခင်းနေတဲ့ မျောက်နှစ်ကောင်နဲ့အတူ တဲကြီးပါ ဝုန်းခနဲ ပြိုကျလေရဲ့။

"အား ..."

"အမယ်လေး ..."

"ဝုန်း ..."

"အုန်း ... အုန်း ..."

တဲကြီးပြိုကျသွားသံ၊ မိအေးနုနဲ့ အောင်ဘဖံတို့ရဲ့ မချိမဆံ့အော်သံ၊ သွေးတွေအလူးလူးနဲ့ နေရာမှာတင် ရုပ်ပျက်ဆင်းပျက် အသက်ပျောက်အောင် ဆင်ကြီးဘကောင်းရဲ့ နင်းခြေသံ၊ ဝူးဝူးဝါးဝါး အော်ဟစ်သံတွေကြောင့် ကျို့ပင်ထိုး ဆင်စခန်းဝိုင်း တစ်ခုလုံး ဆူညံသွားတယ်။

ဟိုပြေးဒီလွှား ငရဲပွက်တာနဲ့ မခြား ဖြစ်သွားတယ်။

လူတွေက ဟိုပြေးဒီပြေးနဲ့ မီးတုတ်တွေကိုင်၊ လှံတွေကိုင်၊ ဓားတွေဆွဲပြီး ပြေးထွက်လာပြီး ထွန်းကြီး တဲပျက်ကြီးနား ဝိုင်းအုံလာကြပြီ။

ဆင်ကြီးဘကောင်းဟာ သူ့အင်မတန်ချစ်တဲ့ သူ့သခင်ဟောင်း ငထွန်းကြီးအတွက် နာမည်ကောင်းရနေတဲ့ ဆင်ကောင်းကြီးဘဝကနေ လူသတ်ဆင်ဆိုးကြီးအဖြစ် အနစ်နာခံ နာမည်ပြောင်းသွားသလို အဲဒီဆင်စခန်းက ဝေးရာကို ပြေးထွက်သွားလေရဲ့။

ကျော်မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

# လွန်ခဲ့သော ခြောက်နှစ်က ပျောက်ဆုံးခဲ့သော ကလေးမကို ရှာဖွေဆဲ

ညိုမင်းလွင်




ဗြိတိန်ရဲတပ်ဖွဲ့သည် လွန်ခဲ့သော ခြောက်နှစ်ကျော်က ပျောက်ဆုံးခဲ့သော သုံးနှစ်အရွယ်က ကလေးမလေး၏ ရှာဖွေပုံကို နည်းသစ်များဖြင့် ဆက်လက် စုံစမ်းလျက်ရှိကြောင်း ၁၄.၁၀.၂၀၁၃ သတင်းတွင် ဖော်ပြလိုက်သည်။


ကိတ်နှင့် ဂါရီမက်စီကိမ်းတို့သည် UK မှ ဆရာဝန်များဖြစ်ကြသည်။ ၂၀၀၇ ခုနှစ်၊ မေလ အားလပ်ရက်တွင် UK မှ ပေါ်တူဂီနိုင်ငံသို့ သမီးကလေး မက်ဒလင်းမက်ဆီကိန်း (၃)နှစ်နှင့် ခရီးထွက်ခဲ့ကြပြီး ပေါ်တူဂီရှိ စားသောက်ဆိုင်ဟွင် တည်းခိုခဲ့ကြသည်။ ထိုနေ့ညနေစောင်းတွင် မက်ဒလင်းကို တည်းခိုခန်းရှိ အိပ်ခန်းတွင် မိဘများက ထားပြီး ဟိုတယ်နောက်တက်ရှိ ဥယျာဉ်တွင် မိတ်ဆွေများနှင့် ညစာစားပြီး အပြန်တွင် မက်ဒလင်းသည် အိပ်ခန်းတွင်းမရှိတော့ဘဲ ပျောက်ဆုံးသွားသည်။ ဆရာဝန်မိဘများကြောင့် သေဆုံးလက်စဖျောက်သလော သံသယဖြင့် ပြဿနာပေါ်ခဲ့သည်။ ကမ္ဘာ့သူဌေးကြီးတို့ကလည်း "မက်ဒလင်း"ရှာဖွေရေးအတွက် အလှူငွေ ဒေါ်လာသန်းချီ ထည့်သော်လည်း မတွေ့ခဲ့ပေ။ ထိုကာလတွင် ပီရူးနိုင်ငံ၌ မက်ဒလင်းနှင့် ချွတ်စွပ်တူသော ကလေးမတစ်ဦး တွေ့သော်လည်း DNA စစ်ချက်အရ မက်ဒလင်းမဟုတ်ဟု ဆိုသည်။ ထိုရှာဖွေမှုကို မရပ်မနားဘဲ စဉ်ဆက်တစ်ဆိုက် စုံစမ်းခဲ့ရာ မက်ဒလင်းပျောက်သောနေ့တွင် လူတစ်ဦးက မက်ဒလင်းကို ခေါ်ဆောင်ပြီး ထိုဒေသ သဘာဝဥယျာဉ်တွင် မြင်ခဲ့ကြောင်း မျက်မြင်သက်သေနှစ်ဦးက ယခုလတွင် သတင်းပို့ခဲ့သည်။ သို့ဖြစ်၍ UK ရဲတပ်ဖွဲ့က "မက်ဒလင်း"လေး ပြန်တွေ့ရေးအတွက် မရပ်မနား ဆက်လက်စုံစမ်းမည်ဖြစ်ကြောင်း မိဘနှစ်ဦးက ဓာတ်ပုံဖြင့် ဖော်ပြခဲ့သည်။

ညိုမင်းလွင်(မော်ကျွန်း)

*Ref:-*


*In ernet News, 20.10.2013*

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ပလက်ဖောင်းမင်းသား

ကျော်မြသန်း

(ယခင်လမှအဆက်)

မြိုင်ရုံတွင် ပြဇာတ်များ ကပြနေခဲ့ရာမှ ပြဿနာတစ်ခု ပေါ်ခဲ့သည်။ စာရေးဆရာအသင်းမှ တင်ဆက်သည့် ပြဇာတ်။

ဂျပန်ခေတ်တွင် စာရေးဆရာအသင်းကြီးကို ပြန်လည်ဖွဲ့စည်းပြီးနောက် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် ဝိဇယပြဇာတ်ကို တင်ဆက်ခဲ့သည်။ ဂျပန်စစ်အာဏာပိုင်တို့၏ ခွင့်ပြုချက်ဖြင့် စာရေးဆရာအသင်းကြီးမှ တင်ဆက်ခြင်းဖြစ်၏။

ဝိဇယပြဇာတ်မှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေသော ဖက်ဆစ်ဂျပန်တို့၏ လူထုအပေါ် နှိပ်ထက်ကလူ နှိပ်စက်နေသည့် သရုပ်သကန်ကို သွယ်ဝိုက်၍ ဖော်ညွှန်းသည့် ပြဇာတ်ဖြစ်၏။

တပည့်တပန်း နောက်လိုက်နောက်ပါများနှင့် အမြဲတမ်း မူးယစ်သောက်စားပြီး တရားလက်လွတ် ပြည်သူများအပေါ် ညှဉ်းပန်းနှိပ်စက်နေသည့် ဝိဇယမင်းသားနှင့် နောက်လိုက်နောက်ပါများကို တိုင်းပြည်မှ နှင်ထုတ်စေခဲ့သည်။

ဖက်ဆစ်ဂျပန်တို့ကိုလည်း တစ်ချိန်သောအခါတွင် နှင်ထုတ်မည်ဟု လူထုအား နှိုးဆော်ပေးသည့် ရည်ရွယ်ချက်၊ ဦးတည်ချက်ဖြင့် တင်ဆက်သော ပြဇာတ်လည်းဖြစ်၏။

ဓားသွားထက် ကလောင်သွားထက်၏။ စာရေးဆရာကြီးများက ကလောင်သွားကို လှလှပပလေး အသုံးပြုလိုက်သည်။ ပြဿနာပေါ်လာသည်က သည်လို. . .။

ဝိဇယမင်းသား၏ နောက်ပါတပ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်က ပြည်သူ့အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောယက်ကို ရိုက်နှက်နှိပ်စက်ခန်းတွင် "ခူးရကား။ ဘက်ကဲရိုး"ဟု အော်ပြီး အမျိုးသား၏ ပါးကို ဘယ်ပြန်ညာပြန် ရိုက်နှက်သည့် အခန်း။

ဂျပန်စစ်သားတွေက မြန်မာတွေကို ပါးရိုက်သည့်အခါတိုင်း "ခူးရကား။ ဘက်ကဲရိုး"ဟု နှုတ်ထွက်အသံပြု၍ ရိုက်နှက်လေ့ရှိသည်။

ဂျပန်စစ်သားတို့ထံမှ "ခူးရကား။ ဘက်ကဲရိုး"အသံထွက်လာရင် လက်ဝါးနှင့်ပါး မိတ်ဆက်ရတော့မည်ကို မြန်မာလူမျိုးတွေက နောကျေပြီးသား။

သို့မို့ကြောင့် . . . ဝိဇယမင်းသားနောက်လိုက်က မြန်မာလူမျိုးတို့ အသားကျနေသည့် "ခူးရကား။ ဘက်ကဲရိုး" အပြောဖြင့် လက်စွမ်းပြ ရိုက်ခြင်းဖြစ်၏။

ပြဿနာပေါ်ပြီ . . .။

ဂျပန်ကင်ပေတိုင်တွေက ရှစ်စပ်က ဂျင်ခြေလည်သူတွေ။ ဘာကိုရည်ရွယ်ပြီး "ခူးရကား။ ဘက်ကဲရိုး"လုပ်မှန်း သိလိုက်ကြသည်။

တာဝန်ရှိသူတွေကို အမေးအမြန်း ရှိလာသည်။

"ခင်ဗျားတို့ရဲ့ ရာဇဝင်ဇာတ်လမ်း ဒိုင်ယာလော့ထဲမှာ ခူးရကား။ ဘက်ကဲရိုး ဆိုတာ ပါသလား"

"မပါပါဘူးခင်ဗျာ၊ မပါပါဘူး"

"ဒါဖြင့်ရင် ကျုပ်တို့နဲ့ လိုက်ခဲ့ပါ"

ဖြေရှင်းရမည့် ပြဿနာက လွယ်မယောင်နှင့် ခက်ပြီ။ တိမ်မယောင်နှင့် နက်လာပြီ။

"နိပွန်မာစတာများကို ချစ်ကြည်လေးစားတဲ့အနေနဲ့ ခေတ်စားနေတဲ့ လူအများနားလည်လွယ်တဲ့ ဂျပန်စကားကို အသုံးပြုလိုက်ခြင်း ဖြစ်ပါတယ်ခင်ဗျာ။ ဘယ်လိုရည်ရွယ်ချက်မှ မရှိပါဘူး"

ကင်ပေတိုင်တွေက လွယ်လွယ်လက်မခံ။ ကင်ပေတိုင်ရုံးကို ပါမသွားသူတွေက နောက်ပိုင်းကနေ ပြဿနာကို ဖြေရှင်းဖို့ ကြိုးပမ်းရသည်။

အေဝမ်းရုပ်ရှင်ကုမ္ပဏီက ဒ့သံဖမ်းအင်ဂျင်နီယာ ဂျပန်လူမျိုး မစ္စတာဝါတာနာဘေ၏ အကူအညီကို တောင်းခံပြီး လိုက်ရသည်။ လိပ်ခဲတည်းလည်း ဖြေရှင်းခဲ့ရသည်။ ကင်ပေတိုင်ကျေနပ်အောင် တောင်းပန်လိုက်ရသည်။ နို့မဟုတ်ရင်တော့ မလွယ်။

စာရေးဆရာကြီးတွေ အသက်ကြီးခါမှ လက်သည်းကျွတ်တော့မလို့။

မြိုင်ရုံမှာ ဖြစ်ပျက်ခဲ့ဖူးသည့် လူသိနည်းသော ဖြစ်ရပ်ကြောင်းလေးကို ဆရာကြီးများထံမှ တစ်ဆင့်စကား မှတ်သားနာယူဖူးလိုက်ရ၏။

ပြဇာတ်အကြောင်း ရေးရင်းမှ အလျဉ်းသင့်၍ ဖော်ပြလိုက်ရခြင်းပါ။

***

လူထင်ပြသည့်ပြဇာတ် ခေတ်စားလာသောကြောင့် အရိပ်ရုပ်ရှင်ပြသည်မှာ မေးမှိန်သွားသည်။ ပြဇာတ်အစ ဗဟန်း မြိုင်ရုံက။

နောက်တိုးပေါ်လာသည့် ရုပ်ရှင်ရုံများက ဂျပန်တွေဆောက်ခဲ့သည့် ရုပ်ရှင်ရုံ။ တည်နေရာမှာ စမ်းချောင်း၊ ပဒုမ္မာကွင်းဘေး ကွက်လပ်ကြီးထဲမှာ။

သစ်ဝါးအသစ်များဖြင့် အခိုင်အခံ့တည်ဆောက်ထားသည့် ရုပ်ရှင်ရုံကြီး။ ရုပ်ရှင်ရုံနာမည်က "ဆာကုရ"။

ဂျပန်စစ်အာဏာပိုင်များက သူတို့၏ ဝါဒဖြန့်စစ်ကားများနှင့် ဂျပန်လူမျိုးများအကြောင်း အမှတ်တင်ထားသည့် ဇာတ်ကားများ ပြသရန် ဆောက်လုပ်သည့်ရုံ။

ဂျပန်လို အတိအကျအသံထွက်ကိုတော့ မသိ။ မြန်မာလူမျိုးအများစုက မြန်မာအသံနှင့် အသိအမှတ်ပြုခေါ်ဝေါ်သည့် အခေါ်အဝေါ်များမှာ သုံးစဉ်နှစ်မျိုးထွက်သည်။ "ဆကုရ"၊ "ဆာကုရ"။ "ရ"ကို လျှာလိပ်သံနှင့်အသံထွက်သည်။

ပြသသည့် ဇာတ်ကားများမှာ ဝါဒဖြန့်စစ်ကားများ ဖြစ်သော်လည်း ကြည့်လို့ကောင်းသည်။ လေကြောင်းနှင့် ရေကြောင်းများကို အသားပေးထားသည့် စစ်ကားများ။

ရုပ်ရှင်ဝါသနာအိုး လူငယ်များ အကြိုက်တွေ့ကြသည်။ ထို့ကြောင့်လည်း ဆကုရမှ လူနည်းသည်၊ လူချောင်သည်ဟူ၍ မရှိ။

ဗုံးဘေး၊ စက်သေနတ်ဘေးသာမက လက်ဝါးစောင်းဘေး၊ လက်ဝါးဘေး၊ တုတ်ဘေး ရန်အသွယ်သွယ်ကို မမှုဘဲ ဆကုရရုံသို့ ချီတက်စုဝေးစမြဲ ရှိကြသည်။

ဆကုရရုံနှင့် အလှမ်းဝေးသည့် ကျောက်မြောင်း၊ တာမွေ၊ သယ်န်းကျွန်း ပရိသတ်များပင် စုရုံးရောက်ရှိကြသည်။ ဆကုရနှင့် အနီးဆုံး စမ်းချောင်း၊ ကြည့်မြင်တိုင်က လူတွေကတော့ ပင်တိုင်ပေါ့။

သွားရေးလာရေး အားကိုးအားထားနေရသည့် မြင်းလှည်းလမ်းကြောင်း

www.burmeseclassic.com

လည်း ကျသည်။ မြင်းလှည်းပေါ်က ဆင်းသည်နှင့် ရုံရှေ့ကိုရောက်သည်။ ဆကုရရုံမှာ လက်မှတ်အတွက် တိုးဝှေ့စရာမလို။ တန်းစီစနစ်။

လက်မှတ်ရုံရှေ့မှာ အရင်ရောက်သူက အရင်၊ နောက်ရောက်သူက နောက် စနစ်တကျ တန်းစီရသည်။ တိုးဝှေ့ဖို့မဆိုထားဘိ၊ တန်းကို ကောက်ကောက်ကွေးကွေးစီထားလို့ တန်းစီနေရာကနေ ဟိုထွက်သည်ထွက် အဝင်အငှက်လုပ်တာတို့၊ တန်းထဲကို ကြားဖြတ်ဝင်တာတို့၊ တန်းစီနေရင်း ခြေညောင်းလာလို့ တန်းထဲမှာ ထိုင်ချလိုက်တာတို့ တွေ့သွားလို့ကတော့ မလွယ်။

လက်ဝါးနှင့်ပါး အပ်သွားမည်။ တုတ်တိုနှင့် ချိုစောင်း မိတ်ဆက်ခြင်း ခံလိုက်ရမည်။ လက်ဝါးစောင်းနှင့် ကုပ်ပိုး ဒုတ်ဒုတ်ထိသွားမည်။ ရုတ်ရုတ်သဲသဲ လုပ်လို့များတော့လား။ ပါးမရှောင်သည့် လက်ဝါးရိုက်ချက်နှင့် ဒက်ထိတိုးသွားမည်။

ဂျပန်တွေက ဒါဆိုဒါပဲသမားတွေ။ ဆကုရရုံရှေ့ တန်းစီရသည်မှာ သဘောအထာနှင့် အကြောအလျှော့ကိုမသိရင် မလွယ်။ ဆကုရရုံမှာ တန်းစီနေစဉ် လေကြောင်းအချက်ပေးသံကိုလည်း နားစွင့်ရသည်။ လက်ဝါး၊ တုတ်နှင့် လက်ဝါးစောင်း ဝင်လာမည်ကိုလည်း မလစ်သောသတိ ရှိနေရသည်။

သူတို့အချင်းချင်းကျတော့လည်း ပါးပဲရိုက်သည်။ သူတစ်ပါးကိုရိုက်တော့လည်း ပါးပဲရိုက်သည်။

သူတို့နိုင်ငံမှာလည်း မိဘက သားသမီးကိုပဲရိုက်ရိုက်၊ လင်သားက ဇနီးမယားကိုပဲရိုက်ရိုက်၊ သူစိမ်းတစ်ရံခံကို ပဲရိုက်ရိုက် အများအားဖြင့် ပါးကိုပဲ ရိုက်လေ့ရှိကြသည်။

အိုးရှင်းဇာတ်လမ်းတွဲထဲမှာ ဤစရိုက်မလေ့ ပို၍ပေါ်လွင်သည်။ ပြီး‥ ဂျပန်စစ်သားတွေက ပါးရိုက်ပြီဆိုရင် တစ်ဖက်တည်း ရိုက်ရိုးထုံးစံမရှိ။ ဘယ်ပြန်ညာပြန် ရိုက်လေ့ရှိသည်။

ရိုက်လက်ကလည်း မြန်သလား သွက်သလား မပြောနှင့်။ ဘယ်လိုကနေ ဘယ်လို ရိုက်လိုက်မှန်းကိုပင် မသိအောင်ကို မြန်သည်၊ သွက်သည်။ သူတို့ အကြီးအကဲတွေက လက်အောက်ငယ်သားများကို ရိုက်ရင်လည်း ပါးကိုသာ ရိုက်သည်။

ရုပ်ရှင်ရုံတွင် ရုပ်ရှင်ကြည့်ရန် တန်းစီနေစဉ် ပါးနှင့် လက်ဝါး မိတ်ဆက်ခံရသည်မှာ အဆန်းမဟုတ်ဟု သဘောမှုကြရသည်။

တန်းစောင့်ဂျပန်စစ်သားတွေက စည်းကမ်းဖောက်သူကိုသာ ရွေးပြီးရိုက်သည်မဟုတ်။ စည်းကမ်းဖောက်သူ၏ ရှေ့နှင့်နောက်တွင် ရှိနေကြသူများကိုလည်း လက်လုမ်းမီသလို လက်ဝါးရိုက်ချက်၊ တုတ်ရိုက်ချက် ဆက်တတ်သည့် အလေ့အကျင့်ရှိသည်။

ထိုသို့ တွတ်ချက်သွက်သည်မှာ အကြောင်းမဲ့တော့မဟုတ်။ မိမိနှင့်နီးစပ်နေသူတို့ စည်းကမ်းဖောက်သည်ကို သိပါလျက် ဝိုင်းဝန်းမထိန်းသိမ်းသောကြောင့်ဟု အကြောင်းပြကြသည်။ စည်းကမ်းဖောက်သူနှင့် အလိုတူအလိုပါဟု သဘောမှုပြီး ရိုက်ခြင်းဖြစ်၏။

ဆကုရရုံတွင် ရုပ်ရှင်ကြည့်ရသည်မှာ မလွယ်။ အန္တရာယ်ကြိုးတန်းပေါ် လမ်းလျှောက်ရသည့်သို့နှယ် ရှိပါချေ၏။

အင်္ဂလိပ်များ အုပ်စိုးစဉ်က တန်းစီစနစ် မရှိ။ ရုပ်ရှင်ရုံကလည်း မရှိ။ တခြား ဘယ်နေရာမှလည်း မရှိ၊ မြန်မာလူမျိုးတွေ တန်းစီအလေ့အကျင့်ကို ရခဲ့သည်မှာ ဂျပန်ခေတ်။

မီးခြစ်တစ်လုံးနှင့် သကြားတစ်ဆယ်သားရဖို့အတွက် တန်းစီရသည်။ အသားငါးဝယ်ယူစားရဖို့ တန်းစီရသည်။ မီးရထားစီးဖို့လည်း တန်းစီရသည်။ ဂျပန်ခေတ်အစပိုင်း ကြည့်မြင်တိုင်နှင့် ပုဇွန်တောင် ပြေးဆွဲနေသည့် အာအိးတီဘတ်စ်ကားကြီးများ စီးရဖို့လည်း တန်းစီရသည်။

စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းခွင်အဝင်အထွက်တွင်လည်း တန်းစီပြီး ဝင်ရသည်။ ပြန်ထွက်တော့လည်း တန်းစီပြီး ပြန်ထွက်ရသည်။

ရုပ်ရှင်ကြည့်တော့လည်း တန်းစီမလွတ်။ တန်းစီအလေ့အကျင့်မှာ ဤသို့လျှင် ဂျပန်ခေတ်မှ စတင်ခဲ့၏။

ဤနေရာတွင် ဆကုရရုပ်ရှင်ရုံ၌ တွေ့ကြုံခံစားရသည့် ဒုက္ခအသွယ်သွယ် အကြောင်းအရာကို မဆက်သေးဘဲ ရုပ်ရှင်ဝါသနာအိုးများ၏ မရိုးဘဲနှင့် ဝါးလုံးကွဲရယ်စရာ ကြုံတွေ့ခဲ့ရသော ဤသည်လည်း တစ်ဒုက္ခအကြောင်း ဖော်ပြရမည်မှာ ဤသို့ပါ‥‥။

***

ကြည့်မြင်တိုင် ဈေးကြီးရပ်ကွက်၌ ရွှေတိုင်သီရိ ရုပ်ရှင်ရုံရှိသည်။ ဂျပန်



www.burmeseclassic.com

www.burmeseclassic.com

ခေတ်က ရုပ်ရှင်ပြ-မပြကိုတော့ အသေအချာ မမှတ်မိပါ။

တစ်နေ့တွင် ဂျပန်စစ်သားများနှင့် မြန်မာစကားပြန်ပါသော အဖွဲ့တစ်ဖွဲ့က အဆိုပါ ရွှေတိုင်သီရိရုံပေါင်းနေရာတွင် ဘင်ခရာတွေ တီးမှုတ်နေသည်။

ရွှေတိုင်သီရိရုံ တည်ရှိရာနှင့် မနီးမဝေးတွင် ကြည့်မြင်တိုင်ကမ်းနားဈေး ရှိသည်။ ဂျပန်ခေတ်က ကြည့်မြင်တိုင်ကမ်းနားဈေးမှာ ရန်ကုန်မြို့ရှိ ဈေးတကာ့ဈေးများအနက် အစည်ကားဆုံး ဈေးဟုလည်း ပြောစမှတ်ပြုရသည်။

စစ်မဖြစ်မီထိ ပြပြီး ဈေးစည်ကားစဉ်ကလိုပင် စည်ကားသည်ဟု အဆိုအပြော ရှိသည့်ဈေး။

အထက်ကုန်၊ အောက်ကုန်များ ဖလှယ်ရာ အရောင်းအဝယ်လုပ်ရာတွင် ဗဟိုချက်မဖြစ်သည်။

ပွဲရုံတန်းများမှာ ဈေးကြီးရပ်ကွက်လိုပင် သတ်မှတ်လျက်ရှိနေသည်။ အနယ်နယ်အရပ်ရပ်မှ ကုန်ပစ္စည်းမျိုးစုံ တင်ဆောင်သယ်ယူလာသည့် လှေသမ္ဗန်ငယ်နှင့် မော်တော်လေးများမှာ ရန်ကုန်မြို့လယ် ဆိပ်ကမ်းများတွင် မကပ်ကြ။ မြို့လယ်ကောင်မှာ ဘာ အရောင်းအဝယ်မျှ မဖြစ်။

ဘာမဆို အရောင်းအဝယ်ဖြစ်သည်မှာ ကြည့်မြင်တိုင် ကမ်းနားဈေး။ အထက်အောက် ကူးသန်းသွားလာနေကြသည့် လှေ၊ သမ္ဗန်ကြီးငယ်များမှာ အရောင်းအဝယ်ဖြစ်ရာ ကြည့်မြင်တိုင် ဗားဂရာဆိပ်ခံတံတားနှင့် ကမ်းနားဈေး အကြားရှိ ရေပြင်တွင်သာ ကပ်ကြနားကြသည်။

ကြက်ပျံမကျသို့နယ်ဟု ဆိုရမည်အောင် စည်ကားသည်။ ရွှေညာဏ်တော်စူးရောက်သည့် ကိုရွှေဂျပန်တို့က ထိုနေရာသို့ ဘင်ခရာအတီးအမှုတ်များနှင့် စုဝေးရောက်ရှိခဲ့ကြသည်။

ဘင်ခရာသံကြားတော့ ရောင်းဝယ်ဖောက်ကားသွားလာနေကြသူများမှာ တစ်ခဏချင်းပင် စုဝေးရောက်ရှိလာကြသည်။

မဖိတ်ခေါ်ဘဲနှင့် ဘာပါလိမ့်ဟု စူးစမ်းလေ့လာဖို့ ရောက်လာကြသည်။ မြန်မာလူမျိုးများမှာ ဆိုင်းသံဗုံသံ သဲ့သဲ့ကြားကြား။ ဘင်ခရာသံပဲကြားကြား နေမထိထိုင်မသာ ဖြစ်တတ်ကြသည်။

လူစုစုအုပ်တွေ့လျှင် နောက်ထပ်နောက်ထပ်သော လူစုလူဝေးမှာ စုဝေးရောက်ရှိလာစမြဲလည်း ရှိကြသည်။ ဒါက မြန်မာလူမျိုးတို့၏ အလေ့အထ။

ထိုးနေတုန်းလည်း နာသည်။
ထိုးပြီးတော့လည်း
အောင့်သည်။
နောက်ပိုင်းတွင်
လက်မောင်းများရောင်ရမ်းပြီး
အဖျားပါ
ဝင်လာတတ်သောကြောင့်
ဂျပန်ခေတ်က
ထိုးဆေးများထိုးရမည်ကို
လူတိုင်းကြောက်ကြသည်။

ထိုအလေ့အထ အထာသဘောကို နောကျေသည့် နိပ္ပန်မာစတာတွေက ဘင်ခရာတီးပြီး လူစုလိုက်သည်။ ရွှေတိုင်သီရိနေရာက ဗားဂရာဆိပ်ခံတံတားနှင့် နီးလာသည်။

နာရီဝက်အတွင်းမှာပင် လူစုလူဝေးကြီး စုရုံးရောက်ရှိလာကြသည်။ ဂျပန်စကားပြန်နစ်ယောက်က အာဝဇ္ဇန်းရွှင်ရွှင်နှင့် ဘင်ခရာတီးနေသည့် အကြောင်းကို အော်ဟစ်အသိပေးနေသည်။ သူတို့ပြောနေသည့် အကြောင်းကို ကြားရသူတွေက နောက်ကြောင်းပြန်မလှည့်ကြတော့။ ရောက်သည့်နေရာတွင် နေမြဲဖြစ်ကုန်ကြသည်။

ဘာပြောသည်ကို မသိမမီလိုက်သည့် နောက်ထပ်ရောက်လာသူတွေက ရှေ့တွင် ရောက်နေကြသူများအား တီးတိုးမေးကြသည်။

ဒီလို၊ ဒီလို အကြောင်းပေါ့ ဆိုသည်နှင့် နောက်ရောက်လာသူတွေကလည်း နောက်ကြောင်းပြန်မလှည့်ကြတော့။ ဒီလိုဒီလို အကြောင်းက မြန်မာလူမျိုးများ စိတ်ဝင်စားသည့် နားကြေ စိမ့်စကား။

ဂျပန်စစ်ကားကြီး ပြမလို့ဆိုပ လား။ အခမဲ့ ပြသမည်။ မည်သူမဆိ ကြည့်ရှုနိုင်သည်။ ပြသမည့်ကားမှ သိပ်ကောင်းသည့် ဂျပန်စစ်ကားကြီး ကြည့်ရှုရမည်က အခမဲ့။

တန်းစီကြ။ တစ်တန်းမဟုတ် နှစ်တန်း၊ သုံးတန်း ဖြစ်သွားသည်။ တံခ ဖွင့်လိုက်ပြီ။ ဂျပန်စစ်သားတွေက အ တဝေဝေနှင့် ရုံထဲဝင်ဖို့ ခြေပြလ လုပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အပျော်အပါးနှင့် ယှဉ်လာလျှင် နာက်ကြောင်း နောက်မှသဘောမှု ည့် မြန်မာများပီပီ လျှောခနဲ လျှော နဲ ဝင်သွားကြလေတို့။

ပွဲသွားကြော့ကြော့ ပုံဟန်များဖြင့် ာန်းစီလျက် ဝင်ရောက်သွားကြသည်။ ယ်ခြင်းနှင့် မောခြင်း တွဲစပ်နေသည်ကို ပတိမမှုမိကြ။ အရယ်အပြုံး မသဲကွဲ တော့။ မောဟိုက်သွားကြပါလေပြီ။

ပြသည့်နေရာသို့ လက်မောင်း သာ ခေါ်ပေါ်အောင် အင်္ကျီကလေးတွေလှန် ပြီး တိုးကပ်သွားကြရသည်။ လက် မောင်းနှစ်ဖက်စလုံး အော်တုန်အောင် အောင့်သွားသည်။ မျက်နှာတွေ ရှုံ့မဲ့ ာန်ကြသည်။ စိတ်သပ်သံ ထွက်သွား သည်။

တချို့ အသည်းငယ်သူများ နှုတ် များမှ အထိတ်တလန့် အော်လိုက်သည့် အသံများပင်ထွက်လာသည်။ ဝမ်းရောဂါ ာကွယ်ဆေးနှင့် ပလိပ်ရောဂါကာ ကွယ်ဆေး။

ထိုးနေတုန်းလည်း နာသည်။ ထိုး ပြီးတော့လည်း အောင့်သည်။ နောက် ပိုင်းတွင် လက်မောင်းများ ရောင်ရမ်းပြီး အဖျားပါဝင်လာတတ်သောကြောင့် ဂျပန်ခေတ်က ထိုးဆေးများထိုးရမည်ကို လူတိုင်းကြောက်ကြသည်။

ဘယ်နေရာမှာ ဆေးထိုးနေသည် ဆိုသည့်အသံကို ကြားရုံနှင့် ရင်တုန် ခုန်းတုန်ဖြစ်ပြီး ဝေးဝေးက ကွင်းရှောင် ခဲမြဲ ရှိကြသည်။

ဂျပန်တွေအကြောက်ဆုံးက ဝမ်း ရောဂါနှင့် ပလိပ်ရောဂါ။ ကူးစက်တတ် သည့် ရောဂါများဖြစ်သလို၊ အကူး အစက်လည်း မြန်သည့် ကပ်ရောဂါ။

ဂျပန်တွေဝင်လာသည်မှ ပြန် လည်ဆုတ်သွားသည့်အချိန်အထိ ပလိပ် ရောဂါနှင့် ကာလဝမ်းရောဂါ ဆေးထိုး မပြတ်ခဲ့။

ဆေးအပ်ထိုးသန့်သူ ကိုရွှေဂျပန် တို့က ဆေးအထိုးအကြောက်လွန်သူ မြန်မာတို့၏ အထာကို နောကျေသွား သည့်အလျောက် လှည့်ကွက်ထွင်ပြီး မက်လုံးအထားပေး၍ ပညာပြလိုက်ခြင်း ဖြစ်၏။ ကြံဖျားကို ကျားပျံလုပ်လိုက် သည့် နိပ္ပန်မာစတာတို့၏ ရွှေဉာဏ် တော်စူးရောက်ပုံမှာ ပြောစမှတ်တွင်ရစ် သွားသည်။

မြန်မာလူမျိုးတွေက အပျော် အပါး ထုံမွှေ့သည်။ ဇာတ်သဘင်ရုပ်ရှင် ဆိုလျှင် . မလွတ်တမ်းသမားတွေ။ နောက်ပိုင်း ဂျပန်စစ်ကားကြီး ကောင်း လိုက်ပုံအကြောင်း ပြန်ပြောရင်း တသောသော ရယ်မောကြရသည်။

ငိုအားထက် ရယ်အားသန်ဆို သည်မှာ အဲဒီလိုအဖြစ်မျိုး။ ရုံထဲဝင် သွားသူတွေအားလုံးကို ဆေးထိုးသည်မှာ နစ်နာရီနီးပါးကြာသည်။

အားလုံးပြီးတော့မှ ပြန်ထွက်ရန် အဝင်တံခါးဖွင့်ပေးသည်။ ပြန်ထွက်လာ သူများ၏ မျက်နှာပေါ်မှာ အငိုမျက်လုံး နှင့် အပြုံးနှုတ်ခမ်း တွဲစပ်လျက်။

အပြင်ရောက်ကြပြီ။ နောက်ကစ် ပွဲအတွက် စောင့်နေသူတွေက စစ်ကား ကောင်းမကောင်း မေးကြသည်။ ကြံဖျား အကြောင်း အမှန်အတိုင်းပြောသူက အနည်းစု။ ကျားပျံကောင်းကြောင်း ပြော သူက အများစု။

ဟုတ်ပ။ လူ့သဘောသဘာဝအရ သည်သို့ပင် ရှိပါလေ၏။ ကိုယ်ခံလာရ သည်ကို သူတို့မခံရပါစေနဲ့ဟု သဘော မမှုဘဲ သူတို့လည်း ကိုယ့်လိုခံပါစေဟု ချောက်တွန်းချင်သည်။ တချို့ကလည်း ပျော်စေပြက်စေသဘော ဆောင်သည်။

မြေနီကုန်း ဆကုရရုံမှာ အခသင် မသင့်လျှင် မျက်လုံးထဲမှာ ကြယ်ပွင့် ကလေးတွေ တောက်ပသွားတတ်သလို ကြည့်မြင်တိုင်၊ ရွှေတိုင်သီရိရုံပဟောင်း နေရာမှာတော့ လက်မောင်းရောင်သည့် ဒဏ်ကို သုံးလေးရက် အလူးအလိမ့် ခံလိုက်ရသည်။

အင်္ဂလိပ်ခေတ် ရုပ်ရှင်ကြည့်ရ သည်မှာ သည်းထိတ်ရင်ဖို မဖြစ်ရ။ ဂျပန်ခေတ် ရုပ်ရှင်ကြည့်ရသည်မှာတော့ ရာနှုန်းပြည့် သည်းထိတ်ရင်ဖို ဖြစ်ရ သည်။ ဘယ်အချိန် လေကြောင်းရန် အချက်ပေး၍၊ ဘယ်အချိန် နားရင်းပါး ရင်း ပူသွားမည်ကို စိုးတထိတ်ထိတ် ဖြင့် ကြည့်ရသည်။

တစ်ခါတစ်ရံ ဆကုရရုံအထွက်မှာ ဆေးထိုးအဖွဲ့နှင့် ပက်ပင်းတိုးပြီး လက် မောင်းလှပ်ပေးလိုက်ရသည်မျိုးလည်း ကြုံရသည်။ ဆေးထိုးအဖွဲ့နှင့် ကြုံလို့ ဆုံလို့များ ထွက်ပြေးဖို့များတော့ စိတ် မကူးလေနှင့်။ မိသွားရင် ဓာတ်တိုင်မှာ ကြိုးနှင့်တုပ်ပြီး နေလှန်းခံရမည်။

ဂျပန်ခေတ်က တရိုတသေ သိမ်း ဆည်းပြီး သွားလေရာသို့ မမေ့မလျော့ ယူဆောင်သွားရသည်မှာ ပလိပ်နှင့် ကာလဝမ်း ထိုးပြီးကြောင်း အသိအမှတ် ပြု လက်မှတ်ပင် ဖြစ်၏။

လူငယ် ရုပ်ရှင်ဝါသနာအိုးတွေပ



www.burmeseclassic.com

www.burmeseclassic.com

တော့ ဘယ်လိုအခက်အခဲ ဒုက္ခသုက္ခ
တွေနဲ့ ကြုံရပါစေ ဆကုရရုံကို ချီတက်
မြဲ ချီတက်လျက်ရှိကြသည်။

ဂျပန်ခေတ်မှာ ကျောင်းလည်း
မနေရ၊ အလုပ်အကိုင်လည်း မရှိသမို့
အင်းလျားသို့ ရောက်ရောက်ရင်ရောက်၊
မရောက်ရင် ဆကုရသို့ ရောက်ကြ
သည်။ နေထိုင်ရာရပ်ကွက်နှင့် ဆကုရ
ရုံက နီးသည်။ ဆင့်ငါးဆယ်ရှိရင် ကြည့်
လို့ရသည်။

တုတ်နှင့်ချိုစောင်း။ လက်ဝါးနှင့်
ပါး မိတ်ဖွဲ့ခဲ့ရသည့်ကြားထဲကနေ ရုပ်ရှင်
ကြည့်ခဲ့ရသည့် ဂျပန်ခေတ်ကို မမေ့သာ
ရှိရသည်။

ကန်တော်မိတ်နေသူနှင့် ဆကုရ
က ရုပ်ရှင်ရုံ။ မြို့နှင့် လွင်လွင်က
ပြဇာတ်။

အဲဒီခေတ်ကလည်း မှောင်ခို
လက်မှတ်ဆိုတာမရှိ။ ဂျပန်အဆုတ်
အင်္ဂလိပ်ပြန်အဝင်···။

***

ရုပ်ရှင်လောကအကြောင်း မဆက်
မီ ခေတ်တစ်ခေတ်စာ အဖြစ်အပျက်ကို
မမီ၊ မသိလိုက်သူများအတွက် ဆေးထိုး
လက်မှတ်နှင့် ပတ်သက်သည့် ဤ
လည်း တစ်ဒုက္ခဖြစ်ရပ်ဆန်းကို ဖော်ပြ
ရမည်မှာ ဤသို့ပါ။

ဂျပန်ခေတ်က ကာကွယ်ဆေးထိုး
ပြီးကြောင်း သက်သေခံစာရွက်အပိုင်းလေး
ပေးသည်။ စာရွက်အပိုင်းလေးက လက်
တစ်ဝါး မရှိတာတ် ရှိတာတ် စာရွက်ကလေး
ဖြစ်၍ တရိုတသေ သိမ်းဆည်းတတ်သူ
များအဖို့ သိမ်းဆည်းရလွယ်ကူသည်။

ထိုစာရွက်ကလေးကို အခြား
စက္ကူထူထူကြားထဲမှာညှပ်ပြီး သွားလေ
ရာ၊ လာလေရာသို့ ယူဆောင်သွားရ
သည်။ အဲ···မီးရထားနှင့် ခရီးသွား
သည့်အခါတွင်မူ ဆေးထိုးပြီးကြောင်း
သက်သေခံကို သိမ်းဆည်းရသည်မှာ
မလွယ်ကူ။ မလွယ်ကူသည်မှာ အတော်
ကြီးကို မလွယ်ကူသည့်ကိစ္စပါ။

ဂျပန်ခေတ်က ရထားနှင့် ခရီး
သွားမည်ဆိုလျှင် ရထားလက်မှတ်ဝယ်
ရန် တန်းစီရသည်။ လက်မှတ်ဝယ်ယူ
ရမည့် တန်းထဲကို သည်အတိုင်း ဝင်စီ
လို့မရ။ ဘူတာရုံတွင်ထားရှိသည့် ပင်
တိုင်ဆေးထိုးအဖွဲ့ရှိရာသို့ သွားရသည်။

ယခင် ဆေးထိုးပြီးကြောင်း လက်
မှတ်ကို ထိုနေရာတွင် ပြလို့မရ။ ထို
လက်မှတ်ကို အသိအမှတ်မပြု။ ထို
လက်မှတ်မှာ ခရီးသွားခြင်းနှင့် မသက်
ဆိုင်။ ခရီးသွားရင် ဆေးအသစ်စက်
စက် အထိုးခံရမည်။

ဆေးထိုးပြီးသည့်အခါ ဆေးထိုး
ပြီးကြောင်း အသိအမှတ်ပြု ထုတ်ပေး
သည့် သက်သေခံလက်မှတ်မှာ စာရွက်
ပေါ်တွင် ရိုက်နှိပ်ပေးသည့် သက်သေခံ
လက်မှတ်မဟုတ်။ တစ်မူထူးခြားသော
အသားတံဆိပ် သက်သေခံအမှတ်
အသား။

တံတောင်ဆစ်အောက် လက်ဖျံ
ရိုးအသားပေါ်မှာ ဘူးသီးငါးပေါင်းကြော်
အမှတ်အသားများပါသည့် ရာဘာ
တံဆိပ်ကို ရိုက်နှိပ်ပေးလိုက်ခြင်းဖြစ်၏။

ရာဘာတံဆိပ်ကို မင်အနီရောင်
ဖြင့် အသားပေါ်မှာ ထင်းနေအောင်
ရိုက်နှိပ်ပေးလိုက်သည်ပါ။ အဲဒီ ရာဘာ
တံဆိပ်ရိုက်နှိပ်ပြီးမှ တန်းစီသည့် နေရာ
တွင် ကြိုးကြပ်နေသည့် နိပ္ပွန်မာစကော
ကို သွားပြရသည်။

ယောရောရှိဆိုမှ တန်းထဲဝင်စီရ
သည်။ ဂျပန်ခေတ်က နိပ္ပွန်စစ်သားများ
ထဲ နှုတ်ထွက်စကားနှစ်လုံးကိုမူ လူတိုင်း
ပင် နားလည်ကြသည်။ အလိုကျရင်
"ယောရောရှိ"၊ အလိုမကျရင် "ခူးရား
ဘတ်ကဲရိုး"။

ယောရောရှိဆိုရင် အိုကေမှာ
ဖိုပြည့်ပြီ။ ခူးရာဘတ်ကဲရိုးဆိုရင် နောက်
ဆက်တွဲ အဆွဲအခပ်ပါလာမည်။ လက်
ဝါးဖြစ်စေ၊ တုတ်ဖြစ်စေ တစ်ခုခု ကျစပ်
လာမည်မှာ သေချာသည်။ ယောရောရှိ
သမားက တန်းဝင်စီ။

အဲဒီအချိန်ကစပြီး မိမိ၏ ညာ
လက်ဖျံအသားကို အကျီစနှင့်သော်
လည်းကောင်း၊ လုံချည်စနှင့်သော်လည်း
ကောင်း၊ အခြားတစ်စုံတစ်ရာနှင့်သော်
လည်းကောင်း မပွတ်မိ၊ မထိမိစေရန်
ဂရုစိုက်ပေတော့။ ညာဘက်လက်ဖျံ
အသားကို ရွှေသသလေး ထားတော့
မည်ပါ။

လက်ဖျံအသားပေါ်မှာ တံဆိပ်
ခတ်နှိပ်ပေးလိုက်သည့်အတွက် စာရွက်
သက်သေခံလက်မှတ်ကို သိမ်းဆည်းရန်
အခက်အခဲ ကင်းလွတ်သွားသည်။ သို့
တစေ စာရွက်ကို သိမ်းဆည်းရသည်
ထက် ခက်ဖွယ်ရယ်ကြုံ ဒုက္ခအဖုံဖုံဟု
ဆိုရမည်သို့ ရှိခဲ့ပြန်ချေ၏။

ခန္ဓာကိုယ်မှထွက်လာသည့် ချွေး
ကိုမထွက်အောင် တားဆီးထားဖို့ မ
သလို၊ ဘယ်နေရာကိုသာထွက်စေ
ဘယ်နေရာကိုတော့ မထွက်စေနဲ့လို့

www.burmeseclassic.com

ကန့်သတ်ဖို့မရပေ။

လက်ဖျံအသားပေါ်တွင် ထင်ရှိနေသည့် မင်တံဆိပ်ကို ချွေးမစို့အောင် ဖွဖွလေး မှုတ်ပေးနေရသည်။ ယပ်တောင်ပါသူကလည်း ထိုနေရာလေးကို ရွေ့ပြီး တဖျပ်ဖျပ် ယပ်ခတ်ပေးနေရသည်။

ကြုံရဆုံရပုံ၏ မလွယ်လိုက်ပုံများ ပြောစမှတ်ကို တွင်ပါလေရော။ တံဆိပ်ရိုက်လိုက်သည့်မင်က မင်ရည်ကျဲ။ ရေမပြောနှင့် ချွေးထိသော်မှ မခံ။ ချွေးဆိုရင် အလွယ်တကူ ပျက်သွားနိုင်သည်။

ရထားပေါ်တက်ခါနီး စစ်ဆေးလို့ ဆေးပျက်နေရင် မလွယ်ကြော။ ခူးရားဘတ်ကဲရိုးနှင့် တိုးမည်။ လက်မှတ်ဆုံးမည်။ ပြီး ဘူတာရုံထဲက နှင်ထုတ်ခံရမည်။ သို့မို့ကြောင့် လက်ဖျံအသားပေါ်က တံဆိပ်ကို ကယုကယင်၊ တယုတယ လုပ်နေကြရသည်။

ကိုယ့်ချစ်သူကို ကယုကယင် တယုတယ လုပ်ရသည်ထက်ပင် ပိုသေးသည်ဟု ဆိုရမည်ပါ။ ထိုတံဆိပ်ကလေးကို သူနေရာတွင်သူ ရှိပစေဆိုပြီး မျက်နှာလွှဲထားလို့ မရ။ အချိန်နှင့်အမျှ တသသကြည့်နေရသည်။

ပိုမွေးသလိုဆိုသော ပမာစကားသို့နှယ် ရှိပါချေ၏။ ထိုထက် အဆပေါင်းများစွာ ပို၍ ဂရုတစိုက်ရှိရသည်မှာ ရထားပေါ်သို့ ရောက်သည့်အခါတွင် ဖြစ်သည်။

ဂျပန်ခေတ် ရထားစီးရသည်မှာ အများအားဖြင့် လေဝင်ပေါက်ပါရှိသော လူစီးတွဲများဖြင့် သက်သောင့်သက်သာ စီးရသည်မဟုတ်တဲ့ အလုံပိတ် ကုန်တွဲများပေါ်တွင် လိုက်ပါစီးနင်းခွင့်ရကြသည်။

အရပ်သား ခရီးသည်များအတွက် သတ်မှတ်ပေးထားသည့်တွဲမှာ သုံးလေးတွဲထက်မပို။ ရထားတွဲရှည်ကြီးမှာ ပါသည့်တွဲက နှစ်တွဲသုံးတွဲထက် မပို။ ထိုပါသည့် လူစီးတွဲများမှာ ဂျပန်စစ်သားများအတွက်သာ။

ဂျပန်စစ်သားများ အသွားအလာနည်းသည့် အလှည့်မျိုးနှင့်ကြုံရင်တော့ ဆယ်ခါတစ်ခါဆိုသလို လူစီးတွဲများမှာ စီးရသည်။ ဒါလည်း အမျိုးသားယောကျ်ား မစီးရ။ အမျိုးသမီး မိန်းငယ်များနှင့် အလတ်များသာ စီးရသည်။

ဒါတောင် အမျိုးသမီးတိုင်းတော့ မဟုတ်။ သွားလာနေကျ အမျိုးသမီး၊ မိန်းမသူတွေသာ စီးရသည်။ သွားလာနေကျ အမျိုးသမီးတွေသာ လက်ပတ်တကားကားနှင့် မာစတာများကို ဘယ်လိုအထာပေး၍ ဘယ်လိုမျက်နှာချိုသွေးရမည်ကို ကျွမ်းကျင်ကြသည်။

ရထားတွဲနှင့် ခရီးသည်များမှာ ဘယ်တော့မှ မမျှတ။ သို့တစေ . . . ဂျပန်မာစတာတွေကမူ တန်းစီသူအားလုံးကို လက်မှတ်ရောင်းသည်။ သို့မို့ကြောင့် ငါးပိသိပ်၊ ငါးချဉ်သိပ် မြန်မာစကားသို့နှယ် မလှည့်သာ မပဲ့သာ ပြွတ်သိပ်ညပ်သပ် စီးရသည်။

ဂျပန်ခေတ်က အဲဒီလိုမှ ခရီးမသွားတတ်ရင် ဘယ်လိုမှ အရောက်နိုင်။ သည်လိုမျိုး သွားလာနိုင်မှသာ မိမိသွားလိုရာသို့ ခရီးပေါက်သည်။ ဂျပန်ခေတ်မှာက အပျော်ခရီး၊ အလည်အပတ်ခရီးသွားသူ မရှိ။ အရောင်းအဝယ်ကိစ္စနှင့် မသွားမဖြစ် အကြောင်းကြီးရှိသူများသာ ခရီးသွားကြသည်။

အထူးသဖြင့် အရောင်းအဝယ်ကိစ္စနှင့် သွားလာလှုပ်ရှားနေသူ အမျိုးသမီးများက လက်မှတ်အလွယ်တကူရဖို့၊ ရထားပေါ်မှာ နေရာရဖို့ ဘယ်လိုဘယ်ပုံ အထာပေးရမည်ကို နောကျေကြသည်။

စိတ်ပါလက်ပါ လုပ်ကြသည်မျိုးတော့ မဟုတ်ပါ။ ကိုယ့်အတွက် အခွင့်အရေးကို မျှော်ကိုးပြီး လုပ်ရခြင်းဖြစ်၏။

ငါးပိသိပ်၊ ငါးချဉ်သိပ် စီးရသည့် ကုန်တွဲများမှာ စီးရသည်ထက် လူစီးတွဲများစီးရသည်က အစစအရာရာ သက်သာမှုရှိသည်။

အင်္ကျီရေညှစ်လို့ရအောင် ချွေးတလုံးလုံးနှင့် စီးရသည့် ကုန်တွဲစီးခရီးသည်များမှာ လက်ဖျံသားပေါ်က တံဆိပ်ကို အသက်ရှူများမတတ် ဂရုစိုက်ရသည်။ ကိုယ့်ချစ်သူ၏ နဖူးဆံစပ်မှာ စို့ထွက်လာသည့် ချွေးကို သိပ်ပေးရသလိုမျိုး မင်ရည်ဖျော့တံဆိပ်ပေါ် တင်ကျန်လာသည့် ချွေးတို့ကိုလည်း တယုတယ ဖွဖွလေး သိပ်ပေးနေရသည်။

လမ်းခရီးဘူတာတွေမှာ အစစ်အဆေးရှိသည်။ တံဆိပ်ပျက်နေလို့တော့ မသက်သာ။ အရိုက်အနက်လည်း ခံရမည်။ ရထားပေါ်က ဆွဲချသည်ကိုလည်း ခံရသည်။ မလွယ်ကြောနှင့် မောရသည်။

ဂျပန်ခေတ် ရထားစီးခရီးသွားရသည်မှာ ဤသို့ . . .။

*(ဆက်လက်ဖော်ပြပါမည်)*

■ ကျော်မြသန်း ■



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အတိတ်အကြောင်း ဟောင်းသည်မရှိ (၈)

အခန်းဆက်ဝတ္ထုရှည်

**(ယခင်လမှအဆက်)**

စားသောက်၊ ပိုက်ဆံရှင်းပေးပြီး နောက် ဆိုင်ထဲမှ ထွက်လာကြ၏။ ကိုသိန်းဝင်းက ကားဆီကိုတန်းသွားပြီး မောင်အေးချမ်းနှင့် ယုမေက အရှေ့ပိုင်းလမ်းမအတိုင်း ချောင်းသဲခုံကြီးကို ဆင်းလာကြသည်။

မြို့အလယ်ကိုဗဟိုပြုပြီး တောင်ဘက်ရပ်ကွက်များနှင့် မြောက်ဘက်ရပ်ကွက်ကို ပိုင်းခြားထားသော ချောင်းသဲခုံကြီးသည် ကျယ်ပြန့်ပြီး ပြန့်ပြူး၍နေ၏။ ချောင်းသဲခုံကြီး၏ အလယ်တွင် ကျွန်းပုကလေး သက်ငယ်ပင်များ မြင့်မောက်၍နေပြီး ထိုကျွန်းပုလေးတွင် ဂျင်းရဲပင်များ ပတ်လည်ဝိုင်းလျက် မိုးမခပင် သုံးလေးပင်နှင့် မအူပင်ကြီးလည်း တစ်ပင်ရှိသည်။

ချောင်းမကြီး၏ ကမ်းနဖူးတစ်လျှောက်တွင် တံငါတဲအိုလေးများ ရှိသည်။ ညအချိန်များတွင် ပိုက်တန်းငါးဖမ်းရင်း တံငါသည်များ ခိုနားရာ တဲအိုတဲပုတ်ကလေးများ ဖြစ်သည်။ ချောင်းမကြီး၏ ထိုဘက်ကမ်းတွင် ကျောက်ဆောင်ကျောက်တန်းကြီး တစ်ခုရှိ၏။ ချောင်းစောင့်နတ်ကြီးဟု ခေါ်ကြသည်။ လူများက ပူဇော်ပသထားကြသောကြောင့် နတ်ရှေ့မှုများလည်း ရဲရဲနီနေသည်။

တစ်အောင့်အကြာတွင် ကိုသိန်းဝင်းသည် ပရေဟိတကျောင်းသားလေးများကို ကားပေါ်တင်ပြီး ဖုန်တထောင်းထောင်းဖြင့် မောင်းဆင်းလာ၏။ ထို့နောက် သဲများကို အလွယ်တကူရနိုင်မည့် သောင်ခုံကြီး၏ အထက်ဘက်



www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာတွင် ကားကို ထိုးရပ်လိုက်သည်။ ပရဟိတကျောင်းသားလေးများလည်း အလုအယက်ပင် သဲများကို ဂေါ်ဖြင့်ထိုးကော်၍ တင်ကြလေသည်။

“ဦးလေး၊ တို့ကျွန်းပုလေးမှာ ထိုင်မှာလား။ တံငါတဲလေးမှာ ထိုင်မှာလား။ ဘယ်နေရာမှာ ထိုင်ရင်ကောင်းမလဲ”

“ထိုင်လေ . . . ယုမေကြိုက်တဲ့ နေရာမှာ။ သဲတင်တာ အနည်းဆုံး နှစ်နာရီကျော်ကြာမှာ”

“ဒါဆိုရင် တံငါတဲလေးကို ရွေးလိုက်ပြီ”

ယုမေက တံငါတဲလေးထဲကို ဦးဆောင်ပြေးဝင်သွားသည်။ မောင်အေးချမ်းက နောက်မှလိုက်၍ ဝင်သည်။ တဲလေးက ချောင်းရေစပ်တွင် ရှိနေသောကြောင့် စုန်ဆန်မပြတ် ရှိနေကြသော လှေ/ဖောင်များကိုလည်း မြင်နေရသည်။

တဲအိုလေးအားလုံးပင် လူနှစ်ယောက်၊ သုံးယောက် ထိုင်နေစာမျှသာရှိပြီး ခနီ၊ သက်ငယ် တစ်ခုခုကို အဖြစ်မျှမိုးပြီး ဝါးဖြင့် ကျူးတိုးကျဲတဲကာထားသည်။ ဝါးအခင်းမှာလည်း တိုနည်းလည်းကောင်း ခဏတစ်ဖြုတ်လှဲအိပ်၍ရရုံလေးသာရှိသည်။ ဦးတံငါ၊ ကိုတံငါတို့ အမောပြေနားနေရန် ပြုလုပ်ထားသော တဲကလေးများ။

“အရှေ့ပိုင်းက ရိုးကြားမှာ မြန်မာ ရုပ်မြင်သံကြားဆိုတာ ရောက်နေပြီ ဦးလေး။ ဦးလေး သိပြီးပြလား”

ဟု ယုမေက မေးသည်။ မောင်အေးချမ်းက “မသိသေးဘူး”ဟု ပြောလိုက်သည်။

“အို . . . ဦးလေး ခေတ်နောက်ကျတယ်။ ယုမေက သုံးခါတောင် ကြည့်ဖူးပြီးပြီ။ ရုပ်ရှင်လိုပဲ။ ဒါပေမယ့် ပိတ်ကားမဟုတ်ဘူး။ မှန်ဗီရို ပုပုလေး။ ရန်ကုန်က လွှင့်ပေးတာကို ဖမ်းပြတာတဲ့။ ရုပ်ရှင်လိုတော့ သိပ်ပြီးမရှင်းဘူး။ တစ်ခါတလေ မိုးရွာသလို ဖြစ်သွားပြီး တစ်ခါတလေ ရုပ်ပေါ်ပြီး အသံမပေါ်၊ အသံကိုသာကြားရပြီး ရုပ်မပေါ်တာမျိုးလည်း ရှိတယ်”

မောင်အေးချမ်း ပြုံးမိသည်။

“ဦးလေးမမြင်ဖူးသေးရင် ယုမေ လိုက်ပြမယ်လေ။ တစ်ခါလောက် လာခဲ့ပါလား။ ဒီနေ့တော့ ရုံးပိတ်ရက်ဖြစ်လို့ ပြမယ်မထင်ဘူး။ ရုံးဖွင့်ရက်တွေမှာဆိုရင် နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ် ပြပေးတယ်”

ဟု ပြောပြီး ယုမေသည် မောင်အေးချမ်း၏ မျက်နှာကို မော်ကြည့်၏။

“ဦးလေး ဘာကိုပြုံးတာလဲ”

“မြန်မာ့ရုပ်မြင်သံကြားလို့ ဆိုတဲ့ တီဗွီပေါ်တာ ကြာပြီ ယုမေရဲ့။ ရန်ကုန်စတဲ့ မြို့ကြီးတွေမှာဆိုရင် အိမ်တိုင်းမှာတောင် ရှိကြပြီ။ တို့အမ်းမြို့က ရခိုင်ရိုးမကြီးရဲ့ တောင်စွယ်တောင်တန်းတို့ အကြားမှာဖြစ်လို့ ရုပ်သံ အဖမ်းရခက်တာကြောင့် အခုမှရောက်တာ”

“ဟင် . . . ဒါဆို ဦးလေး မြန်မာ့ရုပ်မြင်သံကြားကို အများကြီး ကြည့်ဖူးပြီလား”

မောင်အေးချမ်း ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်၏။

ယုမေသည် မောင်အေးချမ်းအား စူးစမ်းသလို စိုက်ကြည့်နေရာမှ ငိုင်ကျသွား၏။

“ယုမေက ဦးလေး မြန်မာ့ရုပ်မြင်သံကြားကို မကြည့်ဖူးသေးဘူးထင်လို့ ပြောနေမိတာ”

ဟု ပြောပြီး မျက်နှာလေးဝှက်လျက် ကျောက်ခဲတစ်လုံးကို ကောက်ကာ အခြားကျောက်ခဲတစ်လုံးကိုသာ တတောက်တောက် ထုနေ၏။ မောင်အေးချမ်း အသံထွက်အောင် ရယ်လိုက်၏။

“ရှက်နေပါတယ်ဆိုမှ . . . ရယ်သလား”

ဟု ဆိုကာ ယုမေထလာပြီး မောင်အေးချမ်း၏ ခေါင်းကိုဖက်ကာ ပခုံးကို မနာတနာကိုက်လေသည်။

“အား . . . နာတယ်ဟ”

“ဒါဆိုရင် ရယ်ဦးမှာလား”

ဟုမေးပြီး ဆက်ကိုက်ပြန်သည်။

“ဟာ . . . မရယ်ပေါ့ဘူး။ မရယ်တော့ဘူးလေ”

ဟု ဆိုမှ လွှတ်လိုက်၏။ ထို့နောက် ယုမေသည် မောင်အေးချမ်း၏ ပခုံးကို တစ်အောင့်ကြာအောင် ဖက်ထားသည်။

“ဦးလေး . . . ဒီလို ယုမေနဲ့ အတူနေရတာ မပျော်ဘူးလား”

ဟု တိုးတိုးလေး မေးသည်။ မောင်အေးချမ်းက အလိုက်သိစွာဖြင့် “ပျော်ပါတယ်”ဟု ပြန်ဖြေလိုက်သည်။ ယုမေသည် လေသံတိုးတိုးဖြင့် တခစ်ခစ်ရယ်ရင်း မောင်အေးချမ်းကို ပိုမိုတင်းကျပ်စွာဖြင့်ဖက်သည်။ ထို့နောက်

“ယုမေကိုချစ်ရင် ဒေါ်ခင်ထားကြီး ဖက်တာ၊ နမ်းတာကို မခံရဘူးနော်”

ဟုဆိုသည်။ မောင်အေးချမ်းက ဆတ်ခနဲ ခေါင်းညိတ်သည်။ ယုမေသည် မောင်အေးချမ်းနှင့် ကပ်လျက်ထိုင်ပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ယုမေ ဦးလေးနဲ့ နှစ်ယောက်တည်း ရခိုင်ရိုးမကြီးကို လျှောက်သွားနေချင်တယ်။ အရမ်းပျော်စရာကြီးနေမှာ။ ရခိုင်ရိုးမကြီးက လျှိုမြောင်စိမ့်စမ်းတွေ၊ သစ်တောဝါးတောကြီးတွေနဲ့ အရမ်းသာယာတယ်။ ငှက်ကလေးတွေ၊ ပန်းပွင့်ကလေးတွေလည်း အရမ်းချစ်စရာကောင်းတာပဲ"

မောင်အေးချမ်းက နားထောင်နေ၏။

"ဦးလေးနဲ့ယုမေ ယူပြီးနောက် နှစ်ယောက်တည်း ရခိုင်ရိုးမကြီးကို လျှောက်လည်ရအောင် သိလား"

မောင်အေးချမ်းက ခေါင်းညိတ်သည်။ ယုမေ ထိုင်နေရာမှ ဆတ်ခနဲ ထသွားပြီး သဲများကို ပုံနေသည်။ တံငါတဲလေးအောက်တွင် သဲပြင်ဖြစ်ပြီး ရေသည်လည်း စီစီလေး စီးနေသည်။

မောင်အေးချမ်းက ကျယ်ပြန့်သော ချောင်းသဲပြင်ကြီးဘက်ကို အကြည့်ပို့သည်။ ကိုသိန်းဝင်းသည် ဖုန်တထောင်းထောင်းဖြင့် ကားကို မှန်မှန်မောင်းပြီး သဲတိုက်နေသည်။ ပရဟိတကျောင်းသားများက ကားရောက်လာလျှင် ဂေါ်များနှင့်ထိုးပြီး သဲတင်ပေးလိုက်၊ ကားမောင်းထွက်သွားလျှင် တစ်ယောက်နှင့်တစ်ယောက် ဆော့ကစားလိုက်။

"ဦးလေး ... ဒီမှာကြည့်ပါ။ ယုမေလုပ်ထားတဲ့ ရခိုင်ရိုးမကြီး မလှဘူးလား"

မောင်အေးချမ်း ကြည့်သည်။ အနိမ့်အမြင့်မညီသော သဲပုံတန်းလေးသည် လခြမ်းနီးပါး ကောက်ကွေးသော သဏ္ဌာန်ရှိ၏။ ထို့နောက် မြက်ပင်လေးများကိုလည်း စိုက်ထားသည်။

"ဒီမြက်ပင်လေးတွေက သစ်တော၊ ဝါးတောကြီးတွေပေါ့။ ရေစီးကြောင်းလေးတွေ ဖော်ထားတာက အမ်းချောင်းမကြီး၊ သရွက်ချောင်း၊ သရှူးချောင်းဆိုပြီး ချောင်းတွေကို သရုပ်ဖော်ထားတာ။ မလှဘူးလား"

"လှပါတယ်"

"တကယ်တူတယ်နော်"

"တူတာပေါ့။ ယုမေက ရခိုင်ရိုးမကြီးထဲမှာ ကြာကြာနေခဲ့ဖူးသူဆိုတော့ ပုံတူပြုလုပ်ရင် အသက်ဝင်တာပေါ့"

ယုမေက ကျေနပ်ပြုံးပြုံးရင်း ပန်းကလေးများ တွန့်သွားအောင် ရယ်လိုက်၏။ မောင်အေးချမ်းက ယုမေ၏ အပြုအမူနှင့် အမူအရာလေးများကို သဘောကျပြီး ပြုံး၍သာ နေသည်။ ထို့နောက် ယုမေသည် သူပြုလုပ်ထားသော သဲတောင်တန်းလေးကို တုတ်ချောင်းဖြင့် ခြစ်လိုက်ပြီး ...

"ဒါက ... မင်းဘူး-အမ်းလမ်းမကြီး"

ဟုဆိုပြီး ခြစ်ကြောင်းကလေး၏ ဘေးတွင် အကွက်ကလေးများ ထပ်ခြစ်ကာ -

"ဒါလေးတွေက ... လမ်းတစ်လျှောက်မှာရှိတဲ့ စခန်းလေးတွေပေါ့"

ဟု ဆိုသည်။ ထို့နောက် တုတ်ချောင်းကို လွှတ်ချလိုက်ပြီး လက်ကလေးနှစ်ဖက်ကို ပူးယှက်ကာ တောင့်တောင့်လေးရပ်လျက် ပန်းကလေးများ တွန့်သွားအောင် ရယ်နေပြန်သည်။

"ဒီရခိုင်ရိုးမကြီး တစ်လျှောက်မှာ ဦးလေးနဲ့ ယုမေက ငှက်ကလေးနှစ်ကောင်လုပ်ပြီး ပျံသန်းနေလို့ရရင် သိပ်ကောင်းမှာပဲနော်"

ဟုပြောပြီး ယုမေက မောင်အေးချမ်း၏မျက်နှာကို ကြည့်၏။ မောင်အေးချမ်းက ပြုံး၍သာနေသည်။

"ရခိုင်ရိုးမတောင်တန်းကြီး တစ်လျှောက် တောင်ပံချင်းယှက်ပြီး၊ အလျားလိုက်ပျံလိုက်၊ ဖြတ်ပြီးပျံလိုက် အမြင့်က ပျံလိုက်၊ အနိမ့်လေးက ပျံလိုက်နဲ့ တောင်ပံညောင်းရင် ကျောက်ဆောင်ကြီးပေါ်မှာ ခိုနားကြမယ်လေ။ ပြီးတော့ ကျောက်စက်ရေကိုသောက်မယ်။ သစ်သီးတွေကို ခူးစားမယ်။ ပန်းလှလှလေးတွေကို ခူးမယ်။ အရမ်းပျော်စရာကြီးနေမှာနော် ဦးလေး"

မောင်အေးချမ်းက ခေါင်းညိတ်၏။ ထို့နောက် ယုမေသည် မောင်အေးချမ်းအား ပြေးဖက်လိုက်ပြီး -

"ဦးလေးနဲ့ယုမေ ယူကြတဲ့အခါ ရခိုင်ရိုးမကြီးကို လျှောက်လည်ရအောင်နော်။ စမ်းချောင်းထဲဆင်းပြီး ကျောက်စက်ရေတွေ သောက်လိုက်။ သစ်သီးလေးတွေ ခူးစားလိုက်၊ အရောင်အသွေးစုံတဲ့ ပန်းပွင့်လေးတွေ ခူးလိုက်နဲ့ သိပ်ကိုပျော်စရာကြီးနေမှာ။ အဲဒီခါ ဦးလေးက ယုမေခေါင်းမှာ ပန်းလှလှလေးတွေကို ပန်ပေးနော်"

ဟု ပြောပြန်သည်။

မောင်အေးချမ်းက ပြုံးပြီး ခေါင်းညိတ်၏။ ယုမေက မောင်အေးချမ်း၏ နားနားကပ်ပြီး တိုးတိုးလေး ပြော၏။

"ဦးလေးလို့ ခေါ်ရတာ အရသာမရှိဘူး။ ဒါကြောင့် ကိုကိုလို့ ခေါ်မယ်နော်"

မောင်အေးချမ်း အသံထွက်အောင် ရယ်လိုက်၏။

"နော်လို့ ..."

မောင်အေးချမ်း ယုမေကျေနပ်အောင် ခေါင်းညိတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ကိုကို"

"ဗျာ ..."

ယုမေသည် မောင်အေးချမ်း၏ ရင်ခွင်ထဲသို့ ပြေးဝင်ကာ မျက်နှာကို မောင်အေးချမ်း၏ ရင်ဘတ်မှာ ကပ်ထားပြီး တိုးတိုးရယ်၏။ ထို့နောက် "ကိုကို ... ကိုကို"ဟု သုံးလေးခွန်း ဆက်ခေါ်နေ၍ မောင်အေးချမ်းလည်း ထူးရ၏။

"လူရှေ့သူရှေ့မှာ ဦးလေးလို့ခေါ်ပြီး လူကွယ်ရာမှာ နှစ်ယောက်ချင်းဆို ကိုကိုလို့ပဲ ခေါ်မယ်နော်"

"အင်းပါ ..."

"တစ်ခုတော့ ပြောထားချင်တယ်။ ယုမေရှေ့မှာရော၊ ယုမေကွယ်ရာမှာပါ ဒေါ်ခင်တင့်ကြီး ဖက်တာ၊ နမ်းတာကို ရှောင်ကြဉ်ပါလို့။ ယုမေရဲ့ ဘဝမှာ အဖေ၊ အမေဆိုတာလည်း မရှိဘူး။ ဆွေမျိုးသားချင်းလည်း မရှိဘူး။ မွေးရာဒေသဆိုတာလည်း မရှိဘူး။ ကိုကိုတစ်ယောက်တည်းပဲ ရှိတယ်။ ဒါကြောင့် ဘဝတစ်ခုလုံးနဲ့ရင်းပြီး ချစ်ရတဲ့ ကိုကိုရယ်။ ယုမေချစ်သလို ကိုကိုကလည်း ယုမေကို ပြန်ချစ်ပါနော်။ ယုမေကို ဘယ်တော့မှ ခွဲမသွားရဘူးနော်"

ထို့နောက် ... ယုမေသည် မောင်အေးချမ်းအား ကျစ်ကျစ်ဖက်ထား၏။ ထို့နောက် ပါးချင်းကပ်ထား၏။ ထို့နောက် နဖူးချင်းကပ်ထား၏။ ထို့နောက် မျက်နှာကို အနှံ့နမ်း၏။ ထို့နောက် မောင်အေးချမ်း၏ရင်ခွင်ထဲတွင် ငြိမ်လျက် မျက်စိမှိတ်ပြီး အိပ်နေသည်။

မောင်အေးချမ်းက အကြည့်ကို အဝေးသို့ ပို့ထား၏။ မနီးမဝေးမှ ဖြတ်သွားနေကြသော လှေ၊ ဖောင်များကို ကြည့်၍လည်း နေ၏။ ယုမေ၏အပေါ်တွင် ကရုဏာချစ်ထက် မပိုလိုသော ကြောင့် ဖြစ်၏။

"ကိုကို့ကို ယုမေ တစ်ခုပြောချင်တယ်"

"ဘာလဲ ယုမေ"

"ကိုကိုက ဒီမိုးဦးကျရင် ယုမေကို ကျောက်ဖြူမှာ ဘော်ဒါပို့တော့မယ်ဆို မဟုတ်လား"

"ဟုတ်တယ်လေ ယုမေရဲ့"

"အဲဒီဆုံးဖြတ်ချက်ကို ပြင်လို့မရဘူးလား ကိုကိုရယ်။ ပြင်လို့ရရင် ပြင်လိုက်ပါလား"

"ဘယ်လိုပြင်ရမှာလဲ ယုမေ"

ယုမေသည် ပင့်သက်တစ်ချက်ကို ရှူရှိုက်လိုက်ပြီး ...

"ယုမေ ကိုကိုနဲ့ မခွဲချင်တော့ဘူးကွာ။ ဒီအတိုင်းပဲ ပျော်ပျော်ကြီး နေချင်တော့တယ်။ နားလည်ပေးပါလား ကိုကိုရယ်"

သည်အကြိမ်တွင် မောင်အေးချမ်း ပင့်သက်ချရ၏။

"ယုမေက မေတ္တာငတ်မလေးပါ ကိုကိုရယ် ...။ မိဘမေတ္တာကိုလည်း အပြည့်အဝမရခဲ့ရဘူး။ ဦးလေးမေတ္တာကိုလည်း ထိုနည်းလည်းကောင်း။ အခု အသက်မကချစ်ရတဲ့ ချစ်သူရည်းစားကို ဦးဦးဖျားဖျားလေး ရလာပြန်တော့လည်း မကြာခင် အဝေးတစ်နေရာဆီသို့ လမ်းခွဲပြီး သွားရတော့မယ်ဆိုတော့ အဲဒီဒုက္ခကြီးကိုလည်း မခံစားချင်ဘူးကွာ။ မခံစားချင်ဘူး ဆိုတာထက် ခံလည်း ခံစားနိုင်လိမ့်မယ်လို့ မထင်ဘူးလေ။ ဒါကြောင့် အခုပဲ ယူလိုက်ရအောင် ကိုကိုရယ်။ အခု ရုံးကိုသွားပြီး လက်မှတ်ထိုးလိုက်ရအောင်"

"ဘယ်ဖြစ်မလဲ ယုမေရဲ့။ ယုမေ ဘွဲ့ရပြီးမှ ယူလို့ဖြစ်မှာပေါ့။ ယုမေက အခုမှ အသက်ဆယ့်လေးနှစ် ရှိသေးတာ။ ဒါကြောင့် အခုသာယူလိုက်ရင် ပတ်ဝန်းကျင်ရဲ့ တံထွေးပေါက်မှာ မျောတော့မှာပေါ့"

"ကဲ့ရဲ့ ခုနစ်ရက်ဆို မဟုတ်လား ကိုကိုရယ်။ နောက်တော့ ရိုးသွားမှာပေါ့။ ပြီးတော့ ယုမေနဲ့ ကိုကိုက ရခိုင်ရိုးမကြီးထဲမှာ နေကြမှာပဲဟာ။ အဲလောက်ထိ စဉ်းစားစရာ မလိုပါဘူး။ အနီးအနားမှာ နှစ်ဖက်မိဘ ဆွေမျိုးတွေလည်းမရှိတော့ နေ့မြင်ညပျောက်တွေ အချင်းချင်းဖြစ်လို့ ယုမေတော့ ကိုကိုပြောတဲ့ ကဲ့ရဲ့ရှုံ့ချခံရမယ်ဆိုတဲ့ စကားကြီးကို သိပ်ပြီး အလေးအနက် မထားချင်ဘူး။ ယုမေလည်း ဖွံ့ဖြိုးနေတဲ့သူတစ်ယောက်ပဲဟာ ...။ အသက်ဆယ့်ခြောက်နှစ်ဆိုရင်တောင် ယုံလောက်ပါတယ်"

အထက်ဘက်မှ စုန်လာကြသော လှေဖောင်သမားတချို့တို့သည် ယုမေနှင့် မောင်အေးချမ်းတို့ကို ကြည့်သွားကြ၏။ မောင်အေးချမ်းက ယုမေကို ပြန်ပြောမည့်စကားကို စဉ်းစားနေသည်။ ယုမေက မောင်အေးချမ်းကို ကျစ်ကျစ်ဖက်ထားသည်။ သူ့မျက်နှာကို မောင်အေးချမ်း၏ ရင်ဘတ်မှာ ကပ်ထားသည်။

"ယူလိုက်ရင် ဖြစ်တယ်ဆိုပေမယ့် နောက်ဖြစ်လာနိုင်တဲ့ ပြဿနာတွေကိုလည်း စဉ်းစားရမှာ ယုမေရဲ့။ ယုမေအသက်မပြည့်သေးဘူးဆိုတာ တစ်ခုက ကြီးမားတဲ့ အဆီးအတားကြီး ဖြစ်နေတယ်။ အဲဒီကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်က သွားတိုင်လိုက်ရင် အသက်မပြည့်သေးတဲ့ မိန်းကလေး တစ်ယောက်ကို ဖြားယောင်းပေါင်း သင်းတယ်ဆိုပြီး ငါ တန်းအဖမ်းခံရမှာ''

''ဩော် ... အဲလိုလည်း ရှိ သလား။ အဲဒါကို ယုမေ မသိဘူး''

ယုမေ အံ့သြသွား၏။ မျက်လုံး လေးများလည်း ပြူးဝိုင်းသွားသည်။ ထို့ကြောင့် မောင်အေးချမ်း ပြောအား ရှိလာသည်။

''အဲလိုမျိုးသာ အဖမ်းခံရရင် မုဒိမ်းမှုမြောက်တဲ့အတွက် နှစ်ရှည် ထောင်ဒဏ်ကျသွားနိုင်တယ်။ မုဒိမ်းမှု နဲ့ လူသတ်မှုက အတူတူပဲ''

''ဩော် ... ဩော် ... ယုမေ ကိုယ်တိုင် ကြိုက်လို့ယူတာပါ။ ကိုကို က ဖြားယောင်းယူတာ မဟုတ်ပါဘူး လို့ ယုမေက ထွက်ဆိုရင်ကော။ အဲလို ဆိုရင် မရဘူးလား''

''ယုမေကိုယ်တိုင်က အဲလိုထွက် ဆိုရင်တော့ ဖြားယောင်းမှု မဟုတ် ဘူးဆိုတာ တစ်ခုလျော့သွားပေမယ့် အစိုးရပြဋ္ဌာန်းထားတဲ့ အသက်မပြည့် သေးတဲ့ မိန်းကလေးတစ်ယောက်ကို ဇနီးမယားအဖြစ် ပေါင်းသင်းတယ် ဆို တာကိုတော့ ဘယ်နည်းနဲ့မှ ငြင်းကွယ် လို့ရမှာမဟုတ်ဘူး။ အနည်းဆုံး ထောင် အနှစ်နှစ်ဆယ်။ အဲလိုမှ မဟုတ်ရင် လည်း တစ်သက်တစ်ကျွန်း ကျသွား မှာပဲ''

''ဘုရား ... ဘုရား ... အဲဒါ တွေကို ယုမေ တစ်ခုမှမသိပါဘူး ကိုကိုရယ်''

ဟုတ်သည် မဟုတ်သည်ထား။ မောင်အေးချမ်းက ပါးစပ်မှ တွေ့သမျှ လျှောက်ပြော၏။ ယုမေက အဟုတ် ယုံသဖြင့် ပြောအားလည်း ပိုမိုရှိနေ၏။ ယုမေ ယုံကြည်လက်ခံရေးသည်သာ အဓိကကျ၏။ မောင်အေးချမ်း ပြော အားရှိလာ၍ ဆက်တွန်း၏။

''အဲလိုသာ အဖြစ်ဆိုးနဲ့တိုးရင် မခက်ဘူးလား။ နှစ်ယောက် ရည်တူ ချစ်ခင်ကြည်ဖြူစွာနဲ့ အတူတကွ နေ ချင်လို့ ယူကြပါတယ်ဆိုကာမှ ရှင်ကွဲ ကွဲရမယ့်အဖြစ်မျိုးကို ယုမေ ရင်ဆိုင် ရဲသလား''

ယုမေ လည်ပင်းတုန်တုန်ဖြင့် ခေါင်းခါ၏။

''ဒါကြောင့်ပြောတာ။ အစက ငါ စီစဉ်ထားတာဟာ အကောင်းဆုံးပဲ။ ယုမေဘွဲ့ရပြီးမှ ယူကြရင် ပြဿနာမရှိ တော့ဘူး''

ယုမေ တစ်အောင့်လေး စဉ်းစား လိုက်ပြီး ...

''ဒါဆိုရင်လည်း ဘွဲ့ရအောင် စာသင်မနေတော့ဘဲ ယုမေ အသက် ပြည့်တာနဲ့ ယူလိုက်ကြရင် မကောင်း ဘူးလား''

''အဲဒါလည်း ငါစဉ်းစားမိပါ တယ်။ ဒါပေမယ့်လည်း ဆယ်တန်း တောင် မအောင်တဲ့လူဆိုတော့ လင် မယားနှစ်ယောက်မှာ တစ်ယောက်မှ ဆယ်တန်းမအောင်၊ ဘွဲ့လည်းမရကြ ဘူးဆိုရင် တော်ပါ့မလား။ ဒီခေတ်က တဖြည်းဖြည်း တိုးတက်လာနေတဲ့ ပညာရေးခေတ်ကြီးဆိုတာလည်း မေ့ ထားလို့မရဘူး ယုမေရဲ့''

ယုမေ ချက်ချင်း အမူအရာ ပြောင်းသွားကာ မျက်နှာလေးဝှက်ပြီး ကိုယ်လေးတုန်အောင် အသံထွက်စွာ ဖြင့် ရယ်လျက် ...

''လင်မယားဆိုတာက ပါသေး''

ဟု တိုးတိုးဆို၏။

မောင်အေးချမ်း ရယ်မိမလို ဖြစ် သွား၏။ ထို့နောက် မျက်နှာကို ပြန် တည်လိုက်သည်။ ယုမေက ဆက် ပြောသည်။

''အခု ယူကြအောင်ဆိုတော့ အကြောင်းများစွာပြပြီး တွင်တွင်လည်း ငြင်းသေး''

''စကားအရဖြင့်သာ ပြောတာ ပါ''

''မယူသေးခင် စကားအရာဖြင့် လည်း မပြောရဘူးကွာ''

မကြာမီသော ကာလတစ်ခု၌
တစ်မျိုးပြီးတစ်မျိုး မိုးကြိုးကျဘိသို့
ဖြစ်လာတော့မည်ကို မောင်အေးချမ်းနှင့်
ယုမေတို့ မသိနိုင်ကြပါချေ။
နားလည်နိုင်စွမ်းလည်း မရှိကြ။



www.burmeseclassic.com

www.burmeseclassic.com

မောင်အေးချမ်း တစ်ချက်ပြုံးလိုက်ပြီး တံငါတဲလေး၏ အပြင်ဘက် သောင်တန်းမှ မကြာခဏ ဖြတ်သွားနေကြသော လှေ၊ ဖောင်များကို ကြည့်မိ၏။ ကိုသိန်းဝင်းလည်း သူ၏ ကားဝါကြီးဖြင့် ကျောက်သဲများကို တိုက်နေဆဲ ဖြစ်၏။

"ကိုကိုရယ် ... ဘွဲ့ရပြီးမှ ယူကြမယ်ဆိုရင် ရှစ်နှစ်ကြီးတောင်ပါလား။ ဒီကြားထဲ စာမေးပွဲကျရင် ပိုကြာဦးမယ်"

"ယုမေ ကြိုးစားပေါ့။ စာမေးပွဲမကျအောင်"

"အဲလောက် အကြာကြီး ခွဲနေရမယ့်အရေး တွေးပြီး ယုမေ ရင်လေးတယ်ကွာ။ ခုကတည်းက တွေးပူပြီး ဆွေးနေမိပြီ။ ဘော်ဒါမှာ သွားနေရတဲ့မခါ ကိုကို ယုမေဆီကို တစ်လ ဘယ်နှခေါက်လောက် လာတွေ့မှာလဲ"

"ဘော်ဒါသွားပို့ကတည်းက လိုတာအားလုံးကို တစ်နှစ်စာ အလုံအလောက် အပိုအသာ ပေးထားခဲ့မယ်လေ"

ယုမေသည် မောင်အေးချမ်း၏ မျက်နှာကို တစ်အောင့်လေး စိုက်ကြည့်နေပြီး ...

"တစ်နှစ်မှာ တစ်ခေါက်ပဲ လာတွေ့မယ်ဆိုတဲ့ သဘောလား ကိုကိုရယ်"

မောင်အေးချမ်းက ခေါင်းညိတ်လိုက်ပြီး –

"ပညာသင်နေတဲ့အခါ ပညာရေးကိုပဲ အဓိကထားပြီး ဦးစားပေးရမှာပေါ့"

ဟု ပြောလိုက်၏။ ယုမေက သက်မတစ်ချက်ကိုချပြီး –

"ဟုတ်တော့လည်း ဟုတ်ပါတယ်။ ဒါပေမယ့် တစ်နှစ်ကို သုံးလေးခေါက်လောက် လာတွေ့ပါကိုကိုရယ်"

မောင်အေးချမ်းက ခေါင်းညိတ်၏။

"နွေရာသီ ကျောင်းပိတ်တဲ့အခါ ယုမေ လာနေလို့ ရမလား"

"အဲလို အဆင်ပြေနိုင် ပါ့မလား။ ဒေါ်ခင်တင့်အိမ်က ထွက်သွားပြီးမှ တစ်ဖန်လာနေတယ်ဆိုတော့လည်း သိပ်ပြီး အဆင်ပြေမယ်မထင်ဘူး။ သူတို့က ဘာမှမပြောရင်တောင် ကိုယ့်ဘက်က ရှိန်ထားမှ သင့်မှာ။ ငါသူတို့အိမ်က ယုမေကိုခေါ်သွားပြီး စာသင်ပေးနေတယ်ဆိုတာနဲ့ ပတ်သက်ပြီးလည်း အဖုအထစ်ကလေးတွေ ရှိချင်ရှိနေနိုင်တယ်"

"ပြီးရော ... ပြီးရော"ဟု ဆိုကာ ယုမေသည် မောင်အေးချမ်း၏ ရင်ခွင်မှထပြီး မောင်အေးချမ်းကို သိုင်း၍ဖက်ထား၏။ တစ်အောင့်လေးကြာအောင် ငြိမ်နေပြီး ...

"အရမ်းချစ်တယ်ကွာ"ဟု ဆိုကာ သူ့လက်ကို ရွှေ့၍ ရွှေ့၍ တစ်နေရာပြီးတစ်နေရာ စီးစီးဖက်၏။

"အသက်မက ချစ်ရတဲ့ကိုကိုရယ်။ ဒီမေတ္တာတော်မလေးကို ပစ်မသွားနဲ့နော်။ ကိုကိုဟာ ယုမေရဲ့ အသက်၊ ယုမေရဲ့ ဘဝပါ"

ဟု အသံတုန်တုန်ဖြင့် တိုးတိုး ပြောနေ၏။ ထို့နောက် မောင်အေးချမ်းကို နမ်း၏။ ထို့နောက် ပါးချင်းကပ်၍ တစ်အောင့်မျှငြိမ်နေပြီး –

"ကိုကို ... ယုမေကိုနမ်း"

ဟု ဆို၏။ မောင်အေးချမ်းက ဆတ်ခနဲ တစ်ချက်နမ်းလိုက်၏။

"ဖိပြီးနမ်း"

မောင်အေးချမ်းက ယုမေကျေနပ်အောင် နမ်းရ၏။ ယုမေကျေနပ်၍ နေ၏။ ပြုံးပြုံးလေးဖြင့်လည်း ကြည့်နေ၏။ ထို့နောက် ကျစ်ကျစ်ပါအောင် ဖက်ထားပြီး ငြိမ်နေ၏။

အလွန်အမင်း ကြည်နူးရသော ရက်တစ်ရက် ဖြစ်၏။ ပျော်စရာအကောင်းဆုံးသော ရက်အဖြစ်လည်း သတ်မှတ်ရ၏။ သို့သော် ချစ်စရာ၊ ပျော်စရာ၊ ကြည်နူးစရာကောင်းသော နေ့ရက်နာရီဟူ၍ ဤမျှသာ။ နောက်နောက်သော အချိန်ကာလများတွင် ဤကဲ့သို့သော ကြည်နူးပျော်ရွှင်မှုကို မရနိုင်တော့ပေ။

စိတ်ကူးဖြင့် စီစဉ်ထားကြသည့် ယုမေအား ပညာသင်ပေးခြင်း၊ ဘွဲ့ရရှိပြီးနောက် တစ်သက်မခွဲ၊ ကြည်နူးမှုအပြည့်ဖြင့် လက်တွဲလျက် စသည်တို့မှာလည်း စိတ်ကူးမျှတွင်တည်၍ ရေပေါ်မှာ အရုပ်ရေးသကဲ့သို့ ပျက်ပြယ်ရတော့မည် ဖြစ်၏။ ထို့နောက် ငိုပွဲကြီးဆင်လျက် တစ်ယောက်တစ်လမ်းစီ ကွဲလွဲပြီး သေသူသေ၍ ဆွေးသူက ဆွေးရသည့် အဖြစ်မျိုးများကလည်း တသီတတန်းကြီး ဖြစ်လာတော့မည်ကို ကြီးသူဖြစ်သော မောင်အေးချမ်းက မသိနိုင်သလို ယုမေလေးသည်လည်း နားလည်နိုင်ခြင်း မရှိပေ။

ယခုအချိန်တွင်ကား တစ်ယောက်နှင့်တစ်ယောက် မခွဲစတမ်း ပညာသင်နေရမည့် ကာလကိုပင် ကြာလှချည်ရဲ့ဟု အပြစ်ဆို၍ မကျေနပ်သူက ယုမေ။ အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး ချိန်ဆနေသည်က မောင်အေးချမ်း။ ကာလတစ်ခု၏အတိုင်းအတာ၌ ကြည့်



www.burmeseclassic.com

www.burmeseclassic.com

နူးဖွယ်သည့် ပျားကွဲသို့ ချို၏။

ပစ္စုပ္ပန်၏ထိုဘက်သို့ကျော်၍ မမြင်ကောင်းသော ပဝုဇဉ်တို့၏ သဘော၊ မိမိတို့လိုသလို ဖြစ်နေသောအခါ ဖန်တီးသမျှ ဖြစ်လာရသည့် သဘာဝ၏ ခမ္ဘကိုပင် ငါလုပ်၍ ငါဖြစ်သည်။ ငါဖန်တီးသမျှ ငါဆိုင် ငါပိုင်၍ ငါ့ကြောင့်ဖြစ်သည်။ ငါသည် ဖန်တီးရှင်ဟု တန်ခိုးရှင်တို့သည် နားမလည်နိုင်သော ကံကိုပင် လိုရာဘက်သို့ဆွဲ၍ လှည့်နိုင်သည်။ လုပ်သမျှ ဖြစ်လာခြင်းသည် ငါ့ကြောင့်၊ ငါသည် ကံကြီးရှင်ဟု လွဲမှားစွာဖြင့် စွဲထင်တတ်ကြ၏။

မကြာမီသော ကာလတစ်ခု၌ တစ်မျိုးပြီးတစ်မျိုး မိုးကြိုးကျဘိသို့ ဖြစ်လာတော့မည်ကို မောင်အေးချမ်းနှင့် ယုမေတို့ မသိနိုင်ကြပါချေ။ နားလည်နိုင်စွမ်းလည်း မရှိကြ။ ပစ္စုပ္ပန်၏ ကြည်နူးခြင်းသည် နှစ်ယောက်လုံးကို မူးစေ၊ မေ့စေ၏။ ကျေနပ်ခြင်းနှင့် နှစ်သိမ့်ခြင်းတို့သည် အပြည့်ရှိနေကြ၏။ ပျော်စရာကောင်းသော ကမ္ဘာလေး တစ်ခုကို ဖန်တီးဖြစ်ကြ၏။

အပြင်တွင် နေသည် ကျဲကျဲပူနေသည်။ တို့ထိကျီစယ်သွားသော လေသည်ပင် နေပူပြင်ကို ဖြတ်လာသောကြောင့် မပူသော်လည်း ရှိန်၍နေ၏။ နေမြင့်လာပြီ ဖြစ်သောကြောင့် ပြန့်ပြူးညီညာသော သဲပြင်ကြီးတွင်လည်း တံလျှပ်တို့ ထလျက်ရှိသည်။

"တီတီ ... တီ တီ"

ကိုသိန်းဝင်းသည် ဆရာတော် အလှူခံသော ကျောက်/သဲ ခေါက်ရေ ပြည့်ပြီထင်၏။ မောင်အေးချမ်းလည်း ဘယ်နှခေါက်ဟု မှတ်မထားလိုက်ပေ။ သဲတင်ပေးနေကြသော ပရဟိတ ကျောင်းသားများ ကားပေါ်သို့ အလုအယက်တက်နေကြသည်။ ထို့ကြောင့် မောင်အေးချမ်းနှင့် ယုမေတို့ တံငါတဲလေးမှ ခပ်သွက်သွက် ထွက်လာကြသည်။ မောင်အေးချမ်းနှင့် ယုမေတို့ ကားပေါ်ရောက်သည်နှင့် ကိုသိန်းဝင်းက ကားကိုမောင်းသည်။

မနက် ၁၁ နာရီ ထိုးနေပြီ။ ထို့ကြောင့် ကျောင်းခြံထဲကိုဝင်ပြီး ကျောက်သဲကို သွန်ချကာ ဆရာတော်အား ဦးချ၊ ရှိခိုးပြီးနောက် ထမင်းဆိုင်ကို တန်းဝင်ရမည့် သဘောရှိသည်။ ထမင်းစားသောက်ပြီးနောက် ထမင်းဆိုင်မှာ နားရကောင်းမလား၊ မခင်တင့်အိမ် ပြန်နားရကောင်းမလား၊ ဆောက်လုပ်ရေးရုံးခြံထဲ ကားထိုးပြီး နားရကောင်းမလား။

"ဦးလေး ... သမီးတို့ ဒေါ်ခင်တင့်အိမ်ကို တန်းပြန်မှာလား"

ကားသမား ကိုသိန်းဝင်း ရှေ့မှာဖြစ်၍ ယုမေသည် မောင်အေးချမ်းအား အခေါ်ပြောင်းသွားသည်။

"ဘာဖြစ်လို့လဲ ယုမေ"

"ဦးလေးမှာ ပိုက်ဆံပါသေးရင် ထမင်းဆိုင်ဝင်စားပြီး အောက်ရွာကိုပဲ တန်းသွားချင်တယ်။ ဒေါ်ခင်တင့်အိမ်ကို သွားနေရင်လည်း သူနေထိုင်မကောင်းဖြစ်နေတာနဲ့ ဦးလေးအတွက် ဘာမှလုပ်ပေးနိုင်မှာ မဟုတ်ပါဘူး။ ဒီတော့ အားနာရတာပဲ အဖတ်တင်မယ်လေ"

"ဟုတ်တယ်။ ငါလည်း အဲဒါကို စဉ်းစားနေတာပဲ။ ထမင်းဆိုင်ဝင်တာပဲ ကောင်းလိမ့်မယ်ထင်တယ်"

"ပြီးတော့ ထမင်းစားပြီးတာနဲ့ အောက်ရွာကို တန်းသွားမယ်နော်။ အောက်ရွာရောက်ရင် ... အာရုံခံ တန်ဆောင်းထဲဝင်ပြီး ဘုရားဖူးမယ်၊ အာရုံခံနောက်က တောင်တန်းပေါ်မှာ တည်ရှိတဲ့ စေတီတော်ကြီးကို ဖက်ဖူးကြမယ်။ ပြီးတော့ မော်တော်ဆိပ်ကို ဆင်းမယ်။ မြစ်ချောင်းကမ်းနဖူးအတိုင်း ဆင်ထိုးတံတားကြီးကို သွားမယ်နော်"

မောင်အေးချမ်း ဆတ်ခနဲ ခေါင်းညိတ်လိုက်၏။ ယုမေ ဝမ်းသာပြီး လက်ခုပ် ဖွဖွလေး တီးလိုက်၏။

သို့သော်လည်း ယုမေပြောသကဲ့သို့ သည်နေ့ အချိန်ရမည် မဟုတ်ပေ။ မနေ့က အမ်းဗိုလ်မော်တော်ကြီး သောင်တင်နေ၍သာ ဒီရေပြန် သောင်လွတ်ပြီး ညနေမှ ရောက်လာခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း မနေ့က ငါးနာရီဝန်းကျင်မှ မော်တော်ရောက်၍ နှစ်ယောက်အတူ ကြာကြာနေခွင့် ရခဲ့ကြသည်။ ယနေ့သည်ကား ညနေ ၃ နာရီဝန်းကျင်မှာပင် မော်တော် ရောက်လာနိုင်၍ တစ်နာရီခွဲ၊ အလွန်ဆုံး နှစ်နာရီမျှသာ အချိန်ရပေလိမ့်မည်။

ထိုအချိန်လေးမှာပင် ယုမေသည် မောင်အေးချမ်းနှင့် ပျော်ပျော်ရွှင်ရွှင် လျှောက်လည်ရင်း စကားတွေကို အများကြီး ပြောနေချင်ပေလိမ့်မည်။ မည်သို့ပင်ဆိုစေကာမူ မကြာမီ ယုမေကို ကျောက်ဖြူပို့တော့မည်ဖြစ်၍ ယုမေ စိတ်တိုင်းကျ အလိုလိုက်ရပေတော့မည်။ ဤသည်ကို မောင်အေးချမ်းက နားလည်ခွင့် မပေး၍ မရပေ။

(နောက်လဆက်ရန်)

**မင်းဟိန်းထိုက်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မိုက်မလင်းတဲ့ မြို့ကြက်အခင်းမှာ

■ ရဲမြတ်တင်

ညသည် တဖြည်းဖြည်း အိုစာ လျက်ရှိလည်း၊ ညဉ့်နက်လာသည်နှင့်အမျှ အမှောင်ထုက ပိုရှိုသာ သိပ်သည်းလာ နေတော့သည်။ သည်ညက လမိုက်ည ဖြစ်သည့်ပြင် ကောင်းကင်၌လည်း အလိပ် လိပ်အထပ်ထပ် လွှမ်းအုပ်ထားသည့် တိမ်ညိုတိမ်ပုပ်တို့ကြောင့် ကြယ်ရောင် ကလေးကိုသော်မျှ မမြင်ရပေ။ သို့သော် တောင်ဘက်စွန်းအရပ်၌မူ မိုးသားအနည်း က တိမ်ညိုရန်မှကင်းလွတ်လျက် ဖြူးဖြူး လင်းလင်းကလေး ဖြစ်လျက်ရှိ သည့်ကို တွေ့ရလေသည်။ ထိုနေရာမှပင် ရံခါ၌ လျှပ်ရောင်များ ဖျိုးခနဲ၊ ဖျတ်ခနဲ ထွက်ပြူ နေလေရာ ထိုလျှပ်ရောင်ကပင်လျှင် မည်းမှောင်နေသော ဝန်းကျင်အား သူ တတ်စွမ်းသမျှ အလင်းရောင်ပေးနေသကဲ့ သို့ ဖြစ်နေလေ၏။

မြစ်ရေက ငြိမ်သက်စွာ စီးဆင်း လျက်ရှိသည်။ မည်မျှငြိမ်သက်သနည်း ဆိုလျှင် ရေစီးသံသဲ့သဲ့ကလေးသော်မျှ မကြားရချေ။ ထိုသို့ မြစ်ပြင်က ငြိမ်သက် နေသလို ကမ်းခြေရှိ ကျောက်ဆောင်များ ကလည်း ညအမှောင်အောက်တွင် မား မားရပ်က ငြိမ်သက်နေကြသည်။ ထို ကျောက်ဆောင်များ၏ အနီးတွင် အုတ် ခုံတစ်ခုရှိရာ ၎င်းအုတ်ခုံပေါ်၌ လူတစ် ယောက်က ငုတ်တုတ်ထိုင်လျက်ရှိသည်။ ထိုလူကလည်း ဝန်းကျင်နှင့်လိုက်ဖက်ညီ စွာ မလှုပ်မယှက် ငြိမ်သက်လျက် ရှိနေ ပြန်လေသည်။

www.burmeseclassic.com

ညဦးပိုင်းလောက်ကတော့ ကမ်းခြေ၌ မြို့သူမြို့သားတချို့က လမ်းလျှောက်တွက်ရင်း လေညင်းခံနေကြသေးသည်။ ညဦးနက်လာတော့မှ လူက တဖြည်းဖြည်းကျဲသွားသည်။ ပါးသွားသည်။ ထို့နောက် လုံးလုံးလူခြေတိတ်သွားသည်။ စောစောက လက်ချင်းချိတ်၍ ကိတ်တိတ်ဆိတ်ဆိတ် ထပြန်သွားကြသော သမီးရည်းစားစုံတွဲမှာ နောက်ဆုံးအသုတ်ပင်ဖြစ်သည်။ သည့်နောက်တွင်တော့ တိုအုတ်ခုံပေါ်ကလူသာလျှင် တစ်ဦးတည်းသော ပုဂ္ဂိုလ်အဖြစ် ကျန်ရစ်ခဲ့တော့သည်။

အုတ်ခုံပေါ်မှလူက သူ၏ ရှေ့ဝဲရှု တွင်ရှိနေသော ကြီးမားလှသည့် နှစ်ထပ်တိုက်ကြီးကို မမိတ်မသုန် စိုက်ကြည့်လျက်ရှိသည်။ လျှပ်စီးလက်လိုက်ချိန်တွင် ထိုတိုက်အိမ်ကြီး၏ လေးထောင့်စပ်စပ် ပုံသဏ္ဌာန်ကို လျှပ်တစ်ပြက်မျှ မြင်တွေ့နိုင်ပါသော်လည်း များသောအားဖြင့်မူ ထိုတိုက်ကြီးတစ်လုံးပင် အမှောင်ထုထဲ၌ မြုပ်ကွယ်လျက်ရှိသည်။ ထိုအိမ်ကြီးမှ အလင်းရောင်ထွက်နေသော ပြတင်းပေါက်များကိုသာ အမှောင်တွင်း၌ ဟိုတစ်ကွက် သည်တစ်ကွက် တွေ့မြင်နေရသည်။ တစ်ဖန် ထိုအိမ်ကြီးမှာ ထုထည်ကြီးမားလှသည့်ပြင် ကမ်းပါးစွန်းရှိ ကုန်းမြင့်နေရာပေါ်တွင် တည်ရှိနေပြန်လေရာ သူက အနီးအနားရှိ အဆောက်အဦများထက် ပိုပို၍ ထင်ပေါ်ကာ မားမားကြီးပင် ထိုးထွက်နေလေတော့သည်။

အုတ်ခုံပေါ်မှလူက စီးကရက်တစ်လိပ်ကို နှုတ်ခမ်းတွင်တပ်လိုက်သည်။ ထို့နောက် ဓာတ်ငွေ့မီးခြစ်ဖြင့် စီးကရက်ကို မီးညှိလိုက်သည်။ ဓာတ်ငွေ့မီးခြစ်မှ မီးတောက်လေးများထွက်ပေါ်လာချိန် မှာပင် သူ့အနီးသို့ မဲမဲသဏ္ဌာန်လူတစ်ယောက် ချဉ်းကပ်လာနေသည်ကို သူက သတိပြုမိလိုက်သည်။

"ကိုယ့်လူ၊ မီးတစ်တို့လောက်ဗျာ"

ချဉ်းကပ်လာသူက အနီးရောက်ရောက်ချင်းပင် ဆေးလိပ်မီးတောင်းလေ၏။ သူက လက်ထဲမှ ဓာတ်ငွေ့မီးခြစ်ကိုပင် ကမ်းပေးလိုက်သည်။ မီးတောင်းသူက မီးခြစ်ကိုခြစ်ကာ စီးကရက်အား မီးညှိသည်။ ထိုသို့ မီးညှိနေရင်း မီးခြစ်မှ အလင်းရောင်ဖြင့် အုတ်ခုံပေါ်မှလူ၏ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်လေသည်။ ထို့နောက် မီးညှိပြီးသည်နှင့် မီးခြစ်ကို ပြန်ပေးလိုက်သည်။

"ကျေးဇူးပဲဗျာ"

အုတ်ခုံပေါ်မှလူက မီးခြစ်ကိုလှမ်းယူသည်။ မီးတောင်းလာသူက စီးကရက်ကိုခဲထားရင်း သူ၏ဂျာကင်အင်္ကျီကိုလှပ်၍ အတွင်းရှိ အင်္ကျီအိတ်ကပ်အတွင်းသို့ လက်ထဲမှ စီးကရက်ဘူးကို ထိုးထည့်လိုက်သည်။ ထိုအချိန်တွင် လျှပ်စီးက တစ်ချက်မျှ လင်းလက်သွားသည်။ ထိုလျှပ်ရောင်ကြောင့်ပင် မီးတောင်းလာသူ၏ ဂျာကင်အင်္ကျီအတွင်းဘက်မှ ဆင်စွယ်ရောင် အရိုးဖြူဖြူတစ်ခုအား အုတ်ခုံပေါ်မှလူက မိမိရရမြင်တွေ့လိုက်ရသည်။

မီးတောင်းသူက စီးကရက်ကို ရှိုးခနဲ ရှိုက်သွင်းလိုက်သည်။ ပြီးလျှင် သူကပင် လှမ်းမေးလိုက်သည်။

"မဟုတ်မှလွဲရော ကိုယ့်လူက မိုက်ခဲသိန်းမောင် မဟုတ်လားဗျ"

"သိပ်မှာဟုတ်တာပေါ့ဗျာ။ ခင်ဗျားလည်း ဓားခင်ဖေပဲ။ ဟုတ်တယ်မဟုတ်လား ..."

"အလဲ့ ... ကိုယ့်လူတယ်ပါးပါလား။ ဘယ်လိုလုပ်သိလိုက်လဲ"

"ဒီလောက်တော့ ခင်ဗျားလျှင်သလို ကျုပ်လည်းလျှင်ပါတယ်ဗျ"

"ဟဲ ...ဟဲ ... ကြိုက်ပြီဗျို့။ မြွေမြွေချင်း ခြေမြင်တယ်ဆိုတာ ဒါမျိုးပေါ့။ ဒါထက် မိုက်ခဲကြီးက ဒီလိုနေရာမျိုးမှာ လာပြီးငြိမ်နေပုံထောက်ရင် အလုပ်တစ်ခုခုကော့ ရှိဟန်တူတယ်။ဟုတ်တယ်မို့လား"

"ရှိတာပေါ့ ဓားရယ်၊ ရှိတာပေါ့။ ကျုပ်ကိုသာပြောပြီး ခင်ဗျားလည်း အလုပ် မရှိဘဲနဲ့တော့ ဒီနေရာမျိုးကို အချည်းနှီးမလာဘူး မဟုတ်လား"

"သိပ်မှန်တာပေါ့။ ကျုပ်လည်း အလုပ်နဲ့ပဲ၊ ကိုယ့်လူနဲ့ ကျုပ်နဲ့ အလုပ်ချင်းတော့ တူဟန်မတူပါဘူး။ ကျုပ်အလုပ်က အဲဟိုမြင်နေရတဲ့ တိုက်အိမ်ကြီးနဲ့ ပတ်သက်တယ်"

"အလို ... ဒါဖြင့်ရင်တော့ ခွကျပြီထင်တယ်။ ကျုပ်အလုပ်ကလည်း အဲဒီတိုက်အိမ်ကြီးနဲ့ ပတ်သက်နေတာပဲ။ ဘယ်လိုဖြစ်ကုန်ပြီလဲမသိဘူး။ ကိုင်း ... ခင်ဗျားကပဲ ခင်ဗျားအလုပ်အကြောင်းကို အရင်ဆုံးပြောပြစမ်းပါဦး"

မိုက်ခဲသိန်းမောင်က အရေးဆိုလိုက်သည်။ ဓားခင်ဖေက ချက်ချင်းမဖြေသေးဘဲ စီးကရက်ကို အားရအောင်ရှိုက်နေသေးသည်။ ပြီးတော့မှ –

"အေးလေ၊ လူဆိုးအချင်းချင်း အလုပ်ကိုစွဲဆွေးနွေးရတဲ့အတွက် ထူးပြီးအကျိုးယုတ်မယ်တော့ မထင်ပါဘူး။ ပြောပြရသေးတာပေါ့။ ဒီလိုကိုယ့်လူ။ ကျုပ်အလုပ်က ဒီတိုက်ကြီးရဲ့ပိုင်ရှင် ဒေါက်တာသီသီစိမ်းရဲ့ စေခိုင်းချက်အရ သူ့ယောကျ်ား ဦးထွန်းမင်းလတ်ကို သတ်ဖို့ပဲဗျ။ သိပြီလား"

"ဟာ ... သောက်ကျိုးနည်း။ ကြုံတောင့်ကြုံခဲပဲဗျို့။ ဒါဖြင့်ရင်တော့ အခြေအနေက ရှုပ်ကုန်ပြီထင်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ကလည်း ဦးထွန်းမင်းလတ်ရဲ့ စေခိုင်းချက်အရ သူ့မိန်းမ ဒေါ်သီသီစိမ်းကို သတ်ပစ်ဖို့အတွက် ဒီမှာလာပြီး အကြံထုတ်နေတာဗျ။ ဖြစ်မှဖြစ်ရလေ



www.burmeseclassic.com

www.burmeseclassic.com

ဗျာ။ ခင်ဗျားနဲ့ကျုပ်နဲ့ တိုက်ဆိုင်မှုက အံ့ဩစရာကောင်းလှချည်လား''

''အေးဗျ။ ခင်ဗျားပြောတဲ့အတိုင်း သာမှန်ရင် အခြေအနေက တော်တော် ခက်ကုန်ပြီ။ ကျုပ်က ဒေါ်သီသီစိမ်းဘက် ကပဲ တစ်ဖက်သတ်ကြံနေတယ်လို့ထင် တာ။ ခုပုံဆိုရင် လင်မယားနှစ်ယောက် စလုံး တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ဖြစ်နေပါပေါ့လား''

-ခါးခင်ဖေက လက်ထဲမှစီးကရက် ကို လမ်းပေါ်သို့ တောက်လွှင့်ပစ်လိုက် သည်။ လမ်းပေါ်၌ မီးပွားများ ဖွာခနဲ ပြန့်ကျဲသွားသည်။ ထို့နောက် သူက မိုက် ခဲသိန်းမောင်ဘေးတွင် ဝင်ထိုင်လိုက် သည်။ မိုက်ခဲက -

''ဒါဖြင့်ရင် ခင်ဗျားနဲ့ကျုပ်နဲ့ ဒီည တွေ့ဆုံမှုဟာ ကောင်းသောတွေ့ဆုံမှုလို့ ဆိုရလိမ့်မယ်ဗျ။ တော်သေးလို့ပေါ့ဗျာ။ ခင်ဗျားကလည်း ဦးထွန်းမင်းလတ်ကို သတ်၊ ကျုပ်ကလည်း ဒေါ်သီသီစိမ်းကို ရှင်းပစ်လိုက်ဆိုရင် အလုပ်ပြီးမှ ငွေပေး မယ့်စနစ်အရ ကျုပ်တို့ကို ငွေပေးမယ့်သူ က ဘယ်ရှိပါတော့မလဲ။ နှစ်ယောက်စလုံး သေသွားပြီဖြစ်တဲ့အတွက် ခင်ဗျားလည်း ငွေမရ၊ ကျုပ်လည်းငွေမရ ဖြစ်သွားမှာပဲ။ ဘာအကျိုးမှမရှိဘဲ လက်ထိတ်နဲ့ ထောင် နန်းစံရတာလောက်ဆိုးတာ ဘာရှိဦးမလဲ ဗျာ''

''ဟုတ်တယ်။ ဒီည ကျုပ်တို့ချင်း တွေ့ရတာ လပ်ကီးပဲ၊ ဒီကိစ္စအတွက် တစ် မျိုးတစ်ဖုံ လှည့်ပြီးကြံလို့ရသေးတာပေါ့''

''နို့ . . . သူတို့က ဘာပြုလို့ တစ် ယောက်ကိုတစ်ယောက် သတ်ပစ်ချင်နေ ကြတာဗျ။ ခင်ဗျားက ကျုပ်ထက်များ ပိုသိနေမလား မသိဘူး။ သူတို့အကြောင်း ပြောပြစမ်းဗျာ''

''အေးဗျ။ ကျုပ်သိသလောက်ပြော ရမှာဖြစ်ဖြင့် သူတို့လင်မယားနှစ်ယောက် လုံးက ကျိုကျိုတက်ချမ်းသာကြတယ်။ အထူးသဖြင့် ဦးထွန်းမင်းလတ်ဟာ တစ် ချိန်တုန်းက တိုင်းအဆင့်အုပ်ချုပ်ရေး အဖွဲ့မှာ အလွန်တန်ခိုးထွားခဲ့တဲ့သူပေါ့။ အာဏာကို အလွဲသုံးစားလုပ်ပြီး ငွေတွေ မတရားရှာခဲ့တဲ့သူပေါ့။ လူတွေက ရာထူး အတွက်ပဲဖြစ်ဖြစ်၊ လုပ်ငန်းအတွက်ပဲ ဖြစ်ဖြစ် အခွင့်အရေးရချင်ရင် သူ့ကို လာဘ်ထိုးကြရတယ်။ သူက အာဏာရှူး ဘဝမှာပဲ ဆယ်သက်စားမကုန်အောင် ငွေတွေရခဲ့တာလို့သိရတယ်။

ဆိုတော့ ကျုပ်အလုပ်ရှင် ဒေါ်သီ သီစိမ်းကလည်း သိပ်မခေဘူး။ သူက သူ့ဘို့ဆရာဝန်လောကထဲက ဒေါက်တာ ထက်ရှိန်ဆိုတဲ့ ဆရာဝန်ကလေးတစ် ယောက်နဲ့ နောက်မီးလင်းနေတယ်။ ဖောက်ပြန်နေတယ်။ ဒီတော့ဗျာ လိုရင်း ကို သတ္တုချုကြည့်ရမှာဖြင့် ဒေါ်သီသီစိမ်း က သူ့ကောင်လေးနဲ့လည်း ချစ်ခရီး ဖြောင့်တန်းသွားအောင်၊ ရှိသမျှပစ္စည်း တွေကိုလည်း တစ်ယောက်တည်းရပြီး သား ဖြစ်သွားအောင် ဦးထွန်းမင်းလတ် ကို အပြတ်ရှင်းပစ်ချင်တာလို့ ကျုပ်တော့ ထင်တယ်''

''ဒါဖြင့်ရင်တော့ ဇာတ်ချင်းက ခပ် ဆင်ဆင်ပဲဗျို့။ မွှင့်တူရွက်တူတွေပဲ။ ကျုပ် လူ ဦးထွန်းမင်းလတ်ကလည်း သူ့မိန်းမ ဒေါ်သီသီစိမ်းကို ရှင်းပစ်ချင်နေတဲ့ကိစ္စမှာ အဓိကအချက်က ရုပ်ဝင်း အလှပြင်ခန်းမ ပိုင်ရှင် ဘေဘီဝင်းမင်းသန်းဆိုတဲ့ကောင်မ ကြောင့်ပဲဗျ။ ဒီလူကြီးက အဲဒီ ဘေဘီ ဝင်းမင်းသန်းနဲ့ ချိတ်နေတာကြာလှပေါ့။ ပင်းမင်းသန်းက မယ်ဘွဲ့တောင်ရထားတဲ့ သူဆိုတော့ တကယ့်အနိပ်စားကလေး လေ။ ဒီလူကြီးစွဲမယ်ဆိုလည်း စွဲလောက် တယ်။ ဒီလူကြီးက ဒေါ်သီသီစိမ်းကိစ္စ ပြတ်တာနဲ့ ရှိသမျှပစ္စည်းတွေအကုန်သိမ်း သူ့မဒီလေးနဲ့ ရွှေလက်ဆွဲပြီး နန်းသိမ်း ပွဲခံမယ့်သဘောပေါ့ဗျာ။

ပြောရရင် ဒေါ်သီသီစိမ်းကလည်း ခပ်ညံ့ညံ့ဆရာဝန်မျိုးထဲကပါပဲ။ အလွန် ငွေမက်တဲ့ ဆရာဝန်မျိုးပေါ့။ အရေးပေါ် ခွဲပေး၊ စိတ်ပေးရမယ့် လူနာမျိုးကိုတောင် ငွေမရမချင်း သေချင်သေပေစေဆိုပြီး ပစ် ထားတတ်တဲ့ ဆရာဝန်စုတ်မျိုးပေါ့။ဆရာ ဝန်ဘဝနဲ့ သူရှာထားတဲ့ငွေတွေက နည်း နည်းနောနော မဟုတ်ဘူး။ ဒီတော့ဗျာ၊ အားလုံးခြုံပြီးပြောရရင် နှစ်ယောက်စလုံး က ဖောက်ပြန်ရေးသမားတွေချည်းပါပဲ။ အကျင့်တူ၊ စရိုက်တူတွေချည်းပါပဲ။ ကြည့်ရတာ သူတို့အချင်းချင်းပေါင်းသင်း လာတာ ကြာလှပြီဆိုပေမဲ့ စက္ကူနှစ်ရွက် ကို တံတွေးဆွတ်ပြီး ပူးထားတဲ့သဘော မျိုးလောက်ပါပဲ၊ ဘာမှ သစ္စာမေတ္တာရှိကြ တာမဟုတ်ပါဘူး။ ဒီကြားထဲ သားသမီး ကလည်း မရှိကြပြန်တော့ ပိုပြီး သံယော ဇဉ်နည်းတော့တာပေါ့။ ခုကိစ္စက သူတို့ စိတ်ကြိုက် ကိလေသာအယားဖျောက် နိုင်ဖို့အရေး ခင်ဗျားနဲ့ကျုပ်ကို ငှားရမ်းပြီး တော့ အသုံးချလိုက်တာပဲဗျ။ ဘယ့်နှယ် လဲ . . . ကိုယ့်လူ''

''ဒါအမှန်ပဲ။ သူတို့အချင်းချင်းမုန်း တီးမှုကို ကျုပ်တို့ကဝင်ပြီး ဇာတ်သိမ်းပေး ရမယ့်သဘောပဲ။ တော်သေးတယ်ဗျ၊ စောစောက ခင်ဗျားပြောသလို ခင်ဗျားနဲ့ ကျုပ်နဲ့ကသာ သူတို့ကို တစ်ပြိုင်တည်း ဖြောင်မိလိုက်ရင် ဘာမှလုပ်ခကိုင်ခလေး ရတော့မှာမဟုတ်ဘူး''

ထို့နောက် စကားစပြတ်သွားသည်။ နှစ်ယောက်သား တိတ်ဆိတ်နေမိကြ သည်။ ကမ်းစပ်နှင့် ကျောက်ဆောင်များ ကြားမှ ပုရစ်အော်သံနှင့် အခြားအကောင် ပလောင်ကလေးများ၏ အော်မြည်သံများ က အဆက်မပြတ် ထွက်ပေါ်လာလျက်ရှိ သည်။ ခါးခင်ဖေက ခံတွင်းချဉ်လာ သဖြင့် စီးကရက်တစ်လိပ်ကို နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com

တွင် တပ်လိုက်ပြန်သည်။ မိုက်ခဲထံမှ ဓာတ်ငွေ့မီးခြစ်ကို ကောင်းယူ၍လည်း မီးခြစ်ခြစ်ရန် ပြင်လိုက်သည်။ ထိုအချိန်တွင် ခပ်ဝေးဝေး လမ်းအကွေ့နားဆီမှ လက်နှိပ်ဓာတ်မီးရောင်တစ်ချက် ဝင်းခနဲလက်သွားသည်ကို မိုက်ခဲသိန်းမောင်က လှမ်းမြင်လိုက်သည်။ သူက လျင်မြန်စွာလှမ်းပြောလိုက်သည်။

"ဟေ့ . . . ဓား။ မီးခြစ်မလို့လား။ မခြစ်နဲ့။ ဟိုမှာ ဓာတ်မီးရောင်တွေ့တယ်။ ပတ္တရောင်တွေလားမသိဘူး။ တို့လူချင်းခွဲကြရအောင်"

ပြောပြီးမိုက်ခဲက ဖျတ်ခနဲထရပ်လိုက်သည်။ ဓားကပါ ထရပ်လိုက်သည်။ မီးခြစ်ကို မခြစ်တော့ဘဲ ပြန်ပေးလိုက်သည်။ ထို့နောက် သူတို့လူချင်းခွဲရန်ပြင်ကြသည်။ ခြေလှမ်းစခါနီးတွင် ဓားခင်ဖေက –

"မနက်ဖြန် ညနေ ၅ နာရီလောက် ဖိုက်အင်ဝမ်း စားသောက်ဆိုင်ကို အရောက်လာခဲ့။ အဲဒီကျမှ ဆက်ဆွေးနွေးရအောင်။ နေ့ခင်းဆိုရင် ကျုပ်မျက်နှာကိုရော မှတ်မိပါ့မလား"

"မှတ်မိသားပဲ။ ထောင်ဗူးဝမှာ တစ်ခါပဲဆုံဖူးတယ်ဆိုပေမဲ့ ခင်ဗျားမျက်ခွက်ကြီးကို ကျုပ်ကမမေ့ပါဘူး"

"ကောင်းပြီ . . . ကောင်းပြီ"

*****

နောက်တစ်နေ့ညနေ ချိန်ဆိုထားတဲ့အချိန်တွင် မိုက်ခဲသိန်းမောင်နှင့် ဓားခင်ဖေတို့က ဖိုက်အင်ဝမ်း စားသောက်ဆိုင်ရှေ့မှာပင် ပက်ပင်းဆုံမိကြသည်။

ထူးထူးထွေထွေ နှုတ်ဆက်မနေကြတော့ဘဲ နှစ်ဦးသား ယှဉ်တွဲကာ စားသောက်ဆိုင်အတွင်းသို့ ဝင်လာခဲ့ကြသည်။ ထို့နောက် အတွင်းဘက်ရှိ ချောင်ကျကျ အခန်းတစ်ခန်းတွင် နေရာယူလိုက်ကြသည်။ စားပွဲထိုးက ထက်ကြပ်ပင် လိုက်ပါလာသည်။

"ဆရာတို့ ဘာသောက်ကြမလဲ ခင်ဗျ"

"ဂျင်သုံးပက်လောက် လုပ်ခဲ့ကွာ။ ကျုပ်ကတော့ ဂျင်သမားပဲ။ မိုက်ခဲဘာသောက်မလဲ"

"ကျုပ်က ဝီစကီပဲ။ သူ့လိုပဲ ဝီစကီသုံးပက်လောက်လုပ်ခဲ့။ ရေခဲပါ တစ်ခါတည်း ထည့်ခဲ့"

"ဟုတ်ကဲ့ခင်ဗျာ။ အမြည်းကော ဘာသုံးဆောင်ဦးမလဲ . . .။ ဒီဆိုင်က အခေါက်ကင်၊ နံကင်ကတော့ စပါယ်ရှယ်ပဲခင်ဗျ"

"ဘာမှမရချင်ဘူး။ အာလူးကြော်တစ်ပန်းကန်ချကွာ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

စားပွဲထိုးပြန်ထွက်သွားသည်။ ချက်ချင်းဆိုသလို မှာထားသည့် အရက်နှင့် အာလူးကြော်ကို လာချပေးသွားသည်။ အရက်ကို တစ်ကျိုက်စီ စုပ်လိုက်ကြပြီးနောက် မိုက်ခဲက လိုရင်းကို စကားစလိုက်သည်။

"ကိုင်း . . . ကိုယ့်လူ။ မနေ့ညက ကိစ္စ ဆက်ကြရအောင်။ ခင်ဗျားဘယ်လိုစိတ်ကူးထားသလဲ။ ဘယ်လိုလုပ်ကြရင် ကောင်းမယ်လို့ထင်သလဲ"

"ကျွန်တော်လည်း ညတုန်းက ခင်ဗျားနဲ့ ခွဲသွားပြီးတဲ့နောက် အရက်ချတာ နည်းနည်းများသွားတယ်ဗျ။ ရေချိုးချိန်လွန်ပြီး အိပ်ပျော်သွားမိတယ်။ ဒါပေမဲ့ နောက်ပိတ်ဆုံး ကြံရာမရရင် မဖြစ်ဖြစ်အောင် လုပ်တဲ့နည်းတစ်ခုတော့ ကျုပ်စဉ်းစားထားပါတယ်။ အခု ခင်ဗျားအစီအစဉ်ကိုသာ ပြောပြပါဦး။ ခင်ဗျားဘယ်လိုတွေးထားလဲ"

"ကျုပ်က ညတုန်းက တစ်ညလုံး အကြံထုတ်နေမိတယ်။ အကြံထုတ်တဲ့အတိုင်းလည်း ခပ်ဆန်းဆန်းစိတ်ကူးဟာချို့ကို ရလာမိတယ်။ ကျုပ်စိတ်ကူးအတိုင်း ခင်ဗျားသဘောတူနိုင် မတူနိုင် စဉ်းစားပေါ့။ ကျုပ်အကြံက ဒီလိုဗျ၊ ဒီလို . . ."

ထို့နောက် မိုက်ခဲသိန်းမောင်က အခန်းပတ်လည်အား လုံခြုံမှုရှိမရှိ တစ်ချက်မျှဝေ့ကြည့်လိုက်ပြီးနောက် သူ့အသံကို ပုံမှန်ထက်နှိမ့်ချကာ ဓားခင်ဖေအား တိုးတိုးကျိတ်ကျိတ် ပြောပြနေလေတော့သည်။

မိုက်ခဲ၏ ရှင်းပြချက်က အတော်ပင်ကြာသည်။ ဓားခင်ဖေက စူးစူးစိုက်စိုက်ပင် နားထောင်လျက်ရှိသည်။ မကြာမီ မိုက်ခဲက စကားကိုအဆုံးသတ်လိုက်သည်။ ထိုအခါ ဓားခင်ဖေက စားပွဲကို သူ့လက်ဝါးဖြင့် ဖျန်းခနဲရိုက်ကာ အားတက်သရော ကြွေးဝါးလိုက်တော့သည်။

"ကောင်းလိုက်တဲ့အကြံဗျာ။ ပိုင်လိုက်တဲ့အကြံ။ ခင်ဗျားဦးနှောက်ကို ရွှေတောင်ချပေးလိုက်ချင်တယ်။ ဒါကြောင့်လည်း မိုက်ခဲရယ်လို့ နာမည်တစ်လုံးရထားတာကိုး"

"ကိုယ့်လူက မြှောက်နေပြန်ပြီ။ ဒါအသာထား။ အခု ကျုပ်ပြောတဲ့အကြံကို သဘောတူမတူသာ ခင်ဗျားပြောပါဦး"

"တူတယ်ဗျာ၊ သိပ်တူ။ ခင်ဗျားအစီအစဉ်က စစ်တုရင်စကားနဲ့ ပြောရမှာဖြင့် တကာယ့်ကိုခွချက်ပဲဗျ။ သိပ်ကောင်း"

"ဒါဆိုရင် ကျုပ်တို့ ဒီနေ့ကစပြီး လုပ်ငန်းစကြစို့။ ဖြစ်နိုင်ရင် ဒီကိစ္စကို ဒီတစ်ပတ်အတွင်းမှာပဲ အပြီးကိုင်ကြရအောင်။ ဘယ့်နှယ်လဲ ကိုယ့်လူ"

"စိန်လိုက်ဗျာ။ အဆင်သင့်ပဲ။ ကျုပ်က အရင်ကတော့ ဒိဦးထွန်းမင်းလတ်ဆိုတဲ့လူကို သူရေချိုးဆင်းလာတာနဲ့ ကျောက်ဆောင်အကွယ်ကနေ ဓားနဲ့ပစ်မလို့ပဲ။ ကျုပ်လက်နဲ့ ကျုပ်ဓားကို



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ကယုံပြီးသားလေ။ ဘယ်အနေအထားကနေ ပစ်ရပစ်ရ ကျုပ်ဓားက သူ့ကျောထဲစိုက်ပြီး ပွဲချင်းပြီးရမှာပဲ။ ဒီအကြောင်းကိုလည်း ကျုပ်က ဒေါ်သီသီစိမ်းကို ရှင်းပြတယ်။ ဒါကိုပဲ မကျိန်းသေမှာစိုးလို့ဆိုပြီး ဒီမိန်းမကြီးက ကျုပ်ကို အဆိပ်ထုပ်တစ်ထုပ် တောင်ပေးထားသေးတယ်။ တကယ်လို့ ဓားနဲ့လုပ်ဖို့ အခွင့်မသာရင် ဦးထွန်းမင်းလတ် ဂေါက်ရိုက်တဲ့နေရာအထိလိုက်သွားပြီး သူသောက်မယ့် ဘီယာထဲမှာ အဆိပ်ခပ်ဖို့ပေါ့ဗျာ။ ဒီမှာတွေ့လား ... အဆိပ်ထုပ်။ နိုင်ငံခြားကလာတဲ့အဆိပ်တဲ့။ တော်တော်လည်း ပြင်းသတဲ့''

ဓားခင်ဖေက ပလက်စတင်အထုပ်ကလေးတစ်ထုပ်ကို ထုတ်ပြသည်။ အတွင်း၌ အဖြူပြူအမှုန့်များကို တွေ့ရသည်။ မိုက်ခဲက အရက်ကို တစ်ကျိုက်ကျိုက်လိုက်သည်။ အရက်ကို မျိုလိုက်သည့်အတွက်လည်း မျက်နှာက ရှုံ့မဲ့သွားသည်။ ထိုမျက်နှာ ပိန်ရှုံ့ရှုံ့နှင့်ပင် သူက ဓားခင်ဖေကို ပြန်ပြောလိုက်သည်။

''ကျုပ်လည်း ဒေါ်သီသီစိမ်းကို ရှင်းရမယ့်ကိစ္စမှာ အရင်ကတော့ တစ်မျိုးတစ်ဖုံစီစဉ်ထားတာပဲ။ ဥပမာ သူ့ဈေးထဲဝင်နေတဲ့အချိန်မျိုးမှာ ကျုပ်က သူ့ကားထဲကို ခိုးဝင်နေမယ်။ သူကားပေါ်ပြန်တက်တော့မှ ကျုပ်က သူ့ကို ခြောက်လုံးပြူးနဲ့တေ့ပြီး မြို့ပြင်ရောက်အောင် ကားမောင်းခိုင်းလိုက်မယ်။ မြို့ပြင်ရောက်တာနဲ့ ကားရပ်ခိုင်းလိုက်ပြီး ခြောက်လုံးပြူးခလုတ်ကို ဆွဲညှစ်လိုက်ဖို့ပဲ။ ကျုပ် ဒီလိုအပိုင်လုပ်နိုင်ဖို့အတွက် နေ့ကြိုးက သူ့အိမ်က ကားသော့အပိုတစ်ချောင်းအပြင် သူကိုင်တဲ့ ခြောက်လုံးပြူးကိုပါ ကျုပ်ကို ပေးထားတယ်။ ဒီမှာတွေ့လား''

ပြောပြီး မိုက်ခဲက သူဝတ်ထားသော သားရေဂျာကင်အား အသာဆွဲလှပ်ပြလိုက်သည်။ အတွင်းအိတ်ထဲ ထိုးစိုက်ထားသော မည်းနက်ပြောင်လက်နေသည့် ခြောက်လုံးပြူး၏ဒင်ကို ဓားခင်ဖေက မြင်လိုက်ရသည်။ သူကပင် မိုက်ခဲကို ပြန်ပြောလိုက်သည်။

''ကောင်းဗျာ .. သိပ်ကောင်း။ ဒီမယ်ကိုယ်လူ၊ ကျုပ်အကြံရပြန်ပြီ။ စောစောက ခင်ဗျားပြောတဲ့ အစီအစဉ်ကို ကောင်းကောင်းကြီး အထောက်အကူပြုနိုင်မယ့် အကြံမျိုး ကျုပ်ရလိုက်ပြီ။ ကျုပ်ပြောတာကို နားထောင်စမ်းကိုယ့်လူ''

ထို့နောက် ဓားခင်ဖေက သူ့အတွေးအချို့ကို စေ့စေ့စပ်စပ်ပင်ချပြလိုက်သည်။ မိုက်ခဲသိန်းမောင်က မျက်မှောင်ကြုတ်၍ နားထောင်နေရင်း ခေါင်းကိုတဆတ်ဆတ်ညိတ်နေလေသည်။ သည့်နောက်တွင်တော့ သူတို့နှစ်ဦးက လုပ်ငန်းနှင့်ပတ်သက်ပြီး ပိုမို ပိရိသေချာစေမည့် ဆင်ကွက်၊ ဖန်ကွက်တို့ကို စည်းသားရိုက်ကာ လုံးပန်းနေကြလေတော့သည်။

*****

သူတို့က သူတို့၏စီမံကိန်းကို နောက်တစ်နေ့ညနေပိုင်းလောက်မှာပင် စတင်ပြီး အကောင်အထည်ဖော်လိုက်ကြသည်။ ဦးစွာ မိုက်ခဲသိန်းမောင်က ဦးထွန်းမင်းလတ်ရှိရာ ဂေါက်ကွင်းသို့လိုက်သွားပြီး သူ့အား ဦးထွန်းမင်းလတ်မြင်သာစေရန် တစ်နေရာမှ လှုလုံးပြလိုက်လေသည်။ ဂေါက်ရိုက်နေသော ဦးထွန်းမင်းလတ်က မိုက်ခဲသိန်းမောင်အား မြင်မိသည်နှင့် လက်ထဲမှဂေါက်တံကို သူ့အလုပ်သမားလက်ထဲ ထိုးထည့်ခဲ့ကာ မိုက်ခဲထံသို့ မယောင်မလည်နှင့် လျှောက်လာလေသည်။

အနီးရောက်သော် ဦးထွန်းမင်းလတ်က ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်ပြီး လေသံကိုနှိမ့်ကာ ပြောလိုက်သည်။

''ဘယ်လိုလဲဟေ့ သိန်းမောင်၊ အခြေအနေထူးပြီလား''

''ဟုတ်တယ်အစ်ကိုကြီး။ ထူးပြီ၊ ဒီတစ်ရက်နှစ်ရက်အတွင်းမှာပဲ လုပ်ငန်းပြီးသွားနိုင်တယ်။ ကြိုတင်ပြင်ဆင်စရာရှိရာတွေအားလုံး ကျွန်တော်လုပ်ပြီးသွားပြီ''

''အေး ... ကောင်းတယ်''

ဦးထွန်းမင်းလတ်က လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ မိုက်ခဲက ဘေးဘီသို့ ခိုးကြောင်ခိုးဝှက်ကြည့်ရင်း ဆက်ပြောသည်။

''ဒီတော့ ကိစ္စအဝဝ ချောချောမောမောဖြစ်သွားအောင် ကျွန်တော့်အနေနဲ့ အစ်ကိုကြီးကို အကြံတစ်ခုပေးလိုက်ချင်လို့''

''အေး ... ပြော''

''တခြားမဟုတ်ဘူး။ အစ်ကိုကြီးအနေနဲ့ တစ်နေရာရာကို ထွက်ရှောင်နေရင်ကောင်းမလားလို့။ ရှောင်ဆို မနက်ဖြန်မနက်စောစောမှာကို ထွက်သွားရင်ကောင်းလိမ့်မယ်။ အလီဘိုင်လေးဘာလေးပြနိုင်ဖို့အတွက် လိုရမယ်ရပေါ့ အစ်ကိုကြီးရာ''

ဦးထွန်းမင်းလတ်က တစ်ချက်တွေခနဲဖြစ်သွားသည်။ သို့သော် မကြာပါ မိုက်ခဲအား ချက်ချင်းပင်စကားပြန်လိုက်သည်။

''အေး ... ကောင်းတယ်။ မင်းပြောတာမှန်တယ်။ မနက်မိုးလင်းတာနဲ့ ငါထွက်သွားလိုက်မယ်''

''အချိန်နဲ့တစ်ပြေးညီ အဆက်အသွယ်လုပ်ဖို့ ကျွန်တော့်ကို ဖုန်းပါပေးထားရင်ကောင်းမယ်''

''အေး ... ရော့။ ဒီဖုန်းမင်းယူထားလိုက်တော့။ အရာရာတော့ ပိရိပါစေနော် သိန်းမောင်''



www.burmeseclassic.com

www.burmeseclassic.com

"ကျွတ်၊ စိတ်ချစမ်းပါ။ ဒီကြောင်းတွေထည့်မပြောနဲ့။ သိန်းမောင်အကြောင်း သိတယ်မဟုတ်လား"

"အေးပါ . . . အေးပါ"

ထို့နောက် မိုက်ခဲက ဖုန်းကို ဘောင်းဘီအိတ်အတွင်း ထိုးထည့်ကာ လှစ်ခနဲထွက်ခွာသွားတော့သည်။ ဦးထွန်းမင်းလတ်ကလည်း မူလနေရာသို့ပြန်လာပြီး ဂေါက်ဆက်ရိုက်နေလိုက်လေသည်။

*****

ထိုအချိန်မှာပင် ဓားခင်ဖေကလည်း ဒေါက်တာသီသီစိမ်း ကိုယ်ပိုင်ဖွင့်လှစ်ထားသည့် ဆေးခန်းအတွင်းသို့ ရောက်ရှိနေလေပြီ။ လူနာပြတ်ချိန်ဖြစ်သဖြင့် သူတို့က အတွင်းဘက်အခန်းတစ်ခုသို့ဝင်ကာ နှစ်ကိုယ်ကြား တိုးတိုးကျိတ်ကျိတ် ညှိနှိုင်းနေကြလေသည်။

ဓားခင်ဖေက အလေးအနက်ပြုသော အသံမျိုးဖြင့် ဒေါ်သီသီစိမ်းကိုပြောလိုက်သည်။

"အောင်စေရမယ်၊ သေချာပေါက်အောင်စေရမယ်။ ဒီတစ်ရက်နှစ်ရက်အတွင်းမှာကို အစ်မကြီးရဲ့စိတ်ဆန္ဒ ပြည့်ဝစေရမယ်။ အားလုံးပိပိရိရိဖြစ်အောင် ကျွန်တော်စီစဉ်ထားပြီးပြီ။ ဒီတော့ ကျွန်တော်ပြောသလို အစ်မကြီးသာ ဒီကနေထွက်ရှောင်နေပေတော့။ ဒီအချိန်မှာ ဒီကိစ္စနဲ့ အပြင်ရောက်နေပါတယ်ဆိုတာ ပြောနိုင်ဆိုနိုင်အောင်လည်း အစ်မကြီး အနေနဲ့ ကိုယ့်ဘာသာ ပြင်ဆင်ထားပေတော့"

ဒေါ်သီသီစိမ်းက နှုတ်ခမ်းကို သွားဖြင့်ဖိကိုက်ထားလိုက်သည်။သူ၏အသက်ရှူသံမှာလည်း မြန်လျက်ရှိသည်။ စိတ်လှုပ်ရှားမှုနှင့်အပြိုင် သူ၏ရင်အစုံမှာ နိမ့်တုံမြင့်တုံ ဖြစ်လျက်ရှိသည်။

"ကောင်းပြီလေ။ ဒါဖြင့် မနက်ဖြန်ပဲ ကျွန်မထွက်သွားလိုက်မယ်။ နောက်ကြောင်းရှင်းအောင်တော့လုပ်နော် ကိုခင်ဖေ"

"အို . . . ဒါတွေ ပြောနေစရာမလိုပါဘူး။ ဓားခင်ဖေတဲ့ တစ်ဖေတည်းရှိတယ်။ ဒါမျိုးလုပ်စားလာတာ ကြာလှပြီ"

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ"

"ဒါနဲ့ အစ်မကြီးနဲ့ ဆက်သွယ်ချင်ရင် အရင်ဖုန်းနံပါတ်အတိုင်းပဲ ဆက်လိုက်မယ်နော်။ ရတယ်မဟုတ်လား"

"ရတယ် . . . ရတယ်။ အဲဒီနံပါတ်အတိုင်းပဲ"

"ဒါဖြင့် ကျွန်တော်သွားပြီ"

ထို့နောက် ဓားခင်ဖေက ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆွဲချလိုက်ပြီး လျင်မြန်စွာ ထွက်ခွာသွားလေသည်။ ဒေါ်သီသီစိမ်းကား ချောက်ချားလှိုက်မောလွန်းလှသဖြင့် ရေတစ်ခွက်ကို အမြန်သောက်လိုက်ရလေသည်။

*****

ပြောလည်းပြော၊
နောက်သို့ပါ
လှည့်ကြည့်လိုက်သည်။
ထိုအခါ သူမ၏
ရင်ဝတည့်တည့်သို့
ခြောက်လုံးပြူးပြောင်းဝဖြင့်
ချိန်ရွယ်ထားသော
မိုက်ခဲသိန်းမောင်ကို
တွေ့မြင်လိုက်ရလေသည်။
သူမက
မျက်လုံးဝိုင်းသွားသည်။

သို့နှင့် နောက်တစ်နေ့ရောက်သော် နံနက်ဝေလီဝေလင်းအချိန်မှာအင် ဦးထွန်းမင်းလတ်က သူ့ကားလေးဖြင့် အိမ်မှ ကသုတ်ကရက်ထွက်ခွာသွားတော့သည်။ ဦးထွန်းမင်းလတ် ထွက်သွားပြီး မရှေးမနှောင်းမှာပင် ဒေါ်သီသီစိမ်းကလည်း သူ့ကားဖြင့်ပင် အိမ်မှ ကတိုက်ကရိုက် ထွက်သွားပြန်လေသည်။ အိမ်တွင် အိမ်ဖော်တချို့နှင့် အလုပ်သမားတချို့သာ ကျန်ရစ်ခဲ့လေသည်။

ထိုအချိန်တွင် မြစ်ကမ်းနဖူးပေါ်ရှိ ကျောက်ဆောင်များကြားမှ ထိုအိမ်ကြီး၏ အခြေအနေကို လျှို့ဝှက်စွာ စောင့်ကြည့်နေကြသူနှစ်ဦးမှာကား ဓားခင်ဖေနှင့် မိုက်ခဲသိန်းမောင်တို့နှစ်ဦးပင် ဖြစ်တော့သည်။

ဦးထွန်းမင်းလတ်နှင့် ဒေါ်သီသီစိမ်းတို့ ကိုယ့်ကားနှင့်ကိုယ် ရှေ့ဆင့်နောက်ဆင့် ထွက်ခွာသွားကြသည်ကို မြင်တွေ့လိုက်ရသည်နှင့် သူတို့က တစ်ဦးမျက်နှာတစ်ဦးကြည့်ပြီး ပြုံးလိုက်မိကြသည်။ မိုက်ခဲသိန်းမောင်က လက်ဖျစ်တစ်ချက်တီးကာ ပြောလိုက်သည်။

'ကိုင်း . . . ပထမအဆင့်တော့ အောင်မြင်သွားပြီ။ ဒုတိယအဆင့် တက်လိုက်ကြဦးစို့။ အိုကေနော် . . . ကိုယ့်လူ"

"အိုကေ . . ."

အပြန်အလှန် လက်မထောင်ပြကြလေသည်။ ထို့နောက် ခပ်သုတ်သုတ်ပင် လှုချင်းခွဲလိုက်ကြသည်။

*****

မကြာမီပင် မိုက်ခဲသိန်းမောင်တစ်ယောက် မြို့တွင်းရှိ ရုပ်ဝင်းအလှပြင်ဆိုင်ရှေ့သို့ ရောက်ရှိနေလေပြီ။ သူက ဆိုင်ပေါက်ဝတွင်ရပ်၍ အတွင်းသို့ တစ်ချက်ကဲကြည့်လိုက်သည်။ ဆိုင်တွင်း၌ အလှပြင်နေကြသော အမျိုးသမီးများနှင့် အလှပြင်ပေးနေသော အမျိုးသမီးများအား



www.burmeseclassic.com

www.burmeseclassic.com

အတော်များများပင် တွေ့ရသည်။ မကြာပါ။ စကာပ်တိုနံ့နံ့နှင့် ကောင်မလေးတစ်ယောက်က အပေါက်ဝတွင် ပေါ်လာသည်။ မိုက်ခဲကိုလည်း လှမ်းမေးလိုက်သည်။

"ဘာကိစ္စရှိပါသလဲရှင့်။ ဘယ်သူနဲ့တွေ့ချင်လို့လဲ"

"မဘေဘီဝင်းမင်းသန်းနဲ့ တွေ့ချင်လို့ပါ"

"ဪ . . . ဟုတ်ကဲ့။ ဘယ်သူကလို့ ပြောလိုက်ရမလဲရှင့်"

"ဦးထွန်းမင်းလတ်အိမ်ကလို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ရှင့်။ ခဏစောင့်ပါရှင့်"

တင်ပါးလေးကိုခါလျက် ကောင်မလေးက ပြန်ဝင်သွားသည်။ မကြာမီ ဘေဘီဝင်းမင်းသန်းက အပေါက်ဝ၌ပေါ်လာသည်။ မိုက်ခဲနှင့် မျက်နှာချင်းဆိုင်၍လည်း ရပ်လိုက်သည်။ ဘေဘီဝင်းမင်းသန်း၏ ဖွံ့ထွားတောင့်တင်းလှသော မင်းကြိုက်စိုးကြိုက် ကိုယ်လုံးကိုယ်ပေါက်နှင့် သူမထံမှပင် မွှေးကြိုင်စူးရှသော ရနံ့တို့ကို ရှူရှိုက်လိုက်ရသည့်ခဏ မိုက်ခဲသိန်းမောင် အသက်ရှူမှားချင်သလိုပင်ဖြစ်သွားရသည်။ ဘေဘီဝင်းမင်းသန်းက –

"ဘာကိစ္စရှိလို့လဲရှင့်"

"ကျွန်တော် ဦးထွန်းမင်းလတ်အိမ်ကပါ။ သူက ခင်ဗျားကို အခေါ်လွှတ်လိုက်လို့ပါ။ အခုချက်ချင်း ကျွန်တော်နဲ့ လိုက်ခဲ့ပါတဲ့"

မိုက်ခဲစကားကြောင့် ဝင်းမင်းသန်း၏မျက်နှာ ကွက်ခနဲပျက်သွားသည်။ ရှက်သွေးကလေးပါ ရဲခနဲတက်သွားသည်။

"သူက ခေါ်ခိုင်းလိုက်တယ်လား။ လောလောဆယ် ကျွန်မ အလုပ်မအားသေးဘူးရှင့်။ ဆိုင်မှာလူကျနေတယ်"

"မလိုက်လို့မဖြစ်ဘူးခင်ဗျ။ ကိစ္စက အရေးကြီးတယ်။ သေရေးရှင်ရေးလောက်ကို အရေးကြီးတယ်။ အဲဒီကိစ္စ တိုင်ပင်ရအောင် မဖြစ်ဖြစ်အောင်လိုက်ခဲ့ဖို့ သူကမှာလိုက်တယ်"

"ဟုတ်လား"

ဝင်းမင်းသန်းက မျက်လုံးကျယ်သွားသည်။ စိတ်လှုပ်ရှားသွားဟန်လည်း တူသည်။ သူ့ဆိုင်ဘက်ကို တစ်ချက်လှည့်ကြည့်လိုက်ပြီးနောက် မိုက်ခဲအား တိုးတိုးပြန်ပြောလိုက်သည်။

"ဒါဖြင့်လည်း လိုက်ခဲ့မယ်လေ။ ကားပါတယ်မဟုတ်လား"

"ပါတယ်"

ဝင်းမင်းသန်းက မိုက်ခဲနှင့်အတူ ချက်ချင်းပင် လိုက်လာတော့သည်။ လမ်းဘေးတစ်နေရာတွင် တက္ကစီတစ်စီးက အသင့်စောင့်နေသည်။ ထိုတက္ကစီပေါ်သို့ပင် တက်ထိုင်လိုက်ကြသည်။ သူတို့ကားပေါ်ရောက်သည်နှင့် တက္ကစီသမားက ကားကို မောင်းထွက်လိုက်သည်။

ကားက မြို့ပြင်ဘက်ဦးတည်ကာ တရိပ်ရိပ်ပြေးနေသည်။ ကားမောင်းချိန် မိနစ် ၂၀ ခန့်ကြာသောအခါ လွင်ပြင်ကြီးတစ်ခုအတွင်းရှိ လမ်းဘေးတစ်နေရာတွင် ကားကို ထိုးရပ်ပေးလိုက်သည်။ သူတို့နှစ်ယောက်က ကားပေါ်မှဆင်းလိုက်ကြသည်။ မိုက်ခဲက တက္ကစီသမားကို ကားခရှင်းပေးလိုက်သည်။ ကားက ဆက်လက်ထွက်ခွာသွားသည်။

ကားလမ်း၏ညာဘက် ကိုက် ၁၀၀ ခန့်တွင် အဆောက်အဦကြီးတစ်လုံးရှိနေသည်။ ထိုအဆောက်အဦကြီးမှာ သုံးထပ်အဆောက်အဦကြီးဖြစ်သည်။ တစ်ဖန် ထိုအဆောက်အဦကြီးမှာ ဆောက်လုပ်ဆဲပုံစံမျိုးကြီးဖြစ်ကာ အပေါ်ပိုင်းတွင် သံမဏိချောင်းများ ထိုးထိုးထောင်ထောင်နှင့် တွေ့ရသည်။ ထိုအဆောက်အဦကြီးဆီသို့ မိုက်ခဲကပင် ရှေ့ဆောင်ပြီးလျှောက်သွားလိုက်သည်။ သူတို့နှစ်ဦး ထိုအဆောက်အဦ၏ ဆင်ဝင်ရှေ့သို့ရောက်သော် လူတစ်ယောက်က အတွင်းမှ လှစ်ခနဲပြေးထွက်လာသည်။ ထိုလူမှာ ဘောင်းဘီရှည်ကိုဝတ်ထားပြီး ခါးကုန်းကုန်း မျက်နှာပေါက်ဆိုးဆိုးနှင့်ဖြစ်ကာ သူ၏လည်ပင်းတွင် ကြီးမားလှသော ဘုကြီးတစ်လုံးရှိနေသည်ကိုပါ တွေ့ရလေသည်။ မိုက်ခဲက ထိုလူကို မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။ ထို့နောက် တစ်ဆက်တည်းမှာပင် ဘေဘီဝင်းမင်းသန်းအား အထဲသို့ဝင်ရန် မေးငေါ့ပြလိုက်သည်။

ဝင်းမင်းသန်းက အတွင်းသို့ လှမ်းဝင်လိုက်သည်။ ဤတွင် အတွင်း၌ မှောင်မည်းလျက်ရှိပြီး သဘော်ခေးနံ့၊ ဖုန်နံ့နံ့များကိုပါ ရှူရှိုက်လိုက်ရသည့်အတွက် ဝင်းမင်းသန်းက စိတ်ထဲ၌ တစ်မျိုးတစ်မည် ဖြစ်သွားသည်။ မသက်သာစိတ်ဖြင့်သွားသည်။

"ရှင် . . . ရှင်တို့ ကျွန်မကို ဘယ်နေရာတွေ ခေါ်လာတာလဲဟင်"

ပြောလည်းပြော၊ နောက်သို့ပါ လှည့်ကြည့်လိုက်သည်။ ထိုအခါ သူမ၏ ရင်ဝတည့်တည့်သို့ ခြောက်လုံးပြူးပြောင်းဖြင့် ချိန်ရွယ်ထားသော မိုက်ခဲသိန်းမောင်ကို တွေ့မြင်လိုက်ရလေသည်။ သူမက မျက်လုံးဝိုင်းသွားသည်။

"ကဲ . . . အမိ။ အော်မယ်မကြံနဲ့။ ပစ်ထည့်လိုက်မယ်။ မသေချင်ရင် အမိရဲ့ ညာဘက်ကအခန်းထဲကို ငြိမ်ငြိမ်ဝင်လိုက်စမ်း"

"ရှင် . . . ရှင်တို့ ဘာအကြံလဲ။ ကျွန်မကိုဘာလုပ်မလို့လဲ"

"အမိကို ဘာမှမလုပ်ဘူး။ လက်ဖျားနဲ့တောင် မတို့ဘူး။ ဦးထွန်းမင်းလတ်က ခေါ်ခိုင်းတယ်ဆိုတာ လုံးဝမဟုတ်ဘူး။ ဒါပေမဲ့ ဒီပြင်ကိစ္စရှိလို့ ကျုပ်ကလာခေါ်တာ"

"ရှင် . . . ရှင်တို့ ကျွန်မဆီက ငွေ



www.burmeseclassic.com

www.burmeseclassic.com

ညှစ်နေလို့လား"

"မွေလည်းမညှစ်ဘူး။ ဘာမှမညှစ်ဘူး။ အလုပ်ရှိတယ်လို့ ပြောပြီးပြီပဲ။ ကဲ ... အဲဒါကိုဝင်။ ပြောတဲ့အတိုင်းမလုပ်ရင် သတ်ပစ်လိုက်မယ်။ ဒါထက် အခုမှာ ဖုန်းပါတယ်မဟုတ်လား။ အဲဒီဖုန်း ကျွပ်ကို ပေးစမ်း"

[illegible]သန်းက တစ်ကိုယ်လုံးတုန်[illegible] ဖုန်းကိုထုတ်၍ မိုက်ခဲသိန်းမောင်လက်ထဲ ထည့်ပေးလိုက်သည်။ ထို့နောက် ကြောက်ကြောက်နှင့်ပင် မိုက်ခဲညွှန်ပြသော အခန်းထဲသို့ လှမ်းဝင်လိုက်သည်။ သူမ အတွင်းရောက်သည်နှင့် အပြင်မှ တံခါးကို ဆောင်ပိတ်လိုက်သော အသံက မြည်ဟိန်းထွက်ပေါ်သွားသည်။

ထို့နောက် မိုက်ခဲသိန်းမောင်က သူ့သူနှင့်အတူ အပေါ်ထပ်သို့ တက်လာခဲ့သည်။ ပြီးလျှင် ဟင်းလင်းပွင့်နေသော ပြူတင်းပေါက်မှတစ်ဆင့် ကားလမ်းဘက်[illegible]ကောင်း။ ကွင်းပြင်ဘက်ဆီသို့ [illegible] မျှော်ကြည့်နေကြလေသည်။

မကြာပါ။ ဆိုင်ကယ်တစ်စီးက ကားလမ်းမှသည် သူတို့ရှိရာ အဆောက်အဦးဘက်ဆီသို့ ချိုးကွေ့ဝင်ရောက်လာသည်ကို သူတို့တွေ့လိုက်ရသည်။ ထိုဆိုင်ကယ်မှာ အဆောက်အဦးဘက်သို့မောင်းလာရာတွင် အရှေ့ဘက်မှ ပေါ်လမ်းအတိုင်း မောင်းဝင်လာခြင်းဖြစ်သည်။ အနောက်ဘက်တွင်လည်း အလားတူ အဝင်လမ်းတစ်လမ်း ရှိသေးသည်။

ခေတ္တအကြာတွင် ဆိုင်ဆိုင်ကယ်က အဆောက်အဦး၏ ဆင်ဝင်ရှေ့မှာပင် ထိုးရပ်လေတော့သည်။ မိုက်ခဲတို့နှစ်ယောက်က ချက်ချင်းပြေးဆင်းလာကြပြီး ထိုဆိုင်ကယ်အနီးတွင် ဝိုင်းခွဲလိုက်ကြသည်။ ဆိုင်ကယ်ပေါ်တွင် လူနှစ်ယောက်ပါလာရာ ရှေ့မှ ဆိုင်ကယ်မောင်းသောသူ၏ ရုပ်သွင်က အတော်ပင် သားသားနားနား။ ချောချောမောမောရှိသည်။ သို့သော် သူ၏မျက်နှာက အလွန်တရာကြောက်လန့်နေဟန်ဖြင့် သွေးဆုတ်ကာ ဖြူရော်ရော်ဖြစ်နေသည်။ အကြောင်းမှာကား သူ၏နောက်တွင် ကပ်၍လိုက်ပါလာသော မားခင်ဖေက သူ၏ဝမ်းဗိုက်အား ဆင်စွယ်ရိုးတပ်မားမြှောင်ဖြင့် မိမိရရကြီး ထောက်ထားခြင်းကြောင့်ပင် ဖြစ်တော့သည်။

သူတို့နှစ်ယောက်က ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်ကြသည်။ မိုက်ခဲကပါ ခြောက်လုံးပြူးကိုထုတ်၍ ရှေ့မှလူ၏ရင်ဝကို ထိုးချိန်လိုက်သည်။ မားခင်ဖေက–

"ကိုင်း ... ဒေါက်တာထက်ရှိန်၊ ခုချိန်ကစပြီး ပြောတာကိုနားထောင်ပါ။ ခိုင်းတဲ့အတိုင်းလည်းလုပ်ပါ။ ဒါဆိုရင် အချိန်စေ့တာနဲ့ ကျုပ်တို့က ကောင်းကောင်းမွန်မွန်ပြန်လွှတ်ပေးမှာပဲ။ ကြားပြီလား ကိုယ့်လူ။ ပြီးတော့ ခင်ဗျားရဲ့ဖုန်း ကျွပ်ကို ပေး"

ဒေါက်တာထက်ရှိန်ဆိုသူက ဘာမှ ပြန်မပြောနိုင်။ ကြောက်လွန်း၍ မျက်နှာလေးသာ ငယ်နေလေသည်။ တုန်တုန်ရီရီနှင့်ပင် သူ့ဖုန်းအား မားခင်ဖေလက်ထဲသို့ ထည့်ပေးလိုက်သည်။ မကြာမီပင် သူ့ကိုလည်း အခန်းတစ်ခန်း၌ ထည့်သွင်းပြီးသားဖြစ်သွားသည်။ ဝင်းမင်းသန်း၏ အခန်းနှင့် ဒေါက်တာထက်ရှိန်၏အခန်းတို့ကို အပြင်မှ သေချာစွာသော့ခတ်ပြီးသည်နှင့် သူတို့သုံးယောက်က အပေါ်ထပ်ဆီသို့ တက်လာခဲ့ကြသည်။ ဒုတိယထပ်ရှိ အခန်းတစ်ခုအတွင်း၌ စားပွဲကုလားထိုင်များရှိသည်။ သူတို့က ထိုကုလားထိုင်များတွင် ဝင်ထိုင်လိုက်ကြသည်။ ပြီးနောက် မိုက်ခဲကပင် သူ့တပည့်ကို လှမ်းပြောလိုက်သည်။

"မောင်ကောင်၊ အောက်ထပ်က

"ပြီးသွားပြီ အခစ်ကိုကြီး။
ဒေါ် သီသီစိမ်းဆိုတဲ့မိန်းမကြီး
နားထင်ပွင့်သွားပြီ။
သေချာအောင်
သူ့ရင်ဘတ်ထဲကိုပါ
နောက်တစ်တောင့်
ပစ်သွင်းထားခဲ့သေးတယ်။
အခု ရဲ ‌တွေပါ
အလုပ်ရှုပ်နေကြပြီ။
လူရော၊ ကားရော
အဲဒီနေရာကနေ
ခွဲယူသွားကြပြီ"

အပေါက်ဝကတိုင်မှာ ပါအိတ်တစ်လုံးချိတ်ထားတယ်။ အဲဒီအိတ်သွားယူစမ်း"

သူ့လူက လျင်မြန်စွာပင် အောက်သို့ဆင်းသွားသည်။ မားခင်ဖေက မိုက်ခဲကို တိုးတိုးပြောလိုက်သည်။

"ဒီအကွက်မပူနဲ့။ ဒီကောင့်နာမည်က မွှားလသို့တင်ကြိုင်ကွဲ။ တစ်ချိန်တုန်းက သူလည်း မြေအောက်လောကမှာ နာမည်ကြီးတစ်ယောက်ပဲ။ ထောင်က ထွက်လာပြီးမှ ဒီကောင် ကျန်းမာရေးချူချာသွားတာ။ ခုတော့ ကျုပ်ဆီမှာ တပည့်အဖြစ်နဲ့ ဝင်လုပ်နေတာကြာပြီ။ ဒီကောင်က အရင်ကလောက် မစွမ်းတော့ပေမဲ့ လက်တိုလက်တောင်းလောက်ကတော့ ခိုင်းလို့ရပါသေးတယ်။ ဒီကောင်မစွမ်းမှာတော့ မပူနဲ့ကိုယ့်လူ"

မကြာမီ မွှားလသို့တင်ကြိုင်က အိတ်တစ်လုံးကိုဆွဲပြီး ပြန်ရောက်လာသည်။ မိုက်ခဲက အိတ်ကို လှမ်းယူလိုက်သည်။ အိတ်အတွင်းမှ ပုလင်းပြားဆိခု



www.burmeseclassic.com

www.burmeseclassic.com

ကို ထုတ်ယူသည်။ ပုလင်းအဖုံးကိုဖွင့်၍ ပုလင်းလုံးကိုင် တစ်ရှိန်ထိုးမော့ချလိုက်သည်။ ပြီးလျှင် ထိုပုလင်းအား ဓားခင်ဖေသို့ ထိုးပေးလိုက်သည်။

"ချ ... ကိုယ့်လူ။ များတော့ မများစေနဲ့ပေါ့။ အလုပ်က ဒီနေ့အပြီးလုပ်ရမှာ"

ဓားခင်ဖေက နိုက်ခဲရှည်းတွေ ပုလင်းကိုမော့ချလိုက်သည်။ မိုက်ခဲက နွားလသို့ ဘက်သို့လှည့်ကာ –

"ကိုင်း .. နွားလဘို့။ မင်းအောက်မှာ သာ သွားစောင့်နေပေတော့။ အနီးရော၊ အဝေးရော ဂရုစိုက်ကြည့်နော်။ မလစ်ဟင်းစေနဲ့"

"ဟုတ်ကဲ့ မိုက်ခဲ"

နွားလအို့က ချာခနဲလှည့်ပြီး ထွက်ခွာသွားသည်။ ထို့နောက် မိုက်ခဲက –

"ဘယ်လိုလဲ။ ခင်ဗျားလူကို လွယ်လွယ်နဲ့ ခေါ်လို့ရခဲ့ရဲ့လား"

"ဘယ်လွယ်မလဲ။ မလွယ်လို့ လမ်းမှာကတည်းက ထစ်ခါတည်းဓားနဲ့ ထောက်လာတာပေါ့။ ကျုပ်က ပထမတော့ ဒေါ်သီသီစိမ်းက ခင်ဗျားကိုခေါ်နေတယ်၊ ကျုပ်နဲ့လိုက်ခဲ့ပါဆိုပြီး ခေါ်ကြည့်သေးတယ်။ ဒါပေမဲ့ ဒီငနဲက မယုံဘူးဗျ။ မလိုက်ဘူး။ ဒါနဲ့ သူအပြင်ထွက်မယ့်အချိန်အထိ ထပ်စောင့်နေရတယ်။ အပြင်ထွက်ဖို့ သူ့ဆိုင်ကယ်ပေါ်တက်လာတာမြင်တော့မှ ကျုပ်က သူ့နောက်ကအတင်းခွတက်၊ ဗိုက်ကိုလည်း ဓားနဲ့ ယောက်ပြီး ခပ်ကြမ်းကြမ်းခေါ်လာခဲ့ရတယ်။ ဟဲ ... ဟဲ"

"နေ ... သူတို့နှစ်ယောက်စလုံးကို ထိန်းချုပ်ပြီးပြီဆိုတော့ ကျုပ်တို့လည်း အစီအစဉ်သစ်ကို စလို့ရပြီပေါ့"

"ဟုတ်တယ် ... စရုံပဲ။ ဒါနဲ့ ဒီအဆောက်အဦက လုံခြုံမှုရောရှိရဲ့လားဗျ။ အထဲမှာ ပစ္စည်းတွေသာရှိပြီး အစောင့်လည်း မရှိပါလား"

"ဒီအတွက် မပူစမ်းပါနဲ့ ဓားရယ်။ ကျုပ်က ဝိုင်မှလုပ်တာပါ။ ဒီအဆောက်အဦက လူငယ်ဂေဟာအဖြစ်ဆောက်ဖို့လုပ်ထားတာဗျ။ နောက်တော့ အလှူရှင်က ဘယ့်နှယ်ဖြစ်တယ်မသိပါဘူး။ ပြီးအောင် မဆောက်ဖြစ်ဘဲ တစ်ပိုင်းတစ်စနဲ့ရပ်ထားတာ တော်တော်ကြာလှပြီ။ ဒီမှာ ဒရဝမ်လုပ်နေတဲ့ကောင်က အောင်မွှေးဆိုတဲ့ကောင်ဗျ။ ကျုပ်နဲ့သိတယ်။ ဒီကောင် မနေ့ကပဲ သူ့ရွာကိုပြန်လစ်သွားတာ။ သန်ဘက်ခါလောက် ပြန်ရောက်လိမ့်မယ်။ ဒီရက်ပိုင်းအတွင်း ဒီမှာ သူ့အစား ကျုပ်စောင့်ပေးထားမယ်။ စိတ်ချလက်ချသာသွားဆိုပြီး ကျုပ်က သူ့ကိုလစ်ခိုင်းထားလိုက်တာ။ ဒီအဆောက်အဦကြီးကို ဒီလိုအသုံးချချင်လို့ တမင်တစ်ပတ်ရိုက်လှတ်လိုက်တာပဲ။ ရှင်းပြီလား ကိုယ့်လူ"

"အင်း ... ရှင်းပါပြီ။အဆောက်အဦက သေသေချာချာတော့ ဆောက်ထားတာပဲဗျ။ ပတ်လမ်းတွေဘာတွေနဲ့၊ ဆင်ဝင်ကြီးကလည်း တော်တော်ခန့်နားတယ်"

"ဟုတ်တယ်။ ခန်းမကြီးကလည်း တော်တော်ကျယ်တယ်။ မျက်နှာစာကဆင်ဝင်အပြင် အရှေ့ဘက်မှာရော၊ အနောက်ဘက်မှာရော မုခ်ဦးတွေရှိသေးတယ်။ အရှေ့ဘက်ပတ်လမ်းက လာတဲ့သူက အရှေ့ဖက်မုခ်ဦးက ဝင်လို့ရသလို၊ အနောက်ဘက်ပတ်လမ်းက လာတဲ့သူက အနောက်ဘက်မုခ်ဦးကပဲ ဝင်လို့ရအောင် ဆောက်ထားတာ။ ပြီးတော့ ခန်းမကြီးထဲမှာ မီးချောင်းတွေတောင် ဆင်ထားပြီးသားဗျ။ ညဆိုရင် လင်းနေ ထိန်နေရောပဲ"

ထို့နောက် အရက်ပုလင်းကိုပင် တစ်ယောက်တစ်လှည့် မော့ကြပြန်လေသည်။ အတန်ကြာသော် ဓားခင်ဖေက ပင် ခွေ့ဆော်ပြောလိုက်သည်။

"ဟေ့လူ ... လုပ်ငန်းစရအောင်။ အချိန်မရှိဘူး"

"ကောင်းပြီ၊ တောပေါ့"

ထို့နောက် မိုက်ခဲသိန်းမောင်က ဂျာကင်အကျႌအိတ်အတွင်းမှ ဖုန်းကို ထုတ်ယူလိုက်သည်။ သူ့ခြေနှစ်ဖက်ကို စားပွဲပေါ်ပစ်တင်လိုက်ပြီး သူ့ခေါင်းကို ကုလားထိုင်တွင် ဟန်ပါပါမှီထိုင်လိုက်သည်။ ပြီးလျှင် ဖုန်းနံပါတ်များကို နှိပ်လိုက်သည်။ ပြီးလျှင် ဖုန်းခွက်ကို နားတွင်ကပ်ထားလိုက်သည်။ မကြာပါ။ တစ်ဖက်မှတုံ့ပြန်လိုက်သော အသံက သူ့နားထဲသို့စီးဝင်လာသည်။

"ဟလို ... သိန်းမောင်လား"

"ဟုတ်တယ်အစ်ကိုကြီး။ ကျွန်တော်ပါ"

"ဘယ် ... ဘယ်လိုလဲ–အခြေအနေ။ ကိစ္စပြီးသွားပြီလား"

"ပြီးသွားပြီ အစ်ကိုကြီး။ ဒေါ်သီသီစိမ်းဆိုတဲ့မိန်းမကြီး နားထင်ပွင့်သွားပြီ။ သေချာအောင် သူ့ရင်ဘတ်ထဲကို နောက်တစ်တောင့် ပစ်သွင်းထားခဲ့သေးတယ်။ အခု ရဲတွေပါ အလုပ်ရှုပ်နေကြပြီ။ လူရော၊ ကားရော အဲဒီနေရာကနေ ခွဲယူသွားကြပြီ"

တစ်ဖက်မှအသံတိတ်သွားသည်။ တုန်လှုပ်ချောက်ချားမှုဖြင့် တစ်ကိုယ်လုံး တောင်တောင့်ကြီးဖြစ်နေမည့် ဦးထွန်းမင်းလတ်ရုပ်သွင်ကို မိုက်ခဲက ကောင်းကောင်း မြင်ယောင်လိုက်မိသည်။ သူကပင် ဓားခင်ဖေကို မျက်စိတစ်ဖက်မှိတ်ပြလိုက်ရာ ဓားခင်ဖေက အသာပြန်ပြုံးပြသည်။

ထိုအခိုက် တစ်ဖက်မှ အသံပေါ်လာပြန်သည်။

"ဟဲလို ..."

"ဟဲလို အစ်ကိုကြီး"

www.burmeseclassic.com

"ဒါ . . ဒါဖြင့်ရင် ငါဘာဆက်လုပ်ရမလဲ"

"ဘာမှမလုပ်နဲ့။ ဒီအတိုင်းပဲ ဆက်ငြိမ်နေဦးပေါ့။ ကိစ္စပြီးပြီဖြစ်တဲ့အတွက် ကျွန်တော်နဲ့ အစ်ကိုကြီးနဲ့တော့ စာရင်းရှင်းလို့အေး လိုတယ်လေ"

"အေး . . အေးပါ"

"ဒါဖြင့် ကျွန်တော် ဘယ်ကိုလာခဲ့ရမလဲ။ အစ်ကိုကြီးရောက်နေတဲ့နေရာ ကျွန်တော့်ကိုပြော။ ပတ်ဝန်းကျင်မှာလည်း လူရှင်းပေစေနော်အစ်ကိုကြီး"

"အေး . . . ရှင်းပါတယ်ကွ။ ငါအခု နှစ်ဆယ့်နှစ်မိုင်က ရွက်စိမ်းဟိုတယ်မှာရှိနေတယ်။ ဒီဟိုတယ်က ငါ့ဟိုတယ်ပဲ။ မင်းလာရင် ဟိုတယ်မန်နေဂျာကိုသာ ငါနဲ့တွေ့ချင်လို့လို့ ပြောလိုက်။ ဒါဆိုရင်ပြီးတယ်"

"အိုကေ အစ်ကိုကြီး . . . အိုကေ"

နှစ်ဖက်စလုံး ပြိုင်တူဖုန်းချလိုက်သည်။ ထို့နောက် မိုက်ခဲက ဓားခင်ဖေကို ဖုန်းလှမ်းပေးရင်းပြောလိုက်သည်။

"ဦးထွန်းမင်းလတ်က နှစ်ဆယ်နှစ်မိုင်က ရွက်စိမ်းမှာတဲ့ဗျ။ ကိုင်း . . . ရှေ့ခင်ဗျားအလှည့်။ ခင်ဗျာ့ဆရာမကြီးဆီ ဆက်ပေတော့။ သူ့ဖုန်းနံပါတ်ရော မှတ်မိရဲ့လား"

"မှတ်မိပါတယ်"

ဓားခင်ဖေက ဖုန်းကိုလှမ်းယူလိုက်ပြီး ချက်ချင်းပင် ဖုန်းခေါ်လိုက်သည်။ တစ်ဖက်မှ ဒေါ်သီသီစိမ်း၏ တုံ့ပြန်သံကလည်း အချိန်မဆိုင်းပဲ ထွက်ပေါ်လာသည်။

"ဟဲလို၊ ဘယ်သူပါလဲရှင်"

"ဟဲလို . . . အစ်မကြီးလား။ ကျွန်တော် ခင်ဖေလေ"

"ဟင် . . . ကိုခင်ဖေ။ ဘယ် . . ဘယ်လိုလဲဟင်။ ချောချောမောမောဖြစ်ရဲ့လား"

"ဖြစ်တာပေါ့။ သိပ်ဖြစ်တာပေါ့။ လုံးဝအောင်မြင်သွားပြီ။ ဒီလူကြီး ရင်ပွင့်နေပြီ။ နလုံးတည့်တည့်ကို သုံးချက်လောက် သင့်ထိုးထားခဲ့တယ်။ ခင်ဗျားတို့အိမ်ဘေးက မြစ်ဆိပ်မှာပဲ ကျွန်တော်ရှင်းပစ်လိုက်တာ။ အခု အိမ်မှာ ရဲတွေနဲ့ရှုပ်နေပြီ။ အစ်မကြီး အခုနေရာမှာပဲ ဆက်ငြိမ်နေနော်။ လုံးဝမလှုပ်နဲ့ကြားလား"

"အင်းပါ . . . အင်းပါ"

"ကျွန်တော်လည်း လွတ်ရာကျွတ်ရာကို အမြန်ဆုံးလစ်တော့မယ်။ ဒီတော့ ကျွန်တော်နဲ့ အစ်မကြီးနဲ့ စာရင်းရှင်းရအောင်။ ကျွန်တော် ဘယ်ကိုလာရမလဲ"

"မြို့ထဲကနေ ၁၈ မိုင်လောက်ဝေးတဲ့ ရွှေခေါင်းလောင်းဆိုတဲ့ရွာကို ကျွန်မရောက်နေတယ်။ ဒီတစ်ပိုက်မှာ လုပ်နေတဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းတွေကို ကျွန်မလိုက်စစ်နေတယ်။ ရွှေခေါင်းလောင်းမှာတော့ အလုပ်ကပြီးသွားပြီ။ မကြာခင် နောက်တစ်ရွာကူးတော့မှာ။ ဒါပေမဲ့ ကျွန်မ ရွှေခေါင်းလောင်းကပဲ စောင့်နေမယ်လေ။ ကိုခင်ဖေ တိုက်နယ်ဆေးရုံကိုသာ တန်းပြီးတော့လာခဲ့"

"ဟုတ်ကဲ့အစ်မကြီး။ ကျွန်တော် အခုချက်ချင်းလာခဲ့မယ်"

ဖုန်းချလိုက်သည်။ ထို့နောက် ဓားခင်ဖေက မိုက်ခဲသိန်းမောင်ကို လှမ်းပြောလိုက်သည်။

"ဒေါ်သီသီစိမ်းက ရွှေခေါင်းလောင်းမှာရောက်နေတယ်။ ခင်ဗျားရွှေခေါင်းလောင်းတိုက်နယ်ဆေးရုံကိုသာ တန်းလိုက်သွားရုံပဲ။ မှတ်ထားနော်ကိုယ့်လူ"

"မှတ်မိပါတယ်။ ကိုင်း . . . ကျုပ်တို့တစ်ဆက်တည်းသာ လုပ်ငန်းဝင်လိုက်ကြစို့။ ဒါနောက်ဆုံး ဗိုင်နယ်ပဲ။ အစစအရာရာတော့ သတိထားဖို့လိုတယ်နော်ကိုယ့်လူ"

"စိတ်ချပါ။ ဒါထက် မီးရထားလက်မှတ်ဝယ်ဖို့ကိစ္စရော လုပ်ပြီးသွားပြီလား။ ကိုယ့်လူမေ့နေဦးမယ်"

"ဘယ်ကမေ့ရမှာလဲ။ ဝယ်တောင်ပြီးသွားပြီ။ အိပ်စင်ပါတဲ့ နှစ်ယောက်ခန်းတစ်ခန်း ဝယ်ထားလိုက်တယ်"

"အိုကေ . . . ဒါဖြင့် ကျုပ်တို့သွားကြစို့ရဲ့"

နှစ်ယောက်သား ထရပ်လိုက်ကြသည်။ ထို့နောက် ခပ်မြန်မြန်ပင် အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်။ နွားလဘို့ဟင်ကြိုင်ကို တွေ့သည်နှင့် မိုက်ခဲကသေသေချာချာပင် မှာကြားနေလေသည်။

"ပေါ့ကောင် နွားလဘို့။ ချုပ်ထားတဲ့နှစ်ယောက်ကို သေသေချာချာဂရုစိုက်နော်။ ဘယ်အကြောင်းနဲ့မှ သော့မဖွင့်ပေးနဲ့။ ပြီးတော့ ဟိုကနေ ငါလှမ်းပြောတဲ့အတိုင်း မင်းသေသေချာချာလိုက်လုပ်ဖို့လိုမယ်။ ကြားလားပေါ့ကောင်"

"ဟုတ်ကဲ့ မိုက်ခဲ။ စိတ်ချပါ"

နွားလဘို့အား မှာပြီးသည်နှင့် မိုက်ခဲက ဓားခင်ဖေကို မျက်ရိပ်ပြလိုက်သည်။ ထို့နောက် နှစ်ယောက်သား ဆင်ဝင်မှထွက်ကာ ကားလမ်းဘက်သို့ ခပ်သွက်သွက်လျှောက်သွားလိုက်ကြသည်။ ကားလမ်းဘေးရောက်သည်နှင့် ရပ်နေလိုက်ကြသည်။ မကြာမီပင် အရှေ့ဘက်မှ လာနေသော တက္ကစီတစ်စီးကို တွေ့ကြရသည်။ ထိုကားကိုတားကာ ဓားခင်ဖေကလိုက်ပါသွားသည်။ မရှေးမနှောင်းမှာပင် ခရီးသည်တင် ဟိုင်းလတ်ကားတစ်စီးက အနောက်ဘက်မှ လာနေပြန်လေသည်။ မိုက်ခဲက ထိုကားကိုပင်တား၍ လိုက်ပါသွားလိုက်သည်။

(ဆက်လက်ဖော်ပြပါမည်)

ရှုမြတ်ဘင်



www.burmeseclassic.com

www.burmeseclassic.com

# မမေ့စေချင်ပါ

ဦးဝင်းလှိုင် [တရားရုံးချုပ်ရှေ့နေ]

ယနေ့ ကျွန်တော်တို့ တရားရုံးများတွင် ကျင့်သုံးလျက်ရှိသော တရားစီရင်ရေးဥပဒေကို ၂၈.၁၀.၂၀၁၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။ တရားစီရင်ရာတွင် သိုက်နာကျင့်သုံးရမည့် မူများကို ပုဒ်မ-၃ တွင် ပြဋ္ဌာန်းထား၏။ ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီး ပြတ်စေရေးမူကို ပုဒ်မ-၃(စ)တွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။

ပြစ်မှုဆိုင်ရာ မှုခင်းများနှင့် ကျေအေးခြင်းနှင့် ရုပ်သိမ်းခြင်းဟု နှစ်ပိုင်းရှိပေသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ-၃၄၅ တွင် ကျေအေးနိုင်သော ပြစ်မှုဆိုင်ရာမှုခင်းများကို ပြဋ္ဌာန်းပေးထားသည်။ ပုဒ်မ-၃၄၅(ဂ)တွင် ကျေအေးခွင့်မရှိသော ပြစ်မှုများကို ပြဋ္ဌာန်းထားသည်။

ရုပ်သိမ်းခြင်းနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၂၄၈ အရ တရားရုံးသို့ လျှောက်ထားရန် လိုပေသည်။ ရုပ်သိမ်းခြင်းတွင်လည်း တရားရုံးရှိ အမှုသည် ရဲတပ်ဖွဲ့မှ တရားစွဲတင်မှုလော၊ တရားလိုက တရားရုံးသို့ ဦးတိုက်လျှောက်ထားမှုလော ဆိုသည်ကိုလည်း ဦးစွာသိရှိထားရန် လိုပေသည်။ တရားရုံးသို့ တိုက်ရိုက်လျှောက်ထားစွဲဆိုမှုကိုသာ တရားလိုက ပုဒ်မ-၂၄၈ အရ ရုပ်သိမ်းနိုင်ပေမည်။

ထောင်ဒဏ် ခြောက်လအထက် အပြစ်ပေးနိုင်သော ပြစ်မှု(ဝရမ်းမှု)ကို ရုပ်သိမ်းလိုပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၄၉၄ အရ ဥပဒေရုံး၏ သဘောတူညီချက်ဖြင့် ရုပ်သိမ်းရပေသည်။ တစ်နည်းဆိုသော် ရဲတပ်ဖွဲ့က တရားစွဲတင်ပို့သော အမှုဖြစ်လျှင် ပုဒ်မ-၄၉၄ အရ ရုပ်သိမ်းရပေသည်။

ကျွန်တော် ဤမျှ နိဒါန်းပျိုးနေခြင်းသည် ညီငယ်ရှေ့နေတစ်ဦး၏ ရဲတပ်ဖွဲ့မှ စွဲတင်သော အပြ[illegible]အလှန် မှုခင်းတစ်ရပ်အား နှစ်ဖက်ကျေလည်မှုရကြသဖြ[illegible] အမှုပြီးပြတ်လိုသည်ကို အကြံဉာဏ်တောင်းသည့်အတွက် စဉ်းစားမိရာမှ ဤစာစု မွေးဖွားမိခြင်း ဖြစ်ပေသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၂၉၄၊ ၃၂၃၊ ၅၀၆ တို့ဖြင့် အပြန်အလှန် စွဲဆိုကြသည်။ ညီငယ်ရှေ့နေနှင့် တစ်ဖက်ရှေ့နေကြီးသည် အသက် ၈၀ ကျော် ဝါရင့်ရှေ့နေကြီး ဖြစ်၏။ အမှုသည်ချင်း ပြေလည်မှု ရရှိနေပြီဖြစ်သည်။ ရဲမှ စွဲဆိုတင်ပို့မှုဖြစ်သောကြောင့် ဥပဒေရုံးမှ ကစ်ဆင့် ကျေအေးရုပ်သိမ်းကြရမည် ဖြစ်ပေသည်။ နှစ်ဖက်အမှုသည်တို့က မြို့နယ်ဥပဒေရုံးသို့ ခွင့်ပြုချက် တောင်းခံထားကြသည်။ သို့ဖြင့် ရုံးချိန်းနေ့သို့ ရောက်လာသည်။ အမှုတွဲ နေ့စဉ်မှတ်တမ်းအရ ထိုနေ့သည် တရားလိုအားစတင်စစ်ဆေးရန် နေ့ရက်ဖြစ်သည်။

နှစ်ဖက်ရှေ့နေများက တရားရုံးသို့ အမှုရုပ်သိမ်းကြ ရန် ဥပဒေရုံး၏ ခွင့်ပြုချက်တောင်းခံထားကြောင်း လက်ခံစာများဖြင့် တင်ပြကြသည်။ အသက် ၈၀ ကျော် ရှေ့နေကြီး

www.burmeseclassic.com

ကလည်း ကျန်းမာရေး မကောင်းသဖြင့် အမှုတွဲနေ့စဉ်မှတ်တမ်းအရ တရားလိုစစ်ရန် ဖြစ်သော်လည်း ကျေအေးရုပ်သိမ်းကြမည်ဖြစ်၍ ရုံးချိန်း ရွှေ့ပြောင်းပေးရန် ခွင့်တောင်းသည်။ မရ။ တရားသူကြီးသည် နေ့စဉ်မှတ်တမ်းအတိုင်း အမှုစစ်ခဲ့လေသည်။ ဤကား ဖြစ်ရပ်မှန် ဖြစ်ပေသည်။ ကျွန်တော် စဉ်းစားမိသည်ကား တရားစီရင်ရေးမှု ဖြစ်၏။

ယနေ့ ကျင့်သုံးလျက်ရှိသည့် ၂၀၁၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီက ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ ရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ–၂(ဃ)တွင် အမှုများကို ဥပဒေခွင့်ပြုချက်ဘောင်အတွင်း၌ ဥပဒေနှင့်အညီ ကျေအေးပြီးပြတ်စေရန် ဆောင်ရွက်ခြင်းဟု တရားစီရင်ရေးမူတစ်ရပ် ပြဋ္ဌာန်းကျင့်သုံးခဲ့ပေသည်။ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေထက် ရှေးကျသော ၁၉၈၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် တရားစီရင်ရေးဥပဒေကို ကျွန်တော်တို့ လှမ်းကြည့်သင့်ပေသည်။

ရှစ်လေးလုံး အရေးတော်ပုံကာလနှောင်းပိုင်းဖြစ်သည်။ ၂၆. ၉. ၁၉၈၈ ရက်နေ့တွင် နဝတအစိုးရက ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်၏။ ထိုဥပဒေပုဒ်မ–၂ တွင် တရားစီရင်ရေးမှုများကို ပြဋ္ဌာန်းခဲ့ရာ ပုဒ်မ–၂(ဃ)တွင် "အမှုကိစ္စများကို ဥပဒေခွင့်ပြုချက် ဘောင်အတွင်း၌ ဥပဒေနှင့်အညီ ကျေအေးပြီးပြတ်စေရန် ဆောင်ရွက်ခြင်း''ဟု စီရင်ရမည့်အကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပေသည်။

ကျွန်တော်တို့ ပြည်ထောင်စုတွင်း
နေထိုင်ကြသော
တိုင်းရင်းသားအပေါင်းတို့သည်
ရှေးပဝေသဏီကာလကပင်
ကြီးသည့်အမှု ငယ်စေ၊
ငယ်သည့်အမှု ပပျောက်စေမှုဖြင့်
ရှင်သန်နိုင်ခဲ့ကြသူများ ဖြစ်ပေသည်။
မြန်မာမင်းများလက်ထက်က
လက်ဖက်စားခြင်းဓလေ့က
သက်သေထင်ရှား ရှိခဲ့ပေသည်။

ကျွန်တော် အထက်တွင်တင်ပြခဲ့သော မှုခင်းဖြစ်ရပ်သည် ဆဲဆိုမှု၊ နာကျင်စေမှု၊ ခြိမ်းခြောက်မှုများ ဖြစ်ပေသည်။ ကျွန်တော်တို့ ပြည်ထောင်စုတွင်း နေထိုင်ကြသော တိုင်းရင်းသားအပေါင်းတို့သည် ရှေးပဝေသဏီကာလကပင် ကြီးသည့်အမှု ငယ်စေ၊ ငယ်သည့်အမှု ပပျောက်စေမှုဖြင့် ရှင်သန်နိုင်ခဲ့ကြသူများ ဖြစ်ပေသည်။ မြန်မာမင်းများလက်ထက်က လက်ဖက်စားခြင်းဓလေ့က သက်သေထင်ရှား ရှိခဲ့ပေသည်။

ကျေအေးခွင့်ရှိသော အမှုများ အမြန်ဆုံး ကျေအေးပြီးပြတ်စေချင်ပါသည်။ ရုပ်သိမ်းခွင့်ပြုနိုင်သော အမှုများကို ရုပ်သိမ်းခွင့်ပြုနိုင်က ပြုစေချင်ပါသည်။ ပြစ်မှုတိုင်း ကျေအေးခွင့်မရှိသလို ပိတ်သိမ်းနိုင်ခြင်းမရှိသည်ကား ခြွင်းချက်ဖြစ်ပေသည်။ စီရင်ထုံးတစ်ခုတွင် . . .

''ပြစ်မှုဆိုင်ရာ အမှုများတွင် အလွဲသုံးစားပြုထားသော ငွေများကို ပေးလျော်ပြီး ဖြစ်သည်ဆိုရုံမျှဖြင့် တရားခံသည် ပြစ်မှုမှ ကင်းလွတ်ခွင့်ရနိုင်သည်မဟုတ်ပေ။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၄၀၆ အရ ပြစ်မှုများသည် ကျေအေးနိုင်သော ပြစ်မှုမဟုတ်သောကြောင့် တရားလို၊ တရားခံနှစ်ဦးသဘောတူ ကျေအေးခြင်းဖြင့်လည်း ပိတ်သိမ်းခွင့်မရှိပေ''ဟု ထုံးဖွဲ့လမ်းညွှန်ထားပေသည်။ (ဦးသိန်းဆွေနှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ ၁၉၈၁ မ. တ. စ ၁၂၃)။

ကျွန်တော်သည် တရားစီရင်ရေး အခြေခံမူများ ကျင့်ထုံးကျင့်စဉ်များ၊ စီရင်ထုံးများကို ပြန်လည်တူးဆွယင်း ကျွန်တော့်ညီငယ် ရှေ့နေကလေး ကြုံဆုံခဲ့ရသော တရားသူကြီးသည် တရားစီရင်ရေးဥပဒေကို မေ့လျော့နေလေသလားဟု စဉ်းစားမိပါသတည်း။

ဦးဝင်းလှိုင် (တရားရုံးချုပ်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com

# မီသိုင်းအယ်လ်ကိုဟော(မက်သနော)သောက်မိသဖြင့် လူများသေဆုံးခဲ့ရ

ကျူးဘားနိုင်ငံ၏ မြို့တော်၏ ဟားဗနားအရှေ့ပိုင်းရှိ ဆန်မီဂွရယ်ဒီလ်ပါဒန်အရပ်တွင် အရက်အဆိပ်သင့်၍ လူ ၁၁ ဦး သေဆုံးခဲ့ရပြီး စိုးရိမ်ရဖွယ် လူနာများလည်း ရှိနေကြောင်း သတင်းစာတွင် ဖော်ပြလိုက်သည်။

အခင်းဖြစ်ပွားပုံအဆင့်ဆင့်မှာ ဟားဗနားမြို့တော် အစားအစာနှင့် ဆေးဝါး အင်စတီကျူတွင် အေးခဲခြင်းကို ကာကွယ်ပေးသော မီသိုင်းအယ်လကိုဟော(မက်သနော)ကို ထိုဌာနမှ အလုပ်သမားနှစ်ဦး ခိုးယူပြီး ဒေသအရက်ပုန်းချက်သူကို ရောင်းချခဲ့သည်။ အရက်ပုန်းချက်သူက ၎င်းမက်သနောများကို ရောစပ်ကာ ဘီယာချက်ခဲ့သည်။ ၎င်းဘီယာကို သောက်သုံးခဲ့ရာမှ လူ ၆၀ အရက်အဆိပ်သင့်ကြသည်။ သောက်သုံးခဲ့သူများသည် ကိုယ်လက် မအီမသာဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးဝေအော့အန်ခြင်း၊ မျက်စိအမြင် မှုန်ဝါးခြင်း ဖြစ်ကြပြီး၊ ၎င်းတို့အနက် ၁၁ ဦးသေဆုံးခဲ့ပြီး၊ နှစ်ဦးမှာ သွေးအန်၊ သွေးသွန်သဖြင့် သွေးသွင်းထားရသည်။ ကျန်အဆိပ်သင့်သူများအနက် စိုးရိမ်ရသော လူနာများလည်း ရှိနေသည်။

မီသိုင်းအယ်လကိုဟော(မက်သနော)သည် လူတို့သောက်နိုင်သော အရက်မဟုတ်ပေ။ သို့ရာတွင် လူတို့သောက်နိုင်သော အီသိုင်းအယ်လကိုဟောနှင့် အရောင်/အနံ့တူသဖြင့် သာမန်အရက်ဟုထင်ကာ သောက်ခြင်းကြောင့် အဆိပ်သင့်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း လွန်ခဲ့သော နှစ်များက ပင်လယ်ကူးကုန်သင်္ဘောမှ ပြုတ်ကျခဲ့သော မက်သနော ပေပါတစ်လုံးကို ဆယ်ယူရရှိသူများက အရက်ပုန်းရောင်းသူကို ရောင်းချခဲ့ရာ ၎င်းအရက်သောက်သဖြင့် အရက်ပုန်းချက်သူ အပါအဝင် လူ ၈၀ ကျော် သေဆုံးခဲ့ဖူးသည်။

ညိုမင်းလွင်(မော်ကျွန်း)

*Ref:-*

*Internet News, 20.10.2013*

---

# မှားယွင်းစွာ ဆုံးဖြတ်ချက်ကြောင့် ကလေးသေဆုံး

၂၃-၁၀-၂၀၁၃ နေ့၌ အမေရိကန် ကာလီဖိုးနီးယားပြည်နယ်တွင် ကလေးကစားစရာ သေနတ်ကိုင်ဆောင်လာသော ၁၃ နှစ်အရွယ် ကလေးတစ်ဦးကို ထိုဒေသ၏ ဒုရဲတပ်ဖွဲ့မှူးက မှားယွင်းစွာ ဆုံးဖြတ်ချက်ဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် ထိုကလေးသေဆုံးခဲ့ရကြောင်း ကြေကွဲဖွယ်ဖြစ်ရပ်ကို ဖော်ပြခဲ့သည်။

အခင်းမဖြစ်မီ ဖြစ်ရပ်မှာ ၁၂ နှစ်အရွယ် ကလေးတစ်ဦးသည် နီဗားဒါးအလယ်တန်းကျောင်းတွင် ပညာသင်ကြားနေစဉ် မကျေနပ်မှု ပေါက်ကွဲပြီး ဆရာတစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ပြီး သူကိုယ်တိုင်လည်း အဆုံးစီရင်ခဲ့သည်။ ဤကဲ့သို့ မငြိမ်မသက်ဖြစ်နေစဉ်အတွင်း ရဲတပ်ဖွဲ့ကလည်း အသေးစိတ် ကင်းလှည့်နေသည်။ ထိုစဉ် အင်ဒီလိုပက်ဇက် (၁၃) နှစ်၊ အလယ်တန်းကျောင်းသားကလေးသည် သူ၏ မိတ်ဆွေအိမ်တွင် ကျန်ခဲ့သော ကစားစရာသေနတ်ကို သွားယူပြီး အိမ်အပြန်တွင် ကင်းလှည့်အဖွဲ့နှင့် ပက်ပင်းတိုးမိသည်။ ဒု-ရဲတပ်ဖွဲ့မှူးက ထိုကလေးကိုမြင်လျှင်မြင်ချင်း…

"ဟေ့…သေနတ်ကို အောက်ချလိုက်"ဟု ပြောကြားခဲ့သည်။ သို့ရာတွင် ထိုကလေးက ပါလာသော ပလတ်စတစ်ကျည်သုံး AK-47 ဖြင့် ရဲတို့ကို ပစ်ခတ်ခဲ့ရာ ဒုရဲတပ်ဖွဲ့မှူးကလည်း တုံ့ပြန်ပစ်ခတ်ရာမှ ထိုကလေး သေဆုံးခဲ့ရသည်။

ကလေး၏အလောင်းအနီးတွင် AK-47 ကစားစရာသေနတ်သာ တွေ့ရသည်။ ထိုသေနတ်တို့သည် လေဖိအားဖြင့် ပလတ်စတစ်ကျည်ကို တွန်းထုတ်ပြီး တကယ့်သေနတ်လို ပေါက်ကွဲမြည်သော်လည်း သေနတ်ဒင်တွင် ကစားစရာဖြစ်ကြောင်း(နီဝါရောင် ကတ်ပြား) ပါရှိသည်။

ညိုမင်းလွင်(မော်ကျွန်း)

*Ref:-*

*Internet News, 25.10.2013*



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




### အခန်း (၁)
### အနုကြမ်း

မောင်ကို မရီလဝ်းမကြီးပေါ်ရှိ SCOCK MARKET စကော့မတ်ကက်ဈေးကြီး၏ နာရီလက်တံနှစ်ချောင်းသည် တစ်ထပ်တည်း (XII) ရောမကဏာန်းပေါ်သို့ ကျရောက်လျက်ရှိသည်။

မွန်းတည့် ၁၂ နာရီ။

အမိုးဖွင့်ထားသော ချက်ပလက်ကားလေးသည် အရှေ့ဘက်မှ ... အနောက်ဘက်သို့ မောင်းနှင်လာသည်။ ထိုကားပေါ်တွင် လူလေးယောက်ပါလာသည်။

ရှေ့ခန်းတွင် ကားဒရိုင်ဘာနှင့် အမျိုးသမီးတစ်ဦး လိုက်ပါလာပြီး၊ နောက်ခန်းတွင် ယောကျ်ားနှစ်ယောက် လိုက်ပါလာသည်။

ထိုအမိုးဖွင့် ချက်ပလက်ကားလေးသည် စကော့မတ်ကက်ဈေးကြီးသို့ ရောက်လျှင် မြောက်ဘက်သို့ ချိုးကွေ့ဝင်လိုက်ပြီး တောင်ဘက်ဈေးအထွက်လမ်းကို ဦးတည်ရပ်လိုက်သည်။

ကားရပ်သည်နှင့် ရှေ့ခန်းတွင် လိုက်ပါလာသော အမျိုးသမီးသည် ကားပေါ်မှဆင်း၍ စိန်ဘာဘူကုန်တိုက်သို့ ခပ်သွက်သွက်သွားသည်။

ကားနောက်ခန်းတွင် ပါလာသော အမျိုးသားနှစ်ယောက်လည်း ရှေ့ဆင့်နောက်ဆင့် ဆိုသလို သူမနောက်သို့ လိုက်ပါသွားကြသည်။

မွန်းတည့်ချိန်မို့ ဈေးလာ ဈေးဝယ် သူ ခပ်ကျဲကျဲပါ။

ထိုအခွင့်ကိုယူ၍ အမျိုးသမီးဦးဆောင်သောအဖွဲ့သည် စိန်ဘာဘူကုန်တိုက်မှ လိပ်ပြာတောင် စိန်ဘယက်ကြီးကို အနုကြမ်းစီး လုယူထွက်ပြေး လွတ်မြောက်သွားကြပါတော့သည်။

### အခန်း (၂)
### ပုလိပ်တွေ အိပ်နေကြတယ်

အလွတ်စုံထောက် မြဒင်သည် ပုလိပ်မင်းကြီး DICK MAN 'ဒစ်ကမင်'က ခေါ်ထားသောကြောင့် Stand Road ကမ်းနားလမ်းမရှိ Police ပုလိပ်မင်းကြီးရုံးသို့လာခဲ့သည်။ Head Quarter Gate ဂိတ်စောင့် မုတ်ဆိတ်ထူလပျစ်နှင့် ကုလားပုလိပ်သည် လိုလိုလားလားနှင့် ဆလံပေးပြီး မြဒင်ကို ကြိုဆိုသည်။

ဤသို့ဆိုလျှင် ...

ပုလိပ်မင်းကြီးသည် မြဒင်အား အရေးတကြီး လိုအပ်နေကြောင်း ထင်ရှားလှ၏။

မြဒင်သည် ရုံးခန်းအတွင်းသို့ ဝင်လိုက်သည်။ မင်းကြီးသည် စားပွဲဝိုင်းကြီးတွင် တစ်ယောက်ထီးတည်း ထိုင်နေသည်။

မြဒင်သည် မင်းကြီးအား ဆလံပေးလိုက်ပြီးနောက် မင်းကြီးရှေ့တွင် ဝင်ထိုင်လိုက်သည်။

မင်းကြီးသည် စူရှအောင့်အောင့် ဖြစ်၏။ ခါတိုင်းဆိုလျှင် မင်းကြီးသည် မြဒင်နှင့်တွေ့လျှင် အပြုံးဖြင့် ကြိုဆိုတတ်သော်လည်း ယခု ထိုသို့မဟုတ်၊ သုန်သုန်မှုန်မှုန် ရှိသည်။

"ဘယ်လ်ဒီမူး"

မင်းကြီးသည် ဒေါသတကြီး ပြောရာမှ လက်ထဲတွင်ကိုင်ထားသော အင်္ဂလိပ်လိုထုတ်ဝေသည့် GUARDIAN ဂတ်ဒီးယန်း သတင်းစာကြီးကို ပေးသည်။ မြဒင်သည် မင်းကြီးပေးလာသော ဂတ်ဒီးယန်းသတင်းစာကို ဖတ်လိုက်သည်။

www.burmeseclassic.com

Police are skeeping on day.

ညဥ့်မှမဟုတ် နေ့မှာပင် ပုလိပ်တွေ အိပ်နေကြတယ်။

"ဘယ်လောက်ရှက်စရာကောင်းသလဲ မြဒင်"

"မှန်ပါ"

"ကျွန်ုပ်သူ့ဆားတဲ့ စကော့မတ်ဒေဝဏ်ရေးသူကြီးက စိန်ဘာဘူကုန်တိုက်ကို ဖေါက်ထွင်း ဝင်ရောက်ထားလိုက် ပစ်ပစ္စည်း လုယူ ခုံးမှာ ခဲ့ကာ ငွေတွေ အကုန်ရောင်းသွားတယ်ကွ"

"မှန်ပါ"

"အင်စပက်တော် ခရစ်ပင်ကို မေးတော့ ဒီကောင် ရောင်ပါးဝါး လုပ်နေတယ်"

မြဒင် ငြိမ်နေလိုက်သည်။

"ဒီအမှုကို မြန်မြန်ဖော်ထုတ်ဖို့ လိုတယ် မောင်မြဒင်"

"မှန်ပါတယ် မင်းကြီး"

"ဟဲ ... ဟဲ"

"အမိန့်ရှိပါ မင်းကြီး"

"မဖော်ထုတ်နိုင်လို့တော့"

"ဟုတ်ကဲ့ပါ မင်းကြီး"

"ပုလိပ်တွေ အိပ်လို့ကောင်းတုန်းဆိုပြီး သတင်းစာက ဖွအုံးမှာကွ"

"မှန်ပါတယ် မင်းကြီး"

"ဒီတော့ကွာ အင်စပက်တော် ခရစ်ပင်နဲ့ ပူးပေါင်းပြီး ဒီအမှုကို အမြန်ဆုံးဖော်ထုတ်ပေးပါ မောင်မြဒင်"

"အသင့်ပါပဲ မင်းကြီး"

"အမှုလိုက်စရိတ် အိန္ဒိယသုံးငွေဒင်္ဂါး Twenty Ruppes နှစ်ဆယ်ပေးမယ်။ ဘယ်လိုလဲ"

ရွှေတစ်ကျပ်သားလျှင် အိန္ဒိယသုံး ငွေဒင်္ဂါး ၁၆ ပြား ရှိတဲ့အချိန်တွင် ငွေဒင်္ဂါးပြား ၂၀ ရရှိလျှင် မြဒင်အတွက် ရွှေငါးမတ်သား ရရှိမှာဖြစ်သည်။

အချိန်တိုအတွင်း အလွယ်တကူ ရရှိနိုင်သောကြောင့် မြဒင်သည် ပုလိပ်မင်းကြီး ဒစ်ကမန်အား ထိုင်ရာမှထလျက် ဆလံပေးလိုက်ပါတော့သည်။

## အခန်း (၃)
## အင်စပက်တော် ခရစ်ပင်

တကယ်တော့ ...

အလွတ်စုံထောက် မြဒင်နှင့် အင်စပက် ခရစ်ပင်တို့မှာ ရင်းနှီးသူများ ဖြစ်သည်။

သူတို့သည် Royal Lake ကန်တော်ကြီးစောင်းရှိ Boat Club ဘုတ်ကလပ်တွင် ဘီလီယက် ကစားဖက်များ ဖြစ်သည်။

ယခု မင်းကြီးက ခရစ်ပင်နှင့် ပူးပေါင်းပြီး အမှုကိုဖော်ထုတ်ရမည်ဆိုသောကြောင့် မြဒင်သည် အင်စပက်တော် ခရစ်ပင်ထံသို့ အပူတပြင်း ထွက်ခဲ့ပါတော့သည်။

## အခန်း (၄)
## အလွတ်စုံထောက် မြဒင်

အင်စပက်တော် ခရစ်ပင်သည် ရုံးခန်းတွင်းသို့ ဝင်လာသော အလွတ်စုံထောက်မြဒင်ကိုတွေ့လျှင် ဦးစွာ နှုတ်ဆက်သည်။

"ဂွတ်မောနင်း ... ကိုမြဒင်"

"မောနင်း ..."ဟု ပြန်လည်နှုတ်ဆက်ပြီး မြဒင်သည် စားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်သည်။

အင်စပက်တော် ခရစ်ပင်သည် စားပွဲပေါ်ရှိ Guardian ဂတ်ဒီးယန်း သတင်းစာကြီးကို မြဒင်အားပေးသည်။

"ကျွန်တော် ဖတ်ပြီးပါပြီ အင်စပက်တာ"

အင်စပက်တာ ခရစ်ပင်သည် သူ၏ခေါင်းကိုကုတ်လိုက်ပြီး ပြောသည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းကြီးက ကျွန်တော့်ခေါင်းကို ထုနေတယ် ကိုမြဒင်"

ဟု ပြောပြီး ခေါင်းကို ကုတ်မြဲကုတ်သည်။

"ဒီမှာ မစ္စတာခရစ်ပင် ... ခေါင်းကိုကုတ်နေရုံနဲ့ မပြီးဘူးလေ"

"ဟုတ်ပါတယ် ကိုမြဒင် ...။ CASE ဒီအမှုကို ဖွင့်ပြီးပါပြီ"

ဟုပြော၍ အင်စပက်တော် ခရစ်ပင်သည် အသင့်ရှိသော ဖိုင်တွဲကို မြဒင်လက်သို့ အပ်သည်။

မြဒင်သည် အမှုတွဲဖိုင်ကို ကြည့်လိုက်သည်။

"ဘယ်လိုလဲ ကိုမြဒင်"

ဟု အင်စပက်တော် ခရစ်ပင်က မျှော်လင့်ချက်များနှင့် မေးသည်။

"Right, but I want to Detail. ပြည့်စုံပါတယ်။ ဒါပေမယ့် ဒီထက်အသေးစိတ် ကျွန်တော် သိချင်တယ်။ ဒါမှ အမှုကို မြန်မြန်ဆန်ဆန် ဖော်ထုတ်နိုင်မှာဗျ"

"ဟုတ်ပါတယ် ကိုမြဒင်။ စိန်ဘာဘူကို ခေါ်ပေးရမလား"

"စိန်ဘာဘူကို ကျွန်တော် သွားတွေ့ချင်တယ်"

"ရပါတယ် ကိုမြဒင်"

"ခင်ဗျားက အမှုကို ကိုင်ထားတာမို့ ခင်ဗျားဆီက ကျွန်တော် ခွင့်တောင်းတာပါ"

"ကိုမြဒင်ကလည်းဗျာ၊ မင်းကြီးကိုယ်တိုင်က ခင်ဗျားနဲ့ ပူးပေါင်းပြီး ဖော်ထုတ်ရမယ်လို့ အမိန့်ပေးထားပြီး



www.burmeseclassic.com

www.burmeseclassic.com

သားပါ။ ကျွန်တော့်ကို ခွင့်တောင်း စရာ မလိုပါဘူး''

''ကျွန်တော့်ကိုလည်း ခင်ဗျားနဲ့ ပူးပေါင်းပြီး ဖော်ထုတ်ရမယ်လို့ ... မင်းကြီးက ညွှန်ကြားထားပါတယ်''

''ဒီမှာ ကိုမြဒင်''

''ပြောပါ ...''

''ဒီအမှုကို မြန်မြန်ဆန်ဆန် ဖော်ထုတ်နိုင်မှဗျ။ မဖော်ထုတ်နိုင်ရင် သတင်းစာက ထပ်ဖွအုံးမှာဗျ''

''သတင်းစာကတော့ ရေးမှာပဲ။ ဒါက သူတို့အလုပ်လေ''

''မှန်ပါတယ် ကိုမြဒင်။ ဒါပေမယ့်ဗျာ ... ခြေခြေမြစ်မြစ်မရှိဘဲ အခု လိုရေးလိုက်တော့ ကျွန်တော်တို့မှာ အပ်နဲ့တွင်းရမယ့်ကိစ္စကို ပုဆိန်နဲ့ ထွင်း ရမလို ဖြစ်သွားတယ်ဗျာ''

''ကျွန်တော်တို့က အမှုလိုက် တွေလေ။ ကျွန်တော်တို့အလုပ်ကို ကျွန်တော်တို့ လုပ်ရမှာဗျ။ သူတို့မသိ ဘဲရေးတာ မသိဟန်ဆောင်နေလိုက် ပေါ့''

''ဒါတော့ ဒါပေါ့ဗျ။ ဒါပေမယ့်''

''ဘာဖြစ်လဲ မစ္စတာခရစ်ပင်''

''ဒီတစ်ခါ သတင်းစာက ထပ်ဖွ ရင် မင်းကြီးက ကျွန်တော့်ခေါင်းကို ထုဦးမှာဗျ''

''ဟား ... ဟား ... ဟား''

''ခင်ဗျား ရယ်နိုင်ပေမယ့် ကျွန် တော်မရယ်နိုင်ဘူး ကိုမြဒင်''

''မပူပါနဲ့ဗျာ။ အလွတ်စုံထောက် မြဒင်၊ မြဒင် အလွတ်စုံထောက်ပါဗျ''

ဟု ရယ်ရယ်မောမောနှင့် မြဒင် ပြောလိုက်သောကြောင့် အင်စပက် တော် ခရစ်ပင်သည် ပြုံးပြုံးရွှင်ရွှင် ဖြစ်သွားပါတော့သည်။

## အခန်း (၅)
## လိပ်ပြာတောင် စိန်ဘယက်ကြီး

အလွတ်စုံထောက် မြဒင်သည် ပန်ချာပီဆာသင်ဂျာနာဆင်းနှင့်အတူ စကော့မတ်ကက်ဈေးကြီးရှိ စိန်ဘာဘူ ကုန်တိုက်သို့ လာခဲ့သည်။

စိန်ဘာဘူသည် ဂျာနာဆင်းနှင့် အတူပါလာသော မြဒင်ကို တွေ့လျှင် အားတက်သရော ကြိုဆိုသည်။

ပန်ချာပီဆာသင် ဂျာနာဆင်း သည် မြဒင်နှင့်အတူ စိန်ဘာဘူအား မိတ်ဆက်ပေးပြီး ပြန်သွားသည်။

စိန်ဘာဘူသည် မြဒင်အား အလွတ်စုံထောက်ဟု သိရှိသွားသော ကြောင့် လက်ဖက်ရည်ဝိုင်းဖြင့် ဧည့်ခံ သည်။

မြဒင်သည် စိန်ဘာဘူဧည့်ခံ သော လက်ဖက်ရည်နှင့် မုန့်များကို မစားမသောက်လိုသည့်အတွက် လိမ္မာ ပါးနပ်စွာ ငြင်းဆိုလိုက်သည်။

''ကျွန်တော့်မှာ လေနာရောဂါရှိ လို့ မသုံးဆောင်ပါရစေနဲ့ ဦးဘာဘူ''

''ဒါဖြင့် ပြင်သစ်ကော်ဖီကို သောက်ပါလား ဆရာ''

မြဒင်သည် ပြင်သစ်ကော်ဖီကို ကြိုက်နှစ်သက်သူဖြစ်သော်လည်း စိန် ဘာဘူကို ပြန်ပြောလိုက်သည်။

''ကျွန်တော် ဦးဘာဘူဆီလာ တာ ကော်ဖီသောက်ဖို့မဟုတ်ပါဘူး။ အမှုကို လာမေးတာပါ''

''ဆရာက တစ်မျိုးပါလား''

''ဒါထက် လိပ်ပြာတောင် စိန် ဘယက် အနုကြမ်းအစီးခံရပုံကို ကျွန် တော် သိချင်တယ်''

''ဒီလိုပါ''

''ပြောပါ ဦးဘာဘူ''

''မနေ့မနက်က မိကျောင်းခွံ သားရေအိတ်ကြီးပိုက်ပြီး အမျိုးသမီး တစ်ယောက် စိန်ဘယက်လာဝယ် တယ် ဆရာ''

''ဟုတ်ကဲ့ ...''

''တန်ဖိုးကြီးတဲ့ စိန်ဘယက်လို ချင်တယ်ဆိုလို့ လိပ်ပြာတောင် စိန် ဘယက်ကြီးကို ရှိုးကစ်ပေါ်တင်ပြီး ကျွန်တော်ပြလိုက်တယ် ဆရာ''

''ဆက်ပါဦး ဦးဘာဘူ''

''သူမက မိကျောင်းသားရေ အိတ်ကြီးကို နှိုက်ပြီး ဈေးနှုန်းကိုမေး တယ် ဆရာ''

''အင်း ...''

''ကျွန်တော်က ဈေးနှုန်းတွက် ရဦးမယ်လို့ပြောတော့ သူမက မလို ဘူးဆိုပြီး အိတ်ကြီးကိုဖွင့်ပြီး နှိုက်တယ် ဆရာ''

''ဘယက်ကြီးဝယ်ဖို့ ပိုက်ဆံနှိုက် တာလား''

''မဟုတ်ဘူး ဆရာ။ ပျော့ဘွယ် ခါးမြွောင်ကြီး''

''ဆက်ပါဦး ဦးဘာဘူ''

''ခါးမြွောင်ကြီးလည်း လက်ထဲ ပါလာရော ... အဲဒီခါးမြွောင်ကြီးနဲ့ ထောက်ပြီး မအော်နဲ့လို့ ပြောတယ် ဆရာ''

''မိန်းမတစ်ယောက်က ခါး မြွောင်နဲ့ထောက်ပြီး အမိန့်ပေးတာကို ခင်ဗျားက ဘာလို့ ငြိမ်ခံရတာလဲ''

''ဒီလိုပါ ဆရာ''

''ပြောပါဦး ဦးဘာဘူ''

''သူက မိန်းကလေးမဟုတ်ဘူး ဆရာ၊ ယောကျ်ား''

''ဒီလိုလား''



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအချိန်မှာ မျက်နှာတွေကို လက်ကိုင်ပဝါ စည်းထားတဲ့ လူနှစ်ယောက် ဝင်လာပြီး သူတို့မှာပါလာတဲ့ မားမြောင်းတွေနဲ့ထောက်ပြီး မလှုပ်နဲ့လို့ ပြောတယ်ဆရာ။ ကျွန်တော်လည်း သုံးယောက်နဲ့တစ်ယောက်ဆိုတော့ မလှုပ်နိုင်ဘူးဆရာ"

"အင်း ..."

"အဲဒီအချိန်မှာ ရှိုးကေ့ပေါ်မှာ ပြထားတဲ့ လိပ်ပြာတောင် စိန်ဘယက်ကြီး မိကျောင်းသားရေအိတ်ထဲထည့်ပြီး ထွက်ပြေးသွားကြတယ်"

"သူတို့ ထွက်ပြေးသွားကြတော့ ပတ်ဝန်းကျင်က လူတွေကို ခင်ဗျား အကူအညီမတောင်းဘူးလား"

"တောင်းပါတယ် ဆရာ။ ဒါပေမယ့် သူတို့နောက်ကို လိုက်လို့မရဘူး ဆရာ"

"ဘာဖြစ်လို့လဲဗျ"

"သူတို့က သံဘာဂျာတံခါးကို စက်ဘီးချည်တဲ့ သော့ကြိုးနဲ့ပတ်ပြီး ခတ်သွားလို့ဆရာ"

"ခင်ဗျားဆိုင်ကလူတွေ ဘာလုပ်နေကြသလဲ"

"သူတို့ ထမင်းသွားစားနေကြလို့ပါဆရာ"

"ဩော် ... ဒီလိုလား"

"ဟုတ်ပါတယ်ဆရာ။ ပတ်ဝန်းကျင်ကလူတွေ ရောက်လာပြီး သော့ကြိုးကို ဖြတ်ပေးမှ အပြင်ကို ကျွန်တော်ထွက်လို့ရတယ် ဆရာ"

"အင်း ... နေပါဦး ဦးဘာဘူ"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒီလူ ဆိုင်ထဲဝင်လာထဲက မိန်းမမဟုတ်ဘူးဆိုတာ ခင်ဗျား သတိမပြုမိဘူးလား"

စိန်ဘာဘူ ခေါင်းခါသည်။

"ခင်ဗျားက စိန်ဘာဘူဆိုပြီး နာမည်ကြီးနေတာ အကဲခတ်တော်တော်ညံ့တာပဲ"

"ဒီလိုရှိပါတယ် ဆရာ"

"ပြောပါဦး ဘာဘူ"

"ဆရာတို့ဗမာတွေမှာ စကားပုံ ရှိတယ်လေ"

"ဆိုစမ်းပါဦး ဦးဘာဘူ"

"စိန်ကဲ၊ ကျောက်ကဲ ခတ်ရလွယ်ပေမယ့် လူကဲခတ်ဖို့ မလွယ်ဘူး ဆိုတာ လေ"

ဤတစ်ချီ အလွတ်စုံထောက် မြဒင် ခံလိုက်ရ၏။ မြဒင်ဘာပြောမလဲ။

"ဟုတ်ပါတယ်ဗျာ။ သိပ်ဟုတ်တာပေါ့"

"သူက မိန်းမတစ်ယောက်ထက် ပိုပြီးလှတယ် ဆရာ"

အရေးထဲ စိန်ဘာဘူသည် အနုကြမ်းသမားအား အမွှမ်းတင်နေသည်။ မြဒင် ရယ်ချင်သည်ဆိုသော်လည်း စိန်ဘာဘူကို ပြောလိုက်သည်။

"ထားပါတော့ဗျ ... အရောင်းအဝယ်စကားတွေ ပြောတုန်းက ယောကျ်ားသံဆိုတာ ခင်ဗျား သတိမပြုမိဘူးလား"

"သူက အဲဒီစကားတွေ ပြောတဲ့အချိန်မှာ ယောကျ်ားသံနဲ့ ပြောတာမဟုတ်ဘူး ဆရာ"

"ဒါဆို ဘာသံနဲ့ ပြောသလဲဗျာ"

"မိန်းကလေးပြောတဲ့ အသံနဲ့ ပြောလို့ပါဆရာ။ သူ့အသံက သာသာယာယာ ချွဲချွဲပျစ်ပျစ်လေး ဆရာ"

လာပြန်ပြီ။ စိန်ဘာဘူသည် အမွှမ်းတင်ပြန်သည်။ သို့ကြောင့်ပင် ခံလိုက်ရခြင်း ဖြစ်ပေလိမ့်မည်။

"ဓားကိုထုတ်ပြီး ပြောတဲ့အခါကျတော့ ယောကျ်ားအသံနဲ့ဆရာ"

"ဩော် ... သိပြီ ... သိပြီ"

ဟု မြဒင်သည် ခေါင်းတညိတ်ညိတ် လုပ်နေသည်။

ခေါင်းတညိတ်ညိတ်လုပ်နေသော မြဒင်ကို စိန်ဘာဘူက ပြောသည်။

"ဘာသိတာလဲ ဆရာ"

"နှစ်ကိုယ့်တစ်စိတ် ကကွက်ကို အသုံးချပြီး ခင်ဗျားရဲ့ လိပ်ပြာတောင် စိန်ဘယက်ကို အနုကြမ်းစီးတာကို ပြောတာဗျ"

"ဟုတ် ... ဟုတ်ကဲ့"

"သူတို့ ဘယ်လိုလွတ်မြောက်သွားကြတယ်ဆိုတာလည်း ပြောပါဦး ဦးဘာဘူ"

"ကားကိုမောင်းပြီး ထွက်ပြေးသွားကြတယ် ဆရာ"

"ခင်ဗျားက အခန်းထဲ ပိတ်မိနေပြီး မြင်လို့လားဗျာ"

"ကျွန်တော်မြင်တာ မဟုတ်ပါဘူး။ ပတ်ဝန်းကျင်က မြင်လိုက်တဲ့ လူတွေက ပြောတာပါ"

"ကား ဘာအမျိုးအစားဆိုတာကိုလည်း ပြောကြသလား"

"အနက်ရောင် အမိုးဖွင့် ချက်ပလက်ကားပါ ဆရာ"

"ကားနံပါတ်ကို မှတ်ထားကြသလား"

"RC 303 လို့ ပြောကြတယ် ဆရာ"

"ဟုတ်ပြီ။ နောက်ထပ် ကျွန်တော်သိချင်တာ ရှိတယ်"

"ပြောပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားရဲ့ လိပ်ပြာတောင် စိန်ဘယက်ကြီးအကြောင်းပါ"

"ဟုတ်ကဲ့ ..."

"ခင်ဗျား လိပ်ပြာတောင်ကြီးရဲ့ ဒိုက်မှာ ဘာစိန်တွေစီထားသလဲ"

"ကြက်ဆူတွေပါ ဆရာ"

"ကြက်ဆူတွေဆိုတော့ အဝါရောင်သန်းနေမှာပေါ့။ ဟုတ်လား .. ဦးဘာဘူ"

"ဟုတ်ပါတယ် ဆရာ"

"အတောင်နှစ်ဖက်မှာ စီထားတဲ့ စိန်တွေကိုလည်း ပြောပါဦး"

"အတောင်နှစ်ဖက်မှာ တစ်ဖက်တွင် အရွယ်ညီ ရတီဝက်ရှိတဲ့ စိန်ကိုးပွင့်စီထားပါတယ် ဆရာ"

"ဒါဆို အတောင်နှစ်ဖက်မှာ ရတီဝက် ၁၈ ပွင့်ပေါ့နော်။ ဟုတ်လား ဦးဘာဘူ"

"ဟုတ်ပါတယ် ဆရာ"

"အဖြူလား၊ ခဲလား၊ အသန့်လား"

"အားလုံး အသန့်တွေပါဆရာ"

"နောက်ရော ဦးဘာဘူ"

"လိပ်ပြာရဲ့ မျက်လုံးနှစ်လုံးမှာ ပတ္တမြားဂေါ်ကြီးနှစ်လုံး မြှုပ်ထားပါတယ် ဆရာ"

"အင်း ..."

"ဟုတ်ကဲ့ပါ ဆရာ"

"ကိုယ်ထည်က ကြက်ဆူ"

"မှန်ပါတယ် ဆရာ"

"အတောင်နှစ်ဖက်မှာက အသန့်တွေ"

"ဟုတ်ပါတယ် ဆရာ"

"မျက်လုံးနှစ်လုံးက ပတ္တမြားတွေဆိုတော့ လှလည်းလှ၊ တန်ဖိုးလည်း နည်းမှာမဟုတ်ဘူးဗျ"

"ဆရာက စိန်အကြောင်းကို သိနေတာကိုး"

"ဟဲ ... ဟဲ"

"ဆရာ့ကို အားကိုးပါတယ် .. ဆရာ"

"စိတ်ချပါဗျာ"

"ဟုတ်ကဲ့"

"ခင်ဗျားရဲ့ လိပ်ပြာကြီးကို အနုကြမ်းစီးသွားတဲ့ လူတွေနောက်ကို လိုက်ဖို့ မင်းကြီးက ကျွန်တော့်ကို တာဝန်ပေးထားပါတယ်"

"ဝမ်းသာလိုက်တာ ဆရာရယ်"

"အဖိုးထိုက်တန်လှတဲ့ လိပ်ပြာတောင် စိန်ဘယက်ကြီးကို ပြန်ရအောင် ကျွန်တော်တာဝန်ယူပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ။ ဆရာ့ကို ကျွန်တော်ကျေးဇူးဆပ်ပါ့မယ်"

"ခင်ဗျား မှားနေပြီ ဦးဘာဘူ"

"ဘာဖြစ်လို့လဲ ဆရာ"

"ကျွန်တော်လာတာ ခင်ဗျားဆီက လာဘ်လာဘယူဖို့ မဟုတ်ပါဘူးလေ"

"စိတ်မဆိုးပါနဲ့ ဆရာ။ ကျွန်တော် တောင်းပန်ပါတယ်"

"ကျွန်ဖျော် စိတ်မဆိုးတတ်ပါဘူး။ ကျွန်တော့်စိတ်ရင်းခံကို ခင်ဗျားသိအောင် ပြောတာပါ"

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာ"

"ရပါတယ်ဗျာ။ ခင်ဗျားသိထားရမှာက ကျွန်တော်က ပုလိပ်မဟုတ်ပါဘူး။ အလွတ်စုံထောက်ဗျ"

"ကျွန်တော် သိပါတယ် ဆရာ"

"ဒီမှာ ဦးဘာဘူ"

"ဟုတ်ကဲ့ပါ ဆရာ"

"ခင်ဗျားရဲ့ လိပ်ပြာတောင် စိန်ဘယက်ကြီးက စိန်တစ်ပွင့်မှ မလျော့စေရဘူး။ ကျွန်တော့်ကို ယုံတယ် မဟုတ်လား"

"ယုံပါတယ် ဆရာ"

"ဒီအတွက် ခင်ဗျားကို ကျွန်တော် ကတိပေးပါတယ်ဗျာ"

ထိုအခါတွင်မှ ...

စိန်ဘာဘူသည် အလွတ်စုံထောက် မြဒင်အား အခါခါ အပြန်အလှန် ဆလံပေးပါတော့သည်။

## အခန်း (၆)
## RC 303

ရုံးခန်းထဲသို့ အလွတ်စုံထောက် မြဒင် ဝင်လာသောကြောင့် အင်စပက်တော်ခရစ်ပင်သည် ထုံးစံအတိုင်း နှုတ်ဆက်သည်။

မြဒင်သည် ပြန်လည်နှုတ်ဆက်ရာမှ အင်စပက်တော် ခရစ်ပင်ရှေ့တွင် ဝင်ထိုင်လိုက်သည်။

အင်စပက်တော် ခရစ်ပင်သည် လက်ထဲတွင်အသင့်ရှိသော အမှုတွဲကို ပေးသည်။

"မလိုပါဘူး မစ္စတာ ခရစ်ပင်။ စိန်ဘာဘူထံက အကြောင်းစုံ သိခဲ့ပြီးပါပြီ"

"ဟုတ်ကဲ့"

"ဒါထက် ကားမှတ်ပုံတင်ရုံးကို ခင်ဗျား သွားပြီးပြီလား"

"သွားပြီးပြီ ကိုမြဒင်"

"ဒါဆို RC 303 ချက်ပလက်ကား ပိုင်ရှင်အိုးနာကို သိခဲ့ပြီပေါ့"

"ပြောရမှာက ခပ်ခက်ခက်ပဲ ကိုမြဒင်ရေ"

"ဆိုစမ်းပါဦးဗျာ"

"RC 303 အိုးနာလည်း မရှိဘူး

www.burmeseclassic.com

ကားနံပါတ်လည်း မရှိဘူးကိုမြဒင်"
"ဒါဆို အတုကြီးပေါ့"
အင်စပက်တော်ခရစ်ပင် ခေါင်း ညိတ်ပြသည်။
မြဒင်သည် မိမိတွက်ဆထား သည့်အတိုင်း ကားနံပါတ်အတု ဖြစ် နေ၍ ရယ်လိုက်သည်။
"ဟား ... ဟား ... ဟား"
"ခင်ဗျားရယ်နိုင်ပေမယ့် ကျွန် တော် မရယ်နိုင်ဘူး"
ဟု အင်စပက်တော် ခရစ်ပင်က ဆိုသည်။
"ကျွန်တော်ရယ်တာက ... အကြောင်းရှိလို့ပါဗျာ။ ခင်ဗျားကို သရော်တာ မဟုတ်ပါဘူး မစ္စတာ ခရစ်ပင်"
"ကဲ ... ဆိုပါဦး ကိုမြဒင်"
"ဒီကောင်တွေက ခေါင်းကိုဝှက် ပြီး အမြီးက ပေါ်နေလို့ပါ"
"ဗျာ ..."
"မရှိသေးတဲ့ ကားနံပါတ်ကို အသုံးပြုတာရယ်"
"ဟုတ်ကဲ့ ..."
"မိန်းမယောင်ဆောင်ပြီး အနု ကြမ်းစီးတာတွေက ကိုယ့်ပေါင်ကိုယ် လှန်ထောင်းသလို ဖြစ်နေလို့ဗျာ"
"ကျွန်တော် အားရှိသွားပြီ ကိုမြ ဒင်၊ ဒါပေမယ့်"
"ဒါပေမယ့် ဘာဖြစ်သလဲ ... မစ္စတာခရစ်ပင်"
"သကင်းစာက ဖွထားတာဆို တော့ ဒီကောင်တွေ အစဖျောက်ပြီး ပြေးကြပြီပေါ့"
"မပြီးသေးပါဘူးဗျာ"
"ဘာဖြစ်လို့လဲ ကိုမြဒင်"
"ဒီကောင်တွေက ကားနံပါတ် အတုကို အသုံးပြုထားတာရယ်၊ နောက်ပြီးတော့ လိပ်ပြာတောင် စိန် ဘယက်ကြီးကို ချက်ချင်းထုခွဲရောင်း ချလို့ မရတာရယ် ဒီနှစ်ချက်ကြောင့် ပြောတာပါ"
"ကိုမြဒင်တွက်ရင် လွဲခဲပါတယ်"
"စိတ်ချပါခင်ဗျာ ... ဒီကောင် တွေ ရန်ကုန်ဝန်းကျင်မှာပဲ ခိုကပ်နေ ကြမှာဗျ"
"ဟုတ်ကဲ့ ..."
"နောက်ပြီး ခင်ဗျားတို့ ပုလိပ် တွေရဲ့ လှုပ်ရှားမှုကိုလည်း စောင့် ကြည့်နေကြမှာ အမှန်ပဲ"
"ဒါကြောင့် မင်းကြီးက ကိုမြ ဒင်ကို အားကိုးတာ ဖြစ်မယ်"
"ကျွန်တော် အလွတ်စုံထောက် မြဒင်လေ ... ဟဲဟဲ"
"ဟုတ်ပါတယ်ဗျ ... ဟုတ်ပါ တယ်။ ပုလိပ်မင်းကြီးကိုယ်တိုင်က အားထားနေရတဲ့ စုံထောက်ကြီးဆို တော့ အားလုံးက သိပြီးသားပါ"
ဟု အင်စပက်တော် ခရစ်ပင်က ဆိုပါတော့သည်။

## အခန်း (၇)
## ရွှေငါးမတ်သား

အလွတ်စုံထောက် မြဒင်သည် အလုပ်စားပွဲပေါ်ရှိ ၅၀ ဝင် သံဘူးထဲမှ ပိုလိုစီးကရက်ကိုနှိုက်ယူ၍ နှုတ်ခမ်း တွင် ခဲလိုက်သည်။
ပြီး လက်ထဲတွင် အသင့်ရှိသော (ဘိလပ်)British အင်္ဂလန်မှထုတ်လုပ် သော ဖစ်ပိုမီးခြစ်ကို ခြစ်လိုက်သည်။
"အုပ်"
မီးခြစ်မှ မီးဆွယ်လေး တက် လာသည်။
ထိုမီးဆွယ်နှင့် ပိုလိုစီးကရက်ကို မီးတို့ပြီးသည်နှင့် ဖစ်ပိုအဖုံးကို ပြန် ပိတ်လိုက်သည်။
"ဒေါက် ..."
ထိုမှ ...
မြဒင်သည် မီးခိုးများကို မှုတ် ထုတ်လိုက်သည်။ အခန်းထဲတွင် လေ ငြိမ်နေသောကြောင့် စီးကရက်မီးခိုး များသည် ဖြည်းဖြည်းညင်းညင်း ဝေ့ဝေ့ဝိုက်ဝိုက် ရှိတော့၏။
မြဒင်သည် ဖြည်းညင်းစွာ ဝေ့ ဝိုက်ပျံ့လွင့်နေသော မီးခိုးများကို ကြည့်ရာမှ လိပ်ပြာတောင်စိန်ဘယက် ကြီးအား အနုကြမ်းစီးသွားသူများထံ စိတ်ရောက်သွားသည်။
တကယ်တော့ မြဒင်အတွက် အသေးအဖွဲပါ။ စင်စစ် ကားနံပါတ် အတုရေးပေးသော ပန်းချီဆရာကို တွေ့လျှင် ပွဲသိမ်းနိုင်သည်။ ဤ အတွက်လည်း မြဒင်အတွက် ခက်ခ က်ခဲခဲ မရှိပါ။
ပန်းချီဆရာကြီးသည် ဦးဘ ကျော်နှင့် သွားရောက်တွေ့ဆုံလျှင် ရွှေငါးမတ်သားကို အလွယ်တကူ ရရှိ မှာ အမှန်ပင်ဖြစ်ပါတော့သည်။

## အခန်း(၈)
## အဘကျော်

ရန်ကုန်မြို့အရှေ့ပိုင်းတွင် လမ်းငါး ဆုံရှိသည်။ Stocked Road စတော့ ကိတ်လမ်း၊ Bolane Road ဘိုလိမ်း လမ်း၊ Little Sister Road လစ်တွက် စစ္စတာလမ်း၊ Evenson st အင်ဗင် ဆင်လမ်းသွယ်နှင့် Stocket Evenve စတော့ကိတ်အင်ဗင်နယူးလမ်းတို့ ဆုံ စည်းရာ ငါးလမ်းဆုံဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

လမ်း ငါးဆုံတွင် ဘိုလမ်းနှင့် အင်ပင်ဆင်လမ်းသွယ်တို့ဆုံရာ၌ ကြက်လျှာစွန်းရှိသည်။ ထိုကြက်လျှာစွန်းတွင် ကုက္ကိုပင်ကြီးရှိသည်။ ထိုကုက္ကိုပင်ကြီးအောက်တွင် ပန်းချီဆရာကြီး အဘကျော်သည် သူ၏လက်ရာများကို အများမြင်နိုင်ရန် ထင်သာမြင်သာ ပန်းချီကားများကို ရေးထိုးလေ့ရှိသည်။

အဘကျော်တွင် သွပ်ပြားတွင် လည်းကောင်း၊ ကင်းဘတ်ပိတ်စတွင် လည်းကောင်း၊ ရေဆေး၊ ဆီဆေးများဖြင့် ရေးဆွဲလေ့ရှိသည်။

မြဒင်သည် ၁၉၃၇ စကော့ကိတ်လမ်းတွင်နေသောကြောင့် အားလပ်ရက်များတွင် အဘကျော်ထံသွား၏။ ပန်းချီကားချပ်များကို ဆေးဖြည့်ပေးခြင်း၊ ဆိုင်းဘုတ်ရေးရာတွင် ကွန်ပါကိုက်ပေးခြင်းဖြင့် အဘကျော်ကို ကူညီလေ့ရှိသည်။

သို့သော် ... မြဒင်သည် အဘကျော် မျှော်လင့်သကဲ့သို့ ပန်းချီဆရာတစ်ယောက် ဖြစ်မလာပါ။

မည်သို့ဆိုစေ ရန်ကုန်အရှေ့ပိုင်း၌ ပန်းချီ၊ ဆိုင်းဘုတ်နှင့် ကားနံပါတ်ရေးဆွဲသူများမှာ အဘကျော်လက်ထွက်များသာ ဖြစ်၏။

အဘကျော်နှင့် ကင်းသူမှာ ခပ်ရှားရှားဖြစ်သည်။ ထို့ကြောင့် အလွတ်စုံထောက်မြဒင်သည် ပန်းချီဆရာကြီး အဘကျော်ထံ လာခဲ့ပါတော့သည်။

## အခန်း (၉)

### ပဏာမ

အဘကျော်သည် ကုက္ကိုပင်ကြီးအောက်တွင် ဆေးပြင်းလိပ်ကြီးကိုခဲပြီး ဗဒ္ဓဝင်ရေဆေးကားချပ်ကြီးကို ရေးဆွဲနေသည်။

အဘကျော်သည် မြဒင်ဝင်လာသည်ကိုတွေ့လျှင် ခေါင်းကိုငဲ့စောင်းကြည့်ရာမှပြောသည်။

"ဟေ့ ... မြဒင်"

"ဟုတ်ကဲ့ ... အဘကျော်"

"အမှုအရောင်းအဝယ်လုပ်ဖို့ လာတာလားကွ"

"အဘကျော်ဗိုက်ထဲမှာ ပုဏ္ဏားလေး ရှိတယ်နဲ့တူတယ်"

ဟု မြဒင်ပြော လိုက်သည်။

"ဟဲ ... ဟဲ"

အဘကျော်သည် မြဒင်အား ပြုံးထွေ့ထွေ့ဖြင့်ကြည့်ရာမှ ရယ်သွမ်းသွေးသည်။

"ဒီလိုပါ အဘကျော်"

ဟု မြဒင်ပြောလိုက်သည်။

"မြဒင်ရာ .. မသိရင်ခက်မယ်။ မင်းအကြောင်းကို ငါသိပြီးသားပါကွာ။ ဟား ... ဟား ... ဟား။ စကားတွေဘာတွေ ပလ္လင်ခံမနေပါနဲ့။ မင်းဘာလာလုပ်တာလဲ ဆိုစမ်း"

"အဘကျော် တပည့်တွေထဲက ကားနံပါတ်ရေးတဲ့သူတွေကို သိချင်လို့ပါ အဘကျော်"

"ဒီလိုလုပ်ပါ"

"ဟုတ်ကဲ့ပါ ... အဘကျော်"

"ကားနံပါတ်ရေးဆွဲနေသူကတော့ အများကြီးပေါ့ကွာ"

"ဟုတ်ပါတယ်"

"သူတို့ထဲမှာ လက်အသွက်ဆုံးကတော့ ရေကျော်ကမောင်အေးပေါ့"

"ကျွန်တော်နဲ့ ဆေးဖြည့်ဘက်ကိုအေးကိုပြောတာလား အဘကျော်"

"သိပ်ဟုတ်တာပေါ့"

"အခု ဘယ်မှာဆိုင်ဖွင့်ထားသလဲ အဘကျော်"

"ရေကျော်ဈေးကြီးထိပ်မှာ"

"ကျွန်တော် ကိုအေးနဲ့ တွေ့ချင်တယ်"

"ဘာလဲ၊ မင်းက အမှုအရောင်းအဝယ်သွားလုပ်ဦးမလို့လား"

အဘကျော်သည် မြဒင်၏အတွင်းစိတ်ကို သိနေရော့လား။ အပိုင်ပြောသည်။

မြဒင် ငြိမ်နေလိုက်သည်။

"ဒီကောင်က ရိုးရိုးသားသား ပန်းချီရေးပြီး သမာအာဇီဝနဲ့ လုပ်ကိုင်စားသောက်နေတာကွ။ သူ့ကို သွားပြီး ဒုက္ခမပေးပါနဲ့ကွာ"

"စိတ်ချပါ အဘကျော်ရယ်။ ကိုအေးကို ကျွန်တော် ဒုက္ခမပေးပါဘူး။ ကျွန်တော်သိချင်တာ မေးချင်လို့ပါ"

"ကဲ ... ကဲ ... ဒါဖြင့်လည်း သွား။ မင်းကိုညှော်ခံဖို့ ငါ့မှာအချိန်မရှိဘူး။ ဒီညနေ ဒီဗုဒ္ဓဝင်ကားကို အပ်ရမှာကွ"

"ကျွန်တော် ဆေးဖြည့်ပေးရဦးမလား အဘကျော်"

"မလုပ်ပါနဲ့ မြဒင်ရာ။ ငါ့နာမည် ပျက်နေပါဦးမယ်။ ဟဲ ... ဟဲ"

"ဒါဆိုလည်း ကျွန်တော်သွားမယ်"

ဟု အဘကျော်အားပြောပြီး ရေကျော်ဈေးသို့ အလွတ်စုံထောက်မြဒင် ထွက်ခဲ့ပါတော့သည်။

## အခန်း (၁၀)

### သဲလွန်စ

ရေကျော်ဈေးကြီးသို့ ရောက်လျှင် ပန်းချီမောင်အေးဟု ရေးသား



www.burmeseclassic.com

www.burmeseclassic.com

ထားသော ဆိုင်းဘုတ်ကို အလွတ် စုံထောက်မြဒင် အလွယ်တကူ တွေ့ ရသည်။

**"ပန်းချီမောင်အေး"**

အမည်းခံပေါ်တွင် အဖြူအလုံးများဖြင့် ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ရေးသားထားသောကြောင့် ဖြစ်သည်။

တစ်ဖက်ရပ် အခန်းထဲတွင် ပန်းချီမောင်အေးသည် ဆိုင်းဘုတ်ကို ရေးဆွဲနေသည်။

အခန်းထောင့်တစ်နေရာတွင် ကားနံပါတ်ရေးရန် အမည်းရောင် နောက်ခံများ သုတ်ထားသည့် ကားနံပါတ်ပြားများကို တွေ့ရသည်။

မြဒင်သည် ထိုနံပါတ်များကို တွေ့ရသောကြောင့် လာရကျိုးနပ်သွားပြီ ဖြစ်သည်။

ပန်းချီမောင်အေးအား နှုတ်ဆက်ပြီးလျှင် အခန်းထဲသို့ မြဒင်ဝင်လိုက်သည်။

ပန်းချီမောင်အေးသည် မြဒင်ကို မထင်မှတ်ဘဲ တွေ့ရသောကြောင့် ဆိုင်းဘုတ်ရေးနေရာမှ ရပ်ပြီးပြောသည်။

"ဟော့ . . . မြဒင်၊ မျက်စေ့လည်လမ်းမှားလာတာလား"

"လမ်းမှားလာတာ မဟုတ်ဘူးဗျို့။ ခင်ဗျားနဲ့တွေ့ချင်လို့ လာတာပါ"

ဟု ပြောပြီး မြဒင်သည် အနီးရှိ ခွေးချေပုလေးတွင် ဝင်ထိုင်သည်။

"ဒီမှာ ပန်းချီခန်းဖွင့်တာကို ဘယ်သူပြောလိုက်လို့လဲကွ"

"ကိုအေးကလည်းဗျာ ဟဲဟဲ"

"အေးလေ . . မင်းက အလွတ်စုံထောက်ကြီးဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့"

"ကိုအေးက ကျွန်တော့်ကို အထင်ကြီးနေပြန်ပြီ"

"ဒါဆို ဘယ်သူပြောလဲ"

"အဘကျော်လေ"

ဟု မြဒင်ပြောလိုက်သည်။

"မင်း ငါ့ဆီလာတာ အကြောင်းရှိမယ်ထင်တယ်"

"ဘာဖြစ်လို့လဲ ကိုအေး"

"အလာစဖူး အလာထူးလို့ပေါ့"

"ခင်ဗျားလည်း အဘကျော်လိုပဲ ဗိုက်ထဲမှာ ပုရွက်ဆိတ်လေးရှိတယ်"

"ကဲ . . . ဆိုစမ်း"

"ကျွန်တော် သိချင်တာကို မေးချင်လို့ပါ"

"ဘာသိချင်တာလဲ ပြော"

"ရှင်းရှင်းပြောရရင်တော့ဗျာ RC 303 ကားနံပါတ်ရေးတဲ့ ပန်းချီဆရာကို တွေ့ချင်လို့ဗျ"

"ဟေ . . ."

ပန်းချီမောင်အေးထံမှ အာမေဋိတ်သံ ထွက်လာသည်။

မြဒင်သည် ပန်းချီမောင်အေးထံမှ အာမေဋိတ်သံ ထွက်လာသည့်အတွက် ထိုကားနံပါတ်ရေးသူမှာ ပန်းချီမောင်အေးဖြစ်ရမည်ဟု တစ်ထစ်ချ တွက်လိုက်သည်။

သို့သော် ဟန်မပျက် ပန်းချီမောင်အေးကို မြဒင်မေးလိုက်သည်။

"လုပ်စမ်းပါ။ ဒီကားနံပါတ်ရေးတာ ဘယ်သူလဲဗျ"

"ငါပဲကွ"ဟု ပန်းချီမောင်အေးက ရတိပြတ်ပြောသည်။

မြဒင်သည် ပန်းချီမောင်အေးအား စူးစူးစိုက်စိုက်ကြည့်ပြီး ပြောလိုက်သည်။

"အဲဒီ RC 303 ဆိုတဲ့ ကားနံပါတ်က အတုကြီးဗျ"

မြဒင်၏စကားကို ကြားလျှင် ပန်းချီမောင်အေး မျက်လုံးပြူးသွားသည်။

"ဒုက္ခပါပဲကွာ။ ငါ့ကို မဖမ်းပါနဲ့ ဗိုက်ဆံရလို့ ငါရေးပေးလိုက်တာပါ"

"ခင်ဗျားကို ဖမ်းရအောင် လာတာမဟုတ်ပါဘူး။ အဲဒီကားနံပါတ် ရေးခိုင်းတဲ့လူကို သိချင်လို့လာတာပါ"

"တော်သေးတာပေါ့ကွာ"

"ခင်ဗျားကို ကားနံပါတ်အတု ရေးခိုင်းတာ ဘယ်သူလဲဗျ"

"နှစ်ကိုယ့်တစ်စိတ် မောင်မောင်"

"ဒီနာမည်ကို ကျွန်တော် ကြားဖူးပါတယ်"

"ကြားဖူးမှာပေါ့"

"ပြောပါ . . . ကိုအေး"

"ဒီကောင်က (စ)အငြိမ့်မှာ နာမည်ကြီးနေတဲ့ တစ်ကိုယ်တော် လူရွှင်တော်လေ"

"ဟုတ်ပြီ . . . ဟုတ်ပြီ"

မြဒင်သည် မိန်းမသံနှင့် ယောကျ်ားအသံကို တစ်လှည့်စီပြောရှ်ပြီး လိပ်ပြာတောင်ဘယက်ကြီးကို အနုကြမ်းစီးသွားသည်ကို သတိရသောကြောင့် နှုတ်မှထွက်သွားခြင်းဖြစ်သည်။

ထိုသည်ကို မသိသော ကိုအေးက မြဒင်ကို မေးသည်။

"ဘာဟုတ်တာလဲကွ။ ငါမသိလို့ ရှင်းစမ်းပါဦး မြဒင်ရာ"

"နှစ်ကိုယ့်တစ်စိတ်ပုံစံနဲ့ ပုံမှန်ရိုက်ပြီး အနုကြမ်းစီးသွားတာကို ပြောတာဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ငါတော့ မျက်စိလည်သွားပြီ မြဒင်"

"ခင်ဗျားတင်မဟုတ်ဘူး။ မစ္စတာ ခရစ်ပင်တို့လိုပုလိပ်တွေတောင် မျက်စိ လည်နေတယ် ...ဟဲ ...ဟဲ"

"အဲဒီအထဲ ငါမပါဘူးနော်"ဟု ပန်းချီမောင်အေးသည် ရှိုးသားသူပီပီ မြဒင်ကို ပြောသည်။

"ကိုအေးကလည်းဗျာ။ ခင်ဗျား လို ရိုးရိုးသားသား အနုပညာသမား ကို ကျွန်တော်က ဒုက္ခပေးရမှာလား ဗျ။ ဒါပေမယ့် တစ်ခုရှိတယ်"

"ပြောပါ ...မြဒင်"

"အခုလို မရိုးမသားနဲ့ အနု ပညာကို ခုတုံးလုပ်အသုံးချပြီး စား သွားတဲ့ နှစ်ကိုယ့်တစ်စိတ်မောင်မောင် တို့လို လူစားမျိုးကိုတော့ ကျွန်တော် က ခွင့်လွှတ်မှာမဟုတ်ဘူးဗျ။ ယုံထား"

"အဲဒါကြောင့် မင်းနာမည် ထွက်နေတာကိုးကွ"

"ကိုအေးကလည်း လုပ်ချလိုက် ပြန်ပြီ။ ခင်ဗျားကို ကျွန်တော် မဖမ်း ပါဘူးဗျ။ ဖမ်းရအောင်လည်း ခင်ဗျား က ဒီအမှုနဲ့ပတ်သက်ပြီး အကျုံးမဝင် ပါဘူး"

"အကျုံးဝင်ရင်ကော"

"အကျုံးဝင်ရင်တော့ ညီအစ်ကို ပဲဖြစ်ဖြစ် ဖမ်းရမှာပေါ့ဗျ။ ဒါက ကျွန် တော့်တာဝန်လေ"

"မြဒင် ...မြဒင်"

"ပြောပါ ..ကိုအေး"

"ငါက မင်းကို ပန်းချီဆရာတစ် ယောက်ဖြစ်လိမ့်မယ်လို့ ထင်နေတာ ကွ"

"ဘာဖြစ်လို့လဲကွ ကိုအေး"

"အဘကျော်က မင်းလက်ရာ တွေကို အမြဲချီးမွမ်းနေလို့ပါ"

"ဒါကတော့ ကျွန်တော့်ဝါသနာ ပါ။ ဒါပေမယ့်"

"ပြောစမ်းပါ ...မြဒင်"

"တကယ်တော့ဗျာ။ ဖြစ်ချင်ရာ ကို ဖြစ်လို့မရဘူးလေ။ လုပ်သင့်တာ ကို လုပ်ရမှာဗျ။ အဲဒီလို လုပ်ရင်းနဲ့ ဒီလမ်းကြောင်းပေါ်ကို ကျွန်တော် ရောက်လာတာပါ ကိုအေး"

"အေး ...ဟုတ်တယ်။ ငါ လည်း ပြဇာတ်မင်းသား ဖြစ်ချင်တာ ကွ။ မင်းပြောသလိုဘဲ ဖြစ်ချင်တိုင်း ဖြစ်လို့မရဘူး။ ပြဇာတ်မင်းသား မဖြစ် ဘဲ အခု ပန်းချီဆရာ ဖြစ်နေတာကွ"

"ကိုအေးကလည်းဗျာ"

"ဆိုစမ်း ...မြဒင်"

"ခင်ဗျားက အနုပညာအသိုင်း အဝိုင်းထဲမှာ ရှိပါတယ်။ ကျွန်တော်က အနုပညာအသိုင်းအဝိုင်းက ထွက် သွားရပြီလေ။ ကျွန်တော့်ထက်စာရင် ခင်ဗျားက ကံကောင်းသူပါ"

"ဩော် ...မြဒင် မြဒင်၊ သူ့ အပေါ် ငါအထင်သေးခဲ့မိတာ လုံးလုံး လွဲပါလား"

ဟု ပန်းချီမောင်အေးသည် သူ့ ကိုယ်သူ ပြောမိသည်။

"ဒါထက် နှစ်ကိုယ့်တစ်စိတ် မောင်မောင် ဘယ်မှာနေတယ်ဆိုတာ ခင်ဗျားသိသလားကိုအေး"

"မသိဘူးကွ"

"မသိလည်း ရပါတယ်ဗျာ။ သူ က နာမည်ကြီးဆိုတော့ ခက်ခက်ခဲခဲ ရှာစရာမလိုပါဘူး"

"အေး ဟုတ်တယ်ကွ။ နေဦး"

"ပြောပါ ကိုအေး"

"ဒီည ပုဇွန်တောင် ကျီတော် ရပ်မှာ စံအငြိမ့်ဘာလာပွဲ ရှိတယ်ကွ"

"သေချာလား ကိုအေး"

"သိပ်သေချာတာပေါ့ကွ"

"ပြောပါဦး ကိုအေး"

"ငါကိုယ်တိုင် နဖူးစည်းစာတန်း ရေးပေးလိုက်ရလို့ကွ"

"ကျေးဇူးတင်ပါတယ် ကိုအေး"

"အခုလို သတင်းပေးလို့ ငါ့ကို မဖမ်းနဲ့နော်"

"ခင်ဗျားကို မဖမ်းပါဘူး။ ဒါပေ မယ့် တစ်ခုရှိတယ်နော် ကိုအေး"

မြဒင်ကို စကားကိုကြားလျှင် ပန်းချီမောင်အေးသည် ခေါင်းကိုကုတ် ပြီး မြဒင်ကို ပြောသည်။

"ဘာတစ်ခုလဲကွာ။ ပြောပါဦး မြဒင်ရယ်"

"ခင်ဗျားက ကျွန်တော်တို့ဖက် က သက်သေလိုက်ပေးဖို့ပြောတာပါ"

"ဒုက္ခပဲကွာ။ ငါ့အလုပ်တော့ ပျက်ဦးမှာဘဲ"

"ဒီအတွက် မပူပါနဲ့ ကိုအေး ရယ်။ ကျွန်တော့်အိတ်ထဲက ပိုက်ဆံနဲ့ ခင်ဗျားကို သက်သေလိုက်ပေးပါ့မယ်"

"မင်းပေးတဲ့ပိုက်ဆံ ငါမလိုချင် ပါဘူးကွာ။ ငါ့ပိုက်ဆံနဲ့ပဲ ငါ သက်သေ လိုက်ပေးပါ့မယ်။ ကျေနပ်တယ်မဟုတ် လား"

အလွတ်စုံထောက် မြဒင်သည် ပန်းချီမောင်အေးအား ခေါင်းညိတ်ပြ ပြီး ပန်းချီခန်းလေးထဲမှ ထွက်ခဲ့ပါ တော့သည်။

*(ရှေ့လဆက်ရန်)*

**ဇော်မော်လင်း**



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ

□ လှမိုး(ပညာရေး)



ယခု ရေးသားဖော်ပြမည်ဖြစ်သော အမှုတွဲမှာ ယခင် ကျွန်တော်ရေးသားဖော်ပြခဲ့သော အမှုတွဲများနှင့် မတူ၊ အတော်အသင့် စိတ်ဝင်စားဖွယ်ကောင်းသော အမှုတွဲတစ်မှုဖြစ်သည်ဟု ဆိုနိုင်ပါသည်။ မှန်ပါသည်။ ကျွန်တော် ယခင်က ရေးသား ဖော်ပြခဲ့သော အမှုတွဲများမှာ ကမ္ဘာ့စုံထောက်အဖွဲ့ကြီးများ၏ ဘိုးတော်ကြီးဟု ဆိုရမည်ဖြစ်သော အင်္ဂလန်နိုင်ငံမှ စကော့တလန်ယာ့ဒ်စုံထောက်အဖွဲ့ကြီးမှ စုံထောက်ကျော်များ ခက်ခက်ခဲခဲ ဖော်ထုတ်ခဲ့ရသော မှုခင်းများနှင့် ယနေ့ ကမ္ဘာ့ဇာတ်ခုံတွင် ဆူပါပါဝါ နိုင်ငံတော်ကြီးဟု ဟိုးဟိုးကျော်ခဲ့သော အမေရိကန်ပြည်ထောင်စုမှ အက်ဖ်ဘီအိုင်စုံထောက်အဖွဲ့မှ စုံထောက်များ ဖော်ထုတ်ခဲ့သော မှုခင်းများဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခု ရေးသားဖော်ပြမည့် မှုခင်းကြီးမှာမူ ကမ္ဘာ့နိုင်ငံအသီးသီးရှိ စုံထောက်အဖွဲ့များအားလုံး၏ ဘိုးအေကြီးဟုအသိအမှတ်ပြုခံရပြီး ကမ္ဘာ့စုံထောက်အဖွဲ့များ သမိုင်းတွင် ပထမဆုံး စုံထောက်ဓာတ်ခွဲခန်းတစ်ခု တည်ထောင်၍ ဓုရိုက်လူသတ်သမားများကို ခေါင်းဖြတ်စက်နှံပေါ်သို့ တင်ပို့ပေးခဲ့နိုင်သော ပြင်သစ်အမျိုးသား ဆူရီတေးစုံထောက်အဖွဲ့၏ အမှုတွဲတစ်တွဲ ဖြစ်ပါသည်။

ယခု မှုခင်းကြီးကို ကျူးလွန်သူမှာ ပြင်သစ်နွယ်ဖွား လန်ဒရူးဆိုသော လူသတ်သမား ဖြစ်ပါသည်။ ကမ္ဘာ့မှုခင်းသုတေသီအများကမူ သူ့အား စိတ္တဇ လူသတ်သမား သို့မဟုတ် လူသတ်မှုပေါင်း အဆက်မပြတ်ကျူးလွန်သူ Serial Killer ဟု တညီတညွတ်တည်း သတ်မှတ်ခြင်း ခံရသူဖြစ်ပါသည်။ ကမ္ဘာ့လူသတ်သမားများသမိုင်းတွင် ဟိုးဟိုးကျော်ခဲ့ရ၏။ သူ့နာမည်ကျော်ကြားရခြင်းမှာ သူ၏ လူသတ်နည်းပညာများကြောင့် မဟုတ်ပါ။ သူ၏ ပိပိရိရိ လိမ်နည်းပရိယာယ်ကြောင့်ဖြစ်သည်ဟု ဆိုကြသည်။

မှန်ပါသည်။ လူသတ်သမား လန်ဒရူး၏ ဘဝဖြစ်စဉ်များမှာလည်း ဒဏ္ဍာရီဆန်လှသည်။ သူ လူပေါင်းမည်မျှ သတ်ခဲ့သည်ကိုလည်း အမျိုးသားဆူရီတေးစုံထောက်အဖွဲ့နှင့် ပြင်သစ်ရဲအဖွဲ့ဝင်များက ယနေ့ထိ တိတိကျကျ ထုတ်ဖော်နိုင်ခြင်း မရှိခဲ့။

ကမ္ဘာ့မှုခင်းသမိုင်းတွင် အထက်ဖော်ပြပါ လူသတ်သမား လန်ဒရူး၏ အမှုကြီးသည် သက်သေထွက်ချက်အများဆုံးရှိခဲ့သည့် မှုခင်းကြီးဖြစ်ရာ ယင်းသက်သေများမှာ စာမျက်နှာ ၇၀၀၀ ကျော် ရှိခဲ့သည်။ သူ့အမှုကို စစ်ဆေးရန်အတွက် တရားသူကြီးနှင့် အဖွဲ့ဝင်နှစ်ဦးပါသော ခုံအဖွဲ့ကို ဖွဲ့စည်းပေးထားပြီး ထိုအဖွဲ့ကို ပံ့ပိုးကူညီရန် အဖွဲ့ဝင်တစ်ဆယ့်နှစ်ဦးကိုလည်း ခန့်ထားခဲ့၏။ သူ့အမှုကို စတင်စစ်ဆေးသည့်အချိန်မှ စီရင်ချက်ချမှတ်သည့်အချိန်ထိ နှစ်နှစ်ကြာမြင့်ခဲ့သည်ဟု သိရသည်။

ထိုအမှုကြီးအား ပြင်သစ်နိုင်ငံမှ ထုတ်ဝေသော လာမွန်ဒေးသတင်းစာနှင့် လာဖီဂါရိုသတင်းစာများတွင် မျက်နှာဖုံးသတင်းအဖြစ်လည်းကောင်း၊ နိုင်ငံတကာမှ ထုတ်ဝေသော သတင်းစာများတွင်လည်း မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြခဲ့၏။ ထိုမှုခင်းကြီးစစ်ဆေးသည့် ပါရီမြို့တော် ရာဇဝတ်တရားရုံးတော်ကြီးသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ ရဲအဖွဲ့များ၏ ကိုယ်စားလှယ်တော်များ၊ ကမ္ဘာ့စုံထောက်အဖွဲ့ကြီးများမှ ကိုယ်စားလှယ်တော်များ၊ နိုင်ငံတကာ သတင်းဌာနများမှ သတင်းကိုယ်စားလှယ်များ၊ နိုင်ငံတကာမှ ထုတ်ဝေသော သတင်းစာကြီးများမှ သတင်းထောက်များ၊ မှုခင်းသုတေသီများ၊ မှုခင်းစာရေးဆရာကြီးများ တစ်ခဲနက် တက်ရောက်ခဲ့ကြ၏။

အင်္ဂလန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ထုတ်ဝေသော ဩဇာတိက္ကမကြီးမားသည့် သတင်းစာကြီးများ၏ မှုခင်းကော်လံတွင် နေ့စဉ် ထူးဆန်းသောလူသတ်သမား လန်ဒရူးအကြောင်း ဖော်ပြလေ့ရှိရာ ထိုမှုခင်းကော်လံကို သတင်းစာဖတ်ပရိသတ်အများက "လန်ဒရူးကော်လံ" ဟု ကင်ပွန်းတပ်ခဲ့ကြသည်။

နိုင်ငံတကာမှ မှုခင်းစာရေးဆရာကြီးများအဖို့ ရေးကွက်များရရှိခဲ့ကြရာ လန်ဒရူးအကြောင်း ရေးသားဖော်ပြသော လုံးချင်းစာအုပ်ပေါင်း ၂၀ ခန့် ထုတ်ဝေခဲ့၏။ သူသည် စိတ်ဝင်စားရကောင်းသော ရုပ်လက္ခဏာရှိသူတစ်ယောက် မဟုတ်ပါ။ အသက် ၅၂ နှစ်အရွယ်ရှိပြီး ထိပ်က ဆံပင်ကျွတ်ပြောင်နေသည်။ မုတ်ဆိတ်နီနီနှင့် ပိန်မာကွာတစ်ယောက်ဆိုပဲ ဖြစ်နေသည်။

သို့သော် ပြင်သစ်နိုင်ငံ အမျိုးသား ဆူရီတေးစုံထောက်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ယောက်ကမူ လန်ဒရူးသည် အမျိုးသမီးကြီး ၁၆၉ ဦးနှင့် တရားဝင် အသွယ်ပြုလုပ်ခဲ့ပြီး အခြားအမျိုးသမီး ၂၈၃ ဦးနှင့် ရှုပ်ရှုပ်ထွေးထွေးအဆက်အသွယ်ခဲ့သည်ဟု ဆိုသည်။

သတင်းမီဒီယာများကမူ ပြင်သစ်အစိုးရသည် သာမန်အမှုတစ်မှုကို ဟိုးလေးတကျော်ဖြစ်အောင် ဖန်တီးခြင်းသာ ဖြစ်သည်ဟု ဆိုကြသည်။ အမှုကြီး စတင်စစ်ဆေးသည့် ၁၉၂၁ ခုနှစ်သည် ပထမကမ္ဘာစစ်ကြီး ပြီးစီးပြီး သုံးနှစ်ခန့်သာ ကြာမြင့်သည်။ ပထမကမ္ဘာစစ်ပြီး ကျင်းပသည့် ငြိမ်းချမ်းရေးကွန်ဖရင့်၌ ပြင်သစ်အစိုးရသည် အားနည်းချက် ပျော့ကွက်များ ရှိလာခဲ့သဖြင့် ပြင်သစ်နိုင်ငံ လူထု၏ ယုံကြည်အားကိုးမှု နည်းလာသည်။ ပြင်သစ်နိုင်ငံမှ အတိုက်အခံ



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံရေးပါတီများက လက်ရှိအာဏာရ အစိုးရအား နိုင်ငံရေးတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ဤကဲ့သို့ နိုင်ငံရေး အကျပ်အတည်းမှ ထွက်နိုင်ရန်အတွက် လန်ဒရူးအား ပိုးလေးတကျော် ဖြစ် [illegible]ခြင်းဖြစ်ပါသည်။ ယင်း [illegible] စိတ္တဇလူသတ်သမားဟု ကင်ပွန်းတပ်ခံရခြင်းမှာ သာမန်စဉ်ဆက် မပြတ် လူသတ်မှုများကို ကျူးလွန်ခဲ့သူ ဖြစ်သည်ဟု စွပ်စွဲခဲ့ကြ၏။

တရားခံကို ခဲခဲယဉ်းယဉ်း ခြေရာခံ၍ ဖမ်းဆီးနိုင်ခဲ့သူမှာ ပြင်သစ်နိုင်ငံ၊ ပါရီမြို့ အမျိုးသားဆူရီတေးစုံထောက် အဖွဲ့မှ စုံထောက်ကလေး ဂျိမ်းဘီလင်း ဆိုသူဖြစ်ပါသည်။ [နောင်အခါ ဂျိမ်းဘီလင်းမှာ ပြင်သစ်နိုင်ငံ ဆူရီတေးစုံထောက်အဖွဲ့၏ မင်းကြီး[ညွှန်ကြားရေးမှူးချုပ်] ဖြစ်လာခဲ့သည်။

စိတ္တဇလူသတ်သမား လန်ဒရူး၏ အမှုကို ရေးသားဖော်ပြခြင်းမပြုမီ ဂျိမ်းဘီလင်း၏အကြောင်းကို အနည်းငယ် ရေးသားဖော်ပြရန် လိုပေသည်။ ဂျိမ်းဘီလင်းမှာ ဇာတိအားဖြင့် ပြင်သစ်နိုင်ငံ၊ ဘာဂန်ဒီပြည်နယ်သား ဖြစ်၏။ မိဘများမှာ အတော်အသင့် ချမ်းသာကြွယ်ဝသူများဖြစ်၍ မိဘများမှာ အတော်အသင့် ချမ်းသာကြွယ်ဝသူများ ဖြစ်၍ တစ်ဦးတည်းသောသားဖြစ်သူ ဂျိမ်းဘီလင်းကား ထိုစဉ်က နာမည်ကျော် အီကို(လ်)စမ်ပတ္တသိုလ်ကြီးတွင် ပညာဆည်းပူးခဲ့သူ ဖြစ်၏။

ဂျိမ်းဘီလင်း၏ ဖခင်ဖြစ်သူမှာ သူ့သားအား လူအများလေးစားသည့် စစ်မှုထမ်းကောင်းတစ်ယောက်နှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိသော လူတော်၊ လူကောင်းတစ်ယောက်ဖြစ်ရန် လိုလားသည်။ ဂျိမ်းဘီလင်းကမူ ငယ်စဉ်ကပင် အင်္ဂလန်နိုင်ငံမှ ကမ္ဘာကျော် စုံထောက်ဝတ္ထုရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း ရေးသားခဲ့သော အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်း ပါဝင်သော စုံထောက်ဝတ္ထုများကို သဲသဲမဲမဲ ဖတ်ရှုခဲ့သည်။ သို့ဖြစ်၍ ငယ်စဉ်ကပင် စုံထောက်တစ်ယောက်ဖြစ်လိုသူဖြစ်ရာ သူ့အား ကျောင်းနေဖက်အများကပင် ခေတ်သစ်ရှားလော့ဟုမ်းဟု ပြောင်လှောင်ခေါ်ဝေါ်ခဲ့ကြသည်။ သူစစ်တက္ကသိုလ်တက်နေစဉ် ဖခင်ဖြစ်သူ ရုတ်တရက်ကွယ်လွန်ခဲ့ရသဖြင့် စစ်တက္ကသိုလ်မှ ကျောင်းထွက်ရတော့မည်လောဟု စိုးရိမ်ခဲ့သည်။ သို့သော် မိခင်ဖြစ်သူသည် စိတ်ထက်သူ၊ အကြံဉာဏ်ကောင်းသူ၊ ဖွဲ့သတ္တိကောင်းသူဖြစ်ရာ ကွယ်လွန်သူ ခင်ပွန်းသည်၏ဆန္ဒကို ဖြည့်စွမ်းလိုသဖြင့် သူ့ဇာတိ ဒီဂျွန်မြို့ကလေး၌ အပ်ချုပ်ဆိုင်ဖွင့်၍ သားဖြစ်သူအား စစ်တက္ကသိုလ်အား ဆက်လက်ပညာဆည်းပူးရန် ဆောင်ရွက်ပေးခဲ့၏။ သို့သော် ဂျိမ်းဘီလင်းကမူ ပါရီမြို့တော်ရဲအဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ ထိုမှတစ်ဆင့် အမျိုးသားဆူရီတေး စုံထောက်ကျော်တစ်ယောက် ဖြစ်ရန် မအိပ်မနေ ကြိုးစားလိုသည်။ သူ့မိခင်ဖြစ်သူအားလည်း တဖြည်းဖြည်းနားသွင်း နိုင်ခဲ့သည်။ ထိုစဉ်ကာလက ပါရီမြို့တော်ရဲမင်းကြီး[ညွှန်ကြားရေးမှူးချုပ်]မှာ ဟွန်ဆီရာလီပင် ဖြစ်သည်။

သူသည် ပါရီမြို့တော် ရဲအဖွဲ့နှင့် အမျိုးသားဆူရီတေးစုံထောက်အဖွဲ့တို့ အား ပူးတွဲတာဝန်ယူထားရသူတစ်ဦး ဖြစ်၏။ အလုပ်ကို ရိုးရိုးသားသားလုပ်၍ ကြိုးစားသော ဂျိမ်းဘီလင်းကို ရဲမင်းကြီး လီပင်က သတိထားမိသည်။ ဤတွင် ဂျိမ်းဘီလင်းမှာ အမျိုးသားဆူရီတေးအဖွဲ့ဝင်တစ်ယောက် ဖြစ်လာခဲ့၏။ လျှို့ဝှက်နက်နဲသော မှုခင်းကြီးများကို ဖော်ထုတ်နိုင်ခဲ့ရာမှ ဂျိမ်းဘီလင်းမှာ အမျိုးသား ဆူရီတေးစုံထောက်အဖွဲ့တွင် ဟိုးဟိုး ကျော်သော စုံထောက်တစ်ယောက် ဖြစ်လာရသည်။ သတင်းမီဒီယာများကလည်း ဂျိမ်းဘီလင်းဖော်ထုတ်ခဲ့သော မှုခင်းကြီးများကို အကျယ်တဝင့် ရေးသားဖော်ပြခဲ့သဖြင့် ဂျိမ်းဘီလင်းမှာ လူသိများလာခဲ့၏။

သူ့အတွက် ဟိုးဟိုးကျော်ခဲ့ရသော မှုခင်းကြီးမှာ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ကမ္ဘာကျော်လူသတ် သမား လန်ဒရူးအား ခြေရာခံဖမ်းဆီး နိုင်ခဲ့ပြီး ခေါင်းဖြတ်စက်ပေါ်သို့ တင်နိုင် ခဲ့ခြင်းဖြစ်၏။ [ပြင်သစ်အစိုးရသည် သေဒဏ်ကျခံရသော အကျဉ်းသားများအား ကြိုးဒဏ်စီရင်ခြင်းမပြုဘဲ ခေါင်းဖြတ် စက်ဖြင့် ခေါင်းဖြတ်၍ သေဒဏ်စီရင် လေ့ရှိ၏။]

ဤစိတ္တဇလူသတ်သမား၊ သို့မဟုတ် လူသတ်မှုများကို စဉ်ဆက်မပြတ် ကျူးလွန်သူ လန်ဒရူး၏ သည်းထိတ်ရင်ဖိုဖွယ်ရာ မှုခင်းကြီးမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

www.burmeseclassic.com

၁၉၁၉ ခုနှစ်၊ ဒီဇင်ဘာလသည် ပြင်သစ်နိုင်ငံအဖို့ ထူးထူးခြားခြားအအေးလွန်ကဲသော လဖြစ်၏။ မှန်ပါသည်။ ပြင်သစ်နိုင်ငံ၏ ဆောင်းရာသီသည် စိတ်ပျက်ငြီးငွေ့ဖွယ် ဖြစ်၏။ ထူးခြားအေးစိမ့်သော ရာသီဥတုကို ပို၍ ချမ်းအေးစေရန် မိုးက တစိမ့်စိမ့်ရွာနေသည်။ ပါရီမြို့တော်သူ၊ မြို့တော်သားများအဖို့ အိမ်တွင်းအောင်း၍ ဂွမ်းစောင်အထပ်ထပ်ခြုံပြီး ကွေးနေကြရသည်။ ဤသို့ ရာသီဆိုးဆိုးရွားရွား ဖြစ်နေသဖြင့် ပါရီမြို့တော်ရှိ လမ်းမများပေါ်တွင် လမ်းသွားလမ်းလာ အထူးနည်းပါးပြီး နာမည်ကျော် ရှောင်အလယ်ဇေ လမ်းမကြီးတစ်လျှောက်မှာပင် လူသွားလူလာပြက်လျက်ရှိ၏။ ဤသို့သော အခြေအနေအရပ်ရပ်တွင် ပါရီမြို့တော်၊ ဆင်ခြေဖုံးရှိ ဂန်ဗီယာမြို့ကလေး၏ မြို့တော်ဝန်ထံသို့ မဒမ်မွှာဆယ်လာကိုး(စ်) ဆိုသူ အမျိုးသမီးတစ်ဦးက ဦးတိုက်လျှောက်လွှာတစ်စောင် ပေးပို့ခဲ့၏။ ယင်းလျှောက်လွှာတွင် သူ၏အစ်မဖြစ်သူ မဒမ်ကူလွယ် ဆိုသူ မုဆိုးမတစ်ဦးအား အသက် ၅၀ ကျော်အရွယ် ထိပ်ပြောင်ပြောင်၊ လူမြင်လျှင် မှတ်မိသူတစ်ဦးက ပါရီမြို့တော် ဆင်ခြေဖုံးရှိ ဟာမစ်တစ်ဗီလာသို့ ခေါ်ဆောင်သွားရာမှ နေအိမ်သို့ ပြန်လာခြင်းမရှိဟု ဖော်ပြထား၏။

ဤတွင် ဂန်ဗီးယားမြို့တော်ဝန်သည် အထက်ဖော်ပြပါ စာနှစ်စောင်ကို အမျိုးသားဆူရီတေးစုံထောက်အဖွဲ့ အကြီးအကဲထံသို့ ဆက်လက်ပေးပို့ခဲ့သည်။ အမျိုးသားဆူရီတေးစုံထောက်အဖွဲ့ မင်းကြီးဖြစ်သူ လီပင်သည် ယင်းလူပျောက်မှုကြီးများအား စုံစမ်းဖော်ထုတ်နိုင်ရန်တာဝန်ပေးခဲ့သည်။ ပြင်သစ်နိုင်ငံ၊ ပါရီမြို့အဖို့ လူပျောက်မှုများ ဒုနှင့်ဒေး ရှိခဲ့သည်။ ထိုလူပျောက်မှုများမှာ တစ်ခါတစ်ရံ မှုခင်းများနှင့် သက်ဆိုင်ခြင်းမရှိသည်ကို တွေ့ကြရ၏။ မိမိတို့ အိမ်ထောင်ရေး၊ မိသားစုအရေး၊ စီးပွားရေးကြောင့် ခြေရာဖျောက်၍ တိမ်းရှောင်မှုများလည်း ရှိသည်။ အချို့မှာ ပျောက်ဆုံးသည်ဟု ဆို၍ ရဲဌာနတွင် အမှုဖွင့်တိုင်ကြားပြီး ပျောက်ဆုံးသူ ရုတ်တရက်ရောက်လာခဲ့သော်လည်း ရဲစခန်းတွင် အမှုပိတ်ခဲ့ခြင်းမရှိသဖြင့် ယင်းလူပျောက်မှုများမှာ ရဲစခန်းတွင် မှတ်တမ်းတင်ထားဆဲ ဖြစ်၏။

သို့ဖြစ်ရာ ဂျိမ်းဘီလင်းအဖို့ ပါရီမြို့တော်တွင် လူပျောက်ရာပုံတော်ဖွင့်ရမည့်အရေးမှာ ကောက်ရိုးလှည်းအတွင်း အပ်ပျောက်ရှာရမည့်ကိန်း ဆိုက်နေလေသည်။ မည်သို့ပင် ဖြစ်စေကာမူ ဂျိမ်းဘီလင်းသည် အထက်ဖော်ပြပါ တိုင်ကြားသူ အမျိုးသမီးနှစ်ဦးအား ခေါ်ယူစစ်ဆေးစုံစမ်းမှုများ ပြုလုပ်ခဲ့သည်။ ထိုသူနှစ်ဦး၏ ထွက်ဆိုချက်အရ အထက်ပါ အမျိုးသမီးနှစ်ယောက်အား ဖြားယောင်းသွေးဆောင်သွားသူမှာ အသက် ၅၀ အရွယ်ရှိ မုတ်ဆိတ်မွေး နီကြောင်ကြောင်နှင့် မွန်ဆီယာဒူပွန်ဆိုသူ ဖြစ်သည်ဟု ဆိုကြ၏။ ထိုသူမှာ အသက် ၅၀ ခန့်ရှိသော်လည်း အမျိုးသမီးများ ကျေနပ်အောင် စကားပြောကောင်းသူဖြစ်သည်ဟု သိရ၏။ ပျောက်ဆုံးနေသော မုဆိုးမနှစ်ဦးမှာ အတော်အသင့်ချမ်းသာကြွယ်ဝသော မုဆိုးမများဖြစ်ကြသဖြင့် အမျိုးသမီး သိုက်တူးသူဟုတစ်ဦးဟု ယူဆဖွယ်ဖြစ်၏။ သူ့အား အနီးကပ်သေသေချာချာမြင်ရသူအများကမူ သူ၏မျက်လုံးအစုံမှာ ရွှန်းလဲ့တောက်ပလျက်ရှိရာ ဆန့်ကျင်ဘက်လိင်များအား ဆွဲဆောင်နိုင်သူ ဖြစ်သည်ဟု ဆိုကြသည်။ ပျောက်ဆုံးနေသူများအနက် မုဆိုးမ မဒမ်ကူလွယ်မှာ အသက် ၄၂ နှစ်အရွယ် အတော်အသင့်လှပ၍ သူ့လက်ဝယ် ဖရန့်ငွေ ၁၀၀၀၀(တစ်သောင်းခန့်)ရှိသည်ဟု ပတ်ဝန်းကျင်လေ့လာချက်များအရ သိရှိရ၏။

*ဟာမစ်တစ်စံအိမ်အနီးတွင်*
*နေထိုင်ကြသော*
*ရပ်ကွက်သူရပ်ကွက်သားများကမူ*
*ငင်းအိမ်ကြီးမှ ထူးဆန်းသော*
*အသားကင်ညှော်နံ့များ*
*ရကြသည်ဟု သိရ၏။ ဤတွင်*
*အမျိုးသားဆူရီတေးအဖွဲ့မှ*
*ဓာတ်ခွဲခန်းသိပ္ပံပညာရှင်များသည်*
*ဟာမစ်တစ်စံအိမ်ကို*
*စနစ်တကျရှာဖွေခဲ့ကြရာ*
*မီးဖိုမျက်နှာကြက်၌ တွေ့ရသော*
*ကျပ်ခိုးများတွင်*
*အသားများမီးလောင်နေသဖြင့်*
*စွဲကပ်နေသော အဆီများကို*
*တွေ့ရတော့သည်။*



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်၍ အမျိုးသားဆူရီတေး စုံထောက်ကျော် ဂျိမ်းဘီလင်းသည် ဟာမစ်တစ်ဗီလာ စံအိမ်တော်ကြီးရှိသည့် ရပ်ကွက်သို့သွား၍ ပိုက်စိပ်တိုက်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ဤတွင် မွန်ဆီယာဒူပွန်ဆိုသူနှင့် သက်ဆိုင်သော သတင်းအချက်အလက်အချို့ ရလာသည်။ ဒူပွန်ဆိုသူမှာ ထိုစံအိမ်တွင် နေထိုင်သော အင်ဂျင်နီယာတစ်ဦး ဖြစ်သည်။ ရပ်ကွက်အတွင်း ခပ်အေးအေး ခပ်ကုပ်ကုပ်နေထိုင်၍ ပတ်ဝန်းကျင်နှင့် ကင်းကင်းရှင်းရှင်းနေထိုင်သူ ဖြစ်သည်ဟု သိရ၏။

သူ့အိမ်သို့ အမျိုးသမီးကြီးအချို့ မကြာခဏ ဝင်ထွက်သွားလာနေသည်ကို ရပ်ကွက်အတွင်းနေထိုင်သူများက သတိထားမိကြသည်။ ဝင်ထွက်သွားလာသူ အမျိုးသမီးများမှာ မွန်မွန်ရည်ရည်ရှိကြသူများဖြစ်၍ ပတ်ဝန်းကျင်အိမ်နီးနားချင်းများက တစ်စုံတစ်ရာ သံသယမရှိခဲ့ကြ။ ပျောက်ဆုံးသွားသော အမျိုးသမီးများ၏ ဆွေမျိုးသားချင်းများထံမှ ရရှိသည့် သတင်းများအရ သွေးဆောင်ဖြားယောင်း ခေါ်ဆောင်သွားသူမှာ မွန်ဆီယာဒူပွန်း၊ မွန်ဆီယာဒီယက်၊ မွန်ဆီယာဂီလက် စသော နာမည်အမျိုးမျိုး အသုံးပြုခဲ့သည်ဟူလည်း ဂျိမ်းဘီလင်းက သတင်းရခဲ့၏။ ဂျိမ်းဘီလင်းနှင့် အဖွဲ့သည် ဟာမစ်တစ်ဗီလာစံအိမ်သို့ ဝင်ရောက်၍ မွန်ဆီယာဒူပွန်ဆိုသူအား တွေ့ဆုံခဲ့၏။

ဂျိမ်းဘီလင်းမှာ ထူးထူးခြားခြား မှတ်ဉာဏ်ကောင်းသူဖြစ်ရာ နာမည်ကျော် ရာဇဝတ်သားများ၏ ရုပ်သဏ္ဍာန်ကို မာယာပုံရိုက်ကင်မရာကဲ့သို့ သူ့မျက်လုံးများက ရိုက်ယူထားနိုင်သူဖြစ်၏။ မွန်ဆီယာဒူပွန် ဆိုသူမှာ ခိုးမှု၊ ဖောက်ထွင်းမှု၊ လိမ်မှုများနှင့် အကြိမ်ကြိမ် အဖမ်းခံရသူ ဟင်နရီလန်ဒရူး ဖြစ်နေသည်ကို တအံ့တသြတွေ့ရသည်။

သူ့အခန်းတွင်း ဇေ့ဇေ့စပ်စပ် ရှာဖွေသော်လည်း မည်သည့်သက်သေမကောင်းဖွယ် သဲလွန်စကိုမှ မတွေ့ရ။ ပျောက်ဆုံးနေသော အမျိုးသမီးများနှင့် ပတ်သက်သော ပစ္စည်းစသော အထောက်အထားနိုင်မည့် သဲလွန်စမတွေ့ရ။ သို့သော် လန်ဒရူးအား ခေတ္တဖမ်းဆီးထားခဲ့သည်။ ပျောက်ဆုံးနေသော အမျိုးသမီးများ၏ ဆွေမျိုးသားချင်းများကမူ သူတို့အစ်မများအား သွေးဆောင်ခေါ်ယူသွားသူမှာ လန်ဒရူးဖြစ်ပါသည်ဟု ခိုင်ခိုင်မာမာထွက်ဆိုခဲ့ကြ၏။

စုံစမ်းထောက်လှမ်းမှုများအရ လန်ဒရူးသည် နာမည် ၁၅ မျိုး ပြောင်း၍ ပါရီတွင်နေထိုင်ခဲ့သူဖြစ်၏။ ပါရီမြို့တော်တွင် အခန်းတစ်ဆယ့်တစ်ခန်း ငှားထားသည်ဟူ၍လည်း သတင်းရရှိထား၏။ ဟာမစ်တစ်စံအိမ်အနီးတွင် နေထိုင်ကြသော ရပ်ကွက်သူရပ်ကွက်သားများကမူ ၎င်းအိမ်ကြီးမှ ထူးဆန်းသော အသားကင်ညှော်နံ့များ ရကြသည်ဟု သိရ၏။ ဤတွင် အမျိုးသားဆူရီတေးအဖွဲ့မှ ဓာတ်ခွဲခန်းသိပ္ပံပညာရှင်များသည် ဟာမစ်တစ်စံအိမ်ကို စနစ်တကျရှာဖွေခဲ့ကြရာ မီးဖိုမျက်နှာကြက်၌ တွေ့ရသော ကျပ်ခိုးများတွင် အသားများ မီးလောင်နေသဖြင့် စွဲကပ်နေသော အဆီများကို တွေ့ရတော့သည်။

မီးဖိုခန်းမှ စုပုံထားသော ပြာများတွင် လူ့အရိုးအပိုင်းအစများ ၂၅၆ ခုကို တွေ့ရ၏။ လန်ဒရူးသည် အမျိုးသမီးများထံမှ လက်ဝတ်ရတနာများ၊ ငွေများကို ယူ၍ သတ်ခဲ့ပြီး၊ အလောင်းများကို ဖျောက်ခဲ့သည်ဟု ကောက်ချက်ချရသော သူ့ငှားရမ်းထားသော အခန်းဆယ့်တစ်ခန်းအား ရဲနှင့်စုံထောက်တို့က ခြေရာခံရှာခဲ့ပြီး သူ၏ နေ့စဉ်မှတ်တမ်းစာအုပ်ကို သိမ်းဆည်းရမိရာ ထိုမှတ်တမ်း၌ ပျောက်ဆုံးနေသော အမျိုးသမီးများ၏ အမည်များကို တွေ့ရ၏။

သို့ဖြစ်၍ လန်ဒရူးအား ပါရီရာဇဝတ်တရားရုံးတော်တွင် အလောင်းဖျောက်ဖျက်မှု၊ လက်ဝတ်လက်စားများ၊ ငွေများ ယူမှုဖြင့် တရားစွဲဆိုခဲ့သည်။ ယင်းအမှုတွင် မျက်မြင်သက်သေမရှိသော်လည်း ပတ်ဝန်းကျင်သက်သေများ၊ သွယ်ဝိုက်၍ရသော သက်သေများဖြင့် လန်ဒရူးအား သေဒဏ်ချမှတ်ခဲ့သည်။ လန်ဒရူးကမူ ထိုလူသတ်မှုများကို သူမကျူးလွန်ပါဟု ဆိုသည်။

၁၉၂၂ ခု၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဗာဆေး(လ်)အကျဉ်းထောင်ကြီးတွင် ခေါင်းဖြတ်စက်ဖြင့် သေဒဏ်စီရင်ခဲ့ပါကြောင်း။

---

လှမိုး(ပညာရေး)


---



www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်နိုင်ငံ အရိုးကုဆေးရုံ မီးလောင်မှုကြောင့် ၁၀ ဦးသေဆုံး




ဂျပန်နိုင်ငံ မြို့တော်တိုကျို မှကူ အာကိုမြို့အနောက်ဘက်ရှိ အရိုးကု ဆေးရုံ ညပိုင်းမီးလောင်မှုဖြစ်ပွားရာ ၁၀ ဦးသေဆုံးခဲ့သည်။ သေဆုံးသူများတွင် လူနာရှစ်ဦး၊ ဆေးရုံ၏ ဒါရိုက်တာအဖွဲ့ ဝင်ဟောင်း ဇနီးမောင်နှံတို့ ပါဝင်သည်။ လူကြီးများ အိပ်မောကျချိန်ဖြစ်ရာ မပြေးနိုင်၊ မလှုပ်နိုင် ဖြစ်ခဲ့ရသည်။ ခုတင် ၁၉ လုံးဆံ့ ဆေးရုံဟု သိရပြီး ၁၉၇၀ ပြည့်နှစ်က တည်ထောင်ခဲ့သည့် ဆေးရုံ ဖြစ်ပေသည်။

ဆေးရုံတွင် အရိုးကုမှုအပြင် နူလာ ရောဂါ သုတေသနလုပ်ငန်းနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက် ခြင်းဖြစ်သည်။ ဒုတိယထပ်မှ စတင် လောင်ကျွမ်းပြီး ဒုတိယနှင့် တတိယထပ် ရှိ လူနာများ မီးခိုးမွန်းကျပ် သေဆုံးရ သည်။ အချို့မှာ ဒဏ်ရာရခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောဆိုသည်။ စီဒီယိုမှတ် တမ်းအရ မီးခိုးလုံးများ သိပ်သည်း ကြောင်း မီးသတ်တပ်ဖွဲ့က အချိန်နောက် ကျမှ သိရပြီး ခက်ခက်ခဲခဲ ငြိမ်းသတ်ရ ကြောင်း သိရသည်။ မီးလောင်မှု စတင် ဖြစ်ပွားမှု အခြေအနေကိုမူ စုံစမ်းစစ်ဆေး ဆဲဖြစ်သည်။ ကျန်းမာရေးလုပ်ငန်းအရ ကြီးမားသည့် ဆုံးရှုံးမှုဖြစ်သည်။ ဆေးရုံ မှာ လေးထပ်အဆောက်အအုံ ဖြစ်သည်။

မောင်ကောင်းယဉ်

*N.S.T. - 10.10.2013*

# ဖရိုဖရဲ ငြမ်းပြိုကျမှုနှင့် ကံသီသီကလေး




မလေးရှားနိုင်ငံ၊ အီပို မြို့တွင် မကြာမီက ဆောက် လုပ်ဆဲ အဆောက်အအုံ တစ်ခု ငြမ်းပြိုကျခဲ့သည့် မတော်တဆမှု ဖြစ်ပွားခဲ့ သည်။ ယင်းသို့ ဖြစ်ပွားခိုက် အသက် ၆၇ နှစ်အရွယ် အဘွားအိုတစ်ဦး ဘေးသို့ အသွား ကြုံခဲ့ရသည်။ ကံ ကောင်းထောက်မစွာ သူမကို ထိခိုက်ဒဏ်ရာရစေခြင်း မရှိခဲ့ဟု ဆိုသည်။ ငြမ်းနှင့်ကား လုံးထွေးနေမှု ဖြစ်ပေသည်။

မောင်ကောင်းယဉ်

*The Star, 20.10.2013*

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နှစ်ကိုယ်ခွဲတာရွေ

## ဘုန်းမင်းလျှံလူ

**(၁-က)မြသွေးခြယ်**

ကျွန်မနာမည်က မြသွေးခြယ်တဲ့··။ နာမည်နဲ့လိုက်ဖက်ညီအောင်ပဲ ကျွန်မအသားအရောင်က မြရောင်သွေးကြောလေးတွေ စိမ်းနုစိုပြီးနေပါတယ်။ သို့မို့ကြောင့်လည်း ကျွန်မတို့မြို့လေးရဲ့ ကွမ်းတောင်ကိုင်၊ ယန်းတောင်ကိုင်··၊ အစ်ကိုကာလသားတွေ ကြိုက်တဲ့နှင်းဆီခိုင်ဖြစ်ခဲ့ရပါတယ်။

ဒါပေမဲ့ ကျွန်မနှလုံးသားကို ပထမဆုံးထွန်ယက်ပြီး အချစ်မျိုးစေ့ချိုက်ပျိုးခဲ့သူကတော့ ခိုင်ပင်းခန့်ဆိုတဲ့ ပန်းချီဆရာလေးပဲ ဖြစ်ပါတယ်။ သူက တည်ငြိမ်အေးဆေးပြီး ယောက်ျားပီသတဲ့ လက္ခဏာလည်း ရှိပါတယ်။

ပြီးတော့ ကျွန်မနဲ့ပတ်သက်ပြီး ချစ်ခြင်းတရားကို မြတ်နိုးတန်ဖိုးထားသူလည်း ဖြစ်တယ်။ ကျွန်မရဲ့ပုံတူပန်းချီကားလေးကိုတော့ သူ့နှလုံးသွေးနဲ့ ရေးဆွဲထားကာ Not For Sale ရောင်းရန်မဟုတ်ပါဆိုပြီး စာတန်းရေးထားတယ်။ ကျွန်မဟာ သူ့ငါးမျှားချိတ်မှာမိနေတဲ့ ရွှေငါးလေးတစ်ကောင်ဖြစ်ခဲ့ရတာပေါ့။

သူကလည်း ကျွန်မရဲ့မာယာလှည့်ဖျားမှုမပါတဲ့ အချစ်ထောင်ချောက်ပင့်ကူမျှင်ထဲ တိုးဝင်လာတဲ့ လိပ်ပြာလေးတစ်ကောင် ဖြစ်ခဲ့ရတာပေါ့။ ဒါကို ကျွန်မရဲ့မိဘတွေက ရိပ်မိတော့ ဘယ်လိုမှသဘောမတူကြပါဘူး။

သူက အနုပညာကလွဲရင် ဘာမှ ချမ်းသာတဲ့သူမှမဟုတ်ပါ။ ဒီတော့ ဘယ်လိုလုပ် သဘောတူပါ့မလဲ။ ဒါပေမဲ့ ကျွန်မရဲ့အချစ်သက်ကြွေးကတော့ သူနဲ့ပတ်သက်လာရင် ပလူတစ်ကောင်လို မိုက်မိုက်မဲမဲနဲ့ မီးတောက်ထဲ ခုန်ဆင်းရဲတယ်။ သူကလည်း ကျွန်မနဲ့ ပတ်သက်ပြီ ရှင်ကွဲကွဲရမယ်ဆိုရင် အိပ်မက်ထဲမှာတောင် ယောင်လို့ မမက်ချင်ဘူးတဲ့။

အဲဒီလို သူနဲ့ကျွန်မရဲ့ အချစ်ပေါ် ရှင်ကားသစ်ကို ရုံတင်ပြသခဲ့ကြ

www.burmeseclassic.com

တယ်။ အဲဒါကြောင့်မို့လည်း ဒီပြဿနာက စတင်ခဲ့ရတော့တာပေါ့။

* * * * *

(၁-ဃ)တိုင်းကျော်

ကျွန်မအဖေ ပဲကတော့ တိုင်းကျော် [illegible] ပြည်တို့တော့ ကျော်မလားမသိဘူး။ အခုတော့ ကျုပ်တို့မြို့လေးမှာ ကျုပ်နာမည်က ဟိုးလေးတကျော်ကျော်ပဲ။ ထန်းရည်ဝိုင်းလား၊ ကြက်ဝိုင်းလား ကြည့်လိုက် တိုင်းကျော်မပါရင် ပွဲမစည်ဘူး။

တယ်ခနရာမှာပဲဖြစ်ဖြစ် ကျုပ်နာမည်ကြားလိုက်တာနဲ့ မီးကို ရေနဲ့ဖျန်းလိုက်သလိုပဲ။ ရှိတာနဲ့မြည်သံကမှ [illegible]ဦးမယ်။ အဲဒီလောက်ထိ ကျုပ် [illegible] နိုင်တာ။ ဒါကလည်း [illegible]မှုကြောင့်လည်း ဖြစ်ချင်ဖြစ်မှာပေါ့။

ကျုပ်အဖေက ဘယ်သူမှတ်လဲ။ ဦးသာကျော်လေ။ ဟဲ…ဟဲ…ဟဲ… စီးပွားရေးပဲဖြစ်ဖြစ်၊ ဘာပဲလုပ်လုပ် သူများတကာထက်ကို သာအောင်ကြိုးကိုင်သလိုသူများထက်လည်း ကျွတ်ကျွတ်ခြင်တယ်။ နှိုနိုကြောင့် ဒီမြို့လေးမှာ ကျုပ်အဖေရဲ့အရှိန်အဝါက သေးတာမဟုတ်ဘူး။ ရုပ်ကြည့်လေ မြသွေးခြယ်နဲ့ပတ်သက်ပြီး ကျုပ်ကနားပူနားဆာလုပ်တာနဲ့ ကျုပ်အဖေလေ…ဦးသာကျော်ပေါ့။

ခြောက်လုံးပြူးပါကြီး [illegible] သွားလေရဲ့၊ မြသွေးခြယ်တို့အိမ်ကို။ သူမိဘတွေက ကျုပ်တို့နဲ့ပတ်သက်ပြီး ဘာပြောမလဲ။ သူတို့ပြောလာမယ့်စကားလုံးတွေက ကျုပ်အဖေ့ခါးကြားက ခြောက်လုံးပြူးကိုတော့ ကြောက်ရွံ့ထိတ်လန့်ပြီးသွားပဲ။ ဒီဆော့ ပင်ကျရည်စစ်စစ်နဲ့ မြသွေးခြယ်ရဲ့အချစ်ကို ကျုပ်မြည်းရတော့မယ် မဟုတ်လား။

အဲဒါကြောင့်မို့လည်း ဒီပြဿနာက စခဲ့ရတာပေါ့။

* * * * *

(၁-က)နိုင်မင်းခန့်

ကျွန်တော်ကတော့ ရိုးစင်းတဲ့ ပန်းချီဆရာလေးတစ်ယောက်ပါ။ ကျွန်တော့်ဘဝမှာ ချစ်စရာ၊ မြတ်နိုးစရာဆိုလို့ နှစ်ခုပဲရှိတယ်။ တစ်-အနုပညာ၊ နှစ်-ချစ်သူ မြသွေးခြယ် ..ဒါပဲ။ အဲ..ဒါပေမဲ့ လက်ရှိအခြေအနေမှာတော့ ကျွန်တော်က အောင်မြင်ကျော်ကြားနေတဲ့ ပန်းချီဆရာတစ်ယောက်မဟုတ်သေးဘူး။

ကျွန်တော်ရွဲ့ထားပဲ ပန်းချီကားငါးကားရှိတယ်။ ဒီထဲမှာ Not For Sale ရောင်းရန်မဟုတ်ပါဆိုတဲ့ စာတန်းရေးထားတဲ့ မြသွေးခြယ်ရဲ့ပုံတူပန်းချီကားကတော့ အသက်ဝင်ပြီး နတ်သမီးတစ်ပါးလို ညှို့ငင်ရင်ခုန်စေပါတယ်။

သို့မို့ကြောင့် ဒီပန်းချီကားကို လာဝယ်သူတစ်ယောက်ရှိတယ်။ သူကတော့ ကိုတိုင်းကျော်ပါ။ ကျွန်တော်က ရောင်းဖို့မဟုတ်ဘူးပြောတော့ သူကမရောင်းရင် လုယူမယ်။ လုယူလို့မရရင် မင်းကိုသတ်ပြီး ယူမယ်လို့ နိုင်ထက်စီးနင်းပြောတယ်။ ကျွန်တော်ကလည်း သက်ချင်ရင်သတ်၊ ဒီပန်းချီကားကိုတော့ ဘယ်လိုနည်းနဲ့မှ မပေးနိုင်ဘူးလို့ ပြောတယ်။

ဒီတော့ မင်းဆီက ဒီပန်းချီကားမရရင် မြသွေးခြယ်ကို မရရအောင်ယူပြမယ်..မှတ်ထား။ မင်းကတော့ ဒီပန်းချီကားကိုဖက်ပြီး သေရမယ့်ကောင်။ သူပြောသလိုပဲ ကျွန်တော်ကတော့ ကျွန်တော့်အနုပညာ နှလုံးသားကိုဖက်ပြီး သေချင်နေတဲ့ကောင်ပဲမို့လား..။

အဲဒါကြောင့်မို့လဲ ဒီပြဿနာက စခဲ့ရတာလေ။

* * * * *

(၂-က)မြသွေးခြယ်

ကျွန်မနဲ့ကိုတိုင်းကျော်ကို မိဘတွေက အိမ်ထောင်ချထားပေးတော့မလို့တဲ့။ ကျွန်မဘာလုပ်ရတော့မလဲ။ ကျွန်မရင်ဘတ်ထဲက နှလုံးသားမှာ စူးနစ်ဝင်နေတဲ့ အချစ်ဋ္ဌေးတစ်ချောင်းက ရှိပြီးသားမို့လား။ အဲဒါကို ဘယ်လိုလုပ်ထွင်နုတ်ပစ်ရမလဲ…။

ပြီးတော့ ကျွန်မရဲ့ချစ်ခြင်းက ရောက်ရာနှလုံးသားကွက်လပ်မြေမှာ အမြစ်တွယ်ကတတဲ့ ရှက်ကျူပင်လည်း မဟုတ်။ ပြီးတော့ မချစ်မနှစ်သက်တဲ့သူရဲ့ ရင်ခွင်ထဲမှာ ကျွန်မဘဝကို စတေး မခံနိုင်ဘူး။

ကျွန်မချစ်တဲ့သူရဲ့ ရင်ခွင်ထဲမှာပဲ ကျွန်မအိမ်မက်တွေကို အစ်ဝကြီးပွင့်ဖူးပြလိုက်ချင်တယ်။ အဲဒီစိတ်နဲ့ပဲ ချစ်သူကိုနိုင်မင်းခန့်ဆီကို ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

စာတစ်စောင် ရေးဖြစ်တော့တယ်။

*ကိုနိုင်မင်းခန့်*

*ကျွန်မကို မိဘတွေက ကိုတိုင်းကျော်နဲ့ အိမ်ထောင်ချထား ပေးဖို့ နည်းလမ်းအမျိုးမျိုးနဲ့ ကြိုးစားနေကြပြီ။ အဲဒါ..ကျွန်မကိုချစ်တယ်ဆိုရင်၊ မခွဲနိုင်ဘူးဆိုရင် တနင်္ဂနွေနေ့ညမှာ ဆက်ဆက် လာခိုးလှည့်ပါ...။*

*သောင့်မျှော်နေမယ့်*

*မြသွေးခြယ်*

အဲဒီလိုစာရေးပြီးတော့ ကျွန်မ ယုံကြည်စိတ်ချရတဲ့ အိမ်က စာရင်းငှားမောင်ကင့်ဆွေကို အပေးခိုင်းလိုက်တယ်။ ပြီးတော့ ချိန်းထားတဲ့ တနင်္ဂနွေနေ့ မြန်မြန်ရောက်ပါစေလို့ ကြိတ်ပြီး ကျွန်မဆုတောင်းနေမိတယ်။

အဲဒါကြောင့်မို့ ဒီပြဿနာက စတင်ခဲ့ရတာပဲ။

* * * * *

(၂-က)နိုင်မင်းခန့်

မြသွေးခြယ် အပေးခိုင်းလိုက်လို့ ဆိုတာနဲ့ ကျွန်တော့်စိတ်ထဲမှာ ထိတ်ကနဲ လန့်သွားမိသည်။ တစ်ခုခု အကြောင်းရှိလို့၊ ထူးခြားလို့ပဲလို့..။ ဒါနဲ့ ချစ်သူပေးလိုက်တဲ့စာကို ကမန်းကတန်းဖတ်ကြည့်လိုက်မိတယ်။

စာဖတ်ပြီးတော့ စိတ်ပျော့ အရမ်းလှုပ်ရှားပြီး ရင်ခုန်နေမိတော့တယ်။ ဒါမျိုး အတွေ့အကြုံမှမရှိသေးတာမို့လည်း ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် ချစ်သူနဲ့ကွဲကွာရမှာကို စိုးရိမ်မှုကြောင့်လည်း ဖြစ်ချင်ဖြစ်မယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ချစ်သူကို ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးမခံနိုင်ဘူး။ မစွန့်လွှတ်နိုင်ဘူး။ သူတစ်ပါးရင်ခွင်ထဲကိုလည်း ပုံမအပ်ရက်ဘူး။ ကျွန်တော့်အချစ်နဲ့ပဲ အဲရာရာကို ရင်ဆိုင်ရွန်းစားဖို့ ဆုံးဖြတ်ထားလိုက်မိတယ်။ ချစ်သူစာထဲမှာ ချိန်းထားတဲ့ တနင်္ဂနွေနေ့ဆိုတာ လက်ချိုးရေတွက်ကြည့်လိုက်ရင် လက်သုံးချောင်းမြောက်ပဲဖြစ်တယ်။ အဲဒါကြောင့်မို့လည်း ဒီပြဿနာကစခဲ့ရတာပေါ့...။

* * * * *

(၂-ဂ)တိုင်းကျော်

ကျုပ်ကို ဒီလိုကျော်လို့ ရမတဲ့လား။ ကျုပ်နာမည်က တိုင်းကျော်ပဲ။ ကျုပ်အဖေက ဦးသာရကျော်လေ။ ဟား..ဟား..ဟား သိတဲ့အတိုင်းပဲ ခုလည်းကြည့်၊ ဘာရမလဲ ဒီလိုလုပ်လို့..။ သူတို့အိမ်က စာရင်းငှား တင့်ဆွေဆိုတဲ့အကောင်ကို ထန်းရည်နဲ့မျှားလိုက်တော့ တစ်ခါတည်းကျွဲခိုးပေါ်သလို ပေါ်တော့တာပဲ။

မြသွေးခြယ်က ကျုပ်ကိုမယူနိုင်လို့တဲ့။ သူ့ချစ်သူဟိုကောင် ပန်းချီဆရာအစုတ်ပလုတ်နောက် လိုက်ပြေးဖို့ ကြိုးစားကြံစည်နေသတဲ့ဗျာ။

လာမယ့်တနင်္ဂနွေနေ့မှာတဲ့။ ဒီကောင်က ကျုပ်စားမယ့်အမဲကို သဲနဲ့ပက်မယ့်ကောင်..။ ကျုပ်ခြံထဲ ရောက်နေတဲ့ပန်းကို လာခိုးမယ့်ကောင်။ ကျုပ်အချစ်ကို တောမီးရှို့မယ့်ကောင်။

ဒီလိုကောင်မျိုးကို လက်ပိုက်ပြီး အယုံကြည့်နေလို့ မဖြစ်ဘူး။ ဘာလို့လဲဆိုတော့ ကျုပ်က အသားနာတာ ကို ခံနိုင်ရည်ရှိတယ်။ အသည်းနာ တာကိုတော့ ခံနိုင်ရည်မရှိဘူး။ ဒီတော့ ဒီကောင့်ကို ကျုပ်ဘယ်လို လုပ်ရမလဲ။ ဒီကောင်ရှိနေသမျှ မြသွေးခြယ်ရဲ့ အချစ်ကို စိတ်မချ ဘူး။ မြသွေးခြယ်ရဲ့ အချစ်ကလည်း ကျုပ် အပေါ်မှာ စိတ်ကူးယဉ်မှာ မဟုတ်ဘူး။

ကျုပ်သိတယ်..အဲဒါကြော သူ့ရည်စားလိုချင်ရင် သူ့ချစ်သူကို ... နဲ့ထိုးရမယ်ဆိုတဲ့ စကားအတိုင်း ကောင့်ကို အပြတ်ရှင်းပစ်မှဖြစ်မယ် ဒါကလည်း ကျုပ်ကိုယ်တိုင်လုပ်စ မလိုပါဘူး။ ကျုပ်လက်ကိုလည် သွေးကခ်စက်ထွန်းထင်းစရာမလိုပါဘူ လွယ်လွယ်လေးပါ။ ဒါများ ကျု တပည့်ကျော်တွေရှိနေတာပဲ။ ပ ကောင်အရေးထဲ ဒီကောင့်နာမည ကောင် ဖမ့်နေပြန်ပြီ။ ခြော်..အင်း.. ဟုတ်ပြီ..သိပြီ ကျောက်ဒိုး..။

ဒီကောင်က လက်သံပြောင် တောင်ထွက်ဆိုတော့ ဝိရိတယ် စိတ်ချရတယ်။ ဒါမျိုးအတွေ့အကြ ရှိတယ်ဆိုတော့..။

နောက်ဆုံး အဲဒီလိုပဲ ကျု ဆုံးဖြတ်ချက်ချလိုက်တယ်။

အဲဒါကြောင့်မို့ ဒီပြဿနာက စခဲ့ရတော့တယ်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

(၃-က)မြသွေးခြယ်

တနင်္ဂနွေနေ့ည··။

ကျွန်မမျှော်လင့်အားထားသလို ဖြစ်မလာတော့ ဒေါသဖြစ် အပြစ်တင်နေမိတော့တယ်။ ဒါ ကျွန်မကို ဘာကြောင့်မချစ်လို့ဘဲ။ ကျွန်မကို မချစ်ဘူးဆိုရင် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် သူရောက်လာရမှာပေါ့။

ခုတော့ သူ့အပေါ်မှာ ကျွန်မ အထင်ကြီးထားမိတာတွေ အလကားပဲ။ သဲထဲရေသွန် ကိုယ့်ချစ်သူ တစ်ယောက်လုံးကို မချစ် မနှစ်သက်ကဲ့သူရဲ့ ရင်ခွင်သဲချိုင်းထဲမှာ သူမို့ ရက်ရက်စက်စက် ထားပစ်ရက်တယ်။ တော်ပြီ··တော်ပြီ··ကိုနိုင်မင်းခန့်၊ ရှင့်ကို ဘယ်တော့မှ မမျှော်လင့်တော့ဘူး။ ရှင့်ကိုကျွန်မ မုန်းတယ်။ မကြည့်ချင်၊ မမြင်ချင်လောက်အောင် မုန်းတယ်··။

နောက်ဆုံးစကားလုံးက ဒေါသအရှိန်ကြောင့် ရင်ဘတ်ထဲက ပွင့်အန်ထွက်သွားတယ်။

"ဘာ··ကျုပ်ကိုမုန်းတယ်··၊ ဟုတ်လား··မြသွေးခြယ်··"

ရုတ်တရက်မေးလိုက်တဲ့ အသံကြောင့် ကျွန်မ အံ့သြတုန်လှုပ်သွားတယ်။

"ရှင်··"

"ကျုပ်··တိုင်းကျော်လေ··မကြာခင် မြသွေးခြယ်နဲ့ နှစ်ပါးသွားကရတော့မယ့် တိုင်းကျော်ပြည်ကျော်မင်းရဲ့အသည်းကျော်လေ"

"ဒါတွေသာပြောမနေနဲ့ ကြားချင်ဘူး··"

မျက်မှောင်ကြုတ်ကာ အသံခပ်ဆတ်ဆတ်နဲ့ အော်ပစ်လိုက်မိတယ်။

"ဒါဖြင့်··နင့်ချစ်သူအစုတ်ပလုတ်အကြောင်း ကြားချင်လား··၊ ပြောရမလား··"

"ရှင်··ဘာပြောတယ်"

"ဟုတ်တယ်··နင့်ချစ်သူကို ဘယ်တော့မှ မျှော်မနေနဲ့၊ စောင့်မနေနဲ့တော့၊ လာမှာမဟုတ်တော့ဘူး၊ ဘာလို့လဲဆိုတော့ သူ တနင်္ဂနွေနေ့ညကပဲ အသတ်ခံရလို့ သေသွားပြီ··၊ အဲဒီသတင်းကြားလာလို့ ကျုပ်လာပြောတာပဲ မြသွေးခြယ်··"

"ရှင်··"

ကြားလိုက်ရတဲ့စကားကြောင့် ဝမ်းနည်းမှု၊ ကြေကွဲမှုတွေနဲ့ ကျွန်မ ရင်ထဲမှာ နင့်ဆို့သွားတယ်။ အဲဒါကြောင့်မို့ ရင်ထဲမှာပြောစရာစကားလုံးတွေက အလိုလိုခြောက်ခမ်းသွားတယ်။

"ကျုပ်ပြောတာမယုံဘူးဆိုရင်တော့ ရွာမြောက်ဘက်က ချောင်းထဲမှာ သူ့အလောင်းသွားကြည့်လိုက်ပေါ့··"

သူ့စကားအဆုံးမှာတော့ တုန်လှုပ်ချောက်ချားပြီး ကျွန်မ ရုတ်တရက် မူးမိုက်သွားသလို··။

အဲဒါကြောင့်မို့ ဒီပြဿနာက စခဲ့ရတာပေါ့။

* * * * *

(၃-က)တိုင်းကျော်

တိုင်းကျော်ကို ဘယ်သူကျော်လို့ ရမလဲ။ အခုတော့ မြသွေးခြယ်က ကျုပ်လက်ခုပ်ထဲက ပန်းတစ်ပွင့်ပဲ။ နမ်းလိုကနမ်း၊ ခြွေလိုကခြွေဖြစ်နေပြီလေ။ ဒါပေမဲ့ ကျုပ်ကတော့ မခြွေရက်ပါဘူး။

ကျုပ်တို့အိမ် ဧည့်ခန်းထဲက ပန်းအိုးလှလှလေးထဲမှာပဲ မြတ်မြတ်နိုးနိုးနဲ့ အလှစိုက်ထိုးထားမှာ။ အခုလို စိတ်ကူးအိပ်မက်တွေ မက်နေချိန်မှာပဲ ကျုပ်အခန်းမှန်ပြတင်းပေါက်ကနေ နိုင်မင်းခန့်ပန်းချီဆရာအစုတ်ပလုတ်ရဲ့ ကြောက်စရာမျက်နှာကြီးက ဘွားကနဲ ရုတ်တရက်ပေါ်လာတယ်။

"အမယ်လေး··"

ကျုပ် အထိတ်တလန့်နဲ့ တအံ့တသြဖြစ်နေမိရင်း··

"ဟေ့ကောင်··ဘာလုပ်နေတာလဲ··မင်းသေသွားပြီလေ·· တစ္ဆေသရဲဖြစ်သွားလို့ ငါ့ကိုလာခြောက်တာလား·· သွား··သွား··မလာနဲ့··"

လို့ ကြောက်ကြောက်လန့်လန့်နဲ့ အော်ဟစ်ပြီး အဖေ့ရဲ့ခြောက်လုံးပြူးကို ယူကာမှန်ပြတင်းပေါက်ပေါ်မှာ နေတဲ့ ထိတ်လန့်စရာ သူ့မျက်နှာကြီးကို တည့်တည့်ချိန်ပစ်လိုက်တယ်။

"ဒိုင်း··ဒိုင်း··ဒိုင်း"

သေနတ်သံအဆုံးမှာ မြင်နေရတဲ့ သူ့မျက်နှာကြီးက လုံးကနဲပျောက်သွားတယ်။ ဒါပေမဲ့ ကျုပ်ပစ်လိုက်တဲ့ သေနတ်သံကြောင့် ကင်းလှည့်



www.burmeseclassic.com

www.burmeseclassic.com

နေဟဲ့ ရဲတွေက ကျူပ်အိမ်ကို အရေးတကြီး ရောက်လာကြတယ်။ သေနတ်ပစ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး တော့လည်း မေးတယ်။

ဒါနဲ့ ကျူပ်က တနင်္ဂနွေနေ့ညက သေဆုံးသွားတဲ့ ခိုင်မင်းခန့်ဆိုတဲ့ ကောင်က တစ္ဆေလာခြောက်လို့ ကြောက်ကြောက်လန့်လန့်နဲ့ ပစ်လိုက်တာပဲလို့ ပြောပြတော့ ရဲအရာရှိတစ်ယောက်က မယုံသင်္ကာသလို ကြည့်ပြီး..

"ကျူပ်ကသတင်းကြားတာပဲ."

လို့ မတင်မကျနဲ့ စကားပြော တယ်။

ဒီတော့ ရဲအရာရှိက ဒီလူသတ်မှုနဲ့ ပတ်သက်လို့ မေးမြန်းစစ်ဆေးစရာရှိတယ် ဆိုပြီး ညတွင်းချင်းကျူပ်ကို ရဲစခန်းခေါ်သွားကြတယ်။ အဲဒီညက အချုပ်ခန်းထဲမှာ ကျူပ်တစ်ယောက်တည်းရှိနေချိန်..

"ဟော့ကောင်..တိုင်းကျော်.."

ခေါ်လိုက်တဲ့အသံတစ်ခုကြောင့် ထိတ်လန့်တုန်လှုပ်ကာ ကျူပ်လှည့်ကြည့်လိုက်တော့..

"ဟာ..ခိုင်မင်းခန့် ငါ့ဆီကို ဘာလို့လာပြန်ရတာလဲ..မင်း သေသွားပြီလေကွာ..မင်းကို ငါသတ်နိုင်းလိုက်တာ.."

ထိတ်လန့်ကြောက်ရွံ့ပြီး ကျူပ်က အဲဒီလိုအော်ဟစ်ပြောလိုက်မှ ခိုင်မင်းခန့် ဝိညာဉ်ရုပ်ကြီးလည်း ချက်ချင်းပျောက်သွားတယ်။

အဲဒါကြောင့် ဒီပြဿနာကစပြီး လူသတ်မှုပေါ်တာ..။ ကျူပ်နဲ့တပည့်ကျော် ကျောက်ဒိုး အဖမ်းခံရတော့တယ်..။

* * * * *

ဇာတ်ပေါင်းသော်

"ဟင်..ကိုခိုင်မင်းခန့် ရှင်..ရှင် အသတ်ခံရလို့ သေသွားပြီဆို.. အခု ကျွန်မဆီ ဘာလာလုပ်တာလဲ..သရဲလာခြောက်တာလား၊ ကျွန်မကြောက်တယ်..သွား..သွား ရှင့်မျက်နှာကို ကျွန်မ မကြည့်ရဲဘူး"

ကျွန်မ မြင်နေရတဲ့ကိုခိုင်မင်းခန့်ရဲ့ ကြောက်စရာမျက်နှာကြီးကို ကြည့်ရင်း စိတ်ချောက်ချားကြောက်လန့်စွာနဲ့ အော်ဟစ်လိုက်မိတယ်။ ဒီမှာ ကိုခိုင်မင်းခန့်က သူ့မျက်နှာမှာ စွပ်ထား ပလပ်စတစ်နဲ့လုပ်ထားတဲ့ ကြောက်စရာမျက်နှာဖုံးပုံကြီးကို ဖျတ်ကနဲ ချွတ်ပစ်လိုက်တယ်။

"ဒီမှာ သေသေချာချာကြည့်စမ်းပါဦး မြသွေးခြယ်၊ မင်းရဲ့ချစ်သူ ခိုင်မင်းခန့်လေ"

"ဟင်..ဒါဆို..ရှင်..သေသွားပြီဆို..အခု.."

"မသေလို့ တွေ့နေရတာမဟုတ်လား.."

"ဒါဖြင့် သေပြီဆိုတာ"

"အဲဒါက ဒီလိုမြသွေးခြယ်ရဲ့ မြသွေးခြယ်က ကိုယ့်ကို လာခိုးလှည့်ဖို့ တနင်္ဂနွေနေ့ညမှာ ချိန်းထားတယ်မို့လား..၊ ကိုယ်ကလည်း ချိန်းထားတဲ့အတိုင်း လာခိုးတယ်..၊ ဒါပေမဲ့ ကိုယ်က တိုင်းကျော်တို့ရဲ့ အကြံအစည်တစ်ခုကို ကြိုတင်သိထားလို့ ကိုယ့်ရဲ့မျက်နှာနဲ့တူတဲ့ ပလပ်စတစ်မျက်နှာဖုံးတစ်ခုကိုလုပ်ပြီး သူ့တပည့်တစ်ယောက်ရဲ့မျက်နှာမှာ တပ်ပေးထားခဲ့တယ်..၊ ဒါကို သူတို့က မသိကြဘူး၊ အဲဒီညကလည်း လမိုက်ညဖြစ်နေတော့ မည်းမည်းမှောင်နေတာပဲ..၊ ဒါနဲ့ သူတို့က ပုံတူမျက်နှာဖုံးတပ်ထားတဲ့သူကို ကိုယ်လို့ထင်ပြီး လူမှားကာ သတ်ပစ်လိုက်ကြတယ်။ အဲဒါနဲ့ ကိုယ်ကလည်း သူတို့သတ်လို့ သေသွားပြီး ကိုယ့်ဝိညာဉ်က တစ္ဆေတစ်ကောင်ဖြစ်သွားသလို ဟန်ဆောင်ပြီး တိုင်းကျော်ကို ခြောက်လှန့်ပြလိုက်တော့ လူသတ်မှုလည်းပေါ်ရတာပေါ့..မဟုတ်ဘူးလား.."

စကားအဆုံးမှာ ကျွန်မ ရှက်စိတ်ကလေးနဲ့ ခေါင်းကို ညင်သာစွာညိတ်ပြမိရင်း၊

ကျွန်မ အိပ်မက်မက်နေသလားလို့ ထင်လိုက်မိတယ်။ တကယ်လို့ အိပ်မက်မက်နေတယ်ဆိုရင်လည်း အဲဒီအိပ်မက်က အချစ်ရဲ့သုခစိတ်ကြောင့် လှပမြင့်မြတ် ခမ်းနားနေမှာ သေချာပါတယ်။

အဲဒါကြောင့်မို့ စတင်ခဲ့တဲ့ ပြဿနာက ဒီမှာပဲ အဆုံးသတ်ပါတော့တယ်။

ဘုန်းမင်းလျှံလူ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဘုရင့်ဘဏ္ဍာတိုက်

မောင်ဆွေ [တောင်ငူ]

"ရထားလမ်းမှာ လူကြိတ်လို့တဲ့ ဗျို့။ ဘူတာက အကြောင်းကြားလို့ မြို့မဂါတ်က ရဲတွေတော့ သွားကုန်ပြီ။ မင်းကြီးကလည်း ခင်ဗျားတို့ ခရိုင်စုံထောက်အဖွဲ့ကို သွားခိုင်းနေတယ်။ အဲဒါ လာပြောတာ။ ဟော့ . . . ယောင်စိန်ရေ့၊ လုပ်စမ်းပါဦးကွ။ ငါ့ကိုလည်း ကာဖီခါးခါးတစ်ခွက် အရင်အဘိုင်း ရော်ဖျန်းပေါ့ကွာ။ ပြီးရင် ခရိုင်စုံထောက်အဖွဲ့ ရှင်းလိမ့်မယ်ဟေ့"

မင်းကြီး၏ တံခါးပေါက်စောင့်ကို စိန်ပေါမှာ ၎င်း၏ ဝသီအတိုင်း မဟာဝန်ရှင်တော်မင်းကြီးထံ အခစားဝင်ရသည့် အကြံပေးအရာရှိမင်းအလား လေသံဟောင်ဖွာဟောင်ဖွာဖြင့် ရုံးရှေ့ 'ကာကာကြီး' လက်ဖက်ရည်ဆိုင်၌ အမြိန့်သားဝင်ထိုင်ရင်း တစ်ဆိုင်လုံးကြားအောင် အော်ကြီးဟစ်ကျယ်ပြောဆိုနေလေတော့၏။

ကျွန်ုပ်တို့ ခရိုင်စုံထောက်အဖွဲ့အားလည်း ၎င်း၏တပည့်များအလား နိုင်ထက်စီးနင်း ပြောချင်တိုင်းပြော၊ နိုင်ချင်တိုင်း နိုင်နေသူလည်း ဖြစ်၏။

ကျွန်ုပ်တို့မှာလည်း မိမိထက် ရာထူးနိမ့်ပါးလျက် ခရိုင်မင်းကြီးအဆက်ဆက် မင်းကြီးတံခါးပေါက်အား စောင့်သည့်ရာထူးတွင် လူလည်ကျွံနေရင်း မင်းကြီးတစ်ဆက်ပြီးတစ်ဆက် ၎င်း၏လက်မောင်းထက်တွင် စာမေးပွဲဖြေစရာမလိုဘဲ အရစ်များ တစ်ရစ်ပြီး တစ်ရစ်ရအောင်ယူတတ်သည့် အရည်အချင်းမှာ အများထက်သာသောသူ ဖြစ်ရကား ကိုစိန်ပေါမှာ လက်မောင်းတစ်ဖက်စီတွင် သုံးရစ်စီဖြင့် စာသင်ကြီးရာထူးပင် ရနေပေပြီ။

၎င်းမှာ တန်ခိုးလည်း အလွန်ထွားပေ၏။ မင်းကြီးနှင့် တွေ့ချင်လျှင် ၎င်း‌ ... မည်သူမဆို အရင်ဦးဆုံး ခွင့်တောင်းရ၏။ ၎င်းမှာ မင်းကြီးအခန်းထဲ သွားရောက်ပြီး မည်သူမည်ဝါက တွေ့လို၍ ခွင့်တောင်းနေကြောင်း သွားရောက်သတင်းပို့ တင်ပြပေးပြီး မင်းကြီးထံမှ အမိန့်တစ်စုံတစ်ရာကို ယူဆောင်လာကာ တွေ့ခွင့်ပြုကြောင်း၊ တွေ့ခွင့်မပြုကြောင်း ပြန်လည်ပြောကြားပေးနိုင်သူ ဖြစ်ရကား ၎င်းနှင့် အဆင်မပြေသူများဆိုပါက အခန်းထဲဝင်သွားဟန်ပြုပြီး "မင်းကြီး အိပ်နေတယ်"၊ "မင်းကြီး အနားယူနေတယ်"၊ "နောက်နေ့မှလာခဲ့"ဟူ၍ အကြောင်းပြငြင်းဆန် ပြန်လွှတ်သည် ဖြစ်ရာ မင်းကြီးငြိုငြင်မှာ စိုးသောစိတ်များကြောင့် ၎င်းတံခါးပေါက်စောင့် ကိုစိန်ပေါ၏စကားအား မည်သည့်အရာရှိမှ အလွန်မတက်ရဲကြဘဲ ကိုစိန်ပေါနှင့် တည့်အောင်ပေါင်းရ၏။

ဌာနအုပ်များ၊ နယ်စီးဝန်ထောက်များမှာ ၎င်းတို့လာရသော ခရီးဝေးကွာမှုကြောင့် မင်းကြီးနှင့် လာတွေ့သည့်အခါတိုင်း ချောချောမောမော တွေ့ခွင့်ရနိုင်စေရန် ကိုစိန်ပေါကို မုန့်ဖိုးပဲဖိုး လာဘ်ထိုးရ၏။

ကျွန်ုပ်တို့ ကစ်ရုံးဘည်းနေသူများပင်လျှင် မင်းကြီးအခန်းထဲ စွတ်ခနဲဝင်သွားခွင့်မရှိ။ ကိုစိန်ပေါနှင့် အရင်သတင်းပို့ခိုင်းပြီးမှ ဝင်တွေ့ခွင့်ရသည် ဖြစ်၍ ကျွန်ုပ်တို့လည်း ကိုစိန်ပေါကို မကျော်ရဲကြ။

"ကဲ . . . အိုင်ပီရေ အခင်းဖြစ်နေရာကို သွားလိုက်ကြစို့။ ဟိုမှာ မြို့မဂါတ်တဲက ရဲတွေရောက်နေလောက်ပြီ"

"ရပါတယ် ကိုအောင်သန်းရယ်။ ရထားကြိတ်လို့ လူသေတာဘာလုပ်လို့ရမှာတုံးဗျာ။ လူသေမှုဟာ လူသေမှုပဲ ဖြစ်မှာပေါ့။ ရထားကို တရားစွဲလို့ရတာမှ မဟုတ်တာ . . .။ ဩော် . . . ဒါထက် ကျုပ်တို့လူစုံထောက်ကြီး ကိုမြသွေးလည်း ဒီကနေ့တစ်မနက်လုံး မမြင်ပါလား။ မနက်တန်းစီပြီးကတည်းက ပျောက်သွားလိုက်တာ"

"ဟုတ်တယ် အိုင်ပီရေ။ အိုင်ပီပြောမှ ကျွန်တော်လည်း သတိရတယ်။ တန်းစီတုန်းကတော့ အတွေ့သားဗျ။ သို့ပေမင့် သည်လူက မှန်းရခက်တယ်။ အခုလောက်ဆို အခင်းဖြစ်နေရာ ရောက်ချင်ရောက်နေတော့မှာ"

ကျွန်ုပ်တို့ ခရိုင်ရဲစုံထောက်များအနက် စုံထောက်ကိုမြသွေး ဆိုသူမှာ ထူးခြားသော၊ အများနှင့်မတူသော၊



www.burmeseclassic.com

www.burmeseclassic.com

ဆန်းသစ်သည့် အတွေးအခေါ်များ ပိုင်ဆိုင်လျက် လွန်စွာမှပင် ဉာဏ်ရည်ဉာဏ်သွေး ထူးချွန်ထက်မြက်သော စုံထောက်ကျော်တစ်ဦးအဖြစ် အထူးထင်ရှားသူတစ်ဦး ဖြစ်၏။

၎င်းသည် ယောက်ျားပီသစွာ ခံ့ညားချောမောသည့် ရုပ်ဆင်းလက္ခဏာပြည့်စုံပြီး အလုံးအဖန်အရပ်အမောင်း ထောင်ထောင်မောင်းမောင်းနှင့် တောင့်တင်းသန်မာ ကျစ်လျစ်သော ခန္ဓာကိုယ်အချိုးအစား ရှိသူဖြစ်၏။

၎င်း၏ မျက်လုံးများမှာ သိမ်းငှက်တစ်ကောင်၏ မျက်လုံးများပမာ စူးရှလျက် တော်ရုံလူမိုက်များမှာ ၎င်း၏မျက်လုံးအကြည့်ဒဏ်ကို မခံဝံ့ကြလောက်အောင်ပင် စူးစူးရဲရဲရှိလှ၏။

စင်စစ်အားဖြင့် စုံထောက်ကြီးကိုမြသွေးသည် ကျွန်ုပ်တို့၏မြို့မှမဟုတ်ဘဲ အင်းစိန် စီအိုင်ဒီမှ စုံထောက်တစ်ဦး ဖြစ်ခဲ့ပြီး မဟုတ်မခံသော သူရသတ္တိရှိသူပီပီ ၎င်း၏အထက်အရာရှိဖြစ်သည့် အင်္ဂလိပ်မျက်နှာဖြူ အရာရှိကြီးတစ်ဦးမှ ဗမာလူမျိုးများအပေါ် ချိုးချိုးနှိမ်နှိမ် ပြောဆိုဆက်ဆံနေသည်ကို မကျေနပ်သဖြင့် "ဗမာကို မစော်ကားနဲ့"ဟုပြောပြီး လက်သီးနှင့် ဝင်ထိုးဆုံးမခဲ့မှုကြောင့် ရာထူးနှစ်ဆင့်လျှော့ကာ ကျွန်ုပ်တို့ နယ်မြို့ကလေးသို့ ရွှေ့ပြောင်းအပြစ်ပေးခံရကာ ရောက်ရှိလာခြင်း ဖြစ်သည်။

"နို့မဟုတ်ရင်တော့ ကျုပ်ဟောဒီစုံထောက် အလုပ်ကထွက်ပြီဗျို့။ အေးအေးလူလူ ဥယျာဉ်ခြံမြေပဲ စိုက်ပျိုးစားချင်နေပြီ။ သို့ပေမယ့် ဗမာတွေဆိုတာ သင်းတို့ မျက်နှာဖြူတွေလောက်တော့ အသာကလေး စွမ်းဆောင်နိုင်တဲ့ အရည်အချင်း ရှိသူတွေချည်းပဲဆိုတာ ပြချင်လို့၊ ဗမာ့အစွမ်းအစကိုပြချင်လို့ ဟောဒီစုံထောက်အဖွဲ့ထဲက မထွက်သေးတာဘဲ အိုင်ပီရေ"

ဟု ကျွန်ုပ်အား ကိုမြသွေးမှ မှတ်မှတ်သားသား ပြောဖူးလေ၏။

ယခုလည်း အိုင်ပီကိုအောင်သန်း ပြောသကဲ့သို့ စုံထောက်ပီသလွန်းသော ကိုမြသွေးမှာ အခင်းဖြစ်နေရာသို့ ရောက်ကောင်းရောက်နေပေလိမ့်မည်။

ကျွန်ုပ်နှင့် ကိုအောင်သန်းသည် ခရိုင်စုံထောက်အဖွဲ့ပိုင် BSA ဆိုင်ကယ်ကို မောင်းနှင်စီးနင်းကာ အခင်းဖြစ်ပွားသည့် ရထားသံလမ်းဘက်ဆီသို့ ထွက်ခွာလာခဲ့၏။

အခင်းဖြစ်နေရာကား မြို့မြောက်ဘက်အထွက်တွင် ဖြစ်ပြီး အရှေ့ဘက်၌ တရုတ်သချိုင်း၊ ကုလားသချိုင်းနှင့် အနောက်ဘက်၌ မြောက်သုသာန်ဟုခေါ်သော ဗမာသချိုင်းများရှိကာ ဗမာသချိုင်းနယ်မြေ၏ အနောက်မြောက်ထောင့်၌ သူဖုန်းစားတို့ နေထိုင်ရာ ရပ်ကွက်တစ်ခု ရှိလေ၏။

"ဗျို့ . . . အိုင်ပီရေ။ အနားပြာစုံထောက် လက်ကောက်တင်ရွှေတို့၊ ကြွက်စုတ်လှဝင်းတို့ အဖွဲ့တွေတော့ သံလမ်းတစ်လျှောက် ဇလီဖားတုံးတွေ လိုက်ရေနေကြပြီနဲ့ တူတယ်ဗျို့ . . . ဟား . . . ဟား"

အိုင်ပီကိုအောင်သန်းမှ ကျွန်ုပ်တို့ အရင်ရောက်နှင့်နေသော စုံထောက်လက်ကောက်တင်ရွှေ၊ ကြွက်စုတ်လှဝင်း၊ ကျီဝင်းကို၊ ဒူးရင်းသီး တင်မောင်တို့ လူတစ်သိုက် ရထားသံလမ်းပေါ်၌ ဟိုဟိုသည်သည် ကြည့်ကာ လမ်းလျှောက်နေကြသည်ကို တွေ့သဖြင့် ထိုသို့ပြောလိုက်ခြင်း ဖြစ်၏။

အနားပြာဆိုသည့် အသုံးအနှုန်းမှာ ထိုစုံထောက်လက်ကောက်တင်ရွှေတို့ လူစုမှာ လူကြီးကွယ်ရာ၌ အလွန်ရဲသော်ခိုကြသော အချောင်သမားများဖြစ်ကြပြီး လူကြီးရှေ့၌မူ မျက်နှာလို မျက်နှာရဖြင့် ပျာယာခတ်အောင် လုပ်ပြကြသူများဖြစ်၍ ရှေ့တွင်တစ်မျိုး ကွယ်ရာတစ်မျိုး သဘောရှိသော ထိုသူတို့အား အနားပြာများဟု အချင်းချင်း ကင်ပွန်းတပ်ထားကြသူများ ဖြစ်၏။

"ဟော . . . လာပါပြီဗျာ။ ခရိုင်အထူးစုံထောက်အဖွဲ့က ဆရာကြီးကွ။ ဘယ့်နှယ် ဒီတစ်ခါ ခင်ဗျားတို့ရဲ့ ဟီးရိုးမြသွေးလည်း မပါပါလား။ ဟဲ . . . ဟဲ၊ အမှုပြဿနာဖြစ်တိုင်း ဒီလူဘယ်တော့မှ အခင်းဖြစ်နေရာမှာ မရှိဘူး။ အမြဲနောက်ကျမှ ရောက်တယ်"

"အလကားပါဗျာ။ စီအိုင်ဒီမှာ သုံးမရလို့ ကျုပ်တို့ဆီ ရောက်လာတာပါ။ သူ့ဟာသူ စီအိုင်ဒီစုံထောက်ဖြစ်ဖြစ် ဘာဖြစ်ဖြစ် ကျုပ်တို့နယ်က စုံထောက်တွေကို ဘယ်မီမှာတုန်း"

လူချင်းပင် မတွေ့ရသေးဘူး။ စုံထောက်ကိုမြသွေးအား လက်ကောက်တင်ရွှေနှင့် ကြွက်စုတ်လှဝင်းတို့မှ အသားလွတ် အပုပ်ချ ပြောဆိုနေတော့၏။

ထိုစဉ်အခိုက်မှာပင် သူဖုန်းစားအဝတ်အစားနှင့် ဂုန်နီအိတ် အစုတ်ကြီးအား ကိုင်းကြိုးတပ်၍ လွယ်လာသူ လူတစ်ယောက်မှ . . .

"လောကီအရှုပ် လူတို့နှုတ်ကား မဟုတ်လည်းပြော ဟုတ်လည်းပြော၏ ဆိုတဲ့ ဆိုရိုးစကားလေးတစ်ခု ရှေးလူကြီးသူမတွေ ပြောခဲ့ဖူးတာရှိ

www.burmeseclassic.com

သဗျ။ အိုင်ပီတို့ရေ ... ခုလည်း ကျုပ်ဟာကျုပ် စီအိုင်ဒီမှာ စုံထောက်ဖြစ်ခဲ့တာနဲ့ ရှော့သလေး ညှံ့သလေးနဲ့ ဒီလူတွေ ကျုပ်ကွယ်ရာမှာ အတင်းပြောနေကြတယ်။ အားအားလျားလျားဗျာ။ မသေခင်စပ်ကြား တစ်ယောက်နဲ့တစ်ယောက် ဆိုးတိုင်ပင် ကောင်းတိုင်ပင် နွေးနွေးထွေးထွေး အတူယှဉ်တွဲ နေထိုင်သွားဖို့ စိတ်မကူးဘဲ အပုပ်ချချင်ကြသကိုးဗျ။ ခက်တယ်''

ဟု ပြောဆိုကာ ၎င်း၏ခေါင်းမှ ဆောင်းထားသော သက္ကလတ်ဦးထုပ်အစုတ်ကြီးအား ဆွဲချွတ်လိုက်၏။

''ဟာ ... ကိုမြသွေး''

''ဟုတ်တယ် အိုင်ပီရေ။ ဒီရထားလမ်းမှာ လူကြိတ်တဲ့သတင်း မနက်လင်းကတည်းကကြားလို့ မင်းကြီးဆီသတင်းပို့ပြီး တန်းစီပြီးတာနဲ့ ရုံးကထွက်လာခဲ့တာ''

''ကိုင်း ... ကျုပ်မပြောလား။ ကိုမြသွေး ဒီရောက်နေမှာပါဆို။ အိုင်ပီရဲ့ ... ဟဲ ... ဟဲ''

ဟု ကိုအောင်သန်းမှ ၎င်းအတွေးမှန်ကြောင်း ကျွန်ုပ်အား ဝင့်ကြွားစွာ ပြောပြန်၏။

လက်ကောက်တင်ရွှေနှင့် ကြွက်စုတ်လှဝင်းတို့မှာ ကိုမြသွေးပြောသမျှကို မကြားဟန်ပြုကာ ကျွန်ုပ်တို့ထံ လျှောက်လာပြီး ...

''အမှုက ရိုးရိုးရထားကြိတ်တာပါ။ အရက်မူးပြီး စိတ်ဖောက်ပြန်နေတဲ့ လူတစ်ယောက် ရထားလမ်းပေါ် လာအိပ်ရင်း ရထားလာတော့ မနိုးဘဲ ဖြစ်နေရာက ကြိတ်မိသွားတာ။ အခု မြို့မဂါတ်တဲက ရာဇဝတ်အုပ်ပေါက်စလေးနဲ့ ပုလိပ်ကလေးတွေ အလောင်းကို ရင်ခွဲရုံပို့ဖို့ လုပ်နေပါပြီ''

ဟု လက်ကောက်တင်ရွှေမှ ပြောလိုက်သည့်တွင် ...

''ဒါ ရိုးရိုးသာမန် ရထားကြိတ်တာ မဟုတ်ဘူးဗျ။ လူကို တစ်နေရာမှာ သတ်ခဲ့ပြီးမှ ရထားလမ်းပေါ် လာတင်သွားတာ။ ညက မိုးမရွာဘူး။ ရွာစရာလည်း အကြောင်းမရှိဘူး ...။ တပေါင်းလ နွေခေါင်ခေါင်ကြီး။ အဲဒီတော့ ရထားလမ်းပေါ်ကို ရိုးရိုးမကြည့်ဘဲနဲ့ စုံထောက်မျက်စိနဲ့ ကြည့်ကြ။

တစ်အချက် ရထားလမ်းတစ်လျှောက် လူကိုကြိတ်မိလို့ ခန္ဓာကိုယ်အပိုင်းအစတွေ ပြန့်ကြဲနေတယ်။

နှစ်အချက် အဲဒီလို ပြန့်ကြဲနေပေမယ့် အဲဒီနေရာတစ်လျှောက်မှာ သွေးလုံးလုံး မတွေ့ရဘူး။

သုံးအချက် အခင်းစဖြစ်တဲ့နေရာလို့ ယူဆရတဲ့ ဟောဒီနေရာမှာ သွေးတွေမြင်မကောင်းအောင် အိုင်ထွန်းပြီး ပေကျံနေရမှာ ဖြစ်ပေမယ့် သွေးတစ်စက်မှ မရှိဘူး။

ဒါကိုကြည့်ခြင်းအားဖြင့် ရထားကြိတ်မခံရခင်ကတည်းက အဲဒီလူ သေနှင့်နေပြီးသားမို့လို့ သွေးဆုတ်သွားပြီး ခုလို သွေးတစ်စက်မှ မထွက်တော့တာဘဲ''

ဟု ကိုမြသွေးမှ ရှင်းပြလိုက်ရာ ကျွန်ုပ်မှာ များစွာအံ့အားသင့်သွားရ၏။

စုံထောက်သင်တန်း တက်ရတာချင်းအတူတူပင်ဖြစ်သော်လည်း အသုံးမပြုရတာကြာပြီဖြစ်သော ဦးနှောက်အတွေးအခေါ်၊ မှတ်ဉာဏ်တို့မှာ မထက်မြက်တော့သဖြင့် ကိုမြသွေးပြောပြသည့်အချက်အား ကျွန်ုပ်တို့အားလုံး စိုးစဉ်းမျှပင် မစဉ်းစားမိပါချေ။

''ဒါကို အလျှင်ဦးဆုံး ပြောတဲ့သူက 'ဂိုဏ်းကူလီ' လို့ခေါ်တဲ့ သံလမ်းအလုပ်သမားတစ်ယောက်ဗျ အိုင်ပီတို့ရေ။ သူကမှတစ်ဆင့် သူ့ရဲ့လမ်းမိုလ်ဆီ သတင်းပို့ပြီး လမ်းမိုလ်ကမှတစ်ဆင့် ရုံပိုင်ကြီးနဲ့ ရုံပိုင်ကြီးကမှတစ်ဆင့် မြို့မဂါတ်ကို အကြောင်းကြားတာဗျို့။ ကျွန်တော်က မနက်စောစော လမ်းလျှောက်ထွက်ရင်း ဒီသတင်းကြားလို့ တစ်ခေါက်ရောက်ပြီးခါမှ အတည်ပြုပြီး မင်းကြီးဆီ သတင်းပို့ခဲ့တာ။ နောက်တစ်ခေါက် သတင်းစနည်းနာစရာလေးတွေ ရှိလို့''

စုံထောက်ကိုမြသွေးမှ ကျွန်ုပ်တို့အားလုံးအား ရှင်းပြနေခိုက် အနားပြာစုံထောက် လက်ကောက်တင်ရွှေနှင့် ကြွက်စုတ်လှဝင်းတို့မှ အချင်းချင်း လက်ကုတ်ကာ -

''အရင်စတွေ့တဲ့လူက လူသတ်သမားပဲ။ ဘူတာရုံသွားပြီး လမ်းမိုလ်ကိုမေးပြီး စတွေ့တဲ့ 'ဂိုဏ်းကူလီ' သံလမ်းအလုပ်သမားကို သူများမဖမ်းခင် လက်ဦးမှုအရင်ယူပြီး ဖမ်းရအောင် သွားစို့''

ဟု ပြောကာ ၎င်းတို့လေးယောက်လုံး ဘူတာရုံဘက်သို့ စုံထောက်ဌာနမှ ကားကိုမောင်း၍ အလျင်အမြန် ထွက်ခွာသွားကြတော့၏။

''ဘယ့်နှယ် ကိုမြသွေး။ ဒီလူတွေပြောသလို ဂိုဏ်းကူလီက လူသတ်တရားခံ ဟုတ်နိုင်ပါ့မလား။ သေတဲ့လူက ဘယ်သူလဲဆိုတာသိပြီလား''

''ဂိုဏ်းကူလီက လူသတ်သမား ဘယ်ဟုတ်ပါ့မလဲ အိုင်ပီရယ်။ သူတို့ အနားပြာစုံထောက်တွေ ရောက်လာတဲ့အချိန် သေဆုံးသူရဲ့ အလောင်း



www.burmeseclassic.com

www.burmeseclassic.com

ဝေဟင် ကောင်းကောင်းဖြင့်လိုက်ရတာ မဟုတ်ဘူး။ မြို့မင်းတိကာ ရာဇဝတ်အုပ်ကလေးနဲ့ သားမှင်တော်တွေက အလောင်းအပိုင်းအစတွေကို ဂုန်နီအိတ်ထဲ ကောက်ထည့်ပြီးနေကြပြီ။ သင်္ချိုင်းဆိုတာ ဘယ်သူမှ မရောက် [illegible] လက်ဦးမှုယူပြီး ရှာဖွေ [illegible] ခြေရာကောက်တာ အပြည့်စုံ [illegible] များတာကာတွေထက် နောက်ကျပြီးရောက်သွားရင် ခြေရာလက်ရာ ပျက်ယွင်းတာတို့၊ နောက်ထပ် ခြေရာလက်ရာအသစ်တွေ ထပ်တိုးလို့ မူလ အနေအထားကို ပိုပြီးရှုပ်ထွေးသွားစေတာတို့တွေ ဖြစ်တတ်တာကြောင့် သဲလွန်စကောက်ဖို့ ခက်ခဲသွားတတ် တယ် အိုင်ပီရဲ့၊ ဒါကြောင့် သတင်းကြားကြားချင်း အရင်လာပြီး သဲလွန်စ မပျက်မီ ပြီးတော့မှ ဆက်စစ်ဆေးပြီး နောက်တစ်ခေါက် ခြေရာလာ ကောက်တာ"

"[illegible] ကိုမြသွေးက ရှပ်ချက်ပြီး နောက်ဆုံးမေးတာပေါ့။ လူသတ်မှုဆိုတော့ သေတဲ့သူကို ဘယ်သူလဲ သိပြီလား။ သတ်တဲ့သူကို ရော မိနိုင်ပါ့မလား"

"ဟုတ်တယ် အိုင်ပီရေ၊ ကျွန် တော် သူဖုန်းစားလိုဝတ်ပြီး ဟော သူ ဖုန်းစားရုပ်ဖွက်ထဲ ဝင်စုံစမ်းတော့ သေတဲ့သူက ဘိုးတော်မြဝင်း သိုက်ဆရာတစ်ယောက်ပေါ့။ ပဲခူး ဘက်က လာတာတဲ့။ ဒီမှာ [illegible] အခြေချနေတာ သုံးလလောက် ရှိ သွားပြီဆိုပဲ၊ [illegible] ပြီး မြလိဇ္ဇာဘုရားနဲ့ ရေညိုဇုံကြီးဘုရား တွေဘက် သွားသွားပြီး သိုက်ဖော် တယ်လို့ သိရသတဲ့၊

ကျွန်တော် သူ့အလောင်းကို ကြည့်လိုက်တော့ ပေါင်မှာ ထိုးကွင်း မင်ကြောင်တွေ တွေ့ရတဲ့အပြင်၊ ဝဲဘက်ယာဘက် လက်ဖျံတွေနှစ်ဖက် လုံးမှာ ရေကြာသေးမင်ကြောင်တွေ ကို ချက်ချင်း တွေ့ရတယ်။

ဒါဟာ ရေမြုပ်မှာတွေရဲ့ အယူကို ယုံကြည်ယားတဲ့ သိုင်းပညာတတ် ကျွမ်းသူ လူတစ်ယောက်ဆိုတာ သိ သာနေတယ်။ သူ့ရဲ့လက်ထဲမှာ မိုင်း ကိုင်စက္ကူနဲ့ ရေးထားတဲ့ မြေပုံအညွှန်း အပိုင်းအစတစ်ခုကို တွေ့ရတာတွေကို ထောက်ရှုရင်း ဒီလူဟာ သိုက်ဆရာ အယောင်ဆောင်၊ ဘိုးတော်အယောင် ဆောင်ပြီး ရှေးဟောင်းရတနာသိုက်ရှာ တဲ့ ဂိုဏ်းက လူတစ်ယောက်ဆိုတာ ယူဆလို့ရတယ် အိုင်ပီရေ"

"အလို ... ကိုမြသွေး ပြောမှ တော့လည်း ရှင်းနေတာပါပဲလား ကိုအောင်သန်းရေ။ ကျုပ်တို့သာဆို အလောင်းပေါင် မမြင်လိုက်ရတော့ ဘယ်က အစကောက်ရမှန်းတောင် သိမှာမဟုတ်ဘူး။ ဒါထက် ခုနကမေး သလို တရားခံဖမ်းမိဖို့ အခြေအနေ"

"မိရမှာပေါ့ အိုင်ပီရယ်။ မြေပုံ အညွှန်းအပိုင်းဆို ဘုရင့်နောင်မင်း တရားကြီးရဲ့ယောက္ခမ ဘုရင်းမင်းကြီး ညီုရဲ့ အိမ်နေရာမှာတည်ထားတဲ့ ရေညိုဇုံကြီးဘုရားရဲ့ သောကြာထောင့် ကြွေခတ်ဒါးရုံတောမှာရှိတဲ့ ဘုရင့် အဆွာတိုက်ကို လူသတ်သမားနဲ့ အပေါင်းအပါတွေ လာတူးကြမှာ။ အဲဒီ မှာ ကျွန်တော်တို့က ဝိုင်းဖမ်းရုံပဲ"

"ဘယ်နေ့တဲ့တုံး ကိုမြသွေး"

"ဟန်ဆောင်မှုန်း လပြည့်နေ့ ညသန်းခေါင်ယံ နက္ခတ်တွေစုံတဲ့ အချိန်မှာတဲ့ အိုင်ပီ"

"ဘယ်ဟုတ်ပါ့မလား။ ဒီသေခင် ဘယ်လိုထောက်လှမ်းပြီး သိခဲ့တာလဲ ကိုမြသွေး။ တဆိတ်ရှင်းပြပါဦး"

"လွယ်ပါတယ် အိုင်ပီရယ်။ ယောဒီသူဖုန်းစား အဝတ်အစားတွေ ဝတ်ပြီး အဲဒီသူဖုန်းစား ရှာတဲ့ကို ဝင် ရည်းနှာလိုက်တာ ကဖော်သမားနှစ် ယောက်လောက်ကို ခေါင်းမဖော်နိုင် အောင်လည်း တိုက်လိုက်ရော ကမ္ဘာ ထဲက ရေတွေကျလာသလိုပဲ အိုင်ပီ ရေ။ သိသမျှအကုန်ပြောတော့တာကိုး ဗျ။ အဲဒီသူဖုန်းစားတွေက သေသွားတဲ့ သိုက်ဆရာဘိုးတော်ရဲ့ လက်ကိုလက် ဟောင်း၊ နိုင်းသူတွေကိုးဗျ။ ဟိုအဖွဲ့နဲ့ သိုက်တူးဖို့ စည်းဝါးချိုက်တာ ညှိမရဘဲ အခုလို ဘိုးတော်ကို ဓားနဲ့ထိုးသတ်ပြီး သံလမ်းပေါ် ပစ်ထားလိုက်တာတဲ့ဗျ အိုင်ပီတို့ရဲ့၊ ကဲ ..."

"အခုမှပဲ ရှင်းသွားတော့တယ် ကိုမြသွေးရေ။ ဒါဆို ခရိုင်မင်းကြီး မင့်တာချာလ်ယံမှာ တင်ပြပြီး တရား ခံဖမ်း ထွက်ကြတာပေါ့"

"ဟုတ်တယ် ... အိုင်ပီရေ။ သေနတ်ကောင်းကောင်းတွေတော့ ရွေးယူခဲ့ကြရမယ်။ ပန်းပဲချောင်းကျော် ရင် ပဲခူးရိုးမတောင်ခြေမို့ တောထူထပ် တော့ တောကောင်တွေပေါသလို ကျားတွေ၊ ဆင်တွေ၊ ဝက်ဝံတွေရန်ကို ကြောက်ရတယ်ဗျို့။ ပြီးတော့ ရတနာ သိုက်တူးမယ့် ဂိုဏ်းအဖွဲ့က ဓားပြ ကောင်တွေဆိုတော့ တူမီးသေနတ် တွေပါသတဲ့။ သတိထားမှရမှာ"

□ □ □

ညသည် တိတ်ဆိတ်ငြိမ်သက် နေ၏။ ကောင်းကင်ထက်၌ တန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

မှိန်းညှိုး လမင်းကြီးသည် ခေါ်ငွေအဆင်းဖြင့် ဂိုင်းဝိုင်းစက်စက် ထွန်းလင်းတောက်ပကာ ကြယ်ပေါင်းစုံရံခလျက် လောကတစ်ခွင်အား ငွေရည်ပက်ဖျန်းထားသဖြင့် ညဟုဆိုသော်လည်း တစ်လောကလုံး ရှင်းလင်းစွာမြင်နေရ၏။

"ဖလယ် ... ဖလယ် ... ဖလယ်"

အိပ်တန်းဝင်နေသော ငှက်အချို့ အလေးအိမ့မှ ထယုံသံ ကြားလိုက်ရသဖြင့် ကိုမြသွေးမှာ ကျွန်ုပ်တို့အားလက်ကုတ်၍ သတိပေး ပြောကြားလိုက်၏။

"သူတို့လာနေကြပြီ အိုင်ဝီ။ သူတို့ ထိုင်နားနေကြတဲ့အချိန်ကျမှ ဝင်ဖမ်းကြမယ်။ ကျွန်တော်တို့ရောက်နေတာ သူတို့ သိပုံမရဘူး။ သူတို့ဆီမှာ မြေပုံတစ်ချက် ရှိပုံရတယ်"

ကျဉ်းမြောင်းသော တောလမ်းအတိုင်း လျှောက်လာနေကြသည့် ရတနာသိုက်တူးမည့် အဖွဲ့အား မြေပုံအညွှန်းအရ စုရပ်ဖြစ်သော ကြခတ်ပင်ရှိ ကွက်လပ်နေရာ၌ သစ်ပင်ကြီးများကို အကာအကွယ်ယူကာ ကင်းပုန်းဝပ်နေကြသော ကျွန်ုပ်တို့မှ လူသတ်သမားများအား ဖမ်းဆီးရန် အစီအစဉ်အား မှုသေချမှတ်လိုက်၏။

"မနက်က သိုက်ဆရာ ဘိုးတော်မြဝင်းကို ရထားကြီးတတ်တဲ့ကိစ္စမြို့မဂါတ်က လူသေမှုနဲ့ အတည်ပြုလိုက်ပြီတဲ့။ ငါတို့လုပ်ဟာ မပိုင်လား။ ပုလိပ်တွေ မျက်စိလည်သွားပြီ ... ဟဲ ... ဟဲ"

"မဟဲနဲ့ သံခဲရေ။ ခရိုင်ပုလိပ်ဝန်ထောက်ရဲ့ စုံထောက်အဖွဲ့မှာ စီအိုင်ဒီက ပြောင်းလာတဲ့ စုံထောက်မြသွေးဆိုတာ အလွန်ထက်တယ် ကြားတယ်။ ငါတို့က ညွှန်သည့်တွေမို့လို့သာ ပုလိပ်တွေ မျက်စိလည်ချင်လည်မှာ။ မဟုတ်ရင် မလွယ်ဘူး"

"တွေးပြီး မပူပါနဲ့ ကျောက်ဖြူးရေ။ အခု ဘုရင့်ဘဏ္ဍာတိုက်တွေ့ပြီးရင် ဘီလပ်ကို ထွက်သွားလို့ရပါပြီကွ"

"ဘုရင့်ဘဏ္ဍာတိုက်က ဘယ်လောက်များလို့လဲ သံခဲ"

"ဘဏ္ဍာစိုးရဲ့ ပေစာအရဆိုရင် ရွှေလှည်းအစီး ၁၀၀၊ ငွေလှည်းအစီး ၁၀၀၊ ပတ္တမြားမောက်နဲ့ နန်းစဉ်ရတနာက လှည်းအစီး ၁၀၀ တောင်ကွ။ မနည်းဘူးနော်"

ခေါင်းဆောင်ဖြစ်ဟန်တူသော သံခဲ၏စကားအတိုင်း ကြခတ်ပင်ရှိပင်များကို အသီးသီးကျောမှီကာ ဝိုးဝိုးဘူကအိ၍ အနားယူသူက ယူနေကြတော့၏။ အားလုံးခြောက်ယောက်။ သေနတ်ပြောင်းရှည် ကိုယ်စီနှင့်ဖြစ်ပြီး အားလုံးမှာ ကူးမီးသေနတ်များဖြစ်ကြသည်။

သေနတ်များအား တစ်နေရာသတ်သတ် စုပုံထောင်ထားခြင်းက ကျွန်တော်တို့အတွက် အခွင့်ကောင်းတစ်ခုဖြစ်သည်မို့ စိတ်ချလက်ချအနားယူရင်း အိပ်မောကျသူများထံမှ ဟောက်သံများ ထွက်ပေါ်လာသော အချိန်၌ ကျွန်ုပ်တို့မှာ သေနတ်များထံ အလျင်သွားသိမ်းသူကသိမ်းပြီး ၎င်းတို့အားနားထင်နားကပ်၍ သေနတ်ဖြင့်ချိန်ကာ ကြက်ကလေး၊ ငှက်ကလေးများဖမ်းသလို လွယ်လင့်တကူ ဖမ်းလိုက်နိုင်ခဲ့တော့၏။

"နည်းနည်းမှ မလှုပ်နဲ့နော်။ မင်းတို့က ခြောက်ယောက်တည်း။ ငါတို့က ၁၂ ယောက်။ မင်းဟိုတက် နှစ်ဆများတယ်။ ငါတို့စုံထောက်အဖွဲ့တွေ မင်းတို့ကို ဖမ်းလိုက်ပြီ။ လူသတ်မှု လက်နက် ကိုင်ဆောင်မှုတွေနဲ့ပေါ့ကွာ"

"စုံထောက်ကိုမြသွေးဆိုတာ ဒါ တယ်ထင်ပါရဲ့"

"သိပ်ဟုတ်တာပေါ့ ကိုသံခဲရယ်။ ကျုပ်မြသွေးပါဗျာ"

"ဒါကြောင့်မို့ပါ။ တော်ရုံပုလိပ်တွေ စုံထောက်တွေလောက်ကတော့ သံခဲတို့က မမှုရေးချ မမှုထဲကပဲ။ အခု ဟာကလည်း ဆန္ဒလေးစောသွားပြီး ရထားလမ်းပေါ် သွားတင်ထားမိလိုက်လို့ပါ။ ဘိုးတော် သိုက်ဆရာမြဝင်းကို နေ့ထဲမှာလိုက်ရင် ဒီလိုဖမ်းမိမှာမဟုတ်ဘူး။ ဟင်း ... ခုတော့ ဘုရင့်ဘဏ္ဍာတိုက်ကို တူးရခါနီးမှများ လူသတ်မှုနဲ့ အဖမ်းခံရတယ်လို့ကွာ၊ နာလိုက်တာ။

လေးစားချီးကျူးပါတယ် ကိုမြသွေးရေ။ ခင်ဗျားလိုလူမျိုး စုံထောက်အဖွဲ့ထဲမှာ ရှိနေသရွေ့ ကျုပ်တို့ဓားပြဂိုဏ်းတွေ ရှင်သန်ခွင့်ရမှာ မဟုတ်ဘူး။ ဒီတော့ ကျုပ်ထောင်က လွတ်လာတဲ့ တစ်နေ့ကျရင် ခင်ဗျားကို အရင်သတ်မယ်လို့ ကျုပ်ကတိပေးသွားမယ်။ ကဲ ... ဖမ်းကြပါတော့။ ဟော့ကောင်တွေ အားလုံးအဖမ်းခံလိုက်"

သံခဲ၏ စကားကြောင့် ကျွန်ုပ်မှာ စုံထောက်ကိုမြသွေးအစား ကျောချမ်းလဲမှာ စိမ့်ခနဲဖြစ်သွား၏။ ကိုမြသွေးကတော့ အပြုံးမပျက်သည့်အပြင် နှုတ်ခမ်းတစ်ဖက်ကို လှပစွာ တွန့်ကွေးလျက် မဲ့ပြုံးပြုံးကာ "စိန်လိုက်လေ ကိုသံခဲရေ" ဟု ပြန်ပြောလိုက်ပါတော့သတည်း။

မောင်ဆွေ(တောင်ငူ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လပိုင်းည

ဝသုန်ဟိန်းထက်

အိပ်မက်ဆိုးတစ်ခုမှ ပျော်ခနဲ လန့်နိုးလာသည်။

မောဟိုက်လွန်းစွာဖြင့် အသက်ကို လုရှူနေရသည်။ မှန်ပြတင်းပေါက်ကို ဖွင့်လိုက်တော့မှ အပြင်မှာ လသာနေမှန်းတွေ့လိုက်၏။ 'ကေသရီ'တစ်ယောက် ရင်တုန်စွာဖြင့် ခုတင်ပေါ်မှ ဆင်းကာ ညဝတ်ရုံ၏ ခါးစည်းကြိုးကို သေချာစွာ ချည်နှောင်လိုက်သည်။

ရေတကောင်းမှ ရေတစ်ဖန်ခွက်ကို အားပါးတရ မော့သောက်ချလိုက်မှ ရင်ထဲအနည်းငယ် အမောပြေသယောင်ယောင်။ နာရီကို ကြည့်လိုက်တော့ ည ၁၁ နာရီ။

"ဟင် ... ငါအစောကြီး အိပ်ပျော်သွားတယ်"

ကေသရီ အံ့ဩသွားသည်။ ခါတိုင်းဆို ၁၂ နာရီ၊ ၁ နာရီလောက်မှ အိပ်နေကျ။ စာဖတ်ဝါသနာပါသော ကေသရီက ညတိုင်း စာဖတ်လေ့ရှိသည်။ သူငယ်ချင်းတွေကတော့ ကိုရီးယားဇာတ်လမ်းတွဲကို ကြည့်လိုက်၊ မြန်မာဗီဒီယိုဇာတ်ကား အခွေကြည့်လိုက်နှင့် အလုပ်ဖြစ်နေကြသည်။ တစ်ခါတစ်ရံ –တမ်းကြော်ကြော်သီချင်းတွေ သံပြိုင်အော်ဆိုကြသေးသည်။

ကေသရီတို့ သူငယ်ချင်း ရှစ်ယောက်ပေါင်း၍ ဤခြံနှင့် တစ်ထပ်တိုက်လေးကိုငှားနေကြသည်။ အကုန်လုံး ကုမ္ပဏီဝန်ထမ်းတွေ။ ကုမ္ပဏီချင်းတော့ မတူကြ။ တစ်ထပ်တိုက်ဆိုသော်လည်း ထပ်ခိုးပါသေးသည်။

ထပ်ခိုးတွင် အခန်းနှစ်ခန်းရှိ၍ နားအေးပါးအေးနေလိုသော ကေသရီက ထပ်ခိုးတွင်နေသည်။ ဟိုဘက်အခန်းမှာတော့ 'စုမြတ်'။

လူတစ်ကိုယ် စရိုက်တစ်မျိုး ဆိုသော်လည်း သူတို့တစ်တွေက စရိုက်တစ်မျိုး၊ ကေသရီက စရိုက်တစ်မျိုးဖြစ်နေသည်။ ပင်ကိုဗီဇအရ အရုပ်အကြောက်ကြီးသော၊ အေးချမ်းတည်ငြိမ်စွာနေတတ်သော၊ ဂုဏ်သိက္ခာကိုတန်ဖိုးထားသော၊ စာပေဝါသနာပါသော ကေသရီကို သူတို့က ကွယ်ရာမှာ 'အဘွားကြီး'ဟု ခေါ်ကြ၏။

သို့သော် ကေသရီကတော့ စိတ်မဆိုး။ ခပ်ပြုံးပြုံးပင်။ မြန်မာဆန်ဆန်အဝတ်အစားများကို ခုံမင်နှစ်သက်၍



www.burmeseclassic.com

www.burmeseclassic.com

ကွာခြေနိုင်ရှိစွာ သွားလာနေလိုင်တတ်သူ၊ သနပ်ခါးကို မြတ်နိုးသူ၊ ဆံပင်အရှည် ထားတတ်သူမို့ သူတို့အမြင်မှာ ကေသရီက အဘွားကြီးဖြစ်နေမပေါ့။ သူတို့ တစ်တွေက ခေတ်ဆန်သည်။ ခေတ်ရှေ့ပြေးသည်။ သူတို့ဝတ်ဆင်ထားတာ ကိုကြည့်ပြီး တစ်ခါတစ်ရံ ကေသရီပင် မျက်စိမရဲ။ ရှက်သလိုလို ခံစားရ၏။

အောက်ထပ်ကို ကြည့်လိုက်တော့ မီးပိတ်ထားသည်။ "သည်နေ့တော့ သူတို့တစ်တွေ စောစောကြီး အိပ်ကြတာပဲ"ဟု ကေသရီတွေးရင်း ပြုံးလိုက်မိသည်။ အိပ်မက်ဆိုးကြောင့် အနည်းငယ် စိတ်အိုက်နေ၍ တစ်ကိုယ်တည်း အောက်ထပ်ကို ဆင်းလာခဲ့သည်။ အမြဲတစေ မိမိနှင့် အနီးကပ်ဆုံးဖြစ်သော 'Nokia Hand Phone' ကိုပါ ယူလာခဲ့၏။

Ear Phone တပ်၊ ခင်မောင်တိုး၏ သီချင်းအေးအေးလေးများကို နားဆင်ရင်း လှေကားမှ တိုးတိတ်စွာဆင်းလာခဲ့သည်။ လရောင်က အောက်ထပ်မှာ ပြကောင်းပေါက်များကို ဖြတ်ကျနေ၍ မီးဖွင့်စရာပင် မလို။ အမြဲတစေ သွားလာနေကျ ဖြစ်၍လည်း ကေသရီ အတွက် ပြဿနာမရှိ။

သူတို့တစ်တွေက ခပ်စွာစွာသာ ပြောသည်။ တကယ်တမ်းကျတော့ အခုလို အချိန်မျိုးမှာ တစ်ယောက်တည်း မသွားရဲကြ။ အိမ်သာသွားလျှင် နှစ်ယောက်၊ သုံးယောက် အဖော်ပါမှ သွားရဲသည်။ ကေသရီကတော့ သည်လောက်မကြောက်။ သရဲတစ္ဆေထက် လူဆိုး လူမိုက်တွေကိုသာ ကြောက်သည်။

"ဟင် ... နောက်ဘက်တံခါးက ချက်လည်း မထိုးထားပါလား။ ဟန်နီတို့ကတော့လေ သိပ်နမော်နမဲ့နိုင်တာပဲ။ မတော်လို့များ သူခိုးဝင်လာရင် ခုက္ခပဲ။ ဒီခြံမှာ မိန်းကလေးတွေ ချည်းပဲရှိတာ သိရက်နဲ့"

ကေသရီက နောက်ဖေးတံခါးကို ဂျက်ထိုးရန် ပြင်လိုက်စဉ်မှာပင် ရိပ်ခနဲမြင်လိုက်ရသော လူရိပ်တစ်ခု ...။

"ဟင် ... ဘယ်သူလဲ"

ရင်ထဲ တဒိတ်ဒိတ် ခုန်လာသည်။ အမြင်များ လွဲသလားဟု သေချာစွာ ကြည့်လိုက်တော့ မလွဲပါ။

ခြံအနောက်ဘက် ရေစင်အနီးတွင် လူနှစ်ယောက်။ တစ်ယောက်က ဦးထုပ်ဆောင်းထားသော ယောကျ်ား၊ ကျန်တစ်ယောက်က မိန်းကလေး။ မျက်နှာချင်းဆိုင်ရပ်၍ စကားတိုးတိုး ပြောနေကြသည်။

စံပယ်ရုံနှင့် ပိန်းပန်းအိုးကြီးများ ကွယ်နေ၍ ရုတ်တရက် မမြင်နိုင်။ သူခိုးတော့ ဟုတ်ပုံမရ။ သမီးရည်းစား ချိန်းတွေ့ခြင်းဖြစ်ဖို့ များသည်။ သို့ဆိုလျှင် မည်သူနည်း။ ပင်ကိုအားဖြင့် မစပ်စုတတ်သော၊ ရှက်ရွံ့တတ်သော ကေသရီမှာ ယခုတော့ ဘယ်သူလဲဆိုတာ သိချင်စိတ် လွှမ်းမိုးလာခဲ့၏။

အဖြေသိအောင် ကြိုးစားမည်ဟု ဆုံးဖြတ်၍ နားကြပ်ကိုဖြုတ်၊ သီချင်းပိတ်၍ ခြေကိုဖွနင်းကာ ပိန်းရွက်ကြီးများ အကာအကွယ်ဖြင့် တရွေ့ရွေ့ တိုးလာခဲ့သည်။ ထိုသူနှင့် အနီးဆုံးနေရာအထိ ကေသရီ တိုးကပ်ခဲ့ရာ ယခုဆိုလျှင် ဆယ်ပေခန့်သာ ရှိပေတော့မည်။

"ရှင့်ကို ပြန်လို့ ပြောနေတယ်နော်"

"မပြန်ဘူး။ မင်း ခွေးဖာတ်ခင်းတာကို ငါက လက်ပိုက်ကြည့်နေရမလား။ ဟိုအကောင်နဲ့ တည်းခိုခန်းထဲ ဝင်သွားတာ ငါ့မျက်လုံးနဲ့ ကပ်အပ်မြင်တယ် သွယ်ဇင်ထွန်း ..."

ဘုရား ... ဘုရား။ ကေသရီ အံ့ဩသွားရသည်။ သူထင်ထားသလို မဟုတ်။ ချစ်သူတို့ သာဘာဝ ကြည်နူး သာယာနေခြင်းမဟုတ်။ တိုးတိုးတိတ်တိတ် ပြဿနာတက်နေကြသည်ကိုး။ ပြီးတော့ ပြောပုံအရဆိုရင် သွယ်ဇင်ထွန်းက ဖောက်ပြန်ခဲ့သည်ပဲ။

"ဒီမှာ ဥက္ကာ၊ ရှင်ကကော ဘာထူးလဲ။ အတူတူနဲ့ အနူနူပဲ ..."

သွယ်ဇင်ထွန်းရဲ့ တုံ့ပြန်စကားသံက ကေသရီနားထဲ တိုးဝင်လာ၏။ ဘာတဲ့ ... 'ဥက္ကာ'တဲ့။ တိုက်ဆိုင်မှုများလား။ မိမိ၏ချစ်သူ ကိုဥက္ကာနဲ့ အမည်တူနေခြင်းလား။ မျက်နှာကို သေချာစွာ မမြင်ရသော်လည်း ကိုယ်ဟန်အနေအထား၊ အရပ်အမောင်း၊ ပြီးတော့ လေယူလေသိမ်း စကားသံတွေကတော့ မိမိချစ်သူ ကိုဥက္ကာနှင့် တူလွန်းလှသည်ဟု ကေသရီထင်မိသည်။

"မဟုတ်ပါစေနဲ့၊ နာမည်တူတာ ဖြစ်ပါစေ"ဟု ရင်ထဲ ကျိတ်ဆုတောင်းရင်း မပြန်နိုင်တော့ဘဲ တိတ်တဆိတ် နားစွင့်နေမိသည်။ ခြင်ကိုက်သည်ကိုပင် အမှုမထားနိုင်တော့၊ ရင်တွေက ခုန်လို့။

"ငါက ဘာဖြစ်လို့ တူရမှာလဲ"

"ရှင် ကျွန်မကွယ်ရာမှာ ရည်းစားတွေ ထည့်လဲတွဲခဲ့တာ မသိဘူး များ မှတ်လား။ ညတိုင်း ကာရာအို



www.burmeseclassic.com

www.burmeseclassic.com

ကောဆိုင်တွေ၊ နိုက်ကလပ်တွေမှာ သွားနေနိုင်နေတာကော မသိဘူးထင်နေလား ဦးကျော့''

''မင်းကို ဘယ်သူပြောလဲ''

''ဟင်း ... ဟင်း သွယ်ဇင်ထွန်း ဆိုတဲ့မိန်းမက ရှင်ထင်ထားသလို ခပ်ညံ့ညံ့မိန်းမ မဟုတ်ဘူး။ ဒီကြားထဲ ကေသရီကို ရှင်က ကြံချင်သေးတာပေါ့။ ဟို ... အနုံမကတော့ ဘာမှ မသိရှာဘူး။ ရှင့်ကို သူတော်ကောင်း ထင်ပြီး စွဲလမ်းနေတာ။ ရှင်က မိန်းမကျမ်းကျေပြီးသားပဲ''

''ဒီမှာ ငါက ကျန်တဲ့မိန်းမတွေကို အပျော်သဘော ထားရင်ထားမယ်။ အထူးသဖြင့် မင်းတို့လို အချစ်ကို တန်ဖိုးမထားတဲ့ ခပ်ပေါ့ပေါ့မိန်းမတွေအတွက် ငါကလည်း ခပ်ပေါ့ပေါ့ပဲ။ ဒါပေမယ့် ကေသရီကို ငါတကယ်ချစ်တယ်။ အတည်တကျ လက်ထပ်ဖို့အထိ ရည်ရွယ်တယ်။ ငါ့အသည်းထဲ နှလုံးထဲကနေ ချစ်တာသိလား။ မင်းတို့နဲ့ မတူဘူး။ သွားမရောနဲ့''

''သွားစမ်းပါ ဒီစကားကို ဟို အဘွားကြီးသွားပြော။ ဒီစကားတွေ ရိုးနေပြီ''

''ဟင် ... သွယ်ဇင်ထွန်း''

မိမိထက် တစ်နှစ်ငယ်သော သူငယ်ချင်း သွယ်ဇင်ထွန်း ဖြစ်နေသည်။ ယောက်ျားမှာ မိမိကိုကျောခိုင်းထားပြီး အမှောင်ရိပ်ထဲကျနေ၍ မမြင်ရ။

''ရှင်ပြန်တော့''

''ငါ ပြန်ဖို့လာတာ မဟုတ်ဘူး''

သူတို့နှစ်ယောက်ထံမှ ခပ်အုပ်အုပ်စကားသံတွေကို ကြားနေရသည်။ စိတ်ထဲမှာတော့ ''သူတို့သမီးရည်းစားတွေ ချိန်းတွေ့ကြတာပဲ။ ဒါပေမယ့် ဒီလိုအချိန် ဒီခြံထဲမှာ မတွေ့သင့်။ ပတ်ဝန်းကျင်ကတွေ့မြင်ပါက မိန်းကလေးတွေချည်း နေသည့်အိမ်မို့ မသင့်တော်''ဟုတွေးရင်း ပြန်လှည့်ရန် ဆုံးဖြတ်လိုက်သည်။ တစ်ဆက်တည်းတွင် မိမိဘဝတွင် ပထမဦးဆုံး ချစ်သူဖြစ်သော 'ကိုဥက္ကာ'ကိုလည်း တမ်းတစွာ သတိရသွား၏။

ကိုဥက္ကာနှင့် ကေသရီတို့ ချစ်သူဖြစ်တာ ဘာမှမကြာသေးပါ။ ပြန်တွေးလျှင် တစ်လပင်မပြည့်သေး။ သူတို့နှစ်ယောက် ချစ်သူဖြစ်သွားသည်ကို သူငယ်ချင်းတွေကပင် မနာလိုကြ။ ကိုဥက္ကာက ယောက်ျားပီသ၍ သူတို့တစ်တွေကလည်း၊ မျက်စိကျနေခဲ့သည်။ ရေလာမြောင်းပေးတွေ လုပ်ကြသည်။

သို့သော် ကိုဥက္ကာက ထူးခြားစွာပင် အဘွားကြီးဟု အခေါ်ခံရသော ကေသရီကို မျက်စိကျခဲ့သည်။ ရွေးချယ်ခဲ့သည်။ အမှန်ပြောလျှင် ရင်မခုန်တတ်သော ကေသရီကလည်း ကိုဥက္ကာနှင့်ကျမှ ထူးဆန်းစွာ ရင်ခုန်ခဲ့သည်။ သုံးလတိုင်တိုင် အချိန်ဆွဲပြီးမှ ခေါင်းညိတ်ခဲ့ပါသည်။

''ပြောရရင် ကေသရီက လှတယ်၊ ချောတယ်၊ အကြည့်ခံတယ်။ အရပ်အမောင်းကလည်းကောင်း၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း တောင့်တောင့်တင်းတင်း ပြည့်ပြည့်စွက်စွက်ဆိုတော့ ကိုဥက္ကာက မျက်စိကျမှာပေါ့ဟယ်''

''ဪ ... ဟန်နီရယ်၊ ကေသရီက မြန်မာဆန်ဆန်နဲ့ ကျက်သရေရှိရှိ လှတာ။ သပ်သပ်ရပ်ရပ် ချပ်ချပ်ရပ်ရပ် ဝတ်စားတယ်ဆိုပေမယ့် နဂိုရှိတော့ နဂိုင်းထွက်ပြီးသားပေါ့။ နင့်လိုကြိုးတစ်ချောင်းနဲ့ မီနီစကတ် ဝတ်ပြစရာ မလိုဘူး။ မဆွဲလိုလည်း ထင်စကတ်ကို ကောက်ညှင်းထုပ်လို စည်းပြစရာမလိုဘူး။ ယောက်ျားလေးတွေက ပင်ကိုအလှတွေ မြင်ပြီးသား''

သူတို့အချင်းချင်း ဟားတိုက်ပြောဆိုသည်ကို ကေသရီကတော့ ခွန်းတုံ့မပြန် ရှက်ပြုံးလေးဖြင့်သာ ခေါင်းငုံ့နေရှာသည်။ စုမြတ်ကတော့

''ဟဲ့ ... ကောင်မတွေ မနာလိုမဖြစ်ကြနဲ့။ သူ့ကုသိုလ်နဲ့ သူကိုး''

ဟု ပြော၍ ကေသရီဘက်မှ ရပ်တည်၏။ စုမြတ်သာလျှင် ကေသရီအတွက် တိုင်ပင်ဖော်တိုင်ပင်ဖက် ဖြစ်ခဲ့သည်။ သုံးလဈေးချိန်ဆွဲသည်မှာလည်း စုမြတ်၏အကြံဉာဏ်ပင်တည်း။

ကမ္ဘာကြီးတစ်ခုလုံး ဟက်တက်ကွဲသွားသလို၊ လည်ပတ်နေသော သွေးတွေ ရပ်တန့်သွားသလို ကေသရီ ခံစားလိုက်ရသည်။ သေချာသွားပါပြီ။ ထိုသူသည် မိမိချစ်မြတ်နိုးရသော ကိုဥက္ကာပင်တည်း။ ဘဝမှာ တစ်ခါဆိုသလို ပထမဆုံး စွဲလမ်းစွာ ချစ်ခဲ့ရသော ကိုဥက္ကာက သွယ်ဇင်ထွန်းနဲ့ ငြိစွန်းနေသတဲ့။ ဒါတင်မကသေးဘူး။ ကြားခဲ့ရသော ကိုဥက္ကာ၏အကျင့်တွေ။

ကေသရီရင်ထဲ ဆို့နင့်ကြေကွဲစွာဖြင့် မျက်ရည်ကြည်တို့က တပေါက်ပေါက် ကျလာခဲ့သည်။ အသံမထွက်အောင် ကျိတ်ငိုရင်း ဦးနှောက်တစ်ခုလုံး ပွင့်ထွက်သွားမတတ် ခံစားလိုက်ရသည်။

''ရက်စက်လိုက်တာ ကိုဥက္ကာရယ်။ ကိုဥက္ကာက ကေသရီရဲ့ အချစ်ဦးပါ။ မွန်မြတ်ဖြူစင်တဲ့ မေတ္တာစစ်တွေ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ သွန်းလောင်းပြီး ကိုဥက္ကာကို ချစ်ခဲ့တာပါ။ အခုတော့ ရက်စက်လွန်းတဲ့ ကံကြမ္မာ ဝဋ်ကြွေးလို့ပဲ သဘောထားရတော့မှာလားဟင်။ ဘာကြောင့် ဒီလို ရက်စက်ရတာလဲ။ ဘာကြောင့် လှည့်ဖြားခဲ့တာလဲ။ လုပ်သင့်လို့လား ... ကိုဥက္ကာရယ်"

ကေသရီ့ရင်ထဲက စကားလုံးတွေက အပြင်ကို ထွက်မလာ။ မွန်းကျပ်သော ဆို့နင့်မှုက နှလုံးသားကို ဖျစ်ညှစ်ဆုပ်ကိုင်ခံလိုက်ရသလိုမျိုး ရင်သည်းညှာလပ် သည်းညှာနု ဆတ်ဆတ်ခါခဲ့ရချေပြီ။

မကြားလိုသော စကားသံတွေက လေထဲက ပျံ့လွင့်လာပြန်သည်။ ကိုဥက္ကာက ဒေါသကိုထိန်းထားသည့် လေသံဖြင့် ဆိုသည်။

"အောင်သိုက်ဆိုတဲ့ ကောင်က ကြာကူလီ အကြီးသမား။ ပြီးတော့ ငါ့ရဲ့ ရန်သူ။ ဒါတွေကို မင်းသိရက်သားနဲ့ ဒီကောင်နဲ့မှ သွားအိပ်ရတယ်လို့။ ဒီနေရာမှာ တခြားတစ်ယောက်ဆို ငါခွင့်လွှတ်ရင် ခွင့်လွှတ်မယ်"

"ရှင် ... အပိုစကားတွေ ပြောမနေနဲ့။ ရှင်နဲ့ ကျွန်မလည်း ပြတ်ပြီ။ ရှင်ပြန်တော့"

"ငါ မကျေနပ်ဘူး။ မပြန်ဘူး"

"အဲဒီတော့ ရှင်က ဘာလုပ်ချင်လဲ ကိုဥက္ကာ"

"သတ်ချင်တယ်။ မင်းကို သတ်ချင်တယ်။ ဟိုကောင် အောင်သိုက်က ငါ့ရှေ့မှာ လက်မထောင်ပြသွားတာ ငါ့မျက်နှာကို ဖြတ်ရိုက်ခံလိုက်ရသလိုပဲ"

"လဲသေလိုက်ပေါ့"

"မင်း ... ကဲကွာ"

"ဖြန်း ..."

"အမေ့ ... ရှင် ... ရှင် ... လူယုတ်မာ"

ဖြန်းခနဲ ပါးရိုက်သံနှင့်အတူ သွယ်ဇင်ထွန်း၏ ခန္ဓာကိုယ်က တစ်ပတ်လည်ထွက်သွား၏။ သွယ်ဇင်ထွန်းကလည်း မခံ။ ချက်ချင်း ခံသတ်သည်။ နစ်ယောက်သား ပူးကပ်လုံးထွေးလျက်။ သွယ်ဇင်ထွန်းက လက်သည်းရှည်များဖြင့် ကိုဥက္ကာ၏ မျက်နှာကို ဆွဲကုတ်၏။

"အား ... တောက် ... ခွေးမ"

ကိုဥက္ကာ၏ဒေါသတို့က ငယ်ထိပ်တိုင်အောင် ပေါက်ကွဲခဲ့ပြီ။ သွယ်ဇင်ထွန်း၏ ဆံပင်ကိုဆွဲ၍ လက်သီးဖြင့် ဆွဲထိုးချလိုက်သည်။

"ခွပ်"

"အင့်"

တကယ်တမ်းကျတော့ ... ယောကျ်ားတစ်ယောက်၏ ဒေါသ၊ ယောကျ်ားတစ်ယောက်၏ ခွန်အားကို မိန်းမသားတစ်ယောက်က မည်မျှအထိ တောင့်ခံနိုင်မည်နည်း။ ပုံလျက်သားလဲကျသွားသော သွယ်ဇင်ထွန်း။ မလှုပ်မယှက် ခွေခွေလေး။

"ခွေးမ ... မင်းကို အသေသတ်မယ်"

ဒေါသမထိန်းနိုင်သော ကိုဥက္ကာက သွယ်ဇင်ထွန်းပေါ် ခွထိုင်သည်။ အိတ်ကပ်ထဲမှ မောင်းချဓားကိုထုတ်၍ ဖြောက်ခနဲ ဖွင့်လိုက်သည်။

"ဟင် ... ဘုရား ... ဘုရား ... သူသတ်တော့မယ်"

ရုတ်တရက် ဘာလုပ်ရမှန်းမသိ။ အခုနေထအော်လိုက်လျှင် မိမိအသက်ကိုပါ ရန်ရှာမည်မှာ မလွဲ။ ကိုဥက္ကာက လူစိတ်ကင်းမဲ့နေသည်။ ရုတ်တရက် အကြံတစ်ခုရ၍ ဖုန်းကိုထုတ်ကာ ကိုဥက္ကာဆီ ဖုန်းခေါ်လိုက်၏။ ငါ့ ကောင်းထောက်မစွာဖြင့် ဖုန်းဝင်သွားခဲ့သည်။

"ချလွင် .. ချလွင် ... ချလွင်"

ကိုဥက္ကာ၏ ဖုန်းသံက ဆည်းလည်းကလေးများ ရိုက်ခတ်သံဖြစ်၏။ ကိုဥက္ကာက ရုတ်တရက်ပေါ်လာသော ဖုန်းမြည်သံကြောင့် ဓားကိုင်လက်ကို ချကာ ဘောင်းဘီဝတ်နှိုးကျင်ကို တစ်ချက်ငေ့ ဝဲကြည့်လိုက်သည်။ ထို့နောက် ဖုန်းကိုထုတ်၍ နံပါတ်ကို ကြည့်သည်။

"ဟင် ... ကေသရီ"

ဖုန်းကို နားမှာကပ်၍ ကမန်းကတန်း နားထောင်သည်။ ကေသရီက မျက်ရည်များကြားမှ ပြောမထွက်။

"ဟဲလို ... ကေသရီ ... ကေသရီ ... ဟဲလို"

" ........"

"ဟဲလို ... ဟဲလို ..."

ဖုန်းပိတ်ရန်စဉ်းစားပြီးမှ ကိုဥက္ကာက ပြန်ခေါ်လိုက်လျှင် သူရှိသော နေရာကို သိသွားမည်စိုး၍ မပိတ်ရဲ။ သွယ်ဇင်ထွန်းကတော့ မေ့မျောနေဟန်တူသည်။ ဘာအသံမှ မကြားရ။

"ဟဲလို ... ကေသရီလား"

"ကိုဥက္ကာ"

"ဟဲလို ... ကေသရီ ... အချစ်လေး ... ပြောလေ"

"ကိုဥက္ကာ ..."

"အင်း ... ပြောဆို။ ကေသရီ ဘာဖြစ်နေတာလဲ။ ကိုက ကေသရီ အိပ်နေပြီထင်တာ"

"ကို ဘယ်မှာလဲဟင်"

ခေတ္တမျှ အသံတိတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

"အင်း ... ကို ... အိမ်မှာပဲ လေ။ ဘာဖြစ်လို့လဲဟင် ..."

အခုအချိန်ထိ ညာနေသော ချစ်သူ့အတွက် ရင်နာရသည်။ အံကိုတင်းတင်းကြိတ်ရင်း အသံကို တွန်း၍ပြောလိုက်သည်။

"ကို ... ဘာလုပ်နေတာလဲ"

"ဪ ... ကိုလား။ အိပ်တော့မလို့၊ တီဗီကြည့်နေတာ။ ဘာလဲ ကေသရီက လွမ်းနေလို့လား"

"ဟုတ်"

"အချစ်လေးရယ် ... မနက်ကျရင် အစောကြီး ကိုလာခဲ့မယ်နော်။ ချစ်ကြိုက်တဲ့ နန်းကြီးသုပ်ဝယ်ခဲ့မယ်။ ပြီးရင် ကိုတို့နှစ်ယောက် ဘုရားသွားကြမယ်လေ"

"အဲသည်အတိုင်းဖြစ်ရင် သိပ်ကောင်းမှာပေါ့"လို့ ရင်ထဲကပဲ ပြောလိုက်မိသည်။ တကယ်တမ်းကျတော့ ...

"ဟုတ်"ဟုသာ တစ်လုံးတည်း ပြန်ပြောဖြစ်ခဲ့၏။

"ကေသရီ ဘာဖြစ်နေတာလဲ။ အသံလည်း မကောင်းပါလား"

"ဟင့်အင်း မဖြစ်ပါဘူး။ အိပ်မက်ဆိုးတွေမက်ပြီး နိုးလာလို့ ..."

"ဪ ... ဖြစ်မှဖြစ်ရလေကွယ်။ ဘာမှမကြောက်နဲ့။ ကိုအနားမှာ ရှိနေတယ်။ ကိုက အမြဲတမ်း ကေသရီကို ကာကွယ်ပေးမှာပေါ့"

သည်စကားကြားတော့ ကေသရီမှာ မျက်ရည်တွေ စီးကျလာရပြန်သည်။ ထိုအခိုက် ...

"အား ... အင့် ..."

သွယ်ဖင်ထွန်းတစ်ယောက် သတိပြန်လည်လာပုံရသည်။ ကိုညွှန့်ကျော်လည်း အပေါ်မှ ခွစီးလျက် လက်တစ်ဖက်ဖြင့် သွယ်ဖင်ထွန်း၏ ပါးစပ်ကို ပိတ်သည်။

"အု ... ဝု"

"ဖုန်း ... ဖုန်း"

သွယ်ဖင်ထွန်းက ထုရိုက်၍ ရုန်းကန်သည်။

"ကို ... ကို ... ဘာဖြစ်တာလဲ ဘာအသံတွေလဲ"

"ဪ ... ဘာမှမဟုတ်ပါဘူး ကေသရီ ... တိုးဝါ ပေါင်ပေါ်ခုန်တက်လာလို့"

'တိုးဝါ'ဆိုသည်မှာ ကိုညွှန့်ကျော်မွေးထားသော ကြောင်ဖြစ်၏။

"ခဏနော် ကေသရီ။ ကို ပြန်ဆက်လိုက်မယ် သိလား"

ကိုညွှန့်ကျော် ဖုန်းကို ပိတ်လိုက်ပြီးမှ ဒေါသတကြီးဖြင့် သွယ်ဖင်ထွန်းအား ထိုးကြိတ်ပြန်သည်။

"ဖုန်း ... ဖုန်း"

"ခွပ် ..."

"အင့် ... လူယုတ်မာ"

"ကဲကွာ ... မသာမ ..."

ကေသရီ ဘာလုပ်ရမှန်း မသိ။ အနီးအနားကို ကြည့်လိုက်တော့ အုတ်နီခဲကျိုးတစ်ခု။ ဒီခဲကျိုးဖြင့် ပစ်လို့က အရာရောက်မည်မဟုတ်။ မလိုလားအပ်သော ပြဿနာ ထပ်ဖြစ်လာနိုင်သည်။ ထို့ကြောင့် ကေသရီက ခဲလုံးကို ခြေရင်းအိမ်ရှိ မှန်ပြတင်းပေါက်အား ချိန်ရွယ်၍ ပစ်ပေါက်လိုက်ပါသည်။

"ချွမ်း ... ချလွမ်း"

ပစ်မှတ်က တိကျသည်။ တစ်ဖက်အိမ်မှ မှန်ပြတင်းက ကွဲကြေသွားသည်။ တိတ်ဆိတ်သော ညအချိန်၌ မှန်ကွဲသံက ကျယ်လွန်းလှသည်။ ကေသရီ၏ အကြံအစည် အောင်မြင်သည်ဟု ဆိုရချေမည်။ တစ်ဖက်အိမ်မှ ချက်ချင်း မီးတွေလင်းလာသည်။ ထို့အတူ ကေသရီတို့ အိမ်မှာလည်း မီးတွေလင်းလာ၏။

"ဘယ်ကောင်လဲကွ ... မှန်ကို ခဲနဲ့ထုတာ"

ထွားထွားကျိုင်းကျိုင်း ယောက်ျားသားသုံးဦးက တုတ်တွေကိုင်ရင်း ဆင်းလာသည်။ လက်နှိပ်ဓာတ်မီးဖြင့် ဟိုသည် ထိုးကြည့်နေသည်။ ကိုညွှန့်ကျော်က သွယ်ဖင်ထွန်း၏ ပါးစပ်ကို ဖိမိရပ်အောင်၍ အမှောင်ရိပ်၌ ငြိမ်ကုပ်နေသည်။ ကေသရီတို့အိမ်မှလည်း ကောသံတွေ ခပ်တိုးတိုး ထွက်လာသည်။ မိန်းမသားတွေချည်းဆို၍ ထွက်ကြည့်ရဲကြမည်တော့ မဟုတ်ပေ။

ကေသရီက ဖြစ်လိုရာဖြစ်သဘောထား၍ ခဲလုံးခပ်ကြီးကြီးတစ်လုံးယူ၍ သူတို့သုံးယောက်ရှိရာသို့ ဝိုးခနဲ လှဲပစ်လိုက်ပြန်သည်။

"ဟာ ... ခဲနဲ့ထုတယ် အဖေ"

"တောက် ... ဘယ်ခွေးမသားလဲကွ။ သတ္တိရှိရင် ထွက်ခဲ့"

"ခိုးကြောင်ခိုးဝှက်နဲ့ ဘယ်ကောင်လဲကွ။ မိုက်ရင်ထွက်ခဲ့"

အရွယ်ရောက်နေပြီဖြစ်သော သားနှစ်ယောက်ကလည်း ကရာတေးသင်တန်းဆင်းတွေမို့ သွေးဆူနေသည်။ တစ်ခြံလုံးအနှံ့ လိုက်ရှာသည်။ ဓာတ်မီးရောင်တွေက နေရာအနှံ့။

ကေသရီ အားတက်သွားသည်။ ထို့အတူ သွယ်ဖင်ထွန်းကလည်း အားတက်သွားပုံရသည်။ ရုန်းကန်အော်ဟစ်ရန် ကြိုးစား၏။

"ကယ် ...ဝု ... အု"

www.burmeseclassic.com

ကိုဥက္ကာကသည်း အသံမထွက် စေရန် ကြိုးစားသည်။ တစ်ခက်ခြိမ့် သားအဖသုံးယောက်က ...

"ဟိုဖက်နားက အသံကြား သလိုပဲ အဖေ"

"သွားကြည့်မယ်လေ"

သားအဖသုံးယောက်နှင့် ကိုဥက္ကာ [illegible] အနေဆို ကြားမှာ ခြံစည်းရိုးသာ ခြားသည်။ ထိုအခြေအနေကို အခွင့် ကောင်းယူ၍ ကေသရီက ကိုဥက္ကာဖုန်း ကို ခေါ်လိုက်၏။

"ချွင် ... ချလွင် ... ချလွင်"

"ဟာ ..."

"အဖေ ... ဟိုမှာ လူ ... လူ"

သားအငယ် စကားမဆုံးခင်မှာ ပင် သားကြီးက ဓာတ်နံ့နှံ့ပေါ် လွှားခနဲ ရောက်လာပြီး သုံးယောက်စလုံး ရှေ့ဆင့် နောက်ဆင့်။ ကိုဥက္ကာက အခြေ အနေကို ရိပ်စားမိကာ ထပြေးသည်။

"ဟိတ် ... မပြေးနဲ့"

"နိုး"

"နုတ်"

"အင့်"

ဖုတ်ကနဲချောင်းက [illegible] နေသော ကိုဥက္ကာ၏ ခြေကြားသို့ အရှိန် ဖြင့် ပြေးဝင်သွား၏။

ကိုဥက္ကာမှာ မြေပေါ်သို့ ဒိုင်းခနဲ ခွေလဲကျသည်။ မြန်လိုက်သည့် ဖြစ် ခြင်း။ [illegible] သင်တန်း [illegible] တွေ လို [illegible] ကိုဥက္ကာကို ချုပ်မိ သွားကြပြီး လက်တွေ့ [illegible] တွေ့ [illegible] အဆာ [illegible]

"ရှပ်"

"အင့်"

"ဖုန်း"

"အား"

"သွယ်ဇင် ... သွယ်ဇင်"

ကေသရီမှာ အခုမှ ရဲရဲပြေးထ ကာ သွယ်ဇင်လွန်းကို ပြေးထူသည်။

"ဖမ်းကြပါရှင် .. သူ့ကိုဖမ်းကြပါ။ ကျွန်မကို့သတ်ဖို့ ကြံစည်နေတာပါ"

အခြားအိမ်နီးခြင်းတွေပါ ရောက် လာကြသည်။ ကိုဥက္ကာကတော့ ကရာ ဘေး ညီနောင်တို့ လက်စွမ်းပြထား၍ ခေါင်းပင်မထူနိုင်။ တစ်ကိုယ်လုံး သွေး အလိမ်းလိမ်း။ သို့တိုင်အောင် သူသည် တစ်ခုခုကို ကြိုးစားနေ၏။

"ကိုဥက္ကာ"

ကေသရီ၏ ချစ်လှပါသည့် ဆို သော အချစ်ဦး ချစ်သူ။ သူကတစ်ခုခု ကြိုးစားနေသည်။ ဒဏ်ရာဇရပ္ပမျာ အကြားမှ ဖုန်းနံပါတ်တွေကို နှိပ်နေ သည်။

"ရုံစခန်းကို ဖုန်းဆက်ကွာ"

"မိန်းကလေးတွေမှိုဟဲခြံကို ကြံ စည်ချင်တဲ့ကောင်"

မြေပေါ်မှာ လဲကျနေသော ကိုဥက္ကာကိုပစ်၍ ရဲစခန်းကို ဖုန်းဆက် ကြသည်။ ကိုဥက္ကာကတော့ ဖုန်း နံပါတ်တစ်ခုကို သွေးများပေကျံနေ သော လက်ဖြင့် ကြိုးစားနှိပ်နေ၏။

"တီ ... တီ ... တီတီ ... တီ တီ ..."

ကေသရီ၏ ဖုန်းမြည်သံ ထွက် ပေါ်လာသည်။ နံပါတ်ကို ကြည့်လိုက် တော့ ကိုဥက္ကာ။ မျက်ရည်တွေ တပေါက်ပေါက်ကျနေသည့်ကြားက ကေသရီက ဖုန်းကိုင်လိုက်သည်။

"ဟဲလို"

"ကေ ... ဘေသရီ"

"ကိုဥက္ကာ"

"ကေ ... ကေသရီကို ...

သိပ် ... သိပ်ချစ်တယ် ..."

"ကိုဥက္ကာ"

နောက်ထပ် ဘာသံမှ မကြားရ တော့။ ကေသရီက လူအုပ်ကြား အတင်းတိုးဝေ့၍ ကိုဥက္ကာကိုကြည့် သည်။ သူသတိလစ် မေ့မျောနေချေ ပြီ။ သိပ်မကြာပါ။ ရဲသားများ ရောက် ရှိလာ၍ ခေါ်ဆောင်သွားကြပြီ။

လူယုတ်မာနှင့်ဘေး၍ ဝမ်းနည်း ရမလား၊ ဝမ်းသာရမလား ကေသရီ မသိတော့။

ရုမြတ်၏ရင်ခွင်ထဲ ခေါင်းအပ်၍ ရှိုက်ကြီးတငင် ကေသရီ ငိုချလိုက်ပါ တော့သည်။ ဤမျက်ရည်များသည် ဘာအတွက်ကျသလဲဟု မေးရင် ကေသရီ၏ အဖြေခံရှိ။

အချစ်လမိုင်း ဖမ်းစားခံခဲ့ရသူ ဟစ်ယောက်၏ လမိုင်းကာစ်သောညကို ဘယ်တော့မှ မမေ့နိုင်တော့မည် မဟုတ်။ ချစ်ရသူက လူယုတ်မာဖြစ်နေ၍ ဝမ်း နည်းတာလား။ ချစ်ရသူနဲ့ ခွဲရလို့ ကြေ ကွဲတာလား။ အခြေအနေမှန်ကို စောစီးစွာသိရ၍ ယူကျုံးမရနဲ့ ကျတဲ့ မျက်ရည်လား။ ဆိုတာကိုတော့ ကေသ ရီ မခွဲခြားတတ်တော့ပါ။

ဓသချာတာကတော့ ထိုည သည်ကား ကေသရီဘဝကို လမိုင်းစီး ခံရသော လမိုင်းအကာပ်ခံရသော ...

"လမိုင်းည ..."

"လမိုင်းည ...",

"လမိုင်းည ...."အဖြစ် မှတ် ထင်စွဲလမ်း တည်ရှိနေမည် ဖြစ်ပါ တော့သတည်း။

ဝသုန်ဟိန်းဇော်



www.burmeseclassic.com

www.burmeseclassic.com



# လူသားလိပ်

ကိုဖိုးတင်အောင်

ခင်မောင်တင့်ဆိုတာ ကျွန်တော်တို့လိုပဲ ကဗျာတွေစာတွေ ရေးနေတဲ့သူ။ စာပေအနုပညာဘက်မှာတော့ ကျွန်တော်တို့ကတောင် စံထားလောက်ရတယ်။ သူရေးလိုက်တဲ့ ကဗျာတွေ၊ ဝတ္ထုတွေဆိုရင် လစဉ်လတိုင်းလိုလို မဂ္ဂဇင်းတွေမှာ ပါတာချည်းပါပဲ။

ပြီးတော့ လိုင်းစုံအောင်လည်း ရေးတတ်သေးတယ်။ တကယ့်ကို တော်တဲ့သူပါ။ ကျွန်တော်တို့ကတော့ တစ်ကြောင်းသွားတွေဆိုတော့ ကဗျာဆိုရင် ကဗျာသတ်သတ်၊ စကားပြေဆိုရင် စကားပြေ သတ်သတ်။ တစ်လိုင်းစီ တစ်ကန့်စီပဲ ရေးတတ်တယ်။

သူ့လို တစ်ထိုင်တည်းနဲ့ လိုင်းတွေစုံအောင် ရေးတတ်တာမျိုး မဟုတ်ပါဘူး။ ကျွန်တော်တို့နဲ့စာရင် သူက ဆရာကြီးပေါ့လေ။

အခုလည်းပဲ အချစ်ဝတ္ထုတွေ ရေးရတာ တွက်ခြေကိုက်တာဆိုပြီး နေ့မအား ညမအားနဲ့ တကုတ်ကုတ်ရေးနေပြန်ပါပြီ။

စာရေးတာ ကောင်းပါတယ်၊ ဒါပေမယ့် ကိုယ်ရေးမယ့်စာဟာ ဖတ်တဲ့လူအဖို့ မြည်းရမယ့်စာလား၊ မျိုချရမယ့်စာလား၊ ညက်ညက်ကြေအောင် ဝါးပြီး စားရမယ့်စာလား။ ဒါတွေကိုတော့ သိထားဖို့ ကောင်းပါတယ်။

အရည်အချင်းတိုင်းဟာ ခံစားချက်ကိုမူတည်ပြီးမှ ဖြစ်ထွန်းပေါ်ပေါက်လာရတာပါ။ အရည်အချင်းကောင်းဖို့ဆိုရင် ခံစားချက်တွေကလည်း ကောင်းရပါလိမ့်မယ်။

ဘယ်ကိစ္စမဆို ရိုးရိုးသားသားနဲ့ ကြိုးကြိုးစားစားလုပ်ကိုင်မယ်ရင် ဘာတွေကိုပဲလုပ်လုပ် သိက္ခာကတော့ ရှိစမြဲပါ။

ခင်မောင်တင့်က အရေးလည်းသွက်၊ အတွေးကလည်း တတ်တဲ့သူ မဟုတ်လား။ သူရေးလိုက် အချစ်စာမူတွေက ဂျာနယ်မဂ္ဂဇင်းမျိုးမှာ လတိုင်းလိုလိုပါတယ်။

အဲသည်ကရတဲ့ စာမူခကလည်း မြိုးမြိုးမြက်မြက်ကလေး ဖြစ်နေတော့ အချစ်ဝတ္ထုတွေ ရေးပြီးတဲ့နောက်ပိုင်းမှာပဲ သူ့မိသားစုမှာ အသက်ရှူချောင်လာတယ်လို့ ဆိုရမယ်။

ကျွန်တော်တို့ကတော့ မြန်မြန်ရောက်ဖို့ထက် မှန်မှန်လျှောက်ရဖို့အရေးကိုပဲ ကြိုးစားနေရတာဆိုတော့ သူ့လောက်အောင်မြင်မှုတွေ မရခဲ့ပါဘူး။

အခုလည်းပဲ ကျွန်တော့်ကို ချိန်းပြန်ပါပြီ။ ဘာကိစ္စမှန်းတော့ မဆိုနိုင်ပါဘူး။ တကန့် စာပေကိစ္စပဲဖြစ်ရမယ်။ ချိန်းလာတော့လည်း ချိန်းလာတဲ့အတိုင်း သူ့အိမ်ရှိရာ ကျွန်တော်သွားရတယ်လေ။

တခြားတော့ မဟုတ်ပါဘူး။ သူလက်ရှိရေးနေတဲ့ အချစ်ဝတ္ထုကို လုံးချင်းထုတ်ဝေမယ့် အကြောင်းပါ။ ဒါက နောက်မှ သူပြောပြလို့သိရတာပါ။ အဲသည်ကိစ္စလေး မသိရခင် ကြုံရပုံလေး ပြောရဦးမယ်။

ကျွန်တော် သူ့အိမ်ရောက်ခိုက်မှာ အရေးထဲမှာ အရာပေါ်ဆိုသလို သူ့သားနဲ့ သမီးကို ဆူနေတာနဲ့ သွားတိုးနေတယ်။

ခင်မောင်တင့်က စာရေးဆရာသာဆိုတယ်။ စိတ်ဓာတ်က မာသားသားရယ်။ သူ့သားနဲ့ သမီးကတော့ အဖေကို ကြောက်ရတဲ့သူမို့ ဘာမှ စောဒကမတက်ဝံ့ပဲ ငြိမ်ကုတ်နေရှာတယ်။

ကျွန်တော့်ကိုမြင်မှ သူလည်း ကျွန်တော့်ကို အိမ်ထဲဖိတ်ခေါ်ရင်း၊ ကျွန်တော်က မမေးရပါဘဲနဲ့ သူ့သားသမီးတွေနဲ့ ဖြစ်ပျက်သမျှတွေကို ရင်ဖွင့် ပြောပြလာတယ်။

"ငါ့သားသမီးတွေက ကောင်းတဲ့သူတွေ မဟုတ်ဘူး။ မိဘက မလုပ်ခိုင်းဘဲဆိုရင် တိုးပြီးလုပ်ချင်ကြတယ်။ အခုလည်း ငါမရှိတုန်းမှာ ငါအကြမ်းရေးထားတဲ့ အချစ်စာမူတွေကို ခိုးပြီးဖတ် ကြတယ်လေ"

ကျွန်တော်ကလည်း မနေသာတော့ ဆိုလိုက်ရတာပေါ့။

"အဖေရေးတဲ့ အချစ်ဝတ္ထုကို သားသမီးတွေဖတ်တာ အဆန်းမဟုတ်ပါဘူး။ ဖတ်ပစေပေါ့ကွာ"

သည်မှာတင် ခင်မောင်တင့် ရှုရှုရှဲ့ရှဲ့ ဖြစ်သွားပြီး ...

"ဘာသိလို့လဲ။ ငါရေးတဲ့အချစ်ဝတ္ထုတွေက သူများတွေဖတ်ဖို့ ရေးတာ၊ ငါ့သားသမီးတွေဖတ်ဖို့ ရေးတာမဟုတ်ဘူး။ ပြောရရင်အရှည်ကြီး ဖြစ်လိမ့်မယ်"

လူဆိုတာ ကိုယ့်ဘက်ကျတော့ ကိုယ်သိတတ်ကြတာချည်းပါလားနော်။

ကိုဖိုးတင်အောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နေ့ဗရှောင် စာရ

ဟာန်သီဖဝ်

သူ့အမည်မှာ 'မျိုးမင်းအောင်'။

သူ့ကိုမွေးဖွားစဉ်က အကောင်းဟာကာ့အကောင်းဆုံး ဖြစ်စေရန် မိဘများက အမည်ပေးခဲ့လေ၏။ သူတို့နေထိုင်ရာဒေသမှာ မြို့နှင့် အလှမ်းကွာဝေးလှသည်။ စတုတ္ထတန်းအောင်လျှင် သူတို့ရွာများကျောင်းပြီးလေတော့သည်။ ခုလို နေပြည်တော်ကြီး တည်ဆောက်ပေါ်ထွန်းလေသောအခါ သူတို့ရွာတွေ မြို့ဖြစ်လာရသည်။ လယ်စိုက်၊ ယာထွန်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရင်း မနက်၊ ညထမင်း မနည်းပင် နပ်မှန်အောင်ကြိုးစားရလေသည်။ သူတို့ရွာမှာ လယ်မြေရှိသူက လယ်ပေါင်၊ လယ်ရောင်း၊ ခြံမြေ၊ အိမ်ရှိသူများက ရောင်းသူရောင်း၊ ပေါင်နှံသူက ပေါင်နှံ အရင်းပြု၍ မြဝတီ၊ မဲဆောက်အလုပ်လုပ်ရန်သွားသူကသွား၊ မလေးရှားဘက် ထွက်သူကထွက်နှင့် စွန့်လွှတ်စွန့်စားကြသည်။

မျိုးမင်းအောင်၏ဘဝက အရင်းနှီးစိုက်ထုတ်ပေးမည့်သူလည်းမရှိ၊ ရှိလည်းသူလိုလူစားက ပျင်းရိခြင်းခြောက်ပါးဘွဲ့ကို အပြည့်အဝ ခံယူထားလေသည်။ ယောက်ျားပျင်း ကျောခင်း စကားပုံကို ဝါးမျိုထားသူပမာပင်။ ရေဆာတာတောင်မှ သူများခပ်ပြီးသားရှိလျှင် သောက်မည့်သူ။ ထမင်း၊ ဟင်းအတွက်လည်း ထို့အတူပင်။ မည်သူမျှ မသထာအောင် အဆင်သင့်စားသုံးချင်သူ ...။

ရွာမှာက ဟိုးတုန်းကလို မဟုတ်တော့။ နေပြည်တော်ဆိုပြီး မြို့တော်ကြီးတည်ကတည်းက အလုပ်အကိုင်ပေါ်များလာသည်။ ဈေးဆိုင်ကြီး၊ ဈေးဆိုင်ငယ်နှင့်ကြီးပွားသူတွေလည်း ရှိလာ၏။ အိမ်တိုင်းလိုလိုမှာ စလောင်းတွေ၊ ဟီဗွီကြီးတွေ၊ ဆိုင်ကယ်ကယ်ရီနှင့် ဟဲန်းဖုန်းခါးချိတ်ကာအလုပ်ဖြစ်သူတွေ ရှိလာသည်။ လက်ဖက်ရည်ဆိုင် ဗိုင်းဖွဲ့ကြလျှင် မျိုးမင်းအောင်၏ ဘဝက မျက်နှာငယ်ရသည်။ သူများတိုက်မှ သောက်ခွင့်ရသည့် လက်ဖက်ရည်၊ နည်းနည်းကျွေးမွေးပြီး များများခိုင်းချင်သူတွေဟု သူက မြင်သည်။

နေနှင့်ဦးပေါ့ ...။

သူတို့ကို စတိုင်ကျကျနေရသည့် ဘဝမျိုး နေကိုနေပြဦးမည်။ သူ့ဘဝ ကြီးပွားချမ်းသာရေးအတွက် အကြံကောင်း၊ ဉာဏ်ကောင်းရရန် တွေးဆရသည်။ တစ်နေ့မှာ နိုင်ငံခြားအက်ရှင်ရုပ်ရှင်ကားကြည့်ပြီး ဖောက်ထွင်းဝိဇ္ဇာသူခိုးကြီး ဇာတ်ရုပ်ကို သဘောကျမိ၏။

မျိုးမင်းအောင်၏ အသိဉာဏ်မှာ အလုပ်သာ လက်ကြောမတင်းရှိမည်။ အတွေးကတော့ မရပ်မနား အလုပ်လုပ်လို့နေသည်။ ရှည်ရှည်ဝေးဝေး ရှာနေစရာမလို၊ လူတို့၏ အားနည်းချက်ကိုတော့ မျိုးမင်းအောင်၏ ဉာဏ်မှာ လှစ်ခနဲ မှန်းဆမိသည်။ အချိန်တစ်ပတ်ခန့် အပင်ပန်းခံ လေ့လာလိုက်သောအခါ သူ၏ ရည်မှန်းချက်ကြီးအား အကောင်အထည်ဖော်လေတော့သည်။

နေပြည်တော် ရပ်ရွာများက သွားလာသူကျဲပါးသည်။ နေ့လယ်နေ့ခင်း ပူပူလောင်လောင်ဆို ဈေးရောင်း၊ ဈေးဝယ်အသွားအလာမရှိ၍ ဆိုင်ရှင်၊ လုပ်ငန်းရှင်များ အနားယူငိုက်မျဉ်းလေ့ရှိသည်။ ခြံကြီးဝင်းကြီးများမှ နေ့လယ် အသာဝင်ရောက်ခဲ့ပြီး လစ်လျှစ် ပစ္စည်းယူသည်၊ မလစ်လျှင် ...

"ဟေ့ သူငယ် ... ဘာကိစ္စလဲကွဲ့" ဟူ၍ အိမ်ရှင်နှင့် ကြုံလျှင် –

"အလုပ်ကလေး ဘာကလေးများ ခိုင်းစရာရှိလားလို့ပါခင်ဗျာ"

ဟူ၍ သနားကမားအသွင်ဆောင်၍ ဖြေသည်။ အလုပ်ရှိသည်ဆိုလျှင် အိမ်၏အနေအထား သိရှိရန် လေ့လာရင်း အိမ်ရှင်၏ ကြွယ်ဝချမ်းသာမှုကို အကဲခတ်ရင်း လုပ်ကိုင်ခဲ့သည်။ မှတ်သားထားခဲ့သည်။ အိမ်ရှင်နှင့် မကြုံလျှင် မျိုးမင်းအောင်အတွက် အကွက်ကောင်းဆိုက်သည်ဟု မှတ်ယူရမည်။

ကံကြမ္မာဆိုသည်မှာ မမြင်နိုင်သည့်သဘောမို့ တစ်နေ့ မိုးဖွဲဖွဲရွာနေချိန်တွင် ရွှေလီလမ်းရှိ အိမ်တစ်အိမ်မှာ အိမ်တံခါးသော့ခတ်ထားလေ၏။ ခပ်လှမ်းလှမ်း လက်ဖက်ရည်ဆိုင်ကနေ လေ့လာပြီးမှ လူကွယ်ရာ ခြံစည်းရိုးမှ ကျော်ဝင်ကာ အဖိုးတန်ပစ္စည်းများအား ရှာဖွေယူသင်ခဲ့တော့သည်။

✣ ✣ ✣

ဦးသန်းဆွေနှင့် မိသားစု ဥပ္ပါတသန္တိစေတီသို့ ညှိသည်များအား ဘုရားဖူးလိုက်ပို့ပြီး ပြန်ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အဝတ်အစားသဲရုန့် ဒေါ်အေးတစ်ယောက် အခန်းထဲဝင်လိုက်စဉ် ...

"ဟင် ..."

အိပ်ခန်းတစ်ခုလုံး ပစ္စည်းများ ပွစာကြဲလို့နေသည်။

"ကိုသန်းဆွေ၊ လာပါဦး"

ကျယ်လောင်သော ခေါ်သံကြောင့် အပြေးအလွှား အခန်းရှိရာသို့ ဝင်လာသောအခါ –

"ဟင် .. ဒါတွေက ဘယ်လိုဖြစ်"

ပြောရင်းက ဗီရိုရှိရာ ကြည့်မိလေသောအခါ ဗီရိုတံခါးပွင့်လျက် –

"မိန်းမ၊ မင်းသော့မခတ်ခဲ့ဘူးလား"

"သော့ခတ်ခဲ့ပါတယ်ရှင်"

ရင်ထဲမှာ ဒိုးရိမ်ပူပန်စွာဖြင့် ဗီရိုအတွင်းရှိ ပစ္စည်းများအား စစ်ဆေးကြည့်လိုက်သည်။

"သွားပါပြီ ... အီး .. ဟီး .. ဟီး၊ အနှစ်နှစ်အသလက စုဆောင်းထားတဲ့ (၃)ကျပ်သားဆွဲကြိုး မရှိတော့ဘူး၊ နေဦး၊ ဟဲန်းချိန်းဘယ်ရောက်သွားပြီလဲ"

ပစ္စည်းထားနေကျ နေရာရှာတော့ ဘူးခွံသာရှိနေ၏။

"ကုန်ပြီ ယောက်ျားရေ၊ သေးသေးမွှားမွှား ရွှေတိုရွှေစပါမကျန် ခေါင်းအုံးအောက်က ငွေနှစ်သောင်းလည်း မရှိတော့ဘူး"

ဇနီးသည်၏ ဝမ်းနည်းပက်လက် ငိုသံကြောင့် ကြားရသူတိုင်း စိတ်မကောင်းဖြစ်ရသည်။ နောက်ဆုံးတော့ ပစ္စည်းပျောက်ရှာနိုင်ရန် သက်ဆိုင်ရာရဲဘက်ဖွဲ့သို့ တိုင်ချက်ဖွင့်ရလေတော့သည်။

❖ ❖ ❖

ပြစ်မှုတစ်ခု တိုင်ကြားလာပြီဆိုကတည်းက လိုအပ်သည့် မှတ်တမ်း၊ မှတ်ရာ၊ တိုင်ကြားချက်များ လက်ခံ၍ ဤနယ်မြေမှာ ပြစ်မှုဟောင်းရှိသူများ၊ လောင်းကစားရှိသူ၊ အလုပ်အကိုင်အတည်တကျမရှိဘဲ ငွေကြေးအသုံးအစွဲများနေသူတို့၏ ပတ်ဝန်းကျင်များမှာ နည်းမျိုးစုံဖြင့် လေ့လာခုံစမ်းရလေသည်။

တစ်နေ့ ...

မျိုးမင်းအောင်တစ်ယောက် အိမ်ရှင်ရှိသော မြို့ဝင်းအတွင်းသို့ကျော်အဝင်

"ဝေါ ... ငှ"

ကားတာင်ဦး မှတ်တရက်ဖြတ်မောင်းလာသဖြင့် ဆတ်မြန်မြန် ခုန်ချလိုက်ပြီး ခပ်မြန်မြန်ထွက်ပြေးခဲ့ရာ –

"ဟော့ကောင် ရပ်စမ်း"

ရဲတပ်ဖွဲ့ဝင်များနှင့် ပက်ပင်းတိုးခဲ့ရသည်။ သွေးရိုးသားရိုး ပြေးလွှားလာခြင်းဆိုပါက အမှုအရာပျက်စရာမရှိ၊ ကျားရှေ့မှောက်ရက်လဲရပေတော့သည်။ မျိုးမင်းအောင်၏ အင်အားတွေ ခြေပင်မလှမ်းရဲတော့၊ တာဝန်ရှိသူတွေ ရဲစခန်းသို့ခေါ်လာပြီး ပြစ်ချက်ဟောင်းစာရင်းဝင် ဟုတ်မဟုတ် မှတ်တမ်းအားကြည့်၍ စစ်ဆေးလေသောအခါ ...

"ကျွန်တော် ဖွေ့လီလမ်းအိမ်က ရွှေဆွဲကြိုးနဲ့ ဟဲန်းချိန်းကို ယူ ... ယူမိပါတယ်ခင်ဗျာ"

"မင်း ဘယ်မှာပို့ထားလဲ"

"ဂုက် ... ဂုက်ထားတဲ့နေရာ ပြပါ့မယ်"

တကယ်ထာမ်း ဂုက်ထားသောနေရာမှာ ဖွင့်ဖော်ပြသောအခါ တိုင်ကြားချက်ထဲမပါသော ရွှေဆွဲကြိုး၊ ရွှေလက်စွပ်(၂)ကွင်းပါ ထွက်ပေါ်လာသောအခါ ...

"လွန်ခဲ့တဲ့ နှစ်လက အခုနိုးယူခဲ့တဲ့ ဟစ်လမ်းကျော်တိုက်အိမ်က နိုးယူခဲ့တာပါ"

တိုင်သူက မတိုင်ကြားသော်လည်း လုပ်ရိုးလုပ်စဉ် ဥပဒေစည်းမျဉ်းအရ ကာယကံရှင်အား ခေါ်ယူမေးလေရာ ...

"ကျွန်တော်တို့ ခရီးရက်ရှည်သွားရတာမို့ ဒေွမျိုးဝမ်းကွဲတွေခေါ်ပြီး အိမ်စောင့်ထားခဲ့တာပါ၊ ကိုယ့်ပစ္စည်းပျောက်လို့ မတိုင်တာက ဆွေမျိုးချင်းမျက်နှာပျက်ရမယ်ဆိုပြီး နေလိုက်တာပါ"

အိမ်စောင့်ထားခဲ့သူတွေကလည်း ညဘက်သာ လာစောင့်အိပ်ပြီ၊ နေ့ခင်းဆို အလုပ်ရှိရာသွား၍ သော့ခတ်ခဲ့သည်။ နေ့အခါမှာတော့ သူခိုးသူဂုက်မရှိတန်ရာဟု မှတ်ထင်ထားခဲ့သည်။

ယခုတော့ ဤသို့မဟုတ်ပေ၊

"မျိုးမင်းအောင် ... လွန်ခဲ့တဲ့ ငါးလတုန်းက ပြစ်မှုတစ်ခုနဲ့ ထောင်(၃)နှစ်ပြစ်ဒဏ်ကျခံခဲ့ရတယ် မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့ပါခင်ဗျာ"

"နေပြည်တော်ဘဝ်ကုန်ပြီ၊ ကင်းသာကျောက်ထုတ်လုပ်ရေးစခန်းကနေ ထွက်ပြေးတဲ့ ရဲဘက်ပြေးမဟုတ်လား"

ရှိရှိသမျှ ပြစ်မှုဟောင်း၊ တိုင်ချက်ဟောင်း၊ သတင်းဟောင်း၊ သတင်းပေးများက တိကျခိုင်မာနေသဖြင့် မငြင်းသာတော့၊ သူတစ်ပါး ရှာဖွေသိမ်းဆည်းထားသော ပစ္စည်းဥစ္စာများအပေါ် အချောင်ရယူချင်သော မတော်လောဘစိတ်၏ နောက်ကွယ်တွင် တရားဥပဒေ၏ အဆုံးအမအတိုင်း ခံယူရပေတော့မည်။

တကယ်တော့ တောမှာနေနေ၊ မြို့မှာနေနေ အချို့က ဆွေမျိုးသားချင်းလည်း မယုံကြည်နိုင်၊ သားသမီးလည်း ယုံ၍မရ၊ သော့ခတ်ထားတာမှ စိတ်ချရသေးသည်ဆိုသောအတွေးဖြင့် အိမ်စောင့်အဖြစ် သော့ခတ်ထားခဲ့ပြီး စိတ်ချလက်ချ သွားလေ၏။ သို့သော် ...

လောကမှာ လူဝင်လည်းမဆုံ၊ အရင်းအနှီးရှိလည်း လက်ကြောမတင်းသည့် စောရနကွဖွားတို့၏ရန်မှာ နေ့နေ့ညည စိတ်မချရခြင်း အကြောင်းတရားများက သက်သေပြလို့နေပါသည်။

ဟန်သီဇင်



www.burmeseclassic.com

www.burmeseclassic.com

# စင်ကာပူနိုင်ငံ ရဲယောင်ဆောင် ငွေညှစ်လုယက်သူ အဖမ်းခံရ



စင်ကာပူမြို့တွင် ရဲဝန်ထမ်းအဖြစ် ဟန်ဆောင်ခဲ့ဖူးသူ မစ္စတာ အန်ဇလီ၊ ယခု အသက် ၃၄ နှစ်ရှိသူ၊ ယခု Taxi မောင်းသူသည် ကုန်သည် အရပ်သားတစ်ဦးအား ခြိမ်းခြောက်ငွေညှစ် လုယက်တိုက်ခိုက်ခဲ့ရာ ထိုလူငယ်ကုန်သည် တစ်ဦးထံမှ စင်ကာပူဒေါ်လာသောင်းချီ လုယူခဲ့ရာ ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီး သည့်တွင် လက်ပူးလက်ကြပ် အဖမ်းခံခဲ့ပြီး ရုံးတင်စစ်ဆေးကြားနာခဲ့၏။ ပြစ်မှု ထင်ရှားတွေ့ရှိသဖြင့် စင်ကာပူမြို့ တရားရုံးတော်မှ ၄-၉-၂၀၁၃ ရက်နေ့တွင် ၎င်း အပေါ် ထောင်ဒဏ် (၈)နှစ်နှင့်အတူ ကြိမ်ဒဏ် (၁၂)ချက် ချမှတ်ခဲ့ကြောင်း တွေ့ရှိ သိရှိရ၏။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

*Ref:- C.S.T. (Singapore), 5.9.2013, Page:(16)*

# စင်ကာပူ ပြည့်တန်ဆာမနှင့် ပျော်ပါးမှု အခြေအနေ (မှုခင်း)

ယနေ့မျက်မှောက်ကာလဝယ် စင်ကာပူနိုင်ငံ၊ စင်ကာပူမြို့တွင် ပြည့် တန်ဆာမှုခင်းများ လျော့ကျအောင် နှိမ် နင်းတိုက်ဖျက်လျက်ရှိရာ မှုခင်းစာရင်း ကောက်ချက် မှတ်တမ်းအရ ဖမ်းဆီး အရေးယူထားသော ပြည့်တန်ဆာမလေး မှာ အသက် ၁၆ နှစ် အရွယ်သာရှိပြီး ပျော်ပါးသူများသည်ကား ကျွမ်းအလုပ် သမား၊ သန့်ရှင်းရေးအလုပ်သမားများမှ အစ၊ ရုံးဝန်ထမ်း၊ မန်နေဂျာ၊ ငွေကြေး အကြံပေးအရာရှိများအထိ အသီးသီးရှိ ကြပြီး ပျော်ပါးသူ ၁၄ ဦး ဖမ်းဆီးထားခဲ့ ရာ ပျော်ပါးသူ အသက်အငယ်ဆုံးက တော့ တက္ကသိုလ်ကျောင်းသား အသက် ၂၂ နှစ်ရှိ၍၊ အများစုမှာ အသက် ၅၀ နှစ်ကျော် အထက်၌ဖြစ်ကြောင်း၊ ၆ ယောက်သည်ကား အသက် ၆၀ နှစ်၊ ၎င်းအနက် အသက် ၇၅ နှစ်အဘိုးကြီး (အလုပ်လက်မဲ့)တစ်ဦး ပါဝင်ခဲ့ကြောင်း တွေ့ရှိရသည် ဆိုပါသည်။ (ရုပ်ပုံ) ပျော် ပါးခဲ့သူ အသက်အကြီးဆုံး အသက် ၇၅ နှစ်ရှိ စင်ကာပူနိုင်ငံသား မစ္စတာ ကျူးကွမ် အန်း (အလုပ်လက်မဲ့ အငြိမ်းစား) ရှားရှားပါးပါး အဘိုးကြီး(အဘိုးအို)တစ် ယောက် ပါဝင်ခဲ့၏။

ဖြည့်စွက်ချက် ။ စင်ကာပူနိုင်ငံ ပြည့်တန်ဆာနှိမ်နင်းရေးဥပဒေအရ ပျော် ပါးသူပါ အပြစ်ရှိ၏။ ထောင်ဒဏ်ကျခံ နိုင်၏။

**ကေတီအောင်သိန်း**
**(ရန်ကုန်တက္ကသိုလ်)**

*Ref:- C.S.T. (Singapore), 5.9.2013, Page:(3)*



ပျော်ပါးသူ အသက်(၇၅)နှစ်ရှိ
မစ္စတာကျူးကွမ်အန်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်မင်းသားစိန်ဘသန်း နှင့် ပြန်လည်ဆုံတွေ့ရခြင်း

■ မြင့်လွင် (ဂျပန်ဘာသာ)

ဇာတ်မင်းသားစိန်ဘသန်းကို ကျွန်တော် ကောင်းကောင်းသိသည်။ သို့သော် စိန်ဘသန်းက ကျွန်တော့်ကို သိဖို့နေနေသာသာ စိတ်ကူးထဲမှာပင် ရှိမည်မထင်ပေ။ ဘာ့ကြောင့်လဲဆိုတော့ သူက ဇာတ်မင်းသား။ အပျိုတွေဝိုင်းဝိုင်းနေတဲ့အချိန်။ ကျွန်တော်က ပွဲကြည့်သူ။ ဘယ်သိနိုင်ပါ့မလဲ။ ယခုလည်း နှစ်ပေါင်း ၃၀ ကျော် ကြာပြီဖြစ်သည်။ စိန်ဘသန်းပင် အသက် ၅၀ ကျော်အရွယ် ရောက်နေပြီဖြစ်သည်။ မှန်ပြည်နယ်က ဇာတ်မင်းသားတစ်ယောက် သမဂ္ဂိုဒေါင်မှာ အလုပ်သမားအဖြစ်နှင့် လာတွေ့ရမည်ဟု ဘယ်လိုမှ မတွေးမိပေ။ သူငယ်ချင်းအောင်သိန်း သမဂ္ဂိုဒေါင်မှာ ဂိုဒေါင်မှူးဖြစ်နေတယ်ဟု သတင်းကြားသဖြင့် လှိုင်မြို့နယ်၊ ဘာတာဈေးအနီးက သမဂ္ဂိုဒေါင်ကို ဝင်ရောက်မိခြင်း ဖြစ်၏။

"ဟေ့ ... ကိုမြင့်လွင်၊ လာပါဗျာ။ ဒီမှာ ကျွန်တော် ဂိုဒေါင်မှူးဖြစ်နေတယ်လေ။ နွတ်ခမ်းမွေးကြီး ဦးအောင်ရှိန် ကောင်းမှုပေါ့ဗျာ။ ကုန်သွယ်ရေးဂိုဒေါင်မှာ ခင်ဗျားသင်ပြပေးခဲ့တဲ့ ကျေးဇူးတွေကြောင့်ပေါ့ဗျာ။ ဂရောင်းစာတော့၊ တိုးစာတော့၊ ကတ်ဘင်းကတ်တွေပေါ့ဗျာ။ အဲဒါတွေ နားလည်ထားတော့ ကျွန်တော့်ကို ဂိုဒေါင်မှူးခန့်ထားတယ်ဗျ"

သူက ပြောနေတုန်း သူ့စားပွဲရှေ့က ကုလားထိုင်လွတ်တစ်လုံးတွင် ကျွန်တော်ဝင်ထိုင်လိုက်သည်။

"ကဲ ... ဦးဘသန်း၊ ကျွန်တော်တို့အတွက် လက်ဖက်ရည်နဲ့မုန့် မှာပေးပါဦး" ဆိုပြီး ကုန်သွယ်ရေးမှာ လုပ်ခဲ့ရတဲ့ အခြစ်



www.burmeseclassic.com

www.burmeseclassic.com

အပျက်တွေ မြင်နေကြရမိသေးသည်။ ကိုဘသန်းဆိုသူ လက်ဖက်ရည်တချုပ်ပေးသောအခါ အောင်သိန်းက -

"ကိုမြင့်လွင် ... ဒါ ဘယ်သူလဲသိလား"ဟု မေးလာရာ ကျွန်တော်က ထိုလူကို စေ့စေ့ကြည့်လိုက်ပြီး ဘယ်သိမလဲဟု ဆိုလိုက်ရာ -

"အဲဒါ တော်မင်းသားစိန်ဘသန်းလေ။ ခင်ဗျားတို့ မှန်ပြည်နယ်မှာ နာမည်ကြီးပဲဗျ"ဟု ဆိုလာရာ စိန်ဘသန်းဆိုသည့် အမည်ကို ကြားရသည်နှင့် ကျွန်တော်စိတ်ဝင်စားသွားသည်။

"ဒါနဲ့ ဦးဘသန်း အောင်ကျော်မြင့်ဇာတ်ထဲက လက်ထောက်မင်းသား စိန်ဘသန်းနော်"

"ဟုတ်ပါတယ်။ ဟိုတုန်းကတော့ မင်းသားပေါ့။ ခုတော့ အလုပ်သမားဘဝရောက်တာ ကံဇာတ်ဆရာညွှန်ကြားတဲ့အတိုင်း ကရတာပါပဲ။ ဘယ်သူကိုမှလည်း အသင်မကြီးနဲ့ အထင်လည်း မသေးနဲ့မပေါ့ဗျာ"

"စိန်ဘသန်းကို ကျွန်တော်ကောင်းကောင်းသိတယ်။ လူကို သိတာမဟုတ်ဘူးနော်။ တော်မင်းသားစိန်ဘသန်းကို သိတာ သူ့ကိုသိရတာ ရှမှာပဲ။ အဲဒီတုန်းက ကျွန်တော်တို့ အစင်ရွာမှာ မြို့ပိုင်ကြေး ကတော့ ခင်ဗျားတို့က စီးဖြူသောင်မှာ ကတယ်လေ။ ကျွန်တော်တို့ အစင်ရွာက အရင်ပွဲဝင်ပြီး အရင်က ပြီးတော့ စီးဖြူသောင်ဆက်နေတာပဲ။ အဲဒီတုန်းက နှစ်ပါးသွား ... ဗျားဆိုခဲ့တဲ့ သီချင်းလေးတောင်မှ မှတ်မိနေသေးတယ်။ ... 'မောင်ညိုသာ ... အမြဲစိတ်ထူ အချစ်ဦးလေး' ဆိုလား ... ဗျားဆိုပြီးတာနဲ့ မင်းသမီးတွေက ဝိုင်းပြီး ... သိုလား သည်း ကိုလာ မသိဘူး။ 'စိန်ဘသန်း လှလှရယ် ရယ်' ဆိုပြီး ... မှတ်မိသေးတယ်။ ပြော် ... မှတ်မိတာ ... ဒီလိုနဲ့ ... ခင်ဗျားတို့ အဲဒီတုန်းက ... မှတ်မိပြီ။ 'သံယောဇဉ်' ... ဇာတ်လမ်းပဲ။ မင်းသားက သားမယားကို ... ကျေးပြီး ... သွားတော့ ကူးဟို့ခတောင် မထည့် ... ဇာတ်လမ်း ... သောင်းနိုင်ငံသွားရတော့ လမ်းမှာ ... ကို လှေနင်းကူး ... တယ်လေ။ လမ်းမှာ မုန်တိုင်း ... တော့ သား ... ကို လွှမ်းပြန်တယ်လေ။ ... ယမင်းက ... မင်းသားနောက် ... သွားတောင်း ... ပြီး ... ဆင်းလာတယ်လေ။ ပရိသတ်ကြားထဲ ဟိုလူ့နောက် ... ကို အလှူလိုက်ခံတယ်လေ။ ဒါနဲ့ မေးဦးမယ်။ ခင်ဗျားတို့ အဲဒီနောက် ဘာလုပ်လိုက်ကြလဲ"

"ဘာလုပ်ရမှာလဲ။ ဘုရားအလှူခံနဲ့ဆယ်မှာ တစ်ဝက်သည်ပြီး ကျွန်တော်ကို အညှေ့ပျော်စေလိုက်တာပေါ့ဗျာ"

"ဒါဆို ခင်ဗျားတို့ ဒီဇာတ်တုပ် ညတိုင်းကရမှာပဲ နှ... ပွဲပြီးလို့ ကျွန်တော်တို့ ရွာပြန်ကြတယ်။ ရွာပြန်တော့ ... သောင်နဲ့ အစင်ရွာကြားမှာ ချောင်းတစ်ခုရှိတယ်။ ခုတော့ ကံတားဆိုးလားပြီးပြီနဲ့ တူတယ်။ အဲဒီတုန်းကတော့ သမ္ဗန်နဲ့ ကူးရတယ်ဗျ။ သမ္ဗန်နဲ့ကူးပြီး လမ်းလျှောက်ရတာကိုး။ အဲဒီမှာ ကျွန်တော်တို့အဖွဲ့မှာ မောင်ဆိုတာ ပါတယ်။ ခုတော့ ပေါ်မ... ... ... သူက မင်းသား သူ့ကိုကျော်သွားတဲ့အကြောင်း ... ကြားတာကို 'မင်းသား ငါ့ကိုကျော်သွားတယ်၊ မင်းသား ငါ့ကို ကျော်သွားတယ်' ဆိုပြီး ပြောပြောနေတော့ ပွဲပြန်လူကြီးတင်ဦးက 'မောင် မင်းသားကျော်သွားပေလို့သာပေါ့။ မင်းသားများ ဒိပ်... သွားရင် ဘယ်လိုနေမယ် မသိဘူး' လို့ ဆိုလိုက်တော့မှ ဒေါ်မေ... တင် ငြိမ်သွားတော့တယ်"

ဟု ကျွန်တော်က ပြောလိုက်ရာ -

"ခင်ဗျား တော်တော်မှတ်မိသေးတယ်နော်။ ကျွန်တော် ကတော့ မေ့တော့တော့ဖြစ်နေပြီ"ဟု ဆို၏။

"ကဲ ... ခင်ဗျားတို့ မှန်ပြည်နယ်သားတွေ ပြန်တွေ ကြတော့ မိတ်ဆွေသွေ ဖြစ်ကုန်ကြပြီလေ။ ပြောလက်စနဲ့ ဆက် ပြောကြတော့။ ကျွန်တော်တော့ ရုံးသွားပြီး တရင်းတွေ သွားပို့ လိုက်ဦးမယ်"

"ကဲ ... ကဲ ... မင်းလည်းသွား။ ငါလည်း ထမင်း စားပြန်တော့မယ်"

ကိုဘသန်းမှာ ထမင်းချိုင့်ပါလာသည်။ ထမင်းချိုင့်မှ ထမင်းချိုင့်ကို ဖြုတ်ယူလာပြီး -

"ကဲ ... ဧည့်သည် ကိုမြင့်လွင်၊ ကျုပ်ကတော့ ထမင်း စားခါနီး၊ နည်းနည်း ပက်တတ်တယ်ဗျာ။ လာပါ .."

ဟု ဆိုပြီး ခေါ်သွားသဖြင့် ဘူသောက်နေကျ လမ်းကြား ထဲက အရက်ဆိုင်လေးထဲ ရောက်လာသည်။ အရက်တစ်လုံး မှာပြီး တစ်ယောက်တစ်ခွက် ငှဲ့ကာ ခေတ္တငြိမ်စားလိုက်ကြသည်။ တစ်ငုံစီလောက်သောက်ပြီး စကားဝိုင်းစတင်တော့ -

"ဦးဘသန်း ... ခင်ဗျားကို မေးရဦးမယ်။ ခင်ဗျားတို့ ဇာတ် ကျွန်တော်တို့ အစင်ရွာကမ်းနားလေးမှာ လာကတာ မှတ်မိသေးလား"

"ဟာ ... မှတ်မိတာပေါ့။ ကောင်းကောင်းမှတ်မိတယ်"

"အဲဒါ ဘုရားပွဲအချိန် မဟုတ်ဘူး။ ရပ်ရွာမငြိမ်းချမ်း တော့ ပွဲမကဖြစ်တာ။ တစ်နှစ်၊ နှစ်နှစ်လောက်ရှိလာတော့ ... ကလူတွေ ပွဲငတ်တာကိုး။ ဒီတော့ ကမ်းနားလမ်းက လူ... မနေနိုင်ဘူး။ ခင်ဗျားတို့ဇာတ်ကို ငှားတယ်လေ။ ပွဲတော့ညှ...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ညီအငယ်ဆုံးကောင်လေးမွေးတော့ လူတွေက 'အောင်မကျော်မြင့်'လို့တောင် ခေါ်ကြသေးတယ်။ အဲဒီအချိန်က စပြီး ကျွန်တော်လည်း ရန်ကုန်ထွက်လာခဲ့ရတာ။ နောက်တော့ သတင်းကြားတယ်။ ခင်ဗျားတို့ဖာတ်က မင်းသမီးကို ပြန်ပေး ဖမ်းသွားလို့ မင်းသားစိန်ဘသိန်းကိုယ်တိုင် လိုက်ရွေးရတယ် ဆိုတဲ့ သတင်းပဲ"

"ဟုတ်တာပေါ့ဗျာ"

"ပြန်ပေးလာဖမ်းသွားတာ ဓလောအဖွဲ့ကလား"

"မဟုတ်ဘူးဗျာ။ ဒီလိုဗျ။ ခင်ဗျားတို့ရွာကနေ ပွဲပြီးတော့ ကျိုက်မယ်မလော့ ဘုရားပွဲမှာ သွားကရတယ်လေ။ သွားက တော့ ဒုတိယညမှာ ပွဲမထွက်ရသေးဘူး။ သူပုန်တွေ လေးငါး ဆယ်ယောက်လောက် ရောက်လာပြီး ကျွန်တော်တို့ ဇာတ်အဖွဲ့ က ခေါင်းဆောင်မင်းသမီး 'ဒီပါသောင်း'ကို လာခေါ်သွားတယ် ဗျ။ ငွေနှစ်သောင်းနဲ့ လာရွေးပါတဲ့။ ဒါပဲပြောသွားတယ်။ စောဒီး အဖွဲ့က ကွန်းသောင်းနဲ့ ကွန်းထောင်း ညီအစ်ကိုတွေလို့လည်း ပြောသွားတယ်ဗျ။ ခေါင်းဆောင်မင်းသမီးမရှိရင် ကျွန်တော်တို့ ဇာတ်ကလည်း ဇာတ်ထုပ်တွေ မကနိုင်တော့ဘူး။ အဲဒီတော့ ရွာကလူတွေ ငွေစုခိုင်းပြီး သူကြီးရယ်၊ ကျွန်တော်ရယ်၊ နောက် ပြီးတော့ ကာကွယ်ရေးငါးယောက်ပါသေးတယ်။ သူပုန်စခန်းကို ထွက်သွားကြတယ်။ သူပုန်စခန်းကတော့ ဆီးတောတောင်ရဲ့ ဟိုအောက်ဘက်မှာပါ။ သူကြီးက အဲဒီစခန်းကို ကောင်းကောင်း သိတယ်။ ဒါနဲ့ပဲ ကျွန်တော်တို့ အဲဒီကို လိုက်သွားရတယ်။ သူပုန်စခန်းနဲ့ မလှမ်းမကမ်းရောက်တော့ ကာကွယ်ရေးငါး ယောက်ကို ထားခဲ့ပြီး ကျွန်တော်နှင့် သူကြီးဆက်သွားတယ်။ ဖမ်းသွားတဲ့အဖွဲ့က စောဝီးရဲ့ လက်ထောက်တွေ။ အကြီးကောင် က ကွန်းထောင်။ အငယ်ကောင်က ကွန်းသောင်။ ကွန်းသောင်း က မင်းသမီး ဒီပါသောင်းကို ကြိုက်နေတယ်ဗျာ။ မင်းသမီးက အပျိုမဟုတ်ပါဘူး။ ကလေးနှစ်ယောက်အမေပါ။ အဲဒါနဲ့ ကျွန်တော်တို့ ဆက်သွားရင်း တဲတစ်လုံးတွေ့တော့ သေနတ်နဲ့ လူတစ်ယောက်က မင်းတို့ဘယ်လဲဆိုပြီး သေနတ်နဲ့ ချိန်တာ သူကြီးက မှန်လိုပြောတော့ တဲထဲမှာထိုင်နေဆိုပြီး သူက ခပ်လှမ်း လှမ်းမှာရှိတဲ့ တဲလေးငါးလုံးရှိတဲ့နေရာကို ထွက်သွားတယ်။ ကျွန်တော်နဲ့သူကြီး လှမ်းကြည့်တော့ သစ်ပင်အမြင့်ကြီးပေါ်မှာ တဲလေးတစ်လုံး လူတစ်ယောက်ကင်းစောင့်နေတာ တွေ့လိုက် ရတယ်။

အဲဒီအချိန်မှာ ပင်လယ်ဘက်က သေနတ်သံတွေ ဆူညံ လာတယ်။ သူပုန်စခန်းတစ်ခုလုံး ပြေးကြလွှားကြနဲ့၊ အဲဒီအချိန် မှာ အမျိုးသမီးတစ်ဦး လက်ထဲမှာ ခြောက်လုံးပြူးသေနတ်ကိုင် ပြီး ထဘီမလာနုတ္တိနဲ့ ပြေးထွက်လာတာတွေ့ရတယ်။ အတွင်းခံ အောင်းဘီတော့ ပါပါတယ်ဗျာ။ ဆံပင်တွေ ဖရိုဖရဲနဲ့ ထွက်ပြေး လာတော့ နောက်က သူပုန်တစ်ယောက်က ရိုင်ဖယ်နဲ့လိုက်လာ ပြီး ပစ်သေးတယ်။ အသေအချာကြည့်လိုက်တော့ မင်းသမီး ဒီပါသောင်းဖြစ်နေတာကိုး။ သူက တွေ့လား မတွေ့လားတော့ မသိဘူး။ ကျွန်တော်က ဒီကိုလာဆိုပြီး လက်ပြလိုက်သေးတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ ကာကွယ်ရေးငါးယောက်လည်း သေနတ်တွေချိန်ပြီး ကျွန်တော်တို့ဆီ ရောက်လာတယ်။ သူကြီး က 'ဟေ့ .. မပစ်နဲ့နော်၊ သူတို့ ဘယ်နှယောက်ရှိလဲမသိဘူး။ သူတို့ လူများနေရင် တို့ဇုက္ခရောက်ကုန်လိမ့်မယ်။ အသာလေး သာ ချိန်ထားပါကွယ်'ဟု ဆိုလိုက်သည်။ တိုအမျိုးသမီးလည်း အနားနီးလာတော့ ဒီပါသောင်းဆိုတာ ကျွန်တော်သိလိုက်တယ်"

"သူကြီး အဲဒီအမျိုးသမီးက ဒီပါသောင်းပဲ"

"ဟုတ်လားဟေ့။ မင်းတို့ နောက်က ရိုင်ဖယ်ချိန်ပြီး လိုက်လာတဲ့လူကို ချိန်ထားကွာ"

မင်းသမီး ဒီပါသောင်းလည်း ပြေးရင်း ခလုတ်တိုက်မိ သဖြင့် ရှေ့ကို လဲကျသွားတော့သည်။ ရိုင်ဖယ်နဲ့ ပစ်လိုက်တဲ့ အချိန် မင်းသမီးလဲကျချိန်နဲ့ ဆုံနေတော့ ကျည်ဆန်က မထိ လိုက်ဘူး။ ကာကွယ်ရေးကျည်ဆန်က တိုသူပုန်ဆီ ရောက်သွား တော့တယ်။ တိုသူပုန် မလှုပ်တော့ဘူး။ ခေါင်းကိုထိသွားတာကိုး။ အဲဒီမှာတင် မင်းသမီးဒီပါသောင်း ကျွန်တော်တို့ဆီ ရောက်လာ တာနဲ့ ကျွန်တော်လည်း မင်းသမီးလက်ကိုဆွဲပြီး ထွက်ပြေးလာ ကြတယ်။ ကာကွယ်ရေးနဲ့ သူကြီးက နောက်က ဖြည်းဖြည်းချင်း လိုက်လာကြတယ်။ လယ်နှစ်ကွက်ကျော်ကျော်လောက်ကျတော့ သစ်ပင်ကြီးတစ်ပင်အောက် ခေတ္တနားလိုက်တယ်။

"ကိုဘသန်းရယ် ... တပ်က လာပေလို့သာပေါ့။ နို့မဟုတ်ရင် ကျွန်မဘဝ မတွေးရဲဘူး။ အငယ်ကောင် ကွန်း သောင်းပေါ့။ သူက ကျွန်မကို ကြိုက်နေတာကြာပြီတဲ့။ ဇာတ်ပွဲ တွေမှာ သူလိုက်ကြည့်ရတာ မောနေပြီတဲ့။ ကျွန်မကို ချစ်ရေး ဆိုပါသေးတယ်။ ကျွန်တော် ချစ်ပါရစေဆိုပြီး ပါးတော့အနမ်းခံ လိုက်ရသေးတယ်။ ကျွန်မကတော့ ဘယ်အပေါက် ထွက်ပြေး ရမလဲလို့ စဉ်းစားနေတာ။ သူ့စကားကို စိတ်မဝင်စားပါဘူး။ ကျွန်မမှာ ကာမပိုင်ရှင်ကြီး ရှိနေတော့ သူ့ကို ဘယ်ပြစ်မှားနိုင် မလဲ။ ကျေးဇူးရှင်ကြီးကိုတော့ စိတ်ထဲကပဲ ကျွန်မ ပြောတိုက နေရတာပါလို့ပဲ စိတ်ထဲက တောင်းပန်မိတယ်။ သူ့မှာ ကျည်လွဲ လက်ဖွဲ့ ဘယ်ဘက်လက်မောင်းမှာ အမြဲပတ်ထားတယ်။ အကြီး ကောင် ကွန်းထောင်းမှာလည်း တစ်ခု ဘယ်လက်မှာ အမြဲပတ် ထားတာ တွေ့ရတယ်။ လူကတော့ ချောချောပါပဲ။ အသား



www.burmeseclassic.com

www.burmeseclassic.com

လည်း မြူတယ်။ ဗလာခပ်ကောင်းကောင်းပါပဲ။ မိန်းမတွေ ကြိုက်နိုင်တဲ့ ရုပ်ရည်ပါပဲ။ ကျွန်မက မင်းသမီးဆိုတော့ မာယာလုပ်ပြီး နေရတယ်လေ။ တိုက်ပွဲဖြစ်လာတော့ ကျွန်မကြောက်တယ်၊ ခြောက်လုံးပြူးပေးထားဆိုပြီး ကျွန်မချော့တောင်းတော့ ပစ်ပုံပစ်နည်းပါ သင်ပေးရင်း ရော့ယူထားဆိုပြီး ပေးသွားတယ်။ သေနတ်သံတွေကြားတော့ တပ်ကပဲဖြစ်ရမယ်လို့ ကျွန်မ တွေးတယ်။ အဲဒီအချိန်မှာ သူပုန်တစ်ယောက်က သူ့ကို သတင်းလာပို့တယ်။ ဘပ်ကလာတိုက်ပြီဆိုတဲ့ သတင်းပဲ။ သူလည်း ခါးကြား က ခြောက်လုံးပြူးထုတ်ပြီး ကျွန်မကို ပေးတယ်။ သူ့ခေါင်းရင်းမှာ ချိတ်ထားတဲ့ ကာဘိုင်သေနတ်ကို ယူပြီး တဲထဲက ထွက်သွားတယ်။ အဲဒီအချိန် တပ်ကကျည်ဆန်က သူ့ကိုလာမှန်တော့ သူလဲကျသွားတယ်။ သူ့လာသတင်းပို့တဲ့ သူပုန်ကပဲ သူ့ကို ထမ်းပိုးပြီး လုံခြုံတဲ့နေရာရှေးနေတဲ့အချိန်မှာ ကျွန်မလည်း ထွက်ပြေးလာရတာဆိုပြီး မင်းသမီးက ပြောတယ်။

မင်းသမီးအတွက် စိတ်အေးသွားရပြီး သူကြီးက –

"ကဲ . . . ကာကွယ်ရေးတွေ၊ မင်းတို့ ဒီနေရာမှာပဲ ကင်းစောင့်နေမဲ့။ ငါတို့ ဟိုးရှေ့က ချောင်းရိုးအတိုင်း လှေလိုက်ရှာလိုက်ဦးမယ်။ ဒီချောင်းရိုးကျော်ပြီးရင် ရွာရောက်ရောပေါ့ကွာ။ အလာတုန်းက လှေရှိရင်လည်း ကောင်းတာပေါ့ကွာ။ ကဲ . . ငါတို့ သွားကြမယ်"

တိုက်ပွဲက မပြီးသေးဘူး။ သေနတ်သံတွေ ကြားနေရပေမဲ့ ဖြစ်သည်။ ချောင်းကမ်းနံဘေးရောက်တော့ လှေကို တွေ့သည်။ လှေကတော့ ရှိ ဒါနဲ့ပဲ မင်းသမီးကို လှေပေါ်ဆွဲတင်၊ မင်းသမီးက မြေရှင်းသွားရင်း လှေတက်တိုက်မိလို့ ခြေသည်းလန် ရတော့ သွေးတွေထွက်တာမို့ သူကြီးရဲ့ ပုဆိုးစကိုဖြဲပြီး ပတ်တီးစည်းပေးရသေးတယ်။ အဲဒါနဲ့ ပြန်ရောက်လာရတယ်။

"မင်းသမီးလည်း ရောက်ပိုင်း သူ့ယောက်ျားက မကနိုင်တော့ တတ်ပွဲလည်း ခေါင်းကျသွားတာပေါ့ဗျာ။ ကျုပ်လည်း အလုပ်မရှိအကိုင်မရှိတာနဲ့ပဲ ညီအစ်ကို ဒီရန်ကုန် လှိုင်မှာရှိနေတယ်ဆိုတဲ့ သတင်းကြားလို့ တက်လာခဲ့တာ။ ခုတော့ သမဝိုင်းခေါင်မှာ အလုပ်သမားပေါ့ဗျ"

"ဟုတ်ပါရဲ့ ကိုတာသန်းနွယ်၊ ဘဝဆိုတာ မြင့်တစ်လှည့်နိမ့်တစ်လှည့်ပါ။ အယ်လူက ဘယ်သူ့ကိုမှ အထင်လည်း အရမ်းမကြီးနဲ့၊ အထင်လည်း အရမ်းအသေးနဲ့ဆိုတာ။ ဒါပါပဲ အားလုံးဟာ အတူတူပါပဲဗျာ"

"ကျွန်တော် ရန်ကုန်ပြန်ရောက်တော့မှ သတင်းရတာကတော့ ရေမြို့စပ်တစ်က အရပ်သုံးမိုက်လှေတစ်စီးနဲ့ အရပ်သား ထံငါးသည်ယောင်ဆောင်ပြီး သူပုန်စခန်းကို စင်တိုက်တယ်ဗျာ။ အဲဒါကြောင့် မင်းသမီးဒီပါသောင်း လွတ်လာတာပေါ့။ မဟုတ်ရင် မင်းသမီးလည်း သူပုန်မယားဖြစ်ပြီပေါ့။ ကွန်းသောင်း ကျည်မှန်တာ သစ္စာပေါက်သွားလို့တဲ့ဗျာ။ မင်းသမီး ဒီပါသောင်း က လင်ရှိမယား။ သူက စိတ်ထဲက ပြစ်မှားမိတာကိုး။ သူ့အစ်ကို ကွန်းထောင်း အဲဒီတိုက်ပွဲမှာပဲ သူပုန်စခန်းကနေ ထွက်ပြေးလာပြီး လယ်တဲတစ်လုံးမှာ လာခိုနေတယ်တဲ့။ တပ်က လိုက်လာပြီး အဲဒီတဲကို ဝိုင်းထားတာ သူက အပေါ်ကနေပစ်၊ တပ်က အောက်ကနေ အဲဒီအိမ်ကို မီးတင်ရှို့တယ်။ မီးလောင်လာတော့ ကွန်းထောင်းက အဲဒီကျည်လွှဲလက်ဖွဲ့ကို ဖြုတ်ပြီး အိမ်အပေါ်ထပ်မှာရှိတဲ့ မျိုးစပါးထဲမှာ ထည့်ထားပြီး သူက ခုန်ဆင်းတော့ အောက်ပပစ်တော့ ထိသွားတယ်လေ။ အဲဒီတဲလည်း မီးလောင်၊ ကွန်းထောင်းလည်း သေပွဲပြီးသွားတာပေါ့ဗျာ။ ဒါပေမယ့် မပြီးသေးဘူး။ တဲတစ်တဲလုံး မီးလောင်ပေမယ့် အပေါ်ထပ်က မျိုးစပါး ပုတ်ကြီးက မီးမလောင်ဘူးတဲ့ဗျာ။ တပ်က ရဲဘော်တွေ မီးသတ်ပြီး မျိုးစပါးပုံထဲမှာကြည့်တော့ ကျည်လွှဲလက်ဖွဲ့ကို တွေ့ရတယ်။ တပ်က ဗိုလ်က ယူပြီး ဘုရားတစ်ဆူ ဌာပနာတဲ့ထဲမှာ ထည့်လိုက်တယ်လို့ သတင်းကြားတယ်ဗျာ။ သူ့ဆရာ စောပီးကတော့ တကာယ်ပီးတယ်လို့ ပြောကြတယ်။ သူက ရေမချိုးဘူးတဲ့။ သူရေချိုးရင် ငှက်ပျောတုံးပေါ်မှာ တက်ပြီး ရေချိုးတယ်။ အဲဒီ ငှက်ပျောတုံးက ဓားနဲ့ ခုတ်ကြည့် မပြတ်ဘူးလို့ ပြောသံကြားတယ်။ ဒါပေမယ့် သေနတ်မှန်တဲ့အခါ ထိတဲ့နေရာမှာ ဆီးဖြူသီးလောက် ဖုတက်လာတယတဲ့။ ထိတာနဲ့ တစ်ချက်သွေးအန်တယ်လို့ တွေ့တဲ့လူတွေက ပြောတယ်။ ရေးမြို့နယ် ချောင်းဖျားရွာမှာ တစ်ရွာလုံး ယောကျ်ားတွေ သတ်ပစ်တာ စောပီးပေါ့။ အဲဒီတုန်းက ရေးချောင်းထဲမှာ အလောင်းတွေ မျောနေတာ ကြည့်လို့မကောင်းဘူး"

"အေးဗျာ . . . အဖြစ်တွေက ဆန်းကြယ်တယ်နော်။ ဒါတွေက ပြီးခဲ့ပါပြီဗျာ။ ကဲ . . . ကျွန်တော်တို့လည်း ပြန်ကြစို့"

ဆိုပြီး လမ်းကြားထဲ အရက်ဆိုင်က ပြန်ထွက်လာခဲ့ကြလေတော့သည်ဟု နိဂုံးချုပ်လိုက်ရပါတော့သည်။


မြင့်လွင်(ဂျပန်ဘာသာ)



www.burmeseclassic.com

www.burmeseclassic.com





# အရေးပေါ်မတ်စေ့

**ပန်းတနော်နောင်လတ်**

ဆရာအုန်းက ကျောင်းသားကျောင်းသူများအား မြန်မာ့ငွေကြေးသင်ခန်းစာ သင်ကြားပြီး၊ တတ်မြောက်မှု ရှိမရှိကို နှုတ်မေးခွန်းများ ပြန်လည်မေးမြန်းနေခြင်း ဖြစ်သည်။

"ငွေတစ်ကျပ်မှာ ဘယ်နှပြားရှိလဲ"

"ပြားတစ်ရာ ရှိပါတယ်"

"ပြားတစ်ရာမှာ တစ်ပြားစေ့ ဘယ်နှစေ့လဲ"

"တစ်ရာပါ"

"ပြားတစ်ရာမှာ ငါးပြားစေ့ ဘယ်နှစေ့လဲ"

"နှစ်ဆယ်ရှိပါတယ် ဆရာ"

"ဆယ်ပြားစေ့"

"ဆယ်စေ့"

"နှစ်ဆယ့်ငါးပြားစေ့"

"လေးစေ့"

"မတ်စေ့"

"လေးစေ့"

ဆရာအုန်းက မေးခွန်းမေးခြင်းကို ရပ်ပြီး ရှင်းပြလိုက်သည်။

"နှစ်ဆယ့်ငါးပြားစေ့ကို မတ်စေ့လို့လည်းခေါ်လို့ ပြားတစ်ရာမှာ ငွေတစ်ကျပ်မှာ မတ်စေ့လေး၊ ဒါမှမဟုတ် နှစ်ဆယ့်ငါးပြားစေ့ လေးစေ့ရှိတယ်ဆိုတာ မှန်တယ်"

ဆရာအုန်းက မေးခွန်း ပြန်မေးသည်။

"ငွေတစ်ကျပ်မှာ ငါးဆယ်ပြားစေ့ ဘယ်နှစ်စေ့လဲ"

"နှစ်စေ့"

"ငါးဆယ်ပြားစေ့ကို ဘယ်လိုခေါ်သေးလဲ"

"ငါးမူးစေ့"

တတ်မြောက်မှု စစ်ဆေးပြီးဖြစ်၍ ဆရာအုန်းက နိဂုံးချုပ်မေးခွန်း မေးပါသည်။

"မတတ်သေးတဲ့လူ၊ နားမလည်သေးတဲ့လူ၊ မရှင်းလင်းတဲ့လူ ရှိသေးလား။ ရှိရင် မတ်တတ်ရပ်ပါ"

ဆရာအုန်း၏ စကားအဆုံးတွင် မောင်ပြုံးချို မတ်တတ်ရပ် ဘက်ပိုက်လိုက်ပါသည်။

"မောင်ပြုံးချို မတတ်လို့လား"

"တတ်ပါတယ် ဆရာ"

"နားမလည်လို့လား"

"နားလည်ပါတယ် ဆရာ"

"မရှင်းလို့လား"

"ရှင်းပါတယ် ဆရာ"

"ဒါဖြင့် ဘာလို့ မတ်တတ်ရပ်တာလဲ"

"မတ်စေ့တစ်စေ့ လိုချင်လို့ပါ ဆရာ"

"ဘာလို့ မတ်စေ့တစ်စေ့ လိုချင်တာလဲ"

"ကူးတို့ခ ပေးဖို့ပါ"

"ဘာကွ . . . ကူးတို့ခပေးဖို့ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ။ မနေ့က ကျွန်တော့်ဘိုးဘိုး သေသွားပါတယ်။ သေတဲ့သူကို ကူးတို့ခတစ်မတ် ထည့်ပေးလိုက်ဖို့ အဖေတို့၊ အမေတို့ အခက်ကြုံနေပါတယ်။ သူတို့မှာရှိတာက ငွေအကြွေစေ့တွေ မဟုတ်ပါဘူး . . .။ ငွေစက္ကူတွေပါ။ ဒါကြောင့် ဆရာ့ဆီမှာ မတ်စေ့ရှိရင် တစ်စေ့ပေးပါလို့ တောင်းဖို့ မတ်တတ်ရပ်တာပါ။ သေသွားတဲ့ ဘိုးဘိုးကို ကူးတို့ခပေးဖို့ မတ်စေ့တစ်စေ့ရှိရင် ပေးပါဆရာ"


မောင်ပြုံးချို၏ အမေးကို ဆရာအုန်း အဖြေပြန်မပေးနိုင်။

■ ပန်းတနော်နောင်လတ်

www.burmeseclassic.com

www.burmeseclassic.com

# အေးမြသော နေတစ်စင်း



(၁)

ကျွန်တော်တို့ လူသားများ နေထိုင်သည့် ကမ္ဘာမြေကြီးမှ နေ့စဉ်မြင်တွေ့နေရသော နေမင်းကြီးသည် ကမ္ဘာကြီးနှင့် မိုင်ပေါင်း ကိုးဆယ့်သုံးသန်းကျော် ဝေးကွာသော်လည်း အလွန်တရာ ပူလောင်ပြင်းပြလှသည်။ ရာသီဥတုဖောက်ပြန်နေသော ဤအချိန် ဤကာလ၌ ပို၍ပင် အပူဒဏ်ခံစားကြရသည်။ မည်သို့ဆိုစေ စကြဝဠာတစ်ခွင်အား နေဟူသော ကြယ်ကြီးသည် ပူလောင်ပြင်းပြသော ဝေဒနာပေးလော့ကာအား ညီမျှသော လင်းရောင်ခြည်များ ဖြန့်ကြက်ပေးဝေမြဲ ဖြစ်ပေသည်။

အမှန်ဆိုရချေသော် ကျွန်တော်တို့၏ ကမ္ဘာကြီးအား အန္တရာယ်ရှိနိုင်သောက်သည့် အပူရှိန်များသည် နေမှ ထိုးကျ ဖြန့်ကြက်နေလင့်ကစား နေမှလာသော လင်းရောင်ခြည်၊ အလင်းရောင်နှင့် အပူရှိန်တို့သည် ကျွန်တော်တို့ သက်ရှိလူသားများအတွက် အသက်ရှင်သန်နေထိုင်ရေးနှင့် မိဝသက်ရှိများ သက်လက်ပေါက်ဖွားရှင်သန်ရေးအပြင် အာဟာရ ပြည့်ဖြိုးစေရန် သစ်သီးဝလံ၊ ရိက္ခာတို့ပွားအောင်မြင်ရေးအတွက် အထောက်အကူများစွာ ပေးခဲ့ပါသည်။

သည်သို့ဆိုလျှင် ကျွန်တော်၏ မွေးသဖခင်သည် ရဲရဲတောက်သည့် နေကဲ့သို့သော လူတစ်ယောက်ဖြစ်သည်ဟု ဆိုရပါလိမ့်မည်။ ကျွန်တော်တို့ မောင်နှမများအပေါ်တွင် အဖေသည် နေကဲ့သို့ ကျင့်ကြံခဲ့ပါ၏၊ ထိန်းကျောင်းခဲ့ပါ၏။ တို့

www.burmeseclassic.com



ကြောင့်ပင် ကျွန်တော်တို့ မောင်နှမများသည် အဖေ့အား မေ့်၍မကြည့်ရဲအောင် ကြောက်ရွံ့ခဲ့ရသည်။ ထို့ပြင် မိမိတို့၏ အဖေအရင်းမှ ဟုတ်ပါလေစဟု သံသယများ ပွားများခဲ့ရသည်။ ထိုသို့ အဖေ့အပေါ်သို့ ကျွန်တော်တို့ မောင်နှမများ ဝမ်းနည်းပက်လက်ဖြင့် သံသယပွားများခဲ့ရသော်လည်း အဖေ့အား ဟန့်ပန့်အမူအရာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ ပြောဆို၍လည်းကောင်း၊ စော်ကားရိုင်းပျခြင်းများ လုံးဝမပြုလုပ်ခဲ့ကြပါ။

အဆူးသဖြင့် သားကြီးဖြစ်ရသော ကျွန်တော့်အား အလိုလိုက် အကြိုက်ဆောင်ခြင်း မရှိခဲ့ပါပေ။ သို့သာမက ကျွန်တော့်အား သားသမီးအနေဖြင့် နှစ်ယောက်ပင် မပြူး အဖေ၏ အသွင်သဏ္ဌာန်သည် တပ်သားငါးဆောင်အား ထိန်းကျောင်းရသည့် တရုယ်အဆင့် ဗိုလ်ချုပ်ကြီးပမာ မျက်နှာမျိုးဟု ထင်ရပေသည်။ ကျွန်တော်တို့၏အဖေ့ အဖေနှင့်ပတ်သက်၍ သားသမီးများအပေါ် ချစ်မေတ္တာကြီးမားပုံအား ပုံပြင်ပမာ ဖွဲ့သီ၍ ပြောသည့်အခါများတွင် ကျွန်တော်တို့ မောင်နှမများမှာ မယုံချင်စရာပင်။

"မင်းက သားဦးဆိုတော့ မင်းကို မင်းအဖေက အသည်းတုန် အူတုန်ပဲ ကွယ်။ မင်းကိုမွေးတုန်းက စစ်တပ်ထဲမှာ ကွယ့်။ အဖေက မင်းကို တပ်တွင်းဆေးရုံမှာမွေးတာ။ မင်းကိုမွေးလို့ နောက်တစ်ရက်မှာ မင်းအဖေတို့ ရှေ့တန်းက ပြန်လာတာနဲ့ ကြုံတာပဲ။ အဲဒီတုန်းက မင်းအားပါဘူးကွယ်။ ဆေးရုံလိုက်လာပြီး မင်းကိုသဲပြနေတာ။ ဒါတွေ မင်းမသိဘူး မဟုတ်လား"

ထိုစဉ်က အမေ၏ အဖေ့ပုံပြင်ပြောပြရာတွင် အဖေနှင့်ပတ်သက်၍ ကျွန်တော်နားမလည်အောင် ဖြစ်ခဲ့ရသည်။ ကျွန်တော်လူမှန်းမသိခင်အရွယ်၌ အဖေ၏ပုံပြင်သည် ဟုတ်ကောင်းဟုတ်ပါလိမ့်မည်။ ယခု လက်တွေ့မြင်နေရသည်ကား ကျွန်တော်တို့သားသမီးများအပေါ် အဖေ၏ ကြင်နာယုယမှုများသည် နေကဲ့သို့ ပူပြင်းတောက်လောင်သည်ဟု ထင်မြင်မိသည်။

အဖေ၏ ရိုးသားရှင်းလင်းသော ကြင်နာကရုဏာတို့ဖြင့်ထုံမွမ်းသော ချစ်ခြင်းမေတ္တာတရားအား မြင်တွေ့ခံစားလိုသည်မှာ ကျွန်တော်တို့ သားသမီးများပင် ဖြစ်ပေရာ အချိန်နှင့်အမျှ လှစ်ဟာပြလာမည့် ဖခင်၏မေတ္တာဟာရအား မျှော်လင့်စောင့်စားခဲ့သော်ငြား ကျွန်တော့်အသက်နှစ်ဆယ်ပြည့်သည့်တိုင် မမြင်တွေ့ခဲ့ရပေ။

ကျွန်တော် မှတ်မိပါသေးသည်။ ကျွန်တော်ကိုးနှစ်အရွယ် လေးတန်းတက်နေစဉ် ကျွန်တော် လစဉ်စာမေးပွဲနှင့် ပထမအစမ်းစာမေးပွဲများတွင် သင်္ချာတွင် သာ၌ အမှတ်သုံးဆယ်ငါးဖြင့် မအောင်မမြင်ဖြစ်နေရသည့်အတွက်ကြောင့် မိဘဆရာအသင်းဆွေးနွေးပွဲတွင် ကျောင်းသား ကျောင်းသူများ၏ ပညာရေးအခြေအနေ မြင့်တက်မှု နိမ့်ကျမှုကိုသား မည်

www.burmeseclassic.com

သို့ဆောင်ရွက်ရမည်ကို ကျောင်းအုပ်ကြီးမှ ဘိုင်ပင်ဆွေးနွေးရန် မိဘများထံ အကြောင်းကြားလာပါ၏။

ကျွန်တော်တို့ကျောင်းသူ၊ ကျောင်းသားလေးများအား စာမေးပွဲအရည်အချင်းစစ် ကတ်ပြားအား စာမေးပွဲပြီးတိုင်း ပေးခဲ့သော်လည်း ဖခင်ဖြစ်သူသည် မိသားစုစားဝတ်နေရေး ရှာဖွေနေရသည်မို့ အိမ်တွင်အမြဲမရှိသဖြင့် မိခင်၏ လက်မှတ်ထိုးခြင်းဖြင့်သာ ပြီးခဲ့ရသည်။ ကျွန်တော်သချ်ာမဖြေနိုင်ခြင်းနှင့် ပတ်သက်၍ မိခင်မှသိသော်လည်း အဖေ၏စိတ်ကို သိသဖြင့် ကျွန်တော့်အား ရိုက်မည်စိုး၍ မည်သို့မျှမပြော ရေငုံနှုတ်ပိတ်နေခဲ့သည်။ မိခင်မှာမူ ကျွန်တော့်အား သချ်ာဘာသာအား ပို၍ အလေးအနက်ထားပြီး ဂရုစိုက်ရန် အဖန်ဖန်အထပ်ထပ် ဆုံးမပြီး ဖြစ်ပေသည်။

ကျွန်တော်တို့ကျောင်းမှ မိဘဆရာ အသင်းတက်ရောက်ရန် ဖိတ်ကြားခြင်းနှင့် ကျွန်တော်တို့၏အဖေ အလုပ်နားချိန် တိုက်ဆိုင်သဖြင့် ထိုအစည်းအဝေး တက်ရောက်ရန် အဖေသည် ကျောင်းသို့ သွားခဲ့သည်။ ညနေကျောင်းမှအပြန် အိမ်သို့ရောက်၍ ပခုံးမှ လွယ်အိတ်ကိုပင် မချရသေး။ မမျှော်လင့်ပါဘဲ အဖေ၏နားရင်းအုပ်ခြင်းကို ခံလိုက်ရသည်။ အဖေ၏ ဒေါသသည် ကျွန်တော်သာမက အမေ့ထံပါ ကူးစက်ရပေသည်။ ကျွန်တော်သည် နာလည်းနာ ငိုလည်းငိုလေရာ အဖေက ...

"ဟေ့ကောင် ... အခုလာမယ့် စာမေးပွဲမှာ အောင်ရင်အောင်၊ မအောင်ရင် မင်းကို ကျောင်းထုတ်မယ်။ ကျောင်းတက်ပြီး စာညံ့နေရင် မင်းကျောင်းမတက်တာဘဲ ကောင်းတယ်ကွ"

ဟူ၍ ပြောပြီး ဆက်ကာ ဆက်ကာ ရိုက်နေပါတော့သည်။ နာကျင်စွာဝမ်းနည်းပက်လက်ငိုနေသော ကျွန်တော့်အား အမေက ရိုက်ရကောင်းလားဟူသော ဒေါသစိတ်ဖြင့် အဖေ့အားမဲ၍ ကျွန်တော့်အား ဝါးခြမ်းပြားတောင့်တောင့်ဖြင့် ရိုက်နေပြန်တော့သည်။

"ဒီလောက်တောင် ရိုက်လှတာ ... နှင်သေတာပဲ အေးတယ်။ ကဲဟာ ... ကဲဟာ ..."

အဖေတစ်လှည့်၊ အမေတစ်လှည့် ဖြင့် ကြားထဲမှ ကျွန်တော်သည် ငါးပိငါးချဉ် ဖြစ်နေလေသည်။ အဖေ၏မိခင် ကျွန်တော်တို့အဘွားမှာ မီးဖိုချောင်တွင် ဟင်းချက်နေရာမှ အိမ်ရှေ့မှ အသံဗလံများကြောင့် ထွက်လာပြီး ကျွန်တော့်အား ရိုက်နေသည်ကိုတွေ့၍ ...

"အမလေးဟယ် ... ကလေးသေပါတော့မယ်။ တော်ကြပါတော့။ ကလေးက ငယ်သေးတယ်နော်။ ချော့ပြောရင် ရပါတယ်ကွယ့်။ ဒီလိုအကြမ်းပတမ်းလုပ်ရင် တော်တော်ကြာ ကလေး ဦးနှောက်ပျက်လိမ့်မယ်"

ပြောပြောဆိုဆိုဖြင့် ကျွန်တော့်အား ဝင်၍ဆွဲမှ အရိုက်ရပ်သွားကြသည်။ အရိုက်ရပ်သွားကြသော်လည်း အဖေနှင့်အမေတို့မှာ ကျွန်တော်နှင့်ပတ်သက်၍ စကားအချေအတင် ဖြစ်နေကြသေးသည်။ ကျွန်တော့်အား ဆူပူရိုက်လေတိုင်း ကျွန်တော်၏ ညီမငယ်များသည် စိုးရိမ်ထိတ်လန့်ခြင်းများစွာဖြင့် ငိုယိုနေကြမြဲဖြစ်ပေသည်။

ငယ်ရွယ်နုနယ်သော ထိုအရွယ်မှစ၍ အဖေသည် ကျွန်တော်တို့၏အဖေမှ ဟုတ်ပါလေစဟု လူပျို့လူရွယ်ရောက်သည့်တိုင် သံသယများစွာဖြင့် အစဉ်အမြဲရှိနေခဲ့သည်။

× × ×

(၂)

ကျွန်တော်မှတ်မိသလောက် အဖေသည် မိသားစုနှင့် ရောရောဝင်ဝင် နေထိုင်လေ့မရှိသကဲ့သို့ သားသမီးများကိုလည်း မျက်နှာသာမပေးပေ။ သားသမီးများ၏ ပညာရေးနှင့်ပတ်သက်၍မူ လျော့ပါးခြင်းမရှိ။ သားသမီးများ ပညာရေး၌ အောက်ကျနောက်ကျ ဖြစ်မည်ကို သူမလိုလား။ သူများတကာထက် ထင်ပေါ်ခြင်းမရှိစေကာမူ အများနှင့်တန်းတူ လိုက်နိုင်ရပေမည်။ သို့ဖြင့် ကျွန်တော်တို့ မောင်နှမများအား အဖေသည် အလုပ်အားသည့် အချိန်တိုင်း အိမ်၌ ဖတ်စာမဟုတ်သော တွက်စာဖြစ်သည့် သချ်ာကို သင်ကြားပေးခဲ့ပါသည်။ ကျွန်တော်တို့ကလေးဘဝဆိုသည်မှာ တစ်နေကုန် ကျောင်းတက်၍ ညအခါများတွင် ကျောင်းမှပေးလိုက်သော တွက်စာ၊ ကျက်စာများကို ကျက်မှတ်ရလေ့ရှိရာ ကလေးဘာသာဘဝ ကစားရသည့် အချိန်အခါ မရှိသလောက်ပင်။

ကျောင်းဆင်း၍ ကလေးဘဝ ကစားလိုသော စိတ်ဆန္ဒရှိနေချိန်တွင် အဖေမှ သချ်ာဘာသာရပ်ကိုဖိ၍ သင်ပေးလေရာ အဖေသင်ပေးသော သချ်ာ၌ စိတ်ဝင်စားမှု လျော့နည်းရခြင်း ဖြစ်ရပေသည်။ ထိုသို့ စိတ်ဝင်စားမှုမရှိချိန်၌ သချ်ာနှင့်ပတ်သက်၍ မေးလေတိုင်း၊ တွက်ချက်ခိုင်းလေတိုင်း အမှားမှားအယွင်းယွင်းများ ဖြစ်ပေါ်နေခြင်းကြောင့် စိတ်တိုတတ်သော အဖေသည် ကျွန်တော့်အား ဆိုင်းဆရာ စိန်ဗေဒါကဲ့သို့ လက်သံပြောင်လျက် ရှိတော့သည်။

ထိုကဲ့သို့ အဖေ၏ သင်ကြားမှု အောက်၌ ရှစ်တန်းရောက်သည်အထိ ရှိခဲ့ပြီး ကျွန်တော်၏ ပညာရေးနှင့်ပတ်သက်၍ အဖေ၏ သုံးသပ်ချက်များကား

"ဒီကောင် ပညာရေးနဲ့ ပတ်သက်ပြီး အဖြစ်မရှိပါဘူး။ သချ်ာကလည်း ညံ့လိုက်တာ ဝီခေါ်နေတာပဲ။ ဘယ်လိုသင်သင် ဒီကောင် မတတ်လောက်ဘူး။ နံ့လိုက် အ,လိုက်တာကလည်း လွန်ရော



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အား အဖေမှ မည်မျှပင် သုံးသပ်စေကာမူ ကျွန်တော်သည် တစ်နှစ်တစ်တန်း ပုံမှန်အောင်မြင်လျက် ရှိပေသည်။ သို့သော် ရှစ်တန်းဖြေသည့်နှစ်တွင် အဖေ၏ သုံးသပ်ချက်သည် အထူးပင်မှန်ကန်သည်ဟု ဆိုရပေမည်။ ထိုနှစ်တွင် ကျွန်တော် ရှစ်တန်း စာမေးပွဲ ကျခဲ့ပါ၏။

ကျွန်တော် စာမေးပွဲကျသည့်အတွက် အဖေသည် ကြိတ်မနိုင်ခဲမရ ဖြစ်ခဲ့သည်။ ဒေါသများ ပေါက်ကွဲလျက် မိသားစုများ စိတ်ဆိုးစိတ်ညစ် ဖြစ်ခဲ့ရသည်။ အမှန်စင်စစ် ကျွန်တော့်အား စာမေးပွဲအောင်စေချင်သည်မှာ အဖေသည် အဓိကဖြစ်နေသည်ကို ထိုစဉ်က ကျွန်တော် မသိခဲ့ပါပေ။

ကျွန်တော် မှတ်မိပါသေးသည်။ ကျွန်တော်တို့အိမ်နံဘေးတွင် နေထိုင်သော မှတ်ပုံကင်အရာရှိ၏ သားဖြစ်သူ ကိုလှဝင်း ဆယ်တန်းအောင်၍ စက်မှုသိပ္ပံ တက်ရောက်ရန် အထုပ်အပိုးများဖြင့် ဘူတာအဆင်း၌ ကျွန်တော်တို့ ဘူတာသို့ လိုက်ပို့ကြသည်။ အမှန်အားဖြင့် ကိုလှဝင်းနှင့် ကျွန်တော်သည် ညီအစ်ကိုသဖွယ်၊ သူငယ်ချင်းသဖွယ် ခင်မင်ကြသည့်အလျောက် ပျော်ရွှင်စွာ သူ၏ အထုပ်အပိုးများ ကူညီပံ့ပိုးလျက် သွားလိုကြပါသည်။ သို့သော် အဖေသည် ထိုသို့မဟုတ်။ ကိုလှဝင်းအား ဆိုက်ကားဖြင့် ဖွတ်အတင်း တင်ပေးလိုက်ပြီး ကျွန်တော်အား ကိုလှဝင်း၏ အထုပ်အပိုးများကို ယမ်းစေပါ၏။ ကိုလှဝင်း၏ဖခင် မှတ်ပုံတင်အရာရှိမှာ အရက်သေစာ သောက်သုံးသူဖြစ်၍ ဘူတာသို့ သားဖြစ်သူအား လိုက်မပို့နိုင်ခဲ့ပါ။

ထိုဖြစ်ရပ်ကို ကြည့်ပါက ကျွန်တော်သည် သယ်ကျော်သက်လူပေါ်ဖြစ်သည့်အားလျော်စွာ အရှက်အကြောက်ကြီးတတ်သူဖြစ်ပေရာ မည်မျှရှက်၍ မည်မျှဝမ်းနည်းစိတ်မကောင်း ဖြစ်ရသည်ကို ယေဘုယျ ခန့်မှန်းကြည့်၍ သိနိုင်မည်ဖြစ်သည်။ အထက်ပါကိစ္စသည် ဖခင်ဖြစ်သူမှ သားသမီးများအပေါ် ထားသင့်သော မေတ္တာကရုဏာတို့အား သူတို့၏ အစွန်းအစိတ်သဏ္ဌာန်ဖြင့် ဖုံးကွယ်လျက် ပြတ်သားတိကျသည့် အနေအထားဖြင့် ရက်စက်စွာ သရုပ်ဆောင်ခဲ့ခြင်း ဖြစ်သော်လည်း ကျွန်တော်တို့၏ နောက်ကွယ်၌မူ အဖေသည် မည်မျှရင်နာနေမည်ကို ထိုစဉ်က မသိခဲ့သော်ငြား ယခုအခါတွင် မိဘတို့၏ စေတနာ၊ မေတ္တာ၊ ကရုဏာတို့ကို ကွက်ကွက်ကွင်းကွင်း သိသာထင်ရှားစွာ နားလည်နေခဲ့ရပြီ ဖြစ်သည်။

"အမှန်တော့ သားရယ် ... မင်းအဖေရဲ့ ငယ်စဉ်ဘဝက ခက်ထန်ကြမ်းတမ်းလွန်းလှပါတယ်ကွယ်။ မင်းအဖေမှာ မောင်နှမသားချင်းဆိုလို့ သူ့အစ်မရယ်၊ သူရယ် အရင်းဆိုလို့ ဒါပဲရှိခဲ့တာ။ သူ့အစ်မက မင်းရဲ့အဘိုး သဘောမတူတဲ့ သူကို ယူမိလို့ သမီးအဖြစ်က စွန့်ပစ်ခံခဲ့ရတယ်။ မင်းရဲ့အဘွားက သမီးဖြစ်တဲ့သူကို မစွန့်နိုင်လေတော့ ပြန်ခေါ်ပေမယ့် မင်းအဘိုးကတော့ သူ့သမီး မီးတွင်းထဲမှာ ဆုံးကာသွားရော မခေါ်တော့ဘူး။ သူ့သမီးဆုံးသွားမှ မင်းအဘိုးဟာ သူ့သမီးကို မခေါ်မပြောခဲ့၊ မေတ္တာမပြခဲ့ရလို့ နောင်တကြီးစွာရပြီး ရှိုက်ကြီးတငင် ငိုကြွေးခဲ့တယ်ကွယ်။ သေမှ နောင်တရတယ်ဆိုတာ ဒါကိုဆိုလိုတာလား မသိပါဘူး သားရယ်။ အဲ ... မင်းအဖေကလည်း မင်းရဲ့အဘိုးလိုပါပဲကွယ်။ ဒါပေမယ့် မင်းအဖေရဲ့ မေတ္တာစေတနာ မင်းကို နားလည်သဘောပေါက်အောင် ကြိုးစားကြစမ်းပါကွယ် ..."

အမေမှ အဖေ၏ မေတ္တာသရုပ်များကို ဖော်ကျူး၍ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ကျွန်တော့်အနေဖြင့် တစ်လုံးတစ်ပါဒ ပြန်လည်ပြောဆိုမှု မရှိသော်လည်း အဖေ၏မေတ္တာတရား အဖြူအမည်းကို မည်သို့ခွဲခြားရမည်မှန်း မသိ၊ ဇဝေဇဝါဖြစ်နေခဲ့ရသည်။ ဇဝေဇဝါဖြစ်မည်ဆိုပါကလည်း ဖြစ်ရပေမည်။ ကျွန်တော် ဆယ်တန်း(ခ)ဖြင့် အောင်၍ သင်တော ဌာနတွင် တောခေါင်းလျှောက်သည့်အခါ အဖေကိုယ်တိုင် လျှောက်လွှာနှင့် ပတ်သက်၍ သစ်တောဦးစီးမှူးနှင့် စကားများ ရန်ဖြစ်ခဲ့၏။ ကျွန်တော် ခြေလျင်တပ်သို့ ဝင်သည့်အခါတွင်လည်း သားဖြစ်သူ ကျွန်တော့်အား ချော့မော့ဖျောင်းဖျ၍ စုဆောင်းရေးမှ ပြန်လည်ထုတ်ခဲ့၏။ နောက်ဆုံး တားဆီးမရဖြစ်နေသော ကျွန်တော့်အား လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သော ရဲတပ်ဖွဲ့သို့ဝင်ရန် ခွင့်ပြုခဲ့သည်။

ရဲတပ်ဖွဲ့တွင် ရှစ်နှစ်ကိုးနှစ်ခန့် ဘာဝန်ထမ်းဆောင်၍ ရဲတပ်ဖွဲ့မှ ထွက်ကာ အနားယူလိုက်ပြီး အဖေ၏ကောက်ခံမှု၊ ပံ့ပိုးမှုများဖြင့် ကုန်သွယ်လာယ်ယာ (ယခု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး)တွင် ယာယီပုတ်ပြတ် ကုန်စာရေးဘဝဖြင့် ဝင်ရောက်လုပ်ကိုင်ခွင့်ရခဲ့သည်။ ကျွန်တော့်ညီမနှစ်ယောက်မှာ တစ်ဦးသည် ရဲတပ်ကြပ်ကြီးဘဝတွင် လည်းကောင်း၊ တစ်ဦးမှာ အလယ်တန်းပြဆရာမအဖြစ်လည်းကောင်း ယခုအခါ ဌာနဆိုင်ရာတို့ဖြင့် ရှိနေကြပေသည်။

ကျွန်တော်တို့ မောင်နှမများအား မွေးသဖခင် ကျေးဇူးရှင်သည် ရဲရင့်ပြတ်သားစွာ နေကဲ့သို့ ကျင့်ဆောင်တိန်းကျော်ခဲ့သဖြင့် ယခုအခါ ကျွန်တော်တို့၏ဘဝသည် အေးမြဖွယ်ရာ မိသားစုဘဝများဖြင့် ရှိနေကြပြီဖြစ်သည်။ အဖေ မသာ မကျန်းဖြစ်၍ အိပ်ရာထဲလဲနေစဉ် အဖေသည် ကျွန်တော်တို့အား ခေါ်ပြော ခဲ့သည်။

"သားတွေ သမီးတွေကို ဘယ်မိဘကများ မချစ်ဘူးလို့ ရှိခဲ့ဖူးလဲကွာ။ ဘာမဟုတ်တဲ့ အဟိတ်တိရစ္ဆာန်တွေ



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ခွေးတွေ၊ ကြောင်တွေတောင်မှ ကိုယ့်သားသမီးကို ကိုယ်ချစ်တာ။ အဖေတို့ဦးနှောက်ရှိတယ်၊ အသိဉာဏ်ရှိတယ်၊ နှလုံးသားရှိတယ်လေကွာ။ ဒါပေမယ့် သားသမီးတွေကို ချစ်တိုင်း သားသမီးတွေရဲ့ အလိုကိုလိုက်ရမယ်။ အကြိုက်ဆောင်ရမယ်ဆိုရင် မင်းတို့အနာဂတ်တွေ၊ ဘဝတွေ မင်းတို့ကိုယ်တိုင် ဦးဆောင်နိုင်တဲ့ စွမ်းရည်တွေ ရှိပါဦးမလားကွာ။

ငယ်တဲ့အရွယ်ကနေ ...မင်းတို့အခုလို အိမ်ထောင်ရက်သားကျတဲ့အထိ အများအမြင်အရ အဖေဟာ လူကြမ်းလုပ်ခဲ့တယ်။ နေလို အရှိန်ပြင်းပြင်းနဲ့ စူးရှတဲ့ အလင်းရောင်တွေ ပေးခဲ့တယ်။ အဲဒါကို မင်းတို့သားသမီးတွေက အဖေ့ရဲ့မေတ္တာပြခဲ့တာ၊ ကရုဏာတွေနဲ့ လမ်းညွှန်ခဲ့တာကို မင်းတို့လက်ခံရင် လက်ခံပေါ့ကွာ။ အေး ...မင်းတို့ လက်မခံလည်း အဖေကတော့ မင်းတို့ကို ချစ်တာများသွားပါတယ်၊ အဖေ့ကို ခွင့်လွှတ်ပါလို့ အသနားခံ မျက်ရည်ခံထိုးမှာတော့ မဟုတ်ဘူး''

မကျိန်းမမာသည့်ကြားမှ သားသမီးများအား ပြောသော အဖေ့စကားသည် သားသမီးများအား အသနားခံသည့်စကား မဟုတ်သည့်အပြင် လေသံသည့် သာမန်လူများထက် မာကျောလျက်ရှိပေသည်။ ကျွန်ုပ်တော်တို့မောင်နှမများသည် မည်သို့ပင်ဖြစ်စေ အဖေ့အား ဆပ်မကုန်အောင် ကျေးဇူးတင်ခဲ့ပါ၏။ တောင်စဉ်ခုနစ်ထပ်သာမက မြင်းမိုရ်ထက်ပင် ယူဇနာပေါင်းများစွာ မြင့်မားသော အဖေ့၏ကျေးဇူးကား ကြီးမားလှပါချေ၏။

× × ×

(၃)

ဖခင်မှာ လောကဓံကို ကြံ့ကြံ့ခံလျက် လူ့လောကတွင် သားသမီးအိမ်ထောင်စုအတွက် လူသားဆန်စွာ ရင်ဆိုင်တိုက်ပွဲဝင်လျက်မှ သားသမီးများဖြစ်ကြသော ကျွန်တော်တို့ မောင်နှမများအား လူ့ဘဝအလယ် တင့်တောင့်တင့်တယ် ဖြစ်စေရန် ကြမ်းတမ်းစွာ ထိန်းကျောင်းခဲ့ပါသည်။

ယခုအခါတွင် ဖခင်တစ်ယောက် လူ့လောကမှ ငြိမ်းချမ်းစွာ ထွက်ခွာသွားခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီဖြစ်၏။ ကျွန်တော်တို့သည်လည်း ဖခင်နေရာဝင်ရောက်၍ ကျွန်တော်၏ ညီမများသည်လည်း အိမ်ထောင်ရက်သားကျကာ သားနှင့်သမီးနှင့် ဖြစ်နေကြသည်။ ကျွန်တော့်တွင် သားသမီးသုံးယောက်ရှိ၍ ကျွန်တော်၏ သွန်သင်မှုအောက်၌ ငြိမ်သက်စွာ နာယူလျက် မိဘစကားနားထောင်ခဲ့ပေသည်။ ယခုအခါတွင် သမီးအကြီးသည် ဥပဒေအကြံပေး အရာရှိဖြစ်သည့်အပြင်၊ သမီးအလတ်သည်လည်း စီးပွားရေးတက္ကသိုလ်ကျောင်းဆင်း၍ စီးပွားရေးပညာရှင် ဖြစ်ခဲ့ပါ၏။ သမီးအငယ်ဆုံးမှာမူ ကွန်ပျူတာတက္ကသိုလ်တက်လျက် ရှိပေ၏။ သမီးများအား အဘိုးဖြစ်သူ၏ အရည်အချင်း၊ စွမ်းဆောင်မှု၊ ဉာဏ်ထက်မြက်မှုများအား မရိုးနိုင်အောင် ပြောကြားခဲ့ပေသည်။ သမီးများသည်လည်း ကျန်ခဲ့လေသော အဘိုးဖြစ်သူ၏ ဓာတ်ပုံအား အထင်ကြီးလေးစားကာ ဂုဏ်ယူသော အကြည့်များဖြင့် ကြည့်၍မဆုံး။ ကြည်ညို၍မဆုံး ဖြစ်နေပေသည်။

သို့သော် ကျွန်တော်၏သမီးများအား ကျွန်တော့်အဖေ နည်းလမ်းအတိုင်း ဆုံးမညွှန်ကြား သွန်သင်ခဲ့သည် မဟုတ်ပေ။ ဖခင်တစ်ဦးအပေါ် မေတ္တာဓာတ်များ ပျက်စီးရလောက်အောင် သမီးများအား မဆူခဲ့၊ မပူခဲ့၊ မရိုက်နှက်ခဲ့။ သူတို့လေးတွေအား မွေးဖွားစဉ်မှ ယခုအရွယ်ထိတိုင် ဇာတ်နှင့်ပင် မရွယ်ဖူးသကဲ့သို့ လေသံမာမာပင် မပြောခဲ့ပါပေ။ ပြောလည်းမပြောရက်ပါပေ။ မိဘတို့မှ သားသမီးအပေါ်ထားရှိသော ပျော့ပျောင်းသည့် မေတ္တာဓာတ်ဖြင့် ပို့လွှတ်ခဲ့ခြင်းကြောင့် သားသမီးမှ မိဘများအပေါ် တုံ့ပြန်သော ချစ်ခြင်းတရားကို ကူလူးဖလှယ်ခြင်းဖြင့် ဖခင်၊ မိခင်တို့၏ မေတ္တာရှေ့ထားသော စကားတို့သည် သားသမီးအပေါ်၌ အောင်မြင်ခြင်းမက အောင်မြင်ခြင်းဟု ဆိုရပေတော့မည်။

ကျွန်တော်သည် ကွယ်လွန်လေပြီးသော ဖခင်အား ပြောမပြတတ်နိုင်ခြင်းအားဖြင့် ချစ်ပါ၏။ အဖေ၏ နေမင်းပမာ ကြပ်မတ်သွန်သင်မှုများအပေါ် စိတ်မနာသည့်အပြင် ယခုအခါတွင် လွမ်းဆွတ်စရာ ဖြစ်နေရ၏။ အဖေ၏ စွမ်းအားများကြောင့် ကျွန်တော်တို့မောင်နှမများ၏ ဘဝကိုယ်စီသည် အေးမြစွာ သာယာ၍နေပါပြီ။ အဖေ၏မေတ္တာသည် လတ်တလော ပူလောင်ပြင်းပြသော နေမင်းကြီးပမာ ဖြစ်ခဲ့သော်လည်း ကျွန်တော်တို့၏ ဘဝလမ်းဝယ် လွန်စွာအေးမြနေသည်ကို အံ့သြစွာ တွေ့မြင်ခဲ့ရသည်။ ထို့ကြောင့်ပင် မိဘမေတ္တာ၏ အေးမြခြင်းသဘောကို အမှန်မြင်မိလေသော ကျွန်တော်တို့သည် တမလွန်တွင်ရှိလေသော အဖေ့အား ရည်မျှော်မှန်းကာ ဦးတင်လျက် ထာဝရရှိနေမည် ဖြစ်ပေသည်။


သို့သော် အဖေ၏ နည်းနိဿယအတိုင်း ကျွန်တော်၏ သားသမီးများအပေါ် ကျွန်တော် မသွန်သင်ခဲ့သည်ကိုတော့ ခွင့်လွှတ်ပါစေကြောင်း လွန်လေပြီးသော အဖေ့အား အထပ်ထပ် တောင်းပန်နေမိမည်မှာ ကေန်အမှန်ပင် ဖြစ်ပေတော့သည်။

မောင်သာမန်(ဖိုးကုန်း)



www.burmeseclassic.com

www.burmeseclassic.com



# လွင့်စဉ်သွားသော အတွေးများ

နီကြည်ကို

ကိုသီတာတို့ငယ်ငယ်က ခေါက်ဆွဲဆိုင်၊ ဆီချက်ဆိုင်တို့မှာ စားကြသောက်ကြတယ်ဆိုရင် စားပွဲအလယ်ခေါင်က ခွက်တစ်လုံးထဲမှာ ခေါက်ဆွဲစားတဲ့တူတွေ ထည့်ထားတာ မှတ်မိနေတယ်။ အဲဒီတူတွေက သစ်သားတူ၊ ဝါးတူ၊ ကော်တူတွေပေါ့။ အဲဒီတူတွေနဲ့စားပြီးရင် တူတွေကို ရေဆေးပြီး ပြန်ထည့်ထား။ နောက်လူတွေလာရင် အဲဒီတူတွေနဲ့ ပြန်စား။

အဲဒါကြောင့် ဝါးတူ၊ သစ်သားတူတွေဆိုရင် ငရုတ်ဆီတွေ ပေထားလို့ နီကြောင်ကြောင် ညစ်ထေးထေး။ ကော်တူတေဆိုရင်လည်း ပဲ့လို့ရွဲ့လို့။ အဲဒါတွေပဲ ပြန်ဆေး ပြန်စား။ ဩော် အခုကျတော့လည်း ခေတ်မီတိုးတက်လာလို့ ခေါက်ဆွဲဆိုင် စားသောက်ဆိုင်တွေမှာ ပလတ်စတစ်အိတ်နဲ့ အလုံပိတ်ထားသော တစ်ခါသုံးတူတွေ၊ တစ်ယောက်စားပြီးတာနဲ့ လွှင့်ပစ်နောက်မသုံးတော့။ လမ်းဘေးပလက်ဖောင်းက ကော်ပြန့်ဆိုင် အသုပ်ဆိုင်တွေမှာတောင် တစ်ခါသုံး တူကလေးတွေနဲ့။ ဩော် ... ကိုသီတာတို့လို အသန့်ကြိုက်သူတွေအတွက်ကတော့ အပေါသုခံ ကောင်းလေစွ၊ ကောင်းလေစွ။

တစ်နေ့ ကိုသီတာနဲ့ ရေးဖော်သူငယ်ချင်းနှစ်ယောက် မြို့ထဲမှာ ဟိုဝင်ဒီထွက်လုပ်ရင်း ဗိုက်ဆာလာလို့ လမ်းဘေးက ကော်ပြန့်ဆိုင်တစ်ဆိုင် ဝင်ထိုင်ကြသည်။ ကော်ပြန့်က ပူပူနွေးနွေး စားချင်စဖွယ်။ သုံးယောက်ထိုင်ပြီး သုံးပွဲမှာလိုက်သည်။ သိပ်မကြာလိုက်။ ကော်ပြန့်သုံးပွဲ လာချသည်။

စားပွဲထိုးကောင်လေးက လာချရင်း တူတစ်စုံက ပန်းကန်ထဲကနေ လျှောခနဲ ပလက်ဖောင်းပေါ် ကျသွားသည်။ စားပွဲထိုးကောင်လေးက ပြန်ကောက်ပြီး စားပွဲပေါ် ပြန်တင်လိုက်သည်။ အသန့်ကြိုက်သော ကိုသီတာက တူတစ်စုံ ပြန်လဲပေးရန် ပြောသည်။ ကောင်လေးက ပြန်ယူသွားကာ ဆိုင်ရှင်ဆီမှာ သွားတောင်းသည်။ ဆိုင်ရှင်က သိပ်ကြည်ပုံမရ။ ပါးစပ်က တစ်စုံတစ်ရာ ခပ်တိုးတိုးပြောကာ တူတစ်စုံ ပြန်ပေးလိုက်သည်။

ကိုသီတာတို့သုံးယောက် စားသောက်ပြီး ငွေရှင်းကာ ထလိုက်ကြသည်။ ကိုသီတာတို့ ဆိုင်ပြင်မရောက်သေး။ ဆိုင်ရှင်ထံမှ စကားသံအချို့ကို ကိုသီတာ ကြားလိုက်ရသည်။

"သူတို့ မသုံးလည်း နောက်လူတွေလာရင် ထည့်ပေးလိုက် ဘာသိတာမှတ်လို့"

နီကြည်ကို

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကြမ္မာရဟတ်

## ❋ ရန်မင်းအောင် (လပွတ္တာ)

ဟေမန္တဆောင်းရာသီမို့ ယမုံနာရွာလေးမှာ နှင်းမှုန်များဖြင့် ဝေဆိုင်းလျက်ရှိလေ၏။

အချိန်မှာ နံနက် ၆ နာရီခန့်ကျင်သာရှိသေးသည်။

မနှင်းနှင်းထွေး တစ်ယောက် နှင်းမှုန်ထုကိုတိုးဝှေ့ပြီး အိမ်အပြန်လမ်းမှာ လျှောက်လှမ်းနေသည်။ မြင်းကကုန်းရွာတွင် တည်ထားကိုးကွယ်သော ဆုတောင်းပြည့်စေတီ၏ ဘုရားပွဲတော်မှ ပြန်လာခြင်းဖြစ်သည်။ ဘုရားပွဲကျင်းပသည်ဆိုသော်လည်း ဇာတ်ကြီးသွင်းသည်မဟုတ်။ ရွာသားများ စုပေါင်းကသော အရပ်ဇာတ်ကလေး ဖြစ်သည်။

ယမုံနာရွာနှင့် မြင်းကကုန်းရွာမှာ နှစ်မိုင်သာ ဝေးကွာသည်။ မနှင်းနှင်းထွေး တဖြည်းဖြည်း လျှောက်လှမ်းလာရာ သူ့နေအိမ်ရှေ့သို့ရောက်ရှိသွားပြီး အိမ်တံခါးကို တဒေါက်ဒေါက် ခေါက်လိုက်သည်။

"ဒေါက်··ဒေါက်··ဒေါက်"

"ဟေ့··ကုလားမ··ကုလားမ··"

မနှင်းနှင်းထွေး၏ တံခါးခေါက် ခေါ်သံကြောင့် မကုလားမက မီးဖိုဆောင်အတွင်း ရေနွေးအိုးတည် မီးထိုးလျက်က ကမန်းကတန်း ပြေးထွက်လာပြီး-

"လာပြီ··လာပြီ··မမနှင်းရေ··"

"ကျွီ···"

မကုလားမ တံခါးဖွင့်ပေးလိုက်သည်နှင့် မနှင်းနှင်းထွေးက အိမ်ထဲဝင်သွား၏။ ညက ပွဲကြည့်၍ အိပ်ရေးပျက်လာသောကြောင့် သူမ၏ မျက်နှာမှာ ရွှင်ပြုံးမှုမရှိ၊ မျက်တောင်လေးစင်းစင်းနှင့် တဝါးဝါးသန်းလိုက်ပြီး အိမ်အတွင်းသို့ အကဲခတ် ကြည့်လိုက်သည်။

"ကုလားမ··နင့်အစ်ကို ညကပြန်မအိပ်ဘူးလား··"ဟုမနှင်းနှင်းထွေးက သူ့ခင်ပွန်းကို မတွေ့၍ မေးလိုက်သည်။

ကုလားမဆိုသူမှာ အဝတ်လျှော်၊ ထမင်းချက်၊ အစေအပါးအဖြစ်ငှားထားသူဖြစ်၏။ မနှင်းနှင်းထွေး၏ အမေးစကားကြောင့် ကုလားမခေါင်းလေးခါယမ်းပြီး···

"ပြန်မအိပ်ဘူး မမနှင်း၊ မမနှင်းနဲ့ ပွဲကြည့်ဖို့ အတူတူသွားကတည်းက အိမ်ကို တစ်ခေါက်မှပြန်မလာပါဘူး"

"ဟုတ်လား···အေးအေး ပွဲဈေးမှာလူချင်းကွဲသွားပြီး နင့်အစ်ကိုနဲ့ ငါတစ်ခါမှ ပြန်မဆုံပါဘူးဟာ···သူ့သူငယ်ချင်းတွေနဲ့ ဘယ်မှာ အပျော်သွားလိုက်နေသလဲမသိပါဘူး···၊ ဒါဒီကုလားထိုင်မှာပဲထိုင်ပြီး အိပ်တော့မယ်··နင်လဲ ချက်ပြုတ်စရာရှိတာတွေ သွားချက်ပြုတ်ပေတော့၊ နင့်အစ်ကိုလုပဝင်း ပြန်ရောက်လာရင်တော့ ငါ့ကိုနှိုးကြားလား"

"ဟုတ်ကဲ့ မမနှင်း···"

မကုလားမကပြောပြီး မီးဖိုဆောင်ဘက် ပြန်လျှောက်သွား၏။ မနှင်းနှင်းထွေးလည်း ပတ်လက်ကုလားထိုင်ပေါ် ထိုင်ချလိုက်သည်။

မနှင်းနှင်းထွေး အိပ်ပြန်ရောက်ပြီး နာရီဝက်ခန့်ပင် မကြာတတ်။ ရွာသား သုံးလေးယောက် ပျာယီးပျာယာနှင့် ရောက်ရှိလာကြသည်။

"မမနှင်းရေ···မမနှင်း···"

"မမနှင်း···မမနှင်း···"

မနှင်းနှင်းထွေးသည် မျက်တောင်နီနီနှင့် အိမ်အပေါက်ဝဆီသို့ လှမ်းကြည့်ပြီးမေးလိုက်သည်။

"ဟဲ့··ပြေးနဲ့ မောင်ဒွေးတို့··၊ နင်တို့ အလန့်တကြားနဲ့ ဘာဖြစ်လာလို့တုန်း···"



www.burmeseclassic.com

www.burmeseclassic.com

“ဘာဖြစ်လာရမှာလဲ မမနှင်းရဲ့ မမယောကျ်ား ကိုလှဝင်းလေ မြင်းက ကုန်းရွာမရောက်ခင် ကောက်ရိုးပုံဘေးမှာ သေနေတယ်တဲ့၊ ဘယ် ဘက်နံ့အုံမှာလဲ သွေးသံရဲရဲနဲ့ ဒဏ်ရာရထားတယ်ဆိုပဲ၊ သူ့ရဲ့ အလောင်းဘေးမှာ အရက်ပုလင်းခွံနဲ့ ရေသန့်ဘူးခွံကိုလဲ တွေ့ရတယ်တဲ့၊ အရက်သောက်ရင်း ဘယ်သူနဲ့စကားများလို့ ဓားနဲ့ထိုးခဲ့လဲ မသိဘူး။ မြင်းကကုန်းက ပြန်လာတဲ့ လူတွေပြောနေကြတာပဲ . . .”

“မနှင်းနှင်းထွေး တစ်ယောက် မျက်လုံးပြူးကျယ်သွားပြီး ကုလားထိုင်ပေါ်မှ ဆတ်ခနဲ ကုန်းထလိုက်သည်။

“ဖြစ်မှဖြစ်ရလေကိုလှဝင်းရယ် . .၊ ငါ့ယောကျ်ားကိုသတ်တာ သံခဲပဲ ဖြစ်နိုင်တယ်. . . သံခဲ နင်နဲ့ငါ တွေ့ကြပြီပေါ့ဟာ . . .”

မနှင်းနှင်းထွေးသည် ထဘီတိုတိုပြင်ဝတ်ပြီး အိမ်ပေါ်မှ ပြေးဆင်းသွား၏။ မောင်ပြူးနှင့်မောင်ဌေး၊ မောင်နီတို့က လည်း မနှင်းနှင်းထွေးကို ဖေးမထိန်းပေးရန်ပြေးလိုက်သွားကြသည်။ မကုလားမ ကတော့ ထင်းစကြီးကိုင်ပြီး အိမ်ရှေ့ကို ထွက်လာလိုက် အိမ်နောက်ဖေးဝင်သွားလိုက်နှင့် အသားတွေ တုန်ယင်ပြီး ကျန်ရစ်နေခဲ့သည်။

“မမနှင်း ဘယ်လိုသွားမှာလဲ . .”

“ဟဲ့ . . မနှင်းတအားမပြေးနဲ့ သတိထားနော်၊ သကီယတား။ အရှေ့လမ်းချိုးမှာ ကျော်မြင့်လှည်းတပ်ပြီး စောင့်နေတယ်၊ နင့်ကိုလိုက်ပို့ပေးလိမ့်မယ်”

“ကျော်မြင့် ဆိုသူမှာ ယမုံနာရွာ လူကြီး အဘထိန်ဝင်း၏ လယ်သူရင်းငှားဖြစ်သည်။ မနှင်းကတော့ ပြေးမြဲပြေးသွားဆဲပင်။ လမ်းချိုးတစ်ကွေ့အရောက်တွင် လှည်းမောင်းထွက်လာသော ကျော်မြင့်က . . .

“မနှင်း . . .လာ လှည်းပေါ်ကို တက် ငါလိုက်ပို့ပေးမယ်၊ အဘ ကတော့ သူ့ဆိုင်ကယ်နဲ့ သွားနှင့်ပြီ”

မနှင်းနှင်းထွေးက လှည်းပေါ်ခုန်တက်လိုက်ပြီး . . .

“ကျော်မြင့် နင့်လှည်းကို မြန်မြန်မောင်းဟာ . . .”

“နေအုံး ငါတို့လည်း တစ်ခါတည်းလိုက်မယ်” ဟု ပြောလျက် မောင်းပြူးတို့ သူငယ်ချင်းသုံးယောက်က လှည်းပေါ်သို့ တစ်ပါတည်း ခုန်တက်လိုက်သည်။

ကျော်မြင့်ကလည်း ချက်ချင်းပင် လှည်းကို မောင်းနှင်လိုက်၏။

“ဒုန်း . .ဒုန်း . .ဒုန်း . .၊ ဂျိုင်း . . ဂျိုင်း . .ဂျိုင်း . .ဂျိုင်း . .”

ကျော်မြင့်၏ အားသွန်ခွန်စိုက်မောင်းနှင်မှုကြောင့် လှည်းသံမှာ တဒုန်းဒုန်း။ တဂျိုင်းဂျိုင်းနှင့် တစ်လမ်းလုံးမြည်နေသည်။

အရှေ့ခင်တန်းမှ နေခြည်နုလေးဖြာထိုးလာပြီမို့ နှင်းမှုန်လေးများ ပျောက်ကွယ်စပြုလာပြီ။

မနှင်းနှင်းထွေးက ခင်ပွန်းဆီရောက်လိုသည့် ဆန္ဒစောပြီး . . .

“ကျော်မြင့် . . နင့်လှည်းကို မြန်မြန်မောင်းဟာ . . .”

“မောင်းနေပါတယ် မနှင်းရဲ့ . . ရောက်တော့မှာပါ . . .”

ကျော်မြင့်က ကြိမ်လုံးနှင့် နွားကိုတို့ကာ တို့ကာ အရှိန်မပျက် မောင်နှင်သွားလေရာ တဖြည်းဖြည်းနှင့် မြင်းကကုန်းရွာအနီးသို့ ရောက်ရှိသွားလေပြီ။ တာဘေး ကောက်ရိုးပုံနား တစ်ဝိုက်မှာ ရွာသူရွာသားများနှင့် ရဲတပ်ဖွဲ့ဝင်များ ဝိုင်းအုံကြည့်ရှု နေသည်ကို လှမ်းမြင်နေရ၏။ မနှင်းနှင်းထွေးက ခင်ပွန်း၏ အလောင်းကို မြင်ချင်ဇောဖြင့် လှည်းပေါ်မှ ခုန်ချ၍ပြေးလွှားသွားသည်။

“အစ်ကို . . .ကိုလှဝင်း . . . ကိုလှဝင်း”

ဝိုင်းဝန်းကြည့်ရှုနေသော ပရိသတ်ကြားမှ တိုးဝှေ့ဝင်သွားပြီး ခင်ပွန်း၏ ဦးခေါင်းကို ပွေ့ပိုက်ငိုရှာပြီ။

“အစ်ကိုကို ဘယ်သူသတ်တာလဲ၊ ရက်စက်လိုက်ကြတာတော် . . အမလေး။ အစ်ကိုကိုသတ်တာ ဟိုကောင်သံခဲမဟုတ်လားဟင် . . .၊ ညီမမေးနေတယ်လေ၊ ပြောပါအုံးအစ်ကိုရဲ့ ဟီး . . .ဟီး . . .ဟီး . . .”

ဘုရားပွဲ လုံခြုံရေးအတွက် တာဝန်ယူစောင့်ရှောက်ပေးသော ဗိုလ်လေးဇော်ကိုတို့တပ်ဖွဲ့က မနှင်းနှင်းထွေးကို ကြည့်နေကြသည်။ သက်သေခံ ပစ္စည်းတွေကိုလည်း သိမ်းဆည်းပြီးကြပြီ။ ရွာသူရွာသားတွေလည်း မနှင်းနှင်းထွေး၏ အဖြစ်ကိုကြည့်၍ စိတ်မကောင်း ဖြစ်နေကြရှာပြီ။ မြင်းကကုန်းရွာသား သံခဲကတော့ အသာလေး နောက်လှည့်ပြီး ပရိတ်သတ်ကြားထဲမှ ထွက်သွားသည်။

ဗိုလ်လေးဇော်ကိုက မနှင်းနှင်းထွေး အနားသို့ ဖြည်းညင်းစွာ တိုးကပ်သွားပြီး . . .

“ဒီကကျုပ်နှမ . . .နှမပြောတဲ့ သံခဲဆိုသူနဲ့ နှမယောကျ်ားက ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com

ပတ်သက်နေသလဲ···စိတ်အေးအေး ထားပြီးဖြေပါ···"

"ဟုတ်ကဲ့ဖြေပါ့မယ်ဆရာ···၊ ကျန်ခဲ့တဲ့ သုံးရက်လောက်ကမှ ဒီမြင်းကကုန်းရွာမှာ သူတို့နှစ်ယောက် ရန်ဖြစ်ကြပါတယ်၊ ကျွန်မယောက်ျားမှာ ရန်စဆိုလို့ အဲဒီသံခဲပဲ ရှိတာပါဆရာ···"

မနင်းနင်းထွေးက ပြောပြသည်နှင့် ဗိုလ်လေးဇော်ကိုက မြင်းကကုန်းရွာလူကြီးဦးစိန်ကို လှည့်ကြည့်ပြီး···

"ဟုတ်ပြီ···အဘစိန်ရေ···သူပြောတာဟုတ်လား···"

"ဟုတ်ပါတယ် ဗိုလ်လေး··· လှဝင်းနဲ့ သံခဲ ထိုးကြကြိတ်ကြလို့ အဘခေါ်ပြီး ဆုံးမလိုက်ရသေးတယ်···"

"ဟုတ်ပြီ···ဆရာကြီး မျိုးဆွေတို့အဖွဲ့က ဒီအလောင်းကို ရင်ခွဲရုံပို့ဖို့ သယ်ဆောင်သွားကြပါ၊ ဒီကကျုပ်နဲ့မနဲ့ အဘထိန်ဝင်းက ကိုလှဝင်းအလောင်းနဲ့အတူ မြို့ကိုလိုက်သွားပေါ့···၊ အဘစိန်ကတော့ ကျွန်တော်နဲ့အတူ တရားခံဖမ်းဖို့လိုက်ခဲ့ပါ···ဆရာဝင်းစံက ကျုပ်နဲ့လိုက်ခဲ့···"

"ဟုတ်···"

သို့နှင့်ပင် တပ်ကြပ်ကြီး မျိုးဆွေနှင့်အတူ ရဲတပ်ဖွဲ့ဝင်များသည် ရွာသားများကို အကူအညီတောင်း၍ ကိုလှဝင်းအလောင်းကို မြို့သို့သယ်ယူရန် ဆောင်ရွက်နေ၏။ ဒုတပ်ကြပ်ဝင်းစံနှင့် အဘစိန်ကတော့ ဗိုလ်လေးဇော်ကိုနှင့်အတူ တရားခံသံခဲအား မေးမြန်းစုံစမ်းထိန်းသိမ်းရန်အတွက် မြင်းကကုန်းရွာဘက်သို့ ခြေဦးလှည့်သွားကြ၏။ ရဲတပ်ဖွဲ့ဝင်နှစ်ဦးလည်း လိုက်ပါသွားသည်။

အဘထိန်ဝင်းနှင့် မနင်းနင်းထွေးကတော့ ယမုံနာရွာဆီသို့ ပြန်မလာနိုင်သေးပေ။ ကိုလှဝင်း အလောင်းသယ်ဆောင်ရာနောက်သို့ လိုက်ပါသွားကြမည်သာဖြစ်ပါသည်။

* * * * *

မနင်းနင်းထွေး တစ်ယောက်ခင်ပွန်းဆုံးပါးသွားသည်မှာ ငါးလခန့်ကြာပြီဖြစ်သည်။ ကြာမရှိတဲ့ရေကန်ဟာ မတင့်တယ်သလို၊ လင်ယောက်ျားမရှိတဲ့ မိန်းမသားဘဝသည်လည်း လှအရှိအသေကင်းမဲ့တတ်သည်မဟုတ်ပါလား။ ငယ်န ငယ်သွေးနှင့် ကြည့်ရှုဖွယ်ကောင်းလှသော မနင်းနင်းထွေးတစ်ယောက်၊ ယမုံနာရွာသား မောင်မြသွေးနှင့် လက်ထပ်မင်္ဂလာပြုလုပ်သည့်သတင်းမှာ ရွာနီးချုပ်စပ်ပြန့်နှံ့သွားသည်။ ပထမ အိမ်ထောင်နှင့် ကလေးအဖတ်မတင်ခဲ့သောကြောင့်နောက်အိမ်ထောင်ပြုရန် လွတ်လပ်မှုရှိလှသည်။

"ဗျို့···မနင်းနင်းထွေး မနင်းနင်းထွေး···"

"ရှင်···"

အိမ်ခြေရှေ့မှ ခေါ်သံကြားသည်မို့ မနင်းနင်းထွေးလှမ်းထူးပြီး ကမန်းကတန်း အိမ်ပေါ်မှပြေးဆင်းလာသည်။

"ဩော်···ဆရာတို့ပဲ···လာလေ အိမ်ပေါ်ကိုတက်ပါ···၊ အမောပြေ ရေနွေးကြမ်းလေးသုံးဆောင်ပါဦး···"

"အိမ်ပေါ်ကို မတက်တော့ဘူးဗျာ၊ တောင်ဘက်ရွာမှာ တရားခံတစ်ယောက်သွားဖမ်းရဦးမယ်···၊ လမ်းကြုံလို့ ဒီရွာကိုဝင်လာတာပါ···"

"ဩော်···ဟုတ်ကဲ့၊ ဒါနဲ့ ဆရာ ကျွန်မယောက်ျားကို သတ်သွားတဲ့ တရားခံသံခဲကို မမိသေးဘူးလား။ ကာလတောင် အတော်ကြာသွားပြီနော်ဆရာ"

"အင်း···အဲဒီအတွက်တော့ မပူပါနဲ့ ဗျာ···ရာဇဝတ်ဘေးဆိုတာ ပြေးလို့လွတ်ရိုးလား···၊ သံခဲနဲ့ အဆက်အသွယ်ရှိတဲ့လူကို···ကျုပ်တို့ စုံစမ်းလို့ သတင်းရပြီးပါပြီ···၊ ကိုလှဝင်းကို သတ်တဲ့တရားခံ···မကြာမီ ဖမ်းဆီးနိုင်တော့မှာပါ···သက်သေ အထောက်အထား ပိုခိုင်လုံအောင်လို့ စုံစမ်းနေပါတယ်ဗျာ···"

ဗိုလ်လေးဇော်ကို ပြောလိုက်သည်နှင့် မနင်းနင်းထွေး၏ မျက်နှာမှာ ကွက်ခနဲ ပျက်သွားပြီး···

"တခြားကြောင့်မေးတာ မဟုတ်ပါဘူးဆရာရယ်၊ ကျွန်မယောက်ျားသေသွားတာ···အခုလောက်ဆိုရင် အရိုးပါဆွေးလောက်ပါပြီ···သတ်သွားတဲ့ တရားခံကို အခုထိမမိသေးလို့မေးကြည့်တာပါဆရာ"

"ဟုတ်တယ်နော်···ကိုလှဝင်း ဆုံးပါးသွားတာ ငါးလလောက်တောင် ရှိပြီပဲ···သိပ်မကြာခင် ရက်အနည်းငယ်အတွင်းမှာပဲ··· လူသတ်တရားခံကိုကျုပ်တို့ပီပီပြင်ပြင် ဖမ်းပြပါမယ်ဗျာ၊ ဩော်···ဒါနဲ့···မနင်းနင်းထွေးတောင် အိမ်ထောင်ကျသွားပြီဆို···"

"ဟုတ်···ဟုတ်ပါတယ်ဆရာ·· မိန်းမသား တစ်ယောက်တည်းနေရတာ မသင့်တော်ဘူး မဟုတ်လား···၊ အဲဒါကြောင့်···ကျွန်မအိမ်ထောင်ပြုလိုက်ရတာပဲဆရာ···"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တာပေါ့…ဟုတ်တာပေါ့· မနှင်းနှင်းထွေး ပြောတာမှန်ပါတယ်၊ ဒါနဲ့ မနှင်းနှင်းထွေးရဲ့ ခင်ပွန်းကော မတွေ့ပါလားဗျ…"

"ကျွန်မယောကျ်ားလား…တောင်ဘက်ရွာကို ခဏသွားပါတယ်၊ မင်္ဂလာပွဲကို တခမ်းတနားကျင်းပတာ မဟုတ်လို့ ဆရာတို့ကို မဖိတ်တာပါ။ သူ့မိဘတွေဘက်က သိပ်သဘောမတူဘူး ဆရာ…ရွာဦးကျောင်းမှာပဲ အကျဉ်းချုံးပြီး… မင်္ဂလာခွမ်းကျွေး ပြုလုပ်ရတာပါ… ကျွန်မနောက်အိမ်ထောင် ပြုတာတစ်လကျော်ရုံပဲ ရှိပါသေးတယ်"

"ပြော်…ဟုတ်လား…၊ ဒါပေါ့ဗျာ…တစ်ပင်လဲလို့ တစ်ပင်ထူတာပဲ၊ ကဲ ကျုပ်တို့ကို ခွင့်ပြုဦးဗျာ၊ ရှေ့ကို ခရီးဆက်လိုက်အုံးမယ်…"

"ဟုတ်ကဲ့ဆရာ…ဟုတ်ကဲ့…"

ဗိုလ်လေးဇော်ကိုတို့ ရဲတပ်ဖွဲ့သည် မြောက်ဘက်ရွာဆီသို့ ခရီးဆက်ထွက်သွား၏။ မနှင်းနှင်းထွေးလည်း တောင်ဘက်ရွာမှ ပြန်လာမည့်ခင်ပွန်းကို ကြိုဆိုရန် ရွာအဝင်လမ်းဆီ လျှောက်လှမ်းသွားသည်။

ယမုံနာရွာအဝင်လမ်းတွင် ခရီးသည်များနားခိုနိုင်ရန် ရေချမ်းစင်နှင့် ဇရပ်လေးတစ်ဆောင် ဆောက်လုပ်ထားကြ၏။ မနှင်းနှင်းထွေးသည် ဇရပ်ပေါ်မှာ ထိုင်ပြီး ခင်ပွန်းပြန်အလာကို ကြိုဆိုမည့် ဟန်ချီအသွားနှင့် ဇရပ်ရှိရာသို့ ဦးတည်သွားနေသည်။ ဇရပ်အဆောင်ရှေ့ အရောက်တွင် အင်္ကျီအညို၊ ပုဆိုးအညို၊ ခေါင်းပေါင်းအညိုနှင့် အဘိုးအိုတစ်ယောက် ဇရပ်ပေါ်မှာ ထိုင်နေသည်ကို မြင်တွေ့ရ၏။ အဘိုးအို၏ မျက်နှာမှာ နှုတ်ခမ်းမွေးသက်သက်နှင့် တည်ကြည်ခံ့ညားစွာ ထိုင်နေသောကြောင့် မနှင်းနှင်းထွေးစိတ်ထဲ ကြည်ညိုသွားသည်။ မနှင်းနှင်းထွေးသည် အဘိုးအိုရှေ့နားမှာ တလေးတစားနှင့် သွားထိုင်လိုက်ပြီး -

"အဘ·"

"ဘာတုန်းကွယ့်၊ အညိုဝတ်စုံဝတ်ထားတာနဲ့ အကြားအမြင်ဆရာ ဗေဒင်ဆရာလို့ ထင်ပြန်ပြီနဲ့တူတယ်…"

"ဟုတ်ပါတယ်အဘ…အဘကို သမီးမြင်လိုက်တာနဲ့ အားကိုးမိတာ အမှန်ပါ။ သမီးရဲ့ ဇာတာလေးကို နည်းနည်းပါးပါးလောက် စစ်ဆေးကြည့်ပေးပါလားအဘရယ်…၊ ဒါပေမယ့် သမီးရဲ့ မေမေနဲ့ဖေဖေက…"

မနှင်းနှင်းထွေး၏ စကားပင်မဆုံးသေး အဘိုးအိုက လက်ဝါးလေးထောင် တားပြီး …

"တော်တော့ကလေးမ…ကလေးမရဲ့ မိဘနှစ်ပါးဆုံးပါးသွားလို့…အဒေါ်လက်ထဲမှာ ကြီးပြင်းလာရတာပါ…အဲ့ဒါကြောင့်မွေးခု၊ မွေးလ၊ မွေးရက်နဲ့မွေးနေ့ကို မသိတာပါလို့ ပြောဖို့မဟုတ်လား"

"ဟုတ်ပါတယ်အဘ…ဟုတ်ပါတယ်…၊ သမီးပြောမယ့်စကားကို ကြိုသိနေတာပဲ…၊ ဘုံးတော်အဘဘုရား သမီးရဲ့ ကံဇာတာ အကောင်းအဆိုးကို မိန့်တော်မူပါ…၊ ဘိုးတော်အဘ ညွှန်ကြားသလို သမီးဆောင်ရွက်ပါ့မယ် ဘုရား"

မနှင်းနှင်းထွေးတစ်ယောက် ထူးမြတ်သည့်ပုဂ္ဂိုလ်နှင့် မမျှော်လင့်ဘဲ ကြုံတွေ့ရသည်မို့ တအံ့တသြနှင့် ဝမ်းမြောက်ဝမ်းသာ အားကိုးမိလိုက်သည်။

"အေး…အဝိဇ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလသုံးဖြာ ဟောကိန်းထုတ်ပေးမယ်သမီး။ မှန်ရင်မှန်တယ်၊ မှားရင်မှားတယ်ပြောနော်…"

"ဟောပါဘုရားဟောပါ…သမီးနား ထောင်ပါ့မယ်ဘုရား…"ဟုလက်အုပ်ချီပြောလျက် ဘယ်ညာဘေးဘီသို့ လူသူ ရှိမရှိ မနှင်းနှင်းထွေးက ဝေ့ဝိုက်ကြည့်လိုက်သည်။

"ကောင်းပြီကွယ်…နှင်းဆိုတဲ့ အက္ခရာက ဒွေးဒေဟာကွယ့် ရသပျက်ပြီးဒီယသံရှည် ဖြစ်နေတယ်…၊ ထွေးဆိုတာက အငယ်ကို ခေါ်တာပဲ…၊ ဒီယရသပျက်ရင်…အိမ်ထောင်တစ်ဆက်နဲ့ မမြဲတတ်ဘူးလေ…၊ ထွေးဆိုတဲ့ အမိပွါးယ်နဲ့ စုစည်းဝေဖန်လိုက်ရင် မေတ္တာရေးနဲ့ပတ်သက်လို့ သူတစ်ပါးလင် ယောကျ်ားရဲ့ စိုးမိုးချယ်လှယ်မှုခံရတတ် တယ်သမီး…"

"မှန်ပါတယ်ဘုရား…မှန်ပါတယ် အဲ့ဒီယောကျ်ားက ကွယ်လွန်သွားတာ ငါးလလောက် ရှိပါပြီဘုရား…၊ အခု သမီး နောက်အိမ်ထောင် ပြုထားတာပါ ဘုရား…"

"သိတယ်လေ…အဘသိတာပေါ့ သမီးရဲ့…၊ သမီးနဲ့အဘအခုကြုံတွေ့ရတာ ညနေ(၃)နာရီကျော်ပြီဆိုတော့ ဆန်းနိမိတ်အရ သောကြာအခါပဲ…၊ အင်း…ကလေးမရဲ့နာမည် စနေနံသုံးလုံးထပ်ထားပြီး…တကွနိမ်မှာ ရပ်တည်နေတဲ့ကာလ၊ ဟုတ်ပြီ…ကောဇ တိုင်မရဏ သောကြာပူးယှဉ်နေတယ်

www.burmeseclassic.com

ကွယ်၊ သောကြာကြိုပ်က ကာမဂုဏ် ငြိုပ်ဖြစ်သလို...ကလေးမရဲ့ ကမ္ဘာ ရကာဖြစ်နေတာကြောင့် သမီးရဲ့ စိတ်သွေ ဖျာပါကြွယ်နေမယ်ထင်တယ်..."

"မှန်ပါတယ်ဘုရား...သမီးစိတ်ထဲ သောကတွေနဲ့ အတွေးများပြီး... ညဘက် အိပ်လို့တောင်မပျော်ပါဘူး အဘဘိုးတော်ဘုရား..."

အဘိုးအိုၡ် ဟောချက်များမှာ အံ့မခန်းလိလိပင်။

"အေး...သမီးရဲ့နာမည်ရပ်တည် နေတဲ့ တိက္ခနိစ်ဒ္ဓာနဆိုတာ...အချစ် ဟောင်းအမှုဟောင်း...ဒဏ်ရာဟောင်း ကွယ်၊ ကမ္ဘာ့ဆရာကကြိုပ်မူးယဉ်မှုက အမှုအခင်းဆိုတော့... သမီးမှာ အမှု ဖြစ်ကိန်းရှိတယ်...၊ ဒါပေမယ့် ဘာမှ မပူနဲ့သမီး ... အဘညွှန်ကြားတဲ့ ယတြာကို ဆောင်ရွက်ပါ..."

"ဆောင်ရွက်ပါ့မယ် ဘုရား..."

"ဟုတ်ပြီ...ဒီနေ့ အင်္ဂါဆိုတော့ လာမယ့်စနေနေ့ ပြည်လုံးချမ်းသာစေတီ ရဲ့မွေးနံတောင့်မှာ...၊ သူကိုနိုင်လိုသကို နိဆိုတဲ့အတိုင်း...မေမြို့ပန်းလှူရမယ်၊ အချိန်က မနက် ၉ နာရီ ၄၅ မိနစ်မှာ ဆောင်ရွက်နော်..."

"ပြည်လုံးချမ်းသာဆိုတော့ ရွှေတာ မြို့ပေါ်က ဘုရားမှာပဲ...သမီးဆက်ဆက် ဆောင်ရွက်ပါ့မယ်ဘုရား...လာမယ့် စနေနေ့မှာ သမီးတို့မြို့တက်ပြီး ဈေးဝယ် ရမှာနဲ့ အလိုက်သင့်ပါပဲဘုရား..."

"ကောင်းပါပြီကွယ်...အဘလည်း လေးမိုင်ခရီးသက်ရအုံးမှာမို့...သွားတော့ မယ်ကွယ်..."

"အဘဘုရား...သက်တော်ရှည်ပြီး ကျန်းမာချမ်းသာပါစေ..."ဟု ဆန္ဒပြု လျှက် မနှင်းနှင်းဝေ့ကာ ဦးချကန်တော့ လိုက်သည်။

အဘိုးအိုလည်း တစ်လှမ်းချင်း လှမ်းပြီးတာလမ်းမကြီးအတိုင်း ခရီးနှင် သွားလေသည်။ မနှင်းနှင်းဝေ့သည် လက်အုပ်ချီပြီး အဘိုးအိုကို ကြည့်ကာ ဖြင့် ကျန်ရစ်နေခဲ့ရှာသည်။

* * ** *

"ချွင်...ချွင်...ချွင်...ချွင်..."

နေခြည်ဖြာလိုးနေသည့် အောက် ဝယ် ရွှေသင်္ကန်းရောင်တဖိတ်ဖိတ်နှင့် ပြည်လုံးချမ်းသာစေတီတော်မှာ သပ္ပါယ် ၍နေ၏။ လေပြေဆော်သွေးနေသော ကြောင့် ဆည်းလည်းသံများ တချွင်ချွင် နှင့် သာယာ ကြည်ညိုဖွယ်ကောင်း လှသည်။

မောင်မြသွေးနှင့် မနှင်းနှင်းဝေ့ သည် သင်္ဘောဆိပ်မှ တက်လာသည် နှင့် ဈေးမဝယ်နိုင်သေးပေ။ ဇနီးမောင်နှံ စကားတပြောပြောနှင့် ကမ်းနားလမ်း အတိုင်း လျှောက်လှမ်းလျက် စေတီ တော်မြတ်ကြီးဆီသို့ ဦးတည်သွားနေ သည်။

"မ...ယတြာချေဖို့ မေမြို့ပန်းကို ဝယ်လေ..."

"ပြော်မောင်ရယ်...၊ စိတ်ပူစရာ မဟုတ် စိတ်ပူနေပြန်ပါပြီကွယ်၊ ဘုရား မှာ ပန်းသည်တွေရှိပါတယ်..."

"မောင်က စိတ်ပူလို့ ပြောတာပါ မရယ်...၊ မအတွက် ယတြာချေပြီးရင် ဈေးဝယ်ပြီး ရွာကို မြန်မြန်ပြန်ကြရ အောင်၊ မောင့်စိတ်ထဲ လေးနေသလိုပဲ မ..."

"[illegible]

တာ ထွန်းပါစေ..."

ဇနီးမောင်နှံ [illegible]

တပြောပြောနှင့် [illegible]

ကြရာ ဘုရားချောင်း[illegible]

တွင် ဗိုလ်လေးဖော်ကိုတို့ ရဲဘော်ရှိန်နှင့် ဆုံဆည်းမိပြန်သည်။

"ဟော...ကျုပ်နှမတို့ဇနီးမောင်နှံ ဘုရားလာဖူးကြတာထင်တယ်..."

"ဟုတ်ကဲ့ဆရာ... ဒါနဲ့ တရားခံ သံခဲရဲ့ သတင်းအစအနကို စုံစမ်းလို့ မရသေးဘူးလားဆရာ..."

"သတင်းရရုံဘင် မဟုတ်ဘူးနှမရေ့ ကျုပ်တို့လက်ထဲ မောင်သံခဲ ရောက်နေ ပါပြီဗျာ...အခုပဲ...နှမတို့ဆီကို အကြောင်းကြားမလို့ ကျုပ်တို့ စခန်းက ထွက်လာခဲ့ကြတာပါ...၊ ဒါပေမယ့် မောင်သံခဲက သူမသတ်ဘူးလို့ ငြင်းနေ တယ်ဗျ..."

"သူနဲ့ ကိုလှဝင်း ရန်စရှိတာပဲ.. သူမသတ်ဘယ်သူ သတ်မှာလဲ ဆရာ ရယ်...၊ သူခိုးကတော့ ခိုးတယ်လို့ ဘယ်ပြောပါ့မလဲ..."

"ကျုပ်နှမ ပြောတာလဲမှန်ပါပေ တယ်...၊ တကယ်သတ်တဲ့တရားခံကို ကျုပ်တို့ ဖမ်းဖို့ထွက်လာကြတာပဲ..."

ဗိုလ်လေးက မေးငေါ့လိုက်သည်နှင့် တပ်ကြပ်ကြီးမျိုးဆွေက လျှပ်တစ်ပြက် လှမ်းရားလိုက်သည်။

"ဖျောက်"

"ဟင်"

မောင်မြသွေးလက်မှာ စတီးလက် ထိပ်ခတ်ပြီး ဖြစ်သွားသည်မို့ အံ့အား သင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မယောက်ျားမှာ ဘာအပြစ်ရှိလို့လက်ထိပ်ခတ်ရတာလဲဆရာ"

"ကိုလှဝင်းကို သတ်တဲ့ အမှုနဲ့ ဖမ်းရတာပဲ…၊ မြသွေးတင် မဟုတ်ဘူး မနှင်းနှင်းထွေးကိုပါ ဖမ်းတာဗျာ…"

ဗိုလ်လေး၏ စကားကြောင့် မောင်မြသွေးနှင့် မနှင်းနှင်းထွေးတို့၏ မျက်နှာမှာ ညိုပုပ်ပုပ်သွေးရောင်များ လွှမ်းခြုံသွားသည်။

"ဘယ်လို အထောက်အထားနဲ့ ကျွန်မတို့ကို ဖမ်းရတာလဲ ဆရာ…၊ အထောက်အထား မခိုင်လုံဘဲ ဖမ်းမိရင်တော့…"

"ပါးစပ်ပိတ်ထား မနှင်းနှင်းထွေး၊ ကျုပ်တို့ ဥပဒေအောက်တော်သားတွေက မသေချာဘဲ အလုပ်တစ်ခုကို မလုပ်ဘူးဗျာ အဲ့ဒါကို ခင်ဗျားတို့ နားလည်ဖို့ လိုလိမ့်မယ်…၊ ခင်ဗျားကို ထွေထွေထူးထူး မပြောဘူးဗျာ…ဟိုလူ့ကို ခင်ဗျား သိလားလို့ သေသေချာချာ ကြည့်လိုက်စမ်း…"

ဗိုလ်လေးက ဒုတပ်ကြပ်သိန်းတင်ဆီသို့ လက်ညှိုးညွှန်ပြလိုက်သည်။ မောင်မြသွေးနှင့် မနှင်းနှင်းထွေးလည်း လှမ်းကြည့်ပြီး ရင်ထဲဝေ့နယ်နေသည်။

ဒုတပ်ကြပ်သိန်းတင်က သူတို့ဇနီးမောင်နှံကို ပြုံးတုံ့တုံ့နှင့် ကြည့်လိုက်ပြီး

"မောင်မြသွေးကတော့ ကျုပ်ကို သိမှာမဟုတ်ဘူး…၊ ဒါပေမယ့်… မနှင်းနှင်းထွေးကတော့ ကျုပ်ကို မြင်ဖူးမှာပါ…"

"ဟုတ်ကဲ့… ကျွန်တော်ဆရာကို မြင်လဲမမြင်ဘူးပါဘူး…သိလဲမသိပါဘူး ဆရာ…"

"ခင်ဗျားမမြင်ဖူးဘူး ဆိုတာကို ကျုပ်လက်ခံပါတယ်…မနှင်းနှင်းထွေးကကော…"

"ဟုတ်ကဲ့ မြင်ဖူးသလိုလိုပဲ…၊ ကျွန်မကို ဗေဒင်ဟောပေးခဲ့တဲ့ အဘနဲ့ တူသလိုလိုပဲ…"

"သိပ်မှန်တာပေါ့ဗျာ… အဲ့ဒီလောက်ဆိုရင် သဘောပေါက်လောက်ရောပေါ့၊ ကိုလှဝင်းကို သတ်မှုနဲ့ ပတ်သက်လို့ ဝန်ခံလိုက်စမ်းပါဗျာ…"

ဒုတပ်ကြပ်ဆရာက ပြောလိုက်သည့်အခါ မောင်မြသွေးက ခေါင်းလေးငုံ့သွား၏။ မနှင်းနှင်းထွေးကတော့ အသံတုန်ယင်စွာဖြင့် ငြင်းဆန်လိုက်ပြန်သည်။

"ကိုလှဝင်းကို ကျွန်မ မသတ်တာ အမှန်ပါဆရာ…"

ဗိုလ်လေးဇော်ကို၏ မျက်နှာမှာ နီမြန်းသွား၏။ မျက်ထောင့်နီနီနှင့် မနှင်းနှင်းထွေးကို စိုက်ကြည့်ပြီး -

"ခင်ဗျားက တော်တော်ဟန်ဆောင်ကောင်းတဲ့မိန်းမပဲ… အခုချိန်အထိ ငြင်းနေတုန်းပဲလား… ကဲ ဆရာသိန်းတင်ရေ သူတို့ သတ်တယ် မသတ်ဘူး ဆိုတာကို သက်သေအထောက်အထား ပြလိုက်စမ်းဗျာ…"

"ဟုတ်ကဲ့ ဗိုလ်လေး"ဟုပြောလျက် တရားခံအနားသို့ တိုးကပ်သွား၏။ သူ့ရဲ့လွယ်အိတ်ထဲမှ ကက်ဆက်လေး ထုတ်ပြီး -

"ဒီမယ်မနှင်းနှင်းထွေး၊ ခင်ဗျားနဲ့ ကျုပ် ရွာအဝင်ဇရပ်မှာ ကြုံကြရတာပါ၊ အဲ့ဒီရက် မတိုင်မီကလဲ ထီးပြင်ကုလားအရောင်ပြပြီး… ခင်ဗျားတို့ရွာအနီးကျုပ်ရောက်ခဲ့ပြီးပြီ… ထားပါတော့လေ၊ ခင်ဗျားကို ဗေဒင်ဟောပေးတဲ့ညက ခင်ဗျားတို့ရဲ့ အိမ်အောက်မှာ ကျုပ်ရောက်နေတယ်ဗျ… အဲ့ဒီညက ခင်ဗျားတို့လင်မယား ဘာပြောမိကြသလဲလို့ ဒီအသံလေးကို နားထောင်ကြည့်ပါဦး…"

ဆရာသိန်းတင်က ကက်ဆက်ခလုတ်ကို နှိပ်လိုက်သည်။

"မောင်ရေ… ညနေကမောင်ကို လာကြိုတော့ ဇရပ်ပေါ်မှာထူးထူးခြားခြား အဘဘိုးတော်တစ်ပါးနဲ့ တွေ့ခဲ့တယ်၊ မကို ဗေဒင်ဟောပေးခဲ့တာ မှန်လိုက်တာမှကွက်တိပဲ၊ အမှုဖြစ်ကိန်းမြင်တယ် ဆိုပြီး မကိုတောင် ယတြာချေခိုင်းခဲ့သေးတယ်၊ ပြည်လုံးချမ်းသာစေတီရဲ့ မွေးနံ့ထောင့်မှာ မေမြို့ပန်းနဲ့ ယတြာချေရမှာတဲ့၊ လာမယ့် စနေနေ့မနက်ယတြာသွားချေရအောင်နော်မောင်…"

"ချေရမှာပေါ့ မရယ်…အမှုဖြစ်မယ်လို့ ဟောသွားတယ်ဆိုတော့ တခြားအမှုတော့ မဖြစ်နိုင်ပါဘူး၊ ကိုလှဝင်းနဲ့ပတ်သက်တဲ့ အမှုပဲနေမှာပေါ့… အဲ့ဒီအမှုသာ ပေါ်ရင်တော့ မောင်ကလူသတ်မှု မက အားပေးကူညီမှုဖြစ်နိုင်တယ်…"

"ဟာ…မောင်ကလဲ နမိတ်မရှိ ဘာတွေလျှောက်ပြောနေတာလဲ…ဖွဟဲ့…လွှဲပါစေတော်…အဲ့ဒီလူသတ်မှု တရားခံကို…သံခဲဆီမြားဦးပြထားပြီလေ…ဘာမှ မပူပါနဲ့မောင်ရယ်…၊ မောင်နဲ့မ ပိပိရိရိလှုပ်ရှားထားတာ ဘယ်သူကသိလို့လဲ…"

ကက်ဆက်မှ အသံကြောင့် တရားခံဇနီးမောင်နှံမှာ ညိုးနွမ်းသွား(?)ပြင်



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းလေးငုံ့ထားကြ၏။ ဗိုလ်လေးဇော်ကိုက သူတို့နှစ်ယောက်ကို အကဲခတ်ကြည့်နေသည်။ ကက်ဆက်ထဲမှ အသံများက ထွက်ပေါ်နေဆဲပင်။

"ဟုတ်ပါတယ် ဉာဏ်ကြီးရှင် မရယ် ကျုပ်ကတော့ . . .သူ့မယား လိုချင်ရင် သူ့လင်ကိုလုံ့နဲ့ထိုး ဖြစ်နေပြီ၊ မောင်ကို မဝယ်ပေးတဲ့ အနီတစ်ပြားနဲ့ ရေသန့်ဘူးကို မောင်ဝယ်လာတဲ့ အနေနဲ့မောင်ရိပ်မှာ ခေါ်ပြလိုက်တော့ကိုလှဝင်း အံ့ဩသွားတယ်သိလား၊ ပြီးတော့ ဘာပြောသေးတယ်မှတ်လဲ . . ."

"ကိုလှဝင်းက မောင့်ကိုပြောတာပဲ မက ဘယ်လိုလုပ်သိမှာလဲ . . ."

"သူပြောတာက ဒီလိုမရဲ့ . . .မင်း အရက်မသောက်စဘူး သောက်ဖို့လား။ အစရှိ တနောင်နောင်ဖြစ်တတ်တယ်၊ မင်းမသောက်နဲ့ ငါ့ကိုပေးတဲ့လေ . . ၊ မောင်ကလည်း ဘယ်ပေးမလဲကျွန်တော် လဲတစ်ငုံ နှစ်ငုံလောက်တော့ သောက်မှာပေါ့ဗျာ၊ ဒီမှာလူများတယ်ဗျာ၊ လာဟို ကောက်ရိုးပုံနားမှာ သွားသောက်မယ် လို့ပြောလိုက်တော့ . . .အရက်ကျေး ကျွန်ငတိ ဘယ်နေနိုင်ပါ့မလဲ.. မောင့် အနောက်ကနေ ကောက်ကောက်ပါ အောင် လိုက်လာတော့တာပဲ..ကောက် ရိုးပုံဘေးရောက်တော့ သူ့လက်ထဲကို အရက်ပုလင်းနဲ့ ရေသန့်ဘူးအပ်လိုက် ရော အငမ်းမရဖွင့်ပြီး မော့တော့တာပါပဲ မရယ် . . .သူ့ကိုကြည့်ပြီး မောင်လေ အတော့်ကို သနားသွားမိတယ် . . ."

"ကိုလှဝင်း ဗလကကြီးပြီး..မောင် ဗလကသေးတော့.. မလေ မောင့်ကို စိတ်မချလို့ . . .နောက်ကချောင်းပြီး လိုက်လာခဲ့တာပါ. . .ကိုလှဝင်းအရက် မော့သောက်လိုက်မလဲ အကြံရပြီး . . သူ့ကို ရန်ဝင်တွေ့တာ . . ."

"ဟုတ်တယ်လေ...မကိုတွေ့တော့ ကိုလှဝင်းရဲ့ စိတ်အာရုံက မဆီကို ရောက်သွားတယ်လေ...အဲ့ဒီဟာကွက် ကိုအခွင့်အရေးယူပြီးတော့ မောင်ကလဲ သူ့ရဲ့ ချက်ကောင်းကို အမိအရထိုးသတ် နိုင်ခဲ့တာပေါ့ . . .အဲ့ဒါလေ မောင်က မကို သိပ်ချစ်လို့ စွန့်စားလိုက်တာ ပဲသိလား . . ."

"အပြောကောင်းတယ် . . .မကလဲ မောင်ကို ချစ်လွန်းလို့ . . .အခုလို ကြံ စည်ရတာပဲ၊ ဒါနဲ့ မောင့်ကိုပြောရအုံး မယ်၊ မောင့်ရဲ့ ခြေဦးတွေ တောင်ဘက် ရွာကို အလှည့်များနေတယ်နော် . . ၊ မောင်ရဲ့အမျိုးတွေ သဘောတူထားတဲ့ တောင်ဘက်ရွာက သန္တာနဲ့ အဆက် အသွယ်ပြုလို့ကတော့..ဟင်း. . .ဟင်း မအကြောင်း မောင်သိပါတယ်နော် . . အဆိပ်ခတ်သတ်ပြစ်လိုက်မယ်မှတ်.."

"တောက်"

ဒုတပ်ကြပ်သိန်းတင်က ကက် ဆက်ခလုတ် ပိတ်လိုက်သည်နှင့် ဗိုလ်လေးဇော်ကိုက ခေါင်းလေး တညိတ်ညိတ် လုပ်လိုက်ပြီး . . .

"ကဲ . . .အချစ်သူရဲကောင်းကြီး နှစ်ယောက် ဘယ်လိုငြင်းချင်သေးလဲ ဟင်.. ဆက်ငြင်းမှာလား။ ဝန်ခံမှာလား ပြော . . ."

"ဗိုလ်လေးမေးနေတယ်လေ၊ ဝန်ခံ လိုက်ကြပါတော့ဗျာ ..."ဟု ဆရာသိန်း တင်က ပြောလိုက်သည်။

မောင်မြသွေးနှင့် မနှင်းနှင်းထွေး လည်း မငြင်းသာတော့သည်မို့ မျက်ရည် များယိုစီးကျပြီး ဝန်ခံလိုက်ကြသည်။

"ဟုတ်ပါတယ်ဆရာ ကိုလှဝင်းကို သတ်တာကျွန်တော်ပါ"

"ကျွန်မလဲ ဝန်ခံပါတယ်ဆရာ.. .တကယ်တော့ သံခဲမှာ ဓားစားခံတဝန် ဝရမ်းပြေးဖြစ်ခဲ့တာပါ . . . သူ့ကို ပြန် လွှတ်ပေးလိုက်ပါတော့ဆရာရယ် . . ."

"သံခဲမှာ အပြစ်မှုမရှိဘဲ..ပြန်လွှတ် ပေးရမှာပေါ့.. အခုလဲ သူ့ကို ကျုပ်တို့ ဖမ်းထားတာမဟုတ်ဘူး. . .တရားခံအစစ် မမိခင် ကျုပ်တို့က ခဏခေါ်ထိန်းထား တာပါ၊ ရှင်းရှင်းပြောရရင်ဗျာ သူ့ကို ခင်ဗျားတို့ လုပ်ကြံနှုတ်ပိတ်ခံရမှာစိုးရိမ် လို့ သူ့အတွက်လုံခြုံအောင် စခန်းမှာ ခဏခေါ်ထားရတာမျိုးပဲ. . . ဆရာကြီး မျိုးခွေနဲ့ ဆရာသိန်းတင်ရေ တရားခံ တွေခေါ်ပြီး လိုက်လာခဲ့ပေတော့ ၊ ကျုပ် စခန်းကပဲ စောင့်နေတော့မယ် . ."

"ဟုတ်ကဲ့ . . ."

"စိတ်ချပါ . . .ဗိုလ်လေး"

တပ်ကြပ်ကြီးနှင့် ဒုတပ်ကြပ်သည် အရိုအသေပြုလိုက်၏။ ဗိုလ်လေး ဇော်ကိုကတော့ ဆိုင်ကယ်စက်နှိုးပြီး ရဲစခန်းဘက်သို့ မောင်းနှင်သွားပြီ။

မောင်မြသွေးနှင့် မနှင်းနှင်းထွေး လည်း သူတို့ပြစ်မှုကျူးလွန်မိသည်ကို နောင်တ မျက်ရည်များနှင့်အတူ နိုင်ငံတော်၏ အဆုံးအမ ခံယူရန်အတွက် ရဲတပ်ဖွဲ့များကြားမှ ကျေကျေနပ်နပ် လိုက်ပါသွားရရှာလေတော့သည်။

ရန်မင်းအောင် (လပွတ္တာ)



www.burmeseclassic.com

www.burmeseclassic.com

# မြင်ကွန်းရှင် ရွှေနိုင်ပါသည်

[ဗိုလ်ချုပ်ချုပ်]



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှာ နိုင်ငံတော်က "လယ်ယာမြေဥပဒေ" ပြဋ္ဌာန်းလိုက်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ နေ့မှာ လယ်ယာမြေနည်းဥပဒေကို အမိန့်ကြော်ငြာစာအမှတ်- ၂/၁၂နဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါတယ်။

အခုထုတ်ပြန်တဲ့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေအရ မိမိလုပ်ပိုင်ခွင့်ရရှိတဲ့ လယ်ယာမြေကို တောင်သူလယ်သမားများဟာ ရောင်းပိုင်ခွင့်၊ ပေါင်ပိုင်ခွင့်၊ အမွေပေးပိုင်ခွင့်တွေ ရရှိလာပါတယ်။ တောင်သူလယ်သမားများ ဝမ်းသာစရာ၊ သွားရည်ကျစရာပါ။ ဒါပေမယ့် သံကို သံချေးက ဖျက်သလို၊ သစ်ကိုလည်း သစ်ပိုးက ဖျက်တတ်ပါတယ်။ လူတွေကလုပ်ထားတဲ့ ဥပဒေကို လူတွေကပဲ ဖျက်တတ်ပါတယ်။ ရာဇဝင်မှာ ပုဂံညှပ်ကြီးတောင် ပျက်စီးခဲ့ရတယ်ဆိုတာ လူတိုင်းအသိပါ။

ဥပဒေထွက်လာတာမှ မကြာသေးဘူး။ ပျက်စီးရာပျက်စီးကြောင်းကြံစည်တဲ့သူတွေ ပေါ်လာခဲ့ပါပြီ။

ကြည့်လေ ...။

× × × × ×

တစ်နေ့ တောရွာတစ်ရွာက ကျွန်တော့်မိတ်ဆွေ ဦးမြတ်စိုးနှင့်အတူ အသက် ၅၀ လောက် အမျိုးသမီးတစ်ဦး ရောက်လာပါတယ်။ ရုံးခန်းအတွင်း လက်ဖက်ရည်ခွက်နှင့် ဧည့်ခံပြီး စားပွဲမှာ ထိုင်မိကြတော့ ...

"ကဲ .. ဆိုဗျာ ဦးမြတ်စိုး။ ဘာကိစ္စတွေပေါ်လာပြန်ပြီလဲ"

"ကျွန်တော့်တူမကိစ္စပါ ဆရာရယ်"

သူနှင့်အတူ ပါလာတဲ့ သူ့တူမ ဒေါ်အေးစိန်ကို မိတ်ဆက်ပေးပါတယ်။ တောသူပီပီ ခိုင်ခိုင်တောင့်တောင့်၊ အသားက နည်းနည်းမည်းပေမယ့် မျက်ခုံးကတော့ ကောင်းကောင်းပါ။

"ဆိုဗျာ"

"အမှုကတော့ ... ရာဇဝတ်မှု မဟုတ်ဘူး ဆရာရဲ့"

"ဒါဆို မတရားမှုလား"

"မဟုတ်ဘူး ဆရာရဲ့ မြေမှု"

"ဟာ ... မြေယာဥပဒေ ထုတ်တာမှ မကြာသေးဘူး။ မြေမှုက ဘယ်လိုဖြစ်ရတာတုံး"

"ဟုတ်တယ် ဆရာရဲ့။ မြေယာဥပဒေက ဘယ်လိုထုတ်လဲတော့ မသိဘူး။ ကျွန်တော်တို့ရွာမှာ လယ်တွေယာတွေ ရောင်းလိုက်၊ ဝယ်လိုက်တာမှ ပလူပျံနေတာပဲ ဆရာရေ့"

"လူတွေက လယ်တွေခြံတွေလုပ်ချင်လို့ ဝယ်တာနေမှာပေါ့ဗျာ"

"မဟုတ်ဘူး ဆရာရဲ့"

"ဟော ... ဘာလုပ်ဖို့လဲ"

"သူတို့က ပိုက်ဆံထားစရာနေရာမရှိလို့ မြေတွေလိုက်ဝယ်နေတာ ဆရာရဲ့။ မြေဈေးတွေကို မတရားမြှင့်ပေး၊ ဈေးတွေတက်လာတော့ သူတို့ဝယ်ထားတဲ့ မြေတွေကို အမြတ်တင်ပြီး ပြန်ထုတ်"

"ဟင် ..."

"စပါးတွေ၊ သစ်သီးတွေရော မစိုက်ဘူးလား"

"မစိုက်ပါဘူး ဆရာရယ်။ တန်ပြလောက်သာ အငှားစိုက်ခိုင်းတာပါ"

"ဒါထက်ပိုဆိုးတာက ရှိသေး

www.burmeseclassic.com

တယ်''

''ဆိုပါဦး''

''တောင်ကိုရီးယားတို့ ဂျပန်တို့ ဆိုလား ဆရာရယ်။ စက်ရုံတွေ၊ ဘာတွေ လာတည်မယ်လို့ အသံကြားတဲ့ အနီးအနားက မြေတွေဆို အကုန်ဝယ်တာပဲ။ ဈေးက ကြိုက်သလောက်ပြော မဆစ်ဘူး''

''သူတို့ ဘယ်သူတွေလဲဗျ။ ဒီလောက်ပိုက်ဆံတွေ ပေါနေတာ''

''မသိပါဘူး ဆရာရယ်။ ပုဂ္ဂိုလ်ကြီးကြီး ကတော်တွေ၊ ရှမ်းပြည်နယ်က လူတွေလို့တော့ ပြောတာပဲ။ ဒီကြားထဲ''

''ဘယ်သူတွေ ပါသေးလဲ''

''ကုလားသူဌေးတွေလည်း ပါတယ်ဆရာရဲ့''

''ဩော် ... ကုန်ပါပြီဗျာ။ လယ်တွေ၊ ခြံတွေတော့''

''ကုန်လည်း မတတ်နိုင်ဘူး ဆရာရယ်. လယ်သမား၊ ခြံသမားတွေက သူတို့ကြိုက်ဈေးရတော့ ရောင်းကြတာပေါ့''

''အခုရောင်းနေ၊ ဝယ်နေကြတာ အခုထုတ်ထားတဲ့ ဥပဒေအတိုင်း တရားဝင် မှတ်ပုံတင်စာချုပ်ချုပ်ပြီး ဝယ်တာလား''

''ကျွန်တော် သိသလောက်တော့ ဘယ်မှတ်ပုံတင်ပြီး ဝယ်မလဲ ဆရာရဲ့။ ဒီလိုပဲ အရပ်က ကတိစာချုပ်နဲ့ ဝယ်ကြတာပေါ့''

''ဒီလိုဆို ဘယ်တရားဝင် ပိုင်ဆိုင်မလဲ ဦးမြတ်စိုးရ''

''ဟာ ... ဆရာကလည်း ဝယ်တဲ့သူတွေကလည်း အပိုင်လုပ်တာပေါ့''

''ဟ ... ဆိုပါဦး ဘယ်လိုလုပ်သလဲ''

''ဝယ်တဲ့သူက လယ်ယာအုပ်ချုပ်ရေးအဖွဲ့တွေ၊ မြို့နယ်ခရိုင် စတဲ့ မြေစာရင်းဌာနက လူတွေကို လက်ဝါးရိုက်ပြီးသား။ အခုလို အရပ်ကတိစာချုပ်နဲ့ ဝယ်ပြီးတော့ လယ်ယာပိုင်ဆိုင်ခွင့်မှတ်ပုံတင်ကို ပုံစံ(၁)နဲ့လျှောက်တော့ အခုဝယ်ထားတဲ့ အမည်နဲ့ လျှောက်လိုက်တဲ့အ ခါ သက်ဆိုင်ရာအဖွဲ့တွေကလည်း ထောက်ခံပေးလိုက်တော့ ဝယ်တဲ့သူ ဦးပိုင်အမည်ပေါက် ပိုင်သွားတာပေါ့ ဆရာရဲ့''

''ခင်ဗျားဟာ ပိုင်လှချည်လား''

''ပိုင်ဆို ငွေနဲ့လမ်းခင်းသွားတာကို ဆရာရဲ့''

''ဟ ... ဟုတ်ရဲ့လား''

''ဟုတ်သမှ သိပ်ဟုတ်တာပေါ့ ဆရာ။ ကျေးရွာ မြေယာအုပ်ချုပ်ရေးမှူးအဖွဲ့တွေ တချို့ ကားတောင် ဝယ်စီးနေကြပြီ၊ ဟန်းဖုန်းကလည်း တကားကားနဲ့''

''ကားဈေးတွေ လက်ကိုင်ဖုန်းဈေးတွေ ကျကုန်လို့ နေမှာပါဗျာ''

''လယ်တစ်ကွက်၊ မြေတစ်ကွက် အရောင်းအဝယ်ဖြစ်ရင် သူတို့ ပုံးလိုက် တောင်းကြတာ ဆရာရဲ့''

''ကျွန်တော့်မိတ်ဆွေ ဦးမြတ်စိုးကလည်း တောမှာနေတယ် ဆိုပေမယ့် ပုံးတွေရော၊ ပုလင်းတွေရော သိနေပါလား''

''သိဆို ဒါတွေကလည်း တကယ့်အောက်ခြေလောကမှာ သုံးစွဲနေကြရတာ ကြာခဲ့ပြီလေ။ ရုံးသုံးစကားတွေတောင် ဖြစ်နေပြီလားမသိ။ ပုံးဆိုတာက သိန်းဂဏန်းကို ပြောတာ၊ ပုလင်းဆိုတာက သောင်းဂဏန်းကို ပြောတာ။ တော်တော် တွင်ကျယ်နေတဲ့ ကိစ္စပဲ''

''ဩော် ... ဒီလိုတောင် ဖြစ်နေကြပြီလား။ ကောင်းဗျာ''

''အခု ... လယ်ယာမြေဥပဒေအသစ်ဆိုလား ထုတ်လိုက်တော့ အဲဒီဥပဒေပေါ်မှာ မူတည်ပြီး လုပ်စားကုန်ကြတဲ့ လူတွေက အများကြီးပဲ''

''အေးဗျာ ... ခင်ဗျားပြောမှပဲ တောမှာ တကယ်ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို သိရတော့တယ်။ ကဲ ... လာရင်းကိစ္စက ဆိုပါဦး''

မည်းမည်းတုတ်တုတ်နဲ့ ခန့်ခန့်ကြီးထိုင်နေတဲ့ သူ့တူမ မအေးစိန်ဘက်ကို ကြည့်လိုက်တယ်။ မအေးစိန်က ဟိုကြည့်ဒီကြည့်နဲ့ ရုံးခန်းထဲကို အကဲခတ်နေလေရဲ့။

''လာရင်းကိစ္စကတော့ အဲဒီ လယ်ယာမြေဥပဒေအသစ်နဲ့အတူ ပေါ်လာတဲ့ ရောဂါလေဆရာရဲ့။ ကျွန်တော့်တူမကိစ္စ''

''ဟုတ်ကဲ့''

''ဟဲ့ ... အေးစိန်၊ နင့်ကိစ္စကို နင်ကိုယ်တိုင် ဆရာ့ကို ပြောပြလိုက်''

သူ့တူမကို သူက အမိန့်ပေးနေပါတယ်။ သူ့ပုံက တကယ့် လယ်သူမကြီးပုံ။ မအေးစိန့်နှုတ်က မပွင့်တပွင့် စကားစဆို လာပါတယ်။ အသံက တည်ငြိမ်ပြီး လေးနက်နေပါတယ်။

''ဒီလိုပါ ဆရာ''

''ဟုတ်ကဲ့''

''ကျွန်မတို့မိဘတွေ လက်ထက်ကတည်းက လယ်ဧက ၁၂ ဧက လယ်ပွဲရှိပါတယ်။ မိဘတွေ မဆုံးခင်မှာ မြို့ရွာနဲ့ အိုးအိမ်ဌာနကဆိုင်း

www.burmeseclassic.com

ဆရာရဲ့။ အဲဒီလယ်ကိုသိမ်းပြီး မြေကွက်တွေ၊ လမ်းတွေ ရိုက်ပါတယ်''

''ဟုတ်ကဲ့''

''သူတို့သိမ်းလို့ ပိုနေတဲ့မြေလေး နှစ်ကေကို ကျွန်မတို့မိဘတွေကို ပြန်ပေးပါတယ်။ အဲဒီအချိန်မှာ ကျွန်မတို့မိဘတွေမရှိကြတော့ပါဘူး။ ကွယ်လွန်ကုန်ကြပါပြီ''

''ဩော် ...''

''ကျွန်မတို့က မောင်နှမလေးယောက်ရှိတယ်။ အကြီးဆုံးက ကိုကြီးမြနိုင်၊ ကျန်တဲ့သုံးယောက်က မိန်းကလေးတွေ။ လယ်ဦးပိုင်ပေါက်အမည်ကို ကိုကြီးမြနိုင်အမည်နဲ့ထားပြီး ဒီလယ် နှစ်ကေကို ကိုကြီးမြနိုင်ကပဲ လုပ်တယ်''

''ဟုတ်ကဲ့''

''ကျွန်မတို့မောင်နှမတွေ အိမ်ထောင်တွေတော့ အသီးသီး ကျကုန်ကြပါပြီ။ ကျွန်မက အငယ်ဆုံးပါ''

''ဩော် ...''

''ကိုကြီးမြနိုင်က နှစ်နှစ်လောက်လုပ်ပြီးတော့ အစိုးရ တာဝန်ကျေစပါးတွေ မသွင်းနိုင်ဘူး ဆရာရဲ့။ ဘဏ်ငွေတွေလည်း မဆပ်နိုင်ဘူး''

''လယ်က မထွက်လို့လား''

''လယ်ကလည်း အထွက်ဆုတ်တယ်၊ သူကလည်း အရက်သောက်၊ ဖဲရိုက်တတ်ပါတယ်''

''ဟောဗျာ ...''

''ဒါနဲ့ ညီအစ်ကိုမောင်နှမတွေ တိုင်ပင်ပြီးတော့ ဒီလယ်ကို ဆင်းရဲဆုံးဖြစ်တဲ့ ညီမအငယ်ဆုံး ကျွန်မကို လုပ်ဖို့ ဝိုင်းပြောကြတယ်။ ကျန်တဲ့အစ်မနှစ်ယောက်က သူတို့ယောက်ျားတွေက အလုပ်နဲ့ အကိုင်နဲ့ဆိုတော့ ပြေလည်ကြတယ်။ ကျွန်မယောက်ျားက စက်ရုံတစ်ရုံမှာ ညစောင့်ဆိုတော့ သိပ်မပြေလည်ဘူး''

''ဟုတ်ကဲ့''

''ကျွန်မလည်း မရှိမဲ့ရှိမဲ့ သမီးလေးနှစ်ယောက်ရဲ့ နားကွင်းလေးတွေ၊ ကျွန်မရဲ့ နားကပ်ချွတ်ရောင်းပြီး၊ ကိုကြီးမြနိုင်ရဲ့ အစိုးရကို ပေးသွင်းရမယ့်စပါးတွေ၊ ဘဏ်ငွေတွေ စိုက်ဆပ်ပြီး ကျွန်မတို့ပဲ ဒီလယ်ကို စလုပ်ခဲ့တယ်''

''ကိုကြီးမြနိုင်ကရော သဘောတူလား''

''သူကလည်း သူ့ကြွေးတွေကို စိုက်ဆပ်ပေးတော့ သဘောတူပါတယ်။ နို့မို့ဆို သူထောင်ကျတော့မှာ''

''အေးဗျာ ... သူက လယ်ကို ကောင်းကောင်းမှ မလုပ်နိုင်တော့ဘဲ''

''ဒါနဲ့ အဲဒီလယ်ကို ကျွန်မပဲ ဆက်လုပ်လာခဲ့တယ်''

''အခု ဘယ်လောက်ကြာပြီလဲ''

''၁၂ နှစ်ကျော်ကျော်လောက် ရှိပြီ ဆရာရဲ့''

''ဟာ ... မနည်းတော့ပါလား''

''ဟုတ်တယ် ဆရာ။ ကျွန်မယောက်ျားကလည်း အားတဲ့အချိန် လယ်ဝင်လုပ်၊ ကျွန်မနဲ့ ကျွန်မသမီးလေး နှစ်ယောက်ကလည်း ဒီလယ်ကိုပဲ ဝိုင်းလုပ်ကြတာ။ နှစ်တိုင်း အခွန်ပြေစာတွေ၊ ဘဏ်ငွေတွေ ကျွန်မပဲ ထုတ်ပြီး သုံးလာတာ၊ ပြန်ဆပ်တာ''

''ဒါနဲ့ နေပါဦး ဒေါ်အေးစိန်။ ခင်ဗျားစောစောကပြောတဲ့ မြေခွန်ပြေစာက ဦးမြနိုင်အမည်နဲ့ ထားတယ်ဆို။ ဆယ့်နှစ်နှစ် ခင်ဗျားလုပ်နေတယ်ဆိုတော့ လယ်ခွန်ပြေစာကို ခင်ဗျားအမည် ပြောင်းထားပြီးပြီလား''

ကျွန်တော်က ကျွန်တော်သိချင်တဲ့အချက်ကို မေးလိုက်တယ်။ အဲဒီမှာ တစ်ချိန်လုံး မအေးစိန်ပြောတာကို စောင့်ကြည့်ပြီး နားထောင်နေတဲ့ ဦးမြတ်စိုးက -

''အဲဒီ ဆရာမေးတာ အဓိကအချက်ပဲ။ အဲဒီ လယ်ခွန်ပြေစာက အခုထိ မြနိုင်အမည်နဲ့ ပေါက်နေတယ် ဆရာရဲ့။ အေးစိန်တို့ကလည်း အမည်ပြောင်းရမှန်းမသိဘူး။ ဒီအတိုင်းလုပ်တယ်''

''ဦးလေးမြတ်စိုးကလည်း ... ကျွန်မတို့က နားမလည်ဘူးလေ ဦးလေးရဲ့။ မြနိုင်ကလည်း ဘာမှမပြောတော့ ကျွန်မတို့လည်း အေးအေးဆေးဆေးပဲ ထားလိုက်တာပေါ့''

''ဟုတ်ကဲ့ သဘောပေါက်ပါပြီ ဒေါ်အေးစိန်။ လယ်ကို ၁၂ နှစ်ကျော်ကျော်လောက် ခင်ဗျားသာ လုပ်လာတယ်။ လယ်ခွန်ပြေစာတွေ ထမ်းဆောင်လာတယ်။ ဦးပိုင်နာမည်ကျတော့ မြနိုင်နာမည်နဲ့ပဲ ဆိုပါတော့''

''ဟုတ်ကဲ့ ဆရာ။ အဲဒါကို အခွင့်ကောင်းယူပြီး မြနိုင်က ဖဲတွေရှုံးတော့ ရွာကလူကြီးတွေနဲ့ ပေါင်းပြီးတော့ အဲဒီလယ်နှစ်ကေကို ရောင်းတယ်ဆရာ''

''ဟောဗျာ''

''အဲဒါ သိသိချင်း ဆရာ့ကို လာတိုင်ပင်တာ။ ဘယ်လိုလုပ်ရမလဲ။ ဆရာကူညီပါဦး''

လူရင်းတွေမို့လို့ အားကိုးတကြီး အကူအညီတောင်းတယ်။

''ဟုတ်ပါတယ် ဆရာရှင်။



www.burmeseclassic.com

www.burmeseclassic.com

အခုအရောင်းအဝယ်က စရန်တောင် ချေပြီးပြီလို့ပြောတယ်။ ကူညီပါဆရာရယ်။ ဒီလယ်လေးမရှိရင် ကျွန်မတို့ ဘာလုပ်စားရမလဲ။ အခု တစ်နှစ်၊ နှစ်နှစ်မှာ လယ်က ပဲလေးစမ်းစိုက်တာ ရလာတယ်။ အခု လယ်ပါပျောက်ပြီဆိုတော့ ဒုက္ခတွေရောက်ကုန်တော့မှာပဲ ဆရာရယ်''

ဒေါ်အေးစိန်အသံက မတည်ငြိမ် မပြတ်သားတော့ ငိုသံပါနှောပြီး ပြောလာတယ်။

''လယ်ယာမြေဥပဒေတွေက ထွက်လာပြီ။ နောက်ပိုင်းရွာမှာတော့ အဲဒီလိုတွေ ဖြစ်နေပြီ ဆရာရေ။ တတ်နိုင်သလောက် ကူပါဦး''

မိတ်ဆွေကြီး ဦးမြတ်စိုးက အထပ်ထပ် အကူအညီတောင်းလာပါတယ်။

''အေးဗျာ တရားဥပဒေအရတော့ နည်းလမ်းရှာဖွေပြီး ကူညီရမှာပေါ့။ ဒေါ်အေးအေးမြတ်ရေ''

သူ့စားပွဲမှာထိုင်ပြီး အလုပ်လုပ်နေတဲ့ ကျွန်တော်ဂျူနီယာ ဒေါ်အေးအေးမြတ်ကို လှမ်းပြီးခေါ်လိုက်ပါတယ်။

''ဟုတ်ကဲ့ ဆရာ''

ဆိုတဲ့ အသံနှင့်အတူ ဒေါ်အေးအေးမြတ် ကျွန်တော့်စားပွဲနားကို ရောက်လာတယ်။

''ကဲ ...ဒေါ်အေးစိန်ဆီက ညွှန်ကြားချက်ကို အတိအကျယူကွာ။ ကျေးရွာနဲ့ မြို့နယ်မြေယာ အုပ်ချုပ်ရေးအဖွဲ့ကို ကန့်ကွက်တဲ့စာတွေ ပို့လိုက်''

''ဟုတ်ကဲ့''

''နေပါဦး။ ကိုမြနိုင်ဆီကိုပါ ကိုယ့်လယ်လက်ရှိ တကယ်မလုပ်ဘဲ အမည်ပေါက် အခွန်ပြေစာထွက်ရုံနဲ့ ရောင်းစားတာ လာရောက်ဖြေရှင်းဖို့ အကြောင်းကြားစာထုတ်လိုက်။ လာမဖြေရှင်းရင် သင့်လျော်တဲ့ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်တာပေါ့''

''ဟုတ်ကဲ့''

''ကဲ ... သွားသွား၊ ဒေါ်အေးစိန်၊ ဒေါ်အေးအေးမြတ်ဆီမှာ အသေးစိတ်ညွှန်ကြားချက်တွေပေးပါ''

''ဟုတ်ကဲ့ ဆရာ''

ဦးမြတ်စိုးရော ဒေါ်အေးစိန်ပါ ဒေါ်အေးအေးမြတ်စားပွဲကို ထသွားကြပါတယ်။ တိုးတိုး တိုးတိုးနဲ့ ပြောနေလေရဲ့။

× × × × ×

အဲဒီအချိန်မှာ ကျွန်တော်က ကျွန်တော့်စားပွဲမှာ ထိုင်ပြီးတော့ စဉ်းစားမိတယ်။

''၁၂ နှစ်လောက် လယ်ကို တကယ်လုပ်လာတဲ့ သူ့အမည်နဲ့ ဘာလို့ ဦးပိုင်အမည်ပေါက် အခွန်ပြေစာ မထုတ်ပေးတာလဲ''

''လက်ရှိ လက်ငုတ် လုပ်ကိုင်သူကို အခွန်စည်းကြပ်တယ်ဆို အခွန်စည်းကြပ်တဲ့သူတွေ တာဝန်မရှိဘူးလား''

''တကယ်လုပ်နေတာ မဟုတ်ဘဲ အခွန်ပြေစာမှာ အမည်ပေါက်နေရုံနဲ့ လယ်ကိုရောင်းချနေတာကို ရွာက လူကြီးတွေ ဘာလို့ အားပေးကြတာလဲ''

''ကျေးရွာလူကြီးတွေ မသိဘူးလား''

''အစ်ကိုအကြီးဖြစ်လျက်နဲ့ တကယ်လယ်လုပ်နေတဲ့ ညီမလယ်ကို ဘာလို့ ရောင်းစားရတာလဲ''

''အစ်ကိုကြီး အဖအရာဆို''

''အခုမှ လယ်သမားတွေ အခွင့်အရေးကို ဦးစားပေးရည်ရွယ်ပြီး ထုတ်ပြန်ထားတဲ့ လယ်ယာမြေဥပဒေ အသစ်စက်စက်ကို ဘာလို့ မလိမ့်တစ်ပတ်လုပ်ကြတာလဲ''

''တရားဥပဒေ စိုးမိုးရေးဆို''

စသည့် စသည့် အဖြေမထုတ်နိုင်တဲ့ မေးခွန်းတွေကို ကိုယ့်ကိုယ်ကို ပြန်မေးရင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိန့်ခွန်းထဲမှာပါတဲ့ အချက်တွေကို သွားသတိရတယ်။ အစိုးရအနေနဲ့ ကောင်းအောင် ဆောင်ရွက်နေပါတယ်။ ပြည်သူများ ပါဝင်ပူးပေါင်း ဆောင်ရွက်ကြပါဆိုတဲ့အချက်''

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ပြောတဲ့စကားကိုလည်း အမှတ်ရလိုက်တယ်။ တိုင်းပြည်ကောင်းစားရေးအတွက် ကျွန်မတို့ ဆောင်ရွက်နေပါတယ်။ ကျွန်မတစ်ယောက်တည်း ဆောင်ရွက်လို့ မရပါဘူး။ အားလုံး ကျရာနေရာကနေ ဝိုင်းဝန်း ဆောင်ရွက်မှသာ အောင်မြင်မှာပါလို့ ပြောတဲ့ စကား နားထဲရောက်လာရတယ်။

ဩော် ... တရားဥပဒေစိုးမိုးအောင်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် အားလုံး ဝိုင်းဝန်းလုပ်ကြရမှာပါလား ... လို့။

**ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ)**



www.burmeseclassic.com

www.burmeseclassic.com



# ကြုံဖူးပေါင် ဂုဏ်ထူးဆောင်ရယ်

ရေကျော်စိုးအောင်

ဒီအကြောင်းကို ပြန်တွေးရင်တော့ စိတ်မကောင်းစရာပါ။ ဖြစ်ပုံကဒီလိုဗျ။ ဆရာတစ်ယောက်က တောင်စွန်း ပရဟိတကျောင်း အလှူရှိလို့ဆိုပြီး သတင်းပေးလာပါတယ်။ ခရီးစရိတ်က ငါးထောင်။ ကျန်တဲ့အပိုင်းက ရေမီးအစုံဆိုတော့။

"လိုက်မယ် ဆရာရေ"ပေါ့။

"ဆရာလိုက်မယ်ဆိုရင် မယ်ဒိုလင်ပါရမယ်။ ရန်ကုန်မီးရထားဘူတာကြီးကနေ မော်လမြိုင်ရထားနဲ့ သွားမယ်။ နံနက် ၇း၁၅ နာရီတိတိ ရထားထွက်မယ်"

"ကောင်းပြီ"

နှုတ်ဆက်စကား ဆိုပြီး ငွေငါးထောင်ပေးလိုက်ပါတယ်။ သွားမယ့်ရက် နံနက်စောစောထ၊ မယ်ဒိုလင်လွယ်ပြီး ရန်ကုန်ဘူတာကြီးဘက်ထွက်ခဲ့ပါတယ်။ စာရေးသူထက် စောရောက်နေတာက ဘိုကလေးမောင်မြင့်မား၊ မောင်မောင်စိန်လင်း(နတ်မောက်)၊ ဆရာမြင့်ဝင်းနီ၊ ကိုအေးသန့်၊ ကိုမျိုးညွန့်၊ အောင်ပန်းချောင်းသားတို့ကလည်း ဟိုသွားဒီလာနဲ့ ရထားထွက်ချိန် စောင့်နေကြပါတယ်။

၇း၁၅ နာရီမှာ မော်လမြိုင်ရထားစထွက်လာပါတယ်။ ဘူတာစဉ်ရပ်နားပြီး ပဲခူးရောက်တယ်ဆိုရင် ဇာတ်လမ်းက စပြီဆရာ။ တက်လာကြတဲ့သူတွေက ပဲခူးထောင်ကနေ မော်လမြိုင်ထောင်ကိုပြောင်းမယ့် ပုဂ္ဂိုလ်တွေပါ။ နှစ်ကြီးသမားတွေဖြစ်ဟန် တူပါတယ်။ တာဝန်ကျ ထောင်ဝါဒါနဲ့ ရဲတပ်ကြပ်ကြီးတွေကတာဝန်ယူ လိုက်ပါလာပါတယ်။

စာရေးသူအနေနဲ့က မယ်ဒိုလင်တီးလက်စဆိုတော့ ဆက်တီးနေမိတယ်။ စာရေးသူရဲ့ ထိုင်ခုံဘေးကို ပထမအစမှာ သံခြေကျင်းခတ်ထားတဲ့ ညီငယ်လေးက ...

"ဆရာရယ် ...ထွေးညိုတေး သီချင်း တီးစမ်းပါ။ ရွာမှာတုန်းက ဆိုနေကျပါ"

လို့ တိုးတိုးလေးကပ်ပြောပါတယ်။ စာရေးသူလည်း မသိဟန်ဆောင်ပြီး တေးစာသားရဲ့ အတောလေးကို တီးမယ်လို့အလုပ်မှာ ဆရာ မြင့်ဝင်းနီက

"မောင်စိုးအောင် ... မင်း မယ်ဒိုလင်မတီးနဲ့။ ဟိုမှာက ဒုက္ခရောက်နေကြတာ"လို့ ပြောပါတယ်။

စာရေးသူလည်း မယ်ဒိုလင်ချထားပြီးတော့ အသက်ရှည်ဆေးလေး မှိတ်ရင်း အမှတ်တမဲ့နေမိပါတယ်။ မီးရထားက မြင်းလိုခုန်တဲ့နေရာ နှစ်နေရာရှိတာ ခံစားရပါတယ်။ တောင်စွန်းဒေသမရောက်မီ မောင်မောင်စိန်လင်း(နတ်မောက်)က ပါလာတဲ့ အကျဉ်းသားတွေအတွက် ငွေနှစ်သောင်း ထုတ်ပေးပြီး ထောင်တာဝန်ကျဝန်ထမ်းကို ...

"သူတို့စားချင်တာ ဝယ်ကျွေးလိုက်ပါ"သည်လိုပြောပြီးတာနဲ့ အကျဉ်းသားတွေကို ...

"ငါ့တူတို့၊ ငါ့ညီတို့ ကောင်းကောင်းနေကြပါ"

လို့ ဆုံးမစကားပြောပြီး မေတ္တာရေအေးတိုက်ကျွေးနေပါတယ်။ တောင်စွန်းအရောက်မှာ လာကြိုကြတဲ့ စေတနာ့ဝန်ထမ်း ဆရာမနဲ့ ကျောင်းသား၊ ကျောင်းသူကလေးတွေက ပါလာတဲ့ ပစ္စည်းတွေ ကျောင်းကို သယ်သွားကြပါတယ်။ –

ကျောင်းမှာ ခေတ္တအပန်းဖြေကြပြီး ရန်ကုန်မှာ စွဲလန်း၊ တောင်စွန်းမှာတဲ နန်းဆိုတဲ့ အပန်းဖြေစခန်းကလေးကို သွားကြ၊ ရေချိုးကြပြီးတော့ အနားယူခဲ့ကြပါတယ်။ အနားယူခိုက်မှာ မောင်မြင့်မား(ဘိုကလေး)ကဆိုရင် ဇဲ နန်းပိုင်ရှင် ကိုရွှေးရဲ့ ဇနီးကို –

"ညီမလေး ... ထမင်းရှိရင် နည်းနည်းပေးပါ"

လို့ တောင်းစားတာလည်း တွေ့လားတွေ့ရဲ့။ ဆရာမောင်မောင်စိန်လင်း(နတ်မောက်)ရဲ့

"သည်လိုမဟုတ်လား"

ဆိုတဲ့ စကားနဲ့ ကဂျီကကျောင် မောင်စိုးအောင်ရဲ့ အသံပြုံပြုံနဲ့ သီချင်းဆိုသံကလည်း နားကလောချင်စရာ ပါ။ ဘာပဲဖြစ်ဖြစ် တောင်စွန်းခရီးရဲ့ အလှူပွဲမှာ ကြုံခဲ့ရတဲ့ ထောင်ပြောင်းပုဂ္ဂိုလ်တွေနဲ့ ဆုံတွေ့လိုက်ရခြင်းကတော့ ဘဝရဲ့ သင်ခန်းစာတစ်ရပ်ပါပဲဗျား ■

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဆန်းကြယ်သော ကျောက်တစ်လုံးအိုင်

တင့်ထူး(ဧေယျာဝတီ)

နွေတပေါင်းသို့ရောက်ရှိလာသည်နှင့် အပူရှိန်က ပြင်းလာခဲ့တော့သည်။ တောင်သူလယ်သမားများလည်း မိမိတို့တစ်မိုးတွင်းလုံးကြိုးပမ်း၍စိုက်ခဲ့သော လယ်များမှထွက်သည့် ကောက်လှိုင်းများကို အိမ်ရှိတလင်းထဲ စုပုံထားရှိရာမှ ကောက်ပြန့်တစ်ပြန့်ပြီး တစ်ပြန့် နယ်ခဲ့လေရာ ကောက်လှိုင်းပုံများလည်း ကုန်ခဲ့ကြသည်။

စပါးနယ်ကြရာတွင် တချို့က အိမ်ရှိ နွားများဖြင့်သာနယ်ကြ၏။ နွားနှင့်နယ်တော့မည်ဆိုပါက နွားများကို လည်ပင်းတွင် ကြိုးသိုင်း၍တွဲရ၏။ နွားကောင်ရေ ငါးကောင်ခြောက်ကောင်ရှိလျှင် ကြိုးသိုင်းတွဲကာ ကောက်ပြန့်ပေါ်မောင်းတင်၍ ပတ်ချာလည်မောင်းပေးရ၏။ လူက ကောက်ပြန့်အလယ်တွင် ရပ်နေကာ အတွင်းဆုံးနွားကြိုးကိုကိုင်ထားပြီး နယ်ရခြင်းဖြစ်သည်။ နွားများဖြင့် စပါးနယ်လျှင် ကောက်ပြန့်ကို ငုံ၍ မစားနိုင်ရန် နွားများ၏ပါးစပ်ကို ခြင်းများစွပ်ပေးထားရ၏။ အချိန်အတန်ကြာသည်အထိ ကောက်ပြန့်ပေါ် ပတ်ချာလှည့်ကာ နေရာရွှေ့ပေးပြီး နယ်ကြရသည်။ ကောက်ပြန့်အပေါ်ပိုင်းများ စပါးစေ့များကြွေကုန်လောက်သည့်အချိန်တွင် စပါးနယ်ခြင်းကိုရပ်ကြသည်။ ချည်တိုင်တွင် ပြန်၍ချည်သည်။ လယ်ကွင်းထဲ လွှတ်ကျောင်းမည်ဆိုက နွားကျောင်းသားနှင့်ထည့်လွှတ်ပေးရသည်။

"သာရင်ရေ..မင်းစပါးနယ်လို့ပြီးပလားကွ"

"ဘယ်ပြီးဦးမှာလည်း ဖိုးအောင်ရယ်၊ အခုမှတစ်ပြန့်ပဲ ကျသေးတယ်ကွ"

"ငါဒီတစ်ခါတော့ နွားတွေနဲ့မနယ်တော့ပဲ ကောက်ပြန့်ကျယ်ကျယ်ဖြန့်ပြီး လယ်ထွန်စက်နှင့်ပတ်မောင်းနယ်ခိုင်းမယ်လို့ စဉ်းစားထားတယ်ကွ"

"အေးလေ..မင်းက လယ်များတော့ ကောက်လှိုင်းတွေလည်းများတယ်မဟုတ်လား.. အဲဒီနည်းနဲ့နယ်မှပဲ ပြီးနိုင်တော့မှာပဲကွ"

"ဒါပေမယ့်ကွာ..လယ်ထွန်စက်နဲ့တက်မောင်းပြီး စပါးနယ်ရတာတော့ မြန်တာဟုတ်ပါရဲ့.. ရလာတဲ့စပါးတွေကို ဆန်ကြိတ်ခွဲတဲ့အခါ အကျိုးအကြေများလှသကွာ"

"ငါတို့က လယ်နည်းတော့ နွားနဲ့ပဲ နယ်တယ်ဟေ့.. နွားနဲ့နယ်တော့ ရလာတဲ့စပါးကို ဆန်ကြိတ်ခွဲတဲ့ အခါ ဆန် အကျိုးအကြေနည်းတယ်ကွ"

ကောက်လှိုင်းအားလုံးကောက်ပြန့်ပြီး နယ်ဖတ်လှေ့ပြီးပါက တလင်းသိမ်းခဲ့ရတော့သည်။ မိုးတွင်းအလုပ်လည်းပြီးပြတ်သွားခဲ့ရတော့သည်။

"ဟင်..ပဲနောက်ထွက်တွေတောင်မှည့်လာကြပြီပဲ၊ ဒါဆိုကြောမီရိတ်ရတော့မှာပဲ"

ဆောင်းအခါက စပါးပြီးမှ ထယ်ထိုးကြပက်စိုက်ခဲ့သော ပဲနောက်ခင်းများမှာ အသီးများပြွတ်ခဲလျက် ရင့်မှည့်စပြုလာခဲ့ပြီဖြစ်သည်။ ပဲနောက်က ရင့်မှည့်သည်ကိုကြည့်၍ သည်။ အသီးခိုင်ပြွတ်များတွင် အတောင့်တော်တော်များများ ရင့်မှည့်နေပြီး တချို့တလေသာ မမှည့်ဘဲ ကျန်ရှိသည့် အခြေအနေကို ရောက်လျှင် အတောင့်အားလုံးညီအော



www.burmeseclassic.com

www.burmeseclassic.com

စောင့်နေ၍ မဖြစ်ဘဲ စတင်ရိတ်ရသည်။ ရိတ်လျှင်လူအုပ်နှင့်ငန်းစပ်ရိတ်ကာ နေရာတွင်ပင်ချထားခဲ့ရသည်။ လယ်ရှင်ကနေ နှစ်ရက်ခန့်လှန်းထားပြီးမှ ထွန်ခြစ်နှင့်ဆွဲပုံကာ လှည်းပေါ်တင်ယူရသည်။

"တော်ပြီဟေ့..လှည်းသိပ်မောက်လျှံသွားရင် လမ်းစောင်းတွေမှာ လှည်းမှောက်မှာစိုးရတယ်ကွ၊ ကျန်တဲ့ရိတ်ပြီးသားတွေကို ဆွဲဆွဲ ငုံထားဟေ့"

ထိုပဲလှည်းကို ရွာသို့ပြန်မောင်းသွားကာ အားလပ်နေပြီဖြစ်သော တလင်းထဲချထားခဲ့ရသည်။ ပြီးမှ နောက်တစ်ခေါက်တိုက်သယ်ရန် လယ်ထဲပြန်မောင်းလာခဲ့ရခြင်း ဖြစ်သည်။ ရိတ်ပြီးပဲများအားလုံးတိုက်ယူပြီးသောအခါ တလင်းထဲ၌ ဖြန့်၍ နေသုံးရက်ခန့်လှန်းထား ပေးခဲ့ရသည်။ ထိုအခါပဲရွက်များ ခြောက်သွေ့သွားခဲ့ကြပြီဖြစ်သည်။ နောက်တစ်နေ့မွန်းတည့်ချိန်လောက်၌ ပူကောင်းနေတုန်းအချိန်တွင် ထိုပဲရွက်ဖြန့်များပေါ်သို့ သစ်သားလုံးဟစ်တုံးကို ထိပ်နှစ်ဖက်မှ ဝင်ရိုးသဘောမျိုးချန်ထားသည်ကိုဘောင်ကွင်းစွပ်ရိုက်ထားကာ ရှေ့မှ ကျွဲနွားတပ်၍ ဆွဲလျှင်လည်ပြီးလိမ့်နိုင်သော ကြမ်းတုံးဖြင့် အပြန်ပြန်အလှန်လှန်ပတ်မောင်းပေးကြရသည်။ ပဲရွက်၊ ပဲရိုးများကြေညက်ကုန်သည်အထိ မောင်းပြီးမှ ကြမ်းတုံးရိုက်ခြင်းရပ်ကာ ပဲနောက်နှင့်အရိုးအရွက်ကြေများ ရောနေသည်တို့ကို စုပုံ၍လှေ့စင်နှင့်လှေ့ပေးရခြင်းဖြစ်သည်။ နေ့လယ်ခင်းလေတိုက်ချိန်တွင် ဝါးသုံးလုံးထောက်ထားသော လှေ့စင်မှကြိုးသိုင်းထားသည့် ဆန်ကာကျဲပေါ်သို့ တောင်းနှင့်ခပ်ယူပြီး သွန်ချကာ လှေ့ပေးလိုက်လျှင် အရွက်ကြွေ၊ အမှော်များက အဝေးသို့ လွင့်သွားပြီး၊ ဆန်ကာအောက်တွင် ပဲနောက်ချည်းသန့်သန့်ကျခဲ့သဖြင့် သန့်စင်ပြီးသားပဲနောက်များကို ရရှိလေတော့သည်။

သာရင်တို့ ဖိုးအောင်တို့လည်း နွေခေါင်ခေါင်ရောက်လာခဲ့သဖြင့် စပါး၊ ပဲများလည်း သိမ်းခဲ့ပြီဖြစ်သဖြင့် အားလပ်ခွင့်ရရှိနေကြသည်။ စပါးအပြီး မိုးမကျမီအချိန်ကလေး စပ်ကြား၌သာ အနားရကြခြင်းဖြစ်သည်။ မိုးဦးပြန်ကျလာပြန်လျှင် နောက်တစ်မိုးတစ်ဆောင်းအတွက် လယ်ပြန်၍ဆင်းကြရမည်ပင် ဖြစ်သည်။

"ဟေ့..သာရင်ရေ၊ နွေဘက်ရောက်လာပြန်ပြီလေကွာ၊ ငါတို့လုပ်နေကျ အစီအစဉ်ကိုလုပ်ဦးမှာလားကွ"

"ဟာ..အားနေတော့ တခြားအလုပ်ရှိတာမှ မဟုတ်ဘဲကွ၊ လုပ်ကြရမှာပေါ့"

သူတို့နှစ်ယောက်က နွေဘက်အလုပ်တွေအားလုံးပြီး၍ အားလပ်နေချိန်တွင် တောတောင်ထဲသွားနေကျဖြစ်သည်။ တောတောင်ထဲမှ အလေ့ကျပေါက်ပြီး သီးနေသော တညင်းသီး၊ ကနစိုးသီးများတွေ့လျှင် ခူးယူခဲ့ကြသည်။ ပျားအုံတွေ့လျှင် ပျားရည်ဖွပ်ယူခဲ့ကြသည်။ နွေဘက်ဆိုတော့ တောတောင်ထဲရှိမြောင်ကြို မြောင်ကြားတွင်ရှိနေသော ရေအိုင်များက ရေနည်းကာ အိုင်အတွင်းမှ ငါးများပက်၍ ရှာဖွေယူခဲ့ကြသည်။ ရွာပြန်ရောက်လျှင် သူတို့ပါရှိလာသော ပစ္စည်းများက တစ်ခဏနှင့် ရောင်း၍ကုန်လေသည်။ သူတို့အိမ်အတွက်စားရန်ပင် အနိုင်နိုင်ချန်ထားခဲ့ရလေသည်။

"မနှစ်က နွေတုန်းကတော့ ဖိုထိုးကျကြီး စခန်းဘက်တက်သွားတာ တော်တော်အဆင်ပြေတယ်ကွ"

"ဟုတ်တယ်လေကွာ၊ ပျားရည်လည်း ဆယ်ပုလင်းလောက်ရခဲ့တယ်။ ငါးတွေလည်း တော်တော်ရလို့တောထဲမှာတင်ကျပ်တင်ပြီး ယူခဲ့ရတာ၊ ရွာရောက်တော့ ဟင်းချက်စရာကလည်းရှားပါးနေချိန်ဆိုတော့ ပြိုက်ကနဲကုန်တော့တာပဲကွ"

"အေးလေကွာ..ဒီနွေမှာလည်း အဲဒီလိုရေအိုင်ကြီးတွေပေါများတဲ့ဘက်ကိုရွေးပြီး သွားကြစို့ကွာ၊ ဒါမှသုံးလေးညအိပ်ပြီးသွားရတဲ့အချိန်နဲ့ကာမိပြီး ငါတို့လည်း ခပ်မြက်မြက်ကလေး သုံးနိုင်စွဲနိုင်မှာကွ"

ထိုအလုပ်က နွေဘက်ရောက်လျှင် သူတို့သွားနေကျ၊ လုပ်နေကျအလုပ်ပင်ဖြစ်သည်။ တစ်ခါတော တက်လျှင်လည်း လေးငါးည အိပ်ကြာတတ်သည်။ သူတို့တောထဲက



www.burmeseclassic.com

www.burmeseclassic.com

ပြန်ရောက်လာလျှင်တော့ တစ်ရွာလုံးက ဝိုင်းလာကြကာ ပါလာသမျှကို လုယက်ဝယ်ယူတတ်ကြသည်။ ကျေးလက်ဒေသဖြစ်၍ မြို့နှင့်မနီးခြင်းကြောင့် ဈေးမသွားနိုင်ဘဲနေ့စဉ်ငါးပိရည်တို့စရာ၊ ပဲဟင်း၊ ပဲပြုတ်တို့နှင့်သာ ဖြစ်သလို ဟင်းလုပ်၍ စားသောက်ခဲ့ကြရသည်။ သားငါးရှားပါး၍ ဟင်းငတ်ကြလေသည်။ မိုးတွင်းအခါ၌မူ ငါးရှာဖားရှာပြီး ရနိုင်သဖြင့် သားငါးက မရှားလှပေ။

× × ×

သည်နေ့ နံနက် ၇နာရီအချိန်ခန့်တွင် လိုအပ်သည့်ပစ္စည်းများ အပြည့်အစုံထည့်ယူပြီး လွယ်ပိုးလျက် သာရင်နှင့်ဖိုးအောင် တောတက်လာခဲ့ကြသည်။

"ဟ..ဒီနှစ်ကောင်..တောတက်သွားမလို့လားဟေ့"

"ဟုတ်တယ်..ဦးဘအောင်ရေ နွေဘက်ရောက်လာပြီဆိုတော့ ကျွန်တော်တို့လုပ်နေကျ အလုပ်စကြပြီလေဗျာ"

"အေး..အေး..မင်းတို့ပြန်ရောက်လာလို့ သားငါးတွေပါလာရင်လည်း အသံပြုလိုက်ဦးနော်"

"စိတ်ချပါ ဦးဘအောင်ရယ်"

လမ်းတွင်တွေ့ကြသူများက သူတို့တောတက်လာပြီဆိုသည်နှင့် တောတောင်ထဲလိုက်ကာ ရှာဖွေထွက်ကြပြီဟု သိနေကြသည်။ သူတို့နှစ်ယောက် တောတောင်ထဲလှည့်လည်ရှာဖွေလာခဲ့ကြလို့လည်း သားငါးရှားပါးလှသည့် နွေကာလတွင် ရွာသူရွာသားများ ဟင်းချက်စရာများရရှိစားသောက်ခဲ့ကြရခြင်းပင် ဖြစ်သည်။

"ဟေ့..ဖိုးအောင် ငါတို့ဒီနှစ်ဘယ်တောဘက်တက်ကြမလဲဟေ့"

"အင်း..မနှစ်က ထိုးကျကြီးစခန်းဘက်ကို သွားခဲ့တာဆိုတော့ ဒီတစ်ခါ ခပေါင်းပင်စခန်းဘက်က တက်ကြတာပေါ့ကွာ"

နှစ်ယောက်သား စကားတပြောပြောနှင့် တက်လာခဲ့ကြရာ ခပေါင်းပင် စခန်းဘက်သို့ပင် ရောက်ရှိလာခဲ့ကြပြီ ဖြစ်သည်။ နွေဘက်ဆိုတော့ ပူပြင်းသဖြင့် တောတက်သူနည်းပါး ကြသည်။ လူတိုင်းက လိုအပ်သည့် ထင်းဝါးများ ခုတ်ယူပြည့်စုံခဲ့ကြပြီဖြစ်၍ တောတက်အလုပ်မရှိကြတော့ပေ။ ထို့ကြောင့် တောတောင်ထဲတွင် ကျေးငှက်သာရကာတို့၏ အော်မြည်သံများ၊ ဘုတ်ငှက်အော်သံများ၊ တစ်ခါ တစ်ရံမျောက်အုပ်မှ တကွီကွီ တကွကွ အော်သံများသာကြားရသည်။ သစ်ပင်အခေါက်များကို နှုတ်သီးဖြင့် ခေါက်၍ အစာရှာသော သစ်တောက်ငှက်တို့၏ တစ်တောက်တောက် ခေါက်သံများ၊ ပင်မြင့်ထက်ဆီမှ ကောင်လောင်ငှက်ကြီးများ၏ အော်မြည်သံများ၊ တစ်ပင်မှ တစ်ပင် တစ်ရှဲရှဲနှင့်ပျံသန်းနေကြသံများသာ ကြားနေရသည်။

"ဟေ့..ရေ့က မြောင်းထဲဆင်းပြီး ရေရှာသောက်ရအောင်ကွာ"

"အေးဟေ့..ငါလည်းရေဆာပြီကွ"

ရေ့မှမြောင်းထဲဆင်းကာ စမ်းရေအိုင်ရှာ၍ ရေသောက်ခဲ့ကြသည်။ နွေဘက်ဖြစ်၍ မြောင်တွေ့တိုင်း ရေရှိချင်မှ ရှိသည်။ ခန်းခြောက်နေကြသည်က များလေသည်။

"ဟာ..ဟိုမြောင်ဘေးက သစ်ပင်မှာဖွတ်တစ်ကောင်ပဲကွ"

"အေးဟေ့..အသာလေးကျော့ယူကြမယ်ကွာ"

"ကဲ..ဟေ့၊ ဒါဈေးဆိုင်စကားနဲ့ပြောရရင်တော့ ဈေးဦးပေါက်ပြီပေါ့ကွာ၊ ရှေ့လျှောက်များများတွေ့ဖို့အရေးကြီးတယ်ဟေ့"

"ဟာ..ဖိုးအောင်၊ ဒီရေအိုင်လေးကိုလာကြည့်စမ်းဟေ့"

"ဟာ..ငါးတွေ ဟိုပြေးဒီပြေးနဲ့တော်တော်များများရှိနေတာပဲကွ"

"ကဲ..ပစ္စည်းတွေချထားပြီး ပက်ကြရအောင်ဟေ့၊ အကောင်ကြီးတွေကိုကျပ်တင်ခြောက်လုပ်ထားပြီး အငယ်တွေတော့ ညစာချက်စားကြတာပေါ့ကွာ"

ထိုအိုင်ကလေးကို ပက်ယူခဲ့ကြရာ ငါးကြီးရောငါးကလေးများပါ သုံးလေးပိဿာခန့်ရခဲ့ကြသည်။ နွေဘက်ဖြစ်၍ ရေရှိနေသောအိုင်တွင် ငါးများကစု၍နေခဲ့ကြခြင်းဖြစ်သည်။ ထိုနေ့ညနေတွင် ငါးငယ်များကို ချက်၍ ညစာစားခဲ့ကြသည်။ ငါးကြီးများကိုတော့ ကျပ်တင်ထားခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မနက်ရောက်လျှင် မြောင်ကြိုမြောင်ကြားများအတိုင်း တက်လာခဲ့ကြသည်။ မြောင်ထဲမှ အိုင်သုံးလေးအိုင်ကို ပက်ယူနိုင်ခဲ့ကြ၍ ငါးများတော်တော်ရခဲ့ကြသည်။

"ဟင်..ဒီရေစပ်မှာ ပျားကောင်တွေရေလာသယ်နေကြတာပါလားဟ"

"ဟာ..ဟုတ်တယ်ဟ..ဘယ်အရပ်ဘက်ပျံသလဲကြည့်ထားကွ၊ ဒီအနီးအနားက သစ်ပင်တစ်ပင်ပင်မှာ ပျားအုံရှိမယ်ဟေ့"

သူတို့နှစ်ယောက် ပျားကောင်များထပျံရာအရပ်ဘက်သို့ သစ်ပင်များကိုမော့ကြည့်ရှာလာခဲ့ကြ၏။

"ဟော..ဟိုသစ်ပင်ပေါ်မှာ ပျားအုံကြီးပဲကွ"

"ကဲ..ညနေစောင်းပြီဖြစ်လို့ ငါတို့ဒီနားမှာပဲ စခန်းချကြမယ်၊ ညရောက်ရင်အဲဒီပျားအုံတက်ဖွပ်ကြမယ်ကွာ"

ထိုညက ပျားစွဲနေသောသစ်ပင်အနီးမှာပင် စခန်းချပြီး ညမှောင်သည်နှင့် ထိုပျားအုံကိုတက်ဖွပ်ခဲ့ကြရာ ပျားရည်ဆယ်ပုလင်းစာမျှရခဲ့ကြလေသည်။ ထိုပျားရည်များကိုအသင့်ပါလာသော ပလပ်စတစ်ပုံးတွင် ထည့်၍ ပိတ်ထားခဲ့ကြသည်။

"ငါတို့ကောတက်လာခဲ့တာ နှစ်ရက်ပဲရှိသေးပေမယ့် ငါးရော၊ ဖွတ်ရော၊ ပျားရည်ရောရခဲ့ကြပြီဆိုတော့ နေ့တွက်တော့ကိုက်ခဲ့ကြပြီပေါ့ကွာ"

"အေး..နောက်နှစ်ညအိပ်လောက်ဆက်ပြီးရှာကြသေးတာပေါ့ကွာ၊ ဒါမှတစ်ခေါက်ဆို တစ်ခေါက်ဆိုသလောက် ငါတို့အတွက်တွက်ခြေကိုက်ကြမှာကွ"

"သိပ်ဟုတ်တာပေါ့ကွာ..နည်းနည်းရတာနဲ့ ပြန်သွားရင် ရွာရောက်လို့ လုယက်ဝယ်ကြသူတွေထဲက ဝယ်မရသူတွေ ကျိန်ဆဲမှာလည်းစိုးရသေးတယ်လေကွာ"

သူတို့တောထဲမှ ပြန်ရောက်လို့ ပါလာခဲ့သည့် ပျားရည်၊ ငါးကျပ်တင်ခြောက်စသည့်တို့ကို လုယက်ဝယ်ယူတတ်ကြသည်။ ကုန်သွား၍ မရသူတို့က နည်းနည်းပဲရှာလာရပေါ့ မလားဆိုပြီး ဝိုင်း၍အပြစ်တင်ခဲ့ကြသည်။ ထိုသို့ အပြစ်ပြောမခံရလေအောင် နောက်ထပ် နှစ်ရက်လောက် ထပ်ရှာဖွေပြီးမှ ပြန်ကြရန် စိတ်ကူးခဲ့ကြခြင်းဖြစ်လေသည်။

နောက်တစ်နေ့တွင်တော့ အခြားမြောင်တစ်မြောင်တွေ့ရှိသဖြင့် ထိုမြောင်ထဲအတိုင်း လျှောက်ဝင်လာခဲ့ကြသည်။

"ဟင်..ငါတို့ဒီမြောင်ထဲအတိုင်း လျှောက်ဝင်လာခဲ့တာတော်တော်ကြာသွားပြီကွ၊ ခုချိန်ထိ ဘာသားကောင်မှလည်း မတွေ့ရ၊ ဘာရေခန်းအိုင်မှလည်း မတွေ့ရပါလားဟေ့"

"အေးကွာ..ငါတို့ဒီမြောင်ထဲရှာလာခဲ့တာ မှားကြပြီထင်တယ်"

နှစ်ယောက်သား စိတ်ပျက်ပျက်နှင့်ပင် ရှေ့နားရောက်လျှင် တွေ့ရနိုးနိုးနှင့်ဆက်လျှောက်ဝင်လာခဲ့ကြသည်။

"ဟင်..သာရင်ရေ..ဟိုမြောင်ဘေးကပေါက်နေတဲ့အပင်ကြီးဟာ တညင်းပင်ကြီးမဟုတ်လားကွ"

ဖိုးအောင်ညွှန်ပြရာ အပင်ကြီးကိုမော့ကြည့်မိသည်။

"ဟာ..ဟုတ်တယ်ဟေ့၊ တညင်းသီးတောင့်တွေလည်း တအားသီးနေတာပဲ ဟ၊ ဒီနေရာကို ဘယ်သူမှမရောက်ကြသေးဘူးထင်တယ်ကွ၊ ဒါကြောင့် တညင်းသီးတောင့်တွေရှိနေသေးတာပဲ"

"ကဲ..ဟေ့၊ ဖိုးအောင်၊ မင်းက အပင်ပေါ်တက်ကွာ၊ ငါဝါးတစ်လုံးခုတ်ပြီး တံချူလုပ်ပေးမယ်"

ဖိုးအောင်က တညင်းပင်ပေါ်သို့ တက်သွား၏။ သာရင်ခုတ်ပေးသောဝါးတံချူဖြင့် တညင်းတောင့်များ ကို လှမ်းခူးချပေးနေသည်။ သာရင်က ကျလာသော တညင်းသီးတောင့်များကို ကောက်၍ပုံထားသည်။ အပင်ပေါ်တွင် တညင်းတောင့်များကုန်လျှင် ဖိုးအောင်ပြန်ဆင်းလာခဲ့သည်။

နှစ်ယောက်သား တညင်းတောင့်များကို ထုခွဲ၍ တညင်းသီးများ ထုတ်ယူခဲ့ကြသည်။

"တညင်းသီးတွေက တော်တော်တောင်ရင့်နေပြီကွ၊ ဒါဆိုပြုတ်စားရင်စေးလောက်ပြီပဲ"

"တညင်းသီးအလုံးငါးရာလောက်ကိုရတယ်ဟေ့.. ရွာရောက်ရင်တော့ ဈေးကောင်းကောင်းနဲ့ ရောင်းနိုင်မယ်ကွ၊ ဟန်ကျတာပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က တည်င်းသီးများဆွတ်နေကြရသဖြင့် ညနေစောင်းသွားကာ ထိုမြောင်၏ တစ်နေရာတွင် လုံခြုံမှုရှိနိုင်သောနေရာရှာဖွေကာ ညအိပ်ခဲ့ကြသည်။

နောက်တစ်နေ့တွင်တော့ တခြားမြောင်တစ်မြောင်ကို တွေ့ကြကာ ထိုမြောင်ထဲအတိုင်း လာခဲ့ကြလေသည်။

"ဟာ..ရေ့မှာစမ်းရေအိုင်တစ်အိုင်ပဲကွ"

"လာကွာ..ရေသောက်ရင်းနားကြပြီး အိုင်ထဲကြည့်ကြရအောင်"

အိုင်ဘေးတွင် နားနေကြရင်း အိုင်ထဲသို့ ကျောက်ခဲကလေးများ လှမ်းပစ်ချကြည့်လိုက်သည်။ ရေထဲကျသွားသော ကျောက်ခဲပတ်လည်တွင် ငါးကြီးများက ကျောက်ကြိုကျောက်ကြားမှ ပြေးထွက်လာခဲ့ကြရာ အစာအမှတ်ဖြင့် ရောက်လာခဲ့ကြသည်။

"ဟင်..ဒီအိုင်ထဲမှာငါးတွေ တော်တော်ရှိနေတာပဲဟေ့"

"ဟုတ်တယ်ဟ..ရေလည်းသိပ်မများလေတော့ ငါတို့ပက်လိုက်ရင် သိပ်မကြာမီရေခန်းပြီး ဖမ်းယူနိုင်မယ်ကွ"

"ဒီအိုင်ကြီးရဲ့အလယ်တည့်တည့်မှာ ကျောက်တုံးအကြီးကြီးတစ်လုံးရှိနေတဲ့ ကျောက်တစ်လုံးအိုင်ကြီးပဲဟေ့၊ ငါးတွေက အဲဒီကျောက်တုံးကြီးရဲ့အောက်ဘက် ဂလိုင်တွေထဲဝင်ပြီး ခိုအောင်းနေကြတာကွ၊ ရေထဲကို တစ်ခုခုကျလာမှ သူတို့အတွက်အစာတစ်ခုခုကျလာတယ်ထင်ပြီး ထွက်ကြတာပဲကွ"

နှစ်ယောက်သား အိုင်ထဲရှိ ရေများကို တစ်လဲစီကြိုးစားပြီး ပက်ထုတ်ခဲ့ကြသည်။ ရေကနည်းနည်းများနေသဖြင့် အချိန်အတန်ကြာအောင် ပက်နေကြရသည်။ တစ်ယောက်တစ်လဲစီ နားနားပြီး ပက်ထုတ် ခဲ့ကြသည်။

"ဟော..ရေသိပ်မရှိတော့ဘူးဟေ့၊ ငါးတွေဖမ်းယူကြရအောင်"

နှစ်ယောက်သားထိုကျောက်တုံးကြီးဘေးပတ်လည်နှင့်ကျောက်ကလိုင်ထဲသို့ နှိုက်၍ရှာဖွေဖမ်းခဲ့ကြသော်လည်း ငါးလေးငါးခြောက်ကောင်မျှသာတွေ့ရ၍ များများစားစားမတွေ့ကြတော့ချေ။

"ဟင်..ဘယ်လိုဖြစ်တာလဲဟ၊ တွေ့စတုန်းကတော့ ငါးတွေအများကြီးတွေ့ရပြီးတော့ အခုပက်ပြီးဖမ်းတော့ မတွေ့ရတော့ပါလား၊ အောက်မှာလည်း ဝင်နေစရာဂလိုင်တွေ၊ တွင်းတွေလည်းမရှိပါဘူး။ ပျောက်ချင်းမလှပျောက်သွားကြတာပါလားဟ"

သူတို့နှစ်ယောက်ရသည့်ငါးနှင့် ပင်ကျေနပ်ခဲ့ကြရသည်။ ထိုနေ့ညနေပိုင်းတွင် ရလာသည့်ပစ္စည်းများကို ထမ်းပြီး ရွာသို့ပြန်လာခဲ့ကြသည်။ ရွာသို့မိုးချုပ်ခါနီးမှ ရောက်ခဲ့ကြသည်။

နောက်တစ်နေ့တွင် ငါးကျပ်တင် ခြောက်များ လာဝယ်ကြသဖြင့် ရောင်းချပေးနေရသည်။

"ဟင်..မင်းတို့ဘယ်တွေရောက်ခဲ့ကြသလဲကွ၊ ရက်တော်တော်ကြာသွားပါလား"

"အေးဗျာ..နောက်ဆုံးတော့ ကျောက်တုံးကြီးတစ်လုံးသဲရှိတဲ့ အိုင်ကြီးပက်ပြီး ငါးတွေမြင်ပါလျက်နဲ့ ရေခန်းတော့ ငါးတွေရှာမတွေ့ဘဲ ပျောက်ကုန်လို့ စိတ်ပျက်ပြီး ရတာနဲ့ပဲ ပြန်လာခဲ့ကြတာဗျ၊ ဦးဘအောင်ရ"

"တန်တော့..မင်းတို့ ကျောက်တစ်လုံးအိုင်ကြီးထဲရောက်ခဲ့ကြတယ်ထင်တယ်၊ အဲဒီအိုင်ကြီးက ငါးတွေအများကြီးမြင်ရပေမယ့် ပက်ထုတ်ပြီးရှာရင်မတွေ့ရတော့တဲ့အိုင်ကြီးပဲကွ၊ အဲဒီအိုင်ကိုတွေ့ပြီး ငါးတွေအများကြီးတွေ့လို့ ပက်ကြသူတိုင်းဟာ ဒီလိုပဲရေခန်းသွားရင်ပျောက်ကုန်တာချည်းပဲ၊ တကယ်တော့ ဒီအိုင်ရဲ့ အစောင့်အရှောက်က ဖမ်းယူလို့မရအောင် မျက်ကွယ်ပြုထားတယ်နဲ့ တူပါတယ်ကွာ"

ဦးဘအောင်ရှင်းပြလာမှပင် သာရင်နှင့်ဖိုးအောင်တို့မှာ ဆန်းကြယ်သော ကျောက်တစ်လုံးအိုင်အကြောင်းကို သိရှိလာခဲ့ကြလေတော့သည်။

တင့်ထူး(ဓေယျဝတီ)




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် သူငယ်ချင်း မတွေ့တာ တောင်ကြာပြီ။ နင် Internet Cafeမှာ အလုပ်ဝင်နေတယ်ဆို။ အဆင်ပြေရဲ့လား"

"မပြောချင်ပါဘူးဟယ် • •ငါ့မှာ အပျော်တမ်း အလုပ်လေးဘာလေး ဝင်လုပ်မိပါတယ်။-သရဲမနဲ့ တည့်တည့်ကို တိုးတော့တာပါပဲ"

မေပုလဲ၏ စကားကြောင့် ကျွန်မ စိတ်ဝင်စားသွားသည်။

"ဘယ်လို သရဲမနဲ့ တိုးတယ်ဟုတ်လား။ ဟဲ့ ငါ သိချင်လို့ ပြောပြပါလားဟယ်။ လာပါ အအေးလေးဘာလေး သောက်ရင်းနဲ့ပေါ့။ ငါ တကာ ခံပါ့မယ်"

ကျွန်မ သူ့လက်ကို အတင်းဆွဲ၍ အနီးအနားတွင်ရှိသည့် ဆိုင်တစ်ဆိုင်သို့ ဝင်ခဲ့သည်။ သူနှင့်ကျွန်မက တက္ကသိုလ်တုန်းက ခင်ခဲ့တဲ့ သူငယ်ချင်းတွေ။ သူက ကွန်ပျူတာ ကျွမ်းကျင်ချင်၍ သင်တန်းတက်လိုက် ဆိုင်များတွင် အလုပ်ဝင်လုပ်လိုက်နှင့် ကြိုးစားနေသူ တစ်ဦးဖြစ်သည်။ သို့ကြောင့် တစ်ခါတစ်ရံ သူ့ဆီမှ ထူးထူးဆန်းဆန်းကိစ္စများကို ကြားရတတ်သည်။ ယခုလည်း သူပြောသည့်စကားက ကျွန်မ စိတ်ဝင်စားသော ကိစ္စဖြစ်နေ၍ ကျွန်မ သူ့ကို ငွတ် အတင်းဆွဲခေါ်ကာ အအေးနစ်ခွက် မှာလိုက်သည်။

"ဖြူ• • •နင်ပြောဆိုလို့သာ ပြောရမှာ။ ငါဖြင့် ပြန်တွေးလိုက်တိုင်း ကြက်သီးထနေတုန်း"

"ပုလဲရယ်• • •ပြောမယ့်သာ ပြောစမ်းပါ။ နင်ကလည်း ကြောက်နေလိုက်တာ။ ငါ သိချင်လုပြီ"

ကျွန်မက အတင်းတိုက်တွန်းလှ၍ မေပုလဲခမျာ သက်ပြင်းတစ်ချက်ချကာ စကားကို စလိုက်ရသည်။

"ကဲ••ပြောပြီဟေ့။ ဒီလိုဟာ ဒီလို"

❄ ❄ ❄ ❄ ❄

ထိုနေ့က ည ၁၀ နာရီထိုးသည် အထိ ဆိုင်တွင် လူပြည့်နေတုန်း။ ပုံမှန်ဆိုလျှင် ၉ နာရီကျော်ကျော်လောက်ဆို လူတစ်ယောက်စ နှစ်ယောက်စလောက်သာကျန်တော့တာ များသည်။ ယနေ့တော့ ထူးထူးခြားခြား ၁၀ နာရီကျော်သည်အထိ လူများနေတုန်း။

"မေပုလဲရေ ဆိုင်ကလည်း လူပြတ်တယ်ကို မရှိဘူး။ ငါတော့ ဗိုက်ဆာလှပြီ"

အစ်မသူဇာက မေပုလဲအနားကပ်ပြီး ခပ်တိုးတိုး ညည်းလိုက်သည်။ ထိုစကားကို မေပုလဲလည်း ထောက်ခံသည်။ မေပုလဲကိုယ်တိုင်လည်း နေ့လယ် ၁၁ နာရီကတည်းက ထမင်းနည်းနည်းသာ စားထားရသော ကိုယ့်ဗိုက်ကိုကိုယ် သနားလှပြီ။ တဂွီဂွီမြည်နေသော အစာအိမ်ကို အသာချော့ကာ ခေါက်ဆွဲကြော် သွားဝယ်သော အစ်မနှစ်ယောက်ကို စောင့်မျှော်နေမိသည်။

www.burmeseclassic.com

"ဟော့··ဟော··ပြန်လာကြပါပြီ။ ကြာလိုက်တာဟယ်။ ငါ့မှာ နင်တို့နှစ်ယောက်ပါ ခေါက်ဆွဲကြော် ဖြစ်နေပြီလားလို့"

ဆိုင်အတွင်းသို့ ခေါက်ဆွဲထုပ်လေးဆုပ်ဆွဲကာ ဝင်လာကြသော ကျောင်းနှင့် မကေသွယ်ကို အစ်မသူဇာ အလှမ်းနှောက်လိုက်သည်။ တကယ်တော့ မသူဇာက ဆိုင်ပိုင်ရှင်ဖြစ်ပြီး စုဇင်၊ မေပုလဲ၊ ကေသွယ်တို့က အလုပ်ဝင်များဖြစ်သည်။ သို့ပေမယ့် အစ်မသူဇာက ပျော်ပျော်နေတတ်ပြီး မေပုလဲတို့ထက်လည်း အသက်ပိုကြီးသူမို့ အလုပ်ရှင်သဘောမျိုးထက် အစ်မတစ်ယောက်လို ခင်မင်နေသူဖြစ်သည်။ ဖိုသုံးယောက်တဲတွင်လည်း မေပုလဲက အငယ်ဆုံး။ ယခုလည်း ဆိုင်အတွင်းသို့ ထိတ်ထိတ်ပျာပျာ ဝင်လာသော ဟိုနှစ်ယောက်ကို အစ်မသူဇာက လှမ်း စနောက်လိုက်ခြင်းဖြစ်သည်။

"အမလေး အစ်မရယ် လမ်းမှာ မိန်းမတစ်ယောက်ကို ကားတိုက်မိလို့။ ပွဲချင်းပြီးပဲ၊ ဒီကောင်မ စုဇင်ပေါ့ သွားကြည့်ရအောင်ဆိုလို့ ကျွန်မပါ လိုက်ကြည့်လိုက်မိပါတယ်။ သွေးတွေများ အိုင်နေတာပဲ။ မျက်နှာတစ်ခုလုံး စုတ်ပြတ်သတ်နေပြီး ခေါင်းတစ်ခြမ်းလည်း ကြေလို့ ခုထိ မျက်စိထဲက မထွက်သေးဘူး" မကေသွယ်က မစုဇင်ကို မျက်စောင်းထိုးရင်း ပြောလိုက်သည်။

"အမယ်···ကေသွယ်နော် နင်လည်း ကြည့်ချင်လို့ နင်ဘာသာ လိုက်ကြည့်ပြီးမှ ငါ့အပေါ် လွှဲမချနဲ့။ ပြေးကြည့်တာမှ သူက ထိပ်ဆုံး။ ဟိုဟာမသရဲ ဖြစ်နေရင်တောင် သူ့နောက်ပဲ လိုက်လာမှာ"

"ဟယ် ကောင်မစုတ် မဦးမချွတ် ဖဟဲ့ လွှဲပါစေ ဖယ်ပါစေ။ နင် ဘာတွေလျှောက်ပြောနေတာလဲ"

မကေသွယ်က နောက်ဘက်ကို ကမန်းကတမ်း လှည့်ကြည့်ပြီး မျက်လုံးပြူး မျက်ဆံပြူးနှင့် ကြောက်လန့်တကြားဖြစ်သွားပုံကို မစုဇင်က တခစ်ခစ်နှင့် လှောင်ပြောင်ရယ်မောလေသည်။

"ကြောက်တတ် လိုက်တာဟာ။ နင်က အရမ်းရယ်ရတာပဲ"

"ကဲပါ···တော်ပါတော့။ ငါ ဗိုက်ဆာလှပြီ။ စားတော့မယ်။ ဒီလူငါးယောက်ပြန်ရင် တံခါးပိတ်လိုက်တော့ သိလား"

မသူဇာက ဝင်ဖျန်ဖြေပြီး ခေါက်ဆွဲတစ်ထုပ်ကိုဆွဲကာ ဟိုဘက်ခန်းသို့ ခပ်သွက်သွက် ထွက်သွားလေသည်။

❄ ❄ ❄ ❄ ❄

ညည့် ၁၁ နာရီတွင် ဆိုင်ပိတ်လိုက်ပြီမို့ တစ်ယောက်ကို စက်တစ်လုံးစီနှင့် ကျွန်မတို့ ဇိမ်ယစ်နေခိုက် -

"ဟဲ့ ဖေ မေပုလဲတို့၊ စုဇင်တို့ လာ လာကြပါဦး"

ဟိုဘက်ခန်းထဲတွင် တစ်ယောက်တည်း စားသုံးနေသော မသူဇာ၏ အော်ခေါ်သံကို ကြားလိုက်ရ၍ မေပုလဲတို့ အပြေးအလွှားပင် ရောက်ရှိသွားသည်။

"မသူဇာ··ဘာ··ဘာဖြစ်တာလဲ? အလန့်တကြား"

"ဒီ··ဒီမှာ ကြည့်ပါဦး။ VZO Chat မှာ"

မသူဇာ ညွှန်ပြရာ VZO Chat ကို ကြည့်လိုက်တော့ ဘာထူးခြားချက်မှ မရှိ။

"VZO Chat မှာ ဘာရှိလို့လဲ?"

မေပုလဲတို့စကားကြောင့် မသူဇာ VZO Chat ကို မဝံ့မရဲ ကြည့်လိုက်သည်။

"ဟင် အေး··အေးဟ။ ဘာမှမရှိတော့ပါလား။ ဒါ··ဒါပေမယ့်လေ ခုနက"

မသူဇာက စကားကို မဆက်သေးဘဲ ဘေးဘီကို ဝေ့ဝဲကြည့်လိုက်သည်။

"မသူဇာ ခုနက ဘာတွေ့လို့လဲ?"

"ငါ ခုနက VZO Chat ဖွင့်ပြီး သူငယ်ချင်းတစ်ယောက်နဲ့ စကားပြောနေတာ။ ခဏနေတော့ VZO Chat မှာ စာတွေမပေါ်တော့ဘဲ လှိုင်းတန်းတွေပေါ်လာတယ်။ ငါလည်း ဘာဖြစ်တာလဲဆိုပြီး လေ့လာကြည့်နေတုန်း ဆံပင်ဖားလျားချထားတဲ့ မိန်းမတစ်ယောက်ပုံကြီး ပေါ်လာရော။ အမလေး ပြန်တွေးလိုက်တာနဲ့တင် ကြက်သီးတဖြန်းဖြန်းထမိတယ်"

"ဟုတ်ပါ့မလား··အစ်မရယ်။ အစ်မ စိတ်ထင်တာများလား"

မစုဇင်က မယုံသင်္ကာ မေးလိုက်သည်။

"ခြေသံ··ငါ တကယ်မြင်တာပါဆို။ တော်ပြီ··တော်ပြီ။ ငါ ဆက်မထိုင်ရဲတော့ဘူး။ ငါတို့ အိပ်ကြစို့"

မသူဇာက ယခုထိ ကတုန်ကယင်ဖြစ်နေသေးသည်ကို ကြည့်ခြင်းဖြင့် အမှန်တကယ် ကြုံတွေ့ခဲ့ရဟန်တူသည်။ နောက်ပြီး မသူဇာက တော်ရုံတန်ရုံဖြင့် ကြောက်လန့် တုန်လှုပ်တတ်သူမျိုး မဟုတ်၍ မေပုလဲတို့အားလုံး စဉ်းစားရကြပ်နေခြင်းပင်ဖြစ်သည်။ မေပုလဲတို့ ဤဆိုင်တွင် အလုပ်ဝင်သည်မှာ နှစ်လသုံးလခန့် ရှိနေပြီဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားမှု တစ်စုံတစ်ရာ မတွေ့ကြုံဖူးသေးပေ။ ယခုကျမှ မည်သည့်ဆံပင်ဖားလျားနှင့် မိန်းမက ရောက်ရှိလာရသနည်း။

"မသူဇာ" ဟို Virus များလား? တစ်ခါတလေ ကုလားမပုံနဲ့ Virus တောင်ရှိသေးတာဆိုတော့ ဒီမိန်းမပုံကလည်း Virus များလားလို့"

မေပုလဲက စဉ်းစဉ်းစားစား ပြောလိုက်သော်လည်း မသူဇာက ခေါင်းကို ခါယမ်းလိုက်ပြီး -

"မဟုတ်ဘူး မေပုလဲ။ Virus က ဒီလို ကွန်ပျူတာအပြည့် ပေါ်မလာဘူး။ ပြီးတော့ ပေါ်လာပုံကြီးကလည်း မြူခိုးမြူငွေ့တွေလိုမျိုး ကြောက်စရာကြီးပါဟာ"

"ဟို・・စုဇင် ပြောသလိုများလား မသိဘူး"

မကေသွယ်က စကားကို အဆက်စပ်မရှိ ပြောချလိုက်၍ မေပုလဲတို့အားလုံး အူကြောင်ကြောင်ဖြင့် သူ့ကို ကြည့်လိုက်ကြမိသည်။ မစုဇင်ကလည်း ကမန်းကတမ်းပင် -

"ကေသွယ်နော် ငါ ဘာပြောလို့လဲ၊ နင် ရှောက်မချနဲ့"

"နင်ပဲ အပြင်က ပြန်လာတုန်းက ပြောတယ်လေ။ သေသွားတဲ့မိန်းမ သရဲဖြစ်ရင် နင့်နောက်ကို လိုက်မှာဆို။ အမေလေး တွေးရင်းနဲ့ ငါကြောက်လာပြီ"

မကေသွယ်က ကြောက်ကြောက်လန့်လန့်ဖြင့် မေပုလဲနား တိုးကပ်ရင်း ပတ်ဝန်းကျင်ကို မဝံ့မရဲ ကြည့်ရှုလိုက်သည်။ မေပုလဲကိုယ်တိုင်တောင် ဘာရယ်မသိ ချောက်ချားလာမိသည်။

"ကဲပါ・・မနက်ကျမှ ပြောကြ။ ငါတို့ အိပ်ကြစို့"

မသူဇာက အားလုံးထိတ်လန့်မည်စိုး၍ စကားစကို ဖြတ်ကာ ထိပ်ဆုံးမှ ဦးဆောင်၍ ထွက်လာခဲ့သည်။ မသူဇာနောက်မှ မေပုလဲတို့အားလုံး တိတ်တဆိတ်လိုက်ပါလာခဲ့ကြသည်။ ဒါတောင် မစုဇင်က မေပုလဲအနား ကပ်ကာ ခပ်တိုးတိုး ပြောလိုက်သေးသည်။

"အလကား မသူဇာ ချောက်တာ။ သူ အိပ်ချင်တာနဲ့ ငါတို့ပါ အိပ်ရအောင် လုပ်တာနေမှာပေါ့။ ငါတော့ မယုံပါဘူး"

မဟုတ်လောက်ပါဘူး မစုဇင်ရယ်။ အစ်မသူဇာက ဒီလို လိမ်မပြောတတ်ပါဘူး။ သူ အိပ်ချင်ရင် ပုလဲတို့ကို အိပ်ကြစို့လို့ပဲ ပြောနေကျပါ။ ခုဟာက တကယ်မြင်လို့ နေပါမယ်"

"ငါ・・ငါ ပြောသလိုများ ဖြစ်နေမလားမသိဘူး။ ငါတော့ ကြောက်လိုက်တာနော်"

မကေသွယ်က ပြောလည်းပြော၊ မီးပိတ်လိုက်၍ မှောင်နေသော ကွန်ပျူတာခန်းကိုလည်း မရဲတရဲ ကြည့်လိုက်သေးသည်။

"တော်စမ်းပါ ကေသွယ်ရယ်၊ လာမချောက်နဲ့။ ငါက ကြောက်သွေးကို မပါတာ"

မစုဇင်က အောင်နိုင်သူလေသံဖြင့် ပြောရင်း တစ်ဖက် အိမ်သာခန်းသို့ တစ်ယောက်တည်း ထွက်သွားသည်။

❄ ❄ ❄ ❄ ❄

Internet Cafeကို အောက်ထပ်တွင် ဖွင့်ထားပြီး မေပုလဲတို့က အပေါ်ထပ်အခန်းတွင် လေးယောက်လုံး စုပေါင်းအိပ်ကြရသည်။ အပေါ်ထပ်ခန်းဟုဆိုသော်လည်း လူတစ်ရပ်သောက်သာမြင့်သော ထပ်ခိုးသာသာ ခန်းလေးဖြစ်သည်။ ခြင် အလွန်ပေါသည့်မို့ မေပုလဲတို့ ခြင်ထောင် ထောင်အိပ်ရသည်။ မေပုလဲတို့ ခြင်ထောင်ထောင်နေစဉ် -

"အမလေး မသူဇာရေ ယုံပါပြီ ယုံပါပြီ"

ထိုသို့အော်လျက် အပေါ်ထပ်သို့ အမောတကော ပြေးတက်လာသူက မစုဇင်။

"ဟဲ့ စုဇင် နင် ဘာဖြစ်လာတာလဲ?

"မ・・မပြောချင်ပါဘူး ကေသွယ်ရယ်။ ခုထိ ကြောက်နေတုန်း"

"ဘာ・・ဘာတွေ့ခဲ့လို့လဲ? ငါတို့ကို ပြောပြဦးလေ"

မသူဇာ အလောတကြီး မေးလိုက်တော့မှ မစုဇင်က သူ ကြုံခဲ့သမျှကို ဖောက်သည်ချတော့သည်။

"ခုနက စုဇင် အိမ်သာတက်နေတုန်း တံခါးကို အပြင်က ခုန်းခနဲ ဆောင့်ကန်လိုက်တယ်။ ဘယ်သူမှလည်း မရှိဘဲ တံခါးကို အကန်ခံလိုက်ရတော့ စုဇင် နည်းနည်းတော့ လန့်သွားတာပေါ့။ ဒါပေမယ့် နင်တို့များလားဆိုပြီး "ဟဲ့ ဘယ်သူ လက်ကမြင်းနေတာလဲ? လို့ မေးလိုက်တော့ အမလေး တံခါးကို ထပ်ပြီး ခုန်းခနဲ ခုန်းခနဲ နှစ်ချက်ကြီးများတောင် ဆောင့်ကန်သွားတာ။ စုဇင်လည်း ကမန်းကတမ်း တံခါးကို တွန်းဖွင့်ကြည့်လိုက်တော့ အပြင်ဘက်မှာ ဘယ်သူမှမရှိဘူး။ ဒါနဲ့ပဲ စုဇင်ကြောက်သို့ ပြေးတက်လာခဲ့တာ"

မစုဇင်စကားက ကြက်သီးထချင်စရာ၊ ကျောချမ်းချင်စရာ။ အပေါ်ထပ်

www.burmeseclassic.com

တွင် လူအားလုံးရှိနေပါလျက် တံခါးကို လာကန်သူက မည်သူများဖြစ်မည်နည်း။ မေပုလဲသာဆိုလျှင် ထိုနေရာ၌ပင် သတိလစ်သွားနိုင်သည်။

"ကဲ‥ကဲ ဘုရား ရှိခိုးပြီးအိပ်ကြ။ ဘယ်သူမှ ဒုက္ခမပေးနိုင်ဘူး"

မသူဇာက အကြီးဗိုဗိ သတိပေးစကားပြောပြီး အားလုံး ဘုရားရှိခိုးကာ အိပ်လိုက်ကြသည်။ မေပုလဲက တံခါးနှင့် အနီးဆုံးနေရာတွင် နေရ၍ အိပ်မပျော်ပေ။ တော်ကြာ သရဲမများ ခြေထောက်လာဆွဲလေမလားဟု တွေးကာ ဘုရားစာကိုသာ တရစပ် ရွတ်ဆိုနေမိသည်။ အိပ်ပျော်မလို မှေးခနဲ ဖြစ်သွားနိုက်…

"ရှပ်…ရှပ်…"

ခြေရင်းဘက်မှ တရှပ်ရှပ်နှင့် လမ်းလျှောက်သံများကို ကြားလိုက်ရသည်။ တစ်ယောက်ယောက်က တံခါးဝသို့ လမ်းလျှောက်လာသလိုမျိုး။ မေပုလဲ ကြောက်လန့်နေသော်လည်း စပ်စုလိုသောစိတ်ကြောင့် တံခါးဝဆီကို လှမ်းကြည့်လိုက်ရာ -

"ဟာ"

မေပုလဲတို့ အခန်းပေါက်ဝမှ လှေကားဆီသို့ လျှောက်သွားသော မိန်းမတစ်ယောက်ကို တွေ့လိုက်ရသည်။ လှေကားထိပ်မှ မီးရောင်နှင့်မို့ သဲသဲကွဲကွဲ မြင်လိုက်ရပါသည်။ လှေကားမှ တဒေါက်ဒေါက်နှင့် ဆင်းသွားသံကို ကြားနေရချိန်တွင် မေပုလဲမှာ ကောင့်တောင့်ကြီး လှဲလျက် အသက်ရှူဖို့ပင် မေ့လျော့နေမိသည်။ ဆင်းသွားသော မိန်းမက မသူဇာလည်းမဟုတ် မစုဇင်နှင့် မကေသွယ်လည်းမဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ထိုမိန်းမ၏ ဆံပင်သည် တင်ပါးအထိ ရှည်လျားကာ နက်မှောင်နေပြီး လေမတိုက်ပါဘဲ လှေကားထိပ်တွင် တလွင့်လွင့် မျောပါနေသည်။ ကျွန်မတို့ လေးဦးလုံး ခေတ်ဆန်သူတွေမို့ဆံပင်ကို အရောင်ဆိုးသူက ဆိုးကာ ကောက်ထား ဖြောင့်ထားကြသည်။ ထို ထိုသို့ဆိုလျှင် လှေကားမှ ဆင်းသွားသောမိန်းမသည် မည်သူများ ဖြစ်နေလေမည်နည်း။

❄ ❄ ❄ ❄ ❄

"အေး‥အဲ့ဒါပဲ။ ငါ့ဇာတ်လမ်းက ပြီးပြီ"

မေပုလဲက နောက်ဆုံးလက်ကျန် အအေးလေးကိုမော့သောက်လိုက်သည်။

"ဟင်‥ဘယ်လိုကြီးလဲ ကြောက်စရာလည်း သိပ်မကောင်းပါဘူး"

"သေပါလား။ နင် သရဲခြောက်ခံကြည့်ပါလား။ ဟွန်း‥ငါ့မှာဖြင့် အဲ့ဒီညက ကြောက်လိုက်ရတာ။ နောက်တစ်နေ့မနက်ကျမှ အဲ့သည့်သရဲမကို မကေသွယ်လည်း မြင်တယ်တဲ့။ ကားတိုက်ခံရတဲ့မိန်းမပဲ နေမယ်တဲ့လေ။ ငါလည်း အဲ့သည့်နေ့ပဲ အိမ်ကိုပြန်ပြေးလာခဲ့တာ"

မေပုလဲပုံစံက ယခုထိ ကြောက်ရွံ့ထိတ်လန့်နေပုံ။

"ဒါနဲ့ အစ်မသူဇာက ဘယ်လိုလုပ်လိုက်လဲ"

ကျန်တဲ့သူတွေ အားလုံး ထွက်ပြေးလို့ရပေမယ့် မသူဇာက ဆိုင်ပိုင်ရှင်ဖြစ်နေ၍ ကျွန်မ မေးလိုက်ရခြင်းဖြစ်သည်။

"ဘုန်းကြီး ပင့်ပြီး အမျှဝေလိုက်တော့ မခြောက်တော့ဘူးတဲ့။ ငါလေ ပြန်တွေးတိုင်း သရဲမကို ခုထိ ကျေးဇူးတင်နေတုန်း"

မေပုလဲစကားက အဆန်း။ သရဲမကို ကျေးဇူးတင်သည် တဲ့။

"ဘာဖြစ်လို့တုန်း။ သရဲမက နင့်ကို ထီနံပါတ် ပေးလို့လား"

"ဟာ မဟုတ်ပါဘူးဟာ။ နင်ကလည်း ငါကျေးဇူးတင်တာက အဲသည့်ညက သူ ငါ့ကို နောက်ကျောပဲ ပြလို့လေ။

သူသာ ကြောက်စရာ မျက်နှာကြီးများပြလိုက်ရင် ငါကြောက်လို့ သေမှာပဲ။ ဒါကြောင့် ငါက ကျေးဇူးတင်တာ။

"ဟင်း"

"တင်…တင်။ ငါကတော့ ကျေးဇူးတင်တယ်။ ငါရေးစရာ ကုန်ကြမ်းပေးလို့လေ။ ကဲ…ငါပြန်တော့မယ်"

ကျွန်မ ရေနွေးကြမ်းကို တစ်ချက်မော့လိုက်ပြီး မတ်တတ်ရပ်လိုက်သည်။ မေပုလဲက အလျင်အမြန် လိုက်ရပ်လိုက်ရင်း…

"ဟဲ့…နင် တကာခံမယ်ဆို။ အအေးဖိုး ပေးခဲ့ဦးလေ"

ကျွန်မ မေပုလဲကို အချိုသာဆုံး ပြုံးပြလိုက်ပြီး…

"ဟဲ ဟဲ သူငယ်ချင်း ငါ ပိုက်ဆံမပါတာ ခုမှ သိလို့ဟာ။ နင်ပဲ ရှင်းလိုက်တော့နော်။ နောင်ကြုံမှ ငါ တိုက်မယ်။ တာ့တာ"

"ကောင်မစုတ်"

ကျွန်မ မေပုလဲ၏ ကျိန်ဆဲသံများကို ကျောခိုင်းရင်း အိမ်သို့ပြန်ခဲ့ပါတော့သည်။

ကွန်ပျူတာတက္ကသိုလ်မှ သူငယ်ချင်းတစ်ဦး ပြောပြချက်ကို ဆီလျော်သလို တင်ပြလိုက်ရပါသည်။

ဂါဦးနွံနန်းကို



www.burmeseclassic.com

www.burmeseclassic.com



# ပြောင်း ... ပြောင်း

■ ရွှေနှင်းသီ

ဒီနေ့ ဟောပြောပွဲလေးတစ်ခုရှိတယ်။ ကျွန်မတို့ ဝါသနာတူတွေစုပြီး ကိုယ်နှစ်သက်ရာ ခေါင်းစဉ်လေးတွေကို ဟောပြောကြ ဆွေးနွေးကြတဲ့ပွဲပါ။ ဗဟုသုတ ရကြသလို ငြင်းကြခုံကြတာတွေလည်း ရှိပါတယ်။ ဘာပဲဖြစ်ဖြစ်လေပျော်စရာကောင်းသလို တိုးတက်မှုတွေလည်း ရှိလာပါတယ်။

ကျွန်မ အိမ်ကထွက်လာကတည်းက နောက်ကျနေတာ။ ဘာတွေအလုပ်ရှုပ်နေမှန်းလည်း မသိပါဘူး။ အချိန်မမီမှာစိုးလို့ တစ်ရာနဲ့ရောက်တဲ့လမ်းကို နှစ်ရာပေးပြီး အထူးကား စီးလိုက်ပါတော့တယ်။ ကားချောင်နေတာရယ်၊ ကားပေါ်က မြန်မြန်ဆင်းလို့ အဆင်ပြေအောင်ရယ် အတက်အဆင်း အပေါက်နားမှာပဲ ထိုင်လိုက်ပါတော့တယ်။ လမ်းပေါ်မှာ ကားပိတ်မိနေတဲ့ အချိန်လေးကို အခွင့်အရေးအဖြစ် အသုံးချပြီး ဆွေးနွေးရမယ့် စာသားတွေကို စာစီနေမိပါတယ်။ ဒီနေ့ ကျွန်မ ဟောပြောမယ့်ခေါင်းစဉ်ကို "ကိုယ်ချင်းစာကြည့်ကြစမ်းပါ"လို့ ရွေးထားတယ်လေ။ ဟောပြောရတာ လွယ်ကူပြီး ဘာကျမ်း ညာကျမ်းတွေမှ ကိုးကားစရာ မလိုတော့ဘူး။ ရင်ထဲထိအောင် ဖွဲ့ဖွဲ့နွဲ့နွဲ့လေး ပြောနိုင်ရင် ဖြစ်တာပါပဲ။

အင်း ... ဒီမီးပွိုင့်လေး ကျော်ရင်တော့ ရှေ့မှာမြန်သွားပါပြီ။ ရောက်ခါနီးနေပြီမို့ ခေါင်းထဲမှာ စာစီထားတာလေးတွေ လက်စသတ်နေတုန်း ကျွန်မဘေးမှာ တစ်ယောက်ယောက် ဝင်ထိုင်လိုက်တယ်ဆိုတဲ့အသိကြောင့် လှည့်ကြည့်လိုက်တော့ ပစ္စည်းတွေ ပွေ့ပိုက်ထားတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်နေပါတယ်။ မှတ်တိုင်မှာ ဆင်းခါနီးနေလို့ အတက်အဆင်းနီးတဲ့ ကျွန်မနားမှာ လာထိုင်နေတာ ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ပုံစံက တစ်ယောက်ယောက်ကို ရှာနေသလိုလို၊ မေးတော့ ပြောတော့မှာလိုလို ဖြစ်နေလို့ စိတ်ဝင်စားသွားမိပါတယ်၊

ဟုတ်ပါတယ်ရှင်။ သူက လက်မှတ်ရောင်းကို ရှာနေတာပါ။ မျက်လုံးချင်းဆုံလိုက်တော့ သူက ပြောပါတယ်၊

"ရှေ့မှတ်တိုင်မှာ အန်တီဆင်းတော့မယ်။ တစ်ရာ ပြန်အမ်းရဦးမယ်နော်"လို့ ဆိုတော့ လက်မှတ်ရောင်းက သူ့ဆီမှာ တစ်ရာတန် ငွေစက္ကူ တစ်ရွက်မှမရှိတဲ့အကြောင်း လက်ထဲမှာကိုင်ထားတဲ့ ငွေစက္ကူတစ်ထပ်ကို လှုပ်ပြပြီး လက်ခါပြပါတယ်။

"ဒုက္ခပဲ"ဆိုတဲ့ ညည်းညူသံက ငွေတစ်ရာတန်နဲ့ မမျှအောင် သနားဖို့ကောင်းလိုက်တာ။ ဒါနဲ့ နေပါဦး။ ကျွန်မပိုက်ဆံအိတ်ထဲမှာ တစ်ရာတန်ငွေစက္ကူလေး နှစ်ရွက်ရှိသားပဲ။ အဲဒါနဲ့ လဲပေးလိုက်ရင် သူလည်း အဆင်ပြေမယ်။ ကျွန်တစ်ယောက်လည်း အဆင်ပြေမယ်။ အမလေး ... မဖြစ်ပါဘူး။ အပြန်မှာ လိုင်းကားစီးပြန်ရမှာ။ အပြန်မှာ အချိန်ပေးနိုင်တာပဲ။ တစ်ရာတန်ပေးစီလို့ ရတဲ့ကားကိုပဲ စီးပြန်မှာပေါ့။ အခုလို ပြန်မအမ်းနိုင်ရင် ဘယ်လိုလုပ်မှာလဲ။

ခရီးသည်တွေကလည်း ခက်ပါတယ်။ လိုင်းကားစီးလာတာပဲ ကြာလှပြီ။ ဒါမျိုးတွေလည်း ရိုးနေပြီ။ အဆင်ပြေအောင် အကြွေဆောင်ထားကြမှပေါ့။ ကိုယ့်အပြစ်နဲ့ကိုယ်။ တစ်ရာအဆုံးခံလိုက်ပေတော့၊ ဖြစ်နေလိုက်တာများ မျက်စိမျက်နှာကို ပျက်လို့၊ မှတ်တိုင်မှာ သူဆင်းသွားမှ မျက်နှာပူတာ သက်သာတော့တယ်။ အလကားနေရင်း အတွေးပျက် မျက်နှာပူ ဖြစ်အောင်လို့ တော်တော်ဒုက္ခပေးတဲ့ သူတွေပဲ။

အတွေးကောင်းနေလိုက်တာ၊ ဆင်းမယ့်မှတ်တိုင် ရောက်တော့မယ်၊ ပြင်ဆင်ထားမှ။ တော်ကြာ လက်မှတ်ရောင်းတွန်းချတာ ခံနေရဦးမယ်၊ ဒီအချိန်ဆို အဖွဲ့သားတွေတောင် စုံနေလောက်ပြီ၊

ဆွေးနွေးပွဲလုပ်မှာက သုံးထပ်မှာ ဆိုတော့ နာနေတဲ့ဒူးကို ညာပြီး တစ်ထပ်တက်လိုက်၊ နားလိုက်လုပ်ရင်း နဲ့ ဒီနေ့ဟောပြောမယ့် ခေါင်းစဉ်ကို "ကိုယ်ချင်းစာဖို့ ကြိုးစားစို့"လို့ ဆိုရင် ပိုများ ကောင်းသွားမလားပဲနော်၊


ရွှေနှင်းသီ



www.burmeseclassic.com

www.burmeseclassic.com

# ကိုပိုက်
# သင်ယူတတ်သူ
# ထူပင်ထူဖြား



www.burmeseclassic.com

www.burmeseclassic.com



ကန့်ကျုံနီချောင်းများသို့ အမဲပစ်ရန် လာခဲ့ကြသည်တွင် ကင်းမတီးကျေးရွာသို့ဝင်ကာ မုဆိုး 'စောအယ်ဒို' ကို ဝင်ခေါ်ခဲ့ကြ၏။

ဖက်စုပ်အယ်ဒို ဆိုသူဖြစ်၏။ ချိုကောင်ငယ် အသံတု ဖက်စုပ်ရာတွင် ကျွမ်းကျင်သူ ဖြစ်ချေ၏။

''ဖက်ဆုပ် အင်မတန်ကောင်းတာကလား။ သူဖက်စုပ်ပြီဆိုလျှင်ဖြင့် အင်မတန် သဘာဝကျတော့ကာ သူ့နောက်မယ် မီးဖိုပြီး ဒန်အိုးကြီးတစ်လုံးကို ရေနွေးသာတည်ကျိုထားချေ။ ဂျိုကောင်က သူ့ဘာသာ ခုန့်ဝင်လာလိမ့်မယ်လို့တောင် တင်စားကြတာကွ''

သို့ဆိုသလို ကင်းမတီးရွာသူကြီး ဦးဖိုးလွန်က ပြောလေခြင်းကြောင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် မုဆိုး 'အယ်ဒို' ၏ပညာကို ကိုယ်တွေ့ကြုံလေ့လာလိုသည်ကြောင့် ခေါ်လာကြခြင်း ဖြစ်သည်။

သို့လျှောက်ခဲ့ကြရာမှ 'ဖာလာ' စခန်းသို့ ရောက်သည်တွင် ဝါးခုတ်သမားတို့၏ ဝါးတဲတို့မှ တဲလွတ်တစ်လုံးတွင် ဝင်နားလိုက်ကြသည်။

ဝါးခုတ်သမားများသည် 'မီးလောင်ကုန်း' ကျေးရွာသားများဖြစ်ကြသည်ကြောင့် ကျွန်တော်တို့နှင့် သိကျွမ်းသူ အတော်များများဖြစ်ကြသဖြင့် သို့ဝင်နားခြင်း ဖြစ်သည်။

ထိုဝါးခုတ်စခန်းတွင် တဲစောင့်နှစ်ယောက်သာ ရှိချေ၏။ သူတို့နှစ်ယောက်ကိုတော့ဖြင့် ကျွန်တော်တို့မသိပါချေ။ မျက်နှာစိမ်းများဟု ပြောရချိမ့်မည်။ သို့ကြောင့် ...

''မင်းတို့ မီးလောင်ကုန်းရွာသားတွေပဲလား။ ပြောပါဦး၊ မင်းတို့ မီးလောင်ကုန်း ဘယ်အပိုင်းကလဲ။ မိဘတွေက ဘယ်သူတွေလဲ ...''

ကျွန်တော်က မေးလိုက်သည်။

''ကျွန်တော်တို့နှစ်ယောက်က သာယာဝတီသားတွေပါ။ မီးလောင်ကုန်းကိုရောက်တာ မကြာသေးပါဘူး''

တစ်ယောက်သောသူက ပြောလာသည်တွင် ...

''ဪသာယာဝတီသားပဲကွ''

စောအယ်ဒိုက ပြောလာ၏။

''နို့ဖြင့် ဘယ်သူများတုံး။ ကျွန်တော်တို့နှစ်ယောက်က အနီးကူရဲ့ ညီတွေပါ''

တစ်ယောက်သောသူက ဝမ်းသာအားရ ပြောလာပြန်၏။

''ဟော ... မင်းတို့နှစ်ယောက်လုံးက အနီးကူရဲ့ ညီတွေလား။ 'လက်ကောက်အနီးကူ' ကို ပြောတာလား''



www.burmeseclassic.com

www.burmeseclassic.com

အယ်ဒိုကလည်း ဝမ်းသာအားရ ပြောလိုက်ပြန်၏။

"ဟုတ်တယ်။ လက်ကောက် အန်းကူ ညီတွေပါ။ ဒါပေမင့် ဝမ်းကွဲ ညီပါ"

"နို ...အန်းကူတစ်ယောက် သာယာဝတီမှာပဲလား"

"ကျွန်တော်တို့နဲ့တူတူ မီးလောင် ကုန်းလာကြတာ။ ခုသူ ဝါးခုတ်သွား တယ်"

"ဟေ ...အေး ..အေး။ ငါတို့ သည်စခန်းမယ် ညအိပ်မှာဆိုတော့ သူ နဲ့တွေ့နိုင်တာပေါ့"

သို့ဆိုသလို ထိုညနေပိုင်းတွင် စောအယ်ဒို၏မိတ်ဆွေ လက်ကောက် အန်းကူဆိုသူ ဝါးခုတ်ပြန်လာသည်နှင့် ကျွန်တော်တို့တဲသို့ ရောက်လာလေ၏။

"ဟိတ်ကောင် ...အယ်ဒို၊ မင်း သာယာဝတီက ထွက်သွားကတည်းက ခုမှပဲ ပြန်တွေ့ရတော့တယ်ကွာ။ မင်း အကြောင်းတွေတော့ ငါကြားပါတယ်။ ဖက်စုပ်အယ်ဒို ဆိုပြီး နာမည်ကြီးနေပြီ ပဲ ...ဟဲ ...ဟဲ ...ဟဲ။ မင်းနဲ့ငါ သာယာဝတီမှာကတည်းက ဖက်စုပ် ဘတုတ်ဆီမှာ ဖက်စုပ်ပညာ သင်ခဲ့ကြ တာလေကွာ"

"အေးလေ ...မင်းကတော့ အမဲလိုက်တာထက် အရောင်းအဝယ်ကို ပိုသဘောကျတာကလား။ ဝါးကုန်သည် ဖြစ်နေပြီပေါ့။ ခုကော မင်း ဝါးလာ တိုက်တာလား"

"အေး ...ဟုတ်တယ်။ ငါ့ညီနှစ် ယောက်နဲ့ ဝါးလာခုတ်တာလေ။ ငါ့ညီ နှစ်ယောက်ကိုလည်း တောတောင် အတွေ့အကြုံရအောင် ခေါ်လာတာ ကလား။ သည်နှစ်ကောင်က လူပျင်း တွေကွ။ တောတိုးရတာ ပျင်းတယ်ဆို ပြီး စခန်းမှာပဲ တဲစောင့်နေခဲ့ကြတာ လေ။ နို ...နေပါဦး။ မင်းကောဘာ လာလုပ် ..."

သည်တွင် စောအယ်ဒိုက ကျွန် တော်တို့နှစ်ယောက်ကို လက်ညှိုးညွှန် ပြရင်း ...

"သည်ဆရာနှစ်ယောက်နဲ့ လိုက် လာတာ။ ငါ့ဖက်စုပ်ပညာကို ကိုယ်တိုင် ကိုယ်ကျ မြင်တွေ့ချင်လို့တဲ့ကွ ... ဟင်း ...ဟင်း"

သို့ မိတ်ဆက်သကဲ့သို့ ပြောပြီး

"အန်းကူတဲ့။ သူက ကျွန်တော် နဲ့ တစ်ဆရာတည်း ဖက်စုပ်ပညာ သင် ခဲ့ကြတာလေ။ ဖက်စုပ်တယ်ဆိုတာ ဘာမှ မခဲယဉ်းပါဘူး။ ဖက်ရွက်လေး နှစ်ရွက်ကို ထပ်ပြီး အသံထွက်အောင် မှုတ်တာပါပဲ။ ဘာသဘောလည်းဆို တော့ ဂျီကောင်ငယ်လေးရဲ့ အသံနဲ့တူ အောင် မှုတ်တာပေါ့။ အဲဒီ ဖက်စုပ်သံ က ဂျီကောင်ငယ်လေးအသံလိုဖြစ်နေ တော့ ဂျီမကြီးတွေအတွက် သူတို့သား ငယ်လေး ဒုက္ခရောက်လို့ အော်ဟစ် အကူအညီတောင်းတဲ့အသံထင်ပြီး အသံလာရာကို ရောက်လာတတ်ကြ တယ်လေ။ သည်တော့ ကိုယ့်ရှေ့ ရောက်လာတဲ့ ဂျီမကြီးကို အလွယ်တကူ ပစ်ဖမ်းရုံပေါ့။ နို့က ဘာလဲဆိုတော့ လှည့်စားပြီး သားကောင်ကို ဖမ်းတာပဲ ပေါ့"

သို့ပြောလာသည့် စောအယ်ဒိုကို ကြည့်လိုက်ကြချေပြီး လင်းမြင့်လှိုင်နှင့် တစ်ဦးကိုတစ်ဦး အဓိပ္ပာယ်ပါပါ ကြည့် လိုက်ကြ၏။

"ဟိတ်ကောင် အယ်ဒို၊ ငါလည်း မင်းလို သည်အလုပ်ပဲ လုပ်စားရင် 'ဖက်စုပ်အန်းကူ'ဆိုပြီး ဖြစ်နေလောက် ပြီမဟုတ်လား"

အန်းကူက အယ်ဒိုကို ကြည့်ကာ ပြောလာပြန်၏။

သို့ကား အန်းကူတစ်ယောက် ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို ရည်စူး ပြောလာသည်ကို ကျွန်တော်သိလိုက်၏။

သူ့အပြော အဓိပ္ပာယ်ကို ကျွန် တော် တွက်မိလိုက်၏။ သူ၏ ဖက်စုပ် ပညာ မည်မျှတော်သည်၊ မတော်သည် ကိုတော့ မသိပါချေ။ သို့ပေမင့် သူ၏ အပြောအဆို၊ သူ့စကားကတော့ စော အယ်ဒို၏ အောင်မြင်ကျော်ကြားမှုကို မနာလို မရှုစိမ့်ဖြစ်နေသည်ကိုတော့ ကောင်းကောင်းကြီး တွက်ဆမိလိုက် သည်။ သို့ကြောင့် ...

"ဩော် ...အတော်ပဲ အန်းကူ။ ငါတို့ နက်ဖြန် အမဲပစ်ထွက်ကြမယ်။ မင်းမိတ်ဆွေ အယ်ဒိုရဲ့ ဖက်စုပ်ပညာ ပြောကြသလောက် ဟုတ်မဟုတ် သိ ချင်လို့ ခေါ်လာတာ။ မင်းတို့သူငယ်ချင်း နှစ်ယောက် မဆုံတာကြာလို့ ခုဆုံကြ ပြီပဲ။ အလုပ်အားရင် လိုက်ခဲ့ပါကလား။ သူငယ်ချင်းနှစ်ယောက်တွေ့တုန်းတွေ့ ခိုက် စကားတွေလည်း ပြောဖြစ်ကြတာ ပေါ့"

သို့ ကျွန်တော်က ပြောလိုက်၏။ သို့ကလို ကျွန်တော့်တွင် အတွေးတစ်ခု ဝင်လာသောကြောင့် ဖြစ်၏။

လင်းမြင့်လှိုင်က ကျွန်တော်၏ သဘောထားကို ကောင်းကောင်းသိ လိုက်ပုံရ၏။ သူ့ဝသီအတိုင်း သွားတက် လေးပေါ်ရုံပြုံးလာပြန်တော့၏။ သည် တွင် ...

"ဟာ ...ကောင်းတာပေါ့ဗျာ။ ကျွန်တော်လည်း သူ့လို ဖက်စုပ်ပညာ

www.burmeseclassic.com

တတ်ပါတယ်။ နောင်ကြီးတို့လည်း သိသွားတာပေါ့။ သည်ကောင် နာမည်ကြီးလို့သာ ကြီးနေတာ၊ ဖက်စုပ်ပညာ လူတိုင်း သင်ရင်တတ်ပါတယ်။ ဘာမှ မခက်ပါဘူး။ ဘယ်သူတွေက အယ်ဒီကို အထင်ကြီးကြီး ကျွန်တော်က သူငယ်ချင်းဖြစ်နေလို့လားတော့ မသိဘူး။ လုံးဝ အထင်မကြီးဘူးဗျာ ... ဟင်း ... ဟင်း ... ဟင်း''

အလိုလေးဗျာ။ အန်းကူတစ်ယောက် ဘယ်လိုကြောင့်များ အယ်ဒီကို သို့ပြောရတာပါလိမ့်။ နေရင်း မနာလိုဖြစ်နေသည်များလား။ ဘယ်တွက် မှဒီတာမပွားနိုင်ရတာပါလိမ့်။

အန်းကူ၏ သို့အပြောအဆိုကြောင့် အယ်ဒီတစ်ယောက် မည်သို့ဖြစ်သွားလေမည် သိလိုပြီး ကျွန်တော် အယ်ဒီကို လှမ်းကြည့်မိ၏။

အယ်ဒီကတော့ ခပ်ပြုံးပြုံးသာလျှင် ရှိချေ၏။ သူငယ်ချင်းဖြစ်သူ အန်းကူက သူ့ကို မည်မျှပင် နှိမ့်ချပြောနေပေငြား သူငယ်ချင်းဖြစ်သူကို စိတ်ဆိုးဟန် သူ့ထံတွင် အလျဉ်းမတွေ့ရပါကလား။ သို့ကြောင့် ကျွန်တော် လင်းမြင့်လှိုင်ကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်၏။ လင်းမြင့်လှိုင်က ပြုံးပြလာ၏။

သည်လိုဖြင့် နောက်တစ်နေ့တွင် ကျွန်တော်တို့သည် ဖက်စုပ်အယ်ဒီ၊ အန်းကူတို့ဖြင့် ဂျီပစ်ထွက်ခဲ့ကြချေ၏။

ကံအားလျော်စွာပင် စခန်းနှင့် မဝေးလောက်သော နေရာမှာပင် ဂျီကောင်ခြေရာများ တွေ့လိုက်၏။

''ခြေရာက လတ်လတ်ဆတ်ဆတ်တွေပဲဗျ''

သို့ပြောလာသည့် ဖက်စုပ်အယ်ဒီ၏ အပြောကြောင့် လင်းမြင့်လှိုင်က ခြေရာကို စေ့စေ့စပ်စပ် ငုံ့ကြည့်လေပြီး

''မကြာလောက်တဲ့အချိန်က သွားထားတဲ့ ခြေရာဗျ''လို့ ကောက်ချက်ချပြောလာ၏။

''သစ်ဆိမ့်ပင်နဲ့ ဖန်ခါးပင်တွေ အပေါက်များတာကြောင့် ဂျီပေါတာပေါ့ဗျာ''

အန်းကူက လူတတ်ကြီးလုပ်ပြောလာလေ၏

ကျွန်တော်တို့သည် ထိုဂျီကောင်၏ ခြေရာခံ လိုက်ခဲ့ကြချေ၏။ သို့မှ

''ဟင် ...''

ဂျီကောင်ခြေရာတို့ကြားမှ တွေ့ရသည့်ခြေရာတစ်ခု တွေ့လိုက်သည်နှင့် ကျွန်တော် ထိတ်လန့်တကြား ဖြစ်သွားသည်ကြောင့် လင်းမြင့်လှိုင်က ကပျာကသီပင် လက်ကာတ်လာသဖြင့် ကျွန်တော် ဆိတ်ဆိတ်နေလိုက်တော့၏။

ထိုခြေရာကို စောအယ်ဒီသည်လည်း သတိပြုမိပုံ ပေါ်ချေ၏။ မျက်စိမျက်နှာပျက်သွားပေငြား ချက်ချင်းပင် မမြင်လိုက်သလို နေချေတော့၏။

စောအယ်ဒီတွင်လည်း မည်သည့်အကြံရှိနေလေသည် မသိချေ။ ကျွန်တော်တို့သည် ထိုနေရာမှ ဆက်လျှောက်ခဲ့ကြပြန်၏။

သို့မှ ကျွန်တော်သည် အန်းကူကို မသိမသာ အကဲခတ်ကြည့်နေလိုက်၏။ အန်းကူကတော့ ခပ်ကြွားကြွား လျှောက်လှမ်းနေချေ၏။ သူ၏အတွင်းစိတ်တွင် စောအယ်ဒီကို နှိမ့်ချလိုဟန် ရှိနေပုံပင်။

''ဂျီခြေရာတွေတော့ တွေ့ပြီ''

သို့ ကျွန်တော်က မသိအသာ ပြောလျက် အန်းကူ၏အခြေအနေကို အကဲခတ်လိုက်ပြန်၏။

''ရှေ့နားက ချုံပုတ်ပင်နား ရောက်ရင် ကျွန်တော်ဖက်စုပ်မယ်။ ဂျီကောင် ပတ်ဝန်းကျင်မှာပဲ ရှိလိမ့်မယ်။ နောင်ကြီးတို့ ခပ်လှမ်းလှမ်း နောက်မှာ နေပေးကြပါကလား။ ပြီးတော့ ကျွန်တော့်ကိုလည်း သေနတ်တစ်လက်ပေးထားချေဗျာ။ ဂျီကောင် ဦးဦးဖျားဖျား ပစ်ပေးမယ်''

အလိုလေးဗျာ ...။ တယ်ဟုတ်ပါလား။ ပြောလိုက်တာတော့ အပိုင်ပါကလား။ သို့ အန်းကူအပြောကြောင့် ကျွန်တော် လင်းမြင့်လှိုင်ကို လှမ်းကြည့်လိုက်၏။ လင်းမြင့်လှိုင်က ပြုံးစစမျက်နှာဖြင့် ပြန်ကြည့်ကာ ချက်ချင်းဆိုသလိုပင် အန်းကူသို့ လှမ်းကြည့်လိုက်ပြန်ပြီး –

''ရော့ ... ငါ့သေနတ်ယူထားနော်။ ငါတို့ ဟိုတောင်ကမူလေးပေါ်က စောင့်နေမယ်။ မင်းဘာသာ ဂျီကောင်ကို ရအောင်ပစ်ခဲ့ချေ။ မင်းဂျီကောင်ရရင် ကြီးကြီးသေးသေး ငါ ငွေငါးသောင်းပေးမယ်''

သို့ပြောလိုက်သည့် လင်းမြင့်လှိုင်ကို ကျွန်တော် နားမလည်နိုင်အောင် ဖြစ်သွားရချေ၏။ ဘာလို့များ ...။

သို့ဖြင့် မဖြစ်သင့်သည် ဖြစ်သွားမည်ကို စိုးရိမ်လိုက်မိသော ကျွန်တော်က ''ကိုလင်း''လို့ ခေါ်လိုက်ပြီး တစ်ခုံတစ်ရာ သတိပေးစကား ပြောလိုက်မည်ပြုပေငြား ''လာ ... ကိုပိုက်၊ အယ်ဒီ'' ဆိုလျက် ထွက်ခွာသွားလေပြီ။ ကျွန်တော်နှင့် စောအယ်ဒီသည်လည်း လင်းမြင့်လှိုင်နောက် လိုက်သွားကြတော့သည်။

လင်းမြင့်လှိုင်ပြောသော တ[illegible] လေးပေါ်သို့ ရောက်သွားကြ[illegible]

www.burmeseclassic.com

အန်းကူကျန်ခဲ့သည့် ချုံပုတ်ပင်နေရာသို့ လှမ်းကြည့်လိုက်လေပြီး ...

"ကိုလင်းရယ် ... ဘယ်လိုလုပ်လိုက်တာလဲ။ အန်းကူ ဒုက္ခရောက်နိုင်တယ်နော်"

ကျွန်တော်က အန်းကူအတွက် အလွန်စိုးရိမ်ပူပန်မှုဖြင့် သို့ လင်းမြင့်လှိုင်ကို ပြောလိုက်ခြင်းဖြစ်၏။

"ကျွန်တော်တာဝန်ယူပါတယ်။ သူ့သဘောအတိုင်း လွှတ်ထားလိုက်ပါဗျာ။ သူဘယ်လောက်စွမ်းလဲ ကြည့်သေးတာပေါ့"

လင်းမြင့်လှိုင်က သို့ပြောပြီး ကျွန်တော့်လက်ထဲမှ ဗိုင်း ၃၅၅ မဂ္ဂနမ်ရိုင်ဖယ်ကို လှမ်းယူသဖြင့် ကမ်းပေးလိုက်၏။

အတန်ကြာအချိန်လေးတွင် ...

"ပီးစ် ... ပီးစ် ... ပီးစ်"

အန်းကူရှိရာ ချုံပုတ်ပင်မှ ကျီငယ်လေး၏အသံ ပေါ်ထွက်လာ၏။ အန်းကူတစ်ယောက် ကျီသံအတု ဖက်စုပ်နေလေပြီပဲ။ လင်းမြင့်လှိုင်က အန်းကူရှိရာ ချုံပုတ်ပင်သို့ လှမ်းကြည့်နေလေပြီး ပြုံးစစလုပ်ရင်း သေနတ်ကို အရန်သင့် ပစ်ခတ်နိုင်ရန် မောင်းတင်လိုက်၏။

"ကိုလင်း။ စွန့်စားရာမကျပေဘူးလား။ ဒါလူ့အသက်နဲ့ ဆိုင်တယ်နော်"

ကျွန်တော် ပြောလိုက်၏။ စောအယ်ဒိုကလည်း မျက်စိမျက်နှာ ပျက်နေလေ၏။

"ကိုပိုက်က ကျွန်တော့်ကို မယုံဘူးလား။ ကျွန်တော့်ပြဿနာ ကျွန်တော်ရှင်းနိုင်ပါတယ်"

သို့ပြောရင်း လင်းမြင့်လှိုင်က အန်းကူရှိနေသည့် ချုံပုတ်ပင်ဘက်ဆီသို့ သေနတ်ပြောင်းကို လှမ်းချိန်ထားလိုက်ပြန်၏။

လင်းမြင့်လှိုင်ကိုသာ ကျွန်တော်နှင့် အယ်ဒိုက စိုးရိမ်တကြီး ကြည့်နေကြ၏။

"သည်ကောင်က ဘာမှသိတာမဟုတ်ဘူးဗျ။ အတတ်ပညာတစ်ခုကို တတ်ထားတာနဲ့ သူသိ၊ သူတတ်၊ သူတော်လို့ ထင်နေတာ။ အတတ်ပညာတစ်ခုဆိုတာ တတ်ထားရုံနဲ့ မလုံလောက်ဘူး။ လက်တွေ့အသုံးချတတ်ဖို့လည်း လိုတယ်ဆိုတာ သူသိပုံမပေါ်၊ ကျွမ်းကျင်ဖို့လိုတယ်ဆိုတာလည်း သူမသိ။ ဘာမဆို သင်ရင် တတ်ကြတာချည်းလို့ တွက်လို့ရပေမဲ့လည်း ကျွမ်းကျင်စွာ အသုံးချတတ်ဖို့၊ အလေ့အကျင့်များများ ရှိဖို့လိုတယ်ဆိုတာ သူမသိပေဘူးဗျ"

သို့ စောအယ်ဒိုက ပြောလာလေ၏။

အင်း ... စောအယ်ဒိုတစ်ယောက် ကျွန်တော်ထင်ထားထက် ပိုသိတတ်နေပါကလား။ လင်းမြင့်လှိုင်၏ အတွင်းသဘောကို ကောင်းကောင်းသိသော ကျွန်တော်သည် လင်းမြင့်လှိုင်ကို မမှိတ်မသုန် ကြည့်နေမိလေ၏။

"ပီးစ် ... ပီးစ် ... ပီးစ်"

"အား ..."

"ဟာ ..."

သို့ရှိစဉ် အန်းကူရှိရာ ချုံပုတ်ပင်ဆီမှ အန်းကူ၏ ဖက်စုပ်သံကို ကြားရသလို အန်းကူ၏ ကြောက်လန့်တကြားအော်သံကိုလည်း ကြားလိုက်ရ၏။ သို့ကြောင့် လင်းမြင့်လှိုင်ထံမှ အကြည့်ကို လွှဲကာ အန်းကူရှိရာ ချုံပုတ်ပင်ဆီသို့ ကမ္ဘာကသီ လှမ်းကြည့်လိုက်၏။

"ဟာ ..."

"ဟင် ..."

"ဒိန်း ..."

မြင်လိုက်ရသော မြင်ကွင်းကြောင့် ကျွန်တော် လွန်မင်းစွာ လန့်သွားချိန်တွင် ပြင်းထန်သော ယမ်းအားပေါက်ကွဲသံသည် ကျွန်တော့်အနားမှ ထွက်ပေါ်လာပြန်၏။

ဘုရားရေ ... တော်ပါသေးရဲ့။

လင်းမြင့်လှိုင်၏ ကျွမ်းကျင်မှုကြောင့် အန်းကူတစ်ယောက် ဟင်းကောင်(ကျား)အစာ ဖြစ်မသွားရခြင်းပေ။

"သည်လောက်ဆို သူသဘောပေါက်လောက်ပြီ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ယမ်းငွေ့မပြယ်သေးသော သေနတ်ကို ကျွန်တော့်ထံ ကမ်းပေးလာပြန်လေ၏။

"သည်ကောင် ငါးစာအပြင် ငါးများချိတ်ကို မမြင်ပေဘူးပဲ။ ချေကောင်ခြေရာတွေကြားမယ် ဟင်းကောင်ခြေရာကို သူတွေ့တာပဲ။ နို့ပေမင့်လို့ သူ ဒါတွေ နားမလည်ဘူးလေ။ ဖက်စုပ်တဲ့သူတစ်ယောက်က အမြဲတမ်း ကိုယ့်ပေါ် ကျရောက်လာနိုင်တဲ့ အန္တရာယ်ကို ကြိုတွက်ထားရမပေါ့ဗျာ။ ဒါကို သူမသိဘူး။ ကိုယ်က ကျီတစ်ကောင်ရဲ့ အသံတုကိုပြု၊ ကျီမကြီးကို မျှားခေါ်တဲ့အခါ တကယ်ကျီကောင်အသံထွက်ပြီး ဟင်းကောင်တွေကလည်း ရောက်လာတတ်တယ်ဆိုတာ သူသိထားသင့်တာပေါ့"


သို့ပြောလာသည့် ဖက်စုပ်အယ်ဒိုကို ကျွန်တော်နှင့် လင်းမြင့်လှိုင်က သူ့ပညာကို စမ်းသပ်စရာမလိုတော့ဘဲ လက်ခံလိုက်ကြချေတော့သည်။

■ ကိုဖိုက်



www.burmeseclassic.com

www.burmeseclassic.com



# ကြီးမားမှုကျေးဇူး

● ကိုကိုလှ(ကမာမြေ)

ဒီနေ့ သမီးလေး ၁၈ နှစ်တင်း တင်း ပြည့်ပြီ။ သို့အတွက် ၁၀ နှစ်သား မှတ်ပုံတင်ကတ်နဲ့ ၁၈ နှစ် နိုင်ငံသား စိစစ်ရေးကဒ် လဲရတော့မည့်အရေးမို့ ကျုပ်သမီးကလေး တက်တက်ကြွကြွ ဂုဏ်ယူနေသည်။

အမှန်တော့ သမီးကလေး၏ ရည်ရွယ်ချက်သည် မိဘနှစ်ပါးကို တစ်ဖက်တစ်လမ်းက လုပ်ကိုင်ကျွေးမွေး စောင့်ရှောက်လိုခြင်း ဖြစ်သည်။ ယနေ့ခေတ်တွင် အလုပ်လုပ်ရင်း ပညာသင်ကြားခွင့်ရနေ၍ သမီးလေးတို့၏ ဘဝအပိုင်းအစများသည် တိုးတက်မှု ဂရပ်အမြင့်အမှတ်မှာ ရပ်တည်နေမည်ဟု ကျုပ်ယုံကြည်မိသည်။ သို့ဖြစ်၍ ကျုပ်သမီးလေးဆန္ဒအတိုင်း ဖြည့်ဆည်းပေးဖို့ ဆုံးဖြတ်လိုက်သည်။ ထိုဆုံးဖြတ်ချက်သည် ၁၈ နှစ် နိုင်ငံသား စိစစ်ရေးကတ် ပြောင်းလဲပြုလုပ်ရန် ခြေလှမ်းများက တရွေ့ရွေ့ဖြင့် ...

"သမီးလေး စာရွက်စာတမ်း အပြည့်အစုံပါရဲ့လား။ ဓာတ်ပုံကော လုံလုံလောက်လောက် ရိုက်ထားလား"

"ဟုတ်ကဲ့ပါ ဖေဖေ။ အားလုံး အဆင်သင့်ပါ။ ဒါနဲ့ ဖေဖေမှာကော ငွေရေးကြေးရေး ပါရဲ့လား"

"ပုံစံပိုး မိတ္တူပိုး ဒါပဲလေ။ ဘာကုန်မှာမို့လို့ သမီးက စိတ်ပူနေတာလဲ"

"ဪ ... ဖေဖေ့ကြောင့် ခက်နေပါတယ်။ လက်ဖက်ရည်ဖိုးပေးမှ မြန်မြန်ရမှာပေါ့"

"ဟဲ့ ...သမီးလေး ခေတ်ပြောင်းသွားပြီ၊ စနစ်ပြောင်းသွားပြီ။ တံစိုးလက်ဆောင် လက်မခံရဘူး။ ပေးတဲ့လူလည်း အန္တရာယ်ရှိတယ်။ ယူတဲ့လူလည်း အန္တရာယ်ရှိတယ်"

ကျုပ်စကားတွေကို သမီးလေး တစ်ယောက် မည်သို့မျှ အထွန့်မတက်နှုတ်ဆိတ်ကာ ကျုပ်နောက်ကို ကောက်ကောက်ပါအောင် လိုက်နေတော့သည်။

လိုအပ်သည့် စာရွက်စာတမ်း ပြည့်စုံနေလေတော့ တာဝန်ရှိသူမှ ကြည်ဖြူစွာလက်ခံလိုက်ပြီး ရက်ပေါင်း သုံးဆယ်ကြာလျှင် ကတ်ပြားလာထုတ်ပါဟု ဆုံးဖြတ်ပေးမှုကြောင့် ကျုပ်ကလည်း ကျေးဇူးပါဆိုသော ဂါရဝစကား ချွေမိပါသည်။ ကျုပ်တို့သားအဖနှစ်ယောက် ကျေနပ်အောင်အတွက်မှာ စကားသံတစ်ခုက ကျုပ်နားထဲသို့ ထိုးနှက်လိုက်သည့် ပမာ။ ဘာတဲ့ ...

"ကျေးဇူးတွေ အိမ်မှာ တစ်ပုံတစ်ပင်ကြီး"တဲ့လေ။

ကိုကိုလှ(ကမာမြေ)



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာ

မျိုးကျော်အောင်

လေလွင့်ချစ်လိပ်ပြာ

www.burmeseclassic.com

www.burmeseclassic.com

# လေလွင့်ချစ်လိပ်ပြာ

ဒါရိုက်တာမျိုးဇော်အောင်

မြစိမ်းနွယ် ရုတ်တရက် အိပ်ရာမှအထိ မိုက်ခနဲဖြစ်သွားတာပဲ၊ နောက်ဆုံးအနေဖြင့် သတိထားမိသည်။ ဘစ်ရက်နှင့်တစ်ည ဆိုသောအချိန်သည် မြစိမ်းနွယ်အဖို့ ခဏကလေးပါလားဟု ထင်စရာ . . . ။

မြစိမ်းနွယ်ရုပ်က ထူးထူးဆန်းဆန်း နှစ်ရုပ်ဖြစ်နေသည်။ တစ်ရုပ်က ခုတင်ပေါ်မှာ ပက်လက်ကလေး။ အစိမ်းနုရောင် ဇာပဝါစောင်ကလေးကို ကိုယ်ဒပေါ် လွှမ်းထားသည်။ သူမ၏ ဘေးမှာတော့ မြစိမ်းနွယ်သိသော မြစိမ်းနွယ်၏ ချစ်သူ (မကြာမီ လက်ထပ်တော့မည့်သူ) ကိုသက်ဆွေ။ ကျန်တာက မြစိမ်းနွယ်အစ်မရင်း မမမြနန်းသွယ်၊ မောင်လေး ဖိုးတာနှင့် ရပ်မိရပ်ဖ အိမ်နီးနားချင်းတွေ ဖြစ်ကြသည်။

ပဲကြီးလှော်၊ ပေါက်ပေါက်ဆုပ်နှင့် ရေနွေးကြမ်းဝိုင်းဖွဲ့ ထိုင်နေကြ၏။ တချို့က ပန်းကန်ထဲထည့်ထားသည့် ပဲကြီးလှော်တွေကို တဖြောက်ဖြောက်နှိုက်ဝါးနေကြသည်၊ တချို့က ထန်းလျက်၊ ပေါက်ပေါက်ဆုပ်နှင့် ရေနွေးကြမ်းသောက်နေကြသည်။ မမမြနန်းသွယ်က အိမ်ပေါ်ရောက်နေကြတဲ့ ပရိသတ်များကို ဧည့်ခံ၍ ဘာတွေပြောနေမှန်းမသိ။ မြစိမ်းနွယ် ဟိုငေးသည်ငေးကြည့်နေမိသည်၊ မြစိမ်းနွယ်အကြောင်းပဲ ပြောနေကြတာ ထင်သည်။

မြစိမ်း အိမ်ထဲဝင်လာတာ သူတို့သိပုံမရကြ။ ကိုသက်ဆွေကို မြစိမ်းသတိထား၍ ကြည့်သည်။ သူက မြစိမ်းကို ပြန်မကြည့်ဘဲ မျက်ရည်တွေတွေနှင့် မမမြနန်းသွယ်(မမသွယ်)ကို တစ်ချက် တစ်ချက် လှမ်းပြောနေသည်။ မြစိမ်း အသံမသဲကွဲ၍ မြစိမ်း သူတို့အသံကို ကြားလို၍ ကိုသက်ဆွေနံဘေးမှာ ကပ်၍ထိုင်လိုက်၏။ ဒါလည်း ကိုသက် သိပုံမရ၊ မမသွယ်ကိုသာ သူဆက်ပြီး ဝမ်းနည်းကြေကွဲစွာ ပြောနေသည်။

"မြစိမ်း အခုလို ရုတ်တရက်ကြီး သေသွားလိမ့်မယ်လို့ ကျွန်တော် လုံးဝလုံးဝ မထင်ဘူးဗျာ။ အဲဒီနေ့ မနက်က သူနဲ့ကျွန်တော် ရွာထိပ်က မြသိန်းတန်စေတီမှာ ဆုံပြီး စကားတွေ အများကြီး ပြောခဲ့ကြသေးတယ် မမသွယ်ရဲ့"

ကိုသက်ဆွေစကားမှာ ငိုသံတွေ စွက်နေသော်လည်း မြစိမ်း ထိတ်ခနဲဖြစ်သွားသည်။ မြစိမ်း ရုတ်တရက်ကြီး သေဆုံးသွားတာ သူမယုံဘူးဆိုသော စကားကလည်း မြစိမ်းကို ပို၍ချောက်ချားစေသည်၊ တုန်လှုပ်စေသည်။

သို့အတွက် မြစိမ်း ခုတင်ဘက်ဆီသို့ အကြည့်ရောက်သွားသည်၊ မယုံကြည်နိုင်သော မြင်ကွင်းတစ်ခုက မြစိမ်းကို သံသယဖြစ်စေ၏။

ခုတင်ပေါ်မှာ အစိမ်းနုရောင် စောင်ပဝါခြုံ၍ အိပ်နေတာလား၊ သေနေတာလားဟု မသိနိုင်သော မြစိမ်းကို မြစိမ်းကိုယ်တိုင်ပင် မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

"ကျွန်မ ဒီမှာလေ။ ဒီအိမ်မှာ ဘာတွေဖြစ်နေကြတာလဲ။ မြစိမ်း မသေဘူး . . . မြစိမ်းမသေပါဘူး။ ကိုသက် . . . မြစိမ်း ဒီမှာလေ"

ဟု မြစိမ်း ကိုသက်ပခုံးကိုပုတ်၍ ပြောသည်။ ကိုသက်ကတော့ ကြားပုံမရ၊ မမသွယ်ကို မြစိမ်းဆက်ပြောနေသည်။

"မမသွယ် . . . မြစိမ်းဒီမှာလေ"

မမသွယ်၏ပခုံးကို ပုတ်လိုက်သော မြစိမ်း၏လက်ကလည်း လေထဲမှာပင် လွဲချော်သွား၍ သူမကို မထိမိဘဲ လက်ချည်းလှုပ်ရှားမှုသက်သက်ဖြစ်ရက်သား ဖြစ်နေတော့သည်။

"မမသွယ် . . . မြစိမ်း ကျွန်တော့်ကို ပစ်သွားပြီဗျာ။ မြစိမ်းမရှိရင် ကျွန်တော်လည်း မနေနိုင်တော့ဘူး။ လူ့ဘဝမှာ ကိုယ်ချစ်တဲ့သူနဲ့ပဲ ဘဝကို လျှောက်လှမ်းချင်တယ်။ ကိုယ်ချစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

သူ၊ မြတ်နိုးတဲ့သူ မြစိမ်းမရှိတော့ဘူးဆိုတော့ ကျွန်တော် သူနဲ့အတူ လိုက်သေမယ်။ ဒီဘဝမှာ မြစိမ်းနဲ့ လက်မထပ်ဖြစ်လည်း နောင်ဘဝမှာ ကျွန်တော်တို့နှစ်ယောက် ဖြစ်အောင်ကြိုးစားမယ်။ သူ့နောက် ကျွန်တော်လိုက်သွားမယ် မမသွယ်''

ဟု ပြောဆိုငိုယို၍ ထလိုက်သောကြောင့် မြစိမ်း သူ့လက်ကိုလှမ်းဆွဲလိုက်သည်။ သို့သော် သူ့လက်ကို မမိလိုက်။ သည်တွင် မမသွယ်က သူ့လက်ကိုဆွဲ၍ သူ့နားမှာ အတင်းထိုင်ခိုင်းသည်။ သူပြန်ထိုင်သွား၏။

"နင်ရူးနေပြီလား မောင်သက်ဆွေ။ နင်လိုက်သေလို့ကော မြစိမ်းကိုတွေ့မှာတဲ့လား၊ စဉ်းစားစမ်း။ ငါ့ညီမ မြစိမ်းက ဘုရားနဲ့ တရားနဲ့။ နင်က အပေါင်းအသင်းနဲ့တွေ့ရင် ယမကာလေး တမြမြနဲ့ ... ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေတော့ ဘယ်လိုလုပ်ဆုံဖြစ်မှာလဲဟဲ့ ..."

"ကျွန်တော်တို့ချင်း မြသိန်းတန်ဘုရားမှာ သစ္စာဆိုထားတာဗျာ။ အဲဒါ မမသွယ် မသိပါဘူး။ ကျွန်တော်ကိုယ်တိုင် ဘယ်တော့မှ အရက်မသောက်တော့ဘူး၊ တစ်သက်လုံး မသောက်တော့ဘူးဆိုပြီး မြစိမ်းရှေ့မှာ ကျွန်တော် သစ္စာဆိုခဲ့တာ မြစိမ်းသိတယ်။ အဲဒါကို မမသွယ် မသိပါဘူး။ ဒါကြောင့် ကျွန်တော်နဲ့သူ ဘယ်ဘဝပဲရောက်ရောက် ဆုံဖြစ်ကြမှာပါ မမသွယ် ... ဆုံဖြစ်ကြမှာပါ"

"ဟုတ်တယ် ... ဟုတ်တယ် မမသွယ်၊ ကိုသက်ပြောတာ မှန်တယ်။ မြစိမ်းနဲ့အတူ မြသိန်းတန်ဘုရားက ဘုရားရှေ့မှာ ဘုရားကို သေသေချာချာ ရိုရိုသေသေ တိုင်တည်ပြီး သစ္စာဆိုခဲ့တာပါ မမသွယ်''

ဟု ကိုသက်ဘက်က သက်သေခံ၍ ထောက်ခံစကား ပြောလိုက်သော်လည်း မမသွယ်က မြစိမ်းကို ဂရုစိုက်ပုံမရဘဲ ကိုသက်ကိုပဲ သူပြောချင်တာတွေ ရေပက်မဝင်အောင် ဆက်တိုက်ကြီးကို ပြောနေတော့၏။ မြစိမ်း ဒီလောက်အော်ပြောနေတာတောင် မမသွယ် ဘာလို့ ဂရုမစိုက်ဘဲ မကြားဟန်ဆောင်နေရသလဲဟု မြစိမ်းစိတ်ထဲက မကျေမနပ် ဖြစ်မိသည်။ မမသွယ်ကိုလည်း ဒေါသဖြစ်မိသည်။ အနားမှာ ငုတ်တုတ်ကြီးထိုင်လျက် ဟိုကြည့်၊ ဒီကြည့်လုပ်နေသော မောင်လေးဖိုးတာကို "ဟဲ့ ... မောင်လေး"ဟု ပြောပြီး လှမ်းပုတ်လိုက်သည်။ ဖိုးတာကို ထိခိုက်မှုမရှိဘဲ မြစိမ်းလက်က လေထဲတွင်သာ ဝှေ့ဝဲထွက်သွားသည်။

"ငါ ... ဘာတွေဖြစ်နေရတာလဲ။ ငါ့ကို ဘာလို့ သူတို့ ဂရုမစိုက်ကြတာလဲ"ဟု သူမဘာသာ စိတ်ထဲမှာ တန့်နန့်နဲ့ ဒေါသမာန်တွေ ပွားနေမိ၏။ အလိုမကျ ဖြစ်နေမိတော့သည်။

သူတို့ထင်ကြေးနှင့် ပြောနေကြသော ခုတင်ပေါ်က မြစိမ်းအလောင်းဆီသို့ တိုးကပ်၍ မြစိမ်းကို လှုပ်နှိုးသည်။ ဖြည်းဖြည်းထိကြည့်ပြီး နှိုးသည်။ စိတ်မရှည်၍ မြန်မြန်ထိပြီး လှုပ်နှိုးသည်။ ခုတင်ပေါ်က မြစိမ်းက တုတ်တုတ်မျှမလှုပ်။ တို့မရ၊ ထိမရ၊ ကိုင်မရ ဖြစ်နေသော မြစိမ်း။ မြစိမ်းလက်ကို မြစိမ်းဘာသာ ရိုက်ချိုးပစ်လိုက်ချင်စိတ် ပေါက်ဖြစ်သည်။

ကိုသက်ကို ကြည့်လိုက်သောအခါ ကိုသက်မှာ မမသွယ်၏ပြောစကားများကို လက်ခံနားထောင်လျက် ခေါင်းတညိတ်ညိတ် လုပ်နေသည်။ မြစိမ်း သူ့ရှေ့မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်သော်လည်း ကိုသက်က လှည့်မကြည့်ဘဲ မမသွယ်ကိုသာ ကြည့်လျက် စကားအချေအတင် ပြောနေကြလေသည်။

"ဒီမယ် မောင်သက်ဆွေ ... ငါ့ညီမ မြစိမ်းလောက် နင်လည်း တရားရှိမယ်၊ ပြည့်ဝမယ်ဆိုရင်တော့ နင်တို့ချင်း ပြန်ဆုံကောင်း ပြန်ဆုံနိုင်မယ်လို့တော့ ထင်တယ်။ ဒါပေမယ့် ဒါလည်း သေချာချင်မှ သေချာမှာနော် မောင်သက်ဆွေ"

မမသွယ်၏ ပြောသံဆိုသံတွေကို ကောင်းစွာကြားရသည်။ ဒါပေမယ့် မမသွယ်က မြစိမ်းဘက်ကို ကြည့်ဖော်ပင်မရ။ သူမြင်သာအောင် လက်ဟန်၊ ခြေဟန်ပြသည်။ ဒါလည်း သူမမြင်။

မြစိမ်း စိတ်ထဲမှာ သူတို့အားလုံး ငါ့ကို ဥပေက္ခာပြုထားလိုက်ကြပြီဟူသော အတွေးက ဝင်လာသည်။ သည်သောအခါကျတော့ မြစိမ်း ပေါက်ကွဲစိတ်ဖြင့် သူတို့ဝိုင်းက ပဲကြီးလှော်၊ ပေါက်ပေါက်ဆုပ် ပန်းကန်တွေနဲ့ ရေနွေးကြမ်းဗန်းကို လက်နှစ်ဖက်ဖြင့်မ၍ ပစ်ပေါက်လိုက်သည်။

စိတ်လိုက်မာန်ပါရှိသော်လည်း ဗန်းနှင့်လက်က မထိဘဲ တလွဲတချော်ဖြစ်နေပြန်၏။ ကိုယ့်ကိုယ်ကို ငါဘာဖြစ်နေတာလဲဟုမေး၍ အားမလိုအားမရ ဖြစ်နေတာတော့ အမှန်ပင်။ မြစိမ်း တအားအော်ပြောလည်း မကြား၊ တအား ကိုင်ဆွဲပစ်ပေါက်တော့လည်း အရာမထင်၊ မထိရောက် ...။

မြစိမ်းတစ်ယောက်တည်း စိတ်



www.burmeseclassic.com

www.burmeseclassic.com

ဂနာမငြိမ်တဲ့ စိတ်တိုတာထက် ပိုကဲ့စွာ ဒေါသ၊ မောဟတွေ ထွက်နေမိသောကြောင့် ရင်ထဲခံစားမှု ပေါက်ကွဲစွာ မျက်ရည်များပင် လည်လာသည်။ နောက်တော့ မြစိမ်းရင်ထဲ အားငယ်စိတ်၊ ဝမ်းနည်းစိတ်တွေ ဝင်လာသည်။ ခုတင်ပေါ်က အစိမ်းနုရောင် စောင်လွှမ်းထားသော မြစိမ်း ကိုယ့်ရုပ်သဏ္ဍာန်ကို လှုပ်နိုးသက်သေထူပြရန် လှုပ်နိုးသော်လည်း ဘယ်လိုမှ လှုပ်၍မရ၊ နိုး၍မရ။ နားနားကပ်ပြီး အော်ပြောနေသော်လည်း တုတ်တုတ်မျှ မလှုပ်။ ယုတ်စွအဆုံး သူ့ကိုယ်ကိုပင် ကိုင်၍ တွယ်၍ မရအောင် ဖြစ်နေမိတော့၏။

* * *

မြစိမ်းနွယ်နှင့် ကိုသက်ဆွေတို့က များမကြာမီ လက်ထပ်ကြတော့မည့် ချစ်သူများဖြစ်ကြ၏။ ငယ်ကျောင်းနေဖက် သူငယ်ချင်းဘဝ၊ နောက် ကြီးပြင်းလာကြတော့လည်း သူငယ်ချင်းမှ တစ်ဆင့်တိုး၍ သံယောဇဉ်ဘဝ၊ သည်နောက် ...။ ယခုတော့ မိမိအပေါ် စိမ်းစိမ်းကားကား၊ မသိကျိုးကျွန်ပြုနေခြင်းသည် တကယ်ပဲ မြစိမ်းအပေါ်ကို မုန်းသွား၊ မေ့သွားခဲ့ပြီလား။ တကယ်ပဲ အသိအမှတ်မပြုဘဲနေတော့မှာလား ဟူသော အတွေးအတွေးစိတ်တွေက မြစိမ်းရင်ထဲမှာ အပြည့်။ မြစိမ်းရဲ့ မျက်ဝန်းအိမ်ထဲ မျက်ရည်ကန်ကြီးတစ်ကန် ဖန်တီးပေးခဲ့သလို မြစိမ်းခံစားခဲ့ရလေတော့သည်။ သို့နှယ် ခံစားမိသောအခါ၌ မျက်ရည်တို့သည် ဆီးတားနိုင်စွမ်းမရှိတော့ပေ။ ဝမ်းနည်းကြေကွဲစွာ ရင်နဲ့အမျှ ခံစားမှုများကို တရှိုက်ငင်ငင် ငိုချလိုက်မိရက်သား ဖြစ်သွားတော့၏။

* * *

ညသည် တဖြည်းဖြည်း နက်ရှိုင်းစ ပြုလာသည်။ တချို့ဧည့်ပရိသတ်များ မမသွယ်ကို နှုတ်ဆက်၍ ပြန်သွားကြပြီ။ မြစိမ်းကိုကား ဘယ်သူ တစ်စုံတစ်ယောက်ကမျှ လာရောက်နှုတ်ဆက်ဖော်မရ။ နှုတ်ဆက်ရမှန်းပင် မသိ။ လူမှုရေး နားမလည်တဲ့ လူတွေ ... လူတွေ။ မြစိမ်း၏ရှေ့မှာပင် ပေါ်တင်ပင် အလျှိုအလျှို အိမ်ပေါ်က ဆင်းသွားကြ၏။ မောင်လေးဖိုးတာကတော့ "မမကြီး ... သား အိပ်ချင်နေပြီ"ဟုဆိုကာ မမသွယ် အနားမှာပင် ခွေခွေကလေး အိပ်ချလိုက်သောကြောင့် မမသွယ်က မောင်လေးဖိုးတာ သက်သောင့်သက်သာ အိပ်နိုင်ရန် အိမ်ဖော် စာဥကို ခေါင်းအုံး၊ စောင်များယူခိုင်းပြီး ဘေးနားမှာပင် ခင်း၍ ဖိုးတာကို အိပ်စေသည်။

ရွာလူကြီး ဦးဘအိနှင့် လူကြီးအချို့ကလည်း -

"ဟဲ့ ... အသွယ်၊ လိုအပ်တာရှိ ငါ့ဆီအကြောင်းကြားလိုက်။ ခု အိမ်မှာလည်း တို့ရွာကိစ္စလာခေါ်လို့ ငါတို့သွားမယ်။ မနက်မှ လာခဲ့မယ်ကွယ်"

"ဟုတ်ကဲ့ ... ဦး၊ သွယ် မနက်ကျ အကြောင်းကြားပါ့မယ်"

ရွာလူကြီး ဦးဘအိတို့အုပ်စု ထွက်သွားကြလေ၏။

"ကဲ ... မောင်သက်ဆွေ၊ မင်း အိမ်ပြန်ချင် ပြန်နော်။ ဒါမှမဟုတ် ငါတို့အိမ်မှာပဲ အိပ်ချင်တယ်ဆိုရင် အောင်သောင်းကို မမသွယ်စီစဉ်ခိုင်းလိုက်မယ်"

ဟု မမသွယ် ပြောသည်။

"ကျွန်တော် မပြန်ဘူး မမသွယ်။ အိပ်လည်း မအိပ်ချင်ဘူး။ မြစိမ်းအနားမှာပဲ ဒီအတိုင်း ထိုင်နေမယ်"

ဟု ဆို၍ ခုတင်ပေါ်က မြစိမ်းရုပ်ကို တစ်ချက်လှမ်းကြည့်ကာ အင့်ခနဲ ရှိုက်သံတစ်ခု ကိုသက်ဆီက ကြားလိုက်ရပြန်သည်။

"ကိုသက် ... ရှင်တို့ ဘယ်လိုတွေ ဖြစ်နေကြတာလဲ။ မြစိမ်းကို အသိအမှတ်မပြုဘဲ နေကြတာ ဘာသဘောလဲ"

ဟု မြစိမ်းက မေးသည်။ သူတို့ မဖြေကြ။ သူတို့ မြစိမ်းကို ဂရုမစိုက်ကြ။ အရေးလုပ်၍ ကြည့်ပင် မကြည့်ကြပေ။ စကားအတွံ့မဆိုကြဘဲ မသိမမြင်ဟန်ဆောင်သကဲ့သို့ ရှိကြ၏။

ဝမ်းနည်းရိပ်၊ ဝမ်းနည်းစိတ်တွေက တာကျိုးပျက်၍ ရေလျှံထွက်သလို မြစိမ်းခံစားရသည်။ မြစိမ်းကြေသက်ရ၏။

* * *

မနေ့တစ်နေ့ကပင် မြစိမ်းနှင့် ကိုသက်တို့ ရွာထိပ်က မြသိန်းတန်စေတီမှာ နှစ်ယောက်သား သစ္စာတိုင်ခဲ့ကြသည်ကို ကြားယောင်၊ မြင်ယောင်ခဲ့သည်။ ပြန်လည်၍ အမှတ်ရနေမိလေ၏။

"မြစိမ်းဘုရားရှိခိုးတာ အကြာကြီးပဲနော်။ ကိုယ်ထိုင်စောင့်နေတာ နာရီဝက်တောင် မကဘူး"

"မြစိမ်းက ဘုရားရှိခိုးပြီးတိုင်း ခင်ပွန်းကြီးဆယ်ပါးနဲ့ မေတ္တာပို့တာ နည်းနည်းတော့ ကြာသွားတာ



www.burmeseclassic.com

www.burmeseclassic.com

ကိုသက်ကို မြစိမ်းအားနာလိုက်တာ''

''ရပါတယ် မြစိမ်းရယ်။ အားနာဖို့ မလိုပါဘူး။ ကိုယ်က ဘုရားရှိခိုးအများကြီးမရဘူးလေ။ ဒါကြောင့် ခဏလေးနဲ့ပြီးတာ။ ဒါထက် မြစိမ်း သစ္စာဆိုမယ်ဆို ... ဆိုလေ''

''သစ္စာဆိုတာ တည်ရတယ်နော် ကိုသက်။ သစ္စာဖောက်ရင် သစ္စာစူးတတ်တယ်။ ဒါကြောင့် ကတိလည်း တည်ရမှာ။ ကိုသက် ကတိပေးနိုင်ပါ့မလား''

''ကိုယ့်ချစ်တဲ့သူနဲ့ သေအတူ၊ ရှင်အတူ ရာသက်ပန်ပေါင်းသင်းရမယ့် ကိစ္စကို မတည်ဘဲ ဘယ်ရှိပါ့မလဲ မြစိမ်းရယ်။ ကတိတည်ရမှာပေါ့။ ကိုယ် ... အဲဒီကတိကို သေသေချာချာ စောင့်ထိန်းပါ့မယ်''

''ဒါဆို မြစိမ်းတိုင်ပေးမယ်၊ ကိုသက်နဲ့ မြစိမ်း နှစ်ယောက်အတူ လိုက်ဆိုရမယ်နော်''

ဟု ဆို၍ ...

''ဒီနေ့၊ ဒီရက်၊ ဒီအချိန်ကစပြီး ဘုရားတပည့်တော်နှင့် တပည့်တော်မတို့သည် ကံငါးပါးနှင့် ခင်ပွန်းကြီးဆယ်ပါးကို ထိန်းသိမ်း၍ နေကြပါမည်။ နှစ်ဦးလက်ထပ်၍ပြီးလျှင်လည်း အကြင်လင်မယားအဖြစ် မဖောက်မပြန်၊ ရာသက်ပန် ရိုးမြေကျ ပေါင်းသင်းကြပါမည်။ ထို့ကြောင့် ကတိတည်စွာ သစ္စာပြုပါ၏''

ဟု မြစိမ်းက တိုင်ပေးသည်။ ကိုသက်က လိုက်ဆိုသည်။

''မြစိမ်း ... သစ္စာတိုင်တည်တာကျတော့ အတိုလေးပါလား''

ဟု ကိုသက်က မေးသည်။ မြစိမ်းက -

''အကြင်လင်မယားဘဝမှာ ဒီကံငါးပါးနဲ့ ခင်ပွန်းကြီးဆယ်ပါးတင် လုံလောက်ပါတယ် ကိုသက်။ အများကြီး၊ အရှည်ကြီး ရွတ်ဖတ်နေဖို့ မလိုပါဘူး။ ဒီကံငါးပါးမှာ ယမကာအရက်ပါတယ်၊ ခင်ပွန်းကြီးဆယ်ပါးမှာ ရိုသေမှုနဲ့ ကျေးဇူးတရားပါတယ်။ ဒါကြောင့် ကိုသက် ဒီနေ့၊ ဒီအချိန်ကစပြီး ပျော်လို့ပဲဖြစ်ဖြစ်၊ စိတ်ညစ်လို့ပဲဖြစ်ဖြစ်၊ ဘယ်အကြောင်းကြောင့်ဖြစ်ဖြစ် နည်းနည်းမှ အရက်သောက်လို့ မရတော့ဘူးနော်''

''ဒီမယ် မြစိမ်း ... ကိုသက်က မြစိမ်းကို နှစ်နှစ်ကာကာ၊ မြတ်မြတ်နိုးနိုး ချစ်နေမှတော့ ကတိအတိုင်း၊ သစ္စာအတိုင်း ကိုသက်စောင့်ထိန်းရမှာပေါ့ မြစိမ်းရယ်။ ကိုယ် အရက်ကို လုံးဝမသောက်တော့ဘူး။ စိတ်ချပါ မြစိမ်း ... စိတ်ချစမ်းပါ''

မြစိမ်း ကိုသက်ပြောစကားကို သဘောကျစွာဖြင့် ပြုံးစေ့စေ့ကြည့်၍ ခေါင်းညိတ်လိုက်လေ၏။

''ယောကျ်ားစကားဆိုတာ ပိုပြီး ကတိတည်ရတယ်၊ ပိုပြီးလည်း သစ္စာမြဲရတယ်။ ကိုသက်ကို မြစိမ်းယုံပါတယ်။ နောက်တစ်ခု မြစိမ်း တောင်းဆိုချင်တာရှိတယ်။ အဲဒါက သစ္စာထဲမှာ မပါဘူး။ မေတ္တာနဲ့တော့ ဆိုင်တယ်။ မြစိမ်းကို တကယ်ချစ်ရင် ခင်ပွန်းကြီးဆယ်ပါးကို မမေ့ဖို့နဲ့ ဘုရားမှန်မှန်ရှိခိုး၊ သတ္တဝါတွေကို မေတ္တာပို့ရမယ်။ မြစိမ်းကိုချစ်သလို သတ္တဝါအားလုံးကိုလည်း ချစ်ရမယ်။ အဲဒါက မြစိမ်းလိုချင်တဲ့ ဆန္ဒ။ ကိုသက်အနေနဲ့ မြစိမ်းအပေါ် ပေးလည်ရတယ်၊ မပေးလည်းရတယ်။ ကိုသက်သဘောပဲ''

''မြစိမ်းပြောတာတွေအားလုံး ကိုသက်ဆောင်ရွက်ပေးနိုင်ပါတယ် မြစိမ်း။ မြစိမ်းဘုရားရှိခိုးရင် ကိုယ်ပါ အတူလိုက်ရှိခိုးမယ်။ သတ္တဝါတွေကို မြစိမ်းမေတ္တာပို့ရင်လည်း ကိုယ်ပါ မြစိမ်းနဲ့ အတူလိုက်ပြီး မေတ္တာပို့မယ်။ ကိုင်း ... မြစိမ်း ကျေနပ်ပြီလား''

မြစိမ်း ခေါင်းညိတ်လိုက်၏။

''ကျေနပ်ပါတယ် ကိုသက်ရယ်၊ ဒီအတိုင်း ကိုသက်ဘက်က သက်ဆုံးတိုင် တည်မြဲနေမယ်ဆိုရင်တော့ မြစိမ်းလေ ... မြစိမ်း ... ကိုသက်ကိုလည်း ဘယ်ဘဝရောက်ရောက် အတူလက်တွဲပြီး မြဲနေကြမှာပါ''

ဟု ပြောပြီး -

''ကဲ .. ကိုသက်၊ ပြန်ကြမယ်''

မြစိမ်းက ပြောပြီး ထသည်။

နှစ်ယောက်သား မြသိန်းတန်စေတီပေါ်မှ ဆင်းခဲ့ကြသည်အထိ မြစိမ်း ကောင်းကောင်းမှတ်မိနေပါသေးသည်။ မြစိမ်းအတွေးကိုဖြတ်၍ တစ်နေရာသို့ အကြည့်ရောက်သွား၏။

ဖဖဖ ဖဖဖ ဖဖဖ

တံခါးအဝင်ဝ၌ အဖြူရောင်အလင်းတန်းတစ်ခု ဖြစ်သည်။ ၎င်းအဖြူရောင်အလင်းတန်းသည် တဖြည်းဖြည်းချင်း ရွေ့လျားရှ၍ လာနေသဖြင့် မြစိမ်း သိမ့်ခနဲဖြစ်သွား၏။ အမှန်အတိုင်း မြစိမ်းဝန်ခံရလျှင် ထိုအဖြူရောင်အလင်းတန်းကို ကြောက်ရွံ့သွားခြင်းဖြစ်သည်။

ထိုအဖြူရောင်အလင်းတန်းသည် မြစိမ်းဆီသို့ တန်းတန်းမတ်မတ် ရွေ့လျားလာပြီးနောက် မြစိမ်းနှင့်တစ်လံအကွာတွင် တုံ့ခနဲရပ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

မီးခိုးငွေ့တန်းကဲ့သို့သော ထို အဖြူရောင်အလင်းတန်းသည် ဝတ်ဖြူစင်ကြယ်ကို အထက်အောက် ဝတ်ဆင်ထားသော လူသဏ္ဍာန်သို့ ရုတ်ချည်းပြောင်းလဲသွားလေတော့၏။ ထိုလူသဏ္ဍာန်ပုဂ္ဂိုလ်မှာ အဘိုးအိုတစ်ယောက်ဖြစ်နေသည်ကို မြစိမ်းသိလိုက်ရသည်။

"သမီး ... မြစိမ်းနွယ်၊ ဒီမှာ ဘာရပ်လုပ်နေတာလဲ။ ရပ်မနေနဲ့။ သူတို့ကိုလည်း ဘာမှပြောမနေနဲ့။ သမီး ပင်ပန်းတယ်။ အဘနဲ့လိုက်ခဲ့"

ဟု ဆို၍ ခေါ်သွားသောကြောင့် မြစိမ်းမှာ အမိန့်ကိုနာခံသူတစ်ယောက်ကဲ့သို့ တစ်ခွန်းတစ်ပါဒ ဘာမှပြန်မပြောဘဲ ထိုအဘ ခေါ်ဆောင်ရာနောက်သို့ မြစိမ်း အသာတကြည်ပင် လိုက်ပါသွားလေတော့၏။

* * *

"ဟင် ... ဟာ"

အဘနှင့်အတူ အဆောက်အဦတစ်ခုအတွင်းသို့ ရောက်သွားသောအခါ မြစိမ်းအရမ်းအံ့ဩသွားသည်။ လွှတ်ခနဲပင် နှုတ်မှလည်း ဟင်၊ ဟာ အာမေဋိတ်သံ ထွက်၍သွားမိလေသည်။

မြစိမ်းရောက်ရှိနေသော ထိုအဆောက်အဦကြီးမှာ အိမ်မဟုတ်မှန်း သေချာသည်။ ရှေးနန်းတော်ကြီးတစ်ခုနှယ် ထင်ရ၏။ အခမ်းအနား ပြင်ဆင်ထားပုံနှင့် လူ့အသုံးအဆောင်ပစ္စည်းများမှာလည်း ရှေးခေတ် နန်းသုံး၊ မင်းညီမင်းသားများနှင့် ဘုရင့်အသုံးအဆောင်ပစ္စည်းများ ဖြစ်နေသောကြောင့် မြစိမ်း မှင်တက်အံ့ဩမိရပြန်လေ၏။

ပို၍ အံ့ဩထူးဆန်းဖွယ်ကောင်းသော မြင်ကွင်းတစ်ခုက မြစိမ်း၏ ရှေ့တည့်တည့်တွင် ရှိနေခြင်းပင် ဖြစ်လေသည်။

ပန်းချီကား တစ်ချပ်။

မြစိမ်းနွယ်၏ ပုံတူပန်းချီကားတစ်ချပ်ပင် ဖြစ်သည်။ ၎င်းပန်းချီကားချပ်၏ ရှေ့တည့်တည့် ခုံမြင့်တစ်ခုပေါ်တွင် ရွှေလင်ပန်းတစ်ချပ်။ ဗန်းထဲ၌ကား နီနီရဲရဲ ပွင့်ဖတ်၊ ပွင့်ချပ်တွေနဲ့ နှင်းဆီပန်းပွင့်များ၊ မီးထွန်းညှိထားသော ဖယောင်းတိုင်များ၊ မွှေးကြိုင်သင်းပျံ့နေသော နံ့သာဆီအနံ့များ။

"အဲဒီ ပန်းချီကားချပ်ကို သမီး သေသေချာချာကြည့်စမ်း။ ဘယ်သူ့ပန်းချီကားချပ်လို့ သမီးထင်လဲ"

ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအို အဘက မေးလိုက်သည်။

"သမီးပုံပဲ။ ဘယ်လိုဖြစ်ပြီး ဒီပန်းချီကားချပ်က ဒီကိုရောက်နေတာလဲ အဘ။ အံ့ဩစရာကောင်းလိုက်တာ"

မြစိမ်းနွယ် အံ့အံ့ဩဩဖြင့် ပြန်မေးလိုက်၏။ ဝတ်ဖြူစင်ကြယ်အဘိုးအိုအဘက မြစိမ်းနွယ်ကိုကြည့်၍ ပြုံးသည်။ ပြုံးရင်းကပင် -

"သေသေချာချာကြည့်ပါဦး သမီးရဲ့။ သမီးရဲ့ပုံ ဟုတ်လို့လား"

ဟု အဘက ထပ်မေးသည်။

မြစိမ်းနွယ် ပန်းချီကားချပ်ကို သေသေချာချာ ပြန်ကြည့်လိုက်တော့ ပုံက မြစိမ်းနွယ်ထက် အနည်းငယ် ရင့်အိုနေသကဲ့သို့ ထင်ရသည်။ သို့သော် မထင်ရှားလှသော ရင့်အိုခြင်းမျိုးဖြစ်၍ ရုတ်တရက်ကြည့်သော် ထိုခြားနားချက်ကို ထုတ်ဖော်သိရှိနိုင်ရန် မလွယ်ကူပေ။ ပန်းချီဆရာ၏ ပန်းချီအနုပညာလက်ရာကလည်း အလွန်မှပင် လက်ရာမြောက်လှပေ၏။

"အဲဒီ ပန်းချီကားချပ်က သမီး မြစိမ်းနွယ်ရဲ့ ပုံတူပန်းချီကားပဲ။ ဒါပေမယ့် လွန်ခဲ့တဲ့ အနှစ်ငါးဆယ်က ရေးဆွဲခဲ့တဲ့ ပန်းချီကားဆိုတော့ အခုလက်ရှိ သမီးရုပ်ရည်နဲ့တော့ နည်းနည်းပါးပါး ကွာခြားပြီး လွဲချင်လွဲနေမှာပေါ့။ ဒီပန်းချီကားက ကျန်ခဲ့တဲ့နှောင်းဘဝတစ်ခုက သမီးရဲ့ပုံပဲ သမီး"

မြစိမ်းနွယ် အရမ်းကို တုန်လှုပ်သွား၏။ ဘဝတစ်ခုက ပန်းချီကားဟု ဆိုလိုက်သောကြောင့် ဖြစ်သည်။

"ဒါဆို သမီးက ..."

"သမီးက ဘဝသစ်က သမီး၊ ဒီပန်းချီကားက ဘဝဟောင်းက သမီး။ အသစ်ဆိုတဲ့အရာတိုင်းဟာ သမီးပြောနေကျ စကားအတိုင်း ပြန်ပြောရင်တော့ တစ်ခါပြန်ပြီး ဟောင်းရမယ်ဆိုတဲ့ စကားအတိုင်းပဲပေါ့။ သမီးက တရားပြည့်ဝတဲ့ ကလေးပဲ။ သမီး တစ်နေ့ ဘဝဟောင်းကိုပဲ ပြန်လာရမှာပါ၊ သမီးကို အဘခွင့်ပြုခဲ့တာ အနှစ်နှစ်ဆယ်တောင်ပြည့်ခဲ့ပြီသမီး။ ဒီလောက်ဆိုရင် သမီးလည်း ပျော်သင့်သလောက် ပျော်ခဲ့ပြီဖြစ်လို့ ကျေနပ်သင့်ပြီ သမီး"

အဘိုးအိုအဘ၏ ဆိုလိုရင်း အဓိပ္ပာယ်ကို မြစိမ်းနွယ် ကောင်းစွာ သဘောပေါက်မိသည်။ တဖြည်းဖြည်းချင်း အမြင်အာရုံထဲ စိုးရိမ်ထိတ်လန့်စိတ်တွေ ဝင်လာသည်။ မြစိမ်းနွယ်၏ ဘဝမှန်ကို မြစိမ်းနွယ်ဘာသာသာ သိလာ၊ မြင်လာခဲ့သောကြောင့် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"သမီး . . . သမီး . . မလာချင်သေးဘူး အဘ။ သမီးမှာ . . သမီးမှာ"

"သမီး ဘာပြောမယ်ဆိုတာ အဘသိပါတယ် သမီး။ အခု သမီးမှာ သွယ်တာနေရတဲ့ သံယောဇဉ်နှောင်ကြိုးတစ်ခု ရှိနေပြီမဟုတ်လား"

မြစိမ်းနွယ်ပြောမည့်စကားကို အသိုးအိုအဘက ကြိုတင်သိနေသလို ဆက်မေးလိုက်သောကြောင့် . . .

"ဟုတ်ပါတယ် အဘ။ သမီးနဲ့ ကိုသက်ဆွေတို့က ချစ်သူတွေ ဖြစ်နေကြပြီ။ လာမယ့်အပတ်ထဲမှာ လက်ထပ်ဖို့လည်း စီစဉ်ခဲ့ပြီးပြီ။ သမီး ကိုသက်ဆွေကိုခွဲပြီး မသွားပါရစေနဲ့။ သမီးကို . . . သမီးကို သနားပါ အဘရယ်။ သမီးကို ဘဝဟောင်းဆီကို မခေါ်ပါနဲ့ဦး။ သမီး အဲဒီကိုမသွားပါရစေနဲ့ဦး။ သမီးမသွားချင်သေးဘူး၊ သမီးမသွားချင်သေးဘူး အဘ"

"သမီးစိတ်တွေ အရမ်းလှုပ်ရှားနေပြီ။ သမီးစိတ်ကို ငြိမ်အောင်ထိန်းလိုက် . . . ထိန်းလိုက်။ သမီးကို အဘ ပြန်မခေါ်သေးပါဘူး။ သမီး ခုဘဝသစ်မှာ ပျော်နိုင်အောင်လို့ နောက် အနှစ်နှစ်ဆယ် ယပ်နေခွင့်ကို အဘခွင့်ပြုလိုက်မယ်၊ ကဲ . . . အဲဒီလောက်ဆိုရင် ဘဝသစ်မှာ သမီးပျော်လောက်ပါပြီလေ။ ကျေနပ်လောက်ပါပြီ။ အဲဒီအချိန်ကာလအထိတော့ အဘခွင့်ပြုနိုင်တယ်။ ကျေနပ်ပါသမီးရယ်။ လာ၊ သမီးကို အဘပြန်ပို့ပေးမယ်"

မြစိမ်းနွယ်လက်ကိုဆွဲ၍ အဘခေါ်ဆောင်ရာနောက်သို့ လိုက်ခဲ့ချိန်မှာတော့ အိမ်တံခါးဝထိ ဖြစ်သည်။ အဘက အိမ်ထဲမဝင်ဘဲ . . .

"သမီးကို အဘ ကတိသုံးခုကောင်းမယ်။ ကံငါးပါးကို မမေ့နဲ့။ ခင်ပွန်းကြီးဆယ်ပါးကို မမေ့နဲ့။ အဘပေးခဲ့တဲ့ နောက်ထပ် အနှစ်နှစ်ဆယ်ဆိုတဲ့ ကတိကိုလည်း မမေ့နဲ့နော်၊ ဒါပဲ။ သမီးပေးနိုင်တယ် မဟုတ်လား"

"ပေးနိုင်ပါတယ် အဘ"

"အိမ်း . . ဒါဆို အဘပြန်မယ်"

အဘပြန်သွားလျှင် သွားချင်း မြစိမ်းနွယ်တစ်ယောက် ခပ်သုတ်သုတ်ပင် အိမ်ထဲဝင်လိုက်သည်။ ခုတင်ပေါ်၌ကား မြစိမ်းနွယ်မှာ မလှုပ်မယှက် ငြိမ်သက်လျက်ရှိနေဆဲပင်။

"မြစိမ်းကို အခေါင်းထဲမထည့်ကြပါနဲ့ဦးဗျာ။ မြစိမ်းကို ကျွန်တော်ကြည့်ပါရစေဦး။ ကျွန်တော်ကိုယ်တိုင် ပွေ့ပြီး အခန်းထဲထည့်ပေးပါမယ်။ ခဏပါဗျာ"

ဟု ပြောပြောဆိုဆို ရှိုက်ကာငိုကြွေးနေတော့သည်။ ကိုသက်ဆွေ၏ စကားသံကို မြစိမ်း ခပ်ဟော့ ကြားနေသည်။ မြစိမ်း ခုတင်အောက် ကြမ်းပြင်ပေါ်မှာတော့ မြစိမ်းနွယ်၊ အသက်(၂၀) အမည်ပါ ခေါင်းတစ်လုံးချထားသည်ပြီ။

မြစိမ်းနွယ်၏ ခုတင်ပေါ်မှ အလောင်းကို ထိုအခေါင်းထဲ ထည့်ရန်ဖြစ်သည်။

"မောင်သက်ဆွေ . . . စိတ်ကိုထိန်းပါကွယ်။ မင်းကြေကွဲခံစားနေရသလို ငါတို့လည်း အစ်မတစ်ယောက်အနေနဲ့ ရင်ထဲ ပြောမရအောင် ခံစားရပါတယ်ကွယ်"

မမသွယ်၏ ငိုသံပါစကားကိုလည်း မြစိမ်းကြားနေရသည်။ မောင်လေးဖိုးတာကတော့ မမလေးကို ခေါ်မသွားကြပါနဲ့ဟု အော်နေသည်။ အိမ်ပေါ်ရှိ ငိုသည့် မိန်းမပျိုအချို့ကလည်း –

"ဟဲ့ . . . အေးဗုံး မြစိမ်းနွယ် တစ်ယောက် အိပ်နေသလိုပဲနော်"

"ဟုတ်တယ်နော်"

အရပ်ထဲက လူငယ် သာမောင်တို့အုပ်စုကလည်း ကြေးစည်ကို တဒူဒူဖြင့် ယုနေသည်။ ပရိသတ်တွေ အသုဘချဖို့အတွက် ရှုတ်ရှုတ်သဲသဲဖြစ်နေကြသည်။

ကိုသက်ဆွေတစ်ယောက်ကတော့ ခုတင်ပေါ်က အစိမ်းနုရောင် စောင်ပဝါလွှမ်းထားတဲ့ မြစိမ်းနွယ် အနားမှ မခွာဘဲ ဖက်၍ တရှိုက်ရှိုက်တငင်ငင်နဲ့ ငိုနေရှာ၏။

"မြစိမ်း . . . မြစိမ်း၊ ကိုသက်ကို ဘာကြောင့်ပဲ ပစ်သွားတော့မှာလား မြစိမ်းရယ်။ ကိုယ့်မေးတာ ပြောဦးလေ။ အင် . . . ဟင့် . . . ဟင့်"

မြစိမ်းနွယ် စိုက်ကြည့်နေသော ခုတင်ပေါ်က အစိမ်းနုရောင် စောင်ပဝါလွှမ်းခြုံထားသော မြစိမ်းနွယ်၏ ဆင့်ပွားကိုယ်ထဲသို့ အဖြူရောင် မီးခိုးငွေ့တန်းတစ်ခုက တိုးဝင်သွားသည်ကို မြင်လိုက်ရ၏။ မဟိတ္တအရိပ်သဏ္ဌာန်တစ်ခုနှင့် အဖွဿအရုပ်သဏ္ဌာန်တစ်ခုတို့သည် ထပ်တူပြု၍ ပေါင်းစည်းသွားလေတော့၏။

ထိုအခါ ခုတင်ပေါ်က မြစိမ်းနွယ်၏ "ဟင်း"ခနဲ ညည်းသံကို ကိုသက်ဆွေ ကြားလိုက်မိတော့၏။ ဘယ်သူတွေကြားကြား၊ မကြားကြား ကိုသက်ဆွေ ကြားလိုက်သည်ကတော့ အမှန်ပင် . . .။

ဒါရိုက်တာမျိုးဇော်အောင်

www.burmeseclassic.com

www.burmeseclassic.com

## မှောင်ခိုစီးကရက်အရောင်းအဝယ် ကြီးထွားနေသည်

သူ့အမည်မှာ ရာမှက်ရှ်(အမည်ရင်းမဟုတ်)။ သူ့အသက်မှာ ၃၃ နှစ်ရှိသူသည် စီးကရက်-မှောင်ခိုစီးကရက် အရောင်းအဝယ်အလုပ်ကို လုပ်လာသည်မှာ တစ်နှစ်ရှိလာလေပြီ။ သူသည် လက်လီအရောင်းသမားသာ ဖြစ်သည်။

"ခုထိတော့ အဖမ်းမခံရသေးဘူး။ အဖမ်းခံရပြီး ပြန်လွတ်လာရင်လည်း ဝမ်းရေးအတွက် ဒီအလုပ်ကိုပဲ လုပ်ရမှာပဲ"ဟု ရာမှက်ရှ်က သူ့ဖောက်သည်အချို့ကို ပြောပြသည်။

ရာမှက်ရှ်သည် တရားဝင်ရောင်းချပိုင်ခွင့်ရှိသော ကုန်ပစ္စည်းများကို ဟည်ခင်းရောင်းချနေသော ဈေးသည်တစ်ယောက်ဖြစ်သည်။ မှောင်ခိုစီးကရက်လာဝယ်သူတိုင်းကို သူမရောင်း၊ သူ့ဖောက်သည်များကိုသာ သူရောင်း၏။ သူသည် မှောင်ခိုစီးကရက်ကို တစ်နေရာတွင်ထားပြီး သူစိတ်ချရသော ဖောက်သည်ကိုမှ သွားယူပေးပြီး ရောင်း၏။

မလေးရှားသို့ မှောင်ခိုစီးကရက်များသည် အိမ်နီးချင်းနိုင်ငံအချို့မှ ဝင်ရောက်လျက်ရှိ၏။ မှောင်ခိုစီးကရက်သည် တရားဝင်ရောင်းနေသော စီးကရက်များထက် ထက်ဝက်နီးပါး ဈေးချိုသောကြောင့် ဝင်ငွေနည်းသော အလုပ်သမားများက ဝယ်သောက်ကြ၏။ အရပ်ဝတ်ဝတ်ထားသော ရဲများ၊ စုံထောက်များကို စီးကရက်ရောင်းသူများ သိကြ၏၊ သူတို့ အနီးအနားတွင် ရှိနေလျှင် မှောင်ခိုစီးကရက်ကို မရောင်းပေ။

မလေးရှားရဲများနှင့် အကောက်ခွန်ဝန်ထမ်းများသည် တရားမဝင်စီးကရက်များကို သတင်းအရသော်လည်းကောင်း၊ မသင်္ကာ၍ စစ်ဆေးခြင်းမှလည်းကောင်း ဖမ်းဆီးရမိမှုများရှိ၏။ လျော့သွားသည်ဟူ၍ မရှိဟု သိရ၏။

"စီးကရက်မှောင်ခို အရောင်းအဝယ်အလုပ်ကို လုပ်နေကြသူတွေ အပြင် လူဆိုးဂိုဏ်းတွေကပါ ဝင်လုပ်လာကြပြီ"ဟု ရဲအရာရှိကြီးတစ်ယောက်က ပြောလိုက်၏။

"ဒီမှောင်ခိုအလုပ်က [illegible] ကောင်းသော [illegible] ဝိုလုပ်လာကြတယ်"ဟု [illegible] ကြီးက ဆက်လက်ပြောဆိုသည်။

မလေးရှား၌ မှောင်ခိုစီးကရက် အရောင်းအဝယ်လုပ်သူကို ဒဏ်ငွေအဖြစ် ရင်းဂစ် ၂၅၀,၀၀၀၊ ထောင်ဒဏ်အဖြစ် အများဆုံး ၅ နှစ်အထိ ပြစ်ဒဏ်များ ချမှတ်နိုင်၏။ တစ်ပေါင်းတည်းလည်း ချမှတ်နိုင်၏။

မလေးရှားတွင် မှောင်ခိုစီးကရက်များကြောင့် အစိုးရသည် ၂၀၁၂ တွင် ဝင်ငွေခွန် ရင်းဂစ် ၂ ဘီလီယံ နစ်နာသွားသည်ဟု တာဝန်ရှိသော အရာရှိကြီးတစ်ယောက်က ပြောသည်။





www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်၏ စစ်တမ်းတစ်စောင်တွင် နိုင်ငံပေါင်း ငါးနိုင်ငံဖြစ်သော တရုတ်၊ အိန္ဒိယ၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ ရုရှားတို့တွင် အသက်ကြီးသူများ စီးကရက်သောက်ခြင်းသည် အများဆုံးဖြစ်သည်ဟု ဖော်ပြထား၏။ ထိုနိုင်ငံများရှိ ကလေးသုံးပုံနှစ်ပုံ (လူမှန်းသိလာပြီဖြစ်သော ကလေးကြီးများ)သည် စီးကရက်တံဆိပ်များကို ကောင်းစွာသိနေကြသည်ဟုလည်း ဆက်လက်ဖော်ပြထား၏။ အထူးသဖြင့် စီးပွားရေး ဖွံ့ဖြိုးလာနေသော တရုတ်ပြည်မှ ကလေးများသည် စီးကရက်တံဆိပ်မျိုးစုံကို ပိုသိကြ သည်ဟု သိရ၏။

များစွာသော ကလေး ကြီးများသည် စီးကရက်သောက်သော လူကြီးများကို အားကျပြီး သူတို့လည်း စီးကရက်သောက်ကြည့်ချင်သည်ဟု ပြောကြသည်။

စီးကရက်သောက်သုံးမှု များသော နိုင်ငံများတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌သာ အများဆုံးတွေ့ရသည်ဟု လေ့လာသူတစ်ဦးက ပြောပြ၏။

မလေးရှားအစိုးရသည် စီးကရက်ခွန်ကို ၁၄ ရာခိုင်နှုန်း တိုးလိုက်ရာ နှစ် ၄၀ ကြာစီးကရက်သောက်လာသူတစ်ယောက်က စီးကရက်ဈေးကြီးလာလို့ ကျုပ်က စီးကရက်ဖြတ်မှာမဟုတ်ဘူး။ ခါတိုင်း တစ်နေ့တစ်ဘူး၊ နှစ်ဘူးကုန်ရင် အခု ဘူးဝက်၊ တစ်ဘူးဒီလောက်တော့ သောက်မှာပဲဟု ပြော၏။



စီးကရက်စွဲသောက်နေသူတစ်ယောက်က စီးကရက်ခွန်တိုးကောက်တော့ မှောင်ခိုစီးကရက်လုပ်သူတွေ ပိုများလာမည်ဟု ပြောလိုက်သည်။

စီးကရက်စွဲနေသော အမျိုးသမီးကြီး တစ်ယောက်ကမူ "ငါကတော့ စီးကရက် ဘယ်လောက်ဈေးကြီးကြီး ဝယ်သောက်နိုင်တယ်" ဟု ပြောလိုက်သည်။

စစ်တမ်းတစ်ခု၌ မှောင်ခိုစီးကရက် အသောက်များသော နိုင်ငံများ၌ ပါကစ္စတန်တွင် မှောင်ခိုစီးကရက်လိပ်အရေအတွက် ၂၁. ၈ ဘီလီယံ (တစ်နှစ်)ရှိပြီး၊ ဗီယက်နမ်တွင် ၂၀. ၁ ဘီလီယံ၊ မလေးရှား၌ ၇. ၉ ဘီလီယံ၊ ဖိလစ်ပိုင်၌ ၆. ၄ ဘီလီယံ၊ ဩစတြေးလျ၌ ၂. ၇ ဘီလီယံ၊ ထိုင်းနိုင်ငံ၌ ၁. ၂ ဘီလီယံ၊ စင်ကာပူ၌ ၀. ၉ ဘီလီယံ၊ အင်ဒိုနီးရှား၌ ၀. ၃ ဘီလီယံ ရှိ၏။

စီးကရက်မသောက်အောင် ကြိုးပမ်းမှု အများဆုံးပြုလုပ်သော ဟိုင်းပြည်မှာ ဩစတြေးလျနိုင်ငံဖြစ်ပြီး ဩစတြေးလျသို့ မှောင်ခိုစီးကရက်များ ဝင်နေမှုကြောင့် ဩစတြေးလျသည် စီးကရက်အတွက် ဝင်ငွေခွန် အမေရိကန်ဒေါ်လာ ၁၁၃၆ သန်း နစ်နာနေ၏။ (၂၀၁၂ ခုနှစ်အတွက်) အလားတူ နစ်နာနေသော နိုင်ငံများမှာ၊ ဗီယက်နမ်-၃၀၉ သန်း ဒေါ်လာ၊ စင်ကာပူ-ဒေါ်လာ ၂၇၈ သန်း၊ ပါကစ္စတန်-၂၆၂ သန်း၊ ထိုင်းနိုင်ငံ-ဒေါ်လာ သန်း ၈၇၊ ဖိလစ်ပိုင် ၆၂ သိန်း၊ အင်ဒိုနီးရှား ဒေါ်လာ ၁၁ သန်း ဖြစ်၏။

ဦးဦးသိန်း

*New Strait Times, 1.10.2013/ 30.9.2013)*



www.burmeseclassic.com

www.burmeseclassic.com

## ခါတ်လှေကားအတွင်းမှ ရာဇဝတ်မှုများ

နွေရာသီနံနက်ခင်း၏ တစ်နေ့သော တနင်္ဂနွေနေ့ နံနက်ခင်း၌ အသက် ၁၃ နှစ်အရွယ် မိန်းကလေးတစ်ယောက်သည် သူမနေထိုင်ရာ အထပ်သို့ ဓာတ်လှေကားဖြင့်တက်ရန် ဓာတ်လှေကားခလုတ်ကို နှိပ်လိုက်သည်။ နယူးယောက်မြို့၊ ကွင်းရှိ တောင်ဂျာမေကာ တိုက်များတစ်နေရာရှိ ၎င်းဓာတ်လှေကား ပိတ်သွားသည်နှင့် ထိုမိန်းကလေးနောက်မှ လိုက်လာပြီး ဓာတ်လှေကားထဲဝင်လာသူသည် မိန်းကလေးကို သူ၏ လက်ဝဲဘက်ဖြင့် ပွေ့ဖက်လိုက်ပြီးနောက် ××××× ×××××

ဓာတ်လှေကား သူမနေထိုင်ရာ တိုက်ခန်းအထပ်သို့ရောက်၍ ရပ်သွားသောအခါ မိန်းကလေးသည် အသံကုန်ဟစ်အော်လိုက်သည်။ မိန်းကလေးကို မုဒိမ်းကျင့်လိုက်သော ထိုလူသည် ထွက်ပြေးလွတ်မြောက်သွားလေပြီ။

နယူးယောက်စီးတီးရှိ တိုက်မြင့်ကြီးများ၊ လူများနေထိုင်ရာ တိုက်မြင့်များရှိ ဓာတ်လှေကားပေါင်း ၃၃၃၀ တွင် မကြာခဏဆိုသလို ရာဇဝတ်မှုများ ဖြစ်ပွားလျက်ရှိနေရာ ၎င်းတိုက်မြင့်များ၌ နေကြသူများသည် တစ်ယောက်တည်း ဓာတ်လှေကားစီးရမှာကို ထိတ်လန့်နေကြ၏။ မျက်နှာစိမ်းတစ်ယောက်ယောက်က အနားကပ်ပြီးမှ ဝင်လာလျှင် အချို့က ဓာတ်လှေကားအပြင်ဘက်သို့ ချက်ချင်းထွက်လိုက်၏။

ရာဇဝတ်ကောင်များသည် ဓာတ်လှေကားများ၏ အခြေအနေများကိုလေ့လာထားကြသည်ကများ၏။

အသက် ၂၂ နှစ်အရွယ် လူငယ်တစ်ယောက်သည် ဓာတ်လှေကားထဲ၌ သေနတ်ပြ၍ လုယက်ခြင်းခံခဲ့ရ၏။ လုယက်သူမှာ ထိုလူငယ်၏ ဆဲလ်ဖုန်းနှင့် ဖျာတင်အကျီကို လုယူသွား၏။ ထိုလုယက်သူမှာ မလှမ်းမကမ်းရှိ တိုက်မြင့်၌နေသူဖြစ်ကြောင်း ထိုလူငယ်သိသဖြင့် လုယက်သူသည် ရဲတို့၏ ဖမ်းဆီးခြင်းကို ခံလိုက်ရ၏။

အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ယောက်သည်လည်း သူမ၏ ချစ်သူနှင့်အတူ ဓာတ်လှေကားစီးသွားစဉ် အရက်မူးသမား သုံးယောက်က သူတို့ကို ဘီယာပုလင်းများနှင့် ထုရိုက်ပြီး သူတို့ထံမှ ငွေများကို လုယူသွားကြောင်း ရဲတို့ထံ တိုင်ချက်ဖွင့်လိုက်ကြသည်။

"ကျွန်မက အထပ် ၁၇ ထပ်မှာ နေတာ။ တော်ရုံတန်ရုံနိမ့်တဲ့ အထပ်ဆိုရင် ကျွန်မ ဓာတ်လှေကားကို မသုံးဘူး"ဟု ထိုအမျိုးသမီးကပြောပြသည်။

ရဲတို့က ဓာတ်လှေကားအတွင်း ရာဇဝတ်မှုများ တိုးလာသည်ကို ဝန်ခံထားကြ၏။





www.burmeseclassic.com

www.burmeseclassic.com

အချို့တိုက်များတွင် ခါတ်လှေကားထဲ၌ ခါတ်ပုံရိုက် ဗီဒီယိုများ တပ်ဆင်ထားရာ ၎င်းဗီဒီယိုများထဲ၌ လုယက်မှု၊ ဓားဖြင့်ထိုးသတ်မှု၊ မုဒိမ်းကျင့်မှု၊ ခွေးများကို တန်ကျောက်မှုများ ကျူးလွန်မှုများကို တွေ့ရသည်ဟု ရဲတို့က ပြောပြသည်။

"လမ်းတွေပေါ်မှာ ညဘက်မီးအလင်းရောင်တွေက ပိုအားကောင်းလာတယ်။ လမ်းတွေပေါ်မှာ လုံခြုံရေးကင်မရာတွေ တပ်ဆင်လာတာပိုများလာတယ်။ ဆဲလ်ဖုန်းနဲ့လည်း ဆက်သွယ်မှု ဘမြန်ပြုလုပ်လို့ရလာတယ်။ အဲဒါကြောင့် ညဘက် လမ်းတွေပေါ်မှာ ရာဇဝတ်မှု လျော့နည်းလာပြီး ခါတ်လှေကားတွေမှာ ရာဇဝတ်မှု များလာတာဖြစ်တယ်"ဟု ဝါရင့်ရဲအရာရှိကြီးတစ်ယောက်က ပြော၏။

အမျိုးသမီးကြီး တစ်ယောက်က "ကျွန်မ ခါတ်လှေကားစီးခါနီးမှာ လူစိမ်းတစ်ယောက်က ကျွန်မနဲ့အတူ လိုက်စီးမယ့် ပုံရိပ်တွေ့ရင် ကျွန်မ မစီးဘဲ ချန်ရစ်လိုက်တယ်"ဟု ပြောပြ၏။

သူမသည် ခါတ်လှေကားထဲ၌ လူတစ်ယောက် သေနတ်နှင့် အပစ်ခံရပြီး သေဆုံးသည့်သတင်းကို ကြားပြီးကတည်းက ခါတ်လှေကားကို စီးခါနီး၌ သတိကြီးစွာထားပြီး စီး၏။

ခါတ်လှေကားထဲ၌ အမျိုးသမီးကြီးတစ်ယောက်ကို အကြောင်းမဲ့ ခါတ်ငွေ့ဖြင့် မီးရှို့သတ်မှုမျိုးလည်း ရှိ၏။ ထိုလူသတ်သမားသည် လောင်စာဆီပိုက်နှင့် မီးခြစ်ကို ဆောင်ထားပြီး အဆိုပါ အမျိုးသမီးကြီးကို မီးရှို့သတ်သွားကြောင်း ခါတ်လှေကားရှိ ဗီဒီယိုကင်မရာက သက်သေခံထား၏။ (ပုံ)

ခါတ်လှေကားထဲ၌ ရာဇဝတ်မှုကျူးလွန်သူ အမျိုးမျိုးရှိရာ အချို့မှာ စားစရာမရှိသော အိုးအိမ်မဲ့သူများလည်း ပါဝင်သည်ဟု ရဲတို့က ပြောပြ၏။

ဦးဦးသိန်း

*Strait Times, 5.10.2013*

## ပြန်လည်ရှင်သန်လာသော ရှေးခေတ်ဗုဒ္ဓတက္ကသိုလ်

၂၀၁၄၊ ဩဂုတ်လ၌ အိန္ဒိယနိုင်ငံ၏၊ နာလန်ဒါ(Nalanda) တက္ကသိုလ်၏ ကြားဖြတ်ယာယီ စာသင်ခန်းများထဲ၌ ရှေးခေတ် ဗုဒ္ဓတက္ကသိုလ်၏ စာပေအတတ်ပညာကို ပြန်လည်သင်ကြားပေးတော့မည်။

ဘီဟာပြည်နယ် မြောက်ပိုင်း၌ တည်ရှိသော နာလန်ဒါသည် ရှေးတစ်ချိန်၌ အာရှတစ်ခွင်မှ စာသင်သားများကို စာသင်ကြားပေးခဲ့သော ဗုဒ္ဓတက္ကသိုလ်ကည်ရှိရာနေရာဖြစ်ပြီး ၁၂ ရာစု နှောင်းပိုင်း၌ ကျူးကျော်သူများ ဝင်ရောက်လာပြီး ဖျက်ဆီးခြင်းခံလိုက်ရ၏။

နာလန်ဒါ၏ မြောက်ဘက်၌ ပတ္တနာမြို့၊ တောင်ဘက်၌ ရပ်ဂျ်ဂါ (Rajgin)နှင့် ဗုဒ္ဓဂယာ(Bodhgaya) တို့ နီးကပ်စွာ တည်ရှိနေကြသည်။

ရှေးခေတ်တက္ကသိုလ်၏ နေရာဟောင်းအနီး၌ တက္ကသိုလ်အသစ်ကို တည်ဆောက်မည်။ ယခု ၂၀၁၃၊ ဒီဇင်ဘာလတွင် ပန္နက်ချတော့မည်။

နာလန်ဒါတက္ကသိုလ် ပြန်လည်ရှင်သန်ရေးတွင် စင်ကာပူနိုင်ငံသည် အလွန်တက်တက်ကြွကြွရှိ၏။ အဓိကပံ့ပိုးသော နိုင်ငံဖြစ်၏။ ထိုင်း(ယိုးဒယား)နှင့် တရုတ်တို့ကလည်း အားပေးလာကြ၏။

စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဟောင်းဂျော့ယိုးသည် အသစ်ပေါ်ထွန်းလာမည့် နာလန်ဒါတက္ကသိုလ်၏ အုပ်ချုပ်ရေးဘုတ်အဖွဲ့၌ ပါဝင်ကာ ရန်ပုံငွေရှာဖွေရေးတွင် သူက ခေါင်းဆောင်၏။


စင်ကာပူ၏ လက်ရှိနိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ကေ-ရှန်မူဂန်းသည် အိန္ဒိယပြည်သို့ တရားဝင်ရောက်ရှိစဉ် နာလန်ဒါသို့သွား၍ အိန္ဒိယအစိုးရ၏ နာလန်ဒါစီမံကိန်း အောင်မြင်အောင် ကြိုးစားနေမှုကို တတ်အားသရွေ့ ကူညီမည်ဟု အားပေးသွား၏။

အိန္ဒိယအစိုးရကလည်း နာလန်ဒါ စီမံကိန်းကို အာရှတိုက်အရှေ့ပိုင်းနှင့် အရှေ့တောင်ပိုင်းနိုင်ငံများသို့ အသိပေးထား၏။ ထိုစီမံကိန်းသို့



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၇ အရှေ့အာရှထိပ်သီး အစည်းအဝေးမှလည်း ထောက်ခံထား၏။

နာလန်ဒါသည် အိန္ဒိယပြည်၏ အင်အားကောင်းသော ယဉ်ကျေးမှု၏ ကဏ္ဍတစ်ခုဖြစ်ကြောင်းကို နိုင်ငံအများက လက်ခံထားကြ၏။

နာလန်ဒါစီမံကိန်းကို အိန္ဒိယအစိုးရသည် ရန်ပုံငွေအခက်အခဲ၊ အုပ်ချုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး အခက်အခဲများကြောင့် ၂၀၀၆ ခုနှစ်၌ အကောင်အထည်ဖော်ရန် စီစဉ်ထားပြီးမှ ခေတ္တရပ်ဆိုင်းထားခဲ့ရ၏။

တက္ကသိုလ်တစ်ခုအတွက် အရည်အချင်းပြည့်ဝသော ကျောင်းအုပ်၊ ပညာသင်ပေးမည့် ဆရာ၊ ဆရာမများ၊ သူတို့ကို ပေးရမည့် လစာများ၊ စာသင်ခန်းများ၊ စာအုပ်များ၊ ကျောင်းသားများနေထိုင်ရေး၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများနေထိုင်ရေး စသည်တို့ လိုအပ်၏။ ရန်ပုံငွေတောင့်တင်းဖို့ လို၏။

ထိုတက္ကသိုလ်အတွက် အိန္ဒိယအစိုးရသည် ယခု ၂၀၁၃ ဘတ်ဂျက်တွင် အမေရိကန်ဒေါ်လာ သန်း ၂၀ နှင့် ညီမျှသောငွေကို သုံးစွဲခွင့်ပြုထား၏။

နာလန်ဒါကို ရှေးဟောင်းသုတေသနဌာနများနှင့် သမိုင်းပညာရှင်များသည် စိတ်ဝင်စားမှုများလာကြ၏။

ရှေးဟောင်း နာလန်ဒါ၏နေရာကို ရှာဖွေတူးဆွဖော်ထုတ်နေရာ၌ ရှေး ဟောင်းနေရာတစ်ခုလုံး၏ ၁၀% ခန့် မျှကိုသာ ဖော်ထုတ်နိုင်သေး၏။

သမိုင်းသုတေသီတို့က နာလန်ဒါသည် ကမ္ဘာ၏ ရှေးအကျဆုံး တက္ကသိုလ်တစ်ခု ဖြစ်ပြီး ကျောင်းဆရာ ၁,၅၀၀ ခန့်ဖြင့် စာသင်သား ၁၀,၀၀၀ ခန့်ကို စာသင်ပေးရာ တက္ကသိုလ်ဟု ပြောကြသည်။

ရှေးဟောင်း နာလန်ဒါတက္ကသိုလ်တွင် ကြာပန်းများပွင့်နေသော ရေကန်များ၊ အထပ်မြင့်သော စာသင်ခန်းများ ရှိသည်ဟု သိရ၏။

နာလန်ဒါ တက္ကသိုလ်သစ်အတွက် လိုအပ်မည့် ခန့်မှန်းရုံပုံငွေမှာ ဒေါ်လာ သန်း ၅၀၀ ခန့်ဖြစ်၏၊ ၂၀၂၀ တွင် အပြီးဆောက်၍ စာသင်သား ၂,၅၀၀ ကို အဆင့်မြင့် ဗုဒ္ဓဘာသာပညာရပ်များအပါအဝင် အခြားယဉ်ကျေးမှုဆိုင်ရာ ဘာသာရပ်များကိုလည်း သင်ကြားပေးသွားမည်ဟု သိရသည်။

အထက်တန်း ပညာရပ်များကိုသာ သင်ကြားပေးမည့် နာလန်ဒါတက္ကသိုလ်သည် ဒေသ၏ ကြွယ်ဝသော ယဉ်ကျေးမှု၊ သမိုင်း၊ ဘာသာစကားနှင့် စာပေတို့ကို ဖော်ထုတ်သွားမည် ဖြစ်၏။

မြသိန်း

*Strait Times, 12.8.2013*



www.burmeseclassic.com

www.burmeseclassic.com

သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း ၏ နည်းစနစ်အတိုင်း ဟောသည့်

ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့ . . .

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ ဓမ္မတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို သုစ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .

■ အမှတ်(၂၀၅/က)၊
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်စရာကောင်းတဲ့ အလှူဒါနတွေ ပြုလုပ်ရ
လိမ့်မယ်။ အလှူလုပ်နိုင်အောင်လည်း ငွေအစုလိုက် အပုံလိုက် ဝင်လာလိ
မယ်။ မိမိအလုပ်မှလည်းကောင်း၊ တီပေါက်၍လည်းကောင်း ဝင်လိမ့်မယ်။ ယ
အချိန်၌ မိမိလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းလိုက်ပါနှင့်
ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်းများ ကြုံရလိ
မယ်။ မိမိအိမ်အဟောင်းကို ပြုပြင်ရတတ်တယ်။ မိမိနှင့် မသင့်မြတ်သူများ
ရှိလျှင် ပြန်လည်သင့်မြတ်သွားမယ်။ အဖိုးတန်ကျောက်မျက်ရတနာများ 
မယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်
အထက်လူကြီး၊ မိသားစုအကြီးအကဲများကြောင့် စိတ်ညစ်ရတတ်တယ်။ 
ခဏ ခရီးထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေးအောင်မြင်မယ်
ပညာရေးကိစ္စများ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ စာရွက်စာတမ်းကိစ္စများအတွက် ဂရုစိုက်ပါ
ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်ဒုက္ခပေးခြင်း၊ အရိုးအကြော ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရ
မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် ဟန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီဖြူ(၇)ပွင့်၊ ငွေထီး(၉)လ
တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၇၂

### အထူးသတိပြုရန်

အရက်ပုလင်း လက်ဆောင်မယူရ။ လျှပ်စစ်ကြိုးများ ဂရုစိုက်ပါ။
အရာရာ ဆုံးဖြတ်ချက်မြန်ခြင်းကို ရှောင်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားအား မကြာခဏ အမွှေးနံ့သာရည်ဖြင့်
သပ္ပာယ်ပေးပါ။ ဘုရားကိုးဆူ ပြုလုပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် စိတ်မောလူမော ဖြစ်နေတတ်တယ်။ ကိုယ်က ပင်ပန်းပြီး အရာမရောက်တော့ တစ်ခါတလေ စိတ်ဒုက္ခရောက်ရတတ်တယ်။ ယခုကာလတွင် အမွေရခြင်း၊ အမွေကဲ့သို့သော ပစ္စည်းများ ရနိုင်သော်လည်း ယခုအချိန်တွင် လက်ခံပါက အလဟဿ ကုန်သွားတတ်ပါတယ်။ မိမိအလုပ်မှ ပြဿနာဟောင်းများ ပြန်ပေါ်လာတတ်တယ်။ အိမ်ထောင်ရေး ဂရုစိုက်ပါ။ အိမ်ထောင်ဘက်နှင့် စိတ်တိုင်းမကျခြင်း၊ စိတ်ဝမ်းကွဲခြင်းများ ဖြစ်တတ်တယ်။ နိုင်ငံခြားသွားမည့်သူများ အဆင်ပြေပါလိမ့်မယ်။ စိတ်ရော ကိုယ်ပါ တည်ငြိမ်မှု မရသောကာလ ဖြစ်သောကြောင့် မည်သည့်အရာကိုမှ ဆုံးဖြတ်ချက် မမြန်ပါနှင့်။ ဆွေမျိုးသားချင်းများထဲမှ အကြီးအကဲမိန်းမများ နာရေးကြုံတွေ့ရတတ်တယ်။ လူငယ် လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများပြုပါက ဆွေခန်းမျိုးခန်း ပျက်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးရုံတက်ကိန်းအထိ ဖြစ်တတ်တယ်။ ခြေသည်း၊ လက်သည်း ပုပ်ခြင်း၊ သွေးတွက်သံယိုဖြစ်ခြင်းမျိုး ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ ဗဓှေးနံ့ထောင့်၌ အုန်း(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ယပ်အဝါ(၁၉)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညှိုးသောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၅၇၊ ၄၅၊ ၄၂

### အထူးသတိပြုရန်

အမှုအတွက် အာမခံလိုက်ခြင်း၊ အမှုဖြစ်နေသူကို ထောင်ဝင်စာတွေ့ခြင်း ရှောင်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်တွင် ဗုဒ္ဓမြတ်စွယ်တော် ဓာတ်ပုံကို ပူဇော်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ လူရိုးကြီးကော ကူညီမှု ပေးတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားရင် ဒီအချိန်မှာ သွားလိုက်ပါ။ မိသားစုအတွင်း စိတ်ဝမ်းကွဲစရာတွေ ကြုံရတတ်တယ်။ အတတ်ပညာ တစ်ခု သင်ကြားရတတ်တယ်။ ဝန်ထမ်းဆိုလျှင် အလုပ်နှင့် ပတ်သက်တဲ့ သင်တန်းတက်ရခြင်း၊ စာမေးပွဲ ဖြေဆိုရခြင်းများ ကြုံရတတ်တယ်။ ပညာရေးနှင့် ပတ်သက်၍ ကောင်းပါတယ်။ ငွေဝင်နည်းပေမယ့် ထိတ်ကောင်းတဲ့ ကာလဖြစ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေတဲ့သူတွေအဖို့ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ လက်ရှိ အလုပ်အကိုင်မှ ပြောင်းချင်စိတ် ပေါ်လာမယ်။ မပြောင်းပါနှင့် ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ မိတ်ဆွေများနှင့် လမ်းခွဲရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံ ခြင်း ရက်ရွှေ့ရခြင်းများ ဖြစ်တတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်းမျိုး ကြုံရတတ်တယ်။ သူများ၏ အမှုကို လိုက်လံရှင်း ပေးရတတ်တယ်။ မိခင် ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ ရေနှင့်နီးသောနေရာတွင် ချော်လဲ၍ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ ခါး၊ သွား ဒုက္ခပေးတတ်တယ်။ ဒါကြောင့် သည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းပြ (၅)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၁၊ ၁၃၊ ၃၁၊ ၃၃

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မလုပ်ပါနှင့်။ သူများကိုလည်း မည်သည့်ပစ္စည်းမှ မငှားပါနှင့်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ဂယာနို့ဆွမ်း(၁၂)ပန်းကန် ကပ်လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်ဘဲ သင်တန်းတစ်ခု တက်ရတတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာ မပြောင်းလဲသင့်တဲ့ကာလ ဖြစ်ပါတယ်။ ခရီးဝေးသွားမယ်လို့ ကြံရွယ်ထားလျှင် ယခုကာလမှာ ထွက်လိုက်ပါ။ မရည်ရွယ်ဘဲ မြေဝင်တတ်တယ်။ စက်ပစ္စည်းနှင့် ပတ်သက်ပြီး မတော်တဆ ထိခိုက်ဒဏ်ရာရတတ်တယ်။ ယခုကာလတွင် အိမ်ကို သက်ကြီးရွယ်အို လာရောက်တည်းခိုပါက ကျန်းမာရေး ညံ့သွားတတ်တယ်။ ယခုကာလတွင် အိမ်ထောင်မပြုသင့်သေးပါ။ အိမ်ထောင်ပြုလျှင် နှစ်ဖက်မိဘဆွေမျိုး စိတ်ဝမ်းကွဲတာမျိုး ဖြစ်တတ်တယ်။ အိမ်ရောင်း၊ အိမ်ဝယ်လည်း မပြုလုပ်ပါနှင့်ဦး။ သစ်၊ သံ၊ သွပ်ကိစ္စများ၊ ရေထွက်ကုန်ပစ္စည်းများ အောင်မြင်အကျိုးပေးလိမ့်မယ်။ မထင်မှတ်သော ဆွေမျိုးသားချင်းက အကူအညီကောင်း ပေးလာလိမ့်မယ်။ တနင်္ဂနွေသားသမီး၊ သောကြာသားသမီးက အကူအညီပေးတတ်တယ်။ ရွှေနှင့် ရတနာပစ္စည်းများ ထွက်တတ်တယ်။ စက်ပစ္စည်း ဒုက္ခပေးလိမ့်မယ်။ ကျန်းမာရေးအနေဖြင့် သွေးထွက်သံယို ဖြစ်တတ်တယ်။ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခု ပျက်စီးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီဖြူ(၇)ပွင့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၁၇၊ ၆၀၊ ၆၅

### အထူးသတိပြုရန်

လျှပ်စစ်မီး ဒုက္ခပေးတတ်သည်။
အမှုဖြစ်နေသူကို အာမ,မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် သောကြာနေ့တိုင်း သစ်သီးဆွမ်း ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက် ဖြစ်နေပါလိမ့်မယ်။ အများနှင့် ပူးပေါင်းလုပ်ရတဲ့ကိစ္စတွေ၊ စပ်တူလုပ်တဲ့လုပ်ငန်းတွေ အောင်မြင်ပါလိမ့်မယ်။ ဒီကာလဟာ အပျော်များရတဲ့ကာလ ဖြစ်ပါတယ်။ ဤကာလအတွင်း၌ အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ လူချစ်လူခင်လည်း ပေါများပါလိမ့်မယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ သင့်အတွက် အလွန်ကောင်းသော နိမိတ်ဖြစ်ပါတယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေးအောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ယခုကာလတွင် ငွေရှာရလွယ်ကူပေမယ့် စုဆောင်း၍ မရပါ။ ငွေဝင်လျှင် လက်ထဲမှာ ဒီအတိုင်းမထားဘဲ ရွှေဝယ်ထားလိုက်ပါ။ ယခုအချိန်တွင် ပျော်ရွှင်စန်းပွင့်မှု များ၊ စီးပွားရေးကောင်းမွန်မှုများကြောင့် တင့်တယ်လှပပြီး အခြွေအရံများနေတဲ့ကာလဖြစ်ပါတယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး ရှုပ်ထွေးမှုတွေ ဖြစ်လာတတ်ပါတယ်။ အစွပ်အစွဲ အပြောအဆိုလည်း ခံရတတ်တယ်။ သင်သည် ကဆုန်လ၊ ဝါခေါင်လများ ပါနေရင်တော့ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများနှင့် စိတ်ဝမ်းကွဲရတတ်တယ်။ အပျိုလူပျိုတွေအဖို့ ယခုကာလတွင် အိမ်ထောင်ပြုလျှင် တည်မြဲသော အိမ်ထောင်ရေး မဖြစ်နိုင်ပါ။ အမှုအခင်း ဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ခရီးသွားလျှင် အနောက်မြောက်ထောင့်နှင့် အရှေ့တောင်အရပ်များသို့ ခရီးမသွားသင့်ပါ။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်သည်။ မြေကိစ္စ၊ အမွေအနှစ်ကိစ္စများ ကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးများ၊ အစားများဖြစ်ခြင်း၊ သွားဒုက္ခပေးခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွန့်၊ ထန်း(၇)ညွန့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၊ ၄၊ ၄၂

### အထူးသတိပြုရန်

အုပ်စုဖွဲ့၍ လောင်းကစားပျော်ပါးခြင်းများ မပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက်၊ ကရေကရာ(၆)ခု လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ကောင်းကျိုးပေးတဲ့ကာလဖြစ်ပါတယ်။ အတိုက်အခံ အပြိုင်အဆိုင်တွေ ရှိသော်လည်း အောင်မြင်ပါလိမ့်မယ်။ ဆွေမျိုး အပေါင်း အသင်းတွေကိုလည်း ကိုယ်က အများဆုံး အကူအညီပေးနိုင်လိမ့်မယ်။ ဒိမ် နေရာ ပြုင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း လုပ်ရတတ်တယ်။ ဝန်ထမ်းများ အဖို့ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ ပြုလုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင် ကျတတ်သော ကာလဖြစ်သည်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံ မည်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ခရီးအကျိုးပေး သောကာလ ဖြစ်ပါတယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ စကားပြော မှားတတ် သောကာလ ဖြစ်သောကြောင့် နှုတ်စောင့်စည်းနေခြင်းသည် အကောင်းဆုံးကာလ ဖြစ်သည်။ ဤကာလတွင် လောဘတကြီးဖြင့် စီးပွားမရှာသင့်ပါ။ စိတ်ထင်ရာ တစ်ဇွတ်ထိုးလုပ်လျှင် ဂုဏ်သိက္ခာကျခြင်းမျိုး ခံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခါးမျက်ခြင်း၊ ခြေထောက်တွင် သွေးထွက်သံယို ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီဖြူ(၇)ပွင့်၊ ငြိုပ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၆၊ ၄၇၊ ၆၂၊ ၆၄

### အထူးသတိပြုရန်

မိမိအိမ်ပေါင်ပြီး မည်သည့်လုပ်ငန်းမျှ မလုပ်ပါနှင့်။
သူများအိမ် လာပေါင်လည်း လက်မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း သရက်သီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အဆိုးထဲက အကောင်းလေးတွေ ဖြစ်ပေါ်လာပါလိမ့်မယ်။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ ဆိုင်တစ်ဆိုင်ဖွင့်ဖို့လည်း လာပြောခြင်းမျိုး ခံရတတ်တယ်။ စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ယခုကာလအတွင်း ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ မသွားချင်သော ခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ အင်္ဂါသားသမီး၊ တနင်္ဂနွေသားသမီးနှင့် ပူးတွဲလုပ်လျှင် အောင်မြင်မယ်။ ဘာလုပ်လုပ် နှစ်ခါပြန် လုပ်နေရမယ်။ သတိထားရမှာက လောဘမကြီးပါနှင့်။ ကိုယ်နဲ့ ချစ်ခင်သူတွေနဲ့လည်း စိတ်ဝမ်းကွဲတတ်တယ်။ ဗုဒ္ဓဟူးသားသမီးရှိပါက အိမ်က ထွက်သွားတတ်တယ်။ အိမ်မှာ ကိုယ်ဝန်ဆောင်သည်ရှိလျှင် အိမ်မှာ မမွေးပါနှင့်။ သင်သည် မိန်းကလေးဖြစ်လျှင် ဒီအချိန်မှာ အပြောအဆို ဂရုစိုက်ပါ။ အစွပ်အစွဲ အပြောအဆို ခံရတတ်တယ်။ အပျို လူပျိုတွေ စန်းပွင့်နေမယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နှင့်ပတ်သက်သော ဝေဒနာ ခွဲစိတ်ခြင်းမျိုး ကြုံရတတ်တယ်။ ကားပွတ်တိုက်မိတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၁၊ ၃၃

### အထူးသတိပြုရန်

ဘာသာရေးဆိုင်ရာ စာအုပ်တစ်အုပ် လက်ဆောင်ရပါက အလုပ်ကောင်း၊ နေရာကောင်း ရတတ်တယ်။ ရပ်ဝေးမြေခြားမှ အမျိုးသမီးတစ်ယောက်နှင့် ပတ်သက်ပြီး ငွေလိမ်ခံရတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့တိုင်း အုန်းနို့ခေါက်ဆွဲ(၄)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းများ သိသိသာသာ အောင်မြင်မယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သောကာလ၊ လုပ်ငန်းဟောင်းများ စီးပွားသိသိသာသာ တက်မယ်။ သိကြားမ,လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ် အချိန်ဖြစ်တယ်။ ခရီးဝေးများ သွားရတတ်တယ်။ ထိုခရီးများသည်လည်း စိတ်ချမ်းသာစရာခရီးများ ဖြစ်လိမ့်မယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများနှင့် တွေ့မယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ သင်တန်းတစ်ခု တက်ရမယ်။ ပညာကောင်းရမယ်။ အဖိုးတန် စက်ပစ္စည်းများ ဝင်မယ်။ ရပ်ဝေးမှ စာများ၊ အဆက်အသွယ်များ ရလာမယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြမ်းခြင်းများ ကြုံလိမ့်မယ်။ ဝန်ထမ်းများအဖို့ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရန်များခြင်း၊ စကားများဖြေရှင်းရခြင်း၊ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ စကားပြောရတတ်သော်လည်း အောင်မြင်မှု ရပါလိမ့်မယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ မမျှော်လင့်တဲ့ဆီက ငွေတွေ ဝင်လာတတ်တယ်။ ဆုံးပြီလို့ ထင်ထားတဲ့ ငွေတွေလည်း ပြန်ရတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်ကြောင့် စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ မိမိကိုယ်တိုင်လည်း နှလုံးနှင့် ပတ်သက်၍လည်းကောင်း၊ လေနှင့် ပတ်သက်၍လည်းကောင်း၊ ဒူး၊ နား ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွှန့်၊ နှင်းဆီ(၇)ပွင့်၊ တံခွန်ဖြူ(၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၃၃၊ ၃၅၊ ၅၃၊ ၅၅

### အထူးသတိပြုရန်

လာမည့် မွေးလ၊ မွေးရက်အထိ အသုဘ မပို့ရ။
သချိုင်းမြေ မနင်းရ။

### ကံကောင်းမြဲ လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်း ပဲပေါက်စိ(၈)လုံး လှူဒါန်းပေးပါ။

www.burmeseclassic.com